


www.burmeseclassic.com
ဆုမြတ်မွန်မွန်
BURMESE CLASSIC .com
နတ်သမီးဖော်တဲ့ အဆိပ်
www.burmeseclassic.com
NYI NYI

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## နတ်သမီးဖော်တဲ့ အဆိပ်

တမူခွင့်ပြုချက်အမှတ်
၅၀၀၃၁၂၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၉၂၀၃၀၉

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅. ၈၃

ဆုမြတ်မွန်မွန်
နတ်သမီးဖော်တဲ့အဆိပ်/ဆုမြတ်မွန်မွန်၊-ရန်ကုန်၊
စေတနာစာပေ၊ ၂၀၀၉။
၄၀၀- စာ၊ ၁၂×၁၈ စင်တီ။
(၁) နတ်သမီးဖော်တဲ့အဆိပ်

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်

# နတ်သမီးဖော်တဲ့ အဆိပ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com








မင်းကို ရင်ဘတ်ကြီးနဲ့အပြည့်
ချစ်တယ်။
ဒါပေမဲ့ —
ရင်ဘတ်ကြီးနဲ့အပြည့်လည်း
စိတ်နာတယ်။

သုထက်ထူး

www.burmeseclassic.com

www.burmeseclassic.com







## မိတ်ဆက်ခြင်း

ရွှေအရိုပ်ကို စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးရမည်ဆိုလျှင် ... သူမသည် ထူးခြားသည့် ကာရိုက်တာရှိသော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။ သူမ၏ပုံစံဟန်ပန်သွင်ပြင် အမူအရာထက်၊ သူမ၏ စိတ်နေသဘာဝက ပို၍စိတ်ဝင်စားဖို့ကောင်းလေသည်။ သူမထံတွင် သာမန်မိန်းကလေးတစ်ယောက်၌ရှိသော စိတ်နေစိတ်ထားမျိုး သိပ်မတွေ့ရတတ်ပါ။ သူမ၏ အထူးခြားဆုံး စိတ်နေသဘာဝမှာ လူတစ်ယောက်အပေါ်တွင် သံသယစိတ်ဘစ်ဝက် အမြဲရှိတတ်ခြင်းနှင့် သူမ ပတ်ဝန်းကျင်ရှိလူများကို စိတ်နေစိတ်ထားအမျိုးမျိုး စမ်းသပ်စစ်ဆေးပြီးမှ လက်ခံခင်မင်တတ်ခြင်းပဲ ဖြစ်လေသည်။

ရွှေအရိုပ်သည် ဘယ်သူ့ကိုမှ အလွယ်တကူ မခင်မင်၊ မယုံကြည်တတ်ချေ။ ထို့ကြောင့် လူတစ်ဖက်သားကို အကဲခတ်စစ်ဆေးကြည့်ရှုသော သူမမျက်လုံး စူးစူးရှရှများမှာ မိန်းကလေးတန်မဲ့ ရဲရင့်ပြတ်သားလွန်းသည်ဟု နာမည်ကြီးလေသည်။ ဒီကမ္ဘာလောကကြီးတွင် ရွှေအရိုပ် အယုံကြည်ရဆုံး လူသားများမှာ သူမ၏အဘွား၊ သူမ၏ဖွားဖက်တော်နှစ်ဦးဖြစ်ကြသော နောင်ရိုးနှင့် ပန်းဝင့်ဖြာ တို့သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁

အခန်းတံခါး အပြင်ဘက်မှ အထဲသို့ ဝင်ခွင့်တောင်းသည့် ဘဲလ်ကိုနှိပ်ကာ တီးလုံးသံလေး ထွက်ပေါ်လာလျှင် အရိုပ်သည် ဝင်ခွင့်ပြုသည့်ခလုတ်ကို လက်ညှိုးလေးနှင့်တစ်ချက် ဖိနှိပ်ပစ်လိုက်သည်။ တံခါးချပ်က လှပ်ခနဲပွင့်လာကာ ဖိုင်တစ်ချပ်ကို ပိုက်ထားသော ပန်းဝင့်ဖြာက အခန်းထဲသို့ လျှောက်ဝင်လာသည်။ အရိုပ်သည် ကြည့်လက်စ ကွန်ပျူတာပေါ်မှ အာရုံကိုဖယ်ခွာကာ ဝင့်ဖြာကို မော့ကြည့်လျက် "ပြော"ဟု တစ်ခွန်းတည်း မေးလိုက်သည်။

ဝင့်ဖြာက ရွှေအရိုပ်ရဲ့မျက်နှာကို တစ်ချက် အကဲခတ်လျက် ...

"လှိုင်သာယာစက်ရုံက ရီပို့တ်ကို လာတင်တာ အရိုပ်၊ ပြီးတော့ ပြောစရာတစ်ခုရှိတယ်"

"အင်း ... ကော်ဖီသောက်ပြီး ပြောမယ်၊ ယုယ ကော်ဖီနှစ်ခွက်ဖျော်ပါ"

"ဟုတ်ကဲ့ အမ်ဒီ"



အရိုပ်ရဲ့စက္ကတိတောရီ ယုယက ကော်ဖီဖျော်နေတုန်းမှာပဲ အရိုပ်သည် လုပ်လက်စအလုပ်ကို ပြတ်အောင်လုပ်လိုက်သည်။ ပြီးတော့မှ အခန်းအလယ်ကောင်ရှိ ဘဲဥပုံခင်းကျင်းထားသော ဆိုဖာများဆီမှာ ဝင်ထိုင်လိုက်ချိန်တွင် အငွေ့တထောင်းထောင်းထနေသော ကော်ဖီခွက်များကလည်း ရောက်ရှိလို့လာပြီဖြစ်သည်။ အရိုပ်သည် ထိုင်နေကြပုံစံအတိုင်း ခြေထောက်ချိတ်၊ လက်နှစ်ဖက်ကိုပိုက်ကာ ဝင့်ဖြာကို ပြောတော့ဟူသောပုံစံဖြင့် မေးဆတ်ပြလိုက်သည်။

"အခုဆိုရင် စက်ရုံက မန်နေဂျာကြီး ဦးလင်းစိုးက ကျန်းမာရေးအခြေအနေကြောင့် ဒီလကုန်ရင် ဆက်မလုပ်နိုင်တော့ဘူးလေ၊ အဲဒီတော့ ဦးလင်းစိုး နေရာမှာ ဒုမန်နေဂျာ ဦးမင်းမြတ်ကို promotion တက်ပေးဖို့ကိစ္စ ...

အဲဒီဆုံးဖြတ်ချက်ကို အရိုပ်ဆီက သိချင်နေကြတယ် ...

"ကျန်တဲ့ဝန်ထမ်းတွေကရော ဘာထင်မြင်ချက်ပေးကြလဲ၊ ဒုမန်နေဂျာက နှစ်ယောက်တောင် ရှိတာပဲ၊ စက်မှုဘက်က ကိုကျော်ခိုင်လည်း ရှိတာပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ ကိုကျော်ခိုင်က လုပ်သက်သုံးနှစ်ပဲ ရှိသေးတာ။ ဦးမင်းမြတ်ကတော့ ရှစ်နှစ်ကျော်နေပြီလေ၊ အတွေ့အကြုံရော၊ ပညာရော ကိုကျော်ခိုင်က ဘယ်ဖက်မှာမှ မယှဉ်နိုင်ဘူးပေါ့။ အသက်အရွယ်အားဖြင့်လည်း ကိုကျော်ခိုင်က ငယ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အသက်ကို ထည့်မပြောနဲ့ ဝင့်ဖြာ၊ အသက်နဲ့အရည်အချင်းနဲ့ ဆိုင်သလား"

ဝင့်ဖြာသည် အရိပ်ရဲ့စိတ်နေစရိုက်ကို သိနေသောကြောင့် ဘာမှဆက်မပြောတော့ဘဲ သက်ပြင်းကို အသာရှိုက်လိုက်သည်။

"အင်း ... ဆိုင်တော့ မဆိုင်ပါဘူး။ အဓိက,က အတွေ့အကြုံနဲ့လုပ်သက်ပါ၊ စီနီယာအတိုင်း ဆိုရင်တော့ အားလုံးက ဦးမင်းမြတ်ကို မန်နေဂျာဖြစ်လာဖို့ မျှော်လင့်ထားကြတယ်"

အရိပ်သည် မေးစေ့တစ်ဖက်ကို လက်ဖဝါးနှင့်ပွတ်ရင်းမှ ...

"နင့်သဘောထားကရော"

"ငါ့သဘောထားကတော့ ဒီတစ်ခါ နင် စမ်းသပ်စစ်ဆေးစရာ မလိုတော့ဘူးလို့ ထင်တယ် အရိပ်"

"ဘယ်ဟုတ်မလဲ ပိုတောင်လိုအပ်သေးတယ်"

အရိပ်သည် အဲဒီစကားကို ပြောပြီးနောက် အရှေ့မှကော်ဖီကို ကောက်မော့လိုက်သည်။ ဝင့်ဖြာက အရိပ်ကို စိတ်လျှော့သော အကြည့်မျိုးဖြင့်ကြည့်ကာ ဘာမှဆက်မပြော။ သူလည်းပဲကော်ဖီကို ယူသောက်သည်။

သူ ဘာမှဆက်မမေးသော်လည်း အရိပ်ကတော့ ကိုယ့်သုံးသပ်ချက်ကို ဆက်ပြောပြလေသည်။

"ဒီစက်ရုံရဲ့မန်နေဂျာနေရာဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ နင်လည်း သိတာပဲ ဝင့်ဖြာ၊ ဒါလုပ်ရင် ဒါ

BURMESE CLASSIC .com



ဖြစ်မယ်၊ ဒီလုပ်သက်ကြောင့် ဒီရာထူးရ,ရမယ်ဆိုတဲ့ လမ်းရိုးလမ်းဟောင်း အစဉ်အလာတွေကို ငါ ဘယ်လောက်မုန်းတီးတယ်ဆိုတာ နင်လည်း သိတာပဲ မဟုတ်လား"

ဝင့်ဖြာသည် ကော်ဖီနွေးနွေးကိုသာ တစ်ငုံပြီးတစ်ငုံငုံရင်း ဘာမှပြန်မပြောမိ။ အရိပ်ရဲ့စိတ်ထားသည် တစ်ခါတလေတော့ အစွန်းရောက်အောင် ပြင်းထန်သည်ဟု ထင်သည်။ အင်းလေ ... ဒီလိုပြင်းထန်အောင်လည်း ဘွားကေသီက ငယ်ငယ်လေးတည်းက ပုံစံသွင်းပေးခဲ့တာပဲ မဟုတ်လား။ ရှယ်ယာဝင်တွေဖြင့်ဖွဲ့စည်းထားသော "ယက်"ကုမ္ပဏီလုပ်ငန်းစုကြီး၏ ဂျီအမ်နေရာကို ရဖို့အတွက် ရွှေအရိပ်သည် ခက်ခဲသော အရည်အချင်းမျိုးကို သုံးလျက် အတော်ကြိုးပမ်းအားထုတ်ခဲ့ရသည်။

ရှယ်ယာအများဆုံးကို ပိုင်ဆိုင်သော အဘွားဖြစ်သူ ဒေါ်ထက်ကေသီ၏ တစ်ဦးတည်းသော အမွေစားအမွေခံ မြေးမလေးအဖြစ် ဒီအမ်ဒီရာထူးကို အလွယ်တကူ မရခဲ့ချေ။ အထင်သေးသော၊ အထင်မကြီးနိုင်သော၊ နေရာမပေးချင်သော စသဖြင့် ရှယ်ယာဝင်တချို့၏ အမြင်တွေကို နှစ်,နှစ်တိတိ အလုပ်နှင့်သက်သေပြပြီးမှ အဘွားဖြစ်သူ၏ နေရာကို ဝင်ရောက်ဆက်ခံခဲ့ရခြင်းဖြစ်သည်။

ဘွားကေသီမှာ ကျန်းမာရေး အခြေအနေကြောင့် ကုမ္ပဏီတာဝန်တွေမှ အနားယူလိုက်ပြီဖြစ်သော်လည်း လိုအပ်သည့် အကြံဉာဏ်အနည်းငယ်မျှ ပေးဆဲဖြစ်သည်။ သို့သော်လည်း အရိပ်သည် ဘွားအေဖြစ်သူ၏ ခြေရာကို ထပ်တူထပ်မျှ နင်းနိုင်နေပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါလည်း စမ်းသပ်ဖို့လိုတယ် ဝင့်ဖြာ"

ဝင့်ဖြာသည် အရိပ်၏ တိုးတိတ်သော စကားသံကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

"အဲဒီလို စမ်းသပ်ဖို့ ဖြစ်ပါ့မလား။ တကယ်လို့ တစ်ခုခု အတိမ်းအစောင်း ဖြစ်သွားရင် ဝန်ထမ်းကောင်းတစ်ယောက်ကို နင် ဆုံးရှုံးသွားရမယ်နော် အရိပ်"

အရိပ်သည် အဲဒီအပြောကိုတော့ မခိုးမခန့် ရယ်မောမိလေသည်။

"အဲဒါကိုက နင့်မန်နေဂျာကို လုံးဝဥဿုံ မယုံကြည်တာကို ပြနေတာပဲ မဟုတ်လား။ ဒီလိုလူတစ်ယောက်ကို ဆုံးရှုံးသွားတော့ရော ဘာနှမြောစရာရှိလဲ ဝင့်ဖြာ"

"မဟုတ်သေးဘူး အရိပ်။ လူတစ်ယောက်ကို အဲဒီလောက် သံသယစိတ်များတာကြီးက သိပ်မကောင်းဘူး၊ နင့်စိတ်တွေကို နည်းနည်းတော့ လျှော့ဖို့ကောင်းတယ်လို့ ထင်တယ်"

"ငါ့စိတ်တွေကို လျှော့ခဲ့ရင် ဒီအခြေအနေအထိ ငါ ဘယ်ဖြစ်လာမလဲ ဝင့်ဖြာ၊ ကဲ ... ငါပြောတာကိုသာ နားထောင်စမ်းပါ၊ ဒီလိုလုပ် ... ... ..."

ဝင့်ဖြာသည် အရိပ်ပြောသော စကားတွေကို စိတ်မသက်သာစွာနှင့် နားထောင်ကာ သက်ပြင်းတွေကို ကျိတ်ချမိသည်။ အရိပ်၏ အဲဒီစိတ်ဓာတ်မှာ တစ်ဆိတ်တော့ လွန်ကဲပြင်းထန်ကာ အစွန်းရောက်လွန်းသည်ဟု ထင်သည်။ လူတစ်ဖက်သားကို သံသယမျက်လုံးနှင့် ကြည့်တတ်သော အရိပ်၏စိတ်များ



ဒီလိုဖြစ်လာအောင် လေ့ကျင့်ပေးခဲ့သူမှာလည်း သူမ၏ အဘွားပဲ ဖြစ်သည်။

အရိပ်ရဲ့မိဘနှစ်ပါးဖြစ်သော လူနှစ်ယောက်ရဲ့ခါးသီးဖွယ်ကောင်းသော အိမ်ထောင်ရေးကြောင့် အဘွားဖြစ်သူက လူတွေကို မယုံကြည်တတ်စေရန် ငယ်စဉ်ကတည်းက ပုံစံသွင်းပေးခြင်းခံခဲ့ရသော အရိပ်၏စိတ်များသည် ဒီလိုတစ်ဖက်စွန်းရောက်သည်မှာ သိပ်တော့လည်း မထူးဆန်းလှပါ။ အဘွား၏တစ်ဦးတည်းသောသမီးဖြစ်သူ အရိပ်၏အမေကို ဆွေမျိုးနီးစပ်တော်သော အရိပ်၏အဖေက ထင်မှတ်မထားစွာဖြင့် သိမ်းပိုက်ခဲ့သည်။ သူ့ရွေ့သမက် ဖြစ်လာတော့လည်း ခြေမငြိမ်။ ပွေလိုက် ရှုပ်လိုက်သည်မှာ ကမ်းကုန်ပဲဖြစ်သည်။

အရိပ်ရဲ့အမေကျတော့ရော ယောကျ်ားလုပ်သူရဲ့ ဖောက်ပြန်မှုကို သူကလည်းပဲ အားကျမခံတုံ့ပြန်သည်။ အဘွားမှာ သမီးရော၊ သမက်ရောကိုမနိုင်တော့။ အရိပ်ရဲ့အမေသည် ယောကျ်ားတစ်ယောက်နှင့် ကပွဲတစ်ခုမှအပြန် ကားအက်ဆီးဒင့်ဖြစ်လျှက် ပွဲချင်းပြီး ဆုံးပါးသွားခဲ့သည်။

အရိပ်ရဲ့အဖေကတော့ ယောက္ခမဖြစ်သူကို ဒုက္ခပေးလိုက်၊ ဆိုးမိုက်လိုက်ဖြင့် နောက်ဆုံးတော့လည်း သက်ဆိုးမရှည်ရှာပါ။ ဆိုးမိုက်ခဲ့သော ဒဏ်တွေဖြင့် အသည်းကင်ဆာကြောင့် ဆုံးပါးသွားပြန်သည်။ တာဝန်မကျေခဲ့သော မိဘနှစ်ပါးရဲ့ ပဋိပက္ခတွေကြားမှာ ကြီးပြင်းခဲ့ရသော အရိပ်၏စိတ်တွေသည် နာကျင်မှုဒဏ်ရာတွေဖြင့် ပုံမှန်မဟုတ်ခဲ့တာတော့ သေချာသည်။ လူတွေကို စိတ်ကုန်သော အဘွားဖြစ်သူရဲ့ ဝါဒတွေကြားမှာ အရိပ်သည်

www.burmeseclassic.com

www.burmeseclassic.com



သူ့မတူသော စိတ်ဓာတ်တွေနှင့် ကြီးပြင်းခဲ့ရသည်။ ဒီအတွက် ဘယ်သူ့မှာ အပြစ်ရှိသလဲ ဆိုတာတော့ ဝင့်ဖြာ မတွေးတတ်တော့ချေ။

ဝင့်ဖြာသည် သောက်လက်စကော်ဖီကို ကုန်အောင် မော့သောက်လိုက်ပြီးနောက် အရိပ်ကို တစ်ချက်ကြည့်ကာ ...

"အခုနကပြောတဲ့ကိစ္စကို တကယ်ပဲ အကောင်ထည်ဖော်ရမှာလား အရိပ်"

"နင့်ကို ငါက နောက်နေတယ်များ ထင်လို့လား"

"ပြီးတာပဲလေ"

ဝင့်ဖြာက စိတ်လျှော့လိုက်သည့်ပုံစံဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။ အရိပ်က ဝင့်ဖြာကို မျက်လုံးတစ်ချက်လှန်ကြည့်ကာ ...

"ဝင့်ဖြာ ... ငါ အခုလုပ်တဲ့ကိစ္စကို နင် မကျေနပ်ဘူးနဲ့တူတယ်၊ နင့်စိတ်ထဲမှာ ဦးမင်းမြတ်ကို သိပ်ယုံကြည်နေသလား ဝင့်ဖြာ"

"ငါက အယုံကြည်လွန်တာ မဟုတ်ဘူး၊ နင်ကကို လူတစ်ဖက်သားပေါ်မှာ သံသယစိတ်များနေတာ ...

လူတစ်ဖက်သားကို သံသယစိတ်များလွန်းတာ နင့်အတွက် မကောင်းဘူးဆိုတာ နင် သိရဲ့လား"

"မသိဘူး။ ငါ့အတွက်တော့ လူတွေကို မယုံကြည်တာဟာ ပိုပြီးတော့ နေလို့ထိုင်လို့ကောင်းတယ်။ လူတွေကို လွယ်လွယ် မယုံကြည်ခဲ့တဲ့အတွက် ငါ့ဆုံးဖြတ်ချက် ဘယ်တုန်းကမှ မမှားခဲ့ဘူး ဝင့်ဖြာ"

BURMESE CLASSIC .com



ဝင့်ဖြာသည် အဲဒီစကားကိုတော့ ဘာမှပြန်လည် မချေပနိုင်ပါ။ သို့သော် အပြင်ထွက်ဖို့ တံခါးလက်ကိုင်ဖုကို လှည့်ရင်းမှ သတိရသော စကားတစ်ခွန်းကိုတော့ လှည့်ပြောဖြစ်သည်။

"ဒါပေမဲ့ ခံစားချက်နဲ့ဆိုင်တဲ့ ကိစ္စတွေမှာတော့ အမြဲအမှန် မရှိနိုင်ဘူးနော်"

အရိပ်သည် အဲဒီစကားကို ဘာမှပြန်မချေပနိုင်ချေ။ ဝင့်ဖြာကိုသာ ရူးရူးရဲ့ရဲ့ စိုက်ကြည့်ရင်း ကျန်ခဲ့သည်။ ဝင့်ဖြာကတော့ တံခါးကိုပိတ်ကာ ထွက်သွားခဲ့ပြီဖြစ်သည်။ အရိပ်သည် ဝင့်ဖြာရဲ့စကားကို ခွဲခြမ်းစိတ်ဖြာခဲ့ပြီးမှ အရေးမစိုက်ဟန်ဖြင့် ပခုံးကို တစ်ချက်တွန့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂

"အရိပ် ... အောက်မှာ နောင်ရိုး ရောက်နေတယ်"

ရေချိုးခန်းထဲမှ ထွက်လာသော အရိပ်ကို အခန်းထဲ ရောက်နေသော ဒေါ်ချွန်က ဆီးပြောသည်။ အရိပ်သည် ခေါင်း တစ်ချက် ဆတ်ပြရင်းမှ နာရီကို တစ်ချက်လှမ်းကြည့်ကာ ...

"သူ ထမင်းစားမယ်နဲ့တူတယ်၊ ဘာတွေရှိလဲ ဒေါ်ချွန်"

"ဟင်းတွေကတော့ အစုံပါပဲ၊ သူ ကြိုက်တဲ့ ဝက်သားပုန်းရည်ကြီးချက်လည်း ပါ,ပါတယ်"

"အိုခေ ... ရယ်ဒီလုပ်ထားလိုက်တော့၊ နောက်ဆယ့်ငါးမိနစ်ကြာရင် အရိပ် ဆင်းလာမယ်"

"ပြောလိုက်မယ်ကွယ်"

ဒေါ်ချွန်က အခန်းထဲက ပြန်ထွက်သွားလျှင် အရိပ်သည် မှန်တင်ခုံရှေ့မှာ ဝင်ထိုင်ကာ ခေါင်းပေါင်းထားသော တဘက်ကို ဆွဲဖြေလိုက်သည်။ ခေါင်းလျှော်ထားသော အရိပ်၏ ဆံပင်များသည် ပခုံးပေါ်သို့ စိုထိုင်းထိုင်း ပြုတ်ကျလာသည်။



ဆံပင်တွေကို ငါးမိနစ်လောက် ခပ်ကြမ်းကြမ်းပွတ်သုတ်ပြီးသွားသောအခါ ညှပ်နှင့်ပင့်တင်လျက် တစ်ကိုယ်လုံးကို Lotion လူးလိုက်သည်။ ပြီးလျှင် မျက်နှာကို Toner သုံးကာ နို့ရည်လိမ်းလိုက်လျှင် အရိပ်၏ပြင်ဆင်မှုက ပြီးဆုံးသွားပြီဖြစ်သည်။ အရိပ်သည် ဗီရိုထဲမှ တီရှပ်အဖြူဆွတ်ဆွတ်တစ်ထည်ကို Nobody ဂျင်းနက်ပြာစိုစိုနှင့် တွဲဖက်ဝတ်ဆင်ပြီးနောက် ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ညေ့ခန်းထဲတွင် ဂျာနယ်တစ်စောင်ကို ဖတ်နေသော နောင်ရိုးက အရိပ်ကို မော့ကြည့်ရင်း တစ်ချက်ပြုံးပြသည်။ Polo စပို့ရှပ်လက်တို အနက်ရောင်ကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော နောင်ရိုးရဲ့ပုံစံမှာ သန့်ပြန့်စတိုင်လ်ကျနေသည်။ အရိပ်သည် နောင်ရိုးရဲ့ရှေ့တည့်တည့်က ဆိုဖာတွင်ခြေထောက်ချိတ်ကာ ဝင်ထိုင်မိသည်။

"ရေချိုးနေတာလား"

"အင်း ... ဘယ်လိုလဲ၊ ထမင်းစားမှာ မဟုတ်လား"

"စားမှာပေါ့၊ weekend တိုင်း နင်နဲ့ ထမင်းလက်ဆုံစားခွင့်ကို ဘယ်တုန်းက ပျက်ခဲ့ဖူးလို့လဲ"

"ဒီနေ့ ဝင့်ဖြာ မလာဘူးနဲ့တူတယ်"

အရိပ်ရဲ့စကားကို နောင်ရိုးက ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ်၊ ဒီနေ့ သူ့အမေမွေးနေ့မို့ ဘုန်းကြီးကျောင်းမှာ ဆွမ်းသွားကပ်မယ်လို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ … အင်း။ တစ်နေ့ကတော့ ပြောသား၊ ဘယ်လိုလဲ ရန်ကင်းဘက်က အဆင့်မြင့်တိုက်ခန်းကို ဘယ်တော့လောက် စမယ်လို့ မှန်းထားလဲ"

အရိပ်ရဲ့စကားကို နောင်ရိုးက နှာခေါင်းတစ်ချက်ရှုံ့ကာ စိတ်ပျက်လက်ပျက် ပုံစံဖြင့် …

"တခြားစကား မေးစရာမရှိတော့ဘူးလားဟာ၊ တွေ့လိုက်တာနဲ့ အလုပ်အကြောင်းကစပြီး။ အားတဲ့ နားတဲ့ရက်လေးများ အလုပ်ကိစ္စအကြောင်း မပါဘဲ ပြောစမ်းပါ"

"ဟဲ့ … ဒါကရော အလုပ်ကိစ္စစကားကို အပီအပြင်ကြီး ပြောနေတာမို့လို့လား၊ နင်ကိုက"

"ဒါကိုက ဘာမှမဖြစ်ဘူး၊ နင့်ခေါင်းထဲမှာကို အလုပ်ကိစ္စတွေပဲ ကြီးစိုးနေတာ၊ ဒါကြောင့် နင့်ရုပ်က တစ်နေ့တခြား နင်နဲ့မတူတော့ဘူး"

အရိပ်သည် နောင်ရိုးကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ …

"ဘာနဲ့တူနေလို့လဲ"

"ပိုက်ဆံရွက်ကြီးနဲ့ တူနေတယ်၊ နင့်မျက်နှာကို ကြည့်လိုက်တိုင်း ပိုက်ဆံပုံစံကြီးပဲ မြင်နေတယ်"

အရိပ်သည် အဲဒီစကားကိုတော့ ယောင်ယောင်လေးမှ မြုံးမိလေသည်။ နောင်ရိုးက ခပ်မတ်မတ် ထိုင်နေရာမှ ကိုယ်ကိုရှေ့သို့ကုန်းကိုင်းလိုက်ကာ …

"အရိပ် … နင် မိန်းကလေးဟန်ပေါက်နဲ့တူအောင် နေစမ်းပါဟာ"



"ဘာရယ် … ငါက မိန်းကလေးနဲ့မတူလို့ ဘာနဲ့တူနေလို့လဲ"

အရိပ်ရဲ့ အလိုမကျသလို နှုတ်ခမ်းတင်းတင်းစေ့ပြီး မေးသောအမေးကို နောင်ရိုးက ဟဲခနဲ တစ်ချက်ရယ်ကာ ဒါမှ အမှန်ပဲဟူသောပုံစံဖြင့် လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

"အင်း … အဲဒီပုံစံက မိန်းကလေးနဲ့ နည်းနည်းတူတယ်၊ ဒါပေမဲ့ နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးပုံစံတော့ မဟုတ်သေးဘူး"

"ဟင်း … တော်ပါဟာ၊ ကဲ … လာ ထမင်းစားရင်းဆက်ပြောမယ်"

အရိပ်က ရှေ့မှဦးဆောင်ထွက်သွားလျှင် နောင်ရိုးက အရိပ်ရဲ့နောက်မှ ကပ်ပါလာသည်။

"နင် ခေါင်းလျှော်ထားတာလား အရိပ်"

"အင်း … ဟုတ်တယ်"

"ဟား … ဆံပင်တွေကလည်း မခြောက်သေးဘူးပဲ အရိပ်"

သူ့ရဲ့စိုးရိမ်သလို အခေါ်အဝေါ်ကို အရိပ်ဂရု မစိုက်ဟန်ဖြင့် စားပွဲမှာ ဝင်ထိုင်လိုက်သည်။ အရိပ်တို့ ထမင်းစားသောက်ဖို့ရာအတွက် ကောင်မလေးတွေက ရှုးခပ်ပြင်ဆင်ပေးနေတာကို ဝေ့ဝဲအကဲခတ်ကာ အရိပ်က ဘာဟင်းတွေပါလိမ့်ဟု မေးထောက်ပြီး ငေးမောနေသည်။ နောင်ရိုး ပြောသောစကားကို အရေးတောင်မစိုက်။

"နောင်ရိုး … နင့်ဘာသာ ကြိုက်တာထည့်စားတော့နော်၊ ဟိုမှာ နင့်အကြိုက် ဝက်ပုန်းရည်ကြီးချက်၊ ငါးခြောက်နှပ်ကြော်ရော"

www.burmeseclassic.com

www.burmeseclassic.com



အရိုပ်သည် ပြောလည်းပြော၊ ကိုယ်တိုင်လည်း ကြက်သားဟင်းတစ်တုံးကို ခပ်ထည့်ရင်းမှ ထမင်းကို စတင်စားသည်။ အရိုပ်တို့ ထမင်းစားနေသည့်နေရာတွင် ကောင်မလေးတွေ မျက်ကြည့်ဖော့ပါ။ အရိုပ်နှင့် နောင်ရိုး နှစ်ယောက်တည်းသာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး။

"အရိုပ် ... နင်က ငါပြောတဲ့စကားကို ဂရုလည်းမစိုက်ဘူးဟာ"

"ဘာဖြစ်နေတာလဲ နောင်ရိုးရယ်၊ စားမယ့်ဟာကို အေးအေးဆေးဆေးစားတာ မဟုတ်ဘူး"

"နင့်ဆံပင်တွေ မခြောက်ဘူးလို့ ငါ ပြောနေတယ်"

အရိုပ်သည် ဟက်ခနဲ တစ်ချက်ရယ်ကာ မဟုတ်တာပါကွာဟူသော ပုံစံဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။ ပြီးတော့ နောင်ရိုးကို တည့်တည့်စိုက်ကြည့်မိကာ ...

"အဲဒီတော့ ဘာဖြစ်လဲဟယ်၊ အခုမှ ခေါင်းလျှော်ပြီးရေချိုးခန်းထဲက ထွက်လာတာ၊ ဒီလောက်တော့ ရှိမှာပေါ့၊ နင် ရောက်နေတယ်ဆိုလို့ မြန်မြန်ဆင်းလာတာ"

"ကျွတ် ... ဘာမြန်စရာလိုလဲဟာ၊ ငါက ဧည့်သည်မှ မဟုတ်တာ၊ နင်ကလည်း"

အရိုပ်သည် ကိုယ့်ဆံပင် ရေမခြောက်တာကို အကြီးအကျယ် ဇာတ်ဖွဲ့ပြနေသော နောင်ရိုးကို မျက်လုံးတစ်ချက်လှန်ကြည့်ကာ စိတ်လျှော့လိုက်သည်။ မဟုတ်လျှင် သူနဲ့ကိုယ် ရန်ဖြစ်တော့မည်။



"အေး ... အဲဒီ ဧည့်သည်မဟုတ်တဲ့လူလည်း ဗိုက်ဆာနေပြီ၊ ငါလည်း ဆာနေပြီ၊ ကဲ ... စားစမ်းပါဟာ ... စား ... စား"

"ထမင်းစားပြီးရင် နင့်ဆံပင်တွေကို ငါ ... ပေးဦးမှာ"

"ကဲ ... စားစမ်းပါဟယ်၊ နင်မသိ ဝင်ကြီးလိုက်တာ"

အရိုပ်က တစ်ချက်ဟန့်လိုက်သဖြင့် နောင်ရိုး ဘာမှဆက်မပြောတော့ဘဲ ထမင်းစားခြင်းသာ အာရုံပြုလိုက်သည်။ အရိုပ်သည် ပုန်းရည်ကြီးနှင့် ကြက်သားဟင်းကိုမြင်လျှင် မျက်လုံးတွေ အရောင်တောက်သွားသော နောင်ရိုးကိုကြည့်ကာ သူမကိုယ်အောင် တစ်ချက်ပြုံးမိသည်။ အဲဒီတစ်ယောက်ဟာ အရိုပ်တို့အိမ်က ထမင်းဟင်းတွေဆိုလျှင် အတော့်ကို နှမ်းအားပေးတတ်သူ ဖြစ်သည်။

သူသည် စနေ၊ တနင်္ဂနွေနှစ်ရက်မှလွဲ၍ နှစ်ရက်ခလုံးအားလျှင်လည်း နှစ်ရက်စလုံး၊ တစ်ရက်လျှင်လည်း တစ်ရက်ကတော့ အရိုပ်နှင့်အတူတူ ထမင်းလာကိုဆို ယောဇာလေ့ရှိသည်။ အကယ်တော့ နောင်ရိုးနှင့် ဝင့်ဖြာသည် အရိုပ်ရဲ့မွေးဖက်တော်များဟု သတ်မှတ်လျှင်လည်း ရသောသူတွေဖြစ်သည်။ အရိုပ်တို့သုံးဦးစလုံးသည် တစ်လတည်းမှာပဲ ရက်အနည်းငယ်ခြားကာ မွေးဖွားလာသူတွေ ဖြစ်ကြသည်။

နောင်ရိုးနဲ့ ဝင့်ဖြာတို့ရဲ့မိဘတွေမှာလည်း အသုံးနှင့် ... နဲ့ထမ်းတွေ ဖြစ်လေရာ သူတို့နှစ်ယောက်ကို ... သည်းတူ သံယောဇဉ်ရှိသော အထွေထွေ ... 

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုစောင်မ မြေတောင်မြှောက်ပေးခဲ့သဖြင့် အခုချိန်တွင် နောင်ရိုးနဲ့ ဝင့်ဖြာသည် ထက်ကုမ္ပဏီလုပ်ငန်းစုကြီး၏ အရေးပါသော နေရာတွေမှာ လုပ်ကိုင်နေကြပြီဖြစ်သည်။

နောင်ရိုးသည် ထက်ကွန်ထရပ်ရှင်မှာ တာဝန်ခံ အင်ဂျင်နီယာတစ်ယောက် ဖြစ်သလို ဝင့်ဖြာကတော့ ရုံးချုပ်ရဲ့ စာရင်းကိုင်တစ်ယောက် ဖြစ်လာသည်။

မွေးကတည်းက ကစားဖော် ကစားဖက် ဖြစ်လာသော သူငယ်ချင်းသုံးယောက်မှာ တစ်ယောက်နဲ့တစ်ယောက် အင်မတန် သံယောဇဉ်ရှိကြသည်။ သို့သော် နောင်ရိုးနှင့် ဝင့်ဖြာက မိဘနှစ်ယောက်နှင့် ပတ်သက်ပြီး ကံမကောင်းခဲ့လေသူ၊ ဒဏ်ရာအနာတရ ရခဲ့လေသူ အရိပ်ကို ပို၍ဦးစားပေးကာ ဂရုစိုက်ကြင်နာကြသည်။ လူတွေအပေါ်မှာ သံယောဇဉ်သိပ်မတွယ်တတ်လေသူ အရိပ်ကိုမူ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ဖြည့်ဆည်းပေးတတ်ကြသည်။

"ထမင်းစားပြီးရင် ဘာအလုပ်ရှိလဲ"

စားနေရင်းတန်းလန်းမှ နောင်ရိုးက ဖြတ်မေးသဖြင့် အရိပ်ရဲ့အတွေးစတို့ ပြတ်တောက်သွားရပြန်သည်။

"အလုပ်ရှယ်တော့ မယ်မယ်ရရ မရှိပါဘူး၊ ရုံးပိတ်ရက်တွေမှာ ငါ ဘာမှမလုပ်တတ်ဘူးဆိုတာ နင် မေ့နေပြီလား"

"မမေ့ပါဘူး အစ်မရယ်။ ကျုပ်က ဒီအတိုင်း မေးကြည့်တာပါ၊ ထမင်းစားပြီးရင် ဘာလုပ်မှာလဲ သိချင်လို့"

အရိပ်သည် မျက်စပစ်ပြရင်း ပြောသော နောင်ရိုးရဲ့ပုံစံကို မျက်နှာတစ်ဖက်လှည့်ရင်း ဟက်ခနဲ ရယ်မိသည်။ တစ်



သက်လုံး အတူတူ ကြီးပြင်းလာခဲ့တဲ့သူမို့ နောင်ရိုးကို စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားပေမယ့် နောင်ရိုးဟာ ပတ်ဝန်းကျင်မှာတော့ တော်တော်ပေါ်ပြူလာဖြစ်သော လူတစ်ယောက်ဖြစ်သည်ဟု ပြန်ကြားထားရသည်။ ခြောက်ပေရှိသော အရပ်အမောင်းဖြင့် Gym အမြဲဆော့တတ်သူ နောင်ရိုးရဲ့ပုံစံမှာ ခြောင့်မတ်စမတ်ကျ နေလေ့ရှိသည်။ ဖတ်တင်တီရှပ်တွေနှင့် ဂျင်း(န်) (သို့မဟုတ်) ဘတ်ဂီ၊ Skinny ဘောင်းဘီများကို ဝတ်လေ့ရှိသူ နောင်ရိုးသည် ဝင်းမှန်စိမ်းစိုသည့် အသားအရေမျိုးကိုလည်း ပိုင်ဆိုင်ထားပြန်သောကြောင့် ကောင်မလေးတွေ အသည်းစွဲ ဖြစ်နေသည်မှာလည်း ဆန်းသော မဆန်းချေ။

ထူထဲသောမျက်ခုံး၊ လေးညို့သဏ္ဌာန် နှုတ်ခမ်းပါးကိုဖြင့် ခပ်ညို့ညို့ကြည့်တတ်သော သူ့ကို ဝင့်ဖြာကလည်း အတော်သံယောဇဉ်ပိုသေးသည်။ အရိပ်ကတော့ နောင်ရိုးနဲ့ ဝင့်ဖြာကို ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲသာ ဖိတ်စေချင်လေသည်။

"နင် ဘာတွေ တွေးနေတာလဲ"

"နင့်အကြောင်းပေါ့"

နောင်ရိုးရဲ့ မျက်ခုံးတွေက ရုတ်တရက် ပင့်သွားသည်။ အရိပ်ကို ခပ်နက်နက် စိုက်ကြည့်လာကာ ...

"ငါ တစ်ယောက်လုံးကို ရှေ့ထားပြီး ဘာတွေးနေတာလဲ"

"နင် မိုက်တဲ့အကြောင်းပေါ့"

"ဘုရားရေ ... ငါ ဘာမိုက်လို့လဲ"

နောင်ရိုးရဲ့ ပါးစပ်အဟောင်းသားပွင့် ပုံကို အရိပ်က တဟားဟား အော်ရယ်မိလေသည်။ အဲဒီလို ရယ်ရင်းမှလည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပျော်လာသလို ခံစားရသည်။ တကယ်တမ်း ပြောရလျှင် အရိပ်ရဲ့ဘဝမှာ ပျော်ရွှင်စရာဆိုတာ မရှိသလောက်ကို နည်းပါးခဲ့သည်။ မိဘနှစ်ပါးရဲ့ ရက်စက်သော ပဋိပက္ခများ၊ အရွယ်ရောက်လာသောအခါ ဒီသိုရာထူးကိုရဖို့အတွက် အကြိတ်အနယ်ကြိုးပမ်းခဲ့ရခြင်းများသည် လူတွေကို မယုံကြည်ကာ အရှုံ့တိုက်ချင်စိတ်တွေ အလုံးအရင်းနဲ့ကို ဖြစ်လာစေခဲ့သည်။ ဒီအတွက် အရိပ်မှာ ပျော်ရွှင်မှုဆိုတာ နည်းပါးကျဲတောက်ခဲ့ရလေသည်။

"နင် မိုက်တာကို နင် မသိဘူးလား"

အရိပ်က ခပ်တည်တည်ဖြင့် ဖိန့်လိုက်လျှင် သူက ဘာလဲဟူသော သဘောဖြင့် ပခုံးတစ်ချက်တွန့်ကာ ...

"နိုး ... မစားနဲ့ဟာ၊ ရှင်းရှင်းပြော"

"ဝေးတယ်ဟာ၊ ခေတ်စကား ရိုးရိုးလေးတောင် လိုက်မမီတော့တဲ့သူပဲ"

"ဝေါ ... သိပြီ။ ငါ့ကို ချောတယ်လို့ ပြောတာမှလား"

ဒီတော့မှပင် အရိပ်သည် စားလက်စခွန်းခက်ရင်းကိုချကာ ဟက်ဟက်ပက်ပက်ပဲ ရယ်မောမိလေသည်။ သူက အရိပ်ရယ်မောနေတာကို ချိုမြသည့် အပြုံးတစ်မျက်နှာဖြင့် ငြိုးစိုက်ငေးကြည့်ကာ ...

"နင် အမြဲတမ်း အဲလိုပဲ ရယ်နေပါလား အရိပ်ရယ်"

အရိပ်သည် သူ့စကားကြောင့် မျက်စောင်းတစ်ချက်ကို ဖျတ်ခနဲ ထိုးမိကာ နှုတ်ခမ်းကို ကိုက်ပြလျက် ...

"အောင်မယ် ... ငါ့များ ထာဝစဉ် ရှုပုပ်နေတဲ့ မျက်နှာပုပ်ကြီးကျလို့ ...



စကားပြောတာ ဆင်ခြင်နော်"

"သြော် ... အရိပ်လေးရယ်၊ အဲဒီလို ဆိုလိုနေတာ မဟုတ်မှန်း မင်း သိပါတယ်ကွာ၊ လူကို ဝေဒနာတိုးအောင် မလုပ်စမ်းပါနဲ့"

, အရိပ်သည် အဲဒီစကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။

ရပ်ထားသောထမင်းကို ဆက်စားရင်းမှ ...

"ဒီနေ့ ထမင်းစားလို့ကောင်းတာ နင့်ဟာသတွေကြောင့်နဲ့ တူတယ်"

သူက အရိပ်ရဲ့စကားကို အရေးမစိုက်ဟန်ဖြင့် ပခုံးတစ်ချက်တွန့်ကာ ...

"ဘယ်လိုပဲဖြစ်ဖြစ်လေ နင့်ကို ရယ်မောပျော်ရွှင်အောင် လုပ်နိုင်တာကိုက ငါ့အရည်အချင်းတစ်ခုပဲ မဟုတ်လား၊ နင့်ကို ငါ တစ်ခုအကြံပေးချင်တယ် အရိပ်ရယ်၊ လောကကြီးကို ကောင်းတဲ့ရှုထောင့်ကပဲ ကြည့်စမ်းပါ၊ လူတွေအပေါ်မှာ သံသယစိတ်မကြီးစမ်းပါနဲ့၊ အဲလိုသဘောထားရတာ နင့်စိတ်ကို ဘယ်လောက်ပင်ပန်းစေလဲ၊ နင့်ကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနဲ့ ပျော်ရွှင်နေတဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပဲ ငါ မြင်ချင်တယ်၊ အဲဒီလို တဖြည်းဖြည်းနဲ့ ပြောင်းလဲစမ်းပါ အရိပ်ရယ်"

အရိပ်သည် သူ့ရဲ့ နွေးထွေးကြင်နာသော စကားများကို ခေတ္တငေးစိုက်သွားမိသည်။ ဂရုမစိုက်ဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး နောင်ရိုး၊ နင် ဖြစ်စေချင်တဲ့ ပုံစံတွေ ငါ့ကို ဘာမှလာမပြောနဲ့၊ လူတွေအပေါ်မှာ ငါမယုံကြည်ရဘဲ ငါ့ကို လာမယုံခိုင်းနဲ့၊ လူတွေဆိုတာ ယုံချင်စရာကောင်းတဲ့ သတ္တဝါတွေမို့လို့လား၊ လူတွေဟာ ဟန်ဆောင်မှုတွေနဲ့ ရပ်တည်နေကြတာ၊ တစ်ယောက်နဲ့တစ်ယောက် ဟန်ဆောင်ခြင်းကင်းကင်းနဲ့ ဆက်ဆံနေကြတာ ဘယ်သူမှ မရှိဘူး၊ အားလုံးဟာ အပေါ်ယံတွေပဲ၊ အနှစ်မရှိဘူး၊ တို့ကျင်လည်နေတဲ့ ပတ်ဝန်းကျင်မှာ ဘယ်လိုလူတွေနဲ့ဆက်ဆံနေရလဲဆိုတာ နင်လည်း အသိဆုံးပဲ၊ မဖျောင်းဖျချင်ပါနဲ့ဟာ"

"ဖျောင်းဖျတာ မဟုတ်ဘူး အရိပ်၊ နင့်ကို အပ်ချမှတ်ချ ပြောနေတာ၊ ငါ့စကားကို နားထောင်စမ်းပါ အရိပ်ရယ်"

"နားမထောင်နိုင်ပါဘူး၊ ငါ ဘယ်သူ့စကားကိုမှ နားမထောင်ဘူး"

နောင်ရိုးသည် အရိပ်၏ ပေစောင်းစောင်း ရိုက်ပေါက်ရုပ်ကို မချိုမချဉ် ပြုံးကြည့်ကာ ခေါင်းကိုအသာယမ်းမိသည်။ ရေချိုးပြီးစ အရိပ်ရဲ့အသားအရေသည် နှင်းပွင့်လေးတစ်ပွင့်လို လတ်ဆတ်တောက်ပနေသည်။ ရေမခြောက်တခြောက် ရွှေရောင်လွှမ်းလွှမ်း ဆံကေသာများကြားမှ နုဖပ်ချောမွေ့နေသော မျက်နှာလေးသည် ဘာမှ အထူးတလည် မပြင်ဆင်ထားပါဘဲနှင့်ကို အင်မတန်စွဲမက်ဖို့ကောင်းစွာ ထူးခြား ထင်းထွက်နေသည်။

ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်ခြင်းတော့ မဟုတ်ပါ။ အရိပ်သည် ဘာမှထူးထူးခြားခြား မပြင်ဆင်ပါဘဲနဲ့ကို တော်တော်



လေးလှသောစာရင်းမှာ ပါသည်။ မွေးရာပါ ချောမောလှပသလောက်လည်း အရိပ်က သိပ်အလှပြင်တတ်သူ မဟုတ်ချေ။ အလှအပအတွက် အချိန်အရမ်းပေးတာမျိုး မလုပ်တတ်။ အဲဒီလို မပြင်တာကိုက အရိပ်ကို ပိုလှပစေတတ်သလားတော့ မပြောတတ်ပါ။ စင်ရော်တောင်လို ထူးခက်ညို့နေသော မျက်ခုံးတစ်စုံအောက်မှ အညိုရောင်လဲ့လဲ့ မျက်ဝန်းများသည် ဒီအတိုင်းကြည့်တာတောင် အရှိန်အဝါကြီးလွန်းလှသည်။ အရိပ်က စူးစူးရဲရဲ စိုက်ကြည့်လိုက်လျှင် တစ်သက်လုံးက ပေါင်းလာသော သူကောင် သိပ်ခံနိုင်ရည်မရှိပါ။

"တစ်ခါတလေကျတော့လေ နင့်ကို ငါ ချမ်းသာတဲ့ဘဝကို ရောက်မနေစေချင်ဘူး"

သူ့ရဲ့စကားကို အရိပ်က ထမင်းဝါးရင်းမှ မျက်လုံးပြူးကြည့်သည်။

"ဘာလဲ ... နင်က ငါ့ကို ဒေဝါလီခံစေချင်တာလား"

"မဟုတ်ပါဘူး၊ ငါ အဲဒီလို ဆိုလိုတာ မဟုတ်ဘူး။ နင့်ဘဝက ပိုက်ဆံတွေ သိပ်ချမ်းသာပေမယ့် အဲဒါတွေကပဲ နင့်ကို ဒဏ်ရာဒဏ်ချက်တွေ ဖြစ်စေခဲ့တယ်လေ"

အရိပ်သည် အဲဒီစကားကြောင့် တွေဝေစွာ ငူးစိုက်မိသွားသည်။ ဟုတ်တယ် ... သူ ပြောတာ အမှန်ဆုံးပဲဖြစ်သည်။ ပိုက်ဆံတွေသည် အရိပ်ရဲ့ဘဝကို ပျော်ရွှင်ချမ်းမြေ့ဖို့ထက် ဒဏ်ရာဒဏ်ချက်တွေချည်းသာ ပေးခဲ့သည်ဆိုလျှင် ပိုမှန်ပါမည်။ ဒီငွေကြေးတွေကြောင့်ပဲ အရိပ်ရဲ့အမေဟာ အဖေရဲ့ အလိုမတူဘဲ သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။ ဒီငွေကြေးတွေရဲ့ အားကိုးနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း ပျက်စီးခဲ့ရသည်။ အရိပ်သည်လည်း ဒီစည်းစိမ်ဥစ္စာတွေရဲ့ အသိုင်းဝန်းကြားမှာ နေရာတစ်ခုရဖို့အတွက် အရွယ်နဲ့မမျှအောင် ကြိုးစားအားထုတ်ခဲ့ရသည်။

စဉ်းစားကြည့်လျှင် ငွေကြေးဥစ္စာတွေကြောင့် ပျော်ရွှင်ချမ်းမြေ့ခဲ့ရမှုဆိုတာ မရှိသလောက်ကို နည်းပါးလေသည်။

"ဟုတ်ကဲ့ နောင်ရိုး၊ နင် ပြောတာ အမှန်ဆုံးပဲ၊ ငွေကြေးဥစ္စာတွေက ငါ့အတွက် ဒုက္ခရာဒုက္ခချက်တွေကိုပဲ ပိုဖြစ်စေတာ"

"သိပ်မှန်တယ်၊ အကြောင်းမသိတဲ့ လူတွေကတော့ နင့်ကို အားကျကြမယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုရာထူးကို ရထားတယ်။ သုံးမကုန် ဖြုန်းမကုန်တဲ့ စည်းစိမ်ဥစ္စာတွေရှိတယ်။ ဒါကြောင့် နင့်ဘဝကို လိုချင်ကြတယ်၊ ဒီဘဝကြီးထဲမှာ နင့်အတွက် Risk တွေ ဘယ်လောက်များတယ် ဆိုတာတော့ ဘယ်သူကမှ မသိကြဘူး"

"အင်း ... ဟုတ်တာပဲနော်"

"ဒါကြောင့် ငါက နင့်ဘဝကို အေးအေးငြိမ်းငြိမ်းလေးပဲ ရှိနေစေချင်ပြီ အရိပ်ရယ်။ အဘွားကလည်း အဲဒီဆန္ဒအတိုင်းပဲ ရှိတယ်"

"ငါ့ကိုတော့ တစ်ခါမှ မပြောဖူးပါဘူး"

"ဘယ်ပြောမလဲ။ နင်က သူ့ထက်တောင် ဆိုးနေတာကို"

အရိပ်သည် ထမင်းစားပြီးသွားပြီမို့ ရေတစ်ခွက်ကို မော့သောက်ရင်းမှ ထိုင်ရာမှ ထရပ်လိုက်သည်။



"အေးအေးငြိမ်းငြိမ်း ရှိဖို့တော့ မမျှော်လင့်နဲ့ဟာ၊ ငါ့ဘဝက ဒါတွေကြားထဲမှာပဲ နစ်မျောခဲ့တော့ အေးငြိမ်းတယ်ဆိုတာ ဘာမှန်းမသိအောင် ဖြစ်နေပြီ ...

ငါ့ကို ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့ လူတွေကြားမှာပဲ သူတို့ကို အနိုင်ယူရတဲ့ဘဝကို ခုံမင်နေပြီ၊ အဲဒါပဲ"

နောင်ရိုးက ထမင်းကို ဆက်မစားတော့ဘဲ အရိပ်ကို စိတ်ပျက်လက်ပျက်ပုံစံဖြင့် မော့ကြည့်သည်။ အရိပ်က နောင်ရိုးကို ဘာမှမတတ်နိုင်ဘူး ဟူသော ပုံစံဖြင့် ပခုံးတစ်ချက်တွန့်ပြကာ ...

"ငါ ဘွားဘွားအခန်းထဲမှာ ရှိမယ်၊ နင် ပြီးရင် လိုက်ခဲ့"

အရိပ်သည် နောင်ရိုးကိုတောင် မစောင့်တော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ငယ်စဉ်ကတည်းက မာကျောခဲ့သော နှလုံးသားသည် ဒီအချိန်မှာတော့ ဒီလိုစကားလေးတွေကြားရရုံမျှဖြင့် ထူးပြီးမပျော့ပျောင်းနိုင်တော့ဘူးဟု ထင်သည်။ ဘဝစဉ်မာကျောကာ ကိုယ့်အရည်အချင်းကိုယ် ထက်မြက်သထက် ထက်မြက်အောင် စွမ်းဆောင်ဖို့သာ အတွေးထဲမှာ ရှိတော့သည်။ ပြောရလျှင်တော့ အရိပ်ဆိုသော မိန်းကလေးတစ်ယောက်သည် နည်းသော ခံစားချက်များနှင့် ဝေးလွင့်ကင်းကွာနေသူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂

အရိပ်သည် လုပ်လက်စအလုပ်တွေကို လက်စသတ်ပြီးသွားသောအခါ ဇက်ချိုးချလိုက်လျှင် အကြောတွေပြေသွားလျက် တဂျွတ်ဂျွတ် ကျိုးသွားသည်။ ထိုင်နေသော ဆုံလည်ကုလားထိုင်ကို နောက်သို့ ခြေကန်တွန်းထုတ်လိုက်ပြီးနောက် မတ်တတ်ထရပ်လိုက်လျှင် ခပ်လှမ်းလှမ်းက စားပွဲမှာ အလုပ်ထိုင်လုပ်နေသော အရိပ်ရဲ့ စက္ကရီတေရီ ယုယက မော့ကြည့်ကာ ပြုံးပြသည်။

"အမ်ဒီ ... ကော်ဖီသောက်မလားဟင်"

"မသောက်တော့ဘူး ယုယ၊ ခဏနေရင် တို့ပြန်တော့မယ်၊ ယုလည်း အလုပ်တွေ လက်စသတ်တော့"

"ဟုတ်ကဲ့ပါ"

ဒီနေ့သည် စနေ၊ တနင်္ဂနွေ မဟုတ်သော ဌာနဆိုင်ရာရုံးပိတ်ရက်တစ်ရက် ဖြစ်သော်လည်း လက်ကုန်လျှင် ရှယ်ယာဝင်တွေနှင့် အစည်းအဝေးရှိသည်မို့ အရိပ်မှာ နေ့တစ်ဝက်ရုံးလာတက်ခြင်းဖြစ်သည်။ အရိပ်သည် လက်မှာပတ်ထားသော နာရီကိုတစ်ချက်ကြည့်လိုက်လျှင် ဆယ့်နှစ်နာရီခွဲ။ အခုချိန်ထိ အရိပ် ထမင်း



မစားရသေးပါ။ အုံ့မှိုင်းနေသော ရာသီဥတုသည် အရိပ်ကို ပူစပ်ပူလောင် အစားအစာတစ်မျိုး စားချင်စိတ်အား လှုံ့ဆော်ပေးနေသည်။

အရိပ်သည် ရှည်ရှည်ဝေးဝေး သိပ်မစဉ်းစားတော့ဘဲ ဝင့်ဖြာရဲ့ မိုဘိုက်ကိုင်ဖုန်းနံပါတ်တို့ကို နှိပ်ခေါ်လိုက်သည်။ ဝင့်ဖြာက ချက်ချင်းလိုလိုပဲ ဖုန်းထူးပါသည်။

"အင်း ... အရိပ်၊ ပြောလေ"

"ငါ အခုပြန်တော့မှာ၊ နင် ပြီးပြီလား"

"အို ... ဘယ်ပြီးဦးမလဲ၊ ပြီးခဲ့တဲ့တစ်ပတ်ကတင်တဲ့ ကွန်တိန်နာတွေရဲ့ စာရင်းတွေက မကိုက်လို့ ချေးပြန်အောင် စစ်နေရတယ်"

"အဲဒီတော့ ဆိုလိုတာသည် ရုံးမဆင်းနိုင်သေးဘူးဆိုတဲ့ သဘောလား"

"အင်း ... အဲဒီသဘောမျိုးတော့ ဖြစ်နေတယ်"

"ပြီးရော ... ငါတော့ လစ်တော့မယ်။ မိုးအေးအေးနဲ့ မို့ Thai Foods သွားစားမလားလို့ စိတ်ကူးနေတာ၊ ဒီတော့လည်း တစ်ယောက်တည်း စားရတော့မှာပေါ့ ...

အင်း ... နောင်ရိုးများ အားမလားမသိဘူး။ တစ်ယောက်တည်း စားရမှာ ပျင်းတော့ပျင်းစရာကြီး"

ဝင့်ဖြာဘက်မှ ရုတ်တရက် အသံတိတ်သွားသည်။ ဖုန်းလိုင်းထဲမှ အသံတွေသည် ရုတ်တရက် တိတ်ဆိတ်သွားပြီးတော့မှ အရိပ်က စကားဖြတ်လိုက်သည်။

"ကဲ ... အဲဒါဆို ဒါပဲလေ။ ဖုန်းချပြီ"

www.burmeseclassic.com

www.burmeseclassic.com



“အခင်း … နေဦး။ နင်တို့ ဆုံဖြစ်တယ်ဆိုရင်တော့ ငါ့ကို ဖုန်းတစ်ချက်လောက် ဆက်ချင် ဆက်လိုက်လေ။ ပြီးရင်လည်း လိုက်လာခဲ့မယ်”

“အိုကေ”

အရိပ်က ဖုန်းကိုပိတ်ကာ အိတ် ကောက်လွယ်လျက် ယုယကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ကားပါကင်မှာ ရပ်ထားသောကားပေါ်သို့တက်၍ မောင်းထွက်လာခဲ့ရင်းမှ နောင်ရိုးထံ ဖုန်းဆက်ရကောင်းနိုး၊ မကောင်းနိုး စဉ်းစားလာမိသည်။ ဒီအချိန်တော့ နောင်ရိုးသည် ဆိုက်ထဲမှာ အလုပ်လုပ်၍ ထမင်းစားနားဖို့ စဉ်းစားနေမည့်အချိန် ဖြစ်သည်။ သို့သော် သူက အရိပ်စားချင်နေသည့် Thai Foods တွေကို မနှစ်သက်။ အညာသားသွေးပါသော နောင်ရိုးမှာ ဗမာထမင်းဟင်းတွေကို နှစ်သက်ခုံမင်သူ ဖြစ်သည်။

ဟဲ … တော်ပါလေ။ တစ်ယောက်တည်းပဲ အေးရာအေးကြောင်း စားတာ ကောင်းပါတယ်။ အရိပ်သည် တိကျသွားသော ဆုံးဖြတ်ချက်နှင့်အတူ မကြာခဏ သွားစားတတ်သော ထိုင်းအစားအစာဆိုင်လေးသို့ ခပ်သွက်သွက် မောင်းလာခဲ့သည်။ လမ်းသွယ်လေးထဲမှာရှိသော ဆိုင်လေးသို့ဝင်ဖို့ ကားကိုချိုးကွေ့လိုက်စဉ်မှာပဲ Taxi တစ်စီးက ပုံမကျ ပန်းမကျ ရပ်ထားတာနှင့် ကြုံရလေသည်။ အချိုးမကျသော ကားရပ်ပုံကြောင့် အရှိန်နှင့် မောင်းလာသော အရိပ်ရဲ့ကားခေါင်းတည့်တည့်မှာ Taxi ထဲသို့ အပြေးဝင်သွားသဖြင့် အရိပ်မှာ အလျင်အမြန်ပ ဘရိတ်နင်းလိုက်ရလေသည်။ စိတ်ကလည်း ထောင်းခနဲ တိုသွားသေးသည်။



ကားကို ဘက်ခ်ပြန်ဆုတ်နေရင်းမှ ဘေးကပ်ရပ်လိုက်ကာ ကားသမားထံ ဒေါနဲ့ မောနဲ့ ဆင်းသွားမိသည်။

Taxi ကားအနားတွင် ကားသမားဖြစ်ဟန်တူသော လူနဲ့အတူ တခြားယောကျ်ားလေးတစ်ယောက်ကိုပါ တွဲတွေ့ရလျက် သူတို့မျက်နှာတွေကလည်း တစ်ခုခုအတွက် တင်းမာနေကြသည့်ပုံစံ ဖြစ်သည်။

“ဒီမှာ ကားကို ဘယ်လိုရပ်ထားတာလဲ၊ ဟင် … ဘာလဲ ခွင်ဖန်တာလား၊ အလျော်လိုချင်လို့လား”

ကားသမားဖြစ်ဟန်တူသော ပုဆိုးနဲ့လူက ခေါင်းကိုကုတ်ကာ …

“ဘာတွေလာပြောနေတာလဲ၊ ကားပျက်နေလို့ဗျ၊ မောင်းနေတုန်း ဒီလိုပဲ ထိုးရပ်သွားတော့ ဘာတတ်နိုင်မှာလဲ”

“ဘာတတ်နိုင်မှာလဲ … ဟုတ်လား။ ကားစုတ်တာကို မတတ်နိုင်ပေမယ့် ဘေးကိုချထားဖို့တော့ တတ်နိုင်ရမယ်လေ။ ရှင်တို့ ယောကျ်ားနှစ်ယောက်ပဲ၊ တွန်းချပေါ့ …

ခုတော့ ဒီဘက်လမ်းကို သိသိသာသာကြီး ရောက်နေတာ၊ လမ်းလယ်ကောင်မှာ ကန့်လန့်ကြီးဖြစ်နေတာ၊ တခြားကားတွေက ဘယ်လိုသွားရတော့မှာလဲ”

“ဟော့ … ယောကျ်ားနှစ်ယောက် ရှိတာပဲဆိုပြီး ကျွန်တော့်ကိုတော့ ထည့်မပြောနဲ့ ကျွန်တော်က သူ့ကားကို တန်ရာတန်ကြေးပေးပြီး ငှားစီးလာတာ …

ဒါတောင် ဒီလူက တစ်လမ်းလုံး အလည်[illegible]လာတာ။ ကဲ … ဟော့လူ၊ ခင်ဗျား ကျုပ်ကို အမ်း[illegible]ရှိတဲ့ငွေ

www.burmeseclassic.com

www.burmeseclassic.com



အမ်းဗျာ၊ ကြာတယ်။ ခင်ဗျားကားလည်း ဆက်မစီးတော့ဘူး"

"ဟာ ... ဆရာလေးရယ်၊ ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ အမ်းစရာငွေက တကယ်ပါမလာလို့ပါ၊ ဆရာလေး သွားချင်တဲ့နေရာကို အစုံလိုက်ပို့ပေးပါ့မယ်"

"ဘာ ... ခင်ဗျား ရူးနေလား။ ခင်ဗျား ကားအစုတ်နဲ့ ဘယ်လိုပို့ပေးမှာလဲ။ ကဲ ... တော်ပြီဗျာ၊ ခင်ဗျားနဲ့ဆက်မပြောချင်တော့ဘူး ...

မအမ်းချင်လည်းနေတော့။ ကျုပ်တော့ သွားပြီ"

ထိုသူက ပြောပြောဆိုဆိုဖြင့် ကျောပိုးအိတ်ကို ပခုံးတစ်ဖက်မှာလွယ်ကာ ချာခနဲ လှည့်ထွက်သွားလျှင် ကားသမားသည် ခြေကားယား လက်ကားယားဖြင့် ကျန်ခဲ့သည်။ သူ့ကို ပိုက်ဆံပေး ငှားစီးလာသော လူတစ်ယောက်ကတောင် လိုရာခရီးမရောက်ဘဲ လမ်းလျှောက်သွားရတာကိုတွေ့လျှင် အရိပ်သည်လည်း ဘာမှမတတ်နိုင်တော့။ ကားသမားကို ခပ်ပြင်းပြင်းတစ်ချက်ကြည့်ကာ တောက်တစ်ချက်ခေါက်လျက် မလွတ်,လွတ်အောင် မောင်းယှက်လာရသည်။

အခုနက Taxi ပေါ်မှ ဆင်းလာသော လူကတော့ လမ်းဘေးမှာကပ်ပြီး လမ်းလျှောက်နေဆဲ။ အရိပ်သည် အဲဒီလူဘေးမှ အသာဖြတ်မောင်းလာခဲ့ရင်း မလှမ်းမကမ်းရှိ ထိုင်းစားသောက်ဆိုင်သို့ရောက်လျှင် ကားကို ချိုးကွေ့ဝင်လာခဲ့သည်။

ခြံထဲမှာ ကားရပ်ထားခဲ့ပြီးနောက် ဆိုင်တွင်းထဲက ထောင့်ကျကျစားပွဲတစ်လုံးတွင် နေရာယူကာ အစားအသောက်



တချို့ကို မှာထားပြီး စောင့်နေစဉ်မှာပဲ အရိပ်ရဲ့မျက်လုံးတွေသည် ဆိုင်တံခါးကို တွန်းဖွင့်ဝင်ရောက်လာသော လူတစ်ယောက်ကို မြင်သည်။

ထိုလူမှာ အခုနက Taxi သမားနှင့် ပြဿနာတက်လာသောသူ ဖြစ်ပါသည်။ ဪ ... သူလည်း ထိုင်းအစားအစာကို ကြိုက်လွန်းလို့ Taxi နဲ့တောင် လာစားသည်ထင်ပါရဲ့။

အရိပ်က သူ့ကို အကဲခတ် လှမ်းကြည့်နေတုန်းမှာပင် သူကလည်း အရိပ်ကို မြင်တွေ့သွားဟန်တူသည်။ အသိအမှတ်ပြုသလိုပုံစံဖြင့် ယောင်ယောင်မှုပြုံးပြကာ သူ့ကိုလာမေးနေသော ဝိတ်တာတစ်ယောက်ကို တစ်စုံတစ်ရာ ပြောကြားနေသည်။ ခဏကြာတွင် ဝိတ်တာက ထွက်သွားပြီးနောက် ပြန်ရောက်လာကာ သူ့ကို တစ်ခုခု ပြောလိုက်လျှင် သူက နည်းနည်း စိတ်ညစ်ညူးသွားသောပုံစံဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ဆိုင်ထဲမှ ပြန်ထွက်သွားလေသည်။

အဲဒီပုံစံသည် အရိပ်ကို ဘာကြောင့်မှန်း မသိဘဲ ရင်ထဲမှာ တစ်မျိုးဖြစ်သွားစေသည်။ ဒီလိုခံစားမှုမျိုး တစ်ခါမှ မဖြစ်ပေါ်ဖူးခဲ့ချေ။ ယောကျ်ားလေးတွေနဲ့ ပတ်သက်လာလျှင် ဒိန်းနိုးကပ်ကပ် သံယောဇဉ်ရှိရသော နောင်ရိုးအပေါ်မှာတောင် ဒီလိုခံစားမှုမျိုး တစ်ခါမှမဖြစ်ထွန်းခဲ့။ အခုမှတွေ့ရသော လူစိမ်းတစ်ယောက်အပေါ်မှာ ဒီလိုဖြစ်သွားသော ကိုယ့်ကိုယ်ကိုယ် အံ့ဩမှုနှင့်အတူ အရိပ်က သူနဲ့ စကားပြောသွားသော ဝိတ်တာကို တစ်ချက်လှမ်းခေါ်လိုက်သည်။

"ဘာလိုအပ်ပါသလဲ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အခုနက မင်းနဲ့စကားပြောပြီး ထွက်သွားတဲ့သူက ဘယ်သူလဲ"

"ခင်ဗျာ"

အရိပ်က မျက်မှောင်မကြုတ်မိအောင် သတိထားလိုက်ရသည်။

အရိပ်ရဲ့ဝန်ထမ်းသာဆိုလျှင် ဒီလူတော့ မလွယ်ချေ။ အရိပ်က ကိုယ်ကမေးသော မေးခွန်းတစ်ခုအတွက် နံ့ဝေတီမ်တောင်လုပ်နေခြင်းကို လုံးဝသဘောမကျတတ်။ မေးလျှင်ချက်ချင်းဖြေမှ သဘောကျတတ်သည်။

ခင်ဗျာတွေ၊ ရှင်တွေနှင့် မြန်မာစကားကို ဘာသာထပ်ပြန်နေရခြင်းကို အင်မတန် မုန်းလေသည်။

"အခုနက ကျောပိုးအိတ်နဲ့လူကို ပြောနေတာ၊ သူက ဒီကိုဘာလာလုပ်တာလဲလို့"

"ဩော် ... စားဖိုမှူးရာထူး လာလျှောက်တာပါ"

အရိပ်ရဲ့မျက်ခုံးနှစ်ဖက်မှာ ချက်ချင်းပဲ မြင့်တက်သွားသည်။

"ဟင် ... လာလျှောက်တဲ့လူက ဘာလို့ ချက်ချင်းလှည့်ပြန်သွားရတာလဲ"

"ဩော် ... သူ့ငွေးက လူငယ်ဆိုရင် မခန့်ဘူးခင်ဗျ၊ သူက အသက်လေးဆယ် အထက်တွေလောက်မှ လိုချင်တာ။ ပြီးတော့ အတွေ့အကြုံရှိတဲ့ လူတွေကိုပဲ ခန့်ချင်တာ၊ ဒီလို ငယ်ရွယ်ပြီး တတ်ခါစလူတွေကျတော့ အလုပ်မှာ သိပ်အဆင်မပြေတာနဲ့ မစဉ်းစားတာပါ"



"ဘာဆိုင်လဲ၊ ငယ်ရွယ်တဲ့လူတွေက အတွေ့အကြုံ မရှိဘူးဆိုပေမယ့် အကောင်းဆုံး ကြိုးစားချင်စိတ် ရှိကြတာပဲ။ ဒီလိုဆုံးဖြတ်လို့ ဘယ်မှန်ပါ့မလဲ"

အရိပ်ရဲ့ ဝေါက်ဆက်ဆတ်အပြောကို ဝိတ်တာက မျက်လုံးအပြူးသားဖြင့် ကြောင်ပြီး ငေးနေသည်။

အရိပ်ရဲ့ပုံစံနှင့် ဟန်ပန်သွင်ပြင်ကို ကြည့်ပြီးတော့လည်း ဘာမှပြန်မပြောသာ။

"တကယ်ဆိုရင် ဒီလိုအပေါ်ယံအမြင်နဲ့ ဆုံးဖြတ်တာထက် သူ့အရည်အချင်းကို လက်တွေ့စမ်းသပ် စစ်ဆေးတာက ပိုမှန်မှာပေါ့။ သူဟာ မင်းတို့ဆိုင်က လက်ရှိစားဖိုမှူးထက် အများကြီး တော်ချင်လည်း တော်နေနိုင်တာပဲ ...

ဒီလို သီအိုရီအတိုင်း သွားနေမယ်ဆိုရင် တစ်နေ့နောက်ကောက်ကျခဲ့လိမ့်မယ်လို့ မင်းတို့သူဌေးကို ပြောလိုက်"

"ဟုတ် ... ဟုတ်ကဲ့"

ထိုဝိတ်တာက လှစ်ခနဲ ပျောက်သွားချိန်တွင် အရိပ်သည် လာချပေးသော အစားအစာများကို စားရင်းမှ ဒီလောက်တော့ သူလည်း ချက်တတ်မှာပါဟု တွေးနေမိသည်။ အတွေးနဲ့အတူ ကိုယ့်ကိုယ်ကိုယ်လည်း ယောက်ျားတစ်ယောက်အကြောင်းကို တခုတ်တရ ခေါင်းထဲထည့်မိနေသည်မှာ ဒါ ပထမဆုံးပါပဲလားဟူ၍လည်း သတိရမိသွားသည်။ သူ့ပုံစံသည် တခြားသူတွေအတွက် နောက်တစ်ခါ ပြန်တွေ့လျှင် မှတ်မိဖို့ မသေချာသော်လည်း အရိပ်ကတော့ ဘယ်တော့မှ မမေ့တော့ဘူးဆိုတာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သိပ်ချောလွန်းလို့တော့ မဟုတ်။ ချောလွန်း ဖြောင့်လွန်း၍ မမေ့ရစတမ်းသာဆိုလျှင် နောင်ရိုးကို အနားမှာခေါ်ထားဖို့သာရှိ တော့သည်။

နောင်ရိုးရဲ့ အကြောင်းကို တွေးနေတုန်းမှာတင် နောင်ရိုးဆီက ဖုန်းဝင်လာသဖြင့် ဖွင့်နားထောင်လိုက်သည်။

"ပြော ... နောင်ရိုး"

"အရိပ် ... နင် ဘယ်မှာလဲ"

"ငါလား Thai Foods ဆိုင်မှာ"

"နေ့လယ်စာ စားနေတာလား၊ နင်တစ်ယောက်တည်း လား"

"ဟုတ်တယ်၊ နင်ရော စားပြီးပြီလား"

"ဘယ်က ပြီးရသေးမှာလဲ၊ အခုမှအားတာ၊ အဲဒါ ငါ့ကို ဝင့်ဖြာက ဖုန်းလှမ်းဆက်တာနဲ့ အပြင်မှာ တစ်ခုခုသွား စားမလို့။ နင်က ထွက်သွားပြီလို့ ပြောတယ်"

"ဟုတ်တယ်လေ၊ ငါ သူ့ကိုခေါ်သေးတယ်။ သူက မပြီး သေးဘူးဆိုတာနဲ့ ထားခဲ့တာ၊ အခု နင်တို့ သွားစားကြတော့ မလို့လား"

"အင်း ... နင်ကလည်း တစ်ယောက်တည်း ဖြစ်နေတာ များ ငါ့ကို ခေါ်လိုက်တာ မဟုတ်ဘူး"

"ရပါတယ်၊ နင်မှ Thai Foods မကြိုက်တာ၊ ဒါနဲ့ နင် ဖုန်းဆက်တာ အတော်ပဲ၊ နင့်ကို ငါ တစ်ခုမေးရဦးမယ်၊ ဟိုတစ်ခါတုန်းက နင် ပြောဖူးတယ်လေ၊ နင်မိတ်ဆွေ တစ်ယောက်ရဲ့စားသောက်ဆိုင်ကို ရောင်းမလို့ဆို"



"အေးလေ ... ပန်းမြှားတော်ဝင်ဆိုင်ကို ပြောတာ၊ ဘာ ဖြစ်လို့လဲ"

"အခု ရောင်းပြီးသွားပြီလား"

"မရောင်းရသေးပါဘူး၊ ဝယ်မယ့်လူက ဈေးအရမ်းနှိမ်တာ နဲ့ မရောင်းဖြစ်သေးဘူး၊ သူတို့ကလည်း အမေရိကားကို မိသားစုတစ်ခုလုံး ပြောင်းမှာမို့သာ ရောင်းဖို့စဉ်းစားတာ၊ ဆိုင်က အလုပ်ဖြစ်နေတာပဲလေ၊ ဝယ်ချင်တဲ့လူကလည်း မရောင်းမဖြစ် ရောင်းရမယ်ဆိုတာ သိတော့ ညှစ်နေတဲ့ သဘောပေါ့"

"သူက လည်ပတ်နေတဲ့ဆိုင်ကို လက်လွှဲရောင်းမှာလား"

"အေးပေါ့၊ အားလုံးအပြီးအစီးပေါ့ဟ၊ ဝန်ထမ်းတွေရော အကုန်ပေါ့"

"အေး ... ပိုင်ရှင်ကို မေးလိုက်စမ်းဟာ၊ ထားနိုင်တဲ့ဈေး ကို အတိအကျဆုံး ပြောပေးပါလို့။ ငါ အခုကိုသိချင် တယ်၊ နင် ဖုန်းဆက်ပြီး မေးလိုက် ...

ပြီးရင် ငါ့ကို ဖုန်းပြန်ဆက်"

"ဘာ ... နင်က အဲဒီဆိုင်ကို ဝယ်မလို့လား"

"အစစ်အမှန်ပဲ၊ မေးလိုက်တော့"

"ဟာ ... နင် ဘာလုပ်တာလဲ၊ နင် အဲဒီလောက် သောဘ ကြီးမနေနဲ့ဟော့နော် အရိပ်၊ နင့်ကို ငါ တော်တော်မှ နေပြီ"

အရိပ်က သူ့အပြောကို ခပ်ဟက်ဟက် ရယ်မော မိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... ခုတော့မမုန်းသေးနဲ့ဦး။ အဲဒီဆိုင်ကို ဝယ်ပေးသွားဦး။ ကဲ ... ကြာတယ်ဟာ၊ ငါ ဖုန်းချတော့မယ်၊ နင် ဖုန်းပြန်ဆက်၊ ချက်ချင်းနော်"

"ကျွတ် ... အရိပ်ရာ၊ နင် ဘာတွေ လျှောက်လုပ်ချင်နေတာလဲ၊ ဒီလုပ်ငန်းကို နင် ဘယ်လောက် နားလည်လို့လဲ"

"နင် ငါ့ကို တော်တော်အထင်သေးပါလား နောင်ရိုးရဲ့"

"အထင်သေးတာ မဟုတ်ဘူး၊ ဘယ်အလုပ်မဆို အောင်မြင်အောင် လုပ်နိုင်မယ်ဆိုတာ ငါ ယုံကြည်တယ်၊ ဒါပေမဲ့ နင့်ကို ဒီထက်ပိုပြီး မပင်ပန်းစေချင်တော့ဘူး အရိပ်။ နင် ငါ့စေတနာကို နားလည်စမ်းပါဟာ"

နောင်ရိုးရဲ့အသံက တိုးဖျော့စွာ ထွက်ပေါ်လာလျှင် သူ ကိုယ့်အတွက် တကယ်ပဲ စိတ်ပူနေသည် ဆိုတာကို နားလည်လိုက်ရသည်။ ဒီအတွက် အရိပ်သည် ရှင်းပြမှ ဖြစ်တော့မည့်ဆိုတာကို သိသောကြောင့် ...

"နင့်စေတနာကို ငါ နားလည်ပါတယ် နောင်ရိုးရယ်။ ဒါပေမဲ့ ဒီဆိုင်ကို ငါ့စိတ်ချမ်းသာမှုတစ်ခုအတွက် ဝယ်တယ်ဆိုရင်ရော၊ နင် ကန့်ကွက်ဦးမှာလား"

"နင့်စိတ်ချမ်းသာမှု"

နောင်ရိုးအသံက နားမလည်သလိုဖြင့် ဝေဝေဝါးဝါး ထွက်ပေါ်လာသည်။

"ဟုတ်တယ်၊ အဲဒီဆိုင်ကို ငါ ဝယ်လိုက်ရရင် စိတ်ချမ်းသာမယ်ထင်တယ်၊ ငယ်ငယ်တုန်းက အရုပ်လေးတစ်ရုပ်ကို



လိုချင်တောင့်တမိသလို အဲဒီဆိုင်ကိုလည်း အဲဒီလိုပဲ လိုချင်နေမိတယ်"

"ဟား ... နင့်ကိုတော့ လိုက်မမီတော့ဘူး အရိပ်ရာ"

"မမီရင်လည်း ရောက်တဲ့နေရာမှာပဲ ခြေစုံရပ်ထားတော့။ အဲဒီဆိုင်အတွက် မန်နေဂျာကောင်း တစ်ယောက်ပါရှာပေး။ မရှာပေးနိုင်ရင်လည်း နင်လုပ် ...

ဒါမှမဟုတ် ဝင့်ဖြာကိုပဲ ပိုင်ရှင်လုပ်ခိုင်းရမှာပဲ ...

အဓိက,က အဲဒီဆိုင်ကို အမြန်ဆုံးဝယ်ဖြစ်ဖို့ပဲ၊ ဖြစ်နိုင်ရင် မနက်ဖြန်တောင် ဝယ်ချင်တယ်ဟာ"

"ကျွတ် ... ရှုပ်ချင်တယ်ကွာ၊ အေး ... ဒါပဲ"

နောင်ရိုးက ဖုန်းပိတ်သွားလျှင် အရိပ်သည် ပြုံးစစဖြင့် ပခုံးတစ်ချက်တွန့်မိသည်။ ကျန်ရှိနေသေးသော အစားအသောက်များကို ဆက်စားရင်းမှ တစ်ခဏတွင်းမှာ ပြောင်းလဲသွားသည့် အခြေအနေတစ်ခုကို ကိုယ့်ဘာသာကိုယ် ပြန်သုံးသပ်မိသည်။ အရိပ်ဟာ ဒီဆိုင်လေးသို့ နေ့လယ်စာ လာစားရင်းမှ လူတစ်ယောက်ကို အမှတ်မထင် ဆုံတွေ့ပြီး သူ့ဘဝကို ကိုယ့်ဘဝနှင့် နှိုင်းယှဉ်ကိုယ်ချင်းစာကာ သူ့အတွက် ရည်ရွယ်စိတ်ကူးလျက် စားသောက်ဆိုင်တစ်ဆိုင်လုံးကို ဝယ်ယူဖို့ ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

သူ ဘယ်သူ ဘယ်ဝါဆိုတာလဲ မသိ၊ ဘယ်မှာနေတယ်ဆိုတာလဲ မသိ၊ ဘာဆို ဘာမှ မသိရဘဲ မိနစ်ပိုင်းလေးမျှသာ တွေ့ဆုံလိုက်ရသော လူတစ်ယောက်ကို ကိုယ်ဆီမှာ အလုပ်လာလုပ်ဖို့လည်း မသေချာ မရေရာပါဘဲနှင့် သိန်းထောင်ချီနီးပါး ရှိနေသည့် စားသောက်ဆိုင် တစ်ဆိုင်လုံးကို ဝယ်ပစ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပိုင်းနှင့် ဆုံးဖြတ်ချက်ချခဲ့သော အရိပ်ကို အကြောင်းသိသွားလျှင် ရူးသည်ဟု ယင်မည်။ ပြောကြပါစေ။ အရိပ် ကျေနပ်သည်။

တစ်ခါတစ်ရံတွင် အရိပ်သည် ကိုယ့်စိတ်ကို ကိုယ်တိုင်တောင် လိုက်မမီ နားမလည်ချေ။ စီးပွားရေးလောကမှာ Little Lady Tiger ဟု နာမည်ပြောင် ပေးထားခြင်း ခံရသည့်အထိ စွမ်းစွမ်းတမံ ငွေတွေရှာဖွေနေသော်လည်း ဘယ်သူ့အတွက်မှ မဟုတ်။ လိုချင်လွန်းလို့ ရှာနေတာ၊ သုံးဖို့ ဖြုန်းဖို့ ရှာဖွေနေတာ မဟုတ်ဘဲ ဂုဏ်သိက္ခာတစ်ခုအတွက် ရှာနေခြင်းဖြစ်လေရာ အရိပ်မှာ တော်င့်တခြင်းဆန္ဒဆိုတာ မရှိ။

အခုတော့ လျှပ်တစ်ပြက် ဖြစ်ပေါ်လာသည့် ဆန္ဒတစ်ခုက ဖြစ်တည်လာခဲ့ပြီ။ အဲဒီအတွက် အမြဲအေးစက်နေသော ဦးနှောက်သည် ပူနွေးလာသလို ခံစားရပါသည်။ အပြောင်းအလဲ အသစ်အဆန်းတစ်ခုကို ဖန်တီးရမည့်ကိစ္စသည် အရိပ်ရဲ့အာရုံတွေကို နိုးကြားတက်ကြွစေသည်။ အရိပ်သည် စားသောက်ပြီးကားနဲ့ ပြန်ထွက်လာစဉ်မှာပဲ နောင်ရိုးထံမှ ဖုန်းပြန်ဝင်လာသည်။

"အင်း ... ပြောလေ နောင်ရိုး"

"ဈေးက (...)တဲ့၊ ဒါ အတတ်နိုင်ဆုံး လျှော့ပေးထားတဲ့ ဈေးပဲ အရိပ်။ လက်ရှိ အောင်အောင်မြင်မြင်နဲ့ လည်ပတ်နေတဲ့ Restaurant တစ်ခုအနေနဲ့ အင်မတန်ဝယ်ပျော်တဲ့ ဈေးပါတဲ့၊ စုံစမ်းကြည့်ပြီးမှ ဝယ်ပါတဲ့ ...

ဝါကျွတ်ကာလတွေမှာ မင်္ဂလာခန်းမအဖြစ်ပါ ငှားရမ်းကြလို့ သီတင်းကျွတ်ကာလနဲ့တင် တစ်နှစ်စာ ထိုင်စားလို့ရတယ်တဲ့ ...



ကဲ ... ဘယ်လိုလဲ"

"မနက်ဖြန် ငွေချေကြတာပေါ့၊ ခရန်တစ်ဝက်ချမယ်လေ၊ လွှဲပြောင်းစရာရှိတဲ့ စာရွက်စာတမ်းတွေအားလုံး လွှဲပြောင်းပြီးရင် အပြီးချေမယ်"

"အရိပ် ... နင် တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား"

"နင် ငါ့အကြောင်းလည်း သိရဲ့သားနဲ့ နောင်ရိုးရယ်၊ ဪ ... တစ်ခုထပ်ပြီး ကူညီပါဦး၊ မနက်ဖြန်မှာ သတင်းစာတိုက် နှစ်တိုက်လုံးကိုသွားပြီး စားဖိုမှူးတစ်ယောက် အလိုရှိကြောင်း ကြော်ငြာထည့်ပေးပါ။ ငါက ရုပ်တော့လို့ မပြောမချင်း ဆက်တိုက်ထည့်ပေးပါ"

"ဟင်း ... မေးရင်လည်း မေးတဲ့သူ ရူးမှာပဲ။ ကဲ ... ဒါပဲလား၊ တခြား ဘာမြော်စရာ ကျန်သေးလဲ"

"ကျန်သေးတယ်၊ နင်က အရမ်းချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းကြီးပဲလို့"

အရိပ်သည် နောင်ရိုးတစ်ယောက် ဘာမှပြန်မပြောနိုင်ခင်မှာပဲ ဖုန်းကို အလျင်အမြန် ပိတ်ချလိုက်သည်။ ပြီးတော့ ကားမောင်းရင်းမှ ကြည်ကြည်နူးနူးဖြင့် သဘောတကျ ရယ်မိလေသည်။ အရိပ် ဒီလို မရယ်မိခဲ့သည်မှာ တော်တော်ကြာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို တကယ်ချစ်ပါတယ်ဆိုတဲ့
လူတစ်ယောက်ကို —
ရင်ထဲမှာ အချစ်စစ် တကယ်ရှိ,မရှိဆိုတာ
စမ်းသပ်နိုင်ဖို့ အခွင့်အရေး
လူတိုင်းမှာရှိတယ် —
ဒါမှ လက်တွေ့ကျတဲ့ အချစ်လို့ ဆိုနိုင်မယ်။

ရွှေအိုးပ်



## ၄

သူ့ရဲ့ရည်ရွယ်ချက်နှင့် အင်မတန်ဖြစ်ချင်သောဆန္ဒတို့ကို ဖွင့်ဟပြောပြရလျှင် အောင်မြင်သော စားဖိုမှူးတစ်ယောက်ဖြစ်လာရန်ဖြစ်သည်။ အဲဒီရည်ရွယ်ချက်ကို သိကြလေသော သူ့သူငယ်ချင်းတွေကတော့ ဘယ်သူကမှ အားပေးအားမြှောက်မပြုကြ။ "မင်းကွာ ... ရှာရှာကြံကြံ"ဟု မချင့်မရဲ ရေရွတ်ကြသည်သာ ဖြစ်သည်။ သူငယ်ချင်းတွေကတော့ ဆရာဝန်၊ စစ်ဗိုလ်၊ အင်ဂျင်နီယာ စသဖြင့် ရည်မှန်းချက် မြင့်မြင့်မားမား ထားကြသူတွေဖြစ်သည်။ စာတော်သော သူ့ကိုလည်း အဲဒီလိုပဲ လုပ်စေချင်သည်။

သို့သော် လူတစ်ယောက်၏ မွေးရာပါဗီဇနှင့် ဝါသနာကို မည်သူမှ တားဆီးပိတ်ပင်လို့ မရချေ။ ဟင်းချက်ပြုတ်ခြင်း၊ အစားအသောက်တို့ကို ပြုလုပ်ဖန်တီးသော ဝါသနာကို ဘယ်ကနေ ဘယ်လို ပါသွားလဲဆိုတာတော့ သူ့ကိုယ်သူ မသိချေ။ မှတ်မှတ်ရရ သူ ခုနစ်တန်း ရှစ်တန်းလောက်မှာ ထမင်းဟင်းတွေကို တော်တော်လေး ချက်ပြုတ်တတ်နေပြီ ဖြစ်သည်။ သူ့အဖေနဲ့အမေ

www.burmeseclassic.com

www.burmeseclassic.com



က အစိုးရရုံးဝန်ထမ်းတွေမို့ နယ်တကာလှည့်ပြောင်းနေရလေရာ သူ့ပညာရေးအတွက် သူကတော့ အဘွားဖြစ်သူနှင့် ရန်ကုန်မှာပဲ ကျန်ရစ်ခဲ့ရသည်။ အဘွားဟင်းချက်လျှင် သူက ဘေးကနေဝင်ကူပေးရင်းနှင့် တော်တော်လေး လုပ်တတ်ကိုင်တတ်ရှိလာသည်။

ကိုးတန်း၊ ဆယ်တန်း အရောက်မှာတော့ သူ့ရည်မှန်းချက် အားကျမှုတွေသည် သူတကာတွေနှင့် ခြားနားစွာ စားဖိုမှူးတစ်ယောက်ဖြစ်ဖို့ဆိုတော့ အားလုံးက ရယ်ကြသည်။ အင်္ဂလိပ်စာ Essay မှာ ကျွန်ုပ်၏ရည်မှန်းချက်ဆိုသော ခေါင်းစဉ်ကို နိုင်ငံကျော်စားဖိုမှူးတစ်ယောက်ဖြစ်ရန်ဟု ပြောင်မြောက်သော ဝါကျများဖြင့် ဖွဲ့စည်းရေးသားပြလိုက်သောအခါ အင်္ဂလိပ်စာ ဆရာမက သူ့ကို သီးသန့်ခေါ်တွေ့လျက် ...

"သုထက်ထူး ... မင်းရဲ့ရည်မှန်းချက်က ထူးချွန်တဲ့ စားဖိုမှူးကောင်းတစ်ယောက် ဖြစ်ဖို့ဆိုတာ တကယ်လား"

"တကယ်ပါ ဆရာမ"

"မင်းကလည်းဟယ်၊ ဆေးဒေါက်တာလောက်တော်နေတာ ဆရာဝန်တို့၊ အင်ဂျင်နီယာတို့တော့ လုပ်ဖို့စိတ်မကူးဘူး၊ ဆယ်တန်းအောင်ရင် ဘာလုပ်မှာလဲ"

"Chef ပါ ဆရာမ"

"ဟင်း ... ငါတော့ စိတ်ညစ်ပါတယ်၊ ချက်တာ ပြုတ်တာ ဝါသနာပါတာလည်း ပါတာပေါ့၊ အိမ်မှာပဲ ချက်စားပေါ့ ဟဲ့"

"ကျွန်တော်က Resturant တို့ Hotel တို့က Chef ဖြစ်ချင်တာပါ၊ Professional ဖြစ်ချင်တာပါ ဆရာမ"



"ဟဲ့ ... နင့်အရည်အချင်းနဲ့ဆို ဆရာဝန်တွေ ဘာတွေဖြစ်နိုင်တယ်လေ၊ အဲဒါတွေလုပ်ဖို့ ဘာလို့စိတ်မကူးတာလဲ"

"ဝါသနာမပါလို့ပါ ဆရာမ၊ လုံးဝကို စိတ်မဝင်စားတာပါ၊ ဟင်းချက်ရမယ် ဆိုရင်တော့ ကျွန်တော် အလိုလိုကို ပျော်နေမိတာပါ၊ ဒီတစ်ပတ် စနေနေ့ကျရင် ဆရာမကို ဘဲသားပေါင်း ကျွန်တော်ချက်ပြီး လာပို့ပါ့မယ် ...

ဆရာမ စွဲသွားမှာပါ"

"အေး ... ငါက ဘဲသားပေါင်းတော့ ကြိုက်ပါတယ်၊ မင်းကိုတော့ စားဖိုမှူး မဖြစ်စေချင်ပါဘူးဟယ်၊ မသကာ ရုပ်ရှင်မင်းသားတို့၊ မော်ဒယ်ဘွိုင်းတို့ လုပ်မယ်ဆိုရင်တောင် ကောင်းသေးတယ်၊ ခုတော့ ..."

ဆရာမက ရှုံ့ရှုံ့မဲ့မဲ့နှင့် ဆက်မပြောတော့ချေ။ သူကတော့ ယုံကြည်ချက် ခိုင်မာသူတို့၏ ထုံးစံအတိုင်း ကိုယ့်ရည်မှန်းချက်ကို မတိမ်းစောင်းစေခဲ့ပါ။ ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်သောအခါ သူက လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကာ ဆေး ပညာသိပ္ပံသို့ အမှတ်မီသော်လည်း မတက်ခဲ့။ အင်္ဂလိပ်စာ အထူးပြုဘာသာတွဲကိုပဲယူခဲ့ကာ မေဂျာသို့ Roll No 1 ဖြင့် ဝင်ခဲ့သည်။ တစ်ဖက်မှာလည်း သူ တက်ချင်သည့် စားသောက်ဖွယ်ရာ သင်တန်းတွေကို မျိုးစုံလျှောက်တက်ကာ ရီးရီးကျောင်းသားဘဝ ကတည်းက Little Chef အဖြစ် သူကား နာမည်ကျော်နေပြီဖြစ်သည်။

ကျောင်းမှာပြုလုပ်သော ပျော်ပွဲရွှင်ပွဲတွေ၊ ညစာပွဲတွေမှာ သူ မပါလျှင်မပြီး၊ ဆရာမတွေက ချက်ရေးပြုတ်ရေးဆိုလျှင် သူ့ကိုသာ ပြေးမြင်ကြသည်။ ဒီလိုနှင့် ကျောင်းပြီးသွားလျှင်

www.burmeseclassic.com

www.burmeseclassic.com



တော့ သူသည် ဂုဏ်ထူးတန်း၀င်တာတောင် ဆက်မတက်ဖြစ်တော့ချေ။ ကျောင်းပြီးသွားတော့ ဗန်ကောက်မှာ စားဖိုမှူးသင်တန်းတစ်ခု ထပ်၍သွားတက်သေးသည်။ အဲဒီလို သွားတက်နေချိန်မှာပဲ သူ့အမေက ဦးနှောက်သွေးကြောပြတ်၍ ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ သူ ပြန်ရောက်ချိန်မှာ သူ့အဖေကလည်း ပင်စင်ယူပြီးပြီဖြစ်၍ သူ့ကို လွှဲစရာရှိတာလွှဲကာ သာသနာ့ဘောင်သို့ အပြီးဝင်ရောက်သွားသည်။ မောင်နှမသားချင်းလည်း မရှိသော သူ့ဘဝမှာ တခြားတွယ်တာစရာလည်း မရှိသဖြင့် ဒီချက်ခြင်းပြုတ်ခြင်းပညာကသာ သူ့ဘဝ ဖြစ်တော့သည်။

ဒီပညာရပ်ကို အရူးအမူး တွယ်တာလွန်းသဖြင့် ကြိုးစားအားထုတ် သင်ယူခဲ့သလို ကိုယ့်အရည်အချင်းကို မက်မောသူတွေရှိမှာပဲဟု မျှော်လင့်ထားခဲ့သော်လည်း ထင်သလို မဟုတ်ခဲ့ချေ။ နာမည်ကြီး Restaurant မှာက ဝင်တိုးလို့ကိုမရ။ နာမည်ကြီး Restaurant တွေမပြောနဲ့ အတော်အသင့်လောက် နာမည်ရှိသော ဆိုင်တွေမှာတောင် သူ့အတွက် နေရာမရှိချေ။ လူတွေကလည်း သူ့ပုံစံနှင့် အသက်အရွယ်ကို သုံးစားမရလောက်ဘူးဟု ထင်ကာ ဘယ်သူကမှ အထင်တကြီး မခန့်ချင်ကြ။ အဲဒီအချက်က တော်တော့်ကိုပဲ ဆိုးပါသည်။

လူတစ်ယောက်ရဲ့ အရည်အချင်းကို လက်တွေ့ကျကျ မသုံးသပ်၊ မဆုံးဖြတ်ဘဲ အထင်နှင့် ရမ်းသမ်းဆုံးဖြတ်ချက်ချခြင်းဟာ ကာယကံရှင်အတွက် ဘယ်လောက်တောင် နစ်နာသလဲဆိုတာ သူတို့ မသိကြချေ။ ဒီနေ့သွားခဲ့သော ယိုးဒယားစားသောက်ဆိုင်လည်း အဲဒီလိုပဲ ဖြစ်သည်။ စားသောက်ဆိုင်



လေးမို့ သူ့အတွက် အခွင့်အရေးလေးများ ရလေမလားဟုထင်၍ သူ့မှာ တောင်ဥက္ကလာကနေတောင် စွန့်စွန့်စားစား ကားငှားလာခဲ့ရတာ၊ စရိတ်တောင် မကျေချေ။ သူ့အဖေ၏ တစ်ခုတည်းသော အမွေ ဖောက်စ်ဝက်ဂွန်ကားလေးမှာလည်း ကျန်းမာရေးမကောင်းသဖြင့် ဝပ်ရှော့ကကို ပြန်မဆင်းနိုင်သေး။

သတင်းစာထဲမှာ ကြော်ငြာပါလာသဖြင့် သူ့မှာ မျှော်လင့်ချက်ကြီးကြီးဖြင့် သွားရောက်ခဲ့သော်လည်း စားပွဲထိုးနဲ့ဘင် လှည့်ပြန်ခဲ့ရသည့် အဖြစ်ကို ရင်နာမဆုံးတော့ချေ။ ယိုးဒယားအစားအစာကို Major အနေဖြင့် သင်မထားခဲ့သော်လည်း သူပညာသွားသင်ခဲ့တာက ဗန်ကောက်မှာမို့ သူက အလကားမနေဘဲ သူငယ်ချင်းဖြစ်သူထံမှ ပြန်သင်ထားခဲ့သဖြင့် အတော်အသင့်တော့ တတ်ကျွမ်းသည်ဟု ပြောရမည်။ သို့သော် ဆိုင်ရှင်သူဌေးက သူ့ကို အတွေ့တောင်မခံပေ။

ကြာလာသောအခါ သူ တကယ်ပဲ စိတ်ဓာတ်ကျချင်လာလေသည်။ မိဘတွေကလည်းမရှိ၊ တစ်ယောက်တည်းရပ်တည်နေရသော ဘဝမှာ ဖြစ်ချင်သည့်ဆန္ဒတွေကို အကောင်အထည်ဖော်ခွင့် မရတာလောက် စိတ်ညစ်ရတာ မရှိတော့ပြီ။ မီးဖိုဆောင်ထဲမှာ ရှင်းသန့်သည့် ဝတ်စုံဖြူကို ဝတ်ဆင်လျက်ချက်ပြုတ်ကြော်လှော်နေသည့် သူ့ပုံစံသူ ပြန်မြင်ယောင်ကာစိတ်ကူးယဉ်ခဲ့ရဖူးသည့် အကြိမ်ပေါင်းလည်း မနည်းတော့ချေ။ အဲဒီဘဝတော့ ရောက်ဖို့လမ်းတော့ သိပ်မမြင်တော့ပါ။ အသက်ကြီးမှ စားဖိုမှူးရာထူး ကောင်းကောင်းရမည်ဆိုလျှင်လည်း အသက်ကြီးအောင် ဘတ်ကုဘ်ထိုင်စောင့်ဖို့သာ ရှိတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်လက်ပျက် ရှိသောကြောင့် သူ့မှာ ထမင်းတောင် ချက်စားဖို့ စိတ်ကူးမရှိတော့ဘဲ ခေါက်ဆွဲတစ်ထုပ်သာ ပြုတ်သောက်နေမိတော့သည်။

အဲဒီအချိန်မှာပဲ သူ့ရဲ့အိမ်နီးနားချင်း သူငယ်ချင်းဖြစ်သူ နောင်ဝင်းက ရောက်ရှိလို့လာကာ ...

"ဟာ ... Chief Cook ကြီး ဘယ့်နှယ်ကြောင့် ခေါက်ဆွဲတွေ ပြုတ်သောက်နေရတာတုန်း"

သူက ခေါက်ဆွဲဖတ်တွေကို တူနှင့် ပါးစပ်ထဲ ထိုးသွင်းရင်းမှ နောင်ဝင်းကို လှည့်တောင်မကြည့်ဖြစ်ဘဲ ...

"ခေါက်ဆွဲပဲ သောက်တော့မယ်ဟေ့၊ ကြာရင် ထမင်းတောင် မစားနိုင်တဲ့ဘဝ ရောက်တော့မှာ"

"ဟား ... အဲဒီလောက်တောင် အခြေအနေ ဆိုးနေပြီလား၊ မင်းကလည်းကွာ စိတ်ဓာတ်မကျစမ်းပါနဲ့၊ အင်း ... မင်း ဒီလို ခေါက်ဆွဲကို စားပွဲခုံပုလေးနဲ့ ထိုင်စားနေတဲ့ပုံလေးက သေချာကြည့်တော့လည်း ကိုရီးယားမင်းသားလေးနဲ့ နှင်လား ငါလားပါပဲ"

"နှင်ကနှင် ငါကငါလေ။ ဟေ့ကောင် ... တော်စမ်းပါကွာ၊ ဒီမှာ စိတ်ဓာတ်ကျနေရတဲ့အထဲ လာနောက်မနေစမ်းပါနဲ့၊ မင်းစကားတွေကို ခံစားမပေးနိုင်သေးဘူး ...

ကြာတယ်ကွာ၊ ကိုယ့်ဘာသာကိုယ်ပဲ လမ်းထိပ်မှာ ဒန်အိုးသုံးလုံးချပြီး ထမင်းဟင်း ချက်ရောင်းတာမှ ကောင်းလိမ့်မယ်နဲ့တူတယ်၊ စိတ်ကုန်တယ် ... တကယ်"



တူနှစ်ချောင်းကို ပစ်ချရင်း စိတ်ပျက်လက်ပျက်ဖြင့် ခြေဆင်းယိုင်ကာ ပြောလိုက်သော သူ့အပြောကို နောင်ဝင်းက မညာမတာဖြင့် တဟားဟား အော်ရယ်လေသည်။

"မင်းကလည်းကွာ၊ ရူမလျှော့စမ်းပါနဲ့။ တစ်နေ့နေ့တော့ မင်းဆန္ဒတွေ ဖြစ်လာမှာပေါ့၊ ကြိုးစားနေရမယ့်အလုပ်က ကိုယ့်အလုပ်ပဲလေကွာ ...

ဒါမှမဟုတ်လည်း ကိုယ်ပိုင်ဆိုင်တစ်ဆိုင် ဖွင့်လိုက်ကွာ"

"ဪ ... ဖွင့်နိုင်ရင် ဒီလိုတောင် အပင်ပန်းခံမနေဘူး၊ ငါ့မှာ တစ်နေ့ တစ်နေ့ အလုပ်မရတာထက် မချက်ရမပြုတ်ရတာကိုပဲ စိတ္တဇဖြစ်နေတာကွ၊ ဟင်းတွေကို တစ်မျိုးပြီးတစ်မျိုး လက်စွမ်းပြပြီး ချက်ချင်တာကွာ၊ နောက်ဆုံး စိတ်ကူးမိတာများ Hotel ကြီးတွေမှာ လစာမပေးချင်ရင်လည်းနေတော့၊ အလကားကို ချက်ပေးချင်တာ၊ အဲလောက်ထိ"

"ဟင်း ... မင်းကို ငါကိုယ်ချင်းစာပါတယ်ကွာ၊ မင်းလည်း မင်းရူးသွပ်မှုနဲ့မင်းဆိုတော့။ မင်းအနေနဲ့ Restaurant တွေမှာ မတိုးဘဲ ရိုးရိုးမြန်မာထမင်းဆိုင်တို့ ဘာတို့ဆိုရင်ရော ဝင်လုပ်မစဉ်းစားချင်ဘူးလား"

"ဟေ့ကောင် ... ငါ ရထားတဲ့လက်မှတ်ကိုလည်း အားနာရဦးမယ်လေကွာ၊ မြန်မာအစားအစာကိုလည်း ငါဖြစ်ပါတယ်၊ ဒါပေမဲ့ ငါက တခြားအစားအစာကို ပိုအားသန်တယ်ကွ။ ငါ ယူထားတဲ့ Major ကလည်း အဲဒါဖြစ်နေတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဟင်း … ပါးစပ်ကသာ ပြောနေတာပါကွား စိတ်ကတော့ ခွဲမလွှော့သေးပါဘူး"

"မင်း တခြားအလုပ် လုပ်ဖို့လည်း စိတ်မဝင်စားဖူးပေါ့"

"ဟေ့ကောင် … သိရဲ့သားနဲ့ အပိုတွေ မေးမနေစမ်းနဲ့နေဦး … မင်းလာတာ ငါ့ကားနဲ့လာတာလား၊ ဘယ်လိုလဲ၊ Ok သွားပြီလား"

"အေး … ခုတော့ မကောင်းဖြစ်နေတာပဲ။ ဒီမြို့ထဲတစ်ပိုက်ကတော့ အိုကေပါတယ်၊ မင်း စမ်းမောင်းကြည့်ဦးမလား"

"အပြန်ကျ မင်းကို လိုက်ပို့ရမှာ မဟုတ်လား။ အဲဒီကျမှ မောင်းမယ်ကွာ၊ တော်ပြီ … ဆိုကုန်တယ်"

သူ့အပြောကို နောင်ဝင်းက နှုတ်ခမ်းတစ်ချက်မဲ့ကာ ဘာမှပြန်မပြောတော့ချေ။ အဲဒီအချိန်မှာပဲ သတင်းစာပို့သမားက ကလင် ကလင် ဘဲလ်သံပေးကာ သတင်းစာခေါက်ကို ပစ်ပေးသွားသဖြင့် နောင်ဝင်းက ခြံထဲသို့ဆင်းကာ သွားယူရင်း အိမ်ပေါ်သို့ ပြန်တက်လာသည်။

"ကားပြင်ပြီးသွားလို့ လာပို့ရင်း စားဖို့မှူးအိမ်မှာ ထမင်းဟင်းကောင်းလေးများ စားရမလား မှတ်ပါတယ်၊ သူတောင် ခေါက်ဆွဲပြုတ်နဲ့ နစ်ပါးသွားနေရတယ်၊ တော်ပြီကွာ … ပြန်မယ်"

"နေပါဦးကွာ၊ မင်း ဗိုက်ဆာရင် ငါ ကြာဆံကြော် ကြော်ကျွေးပါ့မယ်၊ ခဏလေးစောင့်၊ ဖြစ်တယ်မဟုတ်လား"

"အင်း … ဒါဆိုရင်တော့ စောင့်ရမှာပေါ့၊ မင်းဖြစ်သလိုကြော်တဲ့ ကြာဆံကြော်ကကို တော်တော်စားကောင်းတယ် …



ဟင်း … ဖြစ်စေချင်ပါတယ်ကွာ၊ ငါ့သူငယ်ချင်းကြီးကို၊ တစ်နေ့ မင်းရဲ့ထူးချွန်မှုတွေကို အသိအမှတ်ပြုတဲ့ Restaurant တွေ ရှိလာမှာပါ …

ကဲ … ကဲ … သွား ကြော် သူငယ်ချင်း၊ ငါသတင်းစာဖတ်ရင်း စောင့်နေမယ်"

သူက နောင်ဝင်းကို ယောက်ျားတန်မဲ့ မျက်စောင်းကဲကြည့်ရင်းမှ ကြာဆံကြော် ကြော်ဖို့အတွက် နောက်ဖေးသို့ သွက်လာခဲ့သည်။ ကြာဆံတွေကို ရေစိမ်ထားကာ ဟင်းသီးဟင်းရွက် အနည်းငယ်ကို လှီးချွတ်နေတုန်းမှာပဲ နောင်ဝင်းက သတင်းစာရွက်ကြီးကို ဖြန့်ကိုင်ကာ နောက်ဖေးသို့ အလူးအလဲဖြင့် ရောက်လာပြီးနောက် …

"ဟေ့ကောင် … ဒီမှာ ကြည့်စမ်း၊ ငါ့ကို ကြာဆံကြော် ကြော်ကျွေးချင်တဲ့ မင်းရဲ့စေတနာက ချက်ချင်းအကျိုးပေးပြီတဲ့ကွ"

သူက အိုးခွက်တွေ သိမ်းလုပ်တတ်သော နောင်ဝင်းရဲ့အကြောင်းကို နောကျေထားဖြင့် ခါကြက်ဥတွေ လှီးနေရာမှ လှည့်တောင်မကြည့်ဘဲ …

"ဘာတဲ့လဲ၊ Five Star ဟိုတယ်ကြီးက Chief Cook ရာထူးကို ငါ့နာမည်နဲ့ By name ကပ်ခေါ်လို့လား"

"ဟေ့ကောင် မနောက်နဲ့ကွာ၊ ဒီမှာ ဘာတယ်ပြောနေတာ၊ နေ … နေ … မင်း လုပ်စရာရှိတာလုပ် ငါ ဖတ်ပြမယ်၊ စားဖိုမှူးတစ်ယောက် အလိုရှိသည်တဲ့။ ဆန်းသစ်ဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်း ရှိရမည်တဲ့။ အသက်အကန့်အသတ် မရှိတဲ့။ ဆိုင်က ပန်းမြတ်တော်ဝင် ဆိုပဲ။ ဘယ်လိုလဲ ဟော့ကောင်"

သူက လီးလက်စက္ကူဗီများကို ချထားကာ နောင်ဝင်း လက်ထဲမှ သတင်းစာကို စေ့စေ့စပ်စပ် ယူဖတ်ကြည့်လိုက်သည်။ ရေးထားသော အချက်တွေကတော့ ကျနေသည့် သူ့စိတ်ဓာတ်တွေကို တော်တော်တက်လာအောင် စွမ်းဆောင်စေပါသည်။ သူ့ရင်ထဲတွင် မျှော်လင့်ခြင်း မီးတောက်လေးက လှုန့်လှုန့်လေး တောက်ပလာပြန်သည်။

"ပန်းမြတ်တော်ဝင်က နာမည်ကြီး ဆိုင်ပဲကွ။ ဒင်းဆမ်း တော်တော်ကောင်းတယ်လို့ ကြားဖူးတယ်၊ ဘယ်လိုလဲ၊ မင်း သွားလျှောက်မှာလား"

"မေးနေစရာ လိုသေးလားကွာ၊ ခုကိုပဲ သွားမယ်၊ လာခဲ့ ဟော့ကောင်"

သူက နောင်ဝင်းရဲ့အင်္ကျီကုပ်ကနေ၍ ဆွဲခေါ်လိုက်လျှင် အဲဒီကောင်က ယက်ကန် ယက်ကန်ဖြင့် ပါလာသည်။

"ဟော့ကောင် ... ကြာ ... ကြာ ... ကြာဆံကြော်ကျွေး မယ်ဆို ... ဟော့ကောင်"

"ငါ အလုပ်ရရင် မင်းကို စပါယ်ရှယ်ကျွေးမယ်ကွာ၊ လာ စမ်းပါ"

"အား ... ငါ ခုလောလောဆယ် ထမင်းတောင်မစားေ သေးဘူး"

"လာပါကွာ၊ ကားစမ်းရင်းနဲ့ သွားရအောင်ပါ"



သူသည် တက်ကြွစွာနှင့်ပင် သူ့ရဲ့သင်တန်းဆင်း လက်မှတ်ပေါင်းစုံကိုယူကာ နောင်ဝင်းကိုပါ ခေါ်ဆွဲလျက် သူ့ရဲ့ မောက်စ်ဝက်ဘုန်း ဖွတ်ရုတ် မှုတ်စုတ်ကားလေးကို မောင်းကာ မျှော်လင့်ချက်များကို သယ်ပိုးသိမ်းဆည်းလျက် ပန်းမြတ်တော်ဝင် ဆိုင်သို့ ဦးတက်ခဲ့လေသည်။ ဘယ်လိုစိတ်စွမ်းအားတွေက လှုံ့ဆော်နေသလဲတော့ မပြောတတ်ချေ။

သူ့စိတ်ထဲတွင် ဒီတစ်ခါတော့ အဆင်ပြေလိမ့်မည်ဟု ယုံကြည်နေမိသည်မှာ ထူးတော့ ထူးဆန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅

"ငါ မဖြစ်ဘူး ထင်ပါတယ် အရိုပ်ရေ။ အဲဒီလို မာန်နဲ့ ဟန်နဲ့ ဟန်ဆောင်ပန်ဆောင်ကြီးတွေ ငါ မလုပ်တတ်ပါဘူး ...

တော်ပြီဟာ ... နင်ပဲ လုပ်တော့"

အရိုပ်သည် ပြောလည်းပြော၊ ထိုင်ခုံမှလည်း ထပြေးတော့မည့် ဝင့်ဖြာကို လက်မောင်းမှဆွဲချကာ ပြန်ထိုင်ခိုင်းရသည်။

"ကျွတ် ... ကြာခြေရရ နေစမ်းပါဟာ။ တို့ကို ဘယ်သူမှ ဘာမှသိတာ မဟုတ်ဘူး၊ ငါ့အနေနဲ့လည်း ဒီဆိုင်ဟာ ငါ့ဆိုင်ပါလို့ အသိခံမှာ မဟုတ်ဘူး ...

ပိုင်ရှင်က နင့်အနေနဲ့ပဲ သွားမှာ။ နင်က ရောက်လာတဲ့ စားဖိုမှူးတွေကို ဟိုမေး ဒီမေး လုပ်ပြီး ပြန်လွှတ်ရုံပဲ ...

အဲဒီထဲက ရွေးမယ့်သူက ဟာကယ်တမ်း ရှိပြီးသား"

"ဟာ ... ဒါဖြင့်ရင်လည်း တစ်ခါတည်း ကြော်ငြာလိုက်ပေါ့ဟာ၊ တခြားသူတွေ သက်သက်ဒုက္ခရောက်အောင်"



"ဩော် ... အဲဒီလိုလုပ်လို့ မရလို့ပါဟယ်၊ ကဲ ... စဖို့ပြင်တော့။ အချိန်ရောက်နေပြီ၊ ခုချိန်ကစပြီး နင်ဟာ ဒီဆိုင်ရဲ့ ပိုင်ရှင်သူဌေး၊ ဟုတ်ပြီနော် ...

ဒါကို မြဲမြဲမှတ်ထားပေတော့"

အရိုပ်က ဝင့်ဖြာရဲ့ပခုံးကို သုံးလေးချက်ပုတ်ကာ ပြုံးစစပြောရင်း ထွက်လာခဲ့သည်။ ခေါင်းကုတ်ကျန်ရစ်ခဲ့သည့် ဝင့်ဖြာတစ်ယောက် ဘယ်လိုဆက်လှုပ်ရှားမလဲဆိုတာ မသိချင်တော့ချေ။

အရိုပ်ရဲ့လက်ထဲတွင် ပြီးခဲ့တဲ့တစ်ပတ်က လမ်းမှားစားသောက်ဆိုင်လေးမှာ အမှတ်မထင် ဆုံတွေ့ခဲ့သော CV Form တစ်ခု ပါလာခဲ့ပြီဖြစ်သည်။ အရိုပ်သည် ပြင်ပမှ လှုပ်ရှားမှုများကို ရိုက်ကူးထားမည့် တီဗီရှိသော အခန်းထဲတွင် ဝင်ထိုင်လိုက်ရင်း ဆုံလည်ခုံကို လှည့်ပတ်ဆော့ကစားရင်းမှ သူ့ရဲ့ CV Form ကို ဖွင့်ဖတ်လိုက်သည်။

လျှောက်လွှာ၏ ထောင့်စွန်းမှာ ကပ်ထားသော သူ့ဓာတ်ပုံသည် အနောက်တိုင်းဝတ်စုံနှင့်ဖြစ်ကာ တည်ကြည်ခန့်ညားသော ရုပ်သွင်ကို ဆောင်ပါသည်။ ဆံပင်တွေက ခေတ်ပေါ်အတိုင်း ခပ်ထောင်ထောင်ဖြစ်ကာ သူ့ကို လူငယ်ဆန်လျက်နုပျိုစေသည်။ အင်း ... သူဟာ စားဖိုမှူးတစ်ယောက်ဖြစ်ဖို့ထက် မော်ဒယ်ဘွိုင်းတစ်ယောက်လုပ်ဖို့ ပိုသင့်တော်တယ်။ အရိုပ်သည် ဆုံလည်ခုံမှာ သက်သောင့်သက်သာ မှီထိုင်လျက် သူ့ကိုယ်ရေးရာဇဝင်ကို အေးအေးဆေးဆေး ဖတ်ရှုမိသည်။ သူ့အသည်က သုထက်ထူးတဲ့။ ဘွဲ့ကတော့ အင်္ဂလိပ်စာဘွဲ့ဖြစ်ကာ စားဖိုမှူးသင်

www.burmeseclassic.com

www.burmeseclassic.com



တန်းကို ဗန်ကောက်မှာ သွားဘက်ထားသည်ဆိုတော့ အရည်အချင်းအားဖြင့်တော့ မဆိုးလှဟု သတ်မှတ်ရမည်ဖြစ်သည်။

အရိပ်သည် စားဖိုမှူးနှင့် ပတ်သက်သည့် သူ ရေးထားသော တခြားအကြောင်းအရာတွေကိုတော့ သာမန်ကာလျှံကာပင် ဖတ်ရှုကာ လျှောက်လွှာစာရွက်ကို စားပွဲပေါ်တင်ထားလိုက်သည်။ အင်း ... နောက်ဆုံးတော့လည်း ထင်တဲ့အတိုင်း သူဟာ ဒီအလုပ်ကို လာလျှောက်တော့တာပဲဖြစ်သည်။ အရိပ်သည် ဘာကြောင့် သူ့ဆန္ဒကို ဒီလောက်ထိ ဖြည့်ဆည်းပေးမိသွားလဲ ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် မသိပါ။ သူ့ကို မြင်မြင်ချင်းကြိုက်သွားလို့ အရူးထပြီး ဒီလိုလုပ်ခဲ့တာတော့လည်း မဟုတ်။ အလုပ်ကို မျှော်လင့်ချက်ကြီးစွာဖြင့် လာလျှောက်ခဲ့တဲ့သူ့ကို တွေ့ခွင့်တောင်မပေးဘဲ ပြန်လွှတ်ခံလိုက်ရသည့်အဖြစ်ကို ရင်ထဲမှာ ကရုဏာသက်သွားတာကတော့ သေချာသည်။ ကိုယ်ဘာဝသော လူတစ်ယောက်ရဲ့ ကံကြမ္မာကို ပြောင်းလဲဖြည့်ဆည်းပေးနိုင်တဲ့ အနေအထားမှာ ရှိခဲ့တာကိုတော့ တိတ်တဆိတ် ဂုဏ်ယူကျေနပ်ရပေမည်။

အရိပ်သည် အင်တာဗျူးဖြေမည့် လူတွေ၏ပုံရိပ်ကို ကြည့်ရှုဖို့ရာအတွက် တီဗီကို လိုင်းဖမ်းလိုက်သည်။ အခန်းကျယ်တစ်ခုထဲက စားပွဲတစ်ခုနောက်တွင် ဝင့်ဖြာက ထိုင်နေကာ ထိပ်ပြောင်ပြောင်နဲ့ လူတစ်ယောက်က အခန်းတွင်းသို့ ဝင်ရောက်လာသည်။ အရိပ်သည် ဝင့်ဖြာရဲ့ စိတ်အိုက်သောပုံစံကိုကြည့်ကာ တစ်ယောက်တည်း ပြုံးစိစိဖြစ်လျက် အသာခေါင်းယမ်းမိသည်။ ဒီလိုနှင့် လူတွေ တစ်ယောက်ပြီး တစ်ယောက် ပြီးသွားသည်။ နောက်ဆုံးတော့ သူ့အလှည့်ကို ရောက်လို့လာလေသည်။



အရိပ်သည် သူနှင့် ဝင့်ဖြာတို့ တွေ့ဆုံပုံကို မျက်တောင်မခတ်ဘဲ စူးစိုက်စွာ ကြည့်နေမိသည်။ ဆံပင်ရှည်ကြီးတွေ ကဗျေးသားဖြင့် မယ်တစ်ယောက် လှပပုံမျိုးနှင့်တူသော ဝင့်ဖြာကို သူ မြင်လျှင် ဘယ်လိုသဘောထားမှာပါလိမ့်။ ဝင့်ဖြာသည် ယောကျ်ားလေး တော်တော်များများ ကြိုက်လေ့ရှိသော မျက်နှာပေါက်နှင့် ကိုယ်လုံးကိုယ်ပေါက်ကို ပိုင်ဆိုင်ထားသောသူ ဖြစ်သည်။ အရိပ်က သူ့ကို ပိုမိုစူးစိုက် အကဲခတ်မိသည်။ သူသည် အင်တာဗျူး လာဖြေသော်လည်း သိပ်တောက်တောက်ပပပုံစံမျိုးကြီးဝတ်စားမလာပါ။ သူ့ပုံစံအတိုင်း ပေါ့ပေါ့ပါးပါးပင်။

အပြာရောင်ဖျော့ဖျော့ ရှပ်အင်္ကျီတစ်ထည်ကို အနက်ရောင် စကိုင်လ်ပန်ဖြင့် တော်သင့်ရုံ တွဲဖက်ဝတ်စားလာတာတောင်မှ သူ့ပုံစံက ရှင်းသန့်ခန့်ညားနေသေးသည်။ သူ့ဆံပင်ပုံစံတွေကတော့ ဓာတ်ပုံထဲကအတိုင်း ဂျယ်လ်ဖြင့် စိုရွှဲကာ ခပ်လက်လက် ခပ်ထောင်ထောင်ဖြစ်သည်။ သူက ဝင့်ဖြာကို အလုပ်ရှင်ဟူသော ရိုသေမှုပါဝင်သည့် မျက်လုံးတွေဖြင့် ရိုးသားစွာပဲကြည့်ကာ ခေါင်းညိတ်နှုတ်ဆက်ပါသည်။

"ထိုင်ပါရှင်"

ဟင် ... မိဝင့်ဖြာတို့ကတော့ ...။ သေချာသင်ထားပေးခဲ့ရဲ့သားနဲ့ကို လွဲပြန်ပြီ။ ပုံစံက ဆိုင်ရှင်ဟူသော မာန်ရယ်လို့မရှိ။ ကုမ္ပဏီမှာ ချိုသာယဉ်ကျေးစွာ ဆက်ဆံရသူတို့၏ ထုံးစံအတိုင်း လူက နူးညံ့ပျော့ပျောင်းနေသည်။ ဒီပုံစံနဲ့ Restaurant ကို အုပ်ချုပ်လို့ကတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သည် အလိုမကျဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်ကာ မေးထောက်လျက် သူ့ပုံစံကို အကဲခတ်မိသည်။ သူကတော့ ပုံမှန်အနေအထားနဲ့ပဲ ခုံမှာဝင်ထိုင်ပါသည်။ သူ့မျက်လုံးတွေသည် မှျော်လင့်ချက်ဖြင့် တောက်ပနေတာကလွဲလို့ သူ့ပုံစံသည် စိတ်လှုပ်ရှားတာမျိုး သိပ်ရှိမနေဘဲ တည်တည်ငြိမ်ငြိမ်ပဲ ဖြစ်သည်။ ဝင့်ဖြာရဲ့ အလှအပမှာလည်း မျောသွားတာမျိုးမရှိ။ အင်း ... ဒီလူကို ဒီနေရာမှာတော့ အမှတ်တစ်မှတ် ပေးမိသည်။

"ဦးသုထက်ထူးနော်"

ဝင့်ဖြာရဲ့အသံက လည်ချောင်းထဲမှ ညှစ်ထုတ်လိုက်သလို ခြောက်ကပ်ကပ် သွေ့ရှရှ ထွက်ပေါ်လို့လာသည်။ သူက ခေါင်းကို တစ်ချက်ညိတ်ကာ ...

"ဟုတ်ကဲ့ ... ကျွန်တော် သုထက်ထူးပါ"

"အင်း ... CV Form မှာ ရေးထားလို့ သင်တန်းဆင်းလက်မှတ်တွေအကြောင်းတော့ သိပြီးပါပြီ။ အဓိက မေးချင်တာက စားဖိုမှူးအလုပ်ကို ဘာ့ကြောင့် professional အဖြစ် ရွေးချယ်ခဲ့သလဲ ဆိုတာကို သိချင်တာပါ"

"ကျွန်တော်က အဲဒီအလုပ်ကို အရမ်းဝါသနာကြီးပါတယ်၊ ဘယ်လောက်ထိ ဝါသနာကြီးလဲဆိုရင် ကျွန်တော် ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးလေးဘာသာနဲ့ ဆေးကျောင်းကို မီပါတယ်၊ အဲဒါကို မတက်ဘဲ ရိုးရိုးမေဂျာပဲတက်ပြီး တစ်ဖက်က ဒီပညာကို ဆည်းပူးခဲ့တာပါ ...

ဒီအလုပ်ကို professional အဖြစ် ရွေးချယ်ခဲ့တာ ဝါသနာကြီးလွန်းလို့ပါ"



"ဪ ... ဪ"

ဝင့်ဖြာက ခေါင်းတစ်ချက်ညိတ်သလို အရိပ်သည်လည်း နှုတ်ခမ်းတွေက ယောင်ယောင်မှု ပြုံးသွားကာ ရှေ့ဆက်ဖြေမည့် သူ့အဖြေတွေကို စိတ်ဝင်စားသွားသည်။

"ရှေ့မှာရော ဘယ်ဆိုင်တွေ ဘယ် Hotel တွေမှာ လုပ်ခဲ့ဖူးလဲ"

သူက ဒီမေးခွန်းကိုတော့ ရှက်သလို တစ်ချက်ရယ်ကာ ...

"ကျွန်တော် ဘယ်မှာမှ မလုပ်ခဲ့ဖူးသေးပါဘူး"

"ဪ ... တမင်မလုပ်ဘဲ အခုမှလုပ်ဖို့ စိတ်ကူးရတာလား၊ ဒါမှမဟုတ် အလုပ်မရတာလား"

"မရတာပါခင်ဗျ ... မရတာပါ။ ကျွန်တော်ဗန်ကောက်က ပြန်ရောက်လာတာ ရှစ်လလောက်ရှိပါပြီ။ ရှစ်လလုံးလုံး အလုပ်လိုက်ရှာနေတာပါပဲ ...

ခုထိ မရသေးဘူးပေါ့ဗျာ"

ဝင့်ဖြာက ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ဒီလူ ဘယ်ဆိုးလို့လဲ။ အရိပ်သည် တစ်ဖိမှတစ်ဆင့် သူပြောတာတွေကို နားထောင်ကာ နောက်ထပ်တစ်မှတ် ထပ်ပေးမိပြန်သည်။ တကယ်ဆို ဒီလူတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်တင်ပြီး အခုမှအလုပ်ရှာတာပါ ဆိုတော့လည်း ဘယ်သူက ဘာပြောမှာမို့လို့လဲ၊ ဘယ်သူမှလဲ သိမှာမဟုတ်ဘူးလို့ ညာလို့ရတာပဲဖြစ်သည်။

သို့သော် ... သူက မညာပါ။ သူ အလုပ်ရှာပြီး မရသေးတဲ့အကြောင်းကို ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်းပဲ ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။ တကယ်ဆို သူ အလုပ်ရှာပြီး မရသေးတာကို အရိပ်ကိုယ်တိုင်လည်း သိသည်။ သိသောကြောင့် သူ့စိတ်ကို တမင်စမ်းသပ်ကာ မေးခြင်းဖြစ်ပါသည်။ လူတစ်ယောက်ရဲ့အတွင်းစိတ်ကို နည်းအမျိုးမျိုးဖြင့် လှည့်ပတ် စမ်းသပ်ရတာလောက် ဝါသနာပါသောအလုပ် မရှိချေ။

"အကယ်၍ ဒီဆိုင်မှာ ရှင့်ကို Chef အဖြစ် ခန့်လိုက်မယ်ဆိုရင် ဘယ်လိုအစွမ်းတွေ ပြမယ်လို့ စိတ်ကူးထားသလဲ"

ဝင့်ဖြာရဲ့မေးခွန်းကို သူက ချက်ချင်းမဖြေနိုင်သေးဘဲ ခေတ္တခဏ ဦးစားဟန်ဖြင့် ငြိမ်သက်သွားသည်။ ပြီးတော့မှ ခေါင်းကို တစ်ချက်ဆတ်ကာ ...

"ကျွန်တော်က အစားအသောက် ချက်ပြုတ်တဲ့အလုပ်ကို အင်မတန် ဝါသနာပါတဲ့သူပါ။ အဲဒီအလုပ် လုပ်ရရင်ကို အလိုလို ပျော်ရွှင်ကျေနပ်တဲ့သူပေါ့ ...

ဘယ်လိုအစွမ်းတွေ ပြမလဲဆိုတာကတော့ ကျွန်တော်က ဆီလျှော်ဆန်းသစ်မှုတွေကို ဝါသနာပါပါတယ်၊ ဒါပေမဲ့ ကျွန်တော်တစ်ယောက်တည်းရဲ့ ဆန္ဒနဲ့လည်း မပြီးသေးဘူးလေ၊ ဆိုင်ပိုင်ရှင်ရဲ့ဆန္ဒနဲ့ညှိပြီး ဆောင်ရွက်ဖို့ စိတ်ကူးရှိပါတယ်။ သေချာတာ တစ်ခုကတော့ ကျွန်တော့်ဘက်က အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ် ဆိုတာပါပဲ"

"အင်း ... ဟုတ်ပါပြီ"

ဝင့်ဖြာက သူ့အပြောကို လက်ခံဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်သည်။ ပြီးတော့ ... ရှေ့ကစာရွက်ထဲကို တစ်ချက်ငုံ့ကြည့်လျှင် အရိပ်သည် အဲဒီပုံစံကိုကြည့်ကာ ပြုံးမိသွားသည်။



အဲဒီစာရွက်ထဲမှာရှိသော မေးခွန်းတွေက သူ့ကို မေးစေချင်သည့် အရိပ် ရေးပေးထားသော မေးခွန်းတွေဖြစ်သည်။

"ဒါနဲ့ စကားမစပ်၊ ရှင့်ရဲ့ personal လေးကို နည်းနည်းလောက် မေးလို့မရလား မသိဘူး"

"ဟုတ်ကဲ့ မေးပါ"

"မိသားစုအကြောင်းလေး နည်းနည်းလောက် သိချင်ပါတယ်"

"မိသားစုက သုံးယောက်တည်း ရှိတာပါ၊ မိဘတွေက ဝန်ထမ်းတွေပေါ့၊ နှစ်ယောက်စလုံး ပင်စင်ယူပြီးတဲ့နောက် အမေက ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားပါပြီ။ အမေကတော့ သာသနာ့ဘောင်ထဲ အပြီးဝင်သွားပြီ ...

လောလောဆယ် ကျွန်တော် တစ်ယောက်တည်းပါပဲ"

"သြော် ... အဲဒါဆို ဆိုင်မှာ အမြဲတမ်းနေလို့ အဆင်ပြေမယ်ပေါ့"

"ဟုတ်ကဲ့ ပြေနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အားလပ်ရက်တော့ လိုချင်ပါသေးတယ်"

"အင်း ... အဲဒါကတော့ ဒီက လက်ရှိ ရှိနေတဲ့ Chef တွေနဲ့ကြည့်ပြီး ညှိကြတာပေါ့"

"ခင်ဗျာ ... အဲဒါဆိုရင် ကျွန်တော့်ကို အလုပ်ခန့်တယ် ဆိုတဲ့ သဘောလား"

"ဟုတ်ပါတယ်၊ အဲဒီတော့ ရှင်က သန်ဘက်ခါကစပြီး ဒီဆိုင်ကို မနက်(၇)နာရီအရောက် လာပေး၊ ဒီဆိုင်က

www.burmeseclassic.com

www.burmeseclassic.com



ဒီနာမည်အတိုင်းပဲ ဆက်ဖွင့်ဖြစ်ပေမယ့် ပိုင်ရှင်ပြောင်းသွားတဲ့အတွက် တချို့နေရာလေးတွေမှာ စနစ်လေးတွေလည်း ပြောင်းဖို့ရှိတယ် ...

ဒါကြောင့် ပန်ထမ်းတွေရော၊ မန်နေဂျာတွေရော၊ chef တွေရော အားလုံး Metting ထိုင်ရမယ်၊ ရှင်လိုချင်တဲ့ နားရက်တွေကိုလည်း အဲဒီနေ့မှာပဲ တခြား chef တွေနဲ့ ညှိနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ၊ တခြား ဘာပြောစရာများ ရှိပါသေးလဲ"

"ထွေထွေထူးထူးတော့ မရှိတော့ပါဘူး၊ လစာကတော့ အခုလောလောဆယ်(...)ပဲ ပေးထားပါတယ်၊ အဆင်ပြေပါ့မလား"

"ပြေပါတယ်"

"ကောင်းပါပြီ၊ နောက်ကျရင်တော့ ရှင့်ရဲ့စွမ်းဆောင်ရည်ပေါ် မူတည်ပြီး လစာတိုးသွားမှာပါ။ ရှင့်ဘက်ကရော တခြား ဘာတွေများ တောင်းဆိုစရာ ရှိသေးလဲ"

"ကျွန်တော် သိချင်တာကလေ ဒီဆိုင်ရဲ့ပိုင်ရှင်က ဒီက အစ်မလား ဆိုတာပါ"

"ဟုတ်ပါတယ်၊ ကျွန်မနာမည် ပန်းဝင့်ဖြာပါ"

"အော် ... ဟုတ်ကဲ့"

"ကဲ ... တခြား ဘာများပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး၊ ဒါဆိုရင် ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"



ဝင့်ဖြာက ခေါင်းညိတ် ခွင့်ပြုလိုက်လျှင် သူက မတ်တတ်ရပ်၍ နှုတ်ဆက်ကာ ထွက်ခွာသွားသည်။ ဒီအင်တာဗျူးဖြေဆိုပွဲကို အရိပ်တစ်ယောက် တီဗီကနေ၍ လှမ်းကြည့်နေမှာကို သိသည့် ဝင့်ဖြာက ကင်မရာဘက်သို့လှည့်ကာ လက်သီးထောင်ပြလေသည်။ အရိပ်သည် ဟက်ခနဲ တစ်ချက်ရယ်ရင်းမှ တီဗီကို Remote ဖြင့် လှမ်းပိတ်လိုက်သည်။ ခဏအကြာတွင် အရိပ်ရဲ့အနားသို့ ဝင့်ဖြာက ရောက်ရှိလို့လာသည်။

"ဘယ်လိုလဲ ... ရွှေသဘောတော် ကျတော်မူရဲ့လား ဒေါ်အရိပ်"

ဝင့်ဖြာမေးသော ပုံစံကို အရိပ်သိသည်။ အရိပ်သည် ခေါင်းကို တစ်ချက်ခါယမ်းလိုက်ရင်းမှ ...

"အဖြစ်အပျက်ကိုတော့ သဘောကျပါတယ်၊ တခြားအကြောင်းအရာတွေတော့ ဘာမှမပါဘူး"

"ဖြစ်နိုင်ပါ့မလား။ ဒီလူတစ်ယောက်အတွက် ဒီ Restaurant ကြီးတစ်ခုလုံးကို စွန့်စွန့်စားစား ဝယ်ပစ်လိုက်တာ မဟုတ်ပါဘူးလား"

"မဟုတ်ပါဘူး။ ပေါ့ပေါ့ပါးပါးလေးပဲ ဝယ်လိုက်တာပါ"

"အေးပေါ့၊ နင့်အတွက်တော့ ဒီလောက်ပိုက်ဆံက ပေါ့ပေါ့ပါးပါးပေါ့။ ဒါပေမဲ့ ဒီအဖြစ်အပျက်က ငါ့အတွက်အရမ်းထူးဆန်းနေတယ်လေ အရိပ်။ ငါတစ်သက်နဲ့တစ်ကိုယ်မှာ ယောကျ်ားတစ်ယောက်အကြောင်းကို ပါးစပ်ဖျားကတောင် ထုတ်မပြောတတ်ခဲ့တဲ့ နင်က၊ အမှတ်တမဲ့ တွေ့လိုက်ရတဲ့ လူတစ်ယောက်အတွက် သူ့ကို အလုပ်ခန့်ပေးနိုင်ဖို့ ဒီ

www.burmeseclassic.com

www.burmeseclassic.com



Restaurant ကြီးကို တစ်ခုလုံးကို ဝယ်လိုက်တယ်ဆိုတာ ဘယ်ဘက်ကတွေးတွေး နည်းနည်းတော့ အံ့သြထူးဆန်းစေတာတော့ အမှန်ပဲဟာ"

အရိပ်သည် လူဆယ်ယောက်မှာ ကိုးယောက်လောက် တွေးကြမည့် အတွေးမျိုး တွေးလေသူ ဝင့်ဖြာကိုလည်း အပြစ်မဆိုသာပါ။ ဆုံလည်ဆိုဖာပေါ် နောက်ကျောကို လျှောတိုက်မှီချလိုက်ရင်းမှ ...

"တချို့ကိစ္စတွေက အရမ်းထူးဆန်းနေတော့လည်း ဘာမှမထူးဆန်းတော့သလိုလည်း ဖြစ်သွားတယ်။ နင်ကသာ အထူးဆန်းကြီး ဖြစ်နေပေမယ့် ငါ့အတွက်တော့ အေးဆေးပါပဲ ...

သေချာတာ တစ်ခုကတော့ သူ့ကို ကိုယ်ချင်းစာသွားတဲ့ စိတ်တစ်ခုကနေ နောက်ဆက်တွဲ အကြောင်းအရာတွေ ဆက်တိုက်ဖြစ်လာတယ် ဆိုပါတော့။ မျှော်လင့်ချက်ကြီးကြီးနဲ့ အလုပ်လာလျှောက်တဲ့သူ့ကို ပိုင်ရှင်သူဌေးက အတွေ့တောင်မခံဘဲ ပြန်လွှတ်လိုက်တဲ့ သူ့ပုံစံကို အရမ်းကိုယ်ချင်းစာသွားတာ ...

ငါ့တုန်းကအဖြစ်နဲ့လည်း အရမ်းတိုက်ဆိုင်တယ်၊ ရှယ်ယာဝင်တွေက ငါ့ပုံစံနဲ့ ငါ့အရည်အချင်းကို ကြိုးစားခွင့်တောင်မပေးဘဲ မန်နေဂျင်းရာထူးလွှဲဖို့ ငြင်းတုန်းကပေါ့။ အဲဒီတစ်ချက်နဲ့တင် ငါ အရမ်းကို ကိုယ်ချင်းစာသွားတာ ...

နောက်ပြီးတော့ နောင်ရိုးကလည်း ငါ့ကို ဒီဆိုင်ရောင်းမယ်ဆိုတဲ့အကြောင်း ပြောထားတာလည်းပါလို့။



သူနဲ့ တွေ့ပြီးပြီးချင်းပဲ နောင်ရိုးဆီကဖုန်းလာတော့ ပိုပြီး အကိုက်ဖြစ်သွားတယ်၊ အရာအားလုံးဟာ အစီအစဉ်ချထားသလို ကွက်တိဖြစ်သွားတာပါဟာ။ အကြောင်းတရားတွေ အားလုံး တိုက်ဆိုင်သွားလို့ပေါ့။ သူ့အတွက် စားသောက်ဆိုင်တစ်ဆိုင်ကို တကူးတက ရှာဖွေခဲ့တာတော့ မဟုတ်ပါဘူး"

ဝင့်ဖြာက အရိပ်ကို ခပ်တွေတွေ တစ်ချက်စိုက်ကြည့်ကာ ...

"ဒါဖြင့်ရင် သူ့ရဲ့အကြောင်းအရာက ဒီလောက်နဲ့ပဲ ပြီးသွားပြီပေါ့၊ ဒီထက်ရှေ့ဆက်ပြီး ပတ်သက်စရာ မရှိတော့ဘူးပေါ့ ... အဲလိုလား"

"နင်က ဘယ်လိုထင်လို့လဲ"

အရိပ်က ဝင့်ဖြာကို ခပ်နက်နက် စိုက်ကြည့်ကာ ပြန်မေးလိုက်သည်။ ဝင့်ဖြာကလည်း ချက်ချင်းဆိုသလို မဆိုင်းတွပင် ...

"ငါကတော့ အဲဒီလောက်နဲ့ မပြီးသေးဘူးလို့ ထင်တယ်"

"အင်း ... ငါလည်း အဲဒီလိုပဲ ထင်နေတာပဲ"

ထိုအပြောကြောင့် ဝင့်ဖြာက အရိပ်ကို အံ့သြသလို ကြည့်သည်။

အရိပ်က ခေါင်းတစ်ချက်ဆတ်ကာ ...

"ငါ့စိတ်ထဲမှာ သူနဲ့မဆုံ,ဆုံအောင် ဖန်တီးဖို့ စိတ်ကူးမရှိဘူး။ ဒါပေမဲ့ တစ်နေရာရာမှာ ထပ်ဆုံရလိမ့်မယ်လို့ ထင်ကို ထင်နေတယ်။ အဲဒါ ဘာဖြစ်လို့လဲတော့ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ရဲ့ တိုးသက်သောအပြောကို ဝင့်ဖြာက ဘာမှတ်ချက်မှ ထပ်မပေးနိုင်ချေ။ အရိပ်ရဲ့စိတ်ဟာ ထင်ထားတာထက် နားလည်ရ ပိုပြီးခက်သည်။ ထင်ထားတာထက်လည်း နက်ရှိုင်းသေးသည်။ တစ်ခါတစ်ရံတွင် နူးညံ့ပျော့ပျောင်းသလောက် တစ်ခါတစ်ရံကျတော့လည်း ခက်ထန်ချင် ခက်ထန်နေတတ်သည်။ လူတစ်ယောက်အပေါ်မှာ နူးညံ့ပျော့ပျောင်းနေပေမယ့်၊ ကိုယ်ချင်းစာစိတ်ထားက စေတနာထားတတ်သော်လည်း အဲဒီလူ့အပေါ်မှာ အပြည့်အဝ ယုံကြည်သလား ဆိုတော့လည်း မဟုတ်ပြန်။

သူ့ရဲ့ယုံကြည်မှုကို ရဖို့အတွက် အဲဒီလူဟာ အနည်းဆုံး တစ်ကြိမ်ဖြစ်ဖြစ်တော့ စမ်းသပ်စစ်ဆေးခံလေ့ ရှိရသည်။ စစ်ဆေးသည် ဆိုရာမှာလည်း သိသိကြီးနှင့် စစ်ဆေးခံရတာတော့ မဟုတ်။ သူ့ရဲ့အကွက်ကျကျ စီစဉ်မှုတွေအောက်မှာ ကာယကံရှင်တောင် မသိဘဲ စစ်လိုက်သည် ဖြစ်လေရာ တချို့လည်းအောင်တဲ့သူ၊ မအောင်တဲ့လူလည်းကျ၊ လွင့်သွားရ စသဖြင့် အရိပ်ရဲ့စိတ်ဟာ ခန့်မှန်းရတာကယ်ပဲ ခက်တော့သည်။

နောက်ဆုံးတော့ ဝင့်ဖြာ တွေးမိသည်မှာ ကိုယ့်ကိုရော သံသယစိတ်တစ်●က်ဖြင့် စမ်းသပ်နေသလား ဆိုတာပဲဖြစ်လေသည်။



## ၆

သုဆက်ထူးဟူသော လူတစ်ယောက်ကို Restaurant မှာ စားပိုမှုးအဖြစ် ခန့်ထားခဲ့သော်လည်း သူနဲ့အရိပ်၏ တွေ့ဆုံပတ်သက်မှုမှာ လုံးဝဆိုမှ လုံးဝမရှိခဲ့ပါ။ အားလုံးဟာ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ဘဝကို ပုံမှန်အတိုင်း ဖြတ်သန်းနေခဲ့ကြတာပဲ ဖြစ်သည်။ သို့သော် အရိပ်သည် ဝင့်ဖြာကတစ်ဆင့်တော့ သူ့အကြောင်းတွေ အတော်အသင့် ကြားရသေးသည်။ လုပ်ငန်းခွင်မှာ အလုပ်ကြိုးစားပုံ၊ ရှေ့က စီနီယာစားဖိုမှုးတွေနှင့် အဆင်ပြေအောင် နေထိုင်တတ်မှု၊ စားဖိုမှုးအချင်းချင်း ညှိနှိုင်းကာ ဘယ်ရက်အတွက် ဘာစပါယ်ရှယ်ဟင်းလျာ စီစဉ်မည်ဆိုတာကအစ သူက လူငယ်ပီပီ တက်ကြွလျက် ရှေ့ကဦးဆောင်သည်ဟု ဆိုသည်။

ပြီးတော့ သူက နောက်ကြောင်းလှည့်ကြည့်စရာမလိုသော လူပျိုလူလွတ်မို့ အားရက် နားရက်တွေကိုလည်း သူများမလိုချင်သည့် နေ့မျိုးတွေကိုသာ ယူထားသောကြောင့် သူများရဲ့နှစ်လိုမှုကိုလည်း ရရှိသေးသည်။ သူရှိသောကြောင့် တခြားစားဖို

www.burmeseclassic.com

www.burmeseclassic.com



မှုးတွေ ခွင့်ယူလည်း ဆိုင်အတွက် ပူစရာမလိုချေ။ စေတနာ အကျိုးပေးလားတော့ မပြောတတ်ပါ။ ပန်းမြတ်တော်ဝင်ဆိုင်သည် နဂိုဆိုင်ရှင်ပိုင်တုန်းကထက်တောင် အခြေအနေ တိုးတက်လာပါသေးသည်။

အရိုပ်သည် ဒီသတင်းတွေကို ကြားသော်လည်း ခေါင်းတညိတ်ညိတ်ဖြင့် ဘာမှထူးထူးခြားခြား ခံစားရတာမျိုးမရှိခဲ့ပါ။ အဲဒီဆိုင်မှာ သွားစားတာမျိုး၊ သူ့ကို ချောင်းကြည့်တာမျိုးလည်း မရှိခဲ့။ ဒီအတွက်ကြောင့်တောင် ဝင့်ဖြာထံမှ နင်က တကယ်နားလည်ရခက်တဲ့သူပဲဟု မှတ်ချက်ပေးတာတောင် ခံခဲ့ရဖူးသည်။

အခုလောလောဆယ်မှာတော့ အရိုပ်တစ်ယောက် နည်းနည်း အလုပ်ရှုပ်နေသည်။ အကြောင်းမှာ အရိုပ်တို့ ရှယ်ယာတစ်ဝက်ပါသော စက်ရုံတစ်ရုံမှ စက်ရုံမှူးတစ်ယောက်ဟာ စာရေးမအလုပ်အကိုင် လိုချင်သော၊ သို့မဟုတ် လက်ရှိရာထူးမှ နောက်ထပ်တစ်ဆင့်ရာထူးတက်ဖို့အတွက် လိုလားကြသော မိန်းကလေးတွေကို နမချင်းမစာနာ ဖျက်ဆီးစော်ကားနေသည်ဟု သတင်းရထားသောကြောင့် အဲဒီကိစ္စကို ကိုယ်တိုင်ကိုယ်ကျ စုံစမ်းဖို့ စီစဉ်ဆောင်ရွက်နေတာဖြစ်သည်။

ဒီကိစ္စကို အရိုပ် တစ်ယောက် ဘယ်လိုကိုင်တွယ်တော့မယ် ဆိုတာကိုသိသော နောင်ရိုးကတော့ အရိုပ်ကို ခါးခါးသီးသီးပဲ ကန့်ကွက်သည်။

"အဲဒီလောက်ထိ စွန့်စွန့်စားစားဝင်ဖို့ မလိုပါဘူး အရိုပ်၊ ဒါကိုတော့ ငါ ခါးခါးသီးသီး ကန့်ကွက်တယ်ဟာ ...



နင်မကျေနပ်ရင် အလုပ်ဖြုတ်ခွင့် ရှိတာပဲ၊ ဖြုတ်ပစ်လိုက်စမ်းပါ"

"အဲဒီလို ဖြုတ်ပစ်လို့ ဘယ်ရမလဲ၊ သူ့ကို ဂျပါတာနာ ဦးအောင်သိန်းက ခန့်ထားတာ၊ ဦးအောင်သိန်းကို ငါပြောပြီးပြီ။ သူက ငြင်းတယ်။ နောက် တခြားရှယ်ယာဝင်တွေဖြစ်တဲ့ ကိုမင်းကျော်တို့၊ ကိုလင်းထွန်းတို့ကလည်း သူ့ကိုဖြုတ်မှာကို မလိုလားကြဘူး။ ဒီတော့ အားလုံးရဲ့ဆန္ဒကို ဖြတ်ဆန့်ကျင်ပြီး လုပ်လို့ကလည်း မဖြစ်သေးဘူးလေ ...

သူဟာ ဘယ်လိုလူစားဆိုတာကို သက်သေပြနိုင်ဖို့ ဒီနည်းလမ်းတစ်ခုပဲ ရှိတော့တယ်"

နောင်ရိုးရဲ့မျက်နှာတွင် စိတ်ရှုပ်သော အရိုပ်သဏ္ဌာန်တို့ တန်းစီပြီး ပေါ်လာသည်။

"ဒါက နင်လုပ်မှ ဖြစ်မယ့်ကိစ္စမျိုးမို့လို့လား အရိုပ်ရယ်"

"ငါလုပ်မှ ပြီးမယ့်ကိစ္စမျိုးမို့လို့ပေါ့၊ စိတ်မပူပါနဲ့ဟာ၊ ငါ့ကိုယ်ငါ ယုံကြည်တယ်၊ နင်လည်း ယုံကြည်စမ်းပါ"

"ဟင်း ... အရိုပ်ရယ်"

နောင်ရိုးရဲ့ မျက်လုံးထဲတွင် အရိုပ်အတွက် စိုးရိမ်ပူပင်ခြင်းတွေကို အပြည့်အသိပ် တွေ့နေရသော်လည်း အဲဒါတွေကို အရိုပ်က ဥပေက္ခာပြုထားလိုက်လေသည်။ အရိုပ်သည် ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရဖို့အတွက်ဆိုလျှင် ဘယ်သူ့မျက်နှာကိုမှ မထောက်သောသူ ဖြစ်သည်။

ဒီအစီအစဉ်ကို အထူးလျှို့ဝှက်ကာ အရိုပ်က တိတ်တဆိတ် ကြိုးပမ်းခဲ့လေသည်။ အရိုပ်တို့ ပိုင်ဆိုင်သော စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းစုတွေဟာ များပြားလွန်းတာကြောင့် တော်ရုံဝန်ထမ်း လောက်ဟာ အရိပ်ကို နာမည်သာ ကြားဖူးလျက် လူချင်းမတွေ့ ဖူးတာများသည်။ အရိပ်သည် အဲဒီအခွင့်အရေးကို ကောင်းကောင်း အသုံးချလျက် စက်ရုံတွေ လုပ်ငန်းတွေထဲမှာ ဝန်ထမ်းအယောင် ဆောင်လျက် အခြေအနေကို မကြာခဏ စနည်းနာလေ့ရှိတတ် သည်။ အဲဒီလို စနည်းနာခြင်းရဲ့ အကျိုးကျေးဇူးတွေကိုလည်း တကယ်ခံစားရလေ့ရှိတာကြောင့် ဒီတစ်ခါလည်း အဲဒီလိုလုပ်ဖို့ ဆုံးဖြတ်ရခြင်းဖြစ်သည်။

သို့သော် ဒီတစ်ခါကတော့ နည်းနည်း ဂရုစိုက်ရမည့် ကိစ္စဖြစ်သည်။

ဒီလိုနှင့် အရိပ်ဟာ စက်ရုံရဲ့ စာရေးမလေးတစ် ယောက်အဖြစ် မသိမသာ အလုပ်ဝင်လိုက်သည်။ အရိပ်ကို ဘယ်သူမှ အရိပ်မှန်း မရိပ်မိကြပါ။ ရွယ်တူမိန်းကလေးတွေကြား မှာ ရောရောနှောနှောနေရင်းမှ စက်ရုံမှူးရဲ့အကြောင်းကို တစွန်း တစ ကြားသိလာရသည်။ စက်ရုံမှူးသည် အလုပ်လိုချင်သော မိန်းကလေးတွေ၊ သူ့လက်မှတ်ဖြင့် ရာထူးတက်ရမည့် မိန်းကလေး တွေဆိုလျှင် သူ လိုချင်သလောက် အခွင့်အရေးယူပြီးမှ လုပ်ပေး လေ့ရှိကြောင်း သိလာရသည်။

မိန်းကလေးတွေနှင့် ဆက်ဆံလျှင်လည်း ခြေပုတ် လက်ပုတ်၊ လက်အငြိမ်မနေတတ်ချေ။ မိန်းကလေးတွေကို သူ့ အခန်းထဲသို့ခေါ်ကာ ဇက်ကျောဆွဲနိုင်းတာ၊ နှိပ်ခိုင်းတာကလည်း ပါတတ်သေး။ အရိပ်တောင် တစ်ရက်က အလှည့်ကျနှင့် ပါသွား သေးလေရာ စက်ဆုပ်အော့နှလုံးနာမိတော့သည်။



သို့သော် ဒီထက်ဆိုးဝါးသည့် ကိစ္စတွေမှာ လက်ပူး လက်ကြပ် ဖမ်းမိအောင် ကြိုးစားမှာမို့ အရိပ်မှာ ဒေါသတွေကို တော်တော်ပဲ မျိုသိပ်ထားရလေသည်။ တစ်နေ့မှာတော့ ထိုလူကြီး က အရိပ်ကို သူ့ရုံးခန်းထဲသို့သီးသန့်ခေါ်တွေ့ကာ ပြိတ်တိမျက်နှာ ထားဖြင့် တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင် ...

"မင်းနာမည် ပိုးအိနှော် ... ဟုတ်လား"

အရိပ်မှာ ကျားရှေ့သို့ ရောက်နေသော သမင်ပျို့မ လေးသဖွယ် ကြောက်လန့်နေသော အိုက်တင်ကို တမင်ပင် လုပ် ထားရကာ ...

"ဟုတ် ... ဟုတ်ကဲ့"

"အင်း ... လူနဲ့ နာမည်နဲ့ လိုက်အောင် လူကလည်း ပိုး ချည်မျှင်လေးလို ပါးပါးလျားလျားလေးပဲ ...

မင်း ဆယ်တန်းအောင်လား"

"ဟုတ် ... အောင်ပါတယ်"

"အိုခေ ... ဒါဆိုရင် အခုရှိးရှိးအလုပ်သမားကနေ စာရေးမ မဖြစ်ချင်ဘူးလား"

"ဖြစ် ... ဖြစ်ချင်ပါတယ်၊ ဒါ ... ဒါပေမဲ့ အဲ ... အဲဒါက ဘွဲ့ရမှဆိုတော့ သ ... သမီးက ဘွဲ့မရပါဘူး"

ထိုလူက အဆီပြန်နေသော မျက်ခွက်ကြီးကို မသတီ စရာကောင်းအောင် ရှုံ့တွပစ်ကာ လက်တယမ်းယမ်းဖြင့် ...

"အား ... ဘာဘွဲ့မှ မလိုဘူး၊ မင်း ကိုယ့်အပေါ်မှာသိတတ် ရင် ဘာဘွဲ့မှမလိုဘူး၊ ကိုယ်ပေးမယ့်ဘွဲ့က မင်းလိုချင်တဲ့ ဘွဲ့ထက် အများကြီးသာတယ်"

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သည် ရှင်ပေးမယ့်ဘွဲ့က မယားငယ်ဘွဲ့လား ဟူသော အမေးကို ပက်ခနဲ ပြန်မေးပစ်လိုက်ချင်စိတ်မှာ လည်ချောင်းထဲ၌ ယားချ်နေသည်။ တပြည်းပြည်းနှင့် ဒီလူကြီးရဲ့အကျင့်တို့မှာ ဘူးပေါ်တော့သလို ပေါ်တော့မှာကိုလည်း သိလာရလေလေ စိတ်ထဲမှာ ကျေနပ်လာရလေလေ ဖြစ်သည်။ အရိပ်ပြောတာကို မယုံကြည်ကြသော ရှယ်ယာဝင်များကို ကုပ်ကနေဆွဲ၍ လက်တွေ့ပြချင်စိတ်တွေ တဖွားဖွား ဖြစ်လို့လာလေသည်။

"မင်းမျက်လုံးလေးတွေက တစ်ချက် တစ်ချက်ကျရင် စူးခနဲ ဖြစ်ဖြစ်သွားတယ်နော်၊ ဘာဖြစ်လို့လဲ"

ဒီလူကြီးကလည်း မခေချေ။ အရိပ်ကို စူးစူးရဲရဲ စိုက်ကြည့်နေကာ အလစ်မပေးသောကြောင့် အရိပ်မှာ ရက်စွဲ့ရင်ဖိုဟန်ကို ပြန်လည်သရုပ်ဆောင်လိုက်ရသည်။ အင်းပေါ့ ... အရိပ်နေရာမှာ ဆိုလျှင်လည်း စားဝတ်နေရေး ပြေလည်အဆင်ပြေချင်တဲ့ မိန်းကလေးတို့ဟာ ဘဝရှေ့ရေးအတွက်သာ ဒီလူကြီးရှေ့မှောက်သို့ ကြောက်ကြောက်ရွံ့ရွံ့ သက်ဆင်းကြရရှာတာ မဟုတ်လား။ အတွေ့အကြုံ မရှိရှာတဲ့ အရိုင်းပန်းမိန်းကလေးတို့ဟာ တောက်ပစူးရဲတဲ့ မျက်လုံးတွေနဲ့ ဒီလူကြီးကို တန်ပြန်ကြည့်ရဲမှာ မဟုတ်ချေ။

အရိပ်သည် စိတ်ကိုလျှော့ချလိုက်ရင်းမှ လက်ထဲမှာ ကိုင်ထားသော ကြွပ်ကြွပ်အိတ်လေးထဲသို့ လက်တစ်ဖက်က မသိမသာ ဝင်ရောက်သွားကာ ခလုတ်တစ်ခုကို နှိပ်ချလိုက်သည်။

"တစ်ခါတလေကျတော့လည်း လူ့ဘဝကြီးကို မခံချင်ဖြစ်မိလို့ပါ ဦးရယ်"



"အလို ... တယ်ဆိုပါလားကွ၊ ဘာတွေ မခံချင်ဖြစ်တာလဲ"

"သြော် ... ကျွန်မနောက်မှဝင်တဲ့ သန္တာခွေဆိုရင် အခုဆယ်ယောက်မျူး ဖြစ်သွားပြီလေ၊ သူလည်း ဘွဲ့ရတာမှ မဟုတ်တာ၊ လုပ်သက်ကလည်း ဘာမှကြာသေးတာ မဟုတ်ဘူး ...

သမီးလည်း သူ့လောက်တော့ တော်ပါတယ်"

အရိပ်ရဲ့မျက်လုံးကလယ် ကလယ်၊ နှုတ်ခမ်းတဆူဆူ ပြောသော စကားကို ထိုလူကြီးက အားပါးတရ ရယ်မောလေသည်။

"ဟား ဟား ... ဟုတ်တာပေါ့၊ တော်တာပေါ့။ ကဲ ... ညည်းရော ဆယ်ယောက်မျူး ဖြစ်ချင်လား၊ ဒါမှမဟုတ် စာရေးမပဲ လုပ်ချင်လား"

"ဘယ်ဟာက လစာပိုများလဲဟင်"

"စာရေးမက ပိုများတယ်"

"အင်း ... အဲဒါဆို စာရေးမပဲ လုပ်တော့မယ်"

"အိုကေ ... ဒါဆို မင်း ရုံးဆင်းရင် ဒီအခန်းထဲကို လာခဲ့ ဟုတ်ပြီလား"

အရိပ်က မျက်လုံးကို တမင်ဝိုင်းကာ ...

"ရှင် ... ဒီအခန်းထဲကို သ ... သမီးက ဘာလာလုပ်ရမှာလဲ"

ထိုလူကြီးက မျက်လုံးများကို တမင်မှေးစင်းကာ အမြင်ကတ်မွှယ်ကောင်းအောင် ပြုံးပြရင်းမှ ...

"သြော် ... စာရေးမ ဖြစ်ချင်တယ်ဆို၊ လာရမှာပေါ့ မိန်းကလေးရဲ့၊ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက ထိုင်ရာမှ ထလာကာ အရိပ်ရဲ့အနား သို့ တိုးကပ်လာသည်။ အရိပ်သည် တစ်ခုခု ဆိုလို့ကတော့ အသေပဲဟူသော စိတ်မျိုးမွေးထားကာ အသက်အောင့်ထားမိသည်။ သူက အရိပ်ရဲ့နားရွက်နားသို့ အသာတိုးကပ်လျက် ...

"လာမှာ မဟုတ်လား"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"

သူက အရိပ်ရဲ့ခေါင်းကို တစ်ချက် နှစ်ချက်ပုတ်ကာ ...

"အိုကေ ... အိုကေ ... ဆက်ဆက်လာခဲ့နော်၊ ကဲ ... သွားတော့"

အရိပ်သည် အံကိုတင်းတင်းကြိတ်ကာ သူ့ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ဒေါသစိတ်ကြောင့် ကိုယ်ခန္ဓာထဲမှ သွေးထဲမှာ ပွက်ပွက်ဆူလာသည်ဟုတောင် ထင်ရလေသည်။ ကိုယ်ပိုင်ဆိုင်သော လုပ်ငန်းမဟုတ်ပါဘဲနှင့် ပေးထားသည့် ရာထူးပေါ်မှာ ဒီလို အလွဲသုံးစားလုပ်တာလောက် အရိပ် ဒေါသထွက်တာ မရှိတော့ပြီ။ ဒီလူကြောင့် မသိနားမလည်သော မိန်းကလေးတွေ ဘယ်လောက်တောင်များ ဆုံးရှုံးနစ်နာခဲ့ပါလိမ့်။

အရိပ်သည် အဲဒီအတွေးတွေဖြင့် တစ်နေကုန် အလုပ်ထဲမှာ အယောင်ယောင် အမှားမှား။ ဆယ်ယောက်လျှင် တစ်ယောက်ကျ ဦးစီးရသော ဆယ်ယောက်မှူးကတောင် အရိပ်ကို ငေါက်ငမ်းဆူပူတာကို ခံရသေးလေသည်။ သို့သော် အရိပ်ကျေနပ်သည်။ ဒီမှာလာ၍ ကွင်းဆင်းလေ့လာလိုက်သော အကျိုးကြောင့် စက်ရုံတစ်ခုလုံး ဘယ်နေရာက ယိုယွင်းပျက်စီးနေကြလဲ ဆိုတာကို



မျက်ဝါးထင်ထင် တွေ့လိုက်ရ၍ဖြစ်သည်။ တချို့မိန်းကလေးတွေကျတော့လည်း ရာထူးမတက်ချင်နေပါစေ အရှက်သိက္ခာတော့ မစတေးဘူးဟူသော ခံယူချက်ပြင်းတာတွေကိုလည်း တွေ့ရသေးသည်။ ပြဿနာတွေအားလုံး ရှင်းလင်းပေးပြီးသွား၍ စက်ရုံမှူးအသစ်ထပ်ခန့်ပြီးလျှင်တော့ အားလုံးကို စုညီအစည်းအဝေးပွဲတစ်ခုခေါ်ကာ မှန်မှန်ကန်ကန် ကြိုးစားကြဖို့ စကားပြောမည်ဟု ဆုံးဖြတ်ထားလိုက်လေသည်။

ဒီလိုနှင့် အလုပ်ဆင်းချိန်သို့ ရောက်လာသည်။ အလုပ်ဆင်းချိန်က ပုံမှန် ညနေငါးနာရီဖြစ်သော်လည်း ဒီနေ့ အရိပ်က overtime ဆင်းရသည့် အသုတ်ထဲတွင် ပါသွားသောကြောင့် ခြောက်နာရီခွဲကျော်မှ အလုပ်ပြီးသွားသည်။ အဲဒီအချိန်ကျမှပဲ အရိပ်သည် စတီးလ်ချိုင့်လေးတစ်ဖက်၊ စက္ကူကိုင်းဆွဲအိတ်လေးကို တစ်ဖက်ကိုင်ကာ ရုံးခန်းသို့ ရောက်လာရသည်။ ထိုလူက ရုံးခန်းနှင့်တွဲလျက် အခန်းတစ်ခန်းမှာ အဆောင်အယောင်အပြည့်အစုံဖြင့် နေခွင့်ရသူဖြစ်သည်။

သူက စားပွဲတွင် တစ်ခုခုရေးချွတ်နေရာမှ အရိပ်ဝင်လာတာကို မြင်သောအခါ တစ်ချက်ပြုံးလျက် ထိုင်ရာမှ ထလာသည်။

အရိပ်သည် သူ့ရင်ဘတ်တွင် ချိတ်ဆွဲထားသော ဝန်ထမ်းကတ်ပြားကို ခပ်နက်နက်စိုက်ကြည့်ကာ ဒီအတိုင်း အလွယ်တကူဖြုတ်လို့ ရသလားဟု တွေးတောနေမိသည်။

"လာ ... လာ ... မင်းကို မျှော်နေတာ ကြာပြီကွာ၊ ကဲ မင်းလည်း ရင်ခုန်နေမှာဆိုတော့ ဘယ်ဆာလဲ၊ အိုခေ ...

www.burmeseclassic.com

www.burmeseclassic.com



အိုခေ ... ဒီလိုဆိုတော့လည်း ကိုယ့်ဘေးကနေ အမြည်းစားပေါ့"

သူက အရိပ်ရဲ့ပခုံးကိုဖက်ကာ တစ်ဖက်က သူ့အခန်းထဲသို့ ခေါ်သွားသည်။ အရိပ်သည် အခုချိန်မှာ သူ့လက်ကို ပုတ်ထုတ်လျက် သူ့ရင်ဘတ်မှ ဝန်ထမ်းကတ်ကို ဆွဲဖြုတ်ကာ ပြေးချင်လှသော်လည်း တိကျသေချာသော စကားလုံးများကို ညှစ်ထုတ်ရဦးမည်မို့ သူနဲ့အတူတူ အမြည်းထိုင်စားဖို့ ဆုံးဖြတ်လိုက်သည်။ အရိပ်ရဲ့လက်ထဲမှ စက္ကူကိုင်းဆွဲအိတ်လေးကိုတော့ လုံးဝမချချေ။ အဲဒီထဲတွင် အယုတ်တမာကြီး၏အသံကို ဖမ်းဖို့အတွက် အသံဖမ်းစက်လေး ပါဝင်သည်။

အရိပ်သည် သူ့ဘေးမှာ ဝင်ထိုင်လိုက်ရင်းမှ အိတ်ထဲမှ ခလုတ်လေးကို အသာနှိပ်လိုက်သည်။ ထိုလူကြီးကတော့ ဘာမှရိပ်မိပုံမရဘဲ အရက်တစ်ခွက်နှင့်အတူ အမြည်းကို စတင်စားကာ ...

"မင်းက အလုပ်ဝင်တာ မကြာသေးဘူးနဲ့တူတယ်၊ ဘယ်တုန်းကလဲ"

"ပြီးခဲ့တဲ့လကမှ ဝင်တာပါ"

"အင်း ... ဒါဆို သက်တမ်းတော်တော်နုသေးတာပဲ၊ မင်းသာ စာရေးမ ဖြစ်သွားရင်တော့ တခြားလူတွေက ငါ့ကို ပြောကြတော့မယ်။ မင်းအတွက် ငါ တော်တော့်ကို စွန့်စားပေးရမှာ ကောင်မလေးရဲ့ ...

ဒီတော့ မင်းဘက်ကလည်း ငါ့ကို သိတတ်ပေးဖို့တော့ လိုလိမ့်မယ်"



"ဟုတ်ကဲ့ ... ဒါနဲ့ တစ်ခုလောက် မသိလို့ မေးပါရစေဦး"

"မေးပါ ... မေးပါ ... မင်းမှာလည်း မေးစရာတွေရှိသားပဲ"

"ဟုတ် ... ဦးဆီမှာလေ မိန်းမရှိလားဟင်"

"ဟား ဟား ... ဘာများတုန်းလို့၊ မိန်းမတင် မကဘူး ချွေးမတောင် ရနေပြီ၊ ငါ့သားအကြီးဆုံးက ဆယ့်ရှစ်နှစ်နဲ့ မိန်းမခိုးပြေးပြီးပြီလေ"

"ဦးမှာ သမီးရော ရှိလားဟင်"

"သမီး ! ! ရှိပါတယ် သမီးနှစ်ယောက်တောင်။ ကဲ ... ဒါတွေ မေးမနေပါနဲ့ မင်းက အနီးကပ်ကြည့်တော့မှ တော်တော်ချောတာပဲ။ ကြည့်စမ်း ... အသားအရေကလည်း ဖွေးနုနေလိုက်တာ။ နူးညံ့လား မနူးညံ့လားဆိုတာတော့ ပြီးမှပဲ သိရတော့မှာပဲ ...

ဆင်းရဲသူမလေးလို့ ထင်စရာကို မရှိပါလား။ အင်း ... အင်း ... မင်း ဒီမှာနေမလား၊ ဝန်ထမ်းအိမ်ရာရအောင် ငါ စီစဉ်ပေးမယ် ....

ဒါပေမဲ့ ... ဟဲ ဟဲ ဟဲ"

ထိုလူကြီးက အဓိပ္ပာယ်ပါပါဖြင့်ပြောလျှင် အရိပ်သည် ဝေါ့ခနဲ မလုပ်မိအောင် အတူးထိန်းချုပ်ထားရသည်။

"ဦး ဒီစက်ရုံမှာ တိုးတက်ကြီးပွားချင်တဲ့ မိန်းကလေးတွေဟာ ရိုးရိုးသားသားနဲ့ ကြိုးစားလို့ မရဘဲ ဒီလိုလုပ်မှပဲ ရာထူးတက်မှာတဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မင်းက အလာကြီးပါလား။ ရိုးရိုးသားသားနဲ့ ကြိုးစားရင် ကြာမှာပေါ့ကွ၊ ပြီးတော့ မသေချာဘူးလေ ... တစ်ခုခု လိုချင်ရင် တစ်ခုခုကို ပေးဆပ်ရမှာပေါ့။ အင်း ... မင်း ကြည့်ရတာ အရင်မိန်းကလေးတွေနဲ့ သိပ် မတူပါလား၊ ရဲရဲရင့်ရင့်လေးတော့ ရှိသားပဲ၊ ပင်ကိုအသွေး အမွေးလေးကလည်း ကောင်းတယ်၊ မင်းကိုတော့ ငါ့အနား မှာ အမြဲခေါ်ထားရတော့မယ်နဲ့ တူပါတယ်၊ ဟင်း ... ဟင်း ... ဒီနားကို တိုးစမ်းပါဦး"

ထိုလူကြီးက အရိပ်ရဲ့ပခုံးကို ဆတ်ခနဲ ဆွဲဖက်လိုက် လျှင် အရိပ်သည် ထိတ်လန့်တကြားဖြင့် သူ့အင်္ကျီအိတ်ကပ်နား မှာ ချိတ်ထားသော ဝန်ထမ်းကတ်ပြားကို ဆွဲဖြုတ်ကာ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ ထိုလူက အရိပ်ကို အံ့ဩဟန်ဖြင့် ကြည့်လျက် ...

"ဟင် ... မင်း ဒါ ဘာလုပ်တာလဲ"

အရိပ်က ခြေတစ်လှမ်းကို နောက်ဆုတ်ကာ ...

"ရှင့်ကို တိုင်မလို့"

အရိပ်ရဲ့စကားကြောင့် ထိုလူကြီးက မျက်နှာတစ်ချက် ပျက်သွားသော်လည်း ဟက်ဟက်ပက်ပက်ကြီးကို အော်ရယ် လိုက်ကာ ...

"ဟား ဟား ဟား ... မင်းလို **မလောက်လေး မလောက်** စားဟာမလေးကများ ငါ့ကိုတိုင်မလို့ ဟုတ်လား ...

ကဲ ... သွေးရူးတမ်းရူး လုပ်မနေစမ်းပါနဲ့ကွာ၊ မင်း ဘယ်သူလဲ။ ငါ့ကြောင့် မဖုံးနိုင် မဖိနိုင် ဖြစ်သွားရတဲ့



နှင်းအိရဲ့ညီမလား၊ မင်း ပိုက်ဆံ ဘယ်လောက်လိုချင်လို့ လဲ။ ပြော ... အဲဒီ ငါ့ကတ်ကိုတော့ အေးအေးဆေးဆေး တောင်းနေတုန်းမှာ အသာတကြည် ပြန်ပေးစမ်း"

"မပေးနိုင်ဘူး။ ရှင့် ယုတ်မာမှုတွေ ဇာတ်သိမ်းဖို့ အချိန် တန်ပြီ ဦးသောင်းမြင့် ...

ရှင် ဂျွန်မ အကြောင်း ကောင်းကောင်းသိရတော့ မယ်"

"ဟာ ... ဒီကောင်မကတော့ ..."

သူက ဒေါသထွက်လာဟန်ဖြင့် အရိပ်ကို ခုန်အုပ် ဖို့ ပြင်လိုက်လျှင် ဒီအရေးကို ကြိုတင်တွက်ဆမိသော အရိပ်က လည်း စားပွဲခင်းကို ဆောင့်ဆွဲလျက် ပန်းကန်ပြားတွေကို လေ ထဲမှာ ပျံဝဲအောင် လုပ်လိုက်လျှင် သူ့ကို ထိမှန်ကွဲရှကန်လျက် အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားရသည်။ အဲဒီ အကြောင်းကိုအခွင့်ကောင်းယူလျက် အရိပ်သည် ချာခနဲပြေးထွက် လို့လာခဲ့လေသည်။

ထိုလူကြီးကလည်း အရိပ်ရဲ့နောက်မှ ထက်ကြပ် မကွာ ပြေးလိုက်လာသည်။ အဲဒီအတွက်ကြောင့်လည်း အရိပ်မှာ အသည်းအသန် ပြေးရသည်။ ကိုယ်သိထား၊ လေ့လာမှုထားသော စက်ရုံရဲ့လမ်းကြောင်းတွေကို သိရှိသာ တော်တော့သည်။ တစ်ချို့ ဘွင် ထိုလူက အခြေအနေ မဟန်တော့သည်ကို သိသွားသော ကြောင် စက်ရုံ Alarm ကို နှိပ်လိုက်လျှင် Alarm သံတွေမြည် သွားလျက် စက်ရုံညစောင့်တွေကပါ ထွက်လာတော့သည်။

"သူခိုးမ ... သူခိုးမ တစ်ယောက်ကွာ၊ လိုက်စမ်းဟော့"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကျယ်ကြီးက ညရဲ့တိတ်ဆိတ်မှုထဲ၌ ဖောက်ထွက်လို့လာလျှင် အရိပ်သည် ကျောထဲမှ စိမ့်တက်လာလျက် စက်ရုံထွက်ပေါက်ရှိရာသို့ ခြေကုန်သုတ် ပြေးရသည်။ ပြေးရင်းနဲ့မှ အစက မကြောက်သော၊ မထိတ်လန့်သော စိတ်ခံစားမှုတို့သည် အခုမှပဲ ထိတ်လန့်လာသလို ခံစားလာရလေသည်။ ထိုသူတို့၏လက်ထဲ၌ အရိပ် မိသွားလျှင် အရိပ်ရဲ့ကံကြမ္မာကား သက်သာမည်မထင်ချေ။ ဘယ်သူကမှ အရိပ်ကို ဒီစက်ရုံရဲ့ရှယ်ယာတစ်ဝက်ပိုင်ဆိုင်သော ပိုင်ရှင်အဖြစ် မမြင်ဘူးကြချေ။ ပြောပြလည်းပဲ ယုံမှာမဟုတ်။ ဘယ်ပိုင်ရှင်သူဌေးကမှ ဒီလိုလုပ်မှာ မဟုတ်သဖြင့် ဒေါသစိတ် ငယ်ထိပ်တက်ကာ ဘီလူးသရဲစီးနေသော စက်ရုံမှူးရဲ့လက်ထဲတွင် အသက်နဲ့ခန္ဓာ အိုးစားကွဲသွားနိုင်သည်။

အရိပ်သည် ပြေးရင်းနှင့် စက်ရုံအပေါက်ဝသို့ ရောက်လာသည်။ စက်ရုံစောင့် အဘိုးကြီးက ဂိတ်တံခါးဝမှာ အရိပ်ကို ခြေကားယား လက်ကားယားဖြင့် ဆီးဖမ်းတော့မလိုလုပ်ကာ ...

"ဟိတ် ... မပြေးနဲ့ ကောင်မလေး၊ မပြေးနဲ့နော်"

"ကျွတ် ... ဒီဘိုးတော်ကြီးက တစ်မျိုး"

နောက်ဆုံးတော့ မတတ်နိုင်တော့ချေ။ အရိပ်ရဲ့စက္ကူကိုင်ဆွဲအိတ်လေးထဲတွင် အရေးကြုံလျှင်သုံးဖို့ ပစ္စည်းအစုံ ထည့်လာခဲ့သည် ဖြစ်လေရာ၊ မေ့ဆေးပါသော လက်ကိုင်ပဝါဖြင့် အနားသို့ ကပ်လာသော အဘိုးကြီးကို အုပ်ထည့်လိုက်ရတော့သည်။ အဘိုးကြီး မေ့လဲသွားတော့မှပင် အရိပ်သည် ဂိတ်တဲစခန်းလေးထဲသို့ အမြန်ဝင်ကာ ဂိတ်တံခါးကို ဖွင့်ဖို့အတွက် ခလုတ်တွေကို နှိပ်ရသည်။ နောက်ဆုံး Remote ဖြင့် ဖွင့်လိုက်လျှင်



ဘစ်ကိုယ်စာ ထွက်ရရုံအပေါက်လေးက လျှောခနဲ ပွင့်သွားလေသည်။ ဒီတော့မှပဲ အရိပ်က အပြင်သို့ ဆက်ပြေးနိုင်တော့သည်။ သို့သော် လူအုပ်ကတော့ ညာသံပေး၍ လိုက်ပါလာဆဲ။ တစ်နေရာရောက်လျှင်တော့ အရိပ်သည် လမ်းကိုချိုးကွေ့လိုက်ကာ အသင့်တွေ့ရသော ကားတစ်စီးပေါ်သို့တက်လျက် နောက်ခန်းထဲမှာ ဝပ်နေအောင် ပုန်းလိုက်လေသည်။

အရိပ်ပဲ ကံကောင်းနေသည်ဟု ပြောရမလားတော့ မဆိုတတ်။ အရိပ်တက်ပုန်းပြီး ဆက်တိုက်လိုလိုပင် တစ်နေရာမှာ အပေါ့အလေးစွန့်လာဟန်တူသော ကားသမားမှာ ကားပေါ်တက်၍ ချက်ချင်းလိုလို မောင်းထွက်သွားလျှင် မိကာနီးပြီဖြစ်သော လူစုမှာ ကျန်ရစ်ခဲ့လေသည်။ ဒီတော့မှပင် အရိပ်က သက်ပြင်းကို ဘင်းခနဲ ချနိုင်တော့သည်။ သို့သော် ဝပ်နေရာမှတော့ မထရဲသေး။ ဒီနေရာနှင့် နည်းနည်းလွတ်ကင်းသော နေရာကျမှသာ ထဖို့ စိတ်ကူးလျက် အောင့်အည်းပြီး အသြောင်းခံလိုက်ရလေသည်။

သို့သော် အရိပ်ရဲ့စိတ်ကူးအတိုင်း ဖြစ်မလာ။ အရိပ်စီးလာသော ကားလေးသည် စက်ရုံဝင်းနဲ့ အတန်ငယ်လှမ်းပြီး မိနစ်နှစ်ဆယ်ခန့် မောင်းပြီးလျှင် လမ်းဘေးထိုးရပ်လို့ သွားလေသည်။ ကားမောင်းလာသော သူက ကျွတ်ကျက် တောက်ခတ်သံတွေ ညည်းသွားပြီးလျှင် ...

"ဟင် ... အလကားကောင်၊ ပြောတော့ မိုးတစ်လုံးကျိုး တစ်လုံးနဲ့ တစ်ပတ်တောင် မပြည့်သေးဘူး ဗွက်ဖောက်လာပြီ။ ကဲ ... တတ်သလောက် မှတ်သလောက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြောဆိုဆိုဖြင့် နောက်ခန်းထဲသို့ ခုတ်မီးတစ်လက်ထိုးကာ တစ်ခုခုကိုနှိုက်ဖို့ ကုန်းလိုက်လျှင် အောက်မှာ ဝပ်နေသော အရိပ်ကို ဘွားခနဲ တွေ့သွားကာ "အမယ်လေး"ဟု တောင် ယောင်ယမ်းအော်လိုက်သေးလေသည်။

"ဟင် ... မင်း ... မင်း ... ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့ကားထဲကို ရောက်နေရတာလဲ၊ ဘာလုပ်တာလဲ"

"ဟို ... ကျွန်မ ဒုက္ခရောက်လာလို့ပါ၊ အဲဒါ ရှင့်ကားကို တွေ့တာနဲ့"

"ဟာ ... ဘာဒုက္ခရောက်တာလဲ၊ မဖြစ်နိုင်တာ၊ ဘာလဲကွာ ဆင်းစမ်းပါ၊ ဆင်း ... ဆင်း"

"ဟို ... တကယ် ... တကယ်ပြောတာပါရှင်၊ ကျွန် ... ကျွန်မ မိကောင်းဖခင် သားသမီးပါ၊ ကျွန်မ ဒီနားက အထည်ချုပ်စက်ရုံက ဝန်ထမ်းပါ၊ ဟောဒီမှာ ကျွန်မ ဝန်ထမ်းကတ်ပါ,ပါတယ်၊ overtime ဆင်းရင်းနဲ့ စက်ရုံမှူးက သူ့အခန်းထဲခေါ်ပြီး သွားရာကနေ ကျွန်မ ... ကျွန်မကို ... ဟို ... အဲ ... အဲဒါ ထွက်ပြေးလာရင်းနဲ့ စက်ရုံရှေ့မှာ ဒီကားရပ်ထားတာ တွေ့တာနဲ့ ကြံမိကြံရာ ကြံလိုက်ရတာပါ၊ တကယ်ပါရှင် ...

ကျွန်မ ရှင့်ကို ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး၊ ဒီမှာ ကျွန်မဝန်ထမ်းကတ်ပါ၊ မယုံရင် ယူကြည့်ပါ"

ထိုသို့ မျက်နှာတွင် စိတ်ရှုပ်ထွေးသော အရိပ်သဏ္ဌာန် ပေါ်လွင်သွားကာ အရိပ်ရဲ့ပုံစံကို သေချာစွာ အကဲခတ်သလိုရှိသည်။ အရိပ်ရဲ့လည်ပင်းမှာ ဆွဲထားသော ဝန်ထမ်းကတ်နှင့်



အရိပ်ဝတ်ဆင်ထားသော တီရှပ်အဖြူရောင်၊ အောက်ကမှင်ရိုက်ထဘီလေးဖြင့် စက္ကူကိုင်းဆွဲအိတ်လေး ကိုင်ထားသော ပုံခံကို တကယ့်စက်ရုံဝန်ထမ်းသမလေးနှယ် ယုံသွားဟန်တော့ရှိသည်။ စိတ်လျှော့လိုက်ဟန်ဖြင့် ခေါင်းကို တညိတ်ညိတ်လုပ်ကာ ...

"ဟင်း ... ကားက ပျက်ပါတယ်ဆို ဒုက္ခသည်နဲ့ လာတွေ့နေပြန်ပြီ။ ပြဿနာပဲ။ ကဲ ... အစ်မတော်လေး ခင်ဗျားက ကျုပ်နဲ့ ဘယ်နေရာထိများ လိုက်ဖို့စိတ်ကူးထားလို့လဲ"

တကယ်ဆိုလျှင် ဒီလူနဲ့တွေ့လာတာဟာ ကြားဖြတ်အစီအစဉ်ဖြစ်သည်။ ပုံမှန်အတိုင်းဆိုလျှင် အရိပ်သည် ကိုယ့်အိတ်ထဲမှာပါလာသော လက်ကိုင်ဖုန်းကိုဖွင့်ကာ တစ်ယောက်ယောက်ကို လှမ်းခေါ်ခိုင်းလိုက်ပါက အားလုံးပြီးသွားပြီဖြစ်သည်။ ခုချိန်မှာတော့ ဟန်းဒ်ဖုန်းထုတ်ဆက်လို့လည်း မဖြစ်တော့။ မီးစင်ကြည့်ကရုံသာ ရှိတော့လေသည်။

"ဟို ... ကျွန်မက လှည်းတန်းမှာ နေတာပါ"

"ဟင် ... ငါက မင်းကို လှည်းတန်းအထိ ပို့ပေးရဦးမှာလား"

"အို ... အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး၊ ရပါတယ်၊ ကျွန်မ ဒီကပဲ လမ်းလျှောက်ပြီး ..."

"ဟင်း ... ဒီလောက်လူပြတ်နေတဲ့လမ်းမှာ မိန်းကလေးတစ်ယောက်တည်း၊ ကဲ ... နေစမ်းပါဦးကွာ၊ ပြီးမှ မင်းပြဿနာကို ကြုံကြတာပေါ့၊ ခုတော့ ငါ့ကားကို အရင်ပြင်မှဖြစ်မယ်၊ ကဲ ... အဲဒီက သေတ္တာလေးပေး"

www.burmeseclassic.com

www.burmeseclassic.com



အရိပ်က သူ တောင်းသော ကိရိယာတန်ဆာပလာ သေတ္တာလေးကို မ,ကာ ကမ်းပေးလိုက်သည်။ သူက ကားထဲမှ ဆင်းကာ အပြင်သို့ တစ်ကိုယ်လုံး ရှင်းရှင်းလင်းလင်း ထွက်လိုက်တော့မှပဲ အရိပ်သည် ဝါထိန်နေသော နီယွန်မီးတွေအောက်မှာ သူ ဘယ်သူဆိုတာ ကွဲပြားလို့ သွားလေသည်။ ဘုရားရေ ... ဒါ စားဖိုမှူးလေး သူထက်ထူးပါလား။ အရိပ်သည် တိုက်ဆိုင်လာသော ကံကြမ္မာကို အံ့သြစိတ်ကြောင့် သူ့ကို ခေတ္တမျှကြောင်ငေးပြီး ကြည့်နေမိသည်။

သူကတော့ အရိပ်ကို ဂရုစိုက်မနေတော့။ လမ်းမှာ တစ်ခါဆုံခဲ့သော မိန်းကလေးမှန်းလည်း မှတ်မိပုံမပေါ်ပါ။ မမှတ်မိဆို အဲဒီတုန်းကပုံစံနှင့် အရိပ်ရဲ့ပုံစံတို့ဟာလည်း လုံးဝကွဲပြားခြားနားစွာ ရှိလို့နေသည်။ အရိပ်သည် ထူးခြားစွာ တိုက်ဆိုင်လာသော ကံကြမ္မာကို အံ့သြစိတ်ကြောင့် အခုနတုန်းက မတုန်ခဲ့သောရင်မှာ အခုမှတောင် ပြန်တုန်လာသလို ခံစားရလေသည်။ သူက ဆယ်မိနစ်ခန့်အကြာတွင် ကားစက်ဖုံးကို ပြန်ပိတ်ကာ ကားပေါ်သို့ ပြန်တက်ထိုင်လျက် စက်နှိုးလိုက်လျှင် ကားစက်က နိုးသွားသည်။

သူက လီဗာကို တဖြင်းဖြင်းပုတ်ရင်းမှ နောက်သို့ လှည့်ကာ ...

"ဒီမှာ အမိ၊ အခုလောလောဆယ်တော့ ကျုပ်အိမ်ကိုအရင်သွားမှဖြစ်မယ်၊ မင်းကို လှည်းတန်းအထိ လိုက်ပို့ဖို့ ကားထဲမှာ ဆီအလုံအလောက် ပါမလာဘူး။ ပြီးတော့ ငါ တော်တော်ဗိုက်ဆာနေပြီ၊ ညစာလည်း မစားရသေးဘူး_



အဲဒီတော့ ဘယ့်လိုလုပ်ချင်လဲ၊ ငါ့အိမ်မှာလည်း ငါတစ်ယောက်တည်း ရှိတာနော်၊ တော်ကြာ ကျားကြောက်လို့ ရှင်ကြီးအားကိုး၊ ရှင်ကြီးက ကျားထက်ဆိုးနေဦးမယ်နော်"

အဲဒီအပြောကြောင့် အရိပ်သည် ရှင်ကြီးကို လုံးဝယုံကြည်စိတ်ချလို့သွားလေသည်။ သူ နေထိုင်ရှင်သန်ရာ ပတ်ဝန်းကျင်ဟာ ဘယ်လိုပတ်ဝန်းကျင်လဲ ဆိုတာကိုပါ စိတ်ဝင်စားလှလို့ လာကြည့်ချင်လာသည်။

"ရပါတယ်၊ ကျွန်မ စောင့်နိုင်ပါတယ်"

"အိုခေ ... ပြီးရော"

သူက သူ့ရဲ့ဖောက်စ်ဝက်ဂွန်းကားလေးကို ဂူးခနဲမြည်အောင် မောင်းထွက်သည်။ အတန်ကြာ မောင်းခဲ့ပြီးလျှင် အတော်အသင့် ကျယ်ဝန်းသော ခြံဝင်းလေးရှေ့မှာရပ်လျက် သူက ခြံတံခါးကို ဆင်းဖွင့်သည်။ ပြီးတော့ ကားကို ခြံထဲသို့မောင်းဝင်လာပြီးမှ သူက အရင်ဆင်းကာ နောက်ခန်းထဲ၌ မလှုပ်မယှက်ထိုင်နေသော အရိပ်ကို ငုံ့မိုးကြည့်လျက် ...

"ကဲ ... အစ်မတော်လေး၊ ရောက်ပြီ ... ဆင်း"

အရိပ်သည် ကားထဲမှ ဆင်းပြီးနောက် ခြံဝင်းလေးထဲသို့ ဝေ့ဝဲကြည့်ရှုကာ အကဲခတ်ကြည့်လိုက်သည်။ သူ့အိမ်လေးမှာ အုတ်ဖိနပ်မြင့်မြင့် ခံထားသော ပျဉ်ထောင်အိမ်တစ်ထပ်လေး ဖြစ်ကာ နေချင့်စဖွယ်လေး ဖြစ်သည်။ ခြံထဲမှာလည်း သီးပင်စားပင်တွေ စုံလင်လျက်၊ နေ့လယ်နေ့ခင်းဆိုလျှင် တော်တော်သာယာမည့်ပုံစံ ရှိလေသည်။ သူက အိမ်တံခါးကို သော့ဖွင့်ကာ အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



သို့ဝင်သည်။ အိမ်ထဲမှာလည်း ပရိဘောဂပစ္စည်း သိပ်မရှိဘဲ ရှင်းရှင်းလင်းလင်ပဲ ဖြစ်သည်။

“ငါက ဒီမှာ သိပ်နေတာ မဟုတ်ဘူးကွ။ တစ်ပတ်ကို တစ်ခါလောက်မှ ပြန်ရောက်တာ၊ မင်းရော ညစာစားပြီး ပြီလား”

“ဟင့်အင်း”

“အေး ... ကောင်းတာပေါ့။ ညစာပါ ကျွေးလိုက်မယ်၊ ခဏစောင့်”

သူက ပစ္စည်းပစ္စယတွေကိုချကာ နောက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခဏကြာလျှင် တရှဲရှဲအသံတွေနှင့်အတူ မွှေးကြိုင်သောရနံ့တွေက အရိပ်ရဲ့နှာခေါင်းဝသို့ လာရောက်ကလိလျှင် မဆာသောဗိုက်သည်ပင် တကြုတ်ကြုတ်မြည်လာလေသည်။ သူက အိမ်ရှေ့မှာ စားပွဲအဝိုင်းတစ်ခုကို ချခင်းလျက် ထမင်းဟင်းပန်းကန်တွေကို သယ်ဆောင်လာသည်။ ဟင်းတွေက သိပ်များများစားစားတော့ မဟုတ်ပါ။

ကြက်ဥအုန်းမလက်၊ ဝက်အူချောင်းကြော်နှင့် တုန့်ယမ်းဟင်းချို၊ မုန်လာချဉ်သုပ်တို့ဖြစ်သည်။ သူက ထမင်းပန်းကန်တစ်ချပ်ကို အရိပ်ရဲ့ရှေ့သို့ တွန်းပို့ပေးကာ ...

“ကဲ ... အမိ။ အားမနာစတမ်းသာ ထည့်စားပေတော့၊ ငါတော့ စားပြီ၊ မင်းကို ထည့်မပေးနိုင်တော့ဘူး”

သူက ပြောလည်းပြော စားလည်းစားလေသည်။ သူ့ဟင်းလေးတွေမှာ တန်ဖိုးကြီးဟင်းတွေ မဟုတ်ပါဘဲနဲ့ကို စား၍မြိန်သည်။ အထူးသဖြင့် မုန်လာချဉ်သုပ်နှင့် ကြက်ဥအုန်းမ



လက်မှာ တော်တော်စား၍ ကောင်းလေသည်။ ရယ်တော့ ရယ်ရသည်။ နှစ်ဦးစလုံးဟာ ဗိုက်ဆာနေကြသောကြောင့် ထမင်းကိုသာ သဲသဲမဲမဲ စားနေကြလျက် စကားမဆိုမိချေ။ ထမင်းတစ်ပန်းကန်ကုန်၍ နောက်ထပ်လိုက်ပွဲ ထပ်ဖြည့်တော့မှပင် သူက အရိပ်ကို စကားစဖို့ သတိရဟန်တူလေသည်။

“အင်း ... မင်းလည်း တော်တော်ဆာနေပုံရတယ်နော်၊ ဘယ်လိုလဲ စားကောင်းရဲ့လား”

“ဟုတ်ကဲ့”

သူက အရိပ်ရဲ့အပြောကို ဟက်ခနဲ တစ်ချက်ရယ်ကာ ...

“ဟုတ်လား ... မင်း ကြည့်ရတာ ဒီလိုဟင်းတောင် မစားရတာ တော်တော်ကြာပြီနဲ့ တူတယ်နော်”

အရိပ်သည် သူ့ရဲ့အပြောကြောင့် ရှုံ့မဲ့မိတော့မလို ဖြစ်သွားသည်။ သို့သော် စဉ်းစားကြည့်လျှင်လည်း မှန်တော့မှန်နေတာမို့ ခေါင်းကို သွက်သွက်ကြီး ညိတ်ပြလိုက်လေသည်။ သူက အရိပ်ရဲ့အပြုအမူကိုကြည့်ကာ သနားကရုဏာသက်သွားဟန်ဖြင့် ...

“အင်း ... အခုနကတော့ ကိုယ့်ကိစ္စနဲ့ကိုယ်မို့ မင်းကိစ္စကို ရေရေလည်လည် နားမထောင်မိဘူး၊ ငါ့ကို သေချာပြန်ရှင်းပြစမ်းပါဦး”

“ဟို ... ကျွန်မက အဲဒီအထည်ချုပ်စက်ရုံမှာ အလုပ်လုပ်တဲ့သူပါ။ ကျွန်မနာမည် ပိုးပါ၊ ဒီနေ့က ကျွန်မတို့ over time ဆင်းရတဲ့ အလှည့်ပါ ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ စက်ရုံမှူးက ခေါ်တယ်ဆိုလို့ သူ့အခန်းသွားတော့ သူက အရက်သောက်နေတာပဲ၊ ပြီး ... ပြီးတော့"

"ဟိုး ... ဟိုး ... ဇီယောက်ဆို ငါသဘောပေါက်ပါပြီ၊ အင်း ... ဖြစ်မှဖြစ်ရလေကွာ၊ ဘာမှမဖြစ်တာ တော်သေးတာပေါ့ ...

ဒီပုံအတိုင်းဆို မင်း အဲဒီစက်ရုံက အလုပ်ပြုတ်ပြီပေါ့"

"အိုး ... အလုပ်မပြုတ်လည်း ကျွန်မက ထွက်ပြီးသားပါ။ ထမင်းတစ်လုပ်အတွက် အရှက်နဲ့တော့ မလဲနိုင်ပါဘူး"

အရိုပ်ရဲ့ ခပ်ဆတ်ဆတ်အပြောကို သူက သဘောကျသလို တဟားဟားနှင့် ရယ်လေသည်။ အရိုပ်သည် ရယ်မောနေသော သူ့ပုံစံကို တစ်ချက်ခိုးငေးကာ ဒီလူ့ Style ဟာ တော်တော်အဆင်ပြေပါလားဟု တွေးနေမိသည်။ သူ့ရှေ့မှာ ထိုင်နေသော မိန်းကလေးဟာ သူ့စားဝတ်နေရေး ပြေလည်အဆင်ပြေစေဖို့၊ ကိုယ်ချင်းစာစိတ်တစ်ခုတည်းဖြင့် သူ့ အလုပ်လုပ်ဖို့ ဆိုင်တစ်ခုကို ဟင်းရွက်ကန်စွန်းဝယ်သလို ပက်ခနဲ ပေးဝယ်ခဲ့သူ ဆိုတာ သူ မသိပါလား။ သိရင် အရိုပ်ကို သူ ဘယ်လိုများ ဆက်ဆံမှာပါလိမ့်။ သေချာတာတော့ ဒီလိုလွတ်လပ်ပေါ့ပါးသည့် ဆက်ဆံရေးမျိုးကို ရမှာမဟုတ်တော့။ လူတွေသည် အရိုပ် ဘယ်သူဆိုတာ သိသွားခဲ့တာနှင့် အခွင့်အရေးတစ်ခုခုကို မျှော်ကိုးဆက်ဆံကြတာကို အရိုပ် အင်မတန်မုန်းပါသည်။

"မင်းလိုစိတ်ဓာတ်မျိုး မိန်းကလေးတိုင်းမှာ ရှိရင်တော့ ကောင်းပါတယ်။ ကဲ ... ကဲ ... စား ... စားပြီးရင် မင်းကို လိုက်ပို့မယ် ...



မင်းမိဘတွေ စိတ်ပူနေရောပေါ့"

"ကျွန်မကို စိတ်ပူမယ့် မိဘတွေ မရှိတော့ပါဘူး"

"အိုး ... ဟုတ်လား၊ ဆောရီးကွာ၊ ဆောရီး၊ ဒီတော့ မင်း ဘယ်သူနဲ့နေလဲ"

"ဟိုဒင်း ... ကျွန်မ အဆောင်မှာနေတာပါ"

"ဩော် ... အင်း ... အင်း။ ဒါဆိုလည်း အဆောင်က စိတ်ပူနေမလားပဲ၊ အလုပ်တွေကတော့ ပေါပါတယ်ကွာ၊ ကိုယ့်အတွက် အန္တရာယ်ရှိတဲ့အလုပ်ဆိုရင်တော့ လုပ်မနေပါနဲ့တော့။ မင်းအဖြစ်ကို ကိုယ်ချင်းစာပြီး သနားပါတယ်၊ ဒါပေမဲ့ ငါကောင် တလောကမှ အလုပ်ရတာ။ မင်းကို မကူညီနိုင်တာ ဝမ်းနည်းပါတယ်"

"ကိစ္စမရှိပါဘူး၊ ဒါထက် ရှင်က ဘာအလုပ် လုပ်တာလဲ ဟင်"

"ငါလား၊ အင်း ... စားဖိုမှူးပေါ့"

"ဩော် ... ဒါကြောင့် ရှင့်ဟင်းတွေက စားကောင်းတာကိုး"

"မင်း ဗိုက်ဆာနေလို့ ဖြစ်ပါလိမ့်မယ်။ ဒါက ဘာပညာသားမှပါတဲ့ဟင်းတွေ မဟုတ်ပါဘူး၊ ဗိုက်ဆာလွန်းလို့ အမြန်ချက်လိုက်တာ၊ ငါက များသောအားဖြင့် Restaurant မှာ နေတာကွ၊ အိမ်ကို တစ်ခါတလေမှ ပြန်ဖြစ်တာ ...

ငါလည်း မင်းလိုပဲ မိဘတွေ မရှိတော့တဲ့သူပေါ့၊ အဲ ... အဖေက ဘုန်းကြီးအပြီးဝတ်သွားတာဟ။ ကဲ ... မင်း ခဏနေ ဆင်းခဲ့တော့။ ငါ အောက်မှာ ဆီအရင်သွားဖြည့်နှင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အခန်းထောင့်မှ ဆီပုံးကိုယူကာ အိမ်အောက်ထပ်သို့ ဆင်းသွားလေသည်။ ဓာတ်ဆီဖြည့်ပြီးသွားလျှင် သူက ကားကို အပြင်သို့ ပြန်ထုတ်လျှင် အရိပ်က သူ့ကိုခေါင်းတစ်ချက်ညိတ်ပြရင်းမှ ...

"ကျွန်မ ရှေ့မှာ ထိုင်လို့ရမလားဟင်"

"ရတယ် ... ထိုင်လေ"

အရိပ် ဝင်ထိုင်ပြီးလျှင် သူက ကားကို မောင်းထွက်သည်။

"လှည်းတန်း ဟုတ်လား၊ ဘယ်လမ်းလဲ"

"ဟိုဟာလေ ... နှင်းဆီလမ်းပါ"

"နှင်းဆီလမ်း ! ဟုတ်လား၊ သိပ်တော့ မသိဘူး၊ ရောက်ရင် ပြောပေးလေ၊ လှည်းတန်းတော့ သိပ်မကျွမ်းဘူး"

"ဟုတ်ကဲ့ ပြောပေးပါ့မယ်"

သူက ထပ်၍စကားမဆိုတော့ပေ။ လှည်းတန်းဘက်သို့ ရောက်လာလျှင်တော့ သူကမေးလျှင် အရိပ်သည် ပါးစပ်ထဲက တွေ့ကရာနာမည် ပြောလိုက်သောကြောင့် လမ်းမညွှန်တတ်တော့။ ဒါကြောင့် မသက်မသာ အပြုံးလေးနှင့်ပင် ...

"ရတယ်၊ ဒီထိပ်မှာပဲ ရပ်ပေးလိုက်ပါ၊ ပြန်ထွက်ရင် ခက်နေမှာစိုးလို့ပါ၊ ခုလို အများကြီးကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တစ်နေ့နေ့မှာ ဒီကျေးဇူးတွေကို ပြန်ဆပ်နိုင်ဖို့ ကြိုးစားပါ့မယ်"

သူက အရိပ်ရဲ့စကားကို နူးညံ့သော အပြုံးတစ်ချက်နှင့် ခေါင်းခါကာ ...



"မလိုပါဘူးကွာ၊ မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေတာကို ကူညီခွင့်ရလို့ ကူညီရတာပါ။ မင်း ပြဿနာထဲကို တကူးတက ဝင်ကူညီတာမှ မဟုတ်တာ၊ ကျေးဇူးရှင်ကြီးအဖြစ် သတ်မှတ်ပြီး ကျေးဇူးဆပ်ဖို့တွေ ဘာတွေ မလိုအပ်ပါဘူး"

"ဟုတ်ကဲ့ ... ဒါဖြင့်ရင် ကူညီခဲ့ဖူးသူတစ်ယောက်ရဲ့နာမည်ကိုရော သိခွင့်ရှိမလားဟင်"

"ရပါတယ်၊ ငါ့နာမည် သုထက်ထူးတဲ့။ ပန်းမြတ်တော်ဝင်က စားဖိုမှူးပေါ့။ နောက်တစ်ခါ ဆုံဖြစ်ကြရင်တော့ မင်းကို ငါ့လက်ရာ ဟင်းတစ်ပွဲလောက်နဲ့တော့ ဧည့်ခံချင်ပါတယ်"

"မျှော်လင့်နေပါ့မယ်"

"အိုခေ ... ဒါဆို ခွင့်ပြုပါဦး၊ သွားပြီနော်"

သူက အရိပ်ကို လက်ပြနှုတ်ဆက်ပြီးနောက် သူ့ကားလေးကို မောင်းထွက်သွားလေသည်။ အရိပ်သည် ကားနောက်မီးလေးကို မီးနီလေး ပျောက်ကွယ်သွားသည့်အထိ ငေးမောနေခဲ့ပြီးမှ ဖျတ်ခနဲ သတိဝင်လာခဲ့သည်။ အရိပ် ငေးမောတွေးတောနေဖို့ အချိန်မရှိသေးပါ။ အရိပ်မှာ လုပ်စရာအလုပ်တွေ အများကြီး ရှိသေးသည်။ အို ... ဘုရားရေ၊ ဒီအချိန်မှာ နောင်ရိုးနဲ့ ဝင့်ဖြာတို့ ဘယ်လောက်တောင်များ စိတ်ပူနေကြမှာပါလိမ့်။ အရိပ် ကိုယ်တိုင်ဆင်းမည့် အော်ပရေးရှင်းအတွက် သူတို့အင်မတန် စိုးရိမ်နေခဲ့ကြတာဖြစ်သည်။ အရိပ်သည် အနီးမှဖြတ်သွားသော Taxi တစ်စီးကို လက်ပြတားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်ရိပ်သာလမ်းက ထက်ရိပ်သာခြံကို မောင်းပါ"

Taxi သမားက နောက်ခန်းထဲမှာ ခပ်တည်တည် ထိုင်ရင်း ပြောလိုက်သော အရိပ်ကို နောက်ကြည့်မှန်ထဲမှတစ်ဆင့် ပြုံးပြုံးကြည့်သည်။ အဲဒီခြံနှင့် ပတ်သက်နေသူမှာ ဘယ်သူပါလိမ့် ဟူသော စူးစမ်းသည့်သဘော ဖြစ်သည်။ အရိပ်ကတော့ အခုန ကရုပ်နှင့် တခြားဆီ ဖြစ်သွားကာ ပင်ကိုရုပ် ပြန်ဖြစ်သွားသည်။ နှုတ်ခမ်းတွေက တင်းတင်းစေ့လျက် မျက်လုံးတွေက စူးရှပြတ်သားကာ ရက်စက်သော ပြစ်ဒဏ်တွေကို ချဖို့အတွက် အစီအစဉ်တွေကို ဦးနှောက်ထဲမှာ အပြေးအလွှား စဉ်းစားလျက် ရှိခဲ့သည်။



## ၇

ပြီးခဲ့သောကိစ္စနှင့် ပတ်သက်၍ အရိပ်သည် နောင်ရိုးနှင့် ဝင့်ဖြာတို့၏ နားအူ နားပေါက်မတတ် ညော်ကြသော ညော်စီးရီးစ်များကို ဆက်တိုက်ဆိုသလိုပင် နားဆင်ရလေသည်။ အဘွားကတော့ အိပ်ရာထက်မှာ လဲနေကာ ယဲ့ယဲ့ပင် ရှိတော့သူမို့ အရိပ်ကို ဘာမှမပြောနိုင်တော့သော်လည်း နောင်ရိုးကတော့ ဖအေတစ်ယောက်နှယ် ဆူလိုက်သည်မှာ ဝက်ဝက်ကို ကွဲ၍နေလေသည်။ အဲဒီညက နောင်ရိုး တစ်ယောက် စက်ရုံကို မြေလှန်ပစ်တော့မို့ သိသိလေးသာ လိုတော့သည်တဲ့။ အရိပ်က နောင်ရိုး စေတနာကို နားလည်သောကြောင့် သူ ဆူပူအော်ဟစ်သမျှ ဘာမှပြန်မပြောဘဲ ခပ်ပြုံးပြုံးနှင့် လက်ပိုက်နေလေ သူက ပို၍ဒေါသထွက်လေဖြစ်သည်။

"နင် အဲဒီလို ပြန်မပြော နားမထောင် လုပ်ချင်ရာလုပ်မနေနဲ့ အရိပ်၊ နင် လုပ်ချင်ရာလုပ်ပြီး နောက်ကနေ ငါ့ကို စိုးရိမ်စိတ်ပူနေရတဲ့ ဝဋ်ဒုက္ခက ဘယ်လောက်ကြီးတယ် ဆိုတာ နင် နားမလည်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



အရိုပ်ရာ ... ဒီကိစ္စအတွက်နဲ့များ၊ နှင် တစ်ခုခုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ ဟင် ... ပြောစမ်း၊ ဘယ်လိုဖြေရှင်းကြမှာတဲ့လဲ"

အရိုပ်က မျက်နှာတွေ နီရဲကာ သွေးတာဆူဆူဒေါသဖြစ်နေသော နှောင်ရိုးကို ပြုံးပြုံးလေး မော့ကြည့်လျက် ...

"အခု ငါ ဘာဖြစ်လာလို့လဲ နှောင်ရိုးရယ်"

"ဘာမှမဖြစ်လို့ပေါ့၊ ဖြစ်ခဲ့ရင် အဲဒီစက်ရုံတစ်ခုလုံးကို မီးပုံရှို့ခဲ့ပြီ။ အရိုပ်ရယ် ... နှင့်အပေါ်မှာထားတဲ့ ငါ့ရဲ့ စိုးရိမ်ကြီးမှုတွေကိုလည်း တစ်ချက်လောက်ဖြစ်ဖြစ် ငဲ့ကြည့်ပြီး စာနာထောက်ထားပါဦး ...

ဘာလို့ ငါ့ခံစားချက်တွေကို လျစ်လျူရှုထားရတာလဲ။ နှင် ... ကျွတ် ... တကယ်မမိုက်ဘူးဟာ"

နှောင်ရိုးက တကယ့်ကို ကြေကွဲမှုမာတ်ခံပါသော မျက်ဝန်းတွေနှင့် ဆိုနှင့်စွာပြောလျှင် အဲဒီပုံစံကိုတော့ အရိုပ်တကယ်ပဲ သနားသွားရပါသည်။ အဲဒါကြောင့် ထိုင်ရာမှထလျက် နှောင်ရိုးရဲ့နောက်ဘက်မှနေ၍ သူ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်မီကာ ကြင်နာစွာ နှစ်သိမ့်သော သဘောဖြင့် ...

"အဲဒီလို မဟုတ်ပါဘူး နှောင်ရိုးရယ်၊ နှင်ကလည်း ငါ့ကို ဘာဖြစ်လို့ နားလည်မပေးနိုင်ရတာတဲ့လဲ။ ငါ့အတွက် စိတ်ပူတာကိုလည်း ငါမှမကြိုက်တာ ...

ကဲပါဟာ ... နှင့်ကို ငါ ကတိပေးတယ်၊ နောင်ဒါမျိုး ငါ ဘယ်တော့မှ မလုပ်တော့ဘူး"

"တကယ်လား"



နှောင်ရိုးက ဆိုဖာမှာထိုင်လျက်သားမို့ အရိုပ်ကို လည်ပြန်လှည့်ကာ မော့ပြီးမေးသည်။ အရိုပ်သည် နှောင်ရိုးရဲ့ ဇက်ကြောတွေကို ဆွဲပေးသလို တစ်ချက်ဖျစ်ညှစ်ပြီးမှ ငုံ့မိုးပြုံးပြကာ ...

"တကယ်ပါ၊ ငါ့အတွက် နှင် စိတ်ပူခဲ့ရတယ်ဆိုရင် တောင်းပန်ပါတယ် သူငယ်ချင်းလေးရယ်၊ ကဲ ... နှင် ကျေနပ်အောင် ငါ ဘာလုပ်ပေးရမလဲ ... ပြော"

"အင်း ... တကယ်တော့ သိပ်မကျေနပ်ချင်ဘူးဟာ၊ မနေ့ညက နှင့်အတွက် စိတ်ပူရတာ အရှုံးလိုပဲ။ ဒီတော့ ငါ့ကို ဇက်ကြောဆွဲပေးစမ်း"

"အဟား ... ဟား ... ဖြစ်တယ်။ ဒါပေမဲ့ နှစ်မိနစ်ပဲ"

"ဟာ ... ဟော့ကောင်၊ နှစ်မိနစ်တော့ မရဘူးကွာ၊ အနည်းဆုံး ဆယ့်ငါးမိနစ်မှ အညောင်းပြေမှာပေါ့"

"အိုး ... အိုး ... ဒါဆိုရင်တော့ Massage ကိုသွား။ ကဲ ... စပြီ၊ အချိန်မှတ်ပြီနော်၊ ဟော ... နှစ်စက္ကန့်ရှိသွားပြီ"

"ဟာ ... အရိုပ်၊ မင်း အဲဒီလိုတော့ မညစ်ပတ်နဲ့ကွာ"

နှောင်ရိုးက အရိုပ်ရဲ့လက်တွေကို ဖမ်းဆုပ်လျက်ရယ်မောနောက်ပြောင်နေတုန်းမှာပင် အရိုပ်ရဲ့ဆဋ္ဌမအာရုံတွေသည် ဧည့်ခန်းရှေ့မှာရပ်နေသော ဝင့်ဖြာကို ဖျတ်ခနဲသွားမြင်သည်။ ဝင့်ဖြာသည် ဧည့်ခန်းထဲသို့ ဝင်လာမည့်ဟာကို ဝင်မလာသေးဘဲ ရပ်ကြည့်နေတာဖြစ်သည်။ အရိုပ်က မျက်ခုံးပင့်ကြည့်မိလျက် ...

"ဝင့်ဖြာ ... ဘာလုပ်နေတာလဲ၊ ဝင်လာလေ"

အဲဒီတော့မှပဲ ဝင့်ဖြာက မျက်လွှာကို အသာချကာ ဝင်လာသည်။ အရိုပ်သည် ဝင့်ဖြာရဲ့ပုံစံကို တစ်ချက်အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနှင့် ဝင့်ဖြာ ဘာဖြစ်နေတယ် ဆိုတာကို ချက်ချင်းရိပ်မိလေသည်။ နောင်ရိုးက အရိပ်ရဲ့လက်တွေကို လွှတ်ပေးလိုက်လျှင် အရိပ်သည် နောင်ရိုးရဲ့ခေါင်းကို တစ်ချက်ဆောင့်တွန်းခဲ့ပြီးမှ ဝင့်ဖြာရဲ့ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဦးမင်းမြတ်ကိစ္စ အခြေအနေ ထူးလို့လား ဝင့်ဖြာ"

"အင်း ... နှင့် ထင်ထားတဲ့ အတိုင်းပါပဲ"

ဝင့်ဖြာရဲ့အသံက ခြောက်ကပ်ကပ် ထွက်လာသည်။ အရိပ်ရဲ့မျက်လုံးတွေမှာ လက်ခနဲဖြစ်သွားသည်။ အရိပ်ထင်တာ မမှားခဲ့ချေ။ လျှပ်စစ်ဝါယာကြိုးစက်ရုံမှ မန်နေဂျာရာထူးအတွက် လက်ထောက်မန်နေဂျာနှစ်ယောက်ထဲမှ တစ်ယောက်ကို ရွေးချယ်ရမည်ဖြစ်လေရာ အရိပ်သည် နှစ်ယောက်စလုံးကို စမ်းသပ်ရွေးချယ်ခဲ့တာဖြစ်သည်။ လုပ်သက်နှင့် အရည်အချင်းကို ဦးစားမပေးဘဲ အလုပ်အပေါ်တွင် သစ္စာရှိမည့်သူကို အဓိကထား ရွေးချယ်ခဲ့ခြင်း ဖြစ်လေရာ ဦးမင်းမြတ်မှာ အရည်အချင်းစစ် စာမေးပွဲ၌ ပြုတ်၍သွားလေပြီ။

"ဟိုကိစ္စကရော နှင် ဘယ်လိုဖြေရှင်းမှာလဲ အရိပ်"

"ဘယ်လိုဖြေရှင်းရမှာလဲ၊ အဲဒီလူကို အလုပ်ဖြုတ်ပစ်ရမှာပေါ့။ ပြီးတော့ စက်ရုံမှာ စုံညီအစည်းအဝေးတစ်ခုလုပ်ပြီး ဝန်ထမ်းတွေအားလုံးကို မှန်မှန်ကန်ကန် ကြိုးစားကြဖို့၊ တရားမမျှတတာ ရှိခဲ့ရင် ငါ့ဆီကိုတိုင်ကြားနိုင်ဖို့ အဲဒါတွေပြောရမှာပေါ့ ...

အခုဆိုရင် တခြားရှယ်ယာဝင်တွေကလည်း အားလုံးလက်ခံသွားပြီဆိုတော့ ဒီစနစ်အတိုင်းပဲ ဆက်လုပ်ဖို့ပဲ ရှိတော့တယ်၊ ဆုပေး ဒဏ်ပေး စနစ်ပဲ"



အရိပ်ရဲ့စကားကို ဝင့်ဖြာက ခေါင်းတစ်ချက်ညိတ်ပြသော်လည်း နောင်ရိုးကတော့ မသက်မသာကြည့်လာလျက် ...

"အရိပ်ရယ် ... တစ်ဖက်သားကို အဲဒီလို စမ်းသပ်စစ်ဆေးကြည့်တဲ့ စိတ်ဓာတ်ကြီးကိုရော မပြင်နိုင်တော့ဘူးလား။ ဒါမှမဟုတ် နည်းနည်းလောက်ဖြစ်ဖြစ် လျှော့ဖို့ရော စိတ်ကူးမရှိတော့ဘူးလား"

အရိပ်က ပခုံးကိုတစ်ချက်တွန့်ကာ ...

"ငါ ကိုယ်တိုင်လည်း ဒီလိုနေရာကို ရဖို့အတွက် အကြိမ်ပေါင်းများစွာ စမ်းသပ်ခံခဲ့ရတာပဲလေ၊ အရည်အချင်းစစ်တယ်ဆိုတာ နေရာတိုင်းမှာ ရှိတာပဲ ...

ဒါပေမဲ့ ငါက အရည်အချင်းစစ်ဟာ မဟုတ်ဘူး၊ အရည်အချင်းထက် လူတစ်ယောက်မှာ အရေးကြီးတာ စိတ်ဓာတ်ပဲ။ အဲဒီ စိတ်ဓာတ်အစစ်အမှန်တွေ သိဖို့က အရမ်းအရေးကြီးတယ်"

"ဟူး ... အံ့သြတယ်ကွာ၊ နှင် ငါတို့ကိုရော အဲဒီလိုမျိုး စမ်းသပ်နေဦးမှာလားဟင်"

"အင်း ... လိုအပ်ရင်တော့ စမ်းသပ်ရမှာပေါ့"

အရိပ်ရဲ့စကားကို နောင်ရိုးက ရှုံ့ရှုံ့မဲ့မဲ့နှင့် ရယ်သော်လည်း ဝင့်ဖြာကတော့ မရယ်ပါ။ တစ်စုံတစ်ခုကို နက်နက်ရှိုင်းရှိုင်း တွေးတောနေဟန်ဖြင့် ငြိမ်သက်တိတ်ဆိတ်နေခဲ့တာကို အရိပ်က သတိထားမိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သည် ကိုယ်ကူညီခဲ့ဖူးသော စားဖိုမှူးလေးနဲ့ ထပ်မံဆုံစည်းခွင့်ကို တကူးတကလည်း မဖန်တီးခဲ့ပါ။ သို့သော် ကံကြမ္မာက သူနဲ့အရိပ်ကို ထပ်၍ဆုံစည်းစေခဲ့သည်။ ဆောင်းဝင်ရောက်လာပြီဆိုလျှင် အရိပ်က အင်းလျားကန်ပေါင်ပေါ်သို့တက်ကာ ပြေးလေ့ရှိသည်။ တစ်ခါတလေတော့လည်း လမ်းလျှောက်တတ်လေ့ရှိသည်။ မနက်စောစော ငါးနာရီခွဲလောက် ထပြေးတတ်ကာ ခြောက်နာရီခွဲလောက် ဆိုလျှင်တော့ အိမ်ပြန်တတ်သည်။ အိမ်ကနေ ပြေးလာပြီးနောက် ကန်ပေါင်ပေါ်သို့ရောက်လျှင် အကြောလျှော့၊ သွေးပူလေ့ကျင့်ခန်းလုပ် စသဖြင့် အစီအစဉ်အတိုင်း လုပ်နေကြ။

ဒီနေ့လည်း အရိပ်သည် ထုံးစံအတိုင်းပင် ကန်ပေါင်ပေါ်မှာ ကန်ဘက်ကို မျက်နှာမူလျက် သွေးပူလေ့ကျင့်ခန်းလုပ်နေတုန်းမှာပင် လူတစ်ယောက်က အရိပ်ရဲ့ဘေးနှစ်ဖက်မှ ကွက်ကြည့် ကွက်ကြည့် လုပ်နေကာ ရှေ့မကျတကျ နေရာသို့ ရောက်လာပြီးလျှင် ...

"ဟော့ ... မင်း ... ဟိုဒင်း ... ဟိုတစ်ခါက ဆုံခဲ့ဖူးတဲ့ တစ်ယောက် မဟုတ်လား"



အရိပ်က ကိုယ့်ကို စကားလာပြောသူ တစ်ယောက်ကို ငဲ့ကြည့်လိုက်လျှင် အရိပ် ဒုက္ခပေးခဲ့ဖူးသော စားဖိုမှူးလေး ဖြစ်လို့နေသည်။ အရိပ်သည် အံ့သြလွန်းသောကြောင့် သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ငဲ့ကြည့်မိသည်။ သူကလည်း အရိပ်ကို ဘစ်နေ့က တွေ့ခဲ့သော ကောင်မလေးမှ ဟုတ်ရဲ့လားဟု သေချာစွာ အကဲခတ်နေခဲ့တာဖြစ်သည်။ အရိပ်သည် မနက်ခင်းစောစော ထပြေးတာမို့ ဘာမှပြင်ဆင်ခြယ်သမထားသော မျက်နှာပြောင်နှင့် ဖြစ်သော်လည်း ဆင်ယွှယ်ရောင် ခပ်အိအိဆွယ်တာအကောင်းစားနှင့် ဘေးနှစ်ဖက်မှာ အဖြူ၊ ဂုင်လိုင်းအစင်းနှစ်ကြောင်းပါသော sport ဘောင်းဘီ နက်ပြာရောင်ကို ဝတ်ဆင်ထားတာကြောင့် ဘစ်နေ့ကပုံစံနှင့်တော့ ကွဲပြားခြားနားလို့နေသည်။

ဘယ်လောက်ပဲ မပြင်ဆင်ထားပါစေ၊ ချမ်းသာကြွယ်ဝသောအဆင့်အတန်းတစ်ခုက လူတစ်ယောက်ရဲ့ personality က အမြင့်စားမှာ ရှိနေသည့်အတွက် သူဟာ သူတွေ့ခဲ့ဖူးသည့် အထည်ချုပ်စက်ရုံက ဝန်ထမ်းမိန်းကလေးနှင့် အရိပ်ကို တစ်ယောက်တည်း ဟုတ်မှဟုတ်ပါ့မလားဟု သံသယလည်း ရှိနေပုံပေါ်သည်။

သူက အရိပ်ရဲ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ကာ ...

"မင်း ကိုယ့်ကို မမှတ်မိဘူးလား"

"သြော် ... ဟုတ်ကဲ့ မှတ်မိပါတယ်၊ မှတ်မိပြီ"

ဒီတော့မှ သူက အလိုကျသွားဟန်ဖြင့် ပြုံးကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘယ်လိုလဲ၊ အဆင်ပြေသွားပြီလား။ ဟိုအလုပ်က ထွက်လိုက်လား၊ ဘာတွေဆက်ဖြစ်ကြသေးလဲ၊ မင်းပြဿနာကို စိတ်တော့ စိတ်ဝင်စားတယ်ကွ"

"အင်း ... အဲဒီလူကြီး အလုပ်ပြုတ်သွားတယ်လို့ ကြားတယ်"

"ဟုတ်လား၊ မင်း လုပ်လိုက်တာလား"

အစစ်ပေါ့။ အရိုပ်သည် အဲဒီစကားကိုတော့ စိတ်ထဲမှ တိတ်တိတ်လေး ကျိတ်ပြောကာ အပြင်ဘက်မှာတော့ ခေါင်းကို ခါယမ်းပြလိုက်ရင်းမှ ...

"ဟင့်အင်း ... ကျွန်မလို မိန်းကလေးတွေများတော့ စုပြီး တိုင်လိုက်ကြတာနဲ့ အဲဒီလူကြီး အလုပ်ပြုတ်သွားတယ်"

"ဪ ... တော်တော်သောင်းကျန်းတဲ့ လူကြီးပဲ၊ ဒီလောက် သောင်းကျန်းနေတာ ပိုင်ရှင်သူဌေးက မသိဘူးတဲ့လား"

ဒီလိုမေးခွန်းမျိုးကို ဒီသတင်းတွေ အရိုပ်၏နားသို့ မပေါက်ကြားခင်ထိ ဘယ်နှယောက်တောင်များ မေးခဲ့ကြပါလိမ့်။ ရှေ့မှာ ဘဝတွေ စတေးခဲ့သော မိန်းကလေးတွေအတွက် အရိုပ်မှာရော အပြစ်ကင်းစင်ပါရဲ့လား။ လုပ်ငန်းပေါင်းများစွာဖြင့် ငွေကြေးတွေ ထားစရာမရှိအောင် ကြွယ်ဝချမ်းသာသော အရိုပ်ဟာ ကိုယ့်ဝန်ထမ်းတွေကို အချိန်မီစောင့်ရှောက်မှု မပေးနိုင်ခဲ့တာတော့ ရင်နာလှသည်။

"သူဌေးက စက်ရုံအုပ်ချုပ်မှုနဲ့ အရမ်းအလှမ်းဝေးတယ်၊ သူ့မှာ လုပ်ငန်းတွေက အများကြီးဆိုတော့ အဲဒီစက်ရုံမှူး ကိုယ်တိုင်တောင် သူဌေးကို မြင်ဖူးတာ မဟုတ်ဘူး"



"ဘယ်သူလဲ သူဌေးက"

အရိုပ်သည် ဒီမေးခွန်းကိုတော့ ခပ်လွဲလွဲဖြင့်ပင် "ထက်ထရေးဒင်းကပါ" ဖြေလိုက်သည်။ သူက မျက်ခုံးတပင့်ပင့်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဪ ... ထက်ထရေးဒင်းလား၊ သိတာပေါ့၊ အဲဒီက အဘွားကြီးက အရမ်းတော်တယ်လို့ ကြားတယ်၊ ဘာလဲ အောက်စဖို့ဒ်ကတောင် ဆင်းလာတယ်ဆိုလားပဲ၊ အခု သူ့မြေးတစ်ယောက်ကတောင် သူ့အမွေကို ဆက်ခံတယ် ကြားတယ်"

အရိုပ်သည် မှင်နဲ့မောင်းနဲ့ ခပ်တည်တည် ခေါင်းညိတ်ပြလိုက်ရသော်လည်း သူ့ကိုလျှော့မတွက်သင့်ဟုတော့ မှတ်သားလိုက်ရသည်။ တကယ်တော့ သူက တော်လွန်းလို့ ဒီအကြောင်းအရာတွေကို သိနေတာတော့ မဟုတ်။ သူသိသလောက်ကို လူတော်တော်များများ သိသည်။ ဘွားဘွား တည်ထောင်ခဲ့သော ထက်ထရေးဒင်းသည် အခုမှ နာမည်ကြီး လူသိများတာမျိုးမဟုတ်ဘဲ ဘွားတို့ခေတ်တည်းက နာမည်ကြီးခဲ့ပြီဖြစ်သည်။ ဒီဘက်ခေတ်မှာတော့ မီဒီယာတွေရဲ့အကျိုးကြောင့်ရော၊ အရိုပ်ရဲ့စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေကြောင့်ရော ထက်ထရေးဒင်းသည် တစ်နိုင်ငံလုံး လျှမ်းလျှမ်းတောက်။ သို့သော် အရိုပ်သည် ကိုယ့်ပုံရိပ်ပါမည့်ပွဲတွေကို ရှောင်ခြင်းကြောင့် တော်ရုံဟာ အရိုပ်ကို ကွဲကွဲပြားပြား မသိကြပါ။

"အဲဒီစက်ရုံမှူး ပြုတ်သွားပြီဆိုတော့ မင်းက အဲဒီမှာ ပြန်မလုပ်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း … အခု ကလေးတွေကို စာပြတဲ့အလုပ် လုပ်နေတယ်၊ သူငယ်တန်းဂိုက်ဒ်ပေါ့ … ဟင်း ဟင်း”

“သြော် … ဟုတ်လား၊ ကောင်းပါတယ်ကွာ။ ကြိုးစားပေါ့၊ တစ်ခုခုအဆင်မပြေတော့လည်း တစ်ခုပေါ့။ ဘဝတွေကတော့ ဒီလိုပဲ ရုန်းကန်နေကြရတာပဲ”

အရိပ်က သူ့စကားကို သဘောကျဟန်ဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ …

“အံမယ် … ရှင်က ဘာတွေများ ရုန်းကန်နေရလို့လဲ၊ ကျွန်မတို့ထက်စာရင် ရှင့်ဘဝက အများကြီး ပိုကံကောင်းပါတယ်နော်”

“ဟား ဟား … အဲဒီလိုမြင်တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ၊ ကဲ … လမ်းဆက်လျှောက်ရင်း ပြောကြမလား”

သူက လွတ်လပ်ပေါ့ပါးစွာ ရယ်မောပြီး အရိပ်ကို မေးတစ်ချက်ဆတ်ကာ ပြောလိုက်လျှင် အရိပ်သည် ခေါင်းတစ်ချက်ညိတ်ပြမိသွားသည်။ နက်ပြာရောင် ထရက်ဆုတ်ကို လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထားသော သူ့ပုံစံသည် ခေတ်မီနုသစ်သော အသွင်သဏ္ဌာန်ဖြင့် လန်းဆန်းတက်ကြွနေသည်။ အင်း … ပန်းမြတ်တော်ဝင်ဆိုင်ဟာ အင်းလျားကန်ပေါင်နဲ့ နီးတာပဲ၊ ဒါကြောင့် သူ ထပြေးနိုင်တာပေါ့။ အရိပ်သည် စားဖိုမှူးတစ်ယောက်ဆိုသော်လည်း မိုဒယ်လ်ဘွိုင်းတစ်ယောက်လိုလည်း စတိုင်လ်ကျစွာ ဆံပင်ကို အနုန်းခွဲရောင်ရင့်ရင့် ဆိုးထားသော သူ့ပုံစံကို သဘောတကျ ငေးကြည့်မိကာ …



“ဟိုတစ်နေ့ညက ရှင် ပြောခဲ့တယ်နော်၊ ရှင်က စားဖိုမှူးလုပ်တယ်ဆိုတာလေ၊ ဘယ် Hotel မှာ လုပ်တာလဲဟင်”

“အဟား … အထင်ကြီးလှချည်လား။ ဘယ် Hotel မှာမှ မဟုတ်ပါဘူးကွာ၊ ဒီအလုပ်တောင် ကံကောင်းလွန်းလို့ ရထားတာပါ။ ဒီနားလေးက ပန်းမြတ်တော်ဝင်မှာလေ၊ ကြုံရင် ဝင်ခဲ့ပေါ့”

“အံမယ် … ဝယ်မစားနိုင်ပါဘူးနော်၊ ဈေးကြီးမှာပေါ့”

“တချို့ဟာတွေက အရမ်းဈေးမကြီးပါဘူး။ ကိုယ် ထွင်ထားတဲ့ အစားအသောက်တွေဆိုရင် စားကောင်းပြီး ဈေးမကြီးလို့ နာမည်ထွက်နေတာ၊ ဥပမာ … ပိန်းဥထမင်းနဲ့ သရက်သီးစိမ်းသုပ် ဆိုရင် အရမ်းလူကြိုက်များတယ် …

တစ်နေ့လောက် ဆိုင်ကိုလာခဲ့လေ၊ မင်းကို ကိုယ် ဧည့်ခံပါမယ်”

“စားတော့ စားချင်တယ်ရှင်။ ပိန်းဥထမင်းဆိုတော့ ကောင်းမှာပဲနော်။ သက်သတ်လွတ်ပေါ့၊ ဟုတ်လား”

“အင်း … သက်သတ်လွတ်ပေါ့၊ ဒါပေမဲ့ ပုစွန်ခြောက်နဲ့ ကြက်သားမှုန့်တွေတော့ ပါတယ်ကွ။ ပိန်းဥထမင်းရယ်၊ သရက်သီးစိမ်းသုပ်ရယ်၊ နောက် … မလေးရှားကြက်သားဟင်းရယ် တွဲစားရတာ”

“ပိန်းဥထမင်းကို ဘယ်လိုချက်ရတာလဲဟင်”

အရိပ်ရဲ့ကလေးဆန်ဆန်အမေးကို သူက ဟက်ခနဲ တစ်ချက်ရယ်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ချက်ရင် မင်းကို ခေါ်ထားမယ်၊ လာကြည့်လိုက် ဟုတ်ပြီလား"

အဲဒီနောက် နှစ်ဦးစလုံးဟာ တိုင်ပင်ထားသလို ပြိုင်တူရယ်မိကြလေသည်။ အင်းလျားကန်ရဲ့ တစ်ဖက်ထိပ်သို့ လမ်းလျှောက်ကြပြီး ပြန်ဆင်းလာသောအခါ ဗီဇကို မဖျောက်နိုင်သော အရိပ်သည် သူ့ကို စောက်ကြည့်မိသေးသည်။

"ရှင် အဲဒီမှာ အရမ်းနာမည်ကြီးသွားလို့ ဟိုတယ်ကြီးတစ်ခုခုကနေပြီး ရှင့်ကို အဲဒီဆိုင်မှာ လုပ်တာထက် လစာတွေ လာပြီးပိုပေးခေါ်ရင်ရော သွားမှာလားဟင်"

"အင်း ... ဒီမေးခွန်းက နည်းနည်းတော့ စဉ်းစားစရာပဲ"

အရိပ်သည် သူ့အဖြေကြောင့် စိတ်ဝင်စားလွန်းအားကြီးသွားကာ သူ့ကိုတောင် မော့ကြည့်မိသည်။ သူကလည်း အရိပ်ကို ငုံ့ကြည့်တာနဲ့ ကြုံပါသည်။ သူ့အရပ်ဟာ တော်တော်မြင့်သည်ဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် ငါးပေခြောက်လက်မရှိသော အရိပ်ကို သူက နည်းနည်းငုံ့ကြည့်သောကြောင့် ဖြစ်သည်။

"ဘယ်လိုစဉ်းစားစရာလဲ၊ ပိုက်ဆံတွေ အများကြီး ပိုပေးတာကို စဉ်းစားမှာလား။ ဒေါ်လာနဲ့ ပေးမယ်ဆိုရင်တောင်လေ"

သူက အရိပ်ရဲ့စကားကို သဘောကျသွားဟန်ဖြင့် ဟက်ခနဲ တစ်ချက်ရယ်ကာ ချစ်စနိုးနောက်ဟန်ဖြင့် လက်သီးနဲ့ တစ်ချက်ရွယ်သည်။ အဲဒီအပြုအမူကြောင့် အရိပ်ရဲ့ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။ သန့်စင်ကြည်လင်သော အပြုံးနှင့် သူ့



ပုံစံသည် အရိပ်တွေ့ဖူးသမျှ ယောက်ျားတွေထဲတွင် ကြည့်အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။

"ဒီလိုရှိတယ်ကွ။ ကိုယ်က စိတ်ချမ်းသာမှုကို ထည့်တွက်တဲ့ ယောက်ျားတစ်ယောက်လေ။ အခု ကိုယ်လုပ်နေတဲ့ ပန်းမြတ်တော်ဝင်မှာ ကိုယ် စိတ်ချမ်းသာတယ်။ ဆိုင်ရှင်သူဌေးက Chef တွေအပေါ်မှာ Pressure မပေးဘူး။ ပညာရှင်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုပြီး လေးလေးစားစား ဆက်ဆံတယ်၊ ကျန်တဲ့ဝန်ထမ်းတွေ အားလုံးနဲ့လည်း အဆင်ပြေတယ် ...

ဒီတော့ ... Hotel ကြီးတစ်ခုက ကိုယ့်ကို ဒေါ်လာနဲ့ပေးခေါ်မယ်ဆိုရင်တောင် စဉ်းစားရမယ့် သဘောရှိတယ်။ ဒေါ်လာတွေ ရနေပေမယ့် ကိုယ် အဲဒီမှာ ဒီလောက်စိတ်ချမ်းသာပါ့မလား။ နိုင်ငံခြားသားက ကိုယ့်ကို ဘာ pressure တွေ ပေးမလဲ။ စသဖြင့်ပေါ့လေ လူတစ်ယောက်အတွက် ငွေကြေးဥစ္စာက အရေးပါတယ် ဆိုပေမယ့် စိတ်ချမ်းသာမှုကို ထိခိုက်လာမယ်ဆိုရင်တော့ အဲဒီငွေကြေးကို ကိုယ် မမက်မောဘူး ...

အခု ဒီဆိုင်မှာ လုပ်ရတာ ကိုယ် အရမ်းစိတ်ချမ်းသာတယ်ကွာ၊ အထူးသဖြင့် အင်းလျားကန်နဲ့နီးတော့ မနက်တိုင်း လမ်းလျှောက်ထွက်ရတာကို သဘောအကျဆုံးပဲ။ ကိုယ့်အိမ်မှာဆို ဒီအခွင့်အရေးမျိုး ဘယ်ရမလဲ။ ဒါတွေက ဒေါ်လာနဲ့ မလဲနိုင်တဲ့ စိတ်ချမ်းသာမှုတွေပဲပေါ့ ကောင်မလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူက အဆုံးသတ်စကားလေးကို ပြောလိုက်ရင်း နမှုးဆံစပ်မှာ ကျနေသော အရိပ်ရဲ့ရှေ့ဆံပင်လေးတွေကို လက်ညှိုးနှင့် လှမ်းတောက်လိုက်လျှင် အရိပ်ရဲ့ရင်ထဲမှာ လွင့်ခနဲဖြစ်လို့သွားလေသည်။ သူ့နေရာမှာ တခြားယောကျ်ားတစ်ယောက်သာဆိုလျှင်တော့ ဘာအသားယူတာလဲဟူသော အတွေးဖြင့် နေရာမှာတင် မီးထတောက်အောင် ပွဲကြမ်းပစ်လိုက်မည် ဖြစ်သော်လည်း သူ့ပုံစံဟာ အသားယူသောပုံစံကို လုံးဝမဟုတ်ရပါ။

မြတ်နိုးတွယ်တာရသော မိန်းကလေးတစ်ယောက်ကို မြတ်နိုးခြင်းအတိုင်းအတာတစ်ခုအား ဖွင့်ဟပြလိုက်သလို နွေးထွေးမှုတွေပဲ ဖြစ်သွားစေသည်။ အရိပ်ကို ဒီလိုခံစားချက်မျိုး ဘယ်ယောကျ်ားကမှ မပေးခဲ့ဘူးချေ။ အရိပ်တွေ့ဖူးသမျှ ယောကျ်ားတွေသည် အရိပ်ထံမှ တစ်စုံတစ်ရာကို မျှော်ကိုးစိတ်ကြောင့် ချဉ်းကပ်ကြတာ များပါသည်။ အရိပ်သည် ရင်ထဲမှာ နွေးထွေးသွားသော ခံစားချက်ဖြင့် သူ့ကို လှိုက်လှိုက်လှဲလှဲ မော့ကြည့်မိသည်။ သူကလည်း အရိပ်ရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ...

"မင်း မျက်လုံးတွေက အညိုရောင်တွေနော်။ သိပ်လှတာပဲ"

အရိပ်ရဲ့မျက်လုံးများဟာ လှပသော အညိုရင့်ရောင်မျက်ဝန်းတောက်တောက်ကြီးများ ဖြစ်ကြသော်လည်း တော်ရုံယောကျ်ားလေးဟာ မျက်ဝန်းအလှကို ငိုကာဖွဲ့ဖို့ မေ့နေလောက်အောင်ပင် အရိပ်ရဲ့ကြွယ်ဝချမ်းသာမှု အရှိန်အဝါက လှပခြင်းအကြောင်းတရားများကို ဖွဲ့အုပ်ထားလေသည်။



"ရှင့်ဆံပင်အရောင်လည်း သိပ်လှတယ်၊ ဖုန်ရောင်နဲ့တူတယ်"

အရိပ်ရဲ့အပြောကို သူက ရှုံ့ရှုံ့မဲ့မဲ့နှင့် တဟားဟားအော်ရယ်လေသည်။ သူ့ရဲ့ရယ်သံ၊ အရိပ်ရဲ့အပြုံးတို့ဖြင့် နံနက်ခင်းသည် ပို၍လှပပြည့်စုံသွားသလို ခံစားသွားရ၏။

"အဟား ဟား ... မင်းပြောတဲ့ စကားကိုကြားရင် L'oreal ကုမ္ပဏီက လူတွေတော့ ငိုတော့မှာပဲကွာ၊ မင်းကတကယ် ရယ်ရတယ် ...

အင်း ... ဒီနေ့ မနက်ခင်းလေးကတော့ သိပ်စိတ်ချမ်းသာဖို့ ကောင်းပါတယ်။ ဘယ်လိုလဲ မနက်ဖြန်ရော မင်း လမ်းလျှောက်ဦးမှာလား"

"လျှောက်မှာပေါ့"

"အိုခေ ... အိုခေ ... ဆီးယူဘောဘီ၊ သွားပြီနော်"

သူက အရိပ်ကို လက်ပြနှုတ်ဆက်လျက် အရိပ်ပြန်မည့်လမ်းနဲ့ ဆန့်ကျင်ဘက်ကို ချိုးလို့သွားလျှင် အရိပ်သည် သူ့နောက်ကျောပြင်ကို ခပ်နက်နက် တစ်ချက်စိုက်ကြည့်ပြီးမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဘောဘီတဲ့။ အဲဒီအပြောလေးကို ပြန်လည်ကြားယောင်ရင်း ပြုံးမိသွားသော အရိပ်သည် ကိုယ့်ရဲ့ဘဝအစစ်အမှန်ကို ခေတ္တခဏတော့ မေ့လျော့သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၈

နှုတ်ခမ်းစက်သံမြည်တာနှင့် ကျင့်သားရနေပြီဖြစ်သော သူထက်၏လက်များသည် နှုတ်ခမ်းစက်ရဲ့ခလုတ်ကို အလိုလိုပိတ်ပြီး သား ဖြစ်သည်။ အိပ်ရာထက်မှ သွက်သွက်လက်လက် ခုန်ဆင်း ရင်း တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စတွေ ပြီးတာနှင့် ပြေးဖို့အဝတ် အစား လဲလိုက်သည်။ ဗီရှိပ်ပုံသဏ္ဍာန် ချောကလက်ရောင် စပို ရှပ်လက်ရှည် ခပ်ပါးပါးကို အနက်ရောင် အားကစားဘောင်းဘီ ရှည်ဖြင့် တွဲဖက်ဝတ်ဆင်ပြီးသွားသောအခါ ပြေးဖို့ အဆင်သင့် ဖြစ်သွားချေပြီ။

သူ နေထိုင်ရာ အခန်းထဲမှ အပြင်သို့ ထွက်လာ လျှင် ခြံဝင်းထဲမှာ သန့်ရှင်းရေးလုပ်နေသော ဦးစိန်က သူ့ ပြုံးပြနှုတ်ဆက်သည်။

"စားဖို့မှုးလေး ပြေးတော့မလားဗျ"

"ဟုတ်ကဲ့ ... မောနင်း"

သူက ခြံဝင်းထဲမှ ထွက်လာပြီးလျှင် ရှုရှုလေး စတင်ပြေးသည်။ နံနက်စောစော ထပြေးခြင်း (သို့မဟုတ်) လမ်း



လျှောက်ခြင်းတို့ကို သူက အင်မတန် ခုံမင်ပါသည်။ လူတစ် ယောက်ဟာ နေ့စဉ် ကျန်းမာရေးလေ့ကျင့်ခန်း တစ်ခုခုတော့ လိုက်စားသင့်သည်ဟု သူ ထင်သည်။ သူသည် ဆောင်းတွင်းတွေ ဆိုလျှင်တော့ ထပြေးတတ်လျက် ကျန်တဲ့အချိန်တွေမှာတော့ လမ်းလျှောက်ခြင်း အလေ့အထကို မပျက်မကွက် ဆောင်ရွက်တတ် သူ ဖြစ်သည်။

အခုတော့ ပန်းမြတ်တော်ဝင် Restaurant မှာ အလုပ်ရသွားသောအခါ သူ့အတွက် ပိုအဆင်ပြေသွားပြီဖြစ်သည်။ နံနက်စောစော ကန်ပေါင်ပေါ်မှာ တက်ပြေးခွင့်ရတာကို သူ အင် မတန် နှစ်ခြိုက်လေသည်။ ပြောရလျှင်တော့ ဒီဆိုင်မှာ အလုပ်လုပ် ရတာဟာ သူ့အတွက် တကယ်ကို ကံကောင်းကာ အဆင်ပြေစေ သည်။ ဘာ worry မှ မရှိ။ ဆိုင်ရှင်ဟု သိထားရသော ဒေါ်ပန်း ဝင့်ဖြာ ဆိုသော အမျိုးသမီးမှာ နာမည်နဲ့လိုက်အောင် အေးဆေး နူးညံ့သူ ဖြစ်သည်။ မန်နေဂျာနှင့်သာ လွှဲထားလျက် ဆိုင်ကို သိပ်လာတာလည်း မတွေ့ရ။ သို့သော် စေတနာအကျိုးပေးလား ဘော့ မပြောတတ်ချေ။ သူ အလုပ်လုပ်နေသောဆိုင်မှာ တော် တော်ရောင်းအားကောင်းပါသည်။

သူက မနက်ခင်း Breakfast အပိုင်းဖြစ်သော ဒင်း ဆမ်းနှင့် တခြားအစားအစာတွေကို တာဝန်မယူရဘဲ နေ့လယ်စာ နှင့် ညဘက်ဟင်းလျာများကိုသာ တာဝန်ယူရသူ ဖြစ်လေရာ သူ့ ူတီချိန်သည် ဆယ့်တစ်နာရီမှစသဖြင့် မနက်ခင်းပိုင်းမှာ လွတ် လွတ်လပ်လပ် အေးအေးဆေးဆေးသာ ဖြစ်သည်။ လမ်းလျှောက် ပြီး ပြန်လာလျှင် ရေမိုးချိုး၊ သတင်းစာ ဂျာနယ်လေးဖတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



တီဗီအစီအစဉ်လေး ဘာလေး ကြည့်တတ်သည်။ အပြင်သွားစရာ ရှိလျှင်လည်းသွား စသဖြင့် မနက်ပိုင်းကတော့ ကောင်းကောင်းကြီး အားလပ်လျက် နေ့လယ်ခင်းကစပြီး အလုပ်ရှုပ်တော့တာ ဖြစ်သည်။

ဒီလိုဘဝတွေ မတိုင်ခင်မှာလည်း ကိုယ့်အလုပ်ထဲမှာ ကိုယ်ဖောကပ်ခဲ့တာကြောင့် သူ့ရဲ့ရင်ခုန်သံလှုပ်ရှားမှုဆိုတာကလည်း မယ်မယ်ရရ မရှိခဲ့ပါ။ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်၍ သူ့စိတ်မှာ လန်းဆန်းရတာမျိုး၊ ကြည်နူးရတာမျိုး ဆိုတာ တစ်ခါမှကို မကြုံဘူးခဲ့။ အခုတော့ သူသည် ခပ်သွက်သွက်ပြေးလာရင်းမှ မျက်လုံးထဲတွင် "ပိုး"ဆိုသော ကောင်မလေး၏ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။ ကြည်လင်သော မျက်ဝန်းညိုများနှင့် သူမသည် ဘဝပေး အခြေအနေက သိပ်မလှပသော်လည်း ရုပ်ရည်ရူပကာလေးကတော့ အထက်တန်းလွှာတစ်ယောက်လိုပင် သားနားအဆင့်မြင့်နေသည်မှာ ထူးတော့ထူးခြားသည်ဟု ထင်လေသည်။ မနေ့က ပြန်တွေ့တုန်းကဆိုလျှင် ရုတ်တရက် မှတ်တောင် မမှတ်မိချေ။

မသိလျှင် သူဌေးသမီးတစ်ယောက်နယ် ထင်ရသော ကောင်မလေးသည် စိန်တွေ ရွှေတွေ ပြိုးပြိုးပြက်ပြက် ဝတ်စားထားတာလည်း မဟုတ်ပါဘဲ ဘယ်နေရာကကို လင်းနေမှန်းတော့ မသိပါ။ အင်းပေါ့လေ တချို့တွေက ဆင်းရဲနွမ်းပါးကြပေမယ့် ဘဝပေးကုသိုလ်အရ ရုပ်ခံလေးတွေ ရှိကြတာပဲ မဟုတ်လား။

"ဟိုင်း ! မောနင်း ချိဖ်ကွခ်ကြီး၊ ဘာတွေများ အတွေးလွန်လာလို့ လူတစ်ယောက်လုံးကိုတောင် ကျော်သွားရတာတုန်း"



သူ့ရှေ့မှာ ပိတ်ရပ်ရင်း ပြောလိုက်သူက သူမဖြစ်သည်။ ဒီနေ့တော့ သူမသည် ဂျင်း(န်)အရှည်တစ်ထည်ကို အဖြူရောင်လည်ထောင်ဆွယ်တာ တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားကာ သပ်ရပ်သန့်စင်နေပါသည်။ ကျောလယ်ခန့်ရှိသော ကော်ဖီရောင်ဆံနွယ်တွေက ဖြောင့်စင်းဝဲဖြာလျက် လှပစွာ ကျဆင်းနေသည်။ သူက သူမကို ခပ်ပြုံးပြုံးဖြင့် ခေါင်းညိတ်နှုတ်ဆက်ပြပြီးမှ ...

"ဒီလိုပါပဲ။ ကန်ပေါင်ပေါ် ရောက်နေတာ ကြာပြီလား"

"ဟင့်အင်း ... ခုလေးတင်ပဲ"

"သြော် ... ဒါဖြင့်ရင် လာလေ၊ ဆက်လျှောက်ကြမလား၊ ပြေးကြမလား"

"ပြေးမယ်"

"အိုခေ ... ကိုယ့်ကို မီအောင်လိုက်နိုင်လို့လား"

"အံမာ ... ကြည့်လိုက်ပါဦး။ လာ ... Let' Go ! "

သူမကတောင် လက်ညှိုးတစ်ချောင်းကို Come On ကသဘောမျိုးဖြင့် လှုပ်ခတ်ပြကာခေါ်လျှင် သူသည် သူမကို မရည်ရွယ်ဘဲ မျက်ခုံးပင့်ကြည့်မိသွားသည်။ အဲဒါကိုအခွင့်ကောင်း ယူကာ သူမက သူ့ကို မစောင့်ဘဲ ရှေ့ကနေ၍ လစ်ခနဲ ပြေးထွက်သွားလေသည်။ သူသည် မချင့်မရဲပြုံးရင်း သူမနောက်မှပြေးလိုက်လာရသည်။ သူက ယောကျ်ားလေးမို့ သူမကို မီလုမီခင်ရှိလာသော်လည်း ရင်ပေါင်တန်းပြီး မပြေးဖြစ်ပါ။ သို့သော် သူမ ဆော်တော်သက်လုံကောင်းသည် ဆိုတာကိုတော့ အသိအမှတ်ပြုလိုက်ရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကန်၏တစ်ဖက်ထိပ်သို့ရောက်လျှင် ပန်းတိုင်ရောက်သွားပြီမို့ သူမက ပြေးတာကိုရပ်ကာ ဟားခနဲ ရေရွတ်ရင်း ခါးထောက်လျက် အင်းလျားလေကို အားပါးတရ ရှူသွင်းသည်။ ပြီးတော့ အကြောလျှော့လေ့ကျင့်ခန်းများ လုပ်သည်မို့ သူလည်းပဲ အဲဒီလို လိုက်လုပ်ဖြစ်သည်။ ပြီးတော့မှ ဒီဘက်လှည့်ရင်း ပြုံးပြလာသော သူမကို သူက မေးဆတ်ပြလျက် ...

"မင်းလည်း တော်တော်ပြေးနိုင်တာပဲနော်၊ ပြေးနေကြလား"

"ဒါပေါ့၊ ဆောင်းတွင်းတိုင်း ထပြေးနေကြ၊ ရှင့်ထက်စီနီယာကျဘယ်"

"အေးပေါ့ကွာ၊ ဒီနားမှာနေတဲ့ လူတွေကတော့ ဟန်ကျမှာပေါ့၊ ခဏထိုင်ဦးမလား"

သူက ခုံတန်းလေးကို ညွှန်ပြကာ ပြောလိုက်လျှင် သူမကလည်း အသာတကြည်ပဲ ခေါင်းညိတ်ရင်း ခုံတန်းလေးမှာ ဝင်ထိုင်သည်။ သူနဲ့ သူမသည် ခုံတန်းလေး၏အစွန်းတစ်ဖက်ဆီမှာ ဝင်ထိုင်ဖြစ်ကြရင်းမှ သူက သူမဘက်သို့ အသာငဲ့ကြည့်ကာ ...

"ကလေးတွေ စာသင်ရတာရော အဆင်ပြေရဲ့လား"

"အင်း ... ပြေပါတယ်"

"မင်းက ဆရာမ အလုပ်ကို ဝါသနာပါလို့လား"

"ဝါသနာအပါကြီးရယ်တော့လည်း မဟုတ်ဘူးပေါ့လေ၊ စားဝတ်နေရေးအတွက် ဆိုတော့လည်း အဆင်ပြေအောင် လုပ်ရတာပေါ့"

"ဟုတ်လား၊ တစ်ခုခုကို အရမ်း ပြင်းပြင်းထန်ထန် ဂါသနာပါကာမျိုး မရှိဘူးလား"



သူ့အမေးကို သူမက ပြုံးစစဖြင့် ငဲ့ကြည့်သည်။ ရှင် ဘာမေးချင်တာလဲ သိပါတယ် ဟူသော အဓိပ္ပာယ်တွေပါဝင်သည့် မျက်ဝန်းအကြည့်တွေနှင့် ဆေးမကူထားသော ပန်းနုရောင် သဘာဝနှုတ်ခမ်းတို့မှ အပြုံးသည် သူ့ရင်ကို နည်းနည်း လှုပ်ခတ်သွားစေပါသည်။

"မင်းက ဘာကိုပြုံးတာလဲ"

"ဩော် ... အရမ်းပြင်းပြင်းထန်ထန် ဝါသနာဆိုတာ ရှင့်လို ဝါသနာကို ပြောတာလားလို့ပါ"

"ဟင် ... မင်းက ကိုယ် စားဖိုမှူးဝါသနာကို သိနေတယ်"

"အင်း ... သိတာပေါ့"

သူမရဲ့ ပိုင်နိုင်သလိုအပြောကို သူက ရယ်ရွှင်ရိပ်ရှိုးသော မျက်ဝန်းတွေဖြင့် မျက်ခုံးပင့်ကြည့်မိသည်။ သူမကလည်း သူ့မျက်ဝန်းတွေထဲသို့ တည့်တည့်ပြန်ကြည့်ပါသည်။ အဲဒီအကြည့်တွေပေါ့ သူမကို ပြန်ပြီးသတိရစေမှာ။ သူမဟာ ဘယ်နေရာက ထူးခြားနေလဲတော့ မပြောတတ်။ ထူးတော့ ထူးခြားနေသည်ဟု ထင်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော သဏ္ဌာန်ဟာ တကယ့်ကိုပဲ သူမကို ထူးခြားစေသည်။ နောက်မှပဲ ဒီအကြောင်းကို သူမအား ပြောပြရပါဦးမည်။

"ဘယ်လို သိတာလဲ၊ ကိုယ် စားဖိုမှူးအလုပ်ကို ဝါသနာကြီးလွန်းတာ မင်းကို မပြောပြမိဘူးနဲ့ တူပါတယ်နော်"

"မပြောပါဘူး၊ ဒါပေမဲ့ သိနေတယ်"

"ဟား ... လုပ်စမ်းပါဦး၊ မင်းက စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလိုပြောလိုက်လျှင် သူမရဲ့မျက်လုံးတွေက ဖျတ်ခနဲ တည်ငြိမ်သွားသည်။ သို့သော် အဲဒါဟာ ခဏလေးပဲ ဖြစ်ပါသည်။ သူမက အသာအယာပြုံးကာ ခေါင်းတစ်ချက်ညိတ်လျက် ...

"တချို့အကြောင်းအရာတွေက ပြောပြမထားလည်း သိနေတာမျိုးတွေ ရှိတာပဲလေ၊ ဒီအလုပ်မျိုးဆိုတာ ဝါသနာအရင်းမခံဘဲနဲ့ ဖြစ်လာတာမှ မဟုတ်တာ ...

အထူးသဖြင့် ရှင့်လို ကြည့်ကောင်းတဲ့ ယောကျ်ားလေးတစ်ယောက်အတွက် တခြားအလုပ်တွေကိုတောင် စိတ်မဝင်စားနိုင်ဘဲ ဒီအလုပ်ကို ရွေးချယ်ထားတယ်ဆိုတော့ ဒါဟာ ဒီအလုပ်ပေါ်မှာ ဘယ်လောက် Crazy ဖြစ်တယ်ဆိုတာ သိနိုင်ပါတယ်"

သူက တည်ငြိမ်အေးဆေးစွာ ပြောနေသော သူမရဲ့ ပုံစံကို အတန်ကြာမျှ ငေးစိုက်သွားရသည်။ အင်း ... ဒီမိန်းကလေးဟာ နေထိုင်ကြီးပြင်းရာ ပတ်ဝန်းကျင်နဲ့ မလိုက်အောင် ဉာဏ်ရည်မြင့်မားတာပဲ။ သူမပုံစံက တကယ့်ပညာတတ်တစ်ယောက်လို ရင့်ကျက်တည်ငြိမ်ပြီးနေသည်။ ပင်ကိုဗီဇကိုက ကောင်းတာဖြစ်ပါရဲ့။

သူက ဘဝင်ကျသွားသော အတွေးတွေဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ ...

"ဟုတ်တယ်၊ ကိုယ်က Chef အလုပ်ကို အရမ်းကိုဝါသနာကြီးတာ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ဆယ်တန်းအောင်တုန်းက ကိုယ်အမှတ်က ဆေးကျောင်းကို မီတယ်လေ၊



ဒါပေမဲ့ ကိုယ်က ဒီအလုပ်ကိုပဲ professional အဖြစ်လုပ်ဖို့ ဆုံးဖြတ်ထားတာမို့ ဆေးကျောင်းမတက်ခဲ့ဘူး၊ ဝါသနာလည်း မပါဘူး ...

အစားအစာတွေ ချက်ပြုတ်နေရရင်ကိုပဲ ကျေနပ်နေတာ။ လူတွေကို အရသာရှိရှိ စားစေချင်တဲ့စိတ်မျိုး အမြဲတမ်းရှိတယ်...

ကိုယ်ချက်တဲ့ဟင်းကို စားကောင်းတယ် အပြောခံရရင် အရမ်းပီတိဖြစ်တယ်"

"အင်း ... ယုံပါတယ်၊ တစ်နေ့နေ့မှာ ရှင်ဟာ ဒီထက်နာမည်ကြီးတဲ့ နိုင်ငံကျော်စားဖိုမှူးတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ထင်တယ် ... သိလား"

"ဟား ... ဒါတော့ မင်း မြှောက်တာ လွန်သွားပြီနဲ့တူတယ်။ လက်တွေ့မပါဘဲနဲ့ အဲဒီလောက် မချီးကျူးနဲ့လေ။ မင်း ကိုယ်ရဲ့လက်ရာတွေကို တစ်ခါမှ မမြည်းစမ်းဖူးဘူးနဲ့ တူတယ်နော်"

"မြည်းဖူးပါတယ်၊ ရှင့်အိမ်မှာ ကျွန်မ ထမင်းစားဖူးတယ်လေ"

"ဪ ... အင်း။ ဟုတ်သားပဲ။ ဒါပေမဲ့ အဲဒါ ကိုယ်လက်စွမ်းပြထားတဲ့ အစားအစာတွေမှ မဟုတ်တာ။ ဆိုင်ကို တစ်နေ့လောက် လာခဲ့စမ်းပါကွာ ...

မင်းကို ကိုယ့်ရဲ့ပေါ်ပြူလာလက်ရာတွေနဲ့ ဧည့်ခံချင်လို့ပါ။ အခုရော မင်း Breakfast ဘာစားပြီးပြီလဲ။ ဒင်းဆမ်း လိုက်စားပါလား။ ဒင်းဆမ်းကတော့ ကိုယ့်လက်ရာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးကွ။ ဒါပေမဲ့ ကိုယ်တို့ဆိုင်က ဒင်းဆမ်းက တော်တော်နာမည်ကြီးတယ်"

သူမက သူ့အပြောကို အပြုံးလေးတစ်ခုဖြင့် ခေါင်းယမ်းပြပါသည်။

"ကျေးဇူးတင်ပါတယ်၊ နောက်များကျမှပေါ့"

"အေးပေါ့လေ၊ မင်းစိတ်ထဲမှာ အဆင်သင့်ဖြစ်တဲ့ တစ်နေ့ပေါ့။ ကိုယ် နားလည်ပါတယ်။ ဒါနဲ့ မင်းရော ချက်တာပြုတ်တာတွေ ဝါသနာပါလား"

သူ့အမေးကို သူမက ဟာသပြက်လုံးတစ်ခုကို ကြားသည့်အလား ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ သူမရယ်မောလိုက်စဉ်မှာ လေပြည်တစ်ချက် ဝေ့ဝဲတိုက်ခတ်သွားတာမို့ ဆံနွယ်တွေ လွင့်ခနဲ ဖြစ်သွားလျှင် အဲဒီပုံစံသည် နံနက်ခင်း၏ကဗျာတစ်ပုဒ်ဖြစ်သွားသည်။

သူက သူမ ရယ်နေတာကို ချစ်စနိုး ဖြစ်လာစိတ်ဖြင့် ...

"ဟော့ ... ဟော့ ... အဲဒီမေးခွန်းက အဲဒီလောက် ရယ်စရာကောင်းနေလို့လားကွ"

"ကောင်းတာပေါ့၊ ကျွန်မမှ ထမင်းဟင်း မချက်တတ်တာ"

"ဟင် ... ဟုတ်တယ်၊ နည်းနည်းပါးပါးလေးတောင် မချက်တတ်ဘူးလား"

"နိုးပါ။ ကြက်ဥတောင် မပြုတ်တတ်ဘူး။ အဲဒါ တင်စားပြောတာ မဟုတ်ဘူး။ တကယ် မပြုတ်တတ်တာ။ ကြက်ဥကို ဟပ်ဖ်ဘွိုင်က ဘယ်အခြေအနေထိ၊ လုံးဝအကျက်က



ဘယ်အချိန်ထိထားပြီး ပြုတ်ရမယ်ဆိုတာ တကယ်ပဲ မခွဲတတ်ဘူး"

"ဟား ... ကြားရတာ အားရှိစရာပါလား။ ဒါဆို ထမင်းစားတော့ ဘယ်လိုချက်စားလဲ"

"ဝယ်စားတယ်လေ"

"ကြော် ... သူဌေးမရယ်။ ဝယ်စားတော့ ပိုက်ဆံကုန်တာပေါ့။ ပြီးတော့ သန့်ရှင်းမှုကရော စိတ်ချရပါ့မလား။ အဲဒါတွေ ထည့်စဉ်းစားရမယ်လေ"

ဒီလိုကျပြန်တော့လည်း သူမသည် ကလေးတစ်ယောက်လို ဖြစ်သွားပြီး ချစ်စဖွယ် နှာခေါင်းတစ်ချက်ရှုံ့ကာ ...

"အဲဒီလောက်တော့ မတွေးမိဘူး။ စားတော့လည်း ဖြစ်သွားတာပဲ။ တစ်ယောက်တည်းသမားလေ။ ချက်စားရင် ပိုပင်ပန်းတာပေါ့။ ပြီးတော့ တွက်ခြေလည်း မကိုက်ဘူး။ ချက်လည်း မချက်တတ်ဘူး"

"ကြော် ... မတတ်တာက သင်လို့ရပါတယ်၊ ကိုယ်သင်ပေးမယ်လေ။ စိတ်ဝင်စားရင်ပြော၊ သင်ပေးမယ်"

သူမက ထိုင်ရာမှ မတ်တတ်ထရပ်ကာ ခါးချိုးရင်း ရှုံ့မဲ့ပြသည်။ သူသည် အဲဒီပုံစံလေးကိုကြည့်ကာ ရင်ထဲမှာ တော်တော်ပဲ ချစ်စနိုးဖြစ်သွားရပါသည်။ သူမက ခေါင်းတခါခါလက်တခါခါဖြင့် ...

"သင်ချင်ပါဘူး၊ အစတည်းက ချက်ပြုတ်ရတာကို ဝါသနာမပါတာ။ ခုတော့ ပိုတောင်မသင်ချင်တော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကမ္ဘာကျော်စားဖိုမှူးကြီး တစ်ယောက်လုံးနဲ့ ခင်နေပြီပဲ၊ စားချင်တာရှိရင် ချက်ကျွေးခိုင်းမှာပေါ့၊ ကျွေးမယ်မလား"

သူမက သူ့ကို လက်ညှိုးတစ်ချောင်းထိုးကာ ချစ်စဖွယ်မေးလိုက်လျှင် သူသည် အဲဒီပုံစံလေးကို စိုက်ကြည့်နေပြီးမှ ဟက်ခနဲ တစ်ချက်ရယ်ရင်း မျက်နှာလွှဲမိသည်။ အိမ်ပြန်ချိန် လမ်းခွဲနားလေးရောက်သည်အထိ သူမမျက်နှာကို ငုံ့ကာ ကြည့်မိတုန်းဖြစ်သည်။ ဒီတစ်ခါတော့ သူမရဲ့နောက်ကျောပြင်ကို လိုက်လံငေးမောနေခဲ့သူမှာ သူပဲဖြစ်ပါသည်။



## ၉

အရိပ်သည် အဘွား၏ အခန်းတံခါးကို အသံမမြည်အောင်ဖွင့်လျက် အခန်းထဲသို့ ခြေဖွနင်းခဲ့ပြီး အဘွားရဲ့ခုတင်နားမှာ တိတ်တဆိတ် ရပ်လိုက်သော်လည်း အဘွားက မှေးမှိတ်ထားသော မျက်လုံးများကိုဖွင့်ကာ ကြည့်သည်။ အရိပ်က အဘွားရဲ့ခုတင်ဘေးမှ ဆိုဖာခုံလေးတွင် ဝင်ထိုင်ရင်းမှ အဘွားရဲ့လက်လေးများကို နွေးထွေးစွာ ဖျစ်ညှစ်ကာ ...

"ဘွား အိပ်ပျော်နေတာလား ... ဆောရီး"

"အိပ်မပျော်ပါဘူး၊ မှေးနေတာပါ"

"သက်သာရဲ့လား ဘွား။ သန်ဘက်ခါကျရင် စင်ကာပူသွားဖို့ရှိတယ်နော်"

"အင်း ... ဘွား မသွားချင်တော့ပါဘူး ရိပ်လေးရယ်။ ဘွား ကိုယ့်ကိုယ်ကိုယ် သိပါတယ်။ ဒီမှာပဲ အေးအေးဆေးဆေးနေပြီး ရိပ်လေးနဲ့ စကားတွေအများကြီး ပြောသွားချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သည် ဘွားရဲ့စကားကြောင့် ရင်ထဲမှာ နင့်သွားသည်။ အဘွားရဲ့လက်တွေကိုလည်း ပို၍တင်းကျပ်စွာ ဆုပ်ကိုင်မိသွားသည်။ ဘယ်လောက်ပဲ နှလုံးသားမာသည်ဟု ပြောပြော တကယ့် တကယ်တမ်း ဘွားနှင့် ခွဲခွာရတော့မည်ဟူသော အတွေးက ဝင်ရောက်လာလျှင် အရိပ်ရဲ့နှလုံးသားတစ်ခုလုံး မွကြေသွားသလို ခံစားသွားခဲ့ရသည်။ ဘွားသည် အရိပ်၏ကျေးဇူးရှင်ဆိုလည်း ဟုတ်သည်။ မိဘနှစ်ပါး၏မေတ္တာကို မရခဲ့ရသော၊ မိဘ၏မေတ္တာနှင့် မရှင်သန်ခဲ့ရသော အရိပ်ရဲ့ဘဝတွင် ဘွားသည်သာလျှင် အဖေ၊ ဘွားသာလျှင် အမေ ဖြစ်ခဲ့သည်။ အရိပ်ရဲ့စိတ်ဓာတ်တွေ ထက်မြက်လာအောင်၊ ဉာဏ်ရည်မြင့်မား ထူးချွန်လာအောင် မြေတောင်မြှောက်ပေးခဲ့သူမှာလည်း ဘွားပဲဖြစ်သည်။

ဒီအချိန်မှာ အရိပ်ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လျက် အောင်မြင်သူတစ်ယောက် ဖြစ်ခဲ့ပြီဆိုသော်လည်း ဒီကမ္ဘာကြီးမှာ ပြေးကြည့်တော့မှ အရိပ်ရဲ့သွေးသားရင်းချာဟာ ဘွား တစ်ယောက်တည်းပဲ ရှိခဲ့သည်။ ဘွားသာ မရှိခဲ့တော့လျှင် အရိပ်ဆိုသော မိန်းမတစ်ယောက်သည် လောကအလယ်မှာ တစ်ယောက်တည်း။ တကယ့်ကို တစ်ယောက်တည်း။ အဲဒီအတွေးဖြင့် အရိပ် ရင်ထဲတွင် နာလာသည်။ အဘွားရဲ့အခြေအနေဟာ ဆရာဝန်တွေ၊ ဆေးဝါးတွေ ကောင်းလွန်းလို့သာ အသက်ဆက်နေရတာဖြစ်ပြီး မျှော်လင့်စရာ သိပ်မရှိတော့သော အခြေအနေဖြစ်သည်။

တစ်လတစ်ခါလောက် စင်ကာပူသွား၍ ဆေးကုနေခဲ့ရာမှ နောက်ပိုင်းမှာ ဘွားက သိပ်ကောင် အပင်ပန်းမခံနိုင်တော့။



စင်ကာပူသွား ဆေးကုဖို့ကို ငြင်းဆန်လာကာ အိမ်မှာပဲ အေးအေးဆေးဆေး နေလိုတော့သည်။

"ရိပ်လေးကို ဘွား တစ်ခုပြောချင်တယ်"

"ပြောပါ ဘွား။ သမီး နားထောင်နေပါတယ်"

"ဘွား မရှိတော့တဲ့နောက်ပိုင်းမှာ လောကကြီးထဲ ရိပ်လေး တစ်ယောက်တည်း အထီးကျန်ဆန်ပြီး ကျန်ခဲ့မှာကို မလိုလားဘူး။ ရိပ်လေးကို ဘွား ယုံလည်း ယုံကြည်တယ်။ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်အောင်လည်း ဘွား အစောကြီးတည်းက လေ့ကျင့်ပေးခဲ့ပြီးသားမို့ စိတ်ချထားပြီးသားပါ။ ဒါပေမဲ့ ဘဝအတွက် အဖော်မွန်ဆိုတာ လိုအပ်တယ် ရိပ်လေး ...

ကိုယ့်ကို တကယ်နားလည်ပေးနိုင်တဲ့ မေတ္တာစစ်မှန်တဲ့ သူမျိုးနဲ့ ရိပ်လေး လက်ထပ်ရမယ်"

အရိပ်ရဲ့မျက်လုံးတွေက လက်ခနဲ ဖြစ်သွားကာ ဘွားကို စူးစိုက်ကြည့်မိသည်။

"ဘွားက သမီးကို ဘယ်သူနဲ့ လက်ထပ်စေချင်လို့လဲ"

"ဒီကမ္ဘာပေါ်မှာ ရိပ်လေး သံသယကင်းကင်းနဲ့ အကြွင်းမဲ့ ယုံကြည်တဲ့ယောက်ျား ဘယ်နှယောက်ရှိလို့လဲ"

အရိပ်သည် မျက်လုံးထဲတွင် နောင်ရိုးကို ဖျတ်ခနဲ ပြေးမြင်ယောင်ကာ ဘွား ဘာကိုဆိုလိုတယ် ဆိုတာကို ချက်ချင်း သဘောပေါက်လေသည်။

"ဘွားက သမီးကို နောင်ရိုးနဲ့ လက်ထပ်စေချင်တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရိပ်လေး ယုံကြည်တာလည်း သူပဲ ရှိတယ်မဟုတ်လား။ တခြားယောက်ျားလေးတွေဟာ သမီးကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ချဉ်းကပ်တယ်ဆိုတာကိုလည်း သမီး သိတာပဲလေ။ တကယ်တမ်းကျတော့ မိန်းကလေးတစ်ယောက်ရဲ့ အလှနဲ့ နေဟာ လိုတာထက် ပိုနေခဲ့ရင် အဲဒီမိန်းကလေးကို အစစ်အမှန်တွေနဲ့ ဝေးသွားစေတယ် ...

ကိုယ့်ကို ဘာကြောင့်ချစ်တာလဲ ဆိုတာ သိပ်ခွဲခြားရ ခက်သွားတယ်။ နောင်ရိုးကတော့ ရိပ်လေးနဲ့အတူတူ မွေးကတည်းက ကြီးလာတဲ့သူဆိုတော့ သူ့သဘောထားကို ရိပ်လေး အသိဆုံးနေမှာပဲ"

"သူကရော 100% စိတ်ချရတဲ့သူလို့ ဘွား ယုံကြည်နေလို့လား"

"ဟင် ... သမီးက သူ့ကိုပါ သံသယဝင်၊ မယုံကြည်တဲ့သဘောလား"

"အဲလိုတော့ မဟုတ်ပါဘူး ဘွား၊ နောင်ရိုးကို သူငယ်ချင်းတစ်ယောက်၊ ကိုယ်လုပ်ငန်းက ပါတနာတစ်ယောက်အနေနဲ့ အပြည့်အဝ ယုံကြည်ပါတယ်။ သူဟာ ထက်ထရေးဒင်းရဲ့အကျိုးစီးပွားနဲ့ ပတ်သက်လာရင် သူ့အသက်ကိုတောင် ပေးရင်ပေးရပလေ့စေ စွမ်းစွမ်းတမံ ရှေ့ဆုံးက ဆောင်ရွက်တတ်သူပါ ...

ဒါပေမဲ့ သမီးနဲ့ပတ်သက်လာရင်တော့ သူဟာ ငယ်ငယ်လေးတည်းက သမီးကို အမြဲမြင်တွေ့လာခဲ့ရတာလေ။ အကောင်းဆုံးဆိုတဲ့ အရာတစ်ခုကို မြင်တွေ့ထား



ပြီးတဲ့ လူတစ်ယောက်ဟာ ဘေးကတော်တန်ရုံလောက်ကို မျက်လုံးထဲ မတိုးတော့တာတွေလည်း ရှိတတ်တာပဲမဟုတ်လား။ သမီး ဆိုလိုချင်တာကို ဘွား သဘောပေါက်မှာပါ"

ဘွားက အရိပ်ကို ဖျော့တော့သော မျက်လုံးများဖြင့် အတန်ကြာ ငေးရီစွာ စိုက်ကြည့်နေပြီးမှ ...

"အင်း ... ရိပ်လေးရဲ့စိတ်ထဲမှာ လူတွေအပေါ် မယုံကြည်စိတ်က ဒီလောက်ထိတောင် ပြင်းထန်နေပြီကိုး"

"ပြင်းထန်တာ မဟုတ်ပါဘူး ဘွား။ သမီးက သဘောတရားကို ပြောပြတာပါ။ နောင်ရိုးကို သမီး ယုံကြည်ပါတယ်။ သူဟာ သမီးအပေါ်မှာ အကောင်းနိုင်ဆုံး လူတစ်ယောက် ဆိုတာကိုလည်း ယုံပါတယ် ...

ဒါပေမဲ့ သူ့ကို သမီး မချစ်ဘူး ဘွား"

ဖျော့တော့နေသော ဘွားရဲ့မျက်လုံးတွေမှာ တစ်ချက် အရောင်လက်သွားသည်။

"မချစ်ဘူး ! ဟုတ်လား။ ဘွားအဖို့ အထူးဆန်းဆုံးစကားတစ်ခွန်းကို ကြားလိုက်ရတာပဲ။ ရိပ်လေးမှာ မချစ်ဘူး ချစ်တယ်ဆိုတဲ့ ခံစားချက်မျိုးတွေ ရှိလို့လား"

ဘွားရဲ့စကားကြောင့် အရိပ် နည်းနည်းပြုံးမိသွားသည်။

"အရင်တုန်းကတော့ မချစ်ဘူး ချစ်တယ် ခံစားချက်မျိုးကို မရှိခဲ့တာ အမှန်ပဲ ဘွား။ ဒါပေမဲ့ ခုနောက်ပိုင်းမှာတော့ မချစ်ဘူး ဆိုတဲ့ ခံစားချက်မျိုး ရှိလာပါပြီ။ သမီးဘဝမှာ စည်းစိမ်ဥစ္စာတွေ ဘာမှမလိုချင်တော့လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပေါ်လွှဲနေတယ် ဆိုပေမယ့် ချစ်ခြင်းမေတ္တာက တော့ ဘယ်လောက်ရှားပါးတယ်ဆိုတာ ဘွားလည်း အသိပဲ မဟုတ်လား။ ဒီကြားထဲမှာမှ အတုတွေက အရမ်းများတော့ ပိုပြီးစိတ်ရှုပ်ရတယ်၊ ဒါကြောင့် တစ်ခါတလေမှာ 'သာမန်ဆင်းရဲသား' မိန်းကလေးတစ်ယောက်ရဲ့ဘဝကိုပဲ တောင့်တမိတော့တယ်"

တစ်ထွာပြလျှင် တစ်တောင်မြင်သော အရိပ်ရဲ့အဘွားက အရိပ် ဘာကိုဆိုလိုတယ် ဆိုတာကို ချက်ချင်းသဘောပေါက်လေသည်။

"သမီးက အဲဒီဘဝမျိုးနဲ့ အချစ်စစ်ကို ရှာဖွေချင်လို့လား"

"ဒါမှလည်း လူတစ်ယောက်ရဲ့ စိတ်ရင်းအမှန်ကို သိရမယ် မဟုတ်လား ဘွားရဲ့"

"အင်း ... ပုံမှန်အတိုင်း ဆိုရင်တော့ ဟုတ်ပါတယ်လေ။ ဒါပေမဲ့ တစ်ဖက်သားက လူလေ။ ပြီးတော့ ဒီကိစ္စက သာမန်အရည်အချင်းစစ်တဲ့ကိစ္စ မဟုတ်ဘူး ...

နှလုံးသားနဲ့ပတ်သက်တဲ့ ကိစ္စဖြစ်တယ်။ ကိုယ်က တော့ အစစ်အမှန်ကို သိချင်လို့လုပ်တာ ဖြစ်ပေမယ့် တစ်ဖက်သားက အဖြစ်မှန်ကို သိသွားရင် ဘယ်လိုခံစားရမလဲ ...

တကယ်တမ်း သူဟာ သမီးအပေါ်မှာ မေတ္တာစစ်နဲ့ ရိုးရိုးသားသားချစ်တဲ့လူဆိုရင် ဘယ်လောက်ထိ ဝမ်းနည်းသွားရလိမ့်မလဲ။ ကိုယ့်ဘက်ချည်း မကြည့်နဲ့ ရိပ်လေးရဲ့။ နှစ်ဖက်မြင်အောင် ကြည့်တတ်ရတယ်"



အရိပ်သည် ဘွားရဲ့စကားကို စူးစိုက်နားထောင်ကာ ဘာမှပြန်မပြောရသေးခင်မှာပဲ အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာပြီးနောက် ဘွားရဲ့စပါယ်ရှယ်နာ့စ်နှင့်အတူ ဝင့်ဖြာပါ ဝင်ရောက်လာသည်။

ဝင့်ဖြာက ဘွားကို နှုတ်ဆက်မေးမြန်းပြီးနောက် ဘွား ဆေးသောက်ချိန်ရောက်ကာ၊ နားနေအိပ်စက်ရတော့မည်မို့ အရိပ် ရော ဝင့်ဖြာရောဟာ ဘွားကို နှုတ်ဆက်လျက် အခန်းထဲမှ ပြန် ထွက်လာကြသည်။

"လေသာဆောင်မှာ စကားနည်းနည်းပြောရအောင် ဝင့်ဖြာ"

"အင်း ... ပြောလေ"

အရိပ်နှင့် ဝင့်ဖြာသည် တိုက်ရဲ့အပေါ်ထပ် နောက်ဘက်ရှိ လေသာဆောင်သို့ ထွက်လာခဲ့ကြသည်။ သစ်ခွစင်များ၊ ပန်းပင်များဖြင့် စိမ်းစိုအေးမြနေသော နေရာကျယ်လေးသည် အရိပ်တို့ရဲ့အလုပ်ကိစ္စနှင့် ပတ်သက်သော စကားများ ပြောဆိုရာမှာ အသုံးပြုသောနေရာလေး ဖြစ်သည်။ အရိပ်သည် စတီးလ်နှင့် ကြိမ်သား ရောစပ်ပြုလုပ်ထားသော ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်ရင်းမှ ...

"နင် ပန်းမြတ်တော်ဝင်ကို တစ်ပတ် ဘယ်နခါလောက် ရောက်လဲ"

"တစ်ပတ် တစ်ခါပေါ့။ တစ်ခါတလေတော့လည်း တစ်ပတ်ကျော်သွားတတ်တယ်"

"အင်း ... နင် သုထက်ထူးနဲ့ရော ခင်လား"

ဝင့်ဖြာက အရိပ်ကို စူးခနဲ တစ်ချက်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်လှား ဆိုတာ ဘာကိုပြောတာလဲ၊ အလုပ်သဘောအရတော့ စကားပြောဖြစ်တယ်"

"သူနဲ့ နင် ခင်အောင်လုပ်ကြည့်ပါလား"

"ဘယ်လို ! နင်ပြောတာ ငါ နားမလည်ဘူး"

"ရှင်းရှင်းလေးပါ။ နင်က နင့်ဘာသာ ဘာသိဘာသာနေလို့ ဒီလောက်ပဲ ဖြစ်နေတာလေ။ သူနဲ့ နင် အတိုင်းအတာတစ်ခုလောက်ထိတော့ ခင်ရမယ် ဝင့်ဖြာ"

ဝင့်ဖြာရဲ့မျက်လုံးတွေသည် လက်ခနဲ ဖြစ်သွားကာ အရိပ် ဘာကိုဆိုလိုလိုက်တယ် ဆိုတာကို တစ်သက်လုံးပေါင်းလာသူတွေပီပီ ချက်ချင်းသဘောပေါက်လိုက်လေသည်။

"ဘာလဲ ... နင်က သူ့ကို ငါနဲ့ Test လုပ်ဦးမယ်ပေါ့ ဟုတ်လား။ အရိပ်ရယ် ... နင်ဟာလေ။ နေပါဦး အခု နင်နဲ့ သူနဲ့က ဘယ်အတိုင်းအတာထိ ရောက်နေကြပြီလဲ"

ဒီမေးခွန်းကိုမေးသော ဝင့်ဖြာရဲ့မျက်လုံးတွေမှာ သိချင်စိတ်တို့အပြင် ဝမ်းသာရိပ်တွေပါ ထင်ဟပ်နေသည်ဟု အရိပ်က ထင်လေသည်။ ဝင့်ဖြာသည် နောင်ရိုးအပေါ်မှာ သူငယ်ချင်းသံယောဇဉ်ထက် အကြင်နာတွေ ဖွဲ့နေသူဟု မသိ၊ မရိပ်မိသည်အထိ အရိပ်လည်း မည့်ခဲ့ပါ။ နောင်ရိုးတစ်ယောက် ချစ်သူမရှာခြင်းနှင့် အရိပ်တစ်ယောက် အချစ်ကို မခံစားမိသေးခြင်းတို့သည် ဝင့်ဖြာ၏ အိပ်ပျက်ညတွေကို ဖန်ဆင်းပေးနေသည်ဟု အရိပ်ကတော့ ယူဆသည်။

သို့သော် အရိပ်က ဝင့်ဖြာကို စာနာနားလည်ပေးနိုင်ပါသည်။



"သူနဲ့ ငါ့ရဲ့ အခြေအနေက အေးဆေးပါပဲ။ ဒါပေမဲ့ သူ့ဆက်ဆံရေးက နွေးထွေးတယ် ဝင့်ဖြာ။ သူ့အကြည့်တွေက နွေးထွေးတယ်။ သူ သိထားတဲ့ ငါ့အဆင့်အတန်းက တစ်မျိုးလေ။ သူ့အဆင့်နဲ့ယှဉ်ရင် ငါက မပြည့်စုံတဲ့အနေအထားပေါ့။ သူ့ပတ်ဝန်းကျင်မှာ ငါ့ထက်သာတဲ့ မိန်းကလေးတွေ တွေ့နိုင်တယ် ...

လူဆိုတာ တစ်ယောက်တည်း ခံစားကြည့်ရင် အတိမ်အနက်ကို မသိနိုင်ဘူး၊ နှစ်ယောက်နှိုင်းယှဉ်ကြည့်တော့မှ သိနိုင်တာ၊ ဒါကြောင့် နင်လည်း သူနဲ့ရင်းနှီးမှုအတိုင်းအတာတစ်ခု ရှိစေချင်တယ် ဝင့်ဖြာ"

ဝင့်ဖြာက သက်ပြင်းတစ်ချက်ကိုချကာ ...

"အဲဒါက မခက်ပါဘူးလေ။ ဒီဆိုင်ရဲ့ပိုင်ရှင်အဖြစ် ငါက ဘယ်လောက်ထိ တာဝန်ယူရမှာတဲ့လဲ"

"တစ်သက်လုံး ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ အဲဒါတွေ မေးမနေပါနဲ့။ ဒီနေ့ညနေ နင် အားတယ် မဟုတ်လား။ ပန်းမြတ်တော်ဝင်ကို သွားလိုက်လေ"

ဝင့်ဖြာက အရိပ်ကို မျက်စောင်းတစ်ချက် ထိုးကြည့်ကာ ...

"သွားပြီး ဘာလုပ်ရမှာလဲ"

"ဒင်နာသွားစားပေါ့၊ kitchen ထဲ ဝင်ကြည့်ပြီး နမ်းလေးဘာလေးဖြူး၊ ဘာလိုလဲ ဘာညာ မေးပေါ့ဟာ၊ နင်ကလည်း အဲဒါကအစ လိုက်သင်နေရဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"သင်ရမှာပေါ့ဟဲ့၊ ငါက ယောက်ျားလေးတွေနဲ့ ပတ်သက်ဖူးတဲ့သူမှ မဟုတ်တာ"

"ဩော် ... ငါကတော့ ပတ်သက်ဖူးတာကျလို့။ ဘာပဲဖြစ်ဖြစ်ဟာ နှင့်အပေါ်မှာ သူ ဘယ်လိုသဘောထားလဲဆိုတာ ငါ သိချင်တယ်။ ပြောရရင် နှင်လည်း သိပ်လှတဲ့ မိန်းမတစ်ယောက်ပဲလေ"

"ဟင်း ... သိပ်လှလို့ပဲ ခုထက်ထိ မစွံသေးတာပေါ့"

"ဒါကတော့ နှင်မှ မကြိုက်တာ။ ရတာတွေကို မလိုဘူး မဟုတ်လား"

"ဘာလဲ ... နှင်က ငါ့ကို လိုတာကျတော့ မရဘူးလို့ ပြောချင်တာ မဟုတ်လား"

"ငါ မပြောမိပါဘူး။ လိုတာမရ ရတာမလိုဆိုတဲ့ စကားက တွဲနေတာမှ မဟုတ်တာ၊ ဘာလဲ ... နှင်က တကယ်ပဲ လိုနေတာ ရှိလို့လား"

အဲဒီစကားကို ဝင့်ဖြာက မဖြေချေ။ သူ မဖြေချင်တာကိုတော့ မဖြေပေမယ့် သူ သိချင်တာကိုတော့ မေးဖော်ရသည်။

"နှင် အဲဒီ စားဖိုမှူးကို စိတ်ဝင်စားနေပြီလား"

"အင်း ... စိတ်ဝင်စားတယ်"

အရိပ်ရဲ့မဆိုင်းမတွ ပြန်ဖြေသံကြောင့် ဝင့်ဖြာက အံ့သြသွားဟန်ရှိသည်။ ပြီးတော့မှ အံ့သြမှုကို သိမ်းလိုက်သောမျက်နှာဖြင့် ...



"ဘယ်လိုစိတ်ဝင်စားတာလဲ၊ ဘာစိတ်ဝင်စားစရာ ကောင်းလို့လဲ၊ လူတစ်ယောက်ကို စိတ်ဝင်စားခြင်းဟာ အချစ်တစ်ခုရဲ့အစ ဖြစ်ချင်ဖြစ်နိုင်တယ်ဆိုတာရော နှင် တွေးမိရဲ့လား"

ဒါဆို ငယ်သူငယ်ချင်း သံယောဇဉ်ကရော အချစ်တစ်ခုရဲ့အစတဲ့လား။ အဲဒီမေးခွန်းကိုတော့ အရိပ်က ပြန်မမေးဖြစ်တော့ပါ။

"ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ချစ်မိတဲ့ လူတစ်ယောက်ဟာ ဒီကမ္ဘာကြီးပေါ်မှာ ကိုယ့်အတွက်တော့ ထူးခြားစိတ်ဝင်စားစရာကောင်းတဲ့ လူတစ်ယောက် ဖြစ်နေတာပဲ မဟုတ်လား"

"နှင် သူ့ကို တော်တော်စိတ်ဝင်စားနေတာပဲ"

"ငါ့အတွက်တော့ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်တာပဲလေ။ သူနဲ့ မနက်ခင်း အတူတူ လမ်းလျှောက်ရတဲ့ အရသာ၊ စကားစမြည်လေးတွေ ပြောခွင့်ရတဲ့ အရသာဟာ နေ့တစ်နေ့အတွက် လန်းဆန်းတက်ကြွမှုတွေရဲ့ အခြေခံ ဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ် ...

ပြီးတော့ သူ ငါ့ကို ဆက်ဆံပုံကို အရမ်းသဘောကျတယ်။ အရမ်းနွေးထွေးတယ်။ ငွေရေးကြေးရေး အခြေအနေ သိပ်အဆင်မပြေတဲ့ မိန်းကလေးတစ်ယောက် အပေါ်မှာ စကားပြောတာကအစ ဖေးမမှုရှိတယ်။ ငါ့ဘဝမှန်ကိုမသိဘဲ သူ ဒီလိုစိတ်ဝင်စားတယ် ဆိုတာကိုက သူ့ရဲ့စိတ်ရင်းပဲလေ။ ငါက ငါ့ကို စိတ်ရင်းအမှန်နဲ့ ဆက်ဆံတဲ့ယောက်ျားမျိုးနဲ့ပဲ စကားပြောချင်တာ ဝင့်ဖြာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့စိတ်ရင်းအမှန်ကိုသိဖို့ ငါပါ ထပ်ဝင်ရဦးမယ်ပေါ့လေ။ ဟော့ ... ရေလာမြောင်းပေး ပုံစံတော့ မလုပ်နိုင်ဘူးနော်"

အရိုပ်သည် ဝင့်ဖြာရဲ့စကားကို ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မောမိလေသည်။ အင်း ... သူ့ခမျာလည်း နောင်ရိုးကို အတော်ချစ်ရှာသား။

"ရေလာမြောင်းပေး မလုပ်ရပါဘူး၊ ဒါပေမဲ့ ကိုယ့်ကိုစိတ်ကူးယဉ်လို့ရမယ့် အခြေအနေပေါ့။ သူ့အပေါ်မှာ ဖော်ရွေလိုက်လုံ့မှ ရှိရမယ်။ warmly ဖြစ်ရမယ်ပေါ့။ အဲဒီလောက်ပါပဲ"

အရိုပ်ရဲ့စကားကို ဝင့်ဖြာက သက်ပြင်းချလျက်ခေါင်းကို ဖြည်းဖြည်းချင်းယမ်းသည်။

"နင်က သူ့အပေါ်မှာ ဘယ်အချိန်ထိ ဘဝမှန်ကို ဖုံးကွယ်ထားမှာတဲ့လဲ"

"အင်း ... အဲဒါကိုတော့ မစဉ်းစားရသေးဘူး"

"ဘာလို့များ နင် အဲဒီလို စမ်းသပ်ခဲ့ရတာလဲ အရိုပ်ရယ်"

"ငါ တမင်တကာ ရည်ရွယ်ခဲ့တာ မဟုတ်ဘူးလေ။ အဲဒီအတွက်နဲ့ ပတ်သက်ပြီးတော့ ငါ အမြဲလိပ်ပြာသန့်နိုင်ပါတယ်။ အထည်ချုပ်စက်ရုံက ကော့စ်ကို ငါကိုယ်တိုင်ဝင်လိုက်တဲ့အခါမှာ သူနဲ့ ငါနဲ့ မတော်တဆ ဆုံခဲ့ရတယ်။ သူက ငါ့ကို အကူအညီပေးခဲ့တယ်။ ထမင်းကျွေး၊ အိမ်ပြန်လိုက်ပို့ စသဖြင့် ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကြည့်တဲ့ ရိုးသားတဲ့မျက်လုံးတွေကို ငါ့မျက်စိထဲကကို မထွက်ဘူး ...



ဒီကြားထဲ ငါတို့ ထပ်မဆုံဖြစ်ကြပါဘူး။ သူနဲ့တမင်တကာ တိုက်ဆိုင်ဆုံစည်းအောင် ငါ ဘယ်တော့မှ မလုပ်ခဲ့ဘူး။ သူကလည်း မလုပ်ခဲ့ဘူး။ ငါက ဖန်တီးပြုလုပ်ရတဲ့ ကိစ္စတွေကို ဝါသနာမပါတာ နင်လည်းသိမှာပါ ဝင့်ဖြာ။ ဆောင်းတွင်းတိုင်း ကန်ပေါင်ပေါ် တက်ပြေးတက်တဲ့ ငါနဲ့ ဒီနှစ်ဆောင်းကျမှ ပန်းမြတ်တော်ဝင်မှာ အလုပ်ဝင်လိုက်လို့ အင်းလျားကန်ဘက် ထပြေးခွင့်ရတဲ့သူနဲ့ ငါ့ကို ကံတရားကပဲ ဆုံစည်းစေခဲ့တာပါ။ အဲဒီမှာတောင်မှ သူက ငါ့ကို အရင်စ,မြင်ခဲ့တာ ...

သူ့ကို ငါ တမင်တကာ ဟန်ဆောင်ပြီး Test လုပ်ချင်လို့ လုပ်ခဲ့တာ မဟုတ်ဘူး၊ ဒါပေမဲ့ ပေးလာတဲ့အခြေအနေပေါ်မှာ Test လုပ်ခဲ့တယ် ဆိုတာကိုတော့ ဝန်ခံတယ်"

"ဒီအကြောင်းတွေ နောင်ရိုး သိလား"

"မသိဘူး။ နင် ပြောပြချင်လည်း ပြောပြလိုက်လေ"

"နောင်ရိုး သိရင် ကျေနပ်မယ်လို့ နင် ထင်လား"

"အဲဒီလောက်ထိ ငါ မတွေးပါဘူး၊ တွေးစရာမလိုဘူးလို့လည်း ထင်တယ်"

အရိုပ်ရဲ့အပြောကြောင့် ဝင့်ဖြာသည် ဘာမှဆက်မ…တော့ဘဲ ငေးမောငြိမ်သက်သွားလေသည်။ သေချာတာ တစ်ခု…တော့ အဲဒီအပြောအတွက် ဝင့်ဖြာတစ်ယောက် ကျေနပ်နှစ်သိမ့်…မယ်ဟု မျှော်လင့်ရတာပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

သုထက်သည် အစ္စယ်တော်ရဲ့ လှီးဖြတ်ပြင်ဆင်ထား
သော ငါးရှဉ့်အသားတုံးများကို ဆီကျက်နေသော ဒယ်အိုးကြီးထဲ
သို့ ပစ်ထည့်ကာ ကြွပ်ရွလာအောင် တရှဲရှဲဖြင့် ကြော်နေလိုက်
သည်။ အဲဒီအချိန်မှာပဲ အနားသို့ တစ်စုံတစ်ယောက်က လာရပ်
ကြည့်နေသလို ခံစားလိုက်ရ၍ လှည့်ကြည့်လိုက်လျှင် ဒီဆိုင်ရဲ့ပိုင်
ရှင်အမျိုးသမီး ပန်းဝင့်ဖြာ ဆိုတဲ့ တစ်ယောက် ဖြစ်လို့နေသည်။

"ဩော်"

သူ့ရဲ့အံ့သြသလို၊ နှုတ်ဆက်သလို မသဲမကွဲ အာမေ
ဋိတ်သံကို သူမက အေးချမ်းသော အပြုံးလေးတစ်ခုဖြင့် အသိ
အမှတ်ပြု ခေါင်းညိတ်ကာ ...

"ဆက်လုပ်ပါ ကိုသုထက်၊ ကျွန်မက ကြည့်ချင်လို့ပါ"

"ဩော် ... ဟုတ်ကဲ့"

သူက ရဲပြီးကြွလာသော ငါးရှဉ့်တုံးများကို အကျက်
ညီအောင် ဟိုဒီဘယ်ညာလှည့်ပြီးမှ အနားမှာ အသင့်ချထားသော
ပျားရည်ကိုလောင်းကာ ရေနည်းနည်းစွက်လျက် ပြန်လှိမ့်ကြော်



လိုက်သည်။ သူမက သူ ကြော်လှော်ချက်ပြုတ်နေတာကို စိတ်
ဝင်တစားကြည့်ကာ ...

"အဲဒါ ဘာဟင်းလဲဟင်"

"ငါးရှဉ့်ပျားရည်ကြော်ပါ၊ ဒီဆိုင်မှာ အရမ်းရောင်းကောင်း
တဲ့ ဟင်းတစ်မျိုးပေါ့၊ ဟင်းဆိုတာထက် ယမကာ၊ ဘီယာ
တို့နဲ့ တွဲဖက်မြည်းတဲ့ အမြည်းတစ်မျိုးပါ။ ချိုမွှေးပြီး ကြွပ်ရွ
နေတာ။ အမျိုးသားတွေရဲ့ ကျန်းမာရေးနဲ့လည်း ညီညွတ်
တယ်လေ။ ကျွန်တော် ပြောတာတွေကို ဝိတ်တာလေးတွေ
က customer တွေကို ပြန်ရှင်းပြတော့ အရမ်းအမှာများတဲ့
အမြည်းတစ်မျိုးပေါ့ ...

ဒီဆိုင်ရဲ့နာမည်ကြီး ဟင်းလျာတွေထဲမှာ တစ်ခုအပါ
အဝင်ပေါ့"

"အင်း ... အနံ့နဲ့တင် စားချင်စရာပဲနော်။ ပျားရည်ပါတယ်
ဆိုတော့"

"ဟုတ်ကဲ့ ... အဲဒီအနံ့ကြောင့်ပါ"

သူက ကြော်လှော်ပြီးစီးသွားသော ငါးရှဉ့်ပျားရည်
ကြော်များကို သုံးပွဲစာအတွက် လှပစွာ ပြင်ဆင်ပေးလိုက်သည်။
အနားမှာရှိနေသော သူ့လက်ထောက်တစ်ယောက်က အားလုံးကို
သယ်ယူသွားကာ မီးဖိုချောင်ထိပ်က စားပွဲရှည်ပေါ်မှာ သွားချပေး
သည်။ သူတို့မီးဖိုခန်းထဲသို့ ဝိတ်တာများက ဝင်ခွင့်မရှိပါ။ ဝိတ်
တာများ၏ သပ်ရပ်ရှင်းသန့်နေသော ဝတ်စုံများ ဟင်းအငွေ့မှာ၊
ပေကျံသွားပြီး စားသောက်သူတွေ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး
၍ပင်။

www.burmeseclassic.com

www.burmeseclassic.com



"မပန်းဝင့်ဖြာ Dinner စားပြီးပြီလား မသိဘူး"

"ဟင့်အင်း ... မစားရသေးပါဘူး"

"ဟုတ်လား ... ကျွန်တော့် တစ်ခုခု စီစဉ်ပေးရမလား။ ဘာများသုံးဆောင်ချင်လဲ မသိဘူး"

"အင်း ... ဘာစားရင် ကောင်းမလဲဟင်"

ဆံပင်ရှည်ကြီးနှင့် လှတပတ နူးညံ့သော အမျိုးသမီးက မေးစေ့အောက်မှာ လက်ထောက်ရင်း တွေးဆဆမေးလိုက်ဟန်ဖြင့် ပြောလိုက်လျှင် သူသည် နှစ်ခြိုက်စွာ ပြုံးပြမိသွားသည်။ ဒီလိုနူးညံ့လွန်းသော မိန်းကလေးဟာ ဘာကြောင့်များ စားသောက်ဆိုင်ပိုင်ရှင် ဖြစ်နေရတာပါလိမ့်။ သူမနှင့် ဒီအလုပ်ဟာ လိုက်ဖက်သည်ဟုတော့ သူ မထင်ပါ။ တကယ်ဆိုရင် ပိုး ဆိုသော မိန်းကလေးနဲ့မှ လိုက်ရင်လိုက်လိမ့်ဦးမည်။

ဟင်း ... သတိရသွားပြန်ပြီ။ သူဟာ ခုတလော ပိုးကို ဘာ့ကြောင့် မကြာခဏ သတိရနေတတ်သလဲတော့ မပြောတတ်ချေ။ တစ်ခါတလေတော့လည်း တိုက်ဆိုင်၍ သတိရတတ်သည်။ တစ်ခါတလေတော့လည်း ဘာအကြောင်းမှ မရှိဘဲ ဖျတ်ခနဲ သတိရတတ်ပါသည်။

"မပန်းဝင့်ဖြာက ဘယ်လိုအစားအစာမျိုးကို ကြိုက်လဲ။ ဥရောပစတိုင်လ်တွေ ဘာတွေ ကြိုက်လား"

"အင်း ... အဲဒီထဲက မြန်မာပါးစပ်နဲ့ တွေ့မယ့်ဟာမျိုးပေါ့။ အရမ်းဘိုဆန်တဲ့ဟာမျိုးတော့ မကြိုက်ဘူး"

"ဟုတ်ပြီ၊ ဒါဆိုရင် ဝက်သားနဲ့ချက်မယ့် **Pepper Steak Pork** ဆိုတဲ့ ဟင်းပွဲလေးကို စားကြည့်မလား။ အဲဒါလည်း



ဒီဆိုင်ရဲ့ လူကြိုက်များတဲ့ အစားအစာတစ်မျိုးပဲ။ လှီးထားတဲ့ ဝက်သားအပြားကို အခြောက်ကင်ပြီး အာလူးနဲ့လုပ်ထားတဲ့ ဟင်းအနှစ်ကို အပေါ်က ပြန်လောင်းထားတာ ... စားလို့ကောင်းတယ်။ ဥရောပ အစားအစာဆိုပေမယ့် မြန်မာပါးစပ်နဲ့တွေ့တယ်။ အဲဒါနဲ့ ဂျူ့စ်လေးနဲ့ တွဲသုံးဆောင်သင့်ပါတယ်"

"အိုကေလေ ... ကျွန်မ စားပါ့မယ်။ ကျွန်မ ဒီအခန်းထဲမှာပဲ စားပါ့မယ်"

"ဟုတ်ကဲ့၊ ဟိုဘက်အခန်းလေးထဲမှာ စောင့်ပေးပါ၊ ကဲ ... ဒါဆို ကျွန်တော် ချက်လိုက်ဦးမယ်နော်"

သူမက ပြုံးပြခေါင်းညိတ်ပြီး မီးဖိုခန်းနှင့် ဆလိုက်တံခါးတစ်ချပ် ခြားထားသော အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူက လက်ထောက်တစ်ယောက်ကို သူမအတွက် လိုင်းမ်ဂျူ့စ်တစ်ခွက် စီစဉ်ခိုင်းကာ သူကိုယ်တိုင်တော့ **Pepper Steak Pork** ဟင်းပွဲကို စီစဉ်ရသည်။

ချက်ပြုတ်ပြင်ဆင်ပြီးလျှင် နောက်ထပ် အော်ဒါတွေကာ ရောက်လာသဖြင့် သူမထံသို့မသွားနိုင်သေးဘဲ လက်ထောက်နှင့်သာ ပို့ခိုင်းလိုက်လေသည်။

သူမ စားသောက်နေသည့် အခန်းလေးမှာ သူတို့စားနေသည့်အခန်း ဖြစ်သည့်အတွက် သူက အလုပ်နည်းနည်းပါးသောမှပဲ အဲဒီအခန်းထဲသို့ ဝင်လာဖြစ်တော့သည်။ သူမက ဂျူ့စ်ကို မော့ရင်းမှ သူ ဝင်လာတာ မြင်သောအခါ ပြုံးပြနှုတ်ဆက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေရဲ့လား မသိဘူး ခင်ဗျာ။ အော်ဒါတွေ ထပ်ရောက်လာတာနဲ့ အလုပ်နည်းနည်းရှုပ်သွားလို့ပါ။ ဘာလိုသလဲ ဘာပြင်ပေးရမလဲ ဆိုတာတောင် မမေးလိုက်ရဘူး"

သူက လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း အလုပ်ရှင်တစ်ယောက်ကို လေးလေးစားစား ဆက်ဆံတဲ့ပုံမျိုးနဲ့ မေးတာကြောင့် သူမက ခေါင်းတစ်ချက်ညိတ်ပြကာ ...

"ဘာမှမလိုပါဘူး။ အရမ်းကို စားကောင်းပါတယ်။ ထိုင်ပါ ... ထိုင်ပါ၊ မတ်တတ်ကြီး လုပ်မနေပါနဲ့"

"ရပါတယ်၊ မပန်းဝင့်ဖြာ လွတ်လွတ်လပ်လပ်သုံးဆောင်ပါ"

"အော် ... ကျွန်မ စားလို့ပြီးပါပြီ။ ထိုင်ပါ၊ အားသွားပြီမဟုတ်လား။ ခဏလောက်တော့ ထိုင်ပါဦး"

ပိုင်ရှင်ကိုယ်တိုင်က ထိုင်ပါဦးဆိုတာကို အခါနှစ်ဆယ်လောက် ပြောနေမှတော့ သူက မထိုင်လို့ မကောင်းတော့၍ စားပွဲကခုံမှာ ဝင်ထိုင်လိုက်ရသည်။ ပန်းဝင့်ဖြာသည် သူ့ကို ရင်နီးစွာ ပြုံးစိုက်ကြည့်ရင်းမှ ...

"စားပြီးပြီလား"

"ဗျာ ... မစားရသေးပါဘူး၊ ကျွန်တော် ခုနစ်နာရီလောက်မှ စားတာပါ"

"အော် ... အော် ... ကျွန်မကိုလေ မဝင့်ဖြာလို့ အတိုကောက်ခေါ်လည်း ရပါတယ်။ ပြီးတော့လေ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံနိုင်ပါတယ်။ အရမ်းကြီး Respect ပေးစရာ မလိုပါဘူး။ ကျွန်မဟာ အရွယ်အားဖြင့် ကိုသုထက်,ထက် ငယ်ချင်တောင် ငယ်နေမှာပါ...



စား သောက်ဆိုင်ပိုင်ရှင်နဲ့ စားဖိုမှူးဆိုတာကလည်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတွေပဲလေ၊ ဒီဆိုင်က၊ အစားအသောက်တွေကို အဓိကထားရောင်းတာဆိုတော့၊ စားဖိုမှူးတွေရဲ့ အရည်အချင်းက အများကြီး အရေးပါ,ပါတယ် ...

ကျွန်မကလည်း ပညာရှင်တွေကို လေးစားတဲ့သူပါ"

"ဟုတ်ကဲ့ ... သင့်ခ်ယူပါ မဝင့်ဖြာ"

"ကိုသုထက်က chef အလုပ်ကို တော်တော် crazy ဖြစ်တယ်နဲ့ တူတယ်နော်၊ စိတ်နှစ် ကိုယ်နှစ်ကို ချက်ပြုတ်နေတာပဲ"

သူ စိတ်နှစ်ကိုယ်နှစ် ချက်ပြုတ်နေတာကို သူမက ဘယ်အချိန်ကများ ချောင်းကြည့်နေလို့ပါလိမ့်။ အဲဒီအတွေးကြောင့် သူ့နှုတ်ခမ်းထက်မှာ အပြုံးစတို့ ခိုသီးသွားရသည်။

"ဟုတ်တယ်၊ ကျွန်တော်က အနုပညာတစ်ရပ်လိုကို မွေ့လျော်ပြီးချက်တာ၊ ဟင်းချက်ရရင် ပျော်နေတာပဲ။ ကိုယ်ပြင်ဆင်ချက်ပြုတ်လိုက်တဲ့ အစားအစာတစ်မျိုးဟာ စားတဲ့သူရဲ့ပါးစပ်ထဲမှာ အရသာရှိတယ်ဆိုရင် အရမ်းပီတိဖြစ်တယ်"

"အင်း ... အရမ်းကို အရသာရှိတယ်။ တကယ့်ဝါရင့်စားဖိုမှူးကြီး လက်ရာအတိုင်းပဲ။ ဒီလို ခေတ်မီတက်ကြွတဲ့ လူငယ်လေးတစ်ယောက်က ချက်ပြုတ်ပေးလိုက်တယ်လို့ ထင်ရက်စရာတောင် မရှိဘူး"

"ဟား ဟား ... ဒါကတော့ မဝင့်ဖြာ ကျွန်တော့်ကိုချီးကျူးလွန်သွားပြီနဲ့ တူပါတယ်ဗျာ၊ ကျွန်တော့်လက်ရာက ဒီဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာ Chief cook ကြီး အနံကယ်လွှင့်ကို မမီသေးပါဘူး။ အနံကယ်လွှင့်ဆီက သင်ယူရမှာတွေ အများကြီးရှိပါသေးတယ် ...

စားကောင်းတယ်ဆိုတာက စေတနာလည်း ပါလို့ဖြစ်မှာပါ”

“အင်း ... ဟုတ်မှာပါ။ ဒါနဲ့ ကိုသုထက်ဆီမှာ ဒီဆိုင်နဲ့ ပတ်သက်ပြီး ဘာအကြံပေးချင်တာတွေများရှိလဲ ...

ဒီဆိုင်က family type ပုံစံနဲ့ သွားတာပါ။ အားလုံး ပေါင်းပေါင်းစည်းစည်းနဲ့ပေါ့”

“အင်း ... ကျွန်တော် တွေးမိတာ တစ်ခုတော့ရှိတယ်ဗျ၊ ဒီဆိုင်ရဲ့မနက်ခင်း DimSim က အရမ်းနာမည်ကြီးတာတော့ ဟုတ်တယ်။ ဒါပေမဲ့ တချို့ကျတော့ တခြားကောင်းနိုးရာရာလေးတွေပါ စားချင်တဲ့စိတ် ရှိတယ် ...

ဒီဆိုင်က အင်းလျားကန်နဲ့ အရမ်းနီးတော့ မနက်ဆိုရင် အားကစားလုပ်ပြီး ပြန်လာတဲ့သူတွေက Breakfast ကို ဒီမှာစားတာ များတယ်။ အဲဒါကြောင့် မနက် Breakfast ကို DimSim အပြင် တခြားကောင်းနိုးရာရာလေးတွေ တိုးချဲ့စီစဉ်စေချင်တာပါ”

“အင်း ... ဟုတ်တယ်နော်။ customer တွေက အဲလိုပဲပြောလား”

“ပြောတယ်။ တချို့ customer တွေနဲ့ မနက်ဘက်ဆို ကန်ပေါင်ပေါ်မှာ ဆုံတယ်။ သူတို့က ပြောပြတာ”

“ဟုတ်လား !။ ဒါနဲ့ ကန်ပေါင်ပေါ်မှာ ဆုံတယ်ဆိုတော့”



“ဩော် ... ကျွန်တော်က မနက်တိုင်း ကန်ပေါင်ပေါ်ကို ထပြေးတတ်တယ်။ ကျန်းမာရေးပေါ့ ... ဟဲ ဟဲ”

“ဟုတ်လား ... အင်း ... ကောင်းပါတယ်။ ဒီနားက အင်းလျားကန်နဲ့ နီးတော့ အဆင်ပြေမှာပေါ့”

“ပြေတာပေါ့။ ကျွန်တော်နေတဲ့ တောင်ဥက္ကလာမှာဆို ဒီအခွင့်အရေး ဘယ်ရမလဲ။ ဒီဆိုင်မှာ လုပ်ရတာ ကျွန်တော့်အတွက် တော်တော်အဆင်ပြေပါတယ် ...

စိတ်လည်း ချမ်းသာရတယ်”

“ဟုတ်ကဲ့ ... ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ အခုန ကိုသုထက် ပြောတာလေးကို ကျွန်မ မန်နေဂျာနဲ့ တိုင်ပင်ပြီး စီစဉ်ကြည့်ပါမယ် ...

ကဲ ... ကိုသုထက်လည်း အလုပ်တွေရှိတယ်၊ ကျွန်မလည်း စားလို့ကောင်းပါတယ်၊ ကျေးဇူးပါပဲ”

သူမက ထိုင်ရာမှထကာ နှုတ်ဆက်စကားပြောလိုက်လျှင် သူက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်နှုတ်ဆက်ဖြစ်သည်။ သူက ဆလိုက်တံခါးကို တွန်းဖွင့်ပေးလိုက်လျှင် သူမက ရှေ့ကထွက်သွားသည်။ ကိုယ်တစ်ချက်အယိမ်းမှာ လွင့်ခနဲဖြစ်သွားသော ဆံနွယ်ရှည်ကြီးထံမှ သင်းပျံ့သော ရှန်ပူရနံ့တွေက သူ့နှာခေါင်းသို့ လာရောက်တိုးဝှေ့သွားလေသည်။

အင်း ... ဆံပင်တော့ တော်တော်ကောင်းတဲ့ အမျိုးသမီးပဲ။ ဆံလုံးသေးပေမယ့် တူထဲနေသောကြောင့် သူမရဲ့ဆံပင်တွေဟာ အင်မတန် လှပကြသည်။ ဒီခေတ်ကြီးထဲမှာ ဆံပင်ပုံစံကို မျိုးစုံယားလျက် အရောင်အမျိုးမျိုး ဆိုးကြသော်လည်း ပန်း

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဖြာကတော့ အဲဒါတွေနဲ့ ခြားနားစွာ ပိတုန်းရောင်ကေသာ လှတပတကြီးနှင့် ဖြစ်သည်။

အင်း ... ဟိုကလေးမ ဆံပင်တွေနဲ့တော့ ကွာပါ့။ သူသည် မျက်လုံးထဲမှာ ပိုးဆိုသော ကောင်မလေးရဲ့ ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်လာပြန်သည်။ ပိုးရဲ့ဆံပင်တွေမှာ ပိုးဆိုသော နာမည်နဲ့လိုက်အောင် ပိုးသားမျှင်တွေလို နူးညံ့ပြောင်လက်ပြီးနေသည်။

ပြီးတော့ ဘာအရောင်မှန်း တိတိကျကျ မပြောတတ်။ ရွှေညိုရောင်လိုလို၊ စိမ်းဝါရောင်လိုလို၊ ဘာမှန်းတော့ မကွဲပြားဘဲ ကျောလယ်ခန့်ရှိ အခွေအန္တဲ့အလိပ်များဖြင့် လှပလွန်းသောဆံပင်တွေ ဖြစ်သည်။

"Kitchen ထဲမှာရော ဘာတွေလိုအပ်သလဲ။ အဆင်မပြေတာရှိရင် ပြောနော်"

"ဗျာ ... ဩော် ... ဟုတ်ကဲ့"

သူမက သူ နဝေတိမ်တောင် ဖြစ်သွားပုံကို တစ်ချက်ပြုံးကြည့်ကာ နောက်ဆုံး နှုတ်ဆက်သလိုဖြင့် ခေါင်းကိုညိတ်လျက် ...

"ကဲ ... အားလုံးအတွက် သင့်ခ်ယူနော်။ ဆီးယူ ကိုသုထက်"

"ဟုတ်ကဲ့ ... ဆီးယူ"

သူမက Kitchen ထဲမှ ပြန်လည်ထွက်ခွာသွားသည်။ သူသည် သူမရဲ့နောက်ကျောပြင်ကို ကြာကြာငေးခွင့်မရပါ။ အဘယ်ကြောင့်ဆိုသော် သူ့ရဲ့လက်ထောက်လေးက ဟင်းအော်ဒါတွေ ရောက်နေကြောင်း လာရောက်သတင်းပို့၍ ဖြစ်လေသည်။



ပြည်ကြီးငါးရဲ့ လက်တံတွေကိုချည်း ဖြုတ်ကာ အဆန်းတကြယ် ချက်ပြုတ်ရမည့်ဟင်း ဖြစ်သောကြောင့် သူ့မှာ ...န်းဝင့်ဖြာကိုလည်းမေ့၊ ပိုးကိုလည်း မေ့လျော့၍ သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အရိပ်သည် လေ့ကားခြေရင်းမှာ ဆောင့်ကြော င့် ထိုင်လျက် PUMA ဝေါကင်းရှူးဖိနပ်ကို ကြိုးချည်နေရင်း Addidas ဖိနပ်ကို သတိရနေမိသည်။ Addidas ဝေါကင်းရှူးကို စီးချင်သော်လည်း သိပ်အဆင်မပြေလှ။ ကလေးတွေကို စာပြ သည့် မိန်းကလေးတစ်ယောက်ဟာ နံနက်ခင်းလမ်းလျှောက်ရာမှာ စီးဖို့အတွက် တစ်ရန်လျှင် သုံးသိန်းလောက်ရှိမည့်ဖိနပ်ကို ဝယ် စီးနိုင်မှာ မဟုတ်ပါ။ အခုတောင် သုထက် ဆိုသည့်တစ်ယောက် က အရိပ်ရဲ့ပုံစံကို မကြာခဏ အကဲခတ်လျက် အရိပ်ရဲ့မျက်နှာ မှာ မာန်တစ်ခု ရှိနေသလိုပဲဟု ပြောတတ်သည်။

ကိုယ်ရောင်ကိုယ်ဝါတွေ ဘယ်လောက်ပဲ လျှော့ချ ထားပါစေ၊ မျက်နှာပေါ်က မာန်တစ်ခုကတော့ ကိုယ်သတိမထား မိချိန်မှာ ဖျတ်ခနဲ ပေါ်လာတတ်သည် ဆိုတာကိုတော့ ဂရုပြုမိ ပြီဖြစ်သည်။ အဲဒီအတွေးနှင့်အတူ အရိပ်က ဖိနပ်စီးပြီး မတ် တတ်ထရပ်လိုက်တာနှင့် ပေါ်တီကိုအောက်သို့ ကားတစ်စီးက ထိုးဆိုက်လို့လာသည်။ အပေါ်ဝသို့ ရောက်သွားပြီဖြစ်သော အရိပ်



နှင့် ကားပေါ်က ဆင်းလာသူတို့မှာ အဝင်ဝမှာ ဆုံမိသွားကြသည်။ နက်ခင်း ငါးနာရီ အလင်းရောင်မပီဝိုးတဝါး ရှိနေပေမယ့် ပေါ်တီကိုအောက်မှာ ထွန်းထားသော မီးဆိုင်းကြီးကြောင့် ဘယ်သူ ဆိုတာ အရိပ်က ခွဲခြားသိမြင်လို့ သွားလေသည်။

"နောင်ရိုး"

ဆင်စွယ်ရောင်ဆွယ်တာတစ်ထည်ပေါ်မှာ မီးခိုးရောင် မာဖလာတစ်ထည် ပတ်ထားသော နောင်ရိုးသည် အရိပ်ကို မပြုံး ရယ်ဘဲ ကြည့်နေသည်။

ပြီးတော့မှ ဘောင်းဘီအိတ်ကပ်ထဲသို့ လက်နှစ်ဖက် ထိုးထည့်ရင်းမှ ပင့်သက်တစ်ချက်ရှိုက်ကာ ...

"ဘယ်သွားမလို့လဲ"

"ပြေးမလို့လေ။ နင်ကရော ! စောစောစီးစီး"

နောင်ရိုးက အရိပ်ကို ခပ်နက်နက် တစ်ချက်စိုက် ကြည့်ကာ ...

"နင်နဲ့အတူ ပြေးမလို့ပဲ"

အဲဒီစကားကြောင့် အရိပ်ရဲ့မျက်နှာမှာ ဖျတ်ခနဲ ည်သွားသည်။ အဲဒါကို နောင်ရိုးကလည်း ရိပ်မိပုံပေါ်သည်။ ရှေ့သို့ တစ်လှမ်းတိုးလာရင်းမှ ...

"ဘာဖြစ်လို့လဲ၊ မပြေးရဘူးလား"

"ကျွတ် ... ဘာအရူးထတာလဲ နောင်ရိုးရာ။ တစ်နေ့ တစ်နေ့ ကိုးနာရီထက် အိပ်ရာစောမထတတ်တဲ့ သူမျိုးက ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး။ ဒီလိုပါပဲ ပြေးချင်စိတ် ပေါ်လာလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အရိပ်က စိတ်ကုန်တယ် ဟူသော ပုံစံမျိုးဖြင့် ဟက်ခနဲ တစ်ချက်ရယ်မိသည်။ တကယ်တော့ နောင်ရိုးတစ်ယောက် ဘာသဘောနဲ့ လာတယ်ဆိုတာ အရိပ်သိသည်။ နောင်ရိုးသည် အအိပ်ကို အင်မတန်မက်သောသူ ဖြစ်သည်။ ပြီးတော့ ညအိပ်ရာဝင် နောက်ကျသူတို့၏ ထုံးစံအတိုင်း မနက်ခင်းကို ဘယ်တော့မှ အစောမထတတ်။ ကိုးနာရီထက်စောပြီး မနိုးတတ်။ အရိပ်သည် အဓိပ္ပာယ်မဲ့ လုပ်ရပ်တွေကို လုပ်ချင်နေသော နောင်ရိုးကို နားလည်သလို တစ်ချက်စိုက်ကြည့်ပြီးလျှင် ...

"နောင်ရိုး ! နင့်ကို ငါ နားလည်တယ်။ နင် အိပ်ရေးမဝသေးပါဘူး၊ ပြန်အိပ်လိုက်စမ်းပါ ... နော်"

နောင်ရိုးက အရိပ်ကို နာကျင်သော မျက်ဝန်းများဖြင့် စိုက်ကြည့်ကာ ...

"အရိပ် ! ငါ အိပ်ရေးမဝတာ မဟုတ်ဘူး။ ညတည်းက လုံးဝကို မအိပ်ရသေးတာ။ အဲဒါကို နင် သဘောပေါက်လား"

အရိပ်သည် နောင်ရိုး စကားကြောင့် နည်းနည်း အံ့သြသွားသော်လည်း ဘာမှပြန်မပြောမိတော့ပေ။ စိတ်မရှည်တော့သဖြင့် ချာခနဲ လှည့်ထွက်ဖို့ ပြင်လိုက်စဉ် နောင်ရိုးက အရိပ်ရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ ဆွဲဖမ်းထားလိုက်သည်။ ဒါဘာလုပ်တာလဲ ဟူသော မေးခွန်းကိုမေးဖို့ ပြင်လိုက်သော်လည်း အရိပ့်ထက် နောင်ရိုးစကားက အရင်ထွက်ပေါ်လာသည်။

"အရိပ် ! ငါ့ဘဝမှာ နင့်ကို ဘယ်လောက်အရေးထားတယ်ဆိုတာ နင် အသိဆုံးပါ။ နင် ဘာပဲလုပ်လုပ် ငါ မသိတာ



ဘာမှမရှိခဲ့ဘူး။ အခု ဒီကိစ္စမှာ နင် ငါ့ကို ဘာကြောင့် ရှောင်ထားတာလဲ၊ ငါ လုံးဝသိချင်တယ်"

"ဘာရှောင်ထားတာလဲ။ နင် စောစောစီးစီး လာရှုပ်မနေစမ်းပါနဲ့"

"ရှုပ်တယ် ! ဟုတ်လား အရိပ်။ ဒီမှာ အရိပ်၊ နင် ပန်းမြတ်တော်ဝင်ဆိုင်ကို နှစ်မိနစ်လောက်ပဲ စဉ်းစားပြီး ဝယ်ခဲ့တယ်။ အဲဒီလို ဝယ်ခဲ့တာဟာ ဘာအကြောင်းကြောင့်ဆိုတာ နင် ငါ့ကို ပြောပြခဲ့လား"

"နင်ကရော မေးခဲ့လို့လား နောင်ရိုး"

"ငါ မမေးခဲ့ဘူးလေ။ မမေးဘူးဆိုတာကလည်း ဒီလိုကိစ္စလို့ ထင်ကိုမထင်ခဲ့တာလေ။ ဒါပေမဲ့ နင့်ကို ငါ မေးတော့ မေးခဲ့ပါတယ် အရိပ်ရယ်။ နင်ကိုက မပြောပြခဲ့တာပါ။ ဘာဖြစ်လို့ ဝယ်မှာလဲ၊ ကိုယ်ကျွမ်းကျင်တဲ့ Field မဟုတ်ဘဲနဲ့ စသဖြင့် နင့်ကို ငါ ပြောခဲ့တဲ့ စကားတွေ ငါမှတ်မိဆဲပါ ...

ဒီလိုပဲ နင် ပြောခဲ့တဲ့ စကားတစ်ခွန်းကိုလည်း မှတ်မိတုန်းပဲ။ ဘာတဲ့ အဲဒီဆိုင်ကို ဝယ်လိုက်ရရင် စိတ်ချမ်းသာသွားမယ်တဲ့။ လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရလို့ နင် စိတ်ချမ်းသာမှာပေါ့ ... ဟုတ်လား ... တောက် ... အရိပ်ရာ"

နောင်ရိုးက ဆွဲထားသော အရိပ်ရဲ့လက်ကို လွှတ်ကာ ဖိနပ်ဦးဖြင့် မြေကြီးကို ပိတ်ကန်ရင်း မချိတင်ကဲရေရွတ်သည်။ မနက်ခင်း ငါးနာရီမှာ သွေးရူးတမ်းရူး ထပြေးလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပုံဖြစ်ပြနေသော နောင်ရိုးရဲ့ခံစားချက်ကို အရိပ် ကိုယ်ချင်းစာနားလည်ပေးနိုင်သည်။ သူ့ကို ဝင့်ဖြာတစ်ယောက် အားလုံးပြောပြလိုက်ပြီ ဆိုတာကိုလည်း သဘောပေါက်သည်။ သို့သော် ဒီနည်းကပဲ နောင်ရိုးအတွက် အဆင်ပြေစေပါလိမ့်မည်။

"အရိပ် ! နင်က ဘာသဘောလဲ။ နင့်ပတ်ဝန်းကျင်မှာရှိနေတဲ့လူတွေ၊ ယောက်ျားတွေအားလုံးဟာ နင့်ရဲ့စည်းစိမ်ဥစ္စာတွေကို မက်မောလို့ နင့်ကို ချဉ်းကပ်နေတယ်လို့ပဲ ထင်ပြီး နင့်နှလုံးသားအတွက်ပါ ဒီလိုစမ်းသပ်နေတာလား ...

နင့်ကို ချစ်နေတဲ့လူတွေရဲ့ အချစ်ကို နင် ဒီလိုပဲ သံသယမျက်စိနဲ့ ကြည့်နေတာလား ...

နင့်စည်းစိမ်ဥစ္စာတွေကို ငါ ဂရုစိုက်မယ်များ ထင်လား အရိပ်။ ငါ တစ်စင်ခွဲထောင်လိုက်ရင် တစ်သက်လုံးက ရှာဖွေစုဆောင်းလာတဲ့ နင့်အဘွား စည်းစိမ်တွေကိုတော့ မမီပေမယ့် နင် ရှာနိုင်သလောက်တော့ ငါ ရှာနိုင်တယ်ဆိုတာ နင် သဘောပေါက်ထားစမ်းပါ ...

အေး ... ဒီလိုကောင်မျိုးက နင့်အနားမှာပဲနေပြီး ကျေးတော်ကျွန်တော် လုပ်နေတာ နင့်စည်းစိမ်တွေကိုများ မက်တယ်များ ထင်နေသေးလို့လား"

"နောင်ရိုး ! နင် မဆိုင်တာတွေ ဘာလို့ လျှောက်ပြောနေရတာလဲ"

တိတ်ဆိတ်နေသော အရုဏ်တက်အချိန်တွင် အရိပ်ရဲ့အသံသည် စူးစူးဝါးဝါး လွင့်စဉ်ကွဲသွားသည်။ နောင်ရိုးက အံကိုကြိတ်ကာ အရိပ်ကို မျက်ဝန်းများ မှေးစင်းကာကြည့်ရင်း ...



"ငါ လျှောက်ပြောနေတာ မဟုတ်ဘူး။ ငါ့ရင်ထဲ ကယ်။ ကြာ စားနိုင်လွန်းလို့ ပြောနေတာ။ နင့်ပါးစပ်က ထုတ်မပြော မယ့် ငါ့ကိုလည်း နင် အဲဒီလိုပဲ ထင်နေတာပဲ မဟုတ်လား"

"ကျွတ် ! အဓိပ္ပာယ်မရှိတာ"

"အဓိပ္ပာယ်မရှိတာတွေကို လုပ်နေတာက နင်ပဲ အရိပ်။ ဘာလဲ ... နင့်ဘဝမှန်ကို ဖုံးကွယ်ပြီး အချစ်စစ်တစ်ခုကို နင်က ရှာဖွေမယ်ပေါ့လေ ... ဟုတ်လား ...

အဲဒီလို ရှာဖွေတိုင်းရော အမှန်တရားတစ်ခုကို တွေ့ရလိမ့်မယ်လို့ နင် ထင်နေလား။ ဒါ နင့်အလုပ်ထဲမှာ ဝန်ထမ်းကောင်း ရွေးနေတာ မဟုတ်ဘူး ...

အရိပ်ရယ် ... အဲဒီလို စမ်းသပ်ပြီးမှ အချစ်ကိုရှာဖွေချင်တယ်ဆိုရင် အဲဒီအခွင့်အရေးကိုတော့ နင် ငါ့ကို အရင်ဆုံး ပေးသင့်ပါတယ်ဟာ"

အဆုံးသတ်ပြောချလိုက်သော နောင်ရိုးရဲ့ရင်နင့်ဖွယ်ဆိုနင့်သော စကားသံသည် အရိပ်ရဲ့ဒေါသတွေကို တစ်မုဟုတ်ချင်းပဲ အရည်ပျော်ကျသွားစေသည်။ ဆောရီး နောင်ရိုးရယ်။ အချစ်ကို ငါ တမင်ရှာဖွေခဲ့တာ မဟုတ်ပါဘူး။ အဲဒီလိုပဲ နင်ကလည်း စမ်းသပ်စရာမလိုတော့လောက်အောင် ငါ ယုံကြည်ရတဲ့သူပါ။ ပြောရရင် နင့်ကို ငါ ဝင့်ဖြာထက် ပိုပြီးယုံကြည်ခဲ့ပါတယ် နောင်ရိုးရယ်။

အရိပ်သည် အဲဒီစကားတွေကိုတော့ ရင်ထဲမှာပဲ တိတ်တခိုးပြောကာ နောင်ရိုးကို ကြင်နာစွာ ကြည့်မိသည်။ ပြီးတော့ သူ့ပခုံးတစ်ဖက်ကို အားပေးသလို ဖျစ်ညှစ်မိကာ ...

www.burmeseclassic.com

www.burmeseclassic.com



နင်ထင်သလို မဟုတ်ပါဘူး နောင်ရိုး။ အချစ်ကို ငါ တမင်ရှာဖွေနေတာ မဟုတ်ပါဘူး။ ဒါဟာ ပုံစံတစ်မျိုးနဲ့ တိုက်ဆိုင်သွားတာပါ"

နောင်ရိုးက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းကာ ...

"ဘယ်လိုပဲဖြစ်ဖြစ် နင် ငါ့ကို ရက်စက်လိုက်တာပါ။ ငါ့ရင်ခွင်ကို အသွားထက်တဲ့ဓားနဲ့ လှစ်ခနဲ ခွဲလိုက်တာပါ အရိုပ်ရယ်"

"နောင်ရိုး ! နင်ဘာဖြစ်လို့ အဲဒီစကားတွေ လာပြောနေရတာလဲ"

"ဒီအချိန်မှာ ငါ မပြောရင် ဘယ်အချိန်ကျမှ ပြောရမှာလဲ အရိုပ်။ ငါ့ရင်ထဲမှာရှိတဲ့ တစ်စုံတစ်ရာဟာလေ ကြီးကျယ်မြင့်မြတ်လွန်းလို့ ဘာမဟုတ်တဲ့ စကားလုံးလေးနှစ်လုံးနဲ့ တန်တယ်တောင် မထင်ခဲ့ဘူး ...

အပြောထက် အလုပ်နဲ့ပဲ သက်သေပြခဲ့တယ်။ နင်ဘာဖြစ်ချင်လဲ၊ ဖြစ်အောင် ဖြည့်ဆည်းပေးခဲ့တယ်၊ ငါ့ဘဝကြီးတစ်ခုလုံးကို နင့်အတွက် ငါပေးထားခဲ့တာပါ အရိုပ်ရယ်"

အရိုပ်သည် နောင်ရိုးကို ရင်နာစွာ ငေးကြည့်ရုံမှအပ ဘာမှမတတ်နိုင်ပါ။

"နင့်အတွက် ငါ စိတ်မကောင်းဘူး ဆိုတဲ့ စကားကလွဲလို့ ပြောစရာစကား မရှိတော့ပါဘူး နောင်ရိုး။ ငါ သွားပါရစေတော့"



"နေဦး အရိုပ်။ နင့်ကိုငါ ဘားမ်ခုမေးစရာ ကျန်သေးတယ်။ နင် အဲဒီတစ်ယောက်ကို တကယ်ပဲ စိတ်ဝင်စားသွားတာလား၊ ဒါမှမဟုတ် နင့်ခံစားမှုအတွက် သက်သက်စမ်းသပ်နေတဲ့ သဘောလား"

"တစ်ခုမှ မဟုတ်ဘူး နောင်ရိုး"

နောင်ရိုးက မဲ့ပြုံးတစ်ချက်ပြုံးကာ ...

"အဲဒါဆို နင့်ဘဝအမှန်အတိုင်း ဘာလို့ရင်မဆိုင်ရဲရတာလဲ။ နင်ဟာ ရန်ကုန်မြို့တစ်ဝက်လောက်ကို ဝယ်နိုင်တဲ့အထိ ချမ်းသာနေတဲ့ မိန်းမတစ်ယောက်အဖြစ် ဘာလို့ ထုတ်မပြောပြရဲရတာလဲ ...

နင့်စိတ်ထဲမှာ နေရာတစ်နေရာ ပေးထားတဲ့ လူတစ်ယောက်ကိုတောင် နင် မယုံကြည်နိုင်ဘူး မဟုတ်လား။ အရိုပ်ရာ ဒါနဲ့များဟာ ..."

"နောင်ရိုး ! နင် အခုပြောနေတဲ့ စကားမျိုးတွေကို ဘယ်သူစိမ်းတစ်ယောက်ကမှ ငါ့ကို ဒီလိုမျက်နှာပေး၊ ဒီလိုလေသံနဲ့ မပြောဖူးဘူး၊ ပြောလို့လည်း မရဘူး ဆိုတာကို နင် သိပါ တယ်။ နင် ဒီလိုပြောနေတာတွေကို သည်းခံနေတဲ့ ငါ့ရင်ထဲမှာလည်း နင့်အပေါ်မှာ ဘယ်လောက်အတိုင်းအတာထိ ရှိတယ်ဆိုတာ နင်သဘောပေါက်ပါ။ ဒီလောက်ဆို နင် ကျေနပ်ပါတော့ နောင်ရိုး ...

ငါ့ဘဝမှာ ဘယ်ယောကျ်ားတစ်ယောက်အပေါ်ကိုမှ ဒီလောက် သည်းညည်းမခံခဲ့ဖူးဘူး။ နောက်ဆုံး ငါချစ်တဲ့

www.burmeseclassic.com

ယောက်ျားတစ်ယောက်အပေါ်မှာတောင်မှ ဒီလောက်သည်းခံချင်မှ သည်းခံမယ်။ ဒါပေမဲ့ အဲဒီစိတ်ဓာတ်မှန်ကိုတော့ လာယှဉ်လို့မရဘူး ...

အဲဒါတစ်ခုကိုတော့ နင့်ခေါင်းထဲ မြဲမြဲမှတ်ထားလိုက်"

အရိပ်သည် နောက်ဆုံးစကားတစ်ခွန်းကိုတော့ လက်သီးတစ်ချောင်းထိုးကာ ပြောရင်း ချာခနဲ လှည့်ထွက်လာခဲ့သည်။ ခြံဝမှ ဂိတ်တံခါးစောင့်က အရိပ်ထွက်လာတာကိုမြင်လျှင် ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် တံခါးကို ဖွင့်ပေးသည်။ အရိပ်သည် ခြံအပြင်သို့ ရောက်တာနှင့် စိတ်ထဲက တင်းကျပ်မှုတွေကို လျှော့ထုတ်ကာ အားထည့်ပြီး ပြေးလာခဲ့သည်။

နောင်ရိုးရဲ့ရင်ထဲမှာ အရိပ်အတွက် ဘယ်လောက်ကြီးမားကျယ်ပြန့်သည့် ချစ်ခြင်းတစ်ခု ရှိနေသည် ဆိုသော်ငြားလည်း အဲဒါကို နားလည်ပေးသည့် အဆင့်မှာပဲ ထား၍ရသည်။ တုံ့ပြန်၍မရပါ။ တစ်ခါတလေမှာ အချစ်ဟာ သံယောဇဉ်ယောင်ဆောင်ထားတတ်သည် ဆိုသော်ငြားလည်း အရိပ်ရဲ့ရင်ထဲမှာတော့ နောင်ရိုးအတွက် သံယောဇဉ်စစ်စစ်တွေပဲ ရှိသည်ဆိုတာ သေချာသည်။ ဘာကိုမှ ယုံမှားသံသယဖြစ်စရာ မလိုချေ။ ဒီလိုပဲ ဝင့်ဖြာဟာလည်း နောင်ရိုး အပေါ်မှာ သံယောဇဉ်မဟုတ်သည့် ချစ်ခြင်းတစ်မျိုးဖြင့် စူးနင့်စွာ ချစ်နေသည်ဆိုတာလည်း သေချာသည်။ သို့သော် အချစ်ဟာ ဘာကြောင့်များ လူမှန်နေရာမှန် တွဲမပေးတတ်ရတာပါလိမ့်။



အတွေးတွေကို မောင်းထုတ်ကာ အားထည့်ပြီး တအား ပြေးလာခဲ့သောကြောင့် အနီးပေါ်ပေါ် အရောက်တွင် အရိပ် မောနေခဲ့ပြီဖြစ်သည်။ အရိပ်တို့ ဆုံနေကျ ခုံတန်းနေရာလေးတွင် သူက အရင်ကြိုရောက်နှင့်နေကာ ...

"ဗိုး ဒ်နေ့ နောက်ကျတယ်နော်။ မလာတော့ဘူးတောင် အောက်မေ့နေတာ"

သူ့မျက်နှာပေါ်တွင် အရိပ်ကို တွေ့လိုက်သဖြင့် အခုမှ အသင်ကျသွားသလို အပြုံးမျိုးနှင့် ဆီးကြိုလျှင် အရိပ်သည် မောနေသည့်ကြားမှ သူ့ကို နှစ်သိမ့်စွာ အားယူပြုံးပြလိုက်မိသည်။ အရိပ်ရော ဘာထူးပါသလဲ။ စိတ်ရှုပ် စိတ်အနှောင့်ယှက် ဖြစ်လာမှုများသည် သူ့မျက်နှာကို မြင်ရခိုက်မှာ အားလုံး လွင့်စင်ပပျောက်သွားပြီဖြစ်သည်။

"အင်း ... အိပ်ရာထ နောက်ကျလို့။ ဆောရီး ! "

"ရပါတယ်၊ ကိုယ်က နေ့ရောကျောင်းရဲ့လားလို့ တွေးနေတာ။ ဆောင်းတွင်းဆိုတော့ အအေးမိတာတွေ ဘာတွေ ဖြစ်တတ်တယ်။ ကျန်းမာရေးကို ဂရုစိုက်ဦး"

သူက တကယ့်ကို စိုးရိမ်ပူပင်သော မျက်နှာထားဖြင့်ဆိုလျှင် အရိပ်သည် အဲဒီအပြောမှာ ရင်နင့်မတတ် ဖြစ်သွားသည်။ အရိပ်ရဲ့ဘေးမှာ ပြားပြားဝပ် ခံစားနေသူတွေ၊ လက်ညှိုးညွှန်ရာ ဘာမဆိုလုပ်ပေးမယ့်သူတွေ ရှိသော်လည်း အရိပ်ရဲ့ကျန်းမာရေးအတွက် စိုးရိမ်တကြီး ပူပင်ပေးနေသူတွေ မရှိကြပါ။ နွေးထွေးသော ကြင်နာဂရုစိုက်မှုကို လူတွေထံမှ အရိပ် မရခဲ့။ အရိပ်ကို ဖေးမကြင်နာမည့် မိသားစုဝင်မရှိ။ ကံဇာတ်ဆရာသည်



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကို သုံးမကုန် ဖြုန်းမကုန်သော စည်းစိမ်ဥစ္စာများကို အပုံလိုက် ချပေးထားသော်လည်း နွေးထွေးစင်ကြယ်သည့် မေတ္တာတရားများကို ငတ်မွတ်ခေါင်းပါးစေခဲ့သည်။

"သင့်ခ်ယူ ကိုသုထက်"

"ဗိုး ကြည့်ရတာ တော်တော်ပြေးလာပုံပဲ။ နားရင် နားလေ။ ထိုင်ပါလား"

တကယ်လည်း မောနေသည်မို့ အရိပ်က ခုံတန်းလေးတွင် ဝင်ထိုင်မိသည်။ သူကတော့ မထိုင်ပါ။ ခုံတန်းလေးရဲ့နောက်မှီကို လက်တစ်ဖက်ထောက်လျက်မှ အရိပ်ကို ကြင်နာစွာ ငုံ့မိုးပြီး စိုက်ကြည့်လာသည်။ ထရက်ဆုထ်အဖြူကို ဝတ်ဆင်ထားသော သူ့ပုံစံမှာ ကြည်လင်ပြီး ရှင်းသန့်နေပါသည်။ အရိပ်ကိုကြည့်သော သူ့မျက်ဝန်းများမှာ နွေးထွေးနေသည်။ သူရော အရိပ်ရောသည် အတန်ကြာ စကားမဆိုမိကြဘဲ ကန်ရေပြင်သို့ ငြိမ်သက်စွာ ငေးနေမိသည်။

ခဏနေတော့မှ သူက အရိပ်ကို စတင်စကားပြောပါသည်။

"ဗိုး ဒီနေ့ ကိုယ့်ဆိုင်မှာ DimSum လိုက်စားပါလား။ နေ့တိုင်းဖိတ်နေတာ တစ်ခါမှလည်း လိုက်မစားဘူး"

"အင်း ... အားနာလို့ပါ"

"ဘာအားနာစရာရှိလဲ။ အားနာရင် ဗိုးကလည်း တစ်လှည့်ပြန်ကျွေးပေါ့"

"ပြန်ကျွေးရမယ်၊ စားဖိုမှူးကြီးကို ပြန်ကျွေးရမယ်ဆိုတော့ အားနာစရာကြီး၊ ကျွန်မမှ ဟင်းမချက်တတ်တာ"



"ဪ ... ချက်ကျွေးခိုင်းနေတာ မဟုတ်ပါဘူးကွာ။ ဝယ်ကျွေးလည်း ရပါတယ်၊ မုန့်ဟင်းခါးလေး ဘာလေး ဝယ်ကျွေးပေါ့၊ လက်ဖက်ရည်တိုက်ပေါ့ကွ"

"အင်း ... အဲလောက်တော့ ဖြစ်ပါတယ်"

"ဖြစ်ရင် ကျွေးတော့။ ကိုယ်တို့နှစ်ယောက် တစ်ယောက်တစ်လှည့်စီ ကျွေးကြေးကွာ။ ကဲ ... ဒီနေ့ ကိုယ်တို့ဆိုင်က DimSum အပြင် တခြား Breakfast တွေလည်း ရတော့မယ်ကွ။ နောက်ကျမှ အဲဒါတွေကိုပါ ကျွေးဦးမယ်"

သူက အစားအစာတွေအကြောင်း တက်တက်ကြွကြွ ပြောနေလျှင် အရိပ်သည် သူ့ပုံစံကိုကြည့်ကာ သဘောတကျဖြင့် ပြုံးမိလေသည်။ သူက အရိပ်ပြုံးတာကို မျက်မှောင်ကြုတ်ကြည့်ကာ...

"ဟိတ် ... ဘာပြုံးတာလဲ။ သိတယ်နော်"

သူက သိတယ်နော် ဟူသော စကားကို လက်ညှိုးတစ်ချောင်းထိုး၍ ပြောတာဖြစ်သည်။ အရိပ်သည် ကိုယ့်ကိုလက်ညှိုးနှင့် ထိုးပြောတာလောက် မုန်းတာမရှိသော်လည်း သူ့ကိုတော့ ဘူးဆန်းစွာဖြင့် စိတ်မဆိုးမိချေ။ သူ အရိပ်ကို ဆက်ဆံပုံမှာ နွေးထွေးဖြူစင်သောကြောင့်လည်း ဖြစ်သည်။ သူသိသော ဗိုးဆိုသည့် ကောင်မလေးမှာ မိဘမဲ့ တစ်ကောင်ကြွက်၊ သာမန်လူလတ်တန်းစား ကောင်မလေးတစ်ယောက်သာဖြစ်သည်။

"ဘာသိတာလဲ၊ လုံလုံနေစမ်းပါ။ ဒီကဖြင့် ဘာမှတော့ မပြောရသေးဘဲနဲ့"

"ဘာမှမပြောဘဲနဲ့ကို သိနေတယ်။ မျက်လုံးတွေကို ကြည့်တာနဲ့တင်ကို သိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မိုက်လှချည်လား၊ ကဲ ... ဘာပြောချင်တာလဲ ပြောစမ်းပါဦး"

"ပိုးရယ် ... လူတစ်ယောက်ကို စိတ်ထဲမှာ အရမ်းရှိပြီဆိုရင် အဲဒီလူရဲ့မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ သူ ဘာပြောချင်တယ် ဆိုတာကို သိနိုင်ပါတယ်"

သူက [illegible] အရိပ်ရဲ့မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ပြီး [illegible] အရိပ်သည်လည်း သူပြောသလိုပင် မျက်လုံးတွေထဲကို ကြည့်လိုက်တာနဲ့ ဘာပြောချင်တယ်ဆိုတာကို ချက်ချင်းသဘောပေါက်လေသည်။ အဲဒီခံစားချက်ကြောင့် အရိပ် ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသော်လည်း အရိပ်သည် အဲဒီအခြေအနေကို ကြာကြာရင်မဆိုင်ရဲသောကြောင့် အခြေအနေကို ဖျော့ပစ်ဖို့ ကြိုးစားလိုက်သည်။

"ကဲ ... သိရင် ပြောလေ"

"ဩော် ... ပိုးက ကိုယ့်ကို အစားအသောက်အကြောင်းပဲ စဉ်းစားနေတဲ့ကောင်လို့ ပြောချင်တာ မဟုတ်လား"

"ဟင်း ဟင်း ဟင်း"

ဟုတ်နေသောကြောင့် အရိပ်သည် တဟင်းဟင်း တဟဲဟဲဖြင့်သာ ရယ်မိသည်။

သူက အရိပ် ရယ်နေပုံကို ချစ်စနိုး ပြုံးစိုက်ကြည့်လျက် ...

"ဟုတ်တယ်မှုလား ပြော"

"အင်း ... ဟုတ်တယ်။ တစ်ခု စဉ်းစားမိတယ်။ ကိုသုထက်က ကိုယ်တိုင်လည်း စားဖိုမှူးဆိုတော့ အစားအသောက်



လည်း တော်တော်မက်မှာပဲနော်၊ အမြဲတမ်း စားနေတာပဲလား ဟုတ်လား"

သူက အရိပ်ရဲ့စကားကို ရှုံ့ရှုံ့မဲ့မဲ့ဖြင့် တစ်ချက်ရယ်ဘာ ...

"အမြဲတမ်းတော့ မစားပါဘူးကွာ၊ တခြားလူတွေ သာမန်လူတွေ စားသလောက်ပဲ စားတာပါ။ ဒါပေမဲ့ စားဖိုမှူး တစ်ယောက် ဖြစ်တဲ့အတွက်တော့ ဘယ်လိုဟင်းလျာအသစ်အဆန်းလေးတွေ ထွင်ချက်ရမလဲ အမြဲတမ်းတော့ စဉ်းစားနေရတာပေါ့ ...

ပိုးရော အစားအသောက်ကို ဝါသနာပါလား"

"အင်း ... ဘယ်လိုထင်လို့လဲ"

သူက အရိပ်ရဲ့ကိုယ်ခန္ဓာကို ခေ့စေ့စပ်စပ် အကဲခတ်ဟန်ဖြင့် တမင်လုပ်ပြလျှင် အရိပ်သည် ဘယ်လိုမှ မအောက်မေ့ခဲ့ဘဲ ကြည်ကြည်နူးနူး ပြုံးရယ်မိလေသည်။ ကြည့်စမ်း ... သူနဲ့တွေ့တဲ့ တစ်ချိန်လုံးမှာ အရိပ်တစ်ယောက် အမြဲတမ်း စိတ်လက်ပေါ့ပါးပြီး ပြုံးရယ်မိနေတာပါပဲလား။

အခါများစွာကတော့ အရိပ် ဆိုသည့် မိန်းကလေးမှာ တစ်နေ့လုံးနေမှ တစ်ခါတောင် မပြုံးဖြစ်ခဲ့သည့် နေ့တွေလည်း ရှိခဲ့သည်။

အင်း ... သူဟာ အရိပ်အတွက်တော့ ထူးခြားသည့်သူတစ်ယောက်ပဲ ဖြစ်တော့သည်။

"ဟာ ... ကိုယ်က မေးတာလေကွာ၊ ဘာလို့ မေးခွန်းပြန်ထုတ်နေရတာလဲ၊ အဲဒီလို ထပ်ဆင့်မေးခွန်း ပြန်ထုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို မကြိုက်ပါဘူး။ မေးရင် မေးတာကို ချက်ချင်းဖြေ
မှပေါ့"

အရိပ်သည် သူ့ကို တစ်ခါမှမလုပ်ဘူးသည့် အလု
မျိုးဖြင့် တုံ့ပြန်မိသည်။

အဲဒါကတော့ နှုတ်ခမ်းကိုက်ကာ မျက်စောင်းတ
ချက် ထိုးမိတာပဲ ဖြစ်လေသည်။

"ဟင်း ... မဖြေတဲ့အပြင် မျက်စောင်းတစ်ချက်ပါ ထိုး
ကြည့်နေပြန်ပြီ။ ကဲပါ ... မင်းမေးတာကိုပဲ ကိုယ်ဖြေတော့
မယ်။ မင်းကြည့်ရတာ အစားအသောက်ကို သိပ်ဝါသနာပါ
ပုံ မပေါ်ပါဘူး။ ဟုတ်တယ်ဟုတ်"

ဟုတ်တယ် မဟုတ်။ အရိပ်ဟာ အစားအသောက်
ဝါသနာမပါတာ မဟုတ်ရပါ။ အရိပ်ရဲ့ပါးစပ်က တ,စရာမလို
တော့လောက်အောင်ကို အစားအသောက်တွေက အကောင်းတကာ့
အကောင်းတွေချည်း လျှံပယ်လွန်းနေ၍ အရိပ်က အိမ်က cook
ကို ဖြုတ်ပစ်လိုက်ခြင်းဖြစ်သည်။ အရင်က ဟိုတယ်တစ်ခု
cook တစ်ယောက်ကို ခေါ်ထားဖူးသည်။ ကြာလာသောအခါ
အဲဒီလို အထူးတဆန်းဟင်းတွေ စားရတာကို ငြီးငွေ့ပြီးလာသည်။
ရိုးရိုး အိမ်ထမင်းဟင်း ကောင်းကောင်းသာ စားလိုတော့သဖြင့်
အိမ်မှာခေါ်ထားသည့် စားဖိုမှူးကို အလုပ်ဖြုတ်ပစ်လိုက်ခြင်း
ဖြစ်လေသည်။

"ဝါသနာမပါဘူးရယ်တော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့
ကိုသုထက်တို့ချက်တဲ့ ဟန်ဖိုးကြီးဟင်းပွဲကောင်းကြီးတွေ
ကို စားဖို့ သိပ်အာသီသ မရှိဘူး ...



တစ်ခါတလေ ရှမ်းတို့ဟူးသုပ်တို့၊ မုန့်လက်ဆောင်း
တို့၊ ထမင်းသုပ်တို့ အဲလိုဟာမျိုးလေးတွေကိုပဲ စားချင်
တာ"

သူက အရိပ်ရဲ့အပြောကို အံ့ဩသလိုဖြင့် မျက်ခုံး
ပင့်ကြည့်သည်။ အင်းပေါ့လေ၊ အရိပ်လို မိန်းကလေးတစ်ယောက်
က ထူးခြားကောင်းမွန်တဲ့ အစားအစာတွေကို ကြိုက်ရမယ့်အစား
ဒီလိုအစားအစာတွေကိုမှ ကြိုက်တတ်လေခြင်းလို့ တအံ့တဩ
ကြည့်တာ ဖြစ်နိုင်သည်။

"ဟင်း ... ဒေါ်ရွှေပိုးတို့ကတော့ စားဖိုမှူးသိက္ခာကျအောင်
လာပြောနေပြန်ပါပြီ။ ဗန်ကောက်ကနေ ပြန်လာပြီး ထမင်း
သုပ်တော့ သုပ်မကျွေးပါရစေနဲ့ကွာ ...

ပိန်းဥထမင်းဆိုလည်း တန်ဖိုးကြီးလွန်းတဲ့ အစား
အစာမျိုး မဟုတ်ပါဘူး။ တစ်ရက်လောက် လာစားကြည့်
ပါဆိုတော့လည်း မစားဘူး။ စားဖူးရင် လုံးဝကြိုက်သွားဖို့
အာမခံတယ် ...

ကဲ ... ဘယ်နေ့လာစားမှာလဲ ... ပြော"

သူ့ရဲ့စိတ်မရှည်သလို အမေးကို အရိပ်က သဘော
ကျစွာ ရယ်မောမိသည်။

"ဪ ... စားချင်တဲ့နေ့ လာစားမှာပေါ့၊ ပိုက်ဆံစုလိုက်
ဦးမယ်။ ပိန်းဥထမင်းတစ်ပွဲကို ဘယ်လောက်လဲဟင်"

အရိပ်ရဲ့အမေးကို သူက ရှုံ့မဲ့ပြကာ ...

"တော်ပြီကွာ၊ မင်းက လူကို အခင်အမင်ပျက်အောင်
လုပ်တယ်၊ မင်းနဲ့ မခင်ချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်ကာ စိတ်ဆိုးဟန်ဖြင့် ကိုယ်ကို တစ်ဖက်သို့လှည့်ပစ်လိုက်လျှင် အရိပ်သည် အဲဒီပုံစံကို ဆွဲလှည့်ပစ်ချင်စိတ်များပင် ပေါက်သွားသည်။

"ဘာစိတ်ကောက်တာလဲ၊ ဆိုင်ကိုလာတာ ဝယ်မစားလို့ တောင်းစားရမှာလား၊ ပိုက်ဆံမပါဘဲနဲ့တော့ လာမစားချင်ပါဘူး"

"ကျွတ် ... မင်းကို ကိုယ်က ရောင်းချင်လို့ ခေါ်တယ်များ မှတ်နေလား ဒေါ်ရွှေပိုးရဲ့"

"ဟင် ... ဒါဆို ဘယ်လိုကျွေးမှာလဲ။ သူပိုင်တဲ့ဆိုင်လည်း မဟုတ်ဘဲနဲ့။ သြော် ... သိပြီ။ ဆိုင်ရှင်နဲ့ ပီတယ် ပိုင်တယ်နဲ့တူတယ်၊ ဟုတ်လား"

"မပီပါဘူး။ ကြားရင် လုပ်လိမ့်မယ်"

"ဘယ်သူက လုပ်မှာလဲ။ အဲဒီဆိုင်ပိုင်ရှင်က အရမ်းချောတာပဲဆို။ ဆံပင်အရှည်ကြီးနဲ့ဆို ... ဟုတ်လား"

အရိပ်က သွေးတိုးစမ်းသလို မေးကြည့်လိုက်လျှင် သူက အရိပ်ကို ငုံ့ကြည့်ကာ ...

"ပိုးက ဘယ်လိုသိတာလဲ"

"သြော် ... သိတာများ မဆန်းပါဘူး။ သူတို့သတင်းက ဒီလိုပဲ ကြားဖူးတာပဲပေါ့။ အဲဒါ ကိုသုထက်တို့ ဆိုင်ရှင်ပေါ့။ ချောတယ်ဆို"

"အင်း ... လှတော့ လှပါတယ်။ မိန်းမအရမ်းဆန်လွန်းတယ်"



သူ့မှတ်ချက်ကို အရိပ်က မျက်ခုံးတစ်ချက်ပင့်မိကာ ...

"မိန်းမအရမ်းဆန်တယ်ဆိုတာ ဘယ်လိုဟာမျိုးကို ပြောတာလဲ။ မိန်းမဆန်တာ မကောင်းဘူးလား။ ယောက်ျားလေးတွေက မိန်းမဆန်ပြီး ချောမောလှပတာတွေကို သဘောကျကြတာ မဟုတ်ဘူးလား"

"ဟုတ်ရင်တော့ ဟုတ်မှာပေါ့။ ဒါပေမဲ့ အဲဒီအထဲမှာ ကိုယ်မပါတာတော့ သေချာတယ်"

"အံမယ် ... အပြောကြီးလိုက်တာ"

"ဟုတ်တယ် ပိုးရဲ့။ ယောက်ျားလေးတစ်ယောက်အနေနဲ့ အလှအပကိုတော့ ခံစားတတ်တာပေါ့။ ဒါပေမဲ့ ဆံပင်အရှည်ကြီးတွေနဲ့ အရမ်းနူးညံ့သိမ်မွေ့လွန်းတာမျိုးကို အသအမှတ်တော့ ပြုပါတယ်။ ကြိုက်တော့ မကြိုက်တတ်ဘူး"

"ဒါဖြင့် ဘယ်လိုမိန်းကလေးမျိုးကို ကြိုက်တာလဲတုန်း"

"မပြောဘူးကွာ၊ သတ်ရင် သတ်လိုက်၊ ဘာမှန်းမသိဘူး မဆိုင်တာတွေ လျှောက်မေးနေတယ်။ ဘယ်လိုလဲ ပိန်းဥထမင်း လာစားမှာလား ... ပြော ...

စကားပြောရတာ ဗိုက်တောင် ဆာလာပြီကွယ်။ ဒီအချိန် လက်ဖက်ရည်နဲ့ ပဲပလာတာ စားလိုက်ရရင် ဇိမ်ပဲ။ သွားစားမယ် ... လာ"

"အင်း ... အဲဒီလောက်တော့ ပိုက်ဆံပါ,ပါတယ်။ ကျွန်မကျွေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးစေ ... ကျေးစေ ... မနက်ဖြန်ကျရင်တော့ ဆိုင်မှာ DimSum လိုက်စားရမယ်"

"DimSum ကြိုက်ပါဘူးဆို။ မုန့်ဟင်းခါး စားမယ်"

သူက အရိပ်ကို မဟုတ်တာတွေ ကြိုက်နေတယ်ဟူသော အကြည့်ဖြင့် မျက်မှောင်တစ်ချက်ကုတ်ကြည့်ကာ ဘာမှဆက်မပြောတော့ချေ။ အရိပ်တို့နှစ်ယောက်သည် ကန်ပေါင်ပေါ်မှ ဆင်းကာ မနီးမဝေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ အတူလျှောက်ခဲ့ကြသည်။ နံနက်ခပ်စောစောပင် ဖြစ်သော်ငြားလည်း လမ်းလျှောက်သူ၊ အားကစားလုပ်သူများဖြင့် လက်ဖက်ရည်ဆိုင်ထဲ၌ စည်ကား၍နေသည်။

သူနှင့် အရိပ်သည် နွားနို့နှင့် ဖျော်ထားသော လက်ဖက်ရည်တစ်ခွက်စီနှင့် ပဲပလာတာကို ဆင်တူစားကြသည်။ ပြီးတော့ ထွေရာလေးပါး စကားတွေ လျှောက်ပြောကြသည်။ စကားပြောနေရင်းမှ သူက ဘေးဝိုင်းက ဟန်းဒ်ဖုန်းဖြင့်စကားပြောနေသော လူတစ်ယောက်ကို ငဲ့ကြည့်ကာ အခုမှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ...

"ပိုးတို့ အဆောင်မှာ ဖုန်းရှိလားဟင်"

အရိပ်သည် ပထမတော့ ရှိတယ်ဟု ဖြေဦးမလို့ပင်။ နောက်တော့ စိတ်တစ်မျိုးပြောင်းသွားသဖြင့် ...

"မရှိဘူး။ ဘာလုပ်မလို့လဲဟင်"

"ဪ ... ဆက်မလို့ မေးတာပေါ့"

"ဟင် ... မနက်တိုင်း တွေ့နေရတဲ့ဟာကို"



"မနက်တိုင်း တွေ့တာတော့ တွေ့တာပေါ့။ မတွေ့ဖြစ်တဲ့ ရက်တွေဆို ဘယ်လိုလုပ်ရမှာလဲ။ ညဘက် သတိရရင်လည်း ဆက်ချင်တယ်၊ ညဘက်ဆိုရင် ပိုး ဘာတွေလုပ်လဲဟင်"

အရိပ်သည် ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိဖြစ်သွားသည်။ အရိပ်ရဲ့ပုံမှန်အိပ်ချိန်မှာ ဆယ့်နှစ်နာရီ ဖြစ်သော်လည်း အေးအေးဆေးဆေး နားနေရတာမျိုးမဟုတ်။ တစ်ခါတလေ ဆယ့်တစ်နာရီလောက်ထိ အလုပ်လုပ်နေရတာမျိုးရှိသည်။ ဒါပေမဲ့ စနေ တနင်္ဂနွေမှာတော့ အရိပ် ဘာမှလုပ်လေ့မရှိပါ။

"အင်း ... တစ်ခါတလေတော့လည်း TV လေး ဘာလေး ကြည့်၊ စာဖတ်ပေါ့။ ဒီလောက်ပါပဲ။ ကိုသုထက်ရော"

"ကိုယ်က ဂျူတီရှိတယ်လေ၊ ဆယ့်တစ်နာရီလောက်မှပြီးတာ။ တစ်ခါတလေကျ ပင်ပန်းပြီး အိပ်မပျော်တာရှိတယ်။ အဲဒီအချိန်ကျ စိတ်ထဲမှာ သတိရတဲ့ တစ်ယောက်ယောက်နဲ့ အရမ်းစကားပြောချင်တယ် ...

အဲဒါကြောင့် ပိုးကို မေးတာ"

ဪ ... သူလည်း ဒီလိုအဖြစ်မျိုး ရှိသတဲ့လား။ အရိပ်သည်လည်း ကွန်ပျူတာရှေ့မှာ ကြာကြာအလုပ်ထိုင်လုပ်ပြီး ညောင်းညာလာတဲ့အခါမှာ ခြေဆန့်လက်ဆန့် ထလမ်းလျှောက်ရင်း သူ့ကို သတိရမိတဲ့အခါတွေလည်း ရှိတတ်သည်။ အဲဒီအချိန်မှာ လက်ထဲကဖုန်းလေးကို စိုက်ကြည့်ရင်း သူနဲ့ စကားပြောရရင် ဘယ်လောက်ကောင်းမလဲဟု တွေးမိတတ်သည်။ မအိပ်သေးဘူးလား၊ ဘာလုပ်နေတာလဲ စသဖြင့် ထွေရာလေးပါး စကားလေးတွေကလည်း ပင်ပန်းနေသောစိတ်ကို ပြေစေမှာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်လား၊ ကိုသုထက်မှာရော ဖုန်းရှိလားဟင်"

"ရှိတယ်။ ချမ်းသာလွန်းလို့ဝယ်ထားတာတော့ မဟုတ်ဘူး။ အဖေ ပင်စင်မယူခင်က ရထားတဲ့ ဖုန်းလေးပါ။ ဆက်မလို့လား၊ ကိုယ်က အားနာလို့ မပေးတာပါ။ တော်ကြာ ပိုး ပိုက်ဆံကုန်မှာစိုးလို့"

အဲဒီအပြောကြောင့် အရိပ်သည် သိမ့်သိမ့်တုန်အောင် ကြည်နူးသွားပါသည်။ သူ့ကို သတိလက်လွတ် ငေးမောစိုက်ကြည့်မိလျှင် သူက သဘောကျသလို တစ်ချက်ရယ်သည်။

"ပေးလေ ... နံပါတ်"

"အားနာစရာကြီး ... 516...... "

"အင်း ... မှတ်ထားလိုက်ပြီ"

"ကိုယ်သာ သူဌေးတစ်ယောက်ဆို ပိုးကို ဖုန်းတစ်လုံးလောက် လက်ဆောင်ဝယ်ပေးပါတယ်ကွာ။ ဖုန်းတစ်လုံးဖိုးက မတတ်နိုင်တာ ခက်တယ် ဟဲ ဟဲ ...

နေဦး ... ပိုက်ဆံစုလိုက်ဦးမယ်၊ အလုပ်က နေစရိတ်စားစရိတ် အငြိမ်း၊ လခအသားတင်ဆိုတော့ ပိုက်ဆံကောင်းကောင်း စုလို့ရတယ် ...

ဒါမှမဟုတ်လည်း GSM မဲဖောက်ပေးတဲ့ အရက်တွေ များများဝယ်သောက်မှနဲ့တူတယ်၊ သူများတွေ မဲပေါက်နေတာ အားကျစရာကြီး ... ဟား ဟား"

သူက တကယ့်ကို လွတ်လပ်ပေါ့ပါးသော ပုံစံဖြင့် ဆိုလျှင် အရိပ်သည် အဲဒီပုံစံကို ငေးကြည့်ကာ ကြည်ကြည်နူးနူး ပြုံးရပါသည်။ သူ့တွင် ပိုင်ဆိုင်မှု သိပ်မရှိသော်လည်း သူ့ဟာနဲ့



သူတော့ အေးဆေးငြိမ်းချမ်းသည်ဟု ထင်သည်။ ပြီးတော့ အရိပ်အပေါ်တွင်ထားသည့် သူ့စေတနာသည် ပကတိအတိုင်း တင်းတင်းရှင်းရှင်းကြီး တွေ့နေရလေသည်။

"အရက်တော့ ဝယ်မသောက်ပါနဲ့။ ခေါင်းလျှော်ရည်ပဲဝယ်သုံးပေါ့"

"အင်း ... ဒါလည်း အသက်နဲ့နီးတာပဲ။ ခဏ ခဏ ခေါင်းတွေလျှော်ပြီး ကြွသွားမှ စိုးရိမ်ရတယ်"

သူက တကယ်ပင် လန့်ဟန်ဖြင့် ပခုံးနှစ်ဖက်ကို ကျုံ့ပြောသောအခါ အရိပ်သည် အဲဒီပုံစံကို မရယ်ရက်ဘဲ အတန်ကြာ ငေးကြည့်လို့ နေမိလေသည်။ သူကတော့ ဘယ်လိုထင်မယ် မသိ။ လူတစ်ယောက်ကို ရင်ထဲက ကြည့်ချင်စိတ်ပေါ်လာလျှင် ပြုံးပြီးငေးကြည့်ဖို့လည်း ဝန်မလေးတတ်သော အရိပ်သည် သူ့ကိုလည်း အရည်လဲ့မျက်ဝန်းတွေဖြင့် သတိလက်လွတ် ငေးမောတတ်ပါသည်။

ပြောရလျှင်တော့ အရိပ်ဆိုသည့် မိန်းကလေးဟာ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ငေးကြည့်ခဲ့ဖူးသည့် မိန်းမတစ်ယောက် မဟုတ်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဘွားရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး အရိုပ်ပါ စင်ကာပူသို့ လိုက်ပါရမည်ဖြစ်လေရာ အရိုပ်သည် သူနဲ့တစ်ပတ်လောက် ဝေးကွာဖို့ အကြောင်းဖန်လာလေသည်။ အဲဒီအတွက် အရိပ်မှာ အကြောင်းပြချက်ကောင်းကောင်း စဉ်းစားရသည်။ နောက်ဆုံးတော့ အကြံတစ်ခုရကာ ကုမ္ပဏီက ရုံးဖုန်းနှင့်ပင် သူ့ဆီသို့ ဖုန်းခေါ်လိုက်လေသည်။ မနက်ခင်း ဆယ်နာရီလောက် ဆက်သည်မို့ သူအားပါလိမ့်မည်။

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ"

"အမိန့်ရှိရမှာလား"

အရိပ်က ရယ်သံဖြင့် သူ့ကိုနောက်လိုက်လျှင် သူက ဘယ်သူပါလိမ့်ဟူသော ဇဝေဇဝါအသံဖြင့် ခေတ္တတိတ်သွားသည်။

"ဘယ်သူပါလဲ ခင်ဗျာ"

"ဩော် ... အသံကိုတောင် မမှတ်မိတော့ဘူးပေါ့လေ"

"ဟား ... မှတ်မိပြီ။ ကြည့်စမ်း ... ဒေါ်ရွှေပိုး၊ ဘယ်က ဆက်နေတာလဲ"



အရိုပ်သည် ကိုယ့်ကို ဒေါ်ရွှေပိုးဟု ခေါ်သော ခေါ်သံလေးကို ဘယ်လိုသဘောကျမှန်း မသိပါ။ အရိပ်ရဲ့အသံကိုကြားရသဖြင့် မြူးမြူးသွားသေး သူ့အသံမှာ ဖုန်းထဲကကို သိသာပါသည်။

"ဘယ်က ဆက်ရမှာလဲ။ အပြင်ကပေါ့။ ဒီမှာ ရှင့်ကို ကျွန်မ ပြောစရာရှိလို့ ဆက်တာ"

"အင်း ... ပြောပါ။ ပိန်းဥထမင်း လာစားမလို့လား"

"လာပြန်ပြီ ဒီပိန်းဥထမင်း။ အင်းပါ ... နောက်ကျတကယ်ကို ဆက်ဆက်လာစားမယ်။ အခု ကျွန်မပြောတာ နားထောင်ဦး။ ကျွန်မလေ စာသင်တဲ့ကလေးအိမ်က အထက်မြန်မာပြည် ဘုရားဖူးခရီးသွားမှာမို့၊ အဲဒါ ကျွန်မကိုခေါ်နေတယ် ...

ကိုယ့်ဟာကိုယ် သွားဖို့ဆိုရင်လည်း တတ်နိုင်မှာမဟုတ်ဘူးလေ၊ အဲဒါ ကျွန်မ လိုက်သွားမှာမို့ တစ်ပတ်လောက်ကြာမယ် သိလား ...

မနက်ဖြန်မနက်ပဲ သွားကြတော့မှာ။ အဲဒါ သူ့ထက်ကို လှမ်းနှုတ်ဆက်တာ အကြောင်းလည်း ကြားရင်းပေါ့"

"ဩော် ... ဟုတ်လား။ တစ်ပတ်လောက် ကြာမှာပေါ့"

"အင်း ... တစ်ပတ်လောက်ပေါ့"

"အင်း"

သူ့အသံက မထွေးနိုင် မအန်နိုင်ဖြစ်၍ အဲဒီလည်[illegible]ကြီး ဖြစ်လို့နေလျှင် အရိပ်သည် တစ်ဖက်မှာ အသံ[illegible]သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ ရနေတော့မှာပဲ။ အဆင်ပြေရင် ဖုန်းဆက်နော်"

"အင်း ... ဆက်မယ်"

နှစ်ဦးကြားတွင် အသံတိတ်ဆိတ်သွားပြန်သည်၊ ပြီးတော့မှ သူက စတင်ကာ ...

"အညာဘက်ကို သွားမှာဆိုတော့ အနွေးထည်တွေ ဘာတွေ သေချာထည့်သွားနော်၊ အဲဒီဘက်က ညဆို အရမ်းချမ်းတာ၊ ဆေးတွေ ဘာတွေလဲ ဆောင်သွား။ ကျန်မာရေးကို ဂရုစိုက်ဦးနော် ပိုး။ ရေချိုးတွေ ဘာတွေဆင်ခြင် သိလား"

အရိပ်သည် အပေါ်ယံမဟုတ်ဘဲ တကယ့်ကို လိုက်လိုက်လှဲလှဲ စိုးရိမ်ပူပင်နေသော သူ့အသံတွေကို နားထောင်ကာ ရင်ထဲမှာ ကျင်လာသည်။ သူနဲ့ကိုယ်ဟာ ဖွင့်မပြောဖြစ်ကြပေမယ့် တစ်ယောက်ရင်ထဲမှာ ဘာရှိတယ်ဆိုတာကို တစ်ယောက်က နားလည်နေကြပြီဖြစ်လေရာ ဒီအခြေအနေလေးဟာ နှလုံးသားကို နင့်နဲ့စေသည်။

သုထက်ရယ် ... ရှင် စိုးရိမ်စိတ်ပူနေတဲ့ ကောင်မလေးဟာ စင်ကာပူကို Business Class တန်းက လေယာဉ်စီးသွားပြီး စင်ကာပူက ကိုယ်ပိုင်ခြံဝင်းမှာ နေထိုင်နိုင်တဲ့သူ၊ အခြွေအရံတွေနဲ့ သွားလာနေထိုင်တဲ့သူ ဆိုတာ ရှင် သိရင် ဒီလိုစိတ်ပူပင်ပေးနိုင်ဦးမလား။ ရှင့်ရဲ့ ရိုးရှင်းခိုင်မာတဲ့ မေတ္တာတွေအတွက် ကျွန်မ ပြောမပြတတ်အောင် ကြည်နူးရပါတယ် သုထက်ရယ်။

"အင်း ... အဲဒါဆို ဖုန်းချတော့မယ်နော်"

"အင်း ... အင်း ... ဒါပဲနော်"



အရိပ်သည် ဖုန်းချပြီးသွားလျှင် ဆုံလည်ခုံပေါ်တွင် နောက်ကျောလှန်ချလိုက်ရင်း ခေါင်းကိုပါ နောက်သို့လှန်ချထားမိသည်။ မျက်လုံးတွေကို မှိတ်ထားသော်လည်း အရိပ်ရဲ့မျက်လုံးတွေထဲတွင် မျက်ခုံးထူထဲထဲ တစ်စုံနှင့် အစဉ်ချိုမြနေသော နှုတ်ခမ်းပိုင်ရှင်ကို မြင်ယောင်လာမိသည်။ နဖူးပေါ်တွင် ဝဲကျနေသော ဆံစလေးများနှင့် လှုကိုမြင်လျှင် မေးပင့်ကာ နှုတ်ဆက်တတ်သော သူတစ်ယောက်ပေါ်တွင် အရိပ်ရဲ့ခံစားမှုများမှာလည်း သာမန်မကတော့ဘူးဟု ဆင်သည်။

အရိပ်သည်လည်း စင်ကာပူကို ဘွားကိစ္စနှင့်မသွားမဖြစ် သွားရမည်မို့သာ ထွက်ရခြင်း ဖြစ်သော်လည်း သွားချင်စိတ်ကို မရှိပါ။ နှင်းငွေ့ခြုံလွှမ်းထားသည့် လန်းဆန်းသော မနက်ခင်းများကို သူနဲ့အတူ ပိုင်ဆိုင်ခွင့်အား တစ်ရက်လေးတောင် မစွန့်လွှတ်နိုင်ချေ။ ဘုရားသခင် ... ဒါဟာ အချစ်များလား။

အဲဒီမေးခွန်းကို ကိုယ့်ဘာသာ ပြန်မဖြေနိုင်သေးခင်မှာပဲ အတွင်းသို့ ဝင်ခွင့်တောင်းသည့် တီလုံးသံက ထွက်ပေါ်လို့လာသည်။ အရိပ်သည် ကိုယ်ခန္ဓာကို ထူမတ်လိုက်ကာ ဝင်ခွင့်ပြုသည့် ခလုတ်ကို နှိပ်လိုက်သည်။ တံခါးချပ်က ဖျတ်ခနဲ ပွင့်သွားပြီးနောက် ဝင်လာသူမှာ ဝင့်ဖြာ ဖြစ်သည်။

"နင် မနက်ဖြန်မနက် သွားမှာဆို၊ ဘာမှာခဲ့ဦးမလဲလို့ လာမေးတာ"

"မှာစရာတော့ ထွေထွေထူးထူး မရှိပါဘူး၊ ဖုန်းလည်း အဆက်အသွယ် ရှိနေမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဖြာက အရိပ်ကို တစ်ချက်အကဲခတ်ကာ ...

"နောင်ရိုးက မလိုက်တော့ဘူးဆို"

"သူ လိုက်ခြင်း မလိုက်ခြင်းဟာ ငါ့အတွက်တော့ အရေးမပါပါဘူး"

"သူ့ကြည့်ရတာ တော်တော်ကြေကွဲနေတဲ့ပုံပဲ၊ အဲဒီနေ့က သူ နင့်ကို ဘာတွေပြောလဲဟင်"

အရိပ်သည် ဝင့်ဖြာရဲ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်မိသည်။ မိန်းမတစ်ယောက်ပီသသော ကိုယ်လုံးကိုယ်ပေါက်၊ ဆံနွယ်ရှည်ကြီးတို့ဖြင့် ဝင့်ဖြာကို နောင်ရိုးက ဘာကြောင့်ရင်မခုန်ရတာလဲ။ တကယ်ဆို နောင်ရိုးရဲ့ဦးနှောက်ထဲမှာ အရိပ်နှင့် ဝင့်ဖြာသည် အချိန်ကာလ တူညီစွာပင် နေရာယူခဲ့ကြသူတွေဖြစ်သည်။ ဝင့်ဖြာက ကြည့်သော အကြည့်တွေသည် နောင်ရိုးအပေါ်မှာ အရိပ်ထက်ပို၍ နွေးထွေးရွှန်းစက်နေခဲ့မည်။ ဒါတွေကို နောင်ရိုးက ဘာကြောင့် အသိအမှတ် မပြုခဲ့ရတာပါလိမ့်။

အရိပ်သည် နောင်ရိုးကိုရော ဝင့်ဖြာကိုရော အချစ်အတွက် စိတ်ဆင်းရဲရသူတွေ မဖြစ်စေချင်ခဲ့ပါ။ ဒီအတွက် သူတို့ကို ဆေးခါးကြီးတိုက်သင့်ရင်လည်း တိုက်ရမည်။

"သူ ငါ့ကို ဘာတွေပြောတာ မပြောတာ အရေးမကြီးဘူး ဝင့်ဖြာ။ အရေးကြီးတာက သူ့ကို ငါ ပြတ်ပြတ်သားသား ပြောပြပြီးပြီ ဆိုတာပဲ ...

အဲဒီတော့ နင် လုပ်စရာရှိတာကို ဆက်လုပ်ပေါ့"

"ဒီ ... ငါက ဘာလုပ်ရမှာလဲ"



ဝင့်ဖြာက အရှက်ကြီးသလိုလို ပုံစံဖြင့် သွေးရူးတမ်းရူး [ပြ]န်ပြောတာကို အရိပ်သည် ပခုံးတစ်ချက်တွန့်ရင်းမှ ...

"ဒါတော့ ငါ မပြောတတ်ဘူးလေ။ ငါ ပြောနိုင်တာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ နောင်ရိုး အပေါ်မှာ သူငယ်ချင်းတစ်ယောက်ထက်ပိုပြီး ဘာသဘောထားမှမရှိဘူး ဆိုတာပဲ ...

သူ့ကို ငါ အရမ်းချစ်တယ်။ အေး ... ဒါပေမဲ့ အဲဒါ လုံးဝပလိန်းပဲ။ ရင်ခုန်တယ်ဆိုတဲ့ ခံစားမှုဟာ သူ့အတွက် မဟုတ်ဘူး။ ငါ့ဘဝမှာ ကိစ္စတော်တော်များများကို ဦးနှောက်နဲ့ပဲ ဆုံးဖြတ်ခဲ့တယ်။ ဦးနှောက်ကိုပဲ အလုပ်ပေးခဲ့တယ် ...

အချစ်နဲ့ အိမ်ထောင်ရေးမှာတော့ နှလုံးသားရဲ့ဆန္ဒအတိုင်းပဲ သွားရလိမ့်မယ် ...

နှလုံးသားရဲ့ဆန္ဒကို ဘယ်တော့မှ ငြင်းပယ်မှာမဟုတ်ဘူး။ အဲဒီနှလုံးသားက အလိုရှိတာလည်း နောင်ရိုးမဟုတ်ဘူး။ ဒီလောက်ဆို နင် ဘာဆက်လုပ်ရမယ်ဆိုတာကို သဘောပေါက်မှာပါ"

ဝင့်ဖြာက ခေါင်းလည်းမခါ၊ ခေါင်းလည်းမညိတ်ချေ။ အရိပ်သည် ဝင့်ဖြာရဲ့ နူးညံ့သိမ်မွေ့သော ပုံစံကိုငေးကာ၊ ဒီပုံစံကို သူထက်ကလည်း မကြိုက်ဘူးဟု ပြောဖူးတာကို သတိရမိသွားသည်။ နောင်ရိုးကလည်း ဒီပုံစံကို မကြိုက်တာပဲလား။ အချစ်နဲ့ အကြိုက်က ဆိုင်တော့မဆိုင်ဘူးဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ် သတိရသလို ဝင့်ဖြာကလည်း သတိရသွားဟန်တူသည်။

"တခြား မှာစရာမရှိပေမယ့် သုထက် အတွက်ရော မှာစရာရှိလား။ နင် ခရီးသွားမယ်ဆိုတာ သုထက် သိလား"

"သိတယ်၊ သုထက် အတွက်လား ... ဒီဟစ်ပတ်အတွင်း ခင်ခင်မင်မင် ဆက်ပေါင်းပြီး အခြေအနေကို အကဲခတ်ထားပေါ့။ ဖြစ်နိုင်ရင် နင်ပါ လမ်းထွေချောက်နိုင်ရင်ကောင်းမယ်"

"အရိပ်ရယ် ..."

"လူတစ်ယောက်ဟာ ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားရှိတယ်ဆိုတာ စမ်းသပ်စစ်ဆေးနိုင်ဖို့ အခွင့်အရေး လူတိုင်းမှာရှိတာပဲ ဝင့်ဖြာ ...

တွေ့ဝေနေရင် နောင်တစ်ချိန်မှာ ခိုက်ဖိစီးမယ်အဲဒါပဲ။ ကဲ ... နင့်အတွက် ငါ ဆုတောင်းပေးခဲ့ပါတယ် Good Luck"

အရိပ်ရဲ့ဆုတောင်းကို ဝင့်ဖြာက ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု ပြန်လည်မပြောခဲ့ပါ။ မချိပြုံးလေးတစ်ခုနဲ့သာ နှုတ်ဆိတ်နေခဲ့သည်။ အင်းလေ ... လောကကြီးမှာ တရားမမျှတတဲ့ ချစ်ခြင်းတွေအတွက် သူ့မှာလည်း ကြေကွဲခွင့်ရှိတာပဲ မဟုတ်လား။ နောင်ရိုးကို ချစ်သော လူတစ်ယောက်ကို နောင်ရိုးက မချစ်၊ နောင်ရိုး ချစ်သော လူတစ်ယောက်က နောင်ရိုးကို မချစ်။ သေချာတာကတော့ အရိပ်ကို ချစ်သော တစ်စုံတစ်ယောက်ကို အရိပ်က ပြန်ချစ်နိုင်လိမ့်မည်ဟု ထင်သည်။



အို ... ပြန်ချစ်တာ မဟုတ်ပါ။ ဘယ်အချိန်မှာ အချစ်စိတ်တို့ စတင်နိုးကြားဖြစ်ပေါ်လာသလဲဟု စမ်းသပ်စစ်ဆေးသာစက်များ ရှိခဲ့ပါက အဖြေထုတ်ပေးချင် ထုတ်ပေးနိုင်မည်။ နှစ်ယောက်စလုံး ပြိုင်တူချစ်မိတာလည်း လောကမှာ ရှိတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မတွေ့ရ၊ မမြင်ရတော့ဘူးဆိုမှ သူ့အပေါ်တွင် ဘယ်လောက်အတိုင်းအတာအထိ ခံစားချက်တို့ နှစ်ဝင်နေသလဲဆိုတာကို သူထက်က ဆန်းစစ်မိတော့တာဖြစ်သည်။ သူနှင့် ပိုး ဆိုသော မိန်းကလေးတို့သည် အင်းလျားကန်ပေါင်ပေါ်တွင် မနက်တိုင်းဆုံဖြစ်ကြလျက် နွေးထွေးလန်းဆန်းသော မနက်ခင်းလေးများစွာကို ပိုင်ဆိုင်ဖူးခဲ့ကြသော်လည်း ဒါဟာ ကြည်နူးခြင်းရသကိုသာ ပေးစွမ်းခဲ့သည်မို့ ဒီလိုရက်များ မရှိခဲ့တော့လျှင် ဟူသော အတွေးကို တွေးကို မတွေးမိခဲ့ချေ။ အခုတော့ ...။

သူမ မရှိသော ဆောင်းနံနက်ဟာ ခါတိုင်းနှင့်မတူဘဲ အေးစက်မှုန်မှိုင်းနေသည်ဟု ထင်သည်။ နေရောင်ခြည်ပဲ ကောင်းစွာမရသလို၊ လေစိမ်းတွေပဲ တိုက်နေသလိုနှင့် ဘယ်နားကမှကို အဆင်မပြေပါ။ သာမန်လူလတ်တန်းစားဘဝကဟုတောင် သိပ်မဆိုသာဘဲ ဘဝရပ်တည်ရေးအတွက် တစ်ယောက်တည်း ရုန်းကန်နေရသော မိန်းကလေးရဲ့ မျက်ဝန်းတွေသည် လောကကြီးအပေါ်တွင် ရဲရင့်ပြတ်သားလွန်းသည်ဟု သူ ထင်သည်။ သူတို့ရဲ့ ဆိုင်ပိုင်ရှင် ပန်းဝင့်ဖြာ ဆိုသော အမျိုးသမီးတောင်မှ သူမလောက် ရဲရင့်တဲ့ပုံစံ သိပ်မရှိ။



တစ်ခါတလေ သူ့ကိုကြည့်သော အကြည့်တွေမှာ နူးညံ့လင်းဖြာ၍ နေတာကိုလည်း သူ ကြုံခဲ့ရပေါင်း မနည်းတော့။ အဲဒီအခါမျိုးတွင် သူ အရမ်းရင်ခုန်မိပါသည်။ ရင်ခုန်စွာဖြင့် ရူးရူးစိုက်စိုက် ကြည့်မိသော သူ့မျက်ဝန်းတွေကိုလည်း သူမက လက်ခံသင့်သလောက် လက်ခံသည်။ ဒီလိုနှင့် သူတို့အခြေအနေလေးဟာ ပဝါတစ်ကမ်း လက်တစ်လှမ်းလေးမှာရှိလျက် အင့်မတန် ကျေနပ်ပျော်ရွှင်ဖို့ ကောင်းခဲ့သည်။ ခုတော့ ...။ သူက လွမ်းဆွတ်ခြင်းဝေဒနာများကို ပိုက်ထွေးကာ ကန်ပေါင်ပေါ်မှ စိတ်မပါ လက်မပါဖြင့် ပြန်ဆင်းလာခဲ့သည်။ ဒီနေ့ပါနဲ့ဆိုလျှင် သူမခရီးထွက်သွားတာ သုံးရက်ခန့်ရှိပြီ ဖြစ်သော်လည်း ဆက်သွယ်မှု တစ်စုံတစ်ရာ မရရှိသေးချေ။ လေလှိုင်းထဲက လွင့်ပျံလာမည့် အသံလေးကို မျှော်လင့်ခြင်းကြီးစွာဖြင့် နေ့စဉ်စောင့်စားခဲ့သော်လည်း ဒီနေ့ထက်ထိ မကြားရသေး။ ဟင်း ... တစ်သက်နဲ့တစ်ကိုယ် လွမ်းခြင်းဆိုတာ ဒါ ပထမဦးဆုံး ခံစားဖူးတာပါပဲလား။

"xxx xxx xxx"

ရုတ်တရက် သူ့ ဆောင်းဘော်အိတ်ကပ်ထဲမှ ဖုန်းမြည်သံတီးလုံး ထွက်ပေါ်လာလျှင် သူဟာ ပထမတော့ ကြောင်သွားပြီးတော့မှ ဖုန်းကို အလျင်အမြန် ထုတ်ယူလိုက်မိသည်။ Display ပေါ်မှာ ကြည့်လိုက်လျှင် ဖုန်းက နံပါတ်မပေါ်ဘဲ No number ဟုသာ ပြနေသည်။ သူက ခေတ္တခဏတွေသွားပြီးမှ ဖုန်းကိုဖွင့်လိုက်ပါသည်။ စိတ်ထဲမှာတော့ သူမဆီကဟု မထင်ပါ။ သူမဆီကဆိုလျှင် နယ်ကုဒ်နံပါတ်တစ်ခုခု ရှေ့ကပါရမည်ဟု မျှော်လင့်ထား၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

စိတ်မပါသဖြင့် အမိန့်ရှိပါတွေ ဘာတွေ လုပ်မနေတော့ပါ။

"Hi ... Goodmorning"

ချိုလွင်လတ်ဆတ်သော အသံလေးကို ကြားလျှင်သူ လွင့်ခနဲ ဖြစ်သွားရသည်။ ဘာမှပြန်မပြောနိုင်သေးခင်မှာပဲ သူမထံမှ အသံထပ်ထွက်လာသည်။

"ဟိတ် ... နေကောင်းရဲ့လား၊ ဘာလုပ်နေတာလဲ"

"အခု ပြောနေတာ ဘယ်သူပါလဲခင်ဗျာ"

သူသည် ရင်ထဲမှာ တလိပ်လိပ် တက်လာသော ပျော်ရွှင်မှုနှင့်အတူ သူမကို ပြန်နှောက်မိသည်။ သူမကတော့ သူ့အကြောင်းရိုက်တာကို မှုပုံမပေါ်ပါ။

"ဟော့ ... ဘာမှမသိချင်ယောင် လာဆောင်မနေနဲ့။ ဘာလုပ်နေတာလဲ ပြော"

"ကောင်မလေးတစ်ယောက်ကို လိုက်ရှာနေတာ၊ ကန်ပေါင်ပေါ်မှာ"

"ဟုတ်လား ... တွေ့လား"

"လူတော့ မတွေ့သေးဘူး။ အသံတော့ တွေ့နေပြီ"

"ဟုတ်လား။ လူက နောက်မှာလေ။ နောက်မှာ ရောက်နေတယ်။ လှည့်ကြည့်ပါဦး"

"လှည့်ကြည့်ပါဦးက ဒီက ပြောရမှာကွ။ ဖုန်းတောင်ဆက်ဖော်မရဘူးကွာ၊ နေနိုင်လိုက်တာ။ နေပါဦး ... အခုဘယ်က ဆက်နေတာလဲ"



"အင်း ... စစ်ကိုင်းက"

"စစ်ကိုင်း ! စစ်ကိုင်းက ကုဒ်နံပါတ်လည်း မပေါ်ဘူး၊ ဆက်တဲ့နံပါတ်လည်း မပေါ်ဘူး"

"သြော် ... အဲဒါ အရေးကြီးလား။ ရှင့်ဖုန်းက စုတ်နေလို့နေမှာပေါ့။ ဟန်းဒ်ဆက်အစုတ်ကြီး ကိုင်ထားပြီးတော့"

"အေးပါကွာ ... ပြောပါ။ ဒါထက် စစ်ကိုင်းရောက်နေတယ်ဆိုတော့ ဘယ်မှာတည်းနေတာလဲ"

"ဟိုဒင်း ... အိမ်ရှင်တွေရဲ့အသိ ဘုန်းကြီးကျောင်းမှာ။ အဲဒီဘုန်းကြီးကျောင်းကဖုန်းနဲ့ ဆက်နေတာ"

"သြော် ...။ ဒေါ်ရွှေပိုး"

"ဟင်"

သူမရဲ့ထူးသံက ဟင်နှင့် ဟမ်ကြားမှာရှိသော နှုတ်ခမ်းမဖွင့်သည့် ထူးသံဖြစ်၍ အင်မတန် နားထောင်၍ ကောင်းပါသည်။ တစ်ခါတလေဆိုလျှင် ဒီကလေးမဟာ ပြန်တောင်မထူး။ မျက်လုံးတွေနဲ့သာ ထူးတတ်သူ ဖြစ်သည်။

"ဘယ်တော့ ပြန်လာမှာလဲ"

သူ့ရဲ့ဆွေးလျလျ အသံကြောင့် သူမဘက်မှ ခေတ္တအသံတိတ်သွားသည်။ ပြီးတော့မှ ...

"အခုမှ သုံးရက်ပဲ ရှိသေးတယ်။ တစ်ပတ်လောက် ကြာမှာပါဆို"

"အင်း ... တစ်ပတ်ပဲနော်။ တစ်ပတ်ထက် ပိုမကြာစေနဲ့"

"ဒဲမယ် ... ကြာတော့ ဘာဖြစ်တုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ကြာတော့ ပိုလွမ်းရမှာပေါ့ကွ။ အခုတောင် သတိရနေတာ သေတော့မယ်။ ဒါကြောင့် ဇော်ပိုင့်သီချင်းလေးတောင် ညည်း၊ညည်းနေမိတာ"

"ဘယ်သီချင်းလဲ"

"ဆိုပြရင် ပြန်လာမှာလား"

"ဟား ဟား ... ရှင်တော့ ဒီစိတ်နဲ့ ရူးမှာပဲ"

"ဟုတ်တယ် ... တကယ်ကို အဲဒီစိတ်နဲ့ ရူးတော့မယ်။ မျိုးကျော့မြိုင်တို့ ဆိုထားတဲ့ 'အချစ်သီချင်း' ထဲကလို ဒီစိတ်နဲ့သွား ဒီစိတ်နဲ့စား ဒီစိတ်နဲ့ အသက်ဆက်ရှင်နေရမှာလားဆိုတာမျိုး ဖြစ်နေပြီ"

"ဟင် ... အဲဒီလောက်တောင် ဖြစ်နေပြီလား။ ကဲပါ ... အခုနက ဇော်ပိုင့်သီချင်းဆိုတာ ဘာသီချင်းလဲ နည်းနည်းလောက် ဆိုပြကွာ"

သူမက ဂျီတိုက်လျှင် သူက တကယ်ပဲ ဆိုပြရတော့မယ်ဆိုတာကို နားလည်လိုက်သည်။ သို့သော် သူမကို နည်းနည်းတော့ ရစ်ချင်ပါသေးသည်။

"ဆိုပြရင် ဘာပြန်ပေးမှာလဲ"

"ဟာ ... give & take ကြီးလားကွာ။ မမိုက်လိုက်တာ"

"အဲဒါပြောတာ မဟုတ်ဘူးလေ။ ကိုယ့်ကိုလည်း သီချင်းတစ်ပုဒ်ပဲဖြစ်ဖြစ်၊ ရင်ထဲက ဖီလင်တစ်ခုပဲဖြစ်ဖြစ် ပြန်ပေးရမယ်၊ အဲဒါကို ပြောတာ"

"ဟင် ... ဉာဏ်ချည်းပဲ။ ကဲပါ ... ရှင်သာ အရင်ဆိုပြပါ"



"အင်း ... သူများတွေ ကြားကုန်ရင်တော့ ရှက်စရာကြီး။ ကဲပါ ... ဆိုပြပါမယ် ...

မြူလည်းမဆုံး ... နှင်းဖွဲ့တုန်း ဆောင်းမနက်ခင်း ရောက်တိုင်း ... အမြန်သာ ငါပြေးခဲ့ချင်ပြီ ... အတိတ်နေ့တို့ တွေးမိတိုင်း ... ဒီဆောင်းတော့ မင်းလည်း မရှိ တစ်ယောက်တည်း ကြေကွဲရပြီ ... ရင်မှာ ဒီအလွမ်းပြောင်းခဲ့လား ... သုံ့ငယ်ချင်းလေးရဲ့အနားမှာ ကိုယ် ...

မနက်ခင်းတိုင်း မနက်တွေတိုင်း တို့နှစ်ဦး ကြည်နူးဖူးတယ် ..."

နောက်ဆုံးနေရာလေးတွင် သူက အသံကို တိမ်ဝင်လိုက်ပြီးနောက် သီချင်းဆိုတာကို ရပ်ပစ်လိုက်သည်။ သူမထံမှ အသံတိတ်ဆိတ်နေပြီးမှ ...

"ရှင် စားဖိုမှူး မလုပ်ဘဲ အဆိုတော်လုပ်ဖို့ ကောင်းတယ်"

"ဒါပေမဲ့ ကိုယ်က တစ်ယောက်တည်းကိုပဲ ဆိုပြချင်တာ။ ကဲ ... ပြောပါဦး။ မင်းရော ကိုယ့်ကို သတိရနေလား"

"သတိမရရင် ဖုန်းဆက်ပါ့မလား"

"ဪ ... ဒါဖြင့်ရင် အခုမှ သတိရတယ်ပေါ့။ အရင်နေ့တွေက ဖုန်းမှမဆက်တာ"

သူ့ရဲ့မကျေမချမ်းအပြောကို သူမက အသာရယ်မောကာ နှစ်သိမ့်ပါသည်။

"ဖုန်းဆက်ဖို့ အဆင်မပြေလို့ပါ သုထက်ရယ်။ သူများနဲ့သွားတာဆိုတော့ လစ်တိုင်း ဖုန်းပြေးဆက်နေလို့လည်း ဘယ်ဖြစ်ပါ့မလဲ။ ပြီးတော့ မြင်ကွင်းထဲမှာလည်း ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



လို့ရတဲ့ နေရာတွေကို အလွယ်တကူ ရှာမတွေ့ဘူး။ ဒါကြောင့်ပါ ...

ဘာမှ စိတ်မပူပါနဲ့။ ကျွန်မ အေးအေးချမ်းချမ်းပဲ ရှိနေပါတယ်။ အခု ဘယ်မှာလဲ လမ်းလျှောက်နေတာလား"

"အင်းပေါ့"

သူ့ရဲ့ဆုအောင့်အောင့် ဖြေသံကို သူမက ချိုလွင်စွာ ရယ်မောနေပါသည်။

"သုထက် ... ရှင့်ဖို့ ဘာလက်ဆောင် ဝယ်ခဲ့ရမလဲဟင်"

"ကိုယ်ကတော့ ဘာရယ်လို့ ဆန္ဒမရှိပါဘူး။ မင်း ပေးချင်တာ တစ်ခုခု ဝယ်ခဲ့ပေါ့။ မင်းဆီက အမှတ်တရလေးတစ်ခုကို လိုချင်တဲ့သဘောပါ။ သိပ်တန်ဖိုးကြီးတာတော့ မဝယ်ခဲ့နဲ့ပေါ့။ စားစရာ သောက်စရာမျိုးလည်း မဝယ်ခဲ့နဲ့။ ကိုယ် မန္တလေးထိုးမုန့်တွေ ဘာတွေ မကြိုက်ပါဘူး"

"အင်း ... ဟုတ်ပါပြီ။ ကဲ ... အဲဒါဆို ဒါပဲလေ၊ အဆင်ပြေရင် ထပ်ဆက်လိုက်ပါ့မယ်"

"ဆက်ပါကွာ၊ မျှော်နေပါ့မယ်။ ကျန်းမာရေးလည်း ဂရုစိုက်ဦး။ နေရော ကောင်းရဲ့လား"

"ကောင်းပါတယ်ရှင်။ ကျန်းမာရေးလည်း ဂရုစိုက်ပါတယ်။ သုထက်လည်း ဂရုစိုက်နော်။ ကဲ ... ဖုန်းချတော့မယ်"

"အိုကေ ... အိုကေ"

သူက ဖုန်းကိုပိတ်ကာ ပင့်သက်တစ်ချက်ရှိုက်ရင်း လမ်းဆက်လျှောက်လာခဲ့သည်။ ဖုန်းမလာတော့လည်း မလာလို့၊ လာတော့လည်း စကားပြောပြီးမှ ပိုလွမ်းလာသလိုပဲ ခံစားရလေ



သည်။ သေချာသည်။ ဒါကို အထပ်ထပ် အခါခါ ဝေဖန်ဆန်းစစ်နေဖို့ မလိုတော့။ သူမကို သူ ချစ်မိနေခဲ့ပြီဖြစ်သည်။ ကြည်လင်တောက်ပသောအပြုံး၊ စူးရှသည့် မျက်ဝန်းတစ်စုံဖြင့် အနေအထိုင်ဘည်ငြိမ် စတိုင်လ်ကျလွန်းသော မိန်းကလေးတစ်ယောက်ကိုပိုး ဆိုသော အမည်လေးတစ်လုံးမှလွဲ၍ အဆောင်မှာနေထိုင်သူ၊ ကလေးတွေကို ဂိုက်ဒ်လုပ်သူ စသည်ထက် ဘာမှပိုမသိရဘဲ ချစ်မိသွားခြင်းမှာ ယုံကြည်ဖို့ကောင်းသော မျက်ဝန်းတောက်တောက်တွေကြောင့် ဖြစ်ပါသည်။

ဘဝကို တစ်ယောက်တည်း ရဲရဲရင်ဆိုင်နေသော မျက်ဝန်းများသည် ရိုးသားစွာ ရပ်တည်နေသော မိန်းကလေးတစ်ယောက်အဖြစ် သူမကို သူ ယုံကြည်ခဲ့သည်။

ယုံကြည်ခဲ့သောကြောင့် ခံစားခဲ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

BURMESE CLASSIC .com

စင်ကာပူမှာ ရှစ်ရက်ခန့် ကြာမြင့်ခဲ့ပြီး ရန်ကုန်သို့ ပြန်ရောက်ချိန်တွင် အရိုပ်ရဲ့စိတ်တို့ ထင်သလောက် လန်းဆန်း မနေခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဘွားရဲ့ကျန်းမာရေးအခြေအနေကား စိတ်ကျေနပ်ဖွယ်ကောင်းအောင် တိုးတက်မလာ၍ပင်။ ဘွားမှာ စကားတောင် သိပ်ပြောနိုင်တော့။ ဘွားရဲ့ကျန်းမာရေးသတင်းမှာ ကုမ္ပဏီရှယ်ယာဝင်တွေ၊ တခြားပါတနာတွေကြားမှာ ပျံ့နေသဖြင့် အရိုပ်တို့ ပြန်ရောက်လာလျှင် ဘွားဆီ သတင်းမေးချင်တဲ့သူတွေက တန်းစီပြီးနေသည်။ ဒါ့အပြင် ထက်ထရေးဒင်းကြီး၏ CEO နေရာမှာ ယခုထိရှိဆဲဖြစ်သော ဘွား၏ရာထူးတို့ကိုလည်း အရိုပ်ကို ဘယ်အချိန်မှာ တရားဝင် လွှဲပြောင်းပေးတော့မလဲ ဆိုတာကိုလည်း အသည်းအသန် စိတ်ဝင်စားနေကြသူတွေကလည်း ရှိသည်။

ဒီကြားထဲ ဘယ်သူက လွှင့်ထုတ်လိုက်မှန်း မသိသော ကောလာဟလတစ်ခုမှာလည်း ဘွားဟာ အရိုပ်ကို နောင်ရိုးနှင့် လက်ထပ်ပေးပြီးသွားပြီဟူသော သတင်းမှာလည်း ပါသေး



သည်။ ထက်ထရေးဒင်း၏ အဓိကလုပ်ငန်းကြီးတစ်ခု နေရာတွင် ပါဝင်သော ထက်ကွန်စတရပ်ရှင်လုပ်ငန်း၏ အထက်မြက်ဆုံး အင်ဂျင်နီယာတစ်ယောက်အဖြစ် ထူးချွန်ထက်မြက်လွန်းသူဟု နာမည်ကြီးသော နောင်ရိုးနှင့်သာ တွဲပေးလိုက်လျှင် ထက်ထရေးဒင်း၏ အနာဂတ်မှာ ဒီ့ထက်မက ဆက်လက်တောက်ပဖို့ပဲ အကြောင်းရှိသည်ဟု တွေးသူတွေကလည်း တွေးကြသည်။

ဘွားရဲ့ နေ့လား ညလား မသိသော ကျန်းမာရေး၊ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စများ စသဖြင့် များပြောင်လှသော ကိစ္စတွေကြားမှာ အရိုပ်ရဲ့နှလုံးသားသည် နွမ်းရိပျော့ဖတ်၍နေသည်။ နောင်ရိုးနဲ့လည်း အရိုပ်က သိပ်စကားမပြောဖြစ်။

ဝင့်ဖြာဆိုတာကလည်း အရိုပ်ကို နားလည်ပေးမည့်သူ နေရာမှာ မရှိချေ။ အရိုပ်ရဲ့စိတ်တွေသည် သိပ်ကို မွန်းကျပ်ရှုပ်ထွေးလို့နေကာ တစ်ညလုံးလည်း အိပ်မပျော်ပါ။ ဒါကြောင့် မနက်စောစောကြီးမှာပင် ကန်ပေါင်သို့ ကားမောင်းထွက်လာခဲ့သည်။

သုထက်ဆိုသော တစ်ယောက်နှင့်လည်း မတွေ့ရတာ ဆယ်ရက်ကျော်ရှိသွားပြီဖြစ်သည်။ အရိုပ်သည် ကားကို ကန်ပေါင်တစ်ဖက်ခြမ်းမှာ ရပ်ပစ်ခဲ့ပြီးနောက် အင်းလျားကန်ပေါင်ပေါ်သို့ ဖြည်းဖြည်းလျှောက်လာခဲ့သည်။ အခုမှ နံနက်လေးနာရီခွဲလောက်ပဲ ရှိသေးတာမို့ ကန်ပေါင်ပေါ်မှာ သိပ်မစည်သေး။

အရိုပ်သည် ကန်ပေါင်ပေါ်တွင် ခပ်ဖြည်းဖြည်းလမ်းလျှောက်လို့လာသည်။ လမ်းလျှောက်လာရင်းမှ တစ်ဖက်ထိပ်သို့ ရောက်လျှင်တော့ ခုံတန်းလေးမှာ ဝင်ထိုင်မိတော့သည်။ အရိုပ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည်မှာ ဘယ်လောက်တောင် ကြာသွားလဲတော့ မပြောတတ်ချေ။ တပြည်းပြည်းနှင့် အလင်းရောင်က ကျရှိလာကာ ကန်ပေါင်ပေါ်တွင် စည်းကားစ ပြုလာသည်။ အဲဒီအချိန်မှာပဲ တစ်စုံတစ်ယောက်က အရိပ်ရဲ့ရှေ့သို့ လာရပ်လိုက်တာကို အရင်ဆုံး သိလိုက်ရသည်။

နက်ပြာရောင် ထရက်ဆုထဲဘောင်းဘီ အောက်ပိုင်းကို စတင်မြင်လိုက်တာနှင့် ဘယ်သူဆိုတာကို ချက်ချင်းသိသွားသော အရိပ်ဟာ မော့ကြည့်လိုက်လျှင် ကိုယ့်ကို စူးရှစွာ ခပ်တည်တည် စိုက်ကြည့်နေသော သူ့ကို တကယ်ပဲ တွေ့မြင်လိုက်ရပါသည်။

အရိပ်က သူ့ကို ပြုံးတောင်မပြနိုင်ဘဲ နှမ်းလျစွာ ငေးမောနေမိလျှင် သူက စတင်ပြီး စကားဆိုသည်။

"လူဆိုးမကြီး"

ထင်မထားလေသော နှုတ်ဆက်စကားကြောင့် အရိပ်သည် သတိလက်လွှတ်ပင် ဟက်ခနဲ ရယ်မိသွားစေသည်။ ကြည့်စမ်း ... ထူးဆန်းလိုက်တာ။ သူနဲ့မတွေ့ခင် အချိန်အထိ အရိပ် မရယ်မပြုံး ဖြစ်ခဲ့တာ ကြာပါပြီကော။ ဟက်ဟက်ပက်ပက် ရယ်မောခြင်းဆိုတာ လုံးဝမရှိ။

ပြုံးလျှင်တောင် နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်ကို ဆွဲဆန့်လိုက်တာဖြစ်ပြီး အဲဒါကို အပြုံးဟု ကိုယ့်ကိုယ်ကိုယ် မသတ်မှတ်ချင်။

"လူဆိုးမကြီး ဘာရယ်နေတာလဲ။ သရဲလာခြောက်နေတာလား၊ အင်း ... အမှန်တော့ လူဆိုးမလို့ မခေါ်ဘဲ သရဲမလို့ ခေါ်ရမယ်နဲ့တူတယ်"



အဲဒီအပြောကို အရိပ်သည် တကယ်ပဲ ဟက်ဟက်ပက်ပက် ရယ်မိပါတော့သည်။ မင်းဟာ ကိုယ့်ကို ပျော်စေနိုင်သူပါ သုထက်ရယ်။

"ကဲ ... ပြောစမ်းပါဦး။ တစ်ပတ်လို့ ပြောသွားရာကနေ အဘယ်အတွက်ကြောင့် ဆယ်ရက် ဖြစ်သွားတာတဲ့လဲ"

"အင်း ... သူတို့က အနှံ့သွားလို့ပါ၊ သုထက်ရယ်"

"ဟုတ်ပါပြီ၊ ဒါဖြင့်လည်း ဖုန်းလေး ဘာလေးတော့ ဆက်ပါဦးတော့လား။ လုံးဝကို အဆက်အသွယ် ဖြတ်ထားလိုက်တာ"

"ဖုန်းကလည်း အဆင်မပြေလို့ပါ သုထက်ရယ်။ ဘာလို့ အဲဒီလောက်တောင် စိတ်ပူနေရတာလဲ၊ ခရီးသွားတာ ပြောသွားတာပဲ။ အခုလည်း ပြန်တွေ့နေပြီပဲဟာ"

"အင်းပေါ့ ... ဒေါ်မွှေပိုးက ကိုယ့်ချင်းမှ မစာတတ်တာ"

"ဘာကိုစာတတ်ရမှာလဲ"

"တော်ပြီကွာ၊ မပြောတော့ဘူး။ ကဲ ... လူကို အကြာကြီး ခွဲသွားတဲ့အတွက် ဘာနဲ့အကြွေးဆပ်မှာလဲ။ လက်ဆောင် ဝယ်လာမယ်ဆို၊ လက်ဆောင်ကရော ဘယ်မှာလဲ"

"အင်း ... ပေးမယ်။ မျက်လုံးမှိတ်"

သူက အလန့်တကြားပုံစံဖြင့် မျက်လုံးပြူးပြကာ ...

"ဟိုက် ... လူမြင်ကွင်းကြီးမှာ ဘာလုပ်မလို့လဲ"

"အံမာ ... အတွေးကြီးကျယ်လိုက်တာ။ ရှင့်ကိုများ ကျွန်မက ဘာလုပ်ရမှာလဲ၊ ကဲ ... မှိတ်မှာလား၊ မမှိတ်ဘူးလား။ သိမ်စိတ်မရှည်တော့ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... မဖုရားရယ်။ မှိတ်ဆိုလည်း မှိတ်ပါ့မယ်။ ဟင်း ... ရင်တော့ တုန်တယ်"

သူက မျက်လုံးမှိတ်ရင်းမှ နောက်ဆက်တွဲစကားကို ဆိုလျှင် အရိပ်သည် ချစ်စနိုးဖြင့် သူ့နဖူးကို ပိတ်ထုပစ်ချင်စိတ် ပေါက်ရသည်။ မျက်လုံးမှိတ်ထားသော သူ့ပုံစလေးကို အရိပ်က စက္ကန့်အတော်ကြာမျှ ခိုးငေးခွင့်ရလေသည်။ ထူထဲသောမျက်ခုံး ဖြောင့်စင်းသော နှာတံ၊ လေးထောင့်မကျတကျ မေးရိုးတို့ဖြင့် မေးရိုးတစ်ဝိုက်က ချစ်ဖို့ကောင်းသော စိမ်းဖန့်ဖန့် ပါးမြိုင်းမွေး စလေးများ၊ နောက် ... အနီရောင်ဘက်သို့ လုနေသည့် သူ့နှုတ်ခမ်း စသဖြင့် ... စသဖြင့် ...။

"ဟော့ ... ကိုယ့်မျက်နှာကို ခိုးငေးမနေနဲ့နော်"

သူက အဲဒီအတိုင်း ထပ်ဆိုလျှင် ဟုတ်နေသော ကြောင့် အရိပ်ရဲ့နှုတ်ခမ်းတွေက ကော့ရွှန်းပြုံးတက်သွားရသည်။ သူ သိပ်ချစ်ဖို့ကောင်းတာပဲ။ အရိပ်သည် အတွေးနဲ့အတူ လည်ပင်းမှာ ပတ်လာသော မာဖလာလေးကို ချွတ်ကာ သူ့လည်ပင်း၌ ပတ်ပေးလိုက်လေသည်။

"ကဲ ... မျက်လုံးဖွင့်တော့၊ ရပြီ"

သူက အိပ်မက်ထဲမှ လန့်နိုးလာသူလို ကယောင် ကတမ်းဖြင့် သူ့လည်ပင်းက မာဖလာကို စမ်းကြည့်သည်။ ပြီးတော့ အရိပ်ကို ရွှန်းလဲ့သော မျက်လုံးများဖြင့် ငေးကြည့်ကာ ...

"ရင်ထဲကို နွေးထွေးသွားတာပဲ။ ကျေးဇူးပဲကွာ၊ ပြင်ဦးလွင်က ဝယ်လာတာလား"



"အင်း ... ဟုတ်တယ်။ အစကတော့ ဆွယ်တာဝယ်မလို့ ပဲ၊ ဒါပေမဲ့ ..."

အရိပ် ဆက်ပြောမည့်စကားကို သူက နားမထောင် ချေ။ သူ့ဟာသူ အဓိပ္ပာယ်ကောက်လျက် လက်ဝါးကာပြကာ ...

"နိုး ... နိုး ... ရတယ်၊ ဆွယ်တာဆိုရင်တောင် ကိုယ် ဒီလောက်ကြိုက်မှာ မဟုတ်ဘူး။ ဆွယ်တာက ရက်ခြားပဲ ဝတ်လို့ရမှာပေါ့၊ ဒါလေးကျတော့ နေ့တိုင်းပတ်လို့ရတယ်၊ ပြီးတော့ မင်းကိုယ်တိုင် ပတ်ပေးလိုက်တာဆိုတော့ ပိုကောင်း တာပေါ့။ ဆွယ်တာဆိုရင် မင်းက ဝတ်ပေးမှာမဟုတ်ဘူး လေ"

"သြော် ... ဒုက္ခ"

အရိပ်က ပြုံးပြီးရေရွတ်တာကို သူက ငေးကြည့်နေ သည်။ ပြီးတော့ အရိပ်ကို အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် ...

"ဒေါ်ရွှေပိုး"

အရိပ်က သူ့ကို ပြန်မထူးဘဲ မျက်လုံးတွေနဲ့သာ ထူးလိုက်သည်။ သူက အရိပ်ရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့် စိုက်ကြည့်ကာ ...

"ဒေါ်ရွှေပိုးကို မတွေ့ရတဲ့ရက်တွေမှာ အရမ်းသတိရတယ်"

အရိပ်သည် အဲဒီစကားကိုတော့ ဘာမှပြန်မပြောမိ။ သူက ဆက်ပြောသည်။

"ဒေါ်ရွှေပိုးကို စကားတစ်ခွန်းလောက် ပြောချင်တယ်၊ စိတ်ဆိုးမှာလား"

အရိပ်သည် သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ...

www.burmeseclassic.com

www.burmeseclassic.com



"စကားက အရင်ကြိုခံနေမှတော့ စိတ်ဆိုးစရာ အကြောင်းပဲ နေမှာပေါ့။ မပြောနဲ့တော့"

"ဟာကွာ ... မပြောလို့တော့ မဖြစ်ဘူး။ မပြောရင် သေသွားလိမ့်မယ်"

"အံမယ် ... ဒါဆိုလည်း သေပေါ့"

"ဟင်း ... ကြမ်းနေတာတယ်ကွာ။ ကဲ ... ဘယ်လိုလဲ။ တကယ်ပဲ မပြောရဘူးလား ပိုးရယ်"

သူက အရိပ်ကို ခပ်နက်နက်စိုက်ကြည့်ကာ ဆိုလာလျှင် အရိပ်သည် အဲဒီစကားကြောင့် ရင်တွေအရမ်းပဲ ခုန်လာသည်။ သူ တကယ်ပဲ ပြောလိုက်တော့မှာလား။ ပြောလိုက်ရင် အရိပ်ကရော ဘာပြန်ပြောရမှာတဲ့လဲ။ အိုး ... ဝန်ထမ်းပေါင်းများစွာကို အုပ်ချုပ်နေတဲ့ အစဉ်သဖြင့် အေးစက်တည်ငြိမ်သော အရိပ်ရဲ့ နှလုံးသားတို့ဟာ အခုကျမှ ဘာကြောင့် ကပြောင်းကပြန်တွေ ဖြစ်လာရတာပါလိမ့်။

"ပိုး"

သူက အရိပ်ထိုင်နေရာသို့ ကိုယ်ကိုင့်ကိုင်းပြီး ခေါ်လိုက်လျှင် အရိပ်ရဲ့နှလုံးသားကို လှမ်းပြီးပုတ်နိုးသလို ဖြစ်သွားသည်။ ကတုန်ကယင် ဖြစ်သွားသောစိတ်ဖြင့် အရိပ်က မော့ကြည့်လိုက်လျှင် အရိပ်ကို ငုံ့မိုးကြည့်နေသော သူ့အကြင်နာမျက်ဝန်းတွေကို နွေးထွေးစဖွယ် တွေ့ရှိလိုက်ရလေသည်။

"ပိုး ! ကိုယ့်ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မင်းသိမှာပါ။ ကိုယ့်ရင်ထဲမှာရှိတဲ့ တစ်စုံတစ်ရာကို ဘယ်လိုမှ သိမ်းမထားနိုင်တော့ဘူး ပိုးရယ် ...



မင်းကို အရမ်းချစ်နေတယ်ဆိုတဲ့ စကားကို မင်းသိအောင် ဖွင့်ပြောပြလိုက်ချင်ပြီ"

"ဟင် ... ဒါ ပြောတာပဲ မဟုတ်ဘူးလား"

"အာ ... ဟုတ်သားပဲ။ ပြောမိသွားပြီးပြီကိုး။ အင်း ... ဟုတ်ကယ်။ ချစ်တယ် ... ချစ်တယ်"

"ဘာချစ်တာလဲ"

"ခြော် ... ချစ်တာပဲဟာ ဘာချစ်ရမှာလဲ။ မင်းကိုလေ တကယ်ကို ချစ်မိနေတာပါကွာ။ အပျော်သဘောနဲ့ ရည်းစားထားချင်လို့ ချစ်တယ်ပြောတာလည်း မဟုတ်ဘူး။ လူတပဟ စိတ်ဝင်စားစရာတွေ့လို့ ပြီးစလွယ် ချစ်တယ်လို့ ပြောလိုက်တာလည်း မဟုတ်ဘူး ...

အဲဒီခံစားချက်လေးက အရမ်းကို နူးညံ့သိမ်မွေ့တယ်။ ရင်ထဲမှာ မင်းနဲ့ပတ်သက်ပြီး အရမ်းနူးညံ့တဲ့ တစ်စုံတစ်ရာပဲ။ ကိုယ်တော့ အဲဒါကို အချစ်လို့ပဲ ခေါင်းစဉ်တပ်လိုက်တယ်"

အရိပ်သည် သူ ဖွဲ့နွဲ့ပြောလေသမျှကို ကြည်နူးစိတ်ဖြင့်သာ နားထောင်နေမိသည်။ ကိုယ်ချစ်မိတဲ့ လူတစ်ယောက်က ကိုယ့်ကို ချစ်ကြောင်းရယ် ဒီ့ကာဖွဲ့နွဲ့ ပြောနေတာကို ခံစားနားထောင်နေရတာလောက် စိတ်ချမ်းသာဖို့ကောင်းတာ မရှိဘူးဟု ထင်သည်။

ဒီရက်ပိုင်းလေးအတွင်းမှာ အရိပ် စိတ်ချမ်းသာမှုရခဲ့တာ ကြာပြီဖြစ်သည်။ သူဟာ အရိပ်ကို ချစ်သတဲ့။ ပြီးတော့ သူ ချစ်တဲ့ အရိပ်ဟာ သိပ်ကိုကြွယ်ဝချမ်းသာလွန်းလို့ ကောင်းမ

www.burmeseclassic.com

www.burmeseclassic.com



လေး မဟုတ်။ သူသည် ပိုး ဆိုသော မပြည့်စုံ မကုံလုံသည့် ကောင်မလေးတစ်ယောက်ကိုသာ ချစ်ခဲ့သူ ဖြစ်ပါသည်။

အရိုပ်သည် ကြည်နူးစိတ်ဖြင့် သူ့ကို မော့ကြည့်မိကာ ...

"ရှင်က ကျွန်မအကြောင်း ဘယ်လောက်သိလို့လဲ။ ကျွန်မကို ဘယ်လောက်အတိုင်းအတာထိ ယုံလို့လဲ သုထက်ရယ်"

သူက အရိုပ်ရဲ့စကားကို ကြားသော်လည်း သူ့ပုံစံက ဘာမှထူးထူးခြားခြား ပြောင်းလဲသွားတာမျိုး မရှိပါ။

"မင်းအကြောင်းကတော့ မင်းပဲ အသိဆုံးနေမှာပါ ပိုးရယ်"

သူက အဲဒီစကားကို လေသံအေးလေးနှင့် ပြောလိုက်တာ ဖြစ်သော်လည်း အရိုပ်ရဲ့ကျောထဲ၌ စိမ့်သွားသည်။ သူ့မျက်နှာကို ကြည့်လိုက်သော်လည်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲသွားတာမျိုး မရှိပါ။ သူက အရိုပ်ကို ခေါင်းတစ်ချက်ညိတ်ပြလျက် ...

"ဟုတ်တယ်လေ၊ လူတစ်ယောက်ဟာ ကိုယ့်အကြောင်း ကိုယ်တော့ အသိဆုံးနေမှာပေါ့။ ကိုယ့်အကြောင်းကို သူများက ကိုယ့်လောက်တော့ ဘယ်သိနိုင်မလဲ ...

လူတစ်ယောက်အကြောင်းကို နိုက်နိုက်ချွတ်ချွတ်နဲ့ အကုန်အစင်သိမှ ချစ်လို့ရမှာလား။ အချစ်ဆိုတာ တကယ်တော့ အရမ်းအပြစ်ကင်းတယ် ပိုးရဲ့။ တချို့တွေက အချစ်ကို ပူလောင်တယ်၊ ခါးသီးတယ် စသဖြင့် နာမည်ဆိုးတပ်ကြပေမယ့် တကယ့်အချစ်ဆိုတာ လူတစ်ယောက်ကို ဘာပဲဖြစ်ဖြစ် ချစ်နိုင်တယ် ...



မိန်းကလေးတစ်ယောက်ဆိုလည်း ဒီကောင်လေး မကောင်းဘူးဆိုတာ သိသိနဲ့ ချစ်နေတာမျိုး၊ ယောကျ်ားလေးတစ်ယောက် ဆိုရင်လည်း ဒီမိန်းကလေး ဘာဖြစ်နေဖြစ်နေ ချစ်နေတာမျိုးတွေလည်း ရှိတတ်တာပဲ။ ယောကျ်ားလေးတွေ တကယ်ချစ်လာပြီဆိုရင် မိန်းကလေးတွေကို မမီပါဘူး ပိုးရယ်"

အဲဒီအပြောကြောင့် အရိုပ်မှာ တကယ်ပဲ စိတ်ချမ်းသာရပါသည်။ မေးထောက်ရင်းမှ သူ့မျက်နှာကို ငေးကြည့်မိကာ ...

"ရှင် ကျွန်မကို ယုံသလား"

"ဘာကိုလဲ"

"ဪ ... ရည်းစားရှိလားလို့၊ ရည်းစားရှိခဲ့ဖူးလားလို့ စတာတွေပေါ့"

သူ့မျက်နှာတွင် အဓိပ္ပာယ်တစ်မျိုး ဖြစ်ပြေးသွားပြီးလျက် အရိုပ်ကို ပြုံးငဲ့ငဲ့ကြည့်လာကာ ...

"ကိုယ် တစ်ခုပြောရင် မင်း စိတ်မဆိုးနဲ့နော်၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့အကြည့်တွေ စကားတွေထဲမှာ တကယ်နားလည်တတ်ပြီဆိုရင် ရည်းစားရှိလားဆိုတဲ့ မေးခွန်းက မေးဖို့မလိုတဲ့ မေးခွန်းပဲ။ အကြွေအဖန်တွေတော့ မပါဘူးပေါ့ကွာ ...

ရည်းစားရှိခဲ့လား ဆိုတာတော့ ကိုယ် စိတ်မဝင်စားပါဘူး။ ရှိရင်လည်း ရှိခဲ့မှာပေါ့။ မရှိချင်လည်း မရှိခဲ့ဘူးပေါ့။ ကိုယ်နဲ့မတွေ့ခင်က ကိစ္စဆိုတော့ ကိုယ်နဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်မဆိုင်သလိုပဲပေါ့၊ ဖြေတွေးရရင်တော့ အဲဒီတုန်းက သူက ကိုယ်နဲ့မတွေ့ခဲ့လို့သာပေါ့၊ တွေ့ခဲ့ရင် အဲဒီတစ်ယောက်နဲ့ ဘယ်ကြိုက်မလဲ၊ ဟုတ်တယ်မှုလား"

သူက ရယ်ဟာဟာဖြင့် မေးဆတ်ပြလျှင် အရိပ်သည် သူ့မျက်နှာကို ငေးကာ သဘောတကျဖြင့် ပြုံးမိရပါသည်။ သူက အရိပ်ကို မျက်ခုံးရှုံ့ရှုံ့ဖြင့် စိုက်ကြည့်လျက် ...

"ကိုယ် ဗေဒင်တစ်ခု ဟောမယ်၊ မှန်ရင် အခုချက်ချင်း အဖြေပေးမလား"

အရိပ်သည် သူ့မေးခွန်းကို ဖီလင်နှစ်မျိုး ဖြစ်သွားသည်။ တစ်မျိုးက ပထမမေးခွန်းကို စိတ်ဝင်စားမှုအားကြီး၍ နောက်တစ်မျိုးကတော့ ဒုတိယမေးခွန်းကို မခံချင်စိတ် ဖြစ်သွားခြင်းပင် ဖြစ်လေသည်။ သူ့ကို ခါးထောက်၍ပင် ကြည့်လိုက်သေးကာ ...

"အံမာ ... ဘာဗေဒင် ဟောမှာလဲ၊ ဘာကိစ္စရော အဖြေပေးရမှာလဲ"

"ဒါက ဟောတော့ သိရမယ်လေ။ မှန်ရင်သာ ကတိတည်မှာလား ပြောစမ်းပါ"

အရိပ်သည် သူ့ရဲ့ မချိုမချဉ်ရုပ်ကို အမြင်ကတ်သည့်ကြားမှ ရင်ခုန်ရသေးသည်။ ပြီးတော့ သူ ဟောမည့်ဗေဒင်ကိုလည်း နားထောင်ချင်ပါသေးသည်။

"ကတိတည်ဖို့ မတည်ဖို့ကတော့ အာမ,မခံပါဘူးနော်"

"တွေ့လား ... အဲဒါကိုက ဒေါ်ရွှေပိုး တစ်ယောက် ကိုယ့်ဗေဒင်ကို မှန်မယ်ဆိုတာ လုံးဝယုံကြည်နေပြီ။ ကဲ ...



ပြောပါ၊ မှန်ရင် အဖြေပေးမှာလား၊ ကတိတည်မှာလား ... ပြော"

အရိပ်က မဖြေဘဲ သူ့ကိုကြည့်နေလျှင် သူက ပြုံးကာ ခေါင်းတစ်ချက်ယမ်းသည်။ ပြီးတော့မှ ...

"ကဲပါကွာ၊ မဖြေချင်ရင်လည်း နေပါ။ မှတ်မပြောပါဘူး။ ကိုယ်ဟောမယ့် ဗေဒင်ကိုတော့ နားထောင်ပေးပါ။ ကိုယ် အတိအကျကြီး ပြောလိုက်မယ်။ မင်းဘဝမှာလေ ရည်းစား တစ်ခါမှ မထားဖူးသေးဘူး။ ပြီးတော့ တစ်ခါမှ မချစ်ဖူးသေးဘူး ...

ကဲ ... ဘယ်လိုလဲ၊ မှန်လား"

"ရှင် ဘာကိုကြည့်ပြီး ပြောတာလဲ"

"မင်း မျက်နှာတွေကို ကြည့်ပြောတာပေါ့၊ ကိုယ်ပြောခဲ့ မှန်တယ်မဟုတ်လား"

"အင်း ... မှန်တယ်"

"အိုခေ ... နောက်ထပ်တစ်ခု ထပ်ဟောရဦးမလား"

"အဟင်း ... ဟောပါရှင်"

"မင်း သိပ်မကြာခင်မှာ အိမ်ထောင်ကျကိန်းရှိတယ်"

"အို ... ရည်းစားရကိန်း မဟုတ်ဘူးလား"

"ရည်းစားက အခုခဏနေ ရတော့မှာပဲလေ၊ အဲဒါကြောင့် မပြောတော့တာ"

အရိပ်သည် သူ့စကားကို ဘာမှမပြောနိုင်ဘဲ အံ့ဩ သွားနေမိလေသည်။ သူနှင့်တွေ့သည့်အချိန်မှစ၍ မွန်းကျပ်နေခဲ့သော အရိပ်၏ စိတ်နှလုံးသားတို့သည် ပြတင်းပေါက်မှ ထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သော မီးခိုးငွေ့များလို အပြင်ဘက်သို့ လွင့်စဉ်ပျောက်သွားပြီဖြစ်သည်။ အင်း ... သူဟာ အရိပ်ကိုစိတ်ချမ်းသာအောင်၊ ပျော်ရွှင်အောင် လုပ်နိုင်တဲ့ ဒီကမ္ဘာကြီးပေါ်က တစ်ယောက်တည်းသောသူပါ။

"ပိုး"

သူက ကိုယ့်ကို ငုံ့ကိုင်းကာ ရင်ထဲမှလာသောလေသံဖြင့် မွတ်သိပ်တမ်းတစွာ ခေါ်သည်။ အရိပ်က သူ့ကို မော့ကြည့်လိုက်လျှင် အရည်ပျော်မျက်ဝန်းများဖြင့် ကြည့်နေသော သူ့ကို တမ်းတဖွယ်ရာ တွေ့မြင်လိုက်ရသည်။ သူက အရိပ်ရဲ့ရှေ့သို့ သူ့ လက်ဖဝါးတစ်ဖက်ကို ကမ်းပေးကာ ...

"ပိုးကို တစ်သက်တာလုံးအတွက် မြတ်မြတ်နိုးနိုး ရည်ရွယ်ပြီးချစ်ခဲ့တာပါ၊ ကိုယ့်အချစ်ကို လက်ခံပေးပါ၊ မင်းဘဝမှာလည်း တွယ်တာရာမရှိ၊ ကိုယ့်ဘဝမှာလည်း တွယ်တာရာမရှိ၊ ကိုယ်တို့နှစ်ယောက် အလိုအပ်ဆုံးအဖော်တွေအဖြစ်နဲ့ တစ်ယောက်အတွက် တစ်ယောက်က အသင့်ရှိနေပေးချင်တယ် ပိုးရယ် ...

ခွင့်ပြုပါနော် ..."

သူက ငုံလင့်နေသောအကြည့်များဖြင့် နူးညံ့စွာဆိုသည်။ သူ ပြောလိုက်သောစကားတွေသည် အရိပ်ရဲ့နှလုံးသားထဲသို့ ထုတ်ချင်းဖောက် ဝင်ရောက်သွားသောကြောင့် အရိပ်သည် စဉ်းစားပါရစေတွေ၊ ရက်ရာဇာတွက်ပါရစေတွေ လုပ်မနေတော့ပါ။ လုပ်ချင်စိတ်လည်း မရှိတော့။ ရင်ထဲမှာရှိသည့် အချစ်ကို တမင်သိမ်းမထားဘဲ လွတ်လပ်စွာ ခင်းကျင်းပြသထားသည်မို့ သူလည်း သိချင်သိနေနိုင်သည်။



ပြီးတော့ လူတစ်ယောက်ကို ချစ်မိနေတယ် ဆိုတာ သေချာနေမှတော့ဖြင့် အချိန်တွေဆွဲနေဖို့လည်း စိတ်မကူးတော့။ အရိပ်သည် သူ့ကို ရွှန်းလဲ့သောမျက်လုံးများဖြင့် မော့ကြည့်မိကာ ကြည်ကြည်နူးနူးပြုံးလျှင် ကိုယ့်လက်ဖဝါးတစ်ဖက်ကို သူ့ရဲ့လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ သူက အရမ်းကို အံ့သြဝမ်းသာသွားသောမျက်နှာမျိုးဖြင့် အရိပ်ရဲ့လက်တွေကို တင်းတင်းဆုပ်ထားကာ အရိပ်ကို ထိုင်နေရာမှ ထစေလိုက်သည်။

"ကဲ ... လက်တွေ့ကြတဲ့ ချစ်ခြင်းတစ်ခုကို ဖန်တီးကြစို့ ဒေါ်ရွှေပိုး"

"ဟင် ... ဘာကိုဖန်တီးမှာလဲ"

"ကိုယ့်ဆိုင်ကို လိုက်ခဲ့ရမယ်၊ ဒီမနက် Breakfast ကို မင်းအတွက် ကိုယ်တိုင်ဖန်တီးပေးချင်လို့လေ၊ ဘာစားချင်လဲ ပြော"

"အမ်း ... ထမင်းကြော်နဲ့ ကော်ဖီ"

"အိုး ... မိုင်နာကေ့စ်ပဲ၊ ကဲ ... လာ သွားမယ်"

အရိပ်သည် သူ့လက်ဝါးတွေကို တင်းတင်းပြန်ဆုပ်ကိုင်ရင်း သူနဲ့အတူ လိုက်လာခဲ့သည်။ သူ ပြင်ဆင်ကျွေးမွေးသော ထမင်းကြော်နှင့်ကော်ဖီသည် အရိပ်ဘဝတွင်တော့ စားဖူးသမျှ အစားအစာတို့၌ အကောင်းဆုံးပဲဖြစ်တော့သည်။ အရိပ်ကို တမြတ်တနိုး ဂရုစိုက်လှသော သူ့ကို ထင်မထားအောင်ပင် ချစ်မိသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

သူနဲ့ ချစ်သူဖြစ်ပြီးသွားတော့မှပင် အချစ်ဆိုသောအရာကို ဘာကြောင့် ဒီလောက်များနောက်ကျပြီးမှ တွေ့ခဲ့ရသလဲဟု အရိပ် တွေးမိလေသည်။ သူ ဖန်ဆင်းပေးလေသော အချစ်သည် အရိပ်အတွက်တော့ အကိုင်းမသိ ပြည့်စုံခြင်းကို ရောက်စေသည်။ အချစ်ဟာ ဒီလောက်ချိုမြိန်ပါလားဆိုတာကို အစက အရိပ် မသိခဲ့။ သူ့ချစ်ခြင်းသည် သန့်စင်သောမေတ္တာတရားကို အခြေခံကာ ကရုဏာ၊ အကြင်နာ စသဖြင့် အဲဒီအရာတွေပါ များများပေါင်းစပ်ထားသောကြောင့် အရိပ် တကယ်ကိုပဲ စိတ်ချမ်းသာရသည်။

အရိပ်တို့သည် ခါတိုင်းလိုပင် မနက်တိုင်း ကန်ပေါင်ပေါ်တွင် ဆုံကြသည်။ ပြီးလျှင် Breakfast တစ်ခုခုစား၊ စကားစမြည်ပြော တစ်ယောက်မျက်နှာတစ်ယောက် တမေ့တမောကြည့်ကြလျက် နေ့သစ်တစ်ခုအတွက် ခွန်အားတွေကို မွေးဖွားကြသည်။ တစ်ခါတလေဆိုလျှင် အရိပ်သည် ညနှစ်နာရီ သုံးနာရီအထိ အလုပ်လုပ်ရသဖြင့် ပင်ပန်းလွန်းသောကြောင့် မနက်ခင်းကို



အိပ်ရေးအဝ အိပ်ပစ်ချင်လှသည်။ မထချင်။ သို့သော် သူ မျှော်နေမှာကို စိုးသောကြောင့် အိပ်ရေးမဝသည့်ကြားမှ အားတင်းထကာ ကားဖြင့် အင်းလျားကန်ပေါင်သို့ သွားရသည်။ ဒရိုင်ဘာကို စောင့်ခိုင်းပြီး သူနဲ့ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်၊ မုန့်စားပြီး ကားထဲသို့ ယိုင်တိုင်တိုင်ဖြင့် ပြန်ရသည်။

ပြီးတော့ အိမ်ရောက်မှပြန်အိပ်။ ဘာပဲဖြစ်ဖြစ် အရိပ် ကျေနပ်ပါသည်။ သူကတော့ မနက်တိုင်းတွေ့နေရတာကို အားမရသေး။

သူ့အလုပ်နားရက်တွေမှာ အရိပ်ကို သူ့လက်ရာ ဟင်းပါယ်ရှယ်တွေဖြင့် ချက်ပြုတ်ကျွေးမွေးလိုသေးသည်။ သူများ ချစ်သူစုံတွဲတွေလို ဘာခြားနေရာတွေမှာ လည်ဖို့ပတ်ဖို့ သူ စိတ်မဝင်စား။ စိတ်ထဲကမပါ။ အနှစ်သာရမရှိသော အကျိုးမရှိသည့် အိညုက်ညုက်စကားတွေ သူ မပြောတတ်ချေ။ သူ့အာရုံထဲမှာ ရှိတာက အစားအသောက်ဆင်းရဲလှသော အရိပ်ကို သူ တတ်စွမ်းသမျှ စားကောင်းသောက်ဖွယ်တွေ စီမံကာ ချက်ပြုတ်ကျွေးမွေးလိုခြင်းဖြစ်သည်။ အခုလည်း အရိပ်ကို သူ့အိမ်ခြံဝင်းလေးသို့ အတင်းဖိတ်ခေါ်ကာနေသည်။ သူက တနင်္လာနေ့သာ အားလပ်လေရာ အရိပ်ကိုလည်း အဲဒီနေ့မှာ အားလပ်မည်ဟုထင်နေသည်။ ဘကယ်တမ်းတွင် တနင်္လာနေ့၌ အရိပ် မအားချေ။

တစ်နေ့ကုန် Appointment တွေ ဆက်နေသည်။ သို့သော် သိပ်ကို စိတ်အားထက်သန်နေသော သူ့ပုံစံလေးကိုလည်း သနားလှသည်။ သူက အရိပ်ရဲ့ဦးခေါင်းကို သူ့လက်ဖဝါးဖြင့် ဖိချေကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရွှေပိုး လာမယ့်မန်ဒေးတော့ အားတယ်မဟုတ်လား၊ ခင်ဗျား စာသင်နေတဲ့ကလေးတွေလည်း ကျောင်းသွားတက်နေရမှာပေါ့ကွာ ...

ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ပြီး ကိုယ့်အိမ်လေးကို တစ်ခါတည်းတန်းသွားမယ်၊ ကောင်းတယ် မဟုတ်လား"

အရိပ်မှာ ဘာပြန်ပြောရမှန်းကိုမသိ။ ငြင်းခဲ့တာ သုံးလေးခါရှိပြီမို့ ဒီတစ်ခါလည်း မငြင်းချင်တော့ချေ။ အရိပ်ကိုယ်တိုင်ကလည်း သူနဲ့အတူ တစ်နေ့တာကို ပျော်ရွှင်စွာဖြတ်သန်းချင်လှသည်။ တာဝန်တွေ၊ ငွေကြေးတွေ ဟန်ဆောင်မျက်နှာဖုံးတွေကြားမှ ခေတ္တပြေးထွက်ကာ သူ့ရင်ခွင်မှာ ကွန်းခိုချင်လှပါသည်။

"ဘာတွေစဉ်းစားနေတာလဲ၊ စိတ်တိုလာပြီကွာ"

အဲဒီစကားကိုတော့ သူက တကယ်စိတ်တိုသလို ပြောတာမဟုတ်ဘဲ ချွဲသည့်လေသံမျိုးနှင့် ပြောတာဖြစ်ပါသည်။ အရိပ်သည် သူ အဲဒီလိုလေသံဖြင့် ပြောပြီဆိုလျှင်ဖြင့် အင်မတန်သဘောကျရသည်။

"ကဲ ... ဘယ်လိုလဲ"

"ဘယ်လိုမှမလဲဘူး အဲလိုပဲ"

အရိပ်ရဲ့ အနောက်အပြောင်စကားကို သူက မျက်လုံးပြူးပြူးကာ လက်သီးရွယ်ပြလျက် ...

"လူကြီးကို နောက်စရာလား၊ ငါးပိရည်ကို ရဲယိုရွက်နဲ့ ဆွဲဆိုဆွဲလိုက်မယ်၊ မင်းကိုတော့ မရဲသလိုပဲ ဖြစ်သွားမယ်နော်"



"ဟား ဟား ... စားဖိုမှူးကြီးက ဒီသီချင်းတွေလည်း ရတာပဲလား"

"ရတာပေါ့၊ ဘော်ဒါတွေဆုံလာပြီဆို မိုက်ခဲ၊ ကဲပါကွာ သူ ပြောနေတာနဲ့ပဲ သီချင်းတွေလည်း ယောင်ထွက်ကုန်ပြီ၊ မန်းဒေးကို ဆုံဖြစ်မှာလား၊ ဟင်းချက်ကျွေးရမယ့်လူက သေမတတ် ပင့်နေရတယ်"

"အင်းပါ လာတာပေါ့၊ ကိုးနာရီလောက်မှဖြစ်ဖြစ် ကျွန်မ ဘာသာ ကားနဲ့လာခဲ့မယ်လေ၊ လိပ်စာသေချာပြောထား"

"ဪ ... လာရတာခွေးလို့ ပြောနေတာကွာ၊ ဘာကိစ္စ သပ်သပ်လာမှာလဲ၊ အဲဒီနေ့ အားတယ်မဟုတ်လား"

"အင်း ... မနက်ပိုင်းလေးက လုပ်စရာလေးရှိသေးလို့ပါ"

"ဒေါ်ရွှေပိုးနော် ဘာလုပ်စရာရှိတာလဲ၊ ဘယ်ကောင်လေးနဲ့ ချိန်းထားတာလဲ ပြောစမ်း"

"အထင်ကြီးလိုက်တာ၊ မချိန်းထားပါဘူး သုထက်ရယ်၊ အဆောင်မှာ အဝတ်လေးဘာလေး လျှော်ပေါ့၊ ဟိုရှင်းဒီရှင်းပေါ့၊ နည်းနည်းပါးပါး လုပ်စရာလေးတွေရှိလို့ပါ ...

အဲဒီမနက်တော့ လမ်းမလျှောက်တော့ဘူးလေ နော်၊ ရှစ်ခွဲ ကိုးနာရီလောက် ကျွန်မ အရောက်လာခဲ့ပါ့မယ်၊ ကျေနပ်ပါတော့"

"အင်းပေါ့လေ ကျေနပ်ရတော့မှာပေါ့၊ အဲဒါဆို ကိုယ်ကတော့ ဆန်းဒေးညထဲက ဂျူတီထွက်တာနဲ့ အိမ်ပြန်တော့မယ်၊ မင်းကို စောင့်နေမယ်၊ ဆက်ဆက်လာခဲ့ရမယ်နော်၊ မလာခဲ့လို့ကတော့ ... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



သူက အံကြိတ်ပြီးကြိမ်းပြလျှင် အရိပ်သည် အဲဒီပုံစံကို အသာရယ်မောမိကာ ...

"မလာရင် ဘာလုပ်ရမှာလဲ ပြော"

"မလာရင် ဖွတ်လာခေါ်ပြီး နောက်နေ့ကစလို့ အိမ်မှာတစ်သက်လုံးခေါ်ထားတော့မှာ၊ အဲဒါကိုပြောတာ"

"အိပ်ထောင်ချမယ်ပေါ့"

"ရိုက်ထံ၊ ဒါတော့ သဘောပေါက်သားပဲ၊ ဟုတ်တယ် အိမ်ထောင်ချပစ်လိုက်မယ်"

အရိပ်သည် အဲဒီစကားကိုတော့ ဘာမှ ပြန်မပြောမိဘဲ ပြုံးပြုံးလေးနေလိုက်လျှင် သူက အရိပ်ရဲ့ဆံပင်တွေကို ဆွဲဖွပစ်လိုက်ရင်းမှ ...

"ဒေါ်ရွှေပိုးကို ဘာကြောင့်များ ဒီလောက်ချစ်မိသွားမှန်းကို မသိပါဘူးကွာ" ဟု ညည်းညည်းညူညူပြောလေသည်။ သူ ချစ်တယ်ဟုတစ်ခွန်းပြောတိုင်း အရိပ်သည် ရင်ထဲက တလှပ်လှပ်ဖြစ်လာသည်အထိ ကြည်နူးရပါသည်။ ဒီလိုနှင့် သူ့လက်ရာအစားအစာများကို စားသောက်ဖို့အတွက် အရိပ်မှာ ထနင်္လာနေ့တစ်ရက်ကို ဖယ်ရှားရှင်းလင်းရသည်။ အဲဒီနေ့အားဖို့အတွက် ရှေ့နှစ်ရက်လောက်မှာ ထမင်းစားချိန်မရှိအောင်တောင် အလုပ်တွေသိမ်းကျုံးလုပ်ရသည်။

ဒီလိုနှင့် တနင်္လာနေ့မှာတော့ အရိပ်က သူ့ထံသို့ သွားနိုင်ပြီဖြစ်သည်။ ဒါတောင် စင်ကာပူကလာသော မိတ်ဆွေတစ်ယောက်ကို မနှုတ်ဆက်လျှင် မကောင်းတတ်သဖြင့် Hotel မှာ Breakfast သွားစားရင်း တွေ့လိုက်ရသေးသဖြင့် သူ့အိမ်သို့



ကိုးနာရီခွဲမှ ရောက်သွားလေသည်။ သူ့အိမ်လေးမှာ တောင်ဥက္ကလာမြို့နယ်ထဲရှိ လမ်းသွယ်လေးတစ်ခုထဲမှာဖြစ်ကာ အသင့်အတင့်ကျယ်ဝန်းသော ခြံဝင်းဖြင့် သပ်သပ်ရပ်ရပ်ဆောက်ထားသော တစ်ထပ်တိုက်ပြားလေးဖြစ်ကာ နေချင့်စဖွယ်ပင်။

သူက အရိပ် ရောက်လာသောအခါ ဝမ်းသာအားရနှင့်ပင် ကြိုဆိုရှာပါသည်။

"လာ ပိုး၊ ထိုင် ... ကော်ဖီသောက်မလား"

"နေပါစေ သောက်ခဲ့ပြီးပြီ"

"ဒါဆို လက်ဖက်ရည်သောက်၊ ကိုယ်ဖျော်တဲ့ လက်ဖက်ရည် မသောက်ဖူးသေးဘူးမဟုတ်လား၊ ဩော် ... လက်ဖက်ရည်ရောကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

"ကြိုက်ရင် ခဏစောင့်၊ ကိုယ် လက်ဖက်ခြောက်နှပ်လိုက်ဦးမယ်၊ ရော့ ... အဲဒီမှာ TV ကြည့်နေနော်"

သူက Satellite ဖွင့်ပေးထားကာ နောက်ထဲသို့ လှစ်ခနဲရောက်သွားသည်။ အရိပ်သည် လူကိုမြင်တာနှင့် ကျွေးချင်မွေးချင်လှသော သူ့ပုံစံကိုကြည့်ကာ အသာပြုံးမိရသည်။ TV မှ လာသော သီချင်းတစ်ပုဒ်ကို ငေးနေတုန်းမှာပဲ သူက ပြန်ရောက်လာသည်။

"ခဏလေးနော် လက်ဖက်ခြောက်နှပ်ထားတုန်းမို့"

"အင်းပါ သုထက်ရယ်၊ အေးဆေးဆေးဆေးလေးများလည်း ထိုင်ပါဦး၊ ရှင့်ကြည့်ရတာ ရှေ့နောက်ပြေးလွှားနေလိုက်တာ ပင်ပန်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အရိုပ် ပြောတာကို တစ်ချက်ရယ်၍ အရိုပ်ရဲ့ ဘေးက ဆက်တီခုံတွင် ဝင်ထိုင်သည်။ သူ့ပုံစံသည် အိမ်နေရင်းမို့ ခါတိုင်းမြင်တွေ့နေကျပုံစံထက် လွတ်လပ်ပေ့ါပါးနေသည်။ အိမ်နေရင်းဖြစ်သော်လည်း ခပ်လတ်လတ်တီရှပ်လေးမှာ မိုးပြာရောင်လေးဖြစ်လျက် သရီးကွာတာဘောင်းဘီတိုကို ဝတ်ဆင်ထားသည်မှာ ခါတိုင်းထက်ကြည့်ကောင်းပါသည်။ သူကလည်း သူ့ကို ကြည့်နေတာကို ရိပ်မိသည်ထင့် အရိုပ်ကို မျက်စပစ်ပြကာ ...

"ဘာကြည့်နေတာလဲ ချောလို့လား"

"အင်း ... ချောတယ်"

"ဒါဆို ချစ်ရောချစ်လား"

"ဩော် ... ချစ်တာပေ့ါ၊ ဘာလို့ မချစ်ရမှာလဲ"

အဲဒီလိုပြန်ပြောလေတိုင်း သူက ကြည်ကြည်နူးနူး ရယ်မောကာ အရိုပ်ရဲ့ပါးလေးကို အမြဲတမ်း လိမ်ဆွဲတတ်သည်။ သူ့ကို တမော့မော့ငေးကြည့်တတ်သော အရိုပ်ကို သူက အမြဲတမ်းလိုလို မေးတတ်ကာ အရိုပ်ကလည်း အဲဒီလိုပဲ ပြန်ဖြေနေကြဖြစ်သည်။ သူနဲ့ ဆုံတွေ့နေရချိန်များတွင် အရိုပ်သည် ကိုယ့်ဘဝအမှန်ကို မေ့လျော့ကာ တကယ့်ကိုပဲ ပကာသနကင်းမဲ့လှသော သူ့ရဲ့ ချစ်သူလေး "ပိုး"ဘဝတွင်သာ မွေ့ပျော်နေတတ်တာဖြစ်သည်။ ဒီအချိန်မှာ သူ့အပေါ်၌ သံသယစိတ်ဆိုတာလည်း မရှိတော့။ သူ့ရဲ့စိတ်ကို စမ်းသပ်ချင်စိတ်ဆိုတာတွေလည်း မရှိတော့။ ရင်ထဲကချစ်ခြင်းသည် ယုံကြည်ခြင်းကိုပါ မွေးဖွားစေသလားတော့ မပြောတတ်ပါ။ သေချာတာကတော့ အရိုပ်သည် သူ့ကို ဘဝတစ်



ခုလုံးစာအတွက်ကို ယုံကြည်ပြီး ချစ်သွားခဲ့တာဖြစ်သည်။ သံသယဟူ၍ မြူတစ်မှုန်မျှပင် မရှိခဲ့တော့။

"လက်ဖက်ရည်ဖျော်လို့ရပြီနဲ့တူတယ်၊ သွားဖျော်လိုက်ဦးမယ်၊ ဒေါ်ရွှေပိုး ဒီနေ့ ဘာဟင်းစားမှာလဲ၊ ဘာချက်ကျွေးရမလဲ ပြော"

"ဟိုတစ်ခါပြောတဲ့ဟာလေ၊ အဲဒါပဲ ချက်ပေ့ါ၊ အများကြီးလျှောက်မချက်ပါနဲ့၊ နည်းနည်းပါးပါးဆို တော်ပြီ"

"ပိန်းဥထမင်းလား၊ အင်း ... အဲဒါနဲ့ မလေးရှားကြက်သားဟင်းနဲ့ ချက်မယ်လေ၊ နောက် ဘာချက်ရင်ကောင်းဦးမလဲ၊ အရည်ဟင်းက ဘာကြိုက်လဲ၊ မာလာဟင်းစားမလား၊ ငါးခေါင်းမျှစ်ချဉ်ဟင်း စားမလား၊ အချဉ်မပါသေးတော့ ငါးခေါင်းမျှစ်ချဉ်က ပိုကောင်းမယ်နဲ့တူတယ်"

"အဲဒီအရည်ဟင်းတွေ မချက်နဲ့၊ နှစ်ယောက်တည်းစားမှာပဲဟာ၊ ဂျုံစ်တစ်ခုခုဆို တော်ပါပြီ၊ ကျွန်မက အဲဒီလို ဂျုံစ်နဲ့ ထမင်းနဲ့ တွဲစားရတာကို ပိုသဘောကျတယ်"

ပြောပြီးမှ အရိုပ်သည် ကိုယ့်စကားကိုယ် ဘာများမှားသွားပြီလဲဟု အလျှင်အမြန်သတိပြုရသည်။ အိမ်မှာ ထမင်းစားလျှင် ဟင်းပွဲဖွယ်ဖွယ်ရာရာတွေအပြင် အရိုပ်ရဲ့ ထမင်းပန်းကန်ဘေးမှာ သဘာဝဖျော်ရည်တစ်ခွက်ကတော့ အမြဲပါတတ်သည်။ ဂျုံစ်သောက်ရင်း ထမင်းစားတတ်သည်မှာ အရိုပ်ရဲ့အကျင့်ဖြစ်သည်။ သို့သော် သူကတော့ အရိုပ်ရဲ့စကားကို ဂရုထားဟန်မတူပါ။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... အချစ်သဘော။ ဒါဆိုလည်း Orange Juice လေးလုပ်ပေးမယ်၊ လိမ္မော်သီးတွေလည်း ဝယ်ထားတယ် ... ကဲ ... ဒါဆို ကိုယ် သွားပြီးချက်ပြုတ်တော့မယ်၊ ဒေါ်ရွှေပိုးက လက်ဖက်ရည်သောက်ရင်း TV ကြည့်ရင်း စောင့်နေ ဟုတ်လား"

အရိပ်က လှည့်ထွက်သွားသော သူ့လက်ကို ထိုင်နေရာမှ ဖျတ်ခနဲ လှမ်းဆွဲထားလိုက်လျှင် သူက လည်ပင်းလိမ်ကာ လှည့်ကြည့်လာသည်။ အရိပ်က သူ့ကို တောက်ပသောမျက်ဝန်းများဖြင့် ငေးကြည့်ကာ ...

"ကျွန်မပါ မောင့်ကို ကူလုပ်ပေးမှာပေါ့"

သူ့မျက်ခုံးတွေက တစ်ချက်ပင့်သွားကာ သူတစ်ကိုယ်လုံး ဒီဘက်သို့ လှည့်လာသည်။

"မင်း ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ်"

"မောင်လို့လေ"

သူ့မျက်ဝန်းတွေက ရွှန်းလက်သွားကာ အရိပ်ဘက်သို့ တည့်တည့်လှည့်ရပ်ရင်း အရိပ်ရဲ့ပခုံးနှစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လာသည်။

"မောင် ! ဟုတ်လား၊ ကြားလိုက်ရတာ ဆံပင်တွေထောင်သွားသလိုပဲကွာ၊ ကြက်သီးတောင် ထ,ချင်သွားတယ်"

"ဟား ဟား ... အဲဒီလောက်တောင် ကြောက်သွားလား"

"အင်း ... ရှောခ်ပဲ၊ ကျေးဇူးတင်တယ်ကွာ။ ကိုယ်က အစတည်းက ပိုးကို အဲဒီလိုခေါ်စေချင်နေတာကွ၊ ခေါ်ခိုင်းမလို့၊ ဒါပေမဲ့ ကိုယ်ကခေါ်ခိုင်းပြီး ပိုးက မခေါ်ရဲဘူး၊ မခေါ်ချင်ဘူး



ဆိုရင်လည်း စိတ်ထဲကောင်းမှာမဟုတ်တာနဲ့ ဒီအတိုင်းပဲ ခဏနေလိုက်တာ ...

ကြည့်စမ်းကွာ ပိုးနဲ့ ကိုယ်နဲ့ ရင်ဘတ်ချင်း တကယ်နီးတယ်"

"ဘာကိုယ်လဲ မောင်လို့ပြောလေ"

သူက ရယ်ချင်ဟန်ဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ ...

"အင်ပါ မောင် ... မောင်။ ပိုးရဲ့မောင်။ မောင်ရဲ့ပိုး ကျေနပ်ပြီလား၊ ကဲ ... ဒါဆို ဒီနေ့ ကိုယ့်အတွက် အဲ ... အဲ ... မောင့်အတွက် နာမည်ပေးကင်ပွန်းတပ်ပွဲပေါ့၊ လိမ္မာသိတတ်တဲ့ အချစ်လေးက ကူညီမယ်ဆိုတော့ နော နော်ပေါ့ လာ"

သူက အရိပ်ရဲ့ လက်တစ်ဖက်ကို သူ့ချိုင်းကြားမှာ ညှပ်ပြီး ဆွဲခေါ်လျှင် အရိပ်သည် ကြည်နူးသောစိတ်ဖြင့် သူ့လက်မောင်းကို နိုတွဲကာ လိုက်ပါလာသည်။

"ဘာ နောနော်လဲ၊ အဲဒါ ဘာကိုပြောတာလဲ"

"ဟင် ... ပေးလိုက်တာ၊ အတိုင်းထက်အလွန်လေကွာ၊ မင်းက ကိုယ့်ကို ကူညီလုပ်ကိုင်ပေးမယ်ဆိုတော့ အတိုင်းထက်အလွန် ကျေနပ်တာပေါ့၊ အဲဒါကိုပြောတာ"

"ဟော့ ... ဘာကိုယ်လဲနော်၊ နောက်တစ်ခါ ကိုယ်လို့ပြောရင် မောင်လို့မခေါ်တော့ဘူး"

"ဆောရီး ... ဆောရီး၊ ဒီနေ့တော့ ဖယ်ထားပေးကွာ၊ ဒီနေ့က ပညာပေးကာလလို့ သတ်မှတ်ထားလိုက် နော် မောင့်အချစ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အရိပ်ရဲ့နဖူးကို သူ့နဖူးဖြင့်တိုက်ကာပြော လျှင် အရိပ်သည် သူ့ကို ဒေါသမပါသော မျက်စောင်းလေးတစ် ချက်သာ တုံ့ပြန်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူနဲ့အတူ နေရသည့် အချိန်လေးသည် အရိပ်အတွက်တော့ ရင်ခုန်ကျေနပ်ခြင်းတို့ကို သာ ပေးစွမ်းနိုင်ပါသည်။ အင်မတန် စိတ်ချမ်းသာဖို့ကောင်းလှ သည်။

သူက ဟင်းချက်တော့မည်မို့ ပေထရွန်ကိုဝတ်ကာ ချက်ပြုတ်ခြင်းလုပ်ငန်းကို စတင်ပါသည်။

"ကျွန်မ ဘာကူညီပေးရမလဲဟင်"

အရိပ်သည် ချစ်တဲ့စိတ်ကြောင့်သာ အဲဒီလိုမေးမိ သော်လည်း တကယ်တမ်းမှာ တစ်သက်နဲ့တစ်ကိုယ် မီးဖိုချောင် ဆိုတာ လှည့်တောင်ကြည့်ဖူးခဲ့တာမဟုတ်ချေ။ ကိုယ့်မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေသည့် ရုံရွေတောင်ပေါင်းများစွာဖြင့် နေ လာရသောကြောင့် ထမင်းဟင်းချက်ဖို့ဆိုတာ ဝေလာဝေး။ ကော်ဖီ တောင် ကိုယ့်ဟာကိုယ် တစ်ခါမှဖျော်မသောက်ဖူးခဲ့ချေ။

"အင်း ... မောင်က ကြက်သားချက်ဖို့ ပြင်မယ်ဆိုတော့ ပိုးက ပိန်းဥသင်လိုက်၊ ပြီးရင် အတုံးလေးတွေ တုံးမယ်၊ ပိန်းဥထမင်းချက်မှာဆိုတော့လေ"

သူက အရိပ်ရဲ့ရှေ့သို့ ပိန်းဥကြီးနှစ်လုံးနှင့် ဓားတစ် လက်ချပေးသည်။ အရိပ်သည် ပိန်းဥနှင့် ဓားကိုကြည့်ကာ ဘယ် ကနေ ဘယ်လိုစ,ရမှန်းမသိ။ အရိပ်ဘဝတွင် ပန်းသီးကိုတောင် အခွံမနွှာဘူးပါ။ သို့သော် ကိုယ်က စကားကျွံအားပြီမို့ ပိန်းဥ



တစ်လုံးကို ကောက်ကိုင်ကာ ဓားတစ်လက်နှင့် ကြိုးစားပမ်းစား သင်ရသည်။ သူ့ဓားတွေကလည်း စားဖိုမှူးရဲ့ဓားပီသစွာ ခပ်ထက် ထက်တွေမို့ အရိပ်မှာ လက်ပြတ်သွားမှာလည်းကြောက်ရသဖြင့် ခပ်ဖြည်းဖြည်းသာ။

သူကတော့ ဒိုးဒိုးဒေါက်ဒေါက်၊ သွက်သွက်လက် လက်ဖြင့် ပြုလုပ်သွားသည်မှာ အချိန်ဘယ်လောက်မှ မကြာလိုက်။ သူက တော်တော်များများပြီးသွားသော်လည်း အရိပ်မှာ ပိန်းဥတစ် လုံးကိုတောင် နွှာ၍မပြီးနိုင်သေး။ သူက အရိပ်ကို ရယ်ဟဟဖြင့် ငုံ့ကြည့်ကာ ...

"ဗိုး ... မောင့်အချစ် လုပ်နေတဲ့ပုံနဲ့တော့ ဒီနေ့အဖို့ စား ရတော့မယ်မထင်ဘူး၊ ထမင်းဟင်း မချက်တတ်တာတော့ တကယ်ယုံသွားပြီ ဒေါ်ရွှေပိုးရေ"

အရိပ်သည် ရှက်ရှက်နှင့် တစ်ချက်ရယ်ရင်းမှ နွှာ ပြီးသွားသော ပိန်းဥကို သူ့ကိုထောင်ပြကာ ...

"အံမာ ... ဒီမှာ တစ်လုံးပြီးသွားပြီနော်၊ ဒါကို ဘယ်လို ဆက်လုပ်ရမှာလဲ၊ တုံးရမှာ ဟုတ်လား"

သူက ဟက်ခနဲ တစ်ချက်ရယ်ကာ အရိပ်ရဲ့လက် ထဲမှ ပိန်းဥကို ဆွဲယူသည်။

"ကဲပါကွာ လုပ်ပေးချင်တဲ့စေတနာကို အသိအမှတ်ပြုတယ်၊ လေးစားတယ်၊ လက်ဖက်ရည်လေး မို့ပြီးတော့ပဲ ကိုယ် လုပ်တာကိုင်တာကို အေးနားကကြည့်ပေး ဟုတ်လား၊ ဒါဆို ကိုယ် တော်တော်ကြီးကျေနပ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒီလိုပဲ ကောင်းပါတယ်"

လက်ဖက်ရည်ကြွေမတ်ခွက်ကို ကိုင်ရင်း လက်တစ်ဖက်ပိုက်ကာ ဟန်ပါပါပြောလိုက်သော အရိပ်ရဲ့ပုံစံကို သူက မျက်လုံးပြူးကာ လက်သီးနဲ့ ခွယ်ဟန်ပြုသည်။ အဲဒီနောက်မှာတော့ အရိပ်သည် ကိုယ်မကျွမ်းကျင်သောအလုပ်မှာ ဝင်မရှုပ်တော့ဘဲ သူ ချက်ပြုတ်ပြင်ဆင်တဲ့ပုံစံကိုပဲ အနုပညာတစ်ခုလို မွေ့လျော်ခံစားလိုက်တာဖြစ်လေသည်။

သူက ပိန်းဥကို အတုံးသေးလေးများတုံးကာ ပုစွန်ခြောက်ကို ရေစိမ်ပြီး တောက်တောက်စင်း၊ ကြက်သွန်ဖြူတောက်တောက်စင်း စသဖြင့် ဘာတွေမှန်းမသိ သွက်လက်ဖျတ်လတ်စွာ လုပ်သွားကာ အဆာပလာတွေပြုလုပ်ပြီးလျှင် ဆန်ထည့်ထားသော ပေါင်းအိုးထဲသို့ ပိန်းဥအဆာပလာများကိုထည့်ကာ တည်ထားလိုက်လေသည်။ ပြီးတော့ မလေးရှားကြက်သားဟင်းကို စတင်ချက်သည်။ သူချက်သော ကြက်သားဟင်းမှာ မြန်မာကြက်သားဆီပြန်လိုမဟုတ်ဘဲ တန်ဆာပလာတွေ များပြားလွန်းလေသည်။ အရိပ်သာဆို ထည့်ရမယ့် အမယ်များလွန်းတာမို့ မှတ်တောင်မှတ်မိမှာမဟုတ်။

"ဒါတွေက ဘာတွေလဲ၊ အဲဒါတွေပါ ထည့်ရမှာလား"

"အင်းပေါ့၊ ဒါက စပါးလင်၊ ပျဉ်းတော်သိမ်၊ သစ်ကြံပိုးခေါက်၊ နာနတ်ပွင့်၊ ဒါက အုန်းနို့ကိုမှ နှစ်မျိုး၊ အကျဲနဲ့ အပျစ်"

"ဟင် ... ရှုပ်နေတာပဲ၊ ဟင်းလေးတစ်ခွက်စားရဖို့အရေး ပင်ပန်းလိုက်တာ"



"ဩော် ... ဒီလို ပင်ပင်ပန်းပန်းချက်လို့လည်း အရသာရှိတဲ့ စားကောင်းသောက်ဖွယ်တွေဖြစ်လာတာပေါ့၊ ဒီဟင်းကို Nyonya Chicken Curry လို့ခေါ်တယ်ကွ၊ သူက မလေးရှားဟင်းဆိုတော့ အုန်းနို့တို့ တခြားဟင်းခတ်အမွှေးအကြိုင်တွေပါတာပေါ့၊ မလေးရှားဟင်းတွေက အုန်းနို့သုံးတာများတယ်"

"အင်း ... ကျန်းမာရေးအတွက် တော်တော်အထောက်အကူပြုပုံပဲ"

အရိပ်ရဲ့အပြောကို သူက လှည့်ရယ်ပြကာ ...

"ဒါပေမဲ့ စားလို့တော့ အရမ်းကောင်းတယ်ကွ၊ ပြီးလို့ ပိန်းဥထမင်းနဲ့ မလေးရှားကြက်သားဟင်းကို စားပြီးသွားရင် မောင့်ကိုတော့ မေ့မသွားရဘူးနော်"

"မေ့စရာလား၊ ဘာလို့မေ့ရမှာလဲ"

"အင်း ... ပြီးရော"

သူက ဆက်လက်ပြီး ချက်ပြုတ်သည်။ ဟင်းတွေကျက်လျှင်တော့ ဗိုက်သိပ်မဆာသေး၍ မစားဖြစ်ကြသေးဘဲ အရေ့မှာ နှစ်ယောက်သား အတူထိုင်၍ စကားပြောကြသည်။ ထမင်းစားချိန်ရောက်လျှင်တော့ သူကပဲ အရိပ်ကို လိုလေသေးမရှိ ခူးခပ်ပြင်ဆင်ကာ ကျွေးမွေးပါသည်။ ထမင်းဟင်းတွေအပြင် သူ့ရဲ့စပါယ်ရှယ်လက်ရာ သဘာဝလိမ္မော်ဖျော်ရည်စစ်စစ်ကိုလည်း သောက်ရသေးသည်။ အရိပ်သည် သူ လုပ်ပေးကိုင်ပေးနေတာတွေ ကြည့်လျက် ရင်ထဲမှာ ပီတိတွေက တစိမ့်စိမ့်ဖြစ်ထွန်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဂရုစိုက်ယုယနေတာဟာ ထက်ထရေးဒင်းဇော် ပိုင်ရှင် ရွှေအရိပ်မဟုတ်။ ရွှေအရိပ်အဖြစ်နဲ့ သူ ချစ်ခဲ့တာမဟုတ်၊ အရိပ်အဖြစ်နဲ့ ဂရုစိုက်ကြင်နာနေတာမဟုတ်ဘဲ သူချစ်သော သာမန်ကောင်မလေးတစ်ယောက်အဖြစ်နဲ့သာ ဂရုစိုက်ကြင်နာခြင်း ဖြစ်တာကို အရိပ်က အတိုင်းမသိကျေနပ်မိတာ ဖြစ်တော့လေသည်။

"စားလို့ကောင်းရဲ့လား ဒေါ်ရွှေပိုး"

"အင်း ... အရမ်းကောင်းတယ်၊ ဂျူစ်ကလည်း ကောင်းလိုက်တာ၊ အိမ်ခေါ်သွားဦးမှပါ"

"တကယ်လား အိမ်ခေါ်စရာမလိုပါဘူး၊ ဒီမှာပဲ လာနေလိုက်ပြီးရော"

"ဟင်း ဟင်း ... နေမလားလို့ပဲ"

အရိပ်ရဲ့စကားကို သူက မျက်လုံးပြူးသွားပြီး စားနေရင်းတန်းလန်းမှ ကိုယ်ကို ရှေ့သို့ကိုင်းကာ ...

"တကယ်လား၊ တကယ်ပဲ ကိုယ်နဲ့အတူတူနေဖို့ စိတ်ကူးထားတာလားဟင် ပိုး"

"ဩော် ... မောင့်ကိုချစ်ခဲ့တာ သာမန်လောက်ချစ်ခဲ့တာမှ မဟုတ်တာ၊ ကျွန်မရင်ထဲက မြတ်မြတ်နိုးနိုးနဲ့ ချစ်မိတဲ့ လူတစ်ယောက်နဲ့ တစ်သက်လုံးနေဖို့ စိတ်ကူးထားတာပေါ့ မောင်ရဲ့"

သူက ထိုင်နေရာမှ ရုတ်တရက်ထလာကာ အရိပ်ရဲ့ နောက်ကျောဘက်ကနေ၍ သိုင်းဖက်လိုက်သောကြောင့် အရိပ်မှာ နှလုံးသွေးများပင် ရပ်သွားသလို ခံစားလိုက်ရလေသည်။ စားလက်စ



ထမင်းကိုတောင် ဆက်မစားနိုင်ဘဲ လူက တောင့်တောင့်ကြီးဖြစ်သို့နေသည်။ သူက အရိပ်ရဲ့နားရွက်နားသို့ အသာတိုးကပ်လျက် ...

"ကိုယ့်ရဲ့ပိုးက အရမ်းချစ်ဖို့ကောင်းပြီး သိပ်ဖြူစင်တာပဲကွာ၊ ရင်ထဲကရှိတဲ့အရာတစ်ခုကို ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောပြတာ တကယ်ကျေးဇူးတင်တယ်၊ ကိုယ့်ကို ဒီလိုချစ်တဲ့အတွက် အများကြီးဝမ်းသာပါတယ် ပိုးရယ်"

အရိပ်သည် ဘာပြန်ပြောရမှန်းမသိသောကြောင့် ကြည်နူးစွာပြုံးနေရင်းမှ သူ့လက်တစ်ဖက်ကို အသာဖျစ်ညှစ်မိသည်။ သူက အရိပ်ရဲ့ကုပ်ပိုးတစ်ဝိုက်က လည်တံနားကို မျက်နှာအပ်ကာ ...

"တကယ်ဆို ဒီစကားလေးဖြစ်လာဖို့ ကိုယ်ကမေးရမှာ၊ ဒါတောင် ပိုးက မဖြေချင်ဘဲ ဝေ့လည်လည်လုပ်နေရင်လည်း ကိုယ် ဘာမှ မတတ်နိုင်ဘူး ...

ဒေါ်ရွှေပိုး ခင်ဗျားကို မခွဲနိုင်လောက်အောင် ချစ်မိနေပြီကွာ၊ နှစ်ယောက်အတူနေရတဲ့ဘဝလေးကို လိုချင်လှပြီ၊ ပိုးတစ်ယောက်တည်း ရန်းကန်နေရတာကိုလည်း မကြည့်ရက်တော့ဘူး၊ ကိုယ်တို့ လက်ထပ်ကြရအောင် ပိုးရယ် နော်"

"အင်း ... လက်ထပ်မှာပေါ့"

အရိပ်ရဲ့ မဆိုင်းမတွအဖြေစကားကို သူက သဘော အရမ်းကျသွားဟန်ဖြင့် အရိပ်ရဲ့နားသယ်စပ်နားလေးကို အားပါးတရ နမ်းမွှေးရှိုက်သည်။ သူနမ်းပုံမှာ ချစ်သူတစ်ယောက်ကို နူးနူးညံ့ညံ့ နမ်းတားမျိုးထက် အဖေတစ်ယောက်က ကိုယ့်သား

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်ကို ချစ်စနိုးသဘောဖြင့် နမ်းရှိုက်တာမျိုးဖြ
ပို၍ ဆင်တူပါသည်။

"တကယ်လက်ထပ်မှာလား၊ ဘယ်တော့လက်ထပ်မှာလဲ
ဟင်"

"သိပ်မကြာတော့တဲ့ တစ်နေ့နေ့ပေါ့၊ ကျွန်မ မောင့်ကို
လက်ထပ်ဖို့ လာခေါ်တဲ့နေ့ကျရင် မောင် အဆင်သင့်ဖြစ်
ပါ့မလား"

"ဟား ... သိပ်ဖြစ်တာပေါ့ကွာ၊ ဟင်းချက်နေရင်တောင်
အဲဒီဟင်းအိုးကို ပစ်ထားခဲ့ပြီး ချက်ချင်းထလိုက်လာမှာ
အိုရဖို့အရေးကို ဒီလောက်တော့ စွန့်စားရမှာပေါ့"

"ဟင်း ဟင်း ... ဟုတ်ပါပြီ၊ အဲဒီနေ့ကို မျှော်လင့်နေပါ့မယ်"

"အံမာလေး ... သူကပဲ ပြောရတယ်ရှိသေး၊ ဒေါ်ရွှေပိုးက
ရော ကိုယ့်ကို တကယ်ပဲ ယုံကြည်ပြီး လက်ထပ်မှာလား
ရှေ့ကြောင်း နောက်ကြောင်းလေး မစုံစမ်းတော့ဘူးလား"

"စုံစမ်းစရာမလိုပါဘူး မောင်ရယ်၊ မောင့်ကိုလေ အချက်တစ်
ချက်တည်းနဲ့တင် တစ်ဘဝလုံးအတွက် ယုံကြည်ပြီး လက်
ထပ်မှာပါ"

အရိပ်ရဲ့ လိုက်လိုက်လဲ့လဲ့အပြောကို သူက နားမ
လည်ဟန်ဖြင့် အရိပ်ရဲ့မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်ကာ ...

"ဘာအချက်လဲ၊ ဘာများလဲဟင်"

"မောင့်ရင်ထဲမှာ ကျွန်မအတွက် စစ်မှန်တဲ့ချစ်ခြင်းတစ်ခု
ရှိနေလို့ပေါ့ မောင်ရယ်၊ အဲဒီချစ်ခြင်းကို ယုံကြည်တဲ့စိတ်
တစ်ခုနဲ့တင် မောင့်ကို လက်ထပ်မှာပါ"



"ဒါပဲလား"

သူက ဘာကို ထပ်ကြားချင်သေးသည်ဆိုတာကို
သိလေသော အရိပ်က တစ်ချက်ပြုံးမိကာ ...

"သြော် ... ကျွန်မကလည်း မောင့်ကို မခွဲနိုင်အောင် သိပ်
ချစ်မိတာလည်းပါတာပေါ့"

အရိပ်ရဲ့စကားအဆုံးတွင် သူက ဘာမှ ဆက်မပြော
နိုင်တော့ဟန်ဖြင့် အရိပ်ကို တင်းကျပ်စွာ ပွေ့ဖက်လိုက်လေသည်။
အဆုံးစွန်သော ခံစားချက်များဖြင့် နင့်သီးနေသောကြောင့် သူ့
ဘာစကားမှ မပြောနိုင်ခြင်းကို အရိပ်က နားလည်သည်။ ဘာစကား
မှထပ်ပြောဖို့ မလိုတော့လောက်အောင်လည်း အရိပ်နဲ့ သူသည်
တစ်ယောက်ကိုတစ်ယောက် လိုအပ်စွာ ချစ်ကျွမ်းဝင်ခဲ့ကြပါသည်။

❥○❥

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ထိုနေ့ကတော့ သူ့ဘဝရဲ့ ထူးခြားဆန်းကြယ်သော နေ့တစ်နေ့ဖြစ်ခဲ့သည်။ ထူးခြားသောအဖြစ်အပျက်များ မဖြစ်ပျက်ခင်က သူသည် မီးဖိုထဲ၌ မအားလပ်နိုင်အောင် စိတ်တိုင်းကျ ကြော်လှော်ချက်ပြုတ်နေခဲ့ရသည်။ ဒီနေ့က ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ဆိုင်မှာ လူကျလေရာ သူတို့ စားဖိုမှူးများသည်လည်း မီးဖိုထဲ၌ မအားလပ်နိုင်ပါ။ အဲဒီအချိန်မှာ သူ့ရဲ့ဆိုင်ပိုင်ရှင် ပန်းဝင့်ဖြာက ဆိုင်ထဲသို့ ဝင်ရောက်လာကာ ...

"ကိုသုထက် အပြင်မှာ ကိုသုထက်ကို လာကြိုတဲ့ကား ရောက်နေတယ်၊ လိုက်သွားလိုက်ပါဦး"

"ခင်ဗျာ ! ဘာလာကြိုတဲ့ကားလဲ၊ ကျွန်တော် ဘယ်ကားမှ မှာမထားပါဘူး"

"ဟုတ် ... မှာမထားပေမယ့် အရေးကြီးတဲ့ကိစ္စတစ်ခုပါ၊ အဲဒါကြောင့် လိုက်သွားလိုက်ပါ၊ ဟိုရောက်ရင် အကြောင်းစုံ သိရပါလိမ့်မယ်"



"ခင်ဗျာ ! ဘာတွေပါလိမ့်။ ကျွန်တော်လည်း ဘာမှ နားမလည်ရပါလား၊ ပြီးတော့ ဒီမှာလည်း လုပ်လက်စအလုပ်တွေနဲ့"

ပန်းဝင့်ဖြာက အခုကိစ္စလောက် ဘာမှ အရေးမကြီးပါဘူးဟူသော အပြုံးမျိုးဖြင့် ...

"ခဏနေ တခြား Cook တွေ ရောက်လာမှာပါ၊ စိတ်မပူပါနဲ့၊ အဝတ်အစားလဲပြီး လိုက်သွားလိုက်ပါနော်"

သူမက စကားအကုန်ပြောပြီးသွားဟန်ဖြင့် ဘာမှဆက်မပြောပဲ ထွက်သွားလျှင် သူက ခေါင်းကုတ်ကာ အူကြောင်ကြောင်ဖြင့် ကျန်ရစ်ခဲ့ ရသည်။ သို့သော် အဲဒါဟာ ခဏပဲဖြစ်ကာ သူ့အခန်းသို့သွားလျက် သူ့မှာ အဝတ်အစား လဲလိုက်ရသည်။ ဘယ်နေရာ ဘယ်ဌာန သွားရမည်ကို မသိသော်လည်း ဘယ်နေရာဖြစ်ဖြစ် အဆင်ပြေမည့် ဝတ်စုံမျိုးဖြစ်သော အဖြူရောင် Alter ရှပ်လက်တိုနှင့် အနက်ရောင် စတိုင်လ်ပန့်ကိုသာ ရွေးချယ်ဝတ်လျက် အခန်းတံခါးကို သော့ခတ်နေစဉ်မှာပင် လူတစ်ယောက်က သူ့အနားသို့ ရောက်လာကာ ...

"ကိုသုထက်ထူးလားခင်ဗျာ"

"ဗျာ် ... ဟုတ်ပါတယ်၊ ကျွန်တော့်ကို လာခေါ်တယ်ဆိုတာ အစ်ကိုတို့လား မသိဘူး"

ထိုလူရဲ့ပုံစံက သူ့ထက် အသက်ကြီးပုံရကာ ရှပ်အင်္ကျီအဖြူ၊ ဘောင်းဘီနက်ပြာရောင်တို့ဖြင့် ကုမ္ပဏီဝန်ထမ်းတစ်ယောက်ပုံစံ ပေါက်နေသည်။ ထိုသူက သုထက်ကို မျက်နှစ်ဖက်နောက်ပစ်လျက် ခေါင်းညွှတ်နှုတ်ဆက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော် တင်မောင်ဝင်းပါ၊ ကိုသုထက်ထူးကို မပိုးပိုးကခေါ်ခိုင်းလို့ လာခေါ်ရတာပါ ခင်ဗျာ၊ ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ လိုက်ခဲ့ပေးပါ"

ပိုးဆိုတဲ့ နာမည်ကြားရ၍ သူ ခေါင်းထောင်သွားလေသည်။ သူ ဘာမှပြန်မပြောနိုင်သေးခင်မှာပဲ တင်မောင်ဝင်း ဆိုသူက မလှမ်းမကမ်းမှာရပ်ထားသော နို့နှစ်ရောင်အိအိ MARK II ကားကြီးထံသို့ ညွှန်ပြကာ ...

"ဒီဘက်ကို ကြွပါခင်ဗျ"

သူက ဘာပြန်ပြောရမှန်းမသိဘဲ အူကြောင်ကြောင်ပုံစံဖြင့် ထိုသူ့နောက်မှ လိုက်လာခဲ့ရသည်။ ကိုယ့်ကို အလကားနေရင်း ရိုကျိုးနေသောကြောင့်လည်း ဘာမှ နားမလည်နိုင်ဘဲရှိရသည်။

ဒီလူတွေနှင့် ပိုးဟာ ဘယ်လိုများ ပတ်သက်သလဲဆိုတာကိုလည်း ဘာမှ နားမလည်နိုင်အောင်ကို ရှိရလေသည်။ သူ ကားပေါ်တက်ဖို့ရာအတွက် ထိုလူကပဲ နောက်ခန်းတံခါးကို တရိုတသေ ဖွင့်ပေးပြန်သည်။

သူသည် မနေတတ် မထိုင်တတ်နှင့်ပင် ခေါင်းတညိတ်ညိတ်ပြန်လုပ်လျက် ကားနောက်ခန်းထဲသို့ ဝင်ထိုင်လိုက်ရသည်။ တင်မောင်ဝင်းဆိုသောလူက ရှေ့ခန်းက ဒရိုင်ဘာရဲ့ဘေးတွင် ဝင်ထိုင်သည်။ အေးစိမ့်မွှေးပျံ့ကာ စန္ဒရားတီးလုံးသံသဲ့သဲ့လေး လွင့်ပျံ့နေသောကားကြီးသည် သူ ထိုင်ပြီးတာနှင့် ငြိမ့်ခနဲမောင်းထွက်သွားသည်။ သူသည် ဘာအတွက်ကြောင့် သူ့ကို ဒီလိုခေါ်ရသည်ဆိုတာကို မေးချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်နေ



သော်လည်း ဒီလူတွေကိုမေးလို့ အကြောင်းမထူးဆိုတာ သိသောကြောင့် မမေးဖြစ်တော့ချေ။

စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတာကတော့ ဒီလိုရိုကျိုးတဲ့ အမူအရာရှိ ဝန်ထမ်းများနှင့် အဖိုးတန်ကားအကောင်းစားကြီးစတာတွေဟာ သူ့ချစ်သူ ပိုးနှင့် ဘယ်လိုများပတ်သက်နေသလဲ ဆိုတာပင်ဖြစ်တော့သည်။ ဒါကြောင့် သူသည် ပိုးနှင့် အမြန်ဆုံးပဲတွေ့ချင်လို့လာသည်။ တဖြည်းဖြည်းနှင့် သူစီးလာသောကားသည် တက္ကသိုလ်ရိပ်သာလမ်းထဲရှိ ခြံကျယ်ကြီးတစ်ခုရှေ့တွင် ရပ်သွားကာ ဟွန်းတစ်ချက်တီးလိုက်တာနှင့် ရီမုတ်ဖြင့် ဖွင့်ပေးလိုက်သော ခြံတံခါးကြီးက ရှောခနဲ ပွင့်သွားလေသည်။ ခြံထဲထိပ်ဝမှာက Gate security ရုံလေးနှင့်ဖြစ်လျက် သူတို့ကားဝင်လာသောအခါ လုံခြုံရေးဝတ်ဝန်ထမ်းက ခေါင်းညွှတ်ပြသည်။

ခြံဝနှင့် အိမ်မှာ အတန်ငယ်ဝေးလျက် ကားမောင်းလာရာလမ်းတစ်လျှောက်သည် အိမ်တစ်အိမ်ကိုလာရသည်နှင့် မတူဘဲ ဟိုတယ်တစ်ခုကို လာရသလိုပင် ခမ်းနားကြီးကျယ်လွန်းလှသည်။ သာမန်လူနေအိမ်ကို ပြင်ဆင်တာမျိုးထက် လူအများလာရောက်တည်းခို အလှကြည့်ဖို့ ဟိုတယ်တစ်ခုကို ပြင်ထားသလိုပင် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ပြင်ဆင်ထားတာဖြစ်သည်။ အိမ်ကြီးဆီသို့ သွားရာလမ်းတစ်လျှောက်မှာ မီးတိုင်တွေ စီရရီစိုက်ထူထားလျက် မက္ကဆီကန်ထန်းပင်များဖြင့် Landscaping ကို ဒီဇိုင်းနာနဲ့တောင် ပြင်ဆင်ထားပုံပင်။

အိမ်နဲ့နီးလာလျှင်တော့ သူက ခမ်းနားသည့် တိုက်ကြီးကို အနီးကပ်မြင်ရသည်။ အဖြူရောင်ကို အဓိကထားသုံးထား

www.burmeseclassic.com

www.burmeseclassic.com



သောတိုက်ကြီးသည် ဗိသုကာပညာရပ်၏ အစွမ်းကို ချပြထားသလို ခမ်းနားတယ်ဆိုတာ ဒါမျိုးကိုပြောတာဟု စကားလုံးပြောနေသည့် အတိုင်းပင်ဖြစ်လေသည်။ အိမ်ရဲ့ထောင့်တစ်နေရာမှာ တင်းနစ်ကွင်း၊ ဘဲဥပုံရေကူးကန်၊ အိမ်ရဲ့ပေါ်တီကိုရှေ့မှာ ဝေလငါးပုံသဏ္ဍာန်ကျောက်စိမ်းရုပ်တုကြီးရှိလျက် ဝေလငါးနှစ်ကောင်ရဲ့ပါးစပ်ထဲမှ ရေပန်းများထွက်နေပုံ စသဖြင့် မြင်မြင်သမျှဟာ မျက်စိမခွာချင်လောက်အောင် ခမ်းနားလှပလွန်းတာမို့ သူ ရောက်လာတာဟာ လူနေခြံဝင်းလား၊ ဒါမှမဟုတ် ဟိုတယ်အသစ်တစ်ခုခုများလားလို့ သံသယဝင်လာတဲ့အထိပဲဖြစ်သည်။ ပေါ်တီကိုအောက်မှာ ကားက ငြိမ့်ခနဲ ထိုးရပ်သွားလျှင် ရှေ့ခန်းကလူက ဖျတ်ခနဲဆင်းရင်းမှ ဒီအိမ်ဟာ ပိုးနဲ့ ဘယ်လိုများပတ်သက်နေပါလိမ့်ဟု တွေးမရအောင်ဖြစ်ရလေသည်။ သို့သော် တွေးမရတာကို ဆက်မတွေးနေတော့ချေ။ ပိုးနဲ့တွေ့လျှင်တော့ ကိစ္စတွေအားလုံး ပြီးသွားမှာပဲဟူသော အတွေးဖြင့် သူက အိမ်ထဲသို့ ဝင်ခဲ့လိုက်သည်။ အိမ်တံခါးမကြီးကို သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားသော မိန်းကလေးတစ်ယောက်က ပြုံးပြုံးရွှင်ရွှင်နှင့် ဆီးကြိုဖွင့်ပေးကာ သူ့ကို ခေါင်းညွှတ် နှုတ်ဆက်ပြရင်း သူ့ဘေးမှာ လိုက်ပါလာသည်။

ဘယ်လိုလူတွေပါလိမ့်။ လူတွေ့တိုင်း ဆရာသခင်လို ဦးညွှတ်နေတတ်တာကရော ဘာသဘောများပါလိမ့်။ သူက ဟိုဒီကြည့်တုန်းမှာပင် မိန်းကလေးက ...

"ခဏထိုင်ပါဦးရှင်၊ မမလေး ရောက်လာပါလိမ့်မယ်"

"ဪ ... ဟုတ်"



သူက ကျွန်းသားကနုတ်များဖြင့် အလှပုံဖော်ထားသည့် ဆိုဖာကြီးတစ်ခုတွင် ဝင်ထိုင်လိုက်ရသည်။ ဖိနပ်မချွတ်ရဘဲ နင်းဖြတ်လာရသော ကော်ဇောကြီးကို တစ်ချက်ငုံ့ကြည့်ကာ မမလေးဆိုတာ ပိုးများလားဟု ပထမဆုံးအကြိမ် ဇဝေဇဝါတွေးမိသွားသည်။ အေးစိမ့်ကာ ပန်းရနံ့တစ်မျိုး မွှေးပျံ့နေသော ဧည့်ခန်းထဲတွင် စမ်းရေစီးသံလိုလို၊ ကျေးငှက်အော်သံလိုလို၊ တယောသံလိုလို အသံလေးတစ်ခုကလည်း တိုးတိုးညင်းညင်း လွင့်ပျံ့ပြီး နေလေရာ စိတ်အာရုံတို့ကိုတော့ တစ်မုဟုတ်ချင်း ငြိမ်းချမ်းစေပါသည်။

အဲဒီအချိန်မှာပဲ သူ့အာရုံကို တစ်စုံတစ်ရာက နှိုးဆော်လိုက်သည့်အလား သူသည် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိလျှင် လှေကားထက်မှ ခပ်ပြုံးပြုံးဆင်းလာသော ပိုးကို အံ့သြဖွယ်ရာ တကယ်ပဲတွေ့ရှိလိုက်ရသည်။ အံ့သြလွန်းတာကြောင့် သူသည် ထိုင်ရာမှတောင် ယောင်ပြီးထမိသွားသည်။ ပိုးသည် သူ တွေ့ဖူးသော အခါများစွာကပုံနှင့် ခြားနားစွာ မြန်မာဝတ်စုံပြည့်ဖြင့် အင်မတန်ကို ခမ်းနားထည်ဝါလွန်း၍နေလေသည်။ ဆံပင်တွေကို ဖရန့်ချ်ရိုးလ် ထုံးဖွဲ့ထားကာ အဖြူရောင်ချိတ်ဝတ်စုံဖြင့် ထူးခြားလွန်းနေသည်။

"ပိုး ... မင်း ... ပိုး ဟုတ်ပါတယ်နော်"

သူမက လှပစွာတစ်ချက်ရယ်ကာ သူ့ရှေ့မှာ တည့်တည့်လာရပ်ရင်း သူ့လက်နှစ်ဖက်ကို သူမရဲ့လက်နှစ်ဖက်ဖြင့် ဆွဲယူဖျစ်ညှစ်လိုက်ကာ ...

"မောင့်အတွက်တော့ ကျွန်မဟာ ပိုးပဲဖြစ်ဖြစ်၊ ရွှေအရိပ်ပဲဖြစ်ဖြစ် တစ်ယောက်တည်းပါပဲ မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ! ကိုယ် နားမလည်ဘူး၊ ပိုးက ဘယ်လိုဖြစ်လို့ ဒီပုံစံဖြစ်နေရတာလဲ၊ ပြီးတော့ ဒီအိမ်တို့ ဘာတို့က ..."

"ကဲပါ မောင်ရယ်၊ ဒါတွေ မေးမနေပါနဲ့တော့၊ မောင် ကျွန်မကိုပြောထားခဲ့တာ မှတ်မိလား၊ ကျွန်မကသာ မောင့်ကို လက်ထပ်မယ်ဆို မောင့်ဘက်က ဘယ်အချိန်ဖြစ်ဖြစ် အဆင်သင့်ပဲဆို။ ဒီနေ့ မောင်နဲ့ကျွန်မ လက်ထပ်ကြမယ် မောင်"

သူက အံ့သြလွန်းသဖြင့် မျက်ခုံးအစုံတောင် ပင့်တက်သွားရသည်။ ပိုးနှင့်အတူတူ လက်ထပ်မင်္ဂလာပွဲလေးတစ်ခုကို ဆင်နွှဲဖို့ စိတ်ကူးထားခဲ့သော်လည်း သူ့စိတ်ကူးထဲက လက်ထပ်ခြင်းသည် ဒီလိုပုံစံမျိုးတော့မဟုတ်ပါ။ ပြီးတော့ ပိုးကို ဒီလိုပုံစံ၊ ဒီလိုအခြေအနေမျိုးနှင့် တွေ့ရလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့။ အဖြစ်အပျက်များသည် သူ့ကို ရှော့ခ်ဖြစ်နေစေကာ ဘာစကားမှကို မပြောနိုင်ချေ။

ပိုးဟာ ပိုးမဟုတ်ဘဲ ဘယ်သူပါလဲ။

"မောင် ကျွန်မမှာ မိဘတွေ မရှိတော့ပေမယ့် ငယ်ငယ်တည်းက မိဘလိုစောင့်ရှောက်လာတဲ့ အဘွားတစ်ယောက်ရှိတယ်၊ ဘွားနဲ့ မောင့်ကို ပေးတွေ့ချင်တယ် ...

ဘွားနဲ့ တွေ့ပေးပြီးလို့ ခဏနေကြရင် ဖိတ်ထားတဲ့ တရားသူကြီးနဲ့ အသိသက်သေတွေ ရောက်လာလိမ့်မယ် မောင်၊ အဲဒီကျရင် ကျွန်မတို့ သက်သေတွေရှေ့မှာ လက်မှတ်ထိုးပြီး လက်ထပ်ကြမယ်"



"ပိုး ... မင်း ပြောနေတာတွေ ကိုယ် နားမလည်ဘူး၊ မင်းက ဘယ်သူလဲ၊ ပိုးမဟုတ်ဘူးလား၊ ဘယ်သူလဲ ... ဒီအိမ်၊ ဒီခြံ၊ ဒီလူတွေက မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဒါတွေက အရေးပါလို့လား မောင်၊ ကျွန်မအတွက်တော့ မောင်ဟာ မောင်ပါပဲ၊ ခုချိန်မှာ မောင်ဟာ သုထက်ထွေး မဟုတ်ဘဲ တခြားနာမည်တစ်ခုခုဆိုလည်း မောင်ကတော့ မောင်ပဲမဟုတ်လား၊ ကျွန်မပြောတဲ့သဘောကို မောင်နားလည်မှာပါ ...

အဲဒီလိုပဲ ကျွန်မဟာ ပိုးပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် မောင့်အတွက်တော့ ကျွန်မက ကျွန်မပါပဲ မောင်၊ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်မက မောင် ဒုက္ခရောက်အောင် လုပ်မယ့် မိန်းကလေးမျိုးမဟုတ်ပါဘူး ... .

ကဲ ... လာပါ မောင်၊ ဘွား စောင့်နေတယ်၊ ဘွားက သိပ်ကျန်းမာရေးမကောင်းဘူး မောင်"

သူသည် ခုချိန်ထိကို ဘာမှ ရေရေရာရာနားမလည်ဘဲ သူမဆွဲခေါ်ရာ အိမ်အပေါ်ထပ်သို့ ယောင်ယောင်ချာချာဖြင့် ပါလာခဲ့လေသည်။

အပေါ်ထပ်သို့ရောက်လျှင် သူမကအခန်းတံခါးတစ်ခုကို ဖွင့်ကာ သူ့လက်ကို ဆွဲခေါ်ပြီး ဝင်သွားသည်။ နှစ်တစ်ယောက် အကူကောင်မလေးတစ်ယောက်ရှိသော အခန်းကျယ်ကြီးထဲရှိ ခုတင်ကြီးတစ်လုံးပေါ်တွင် အသက်ကြီးကြီး အမျိုးသမီးကြီးတစ်ဦးမှာ အိပ်ရာထက်၌ ဖျော့တော့စွာ လဲလျောင်းနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် သူက ခုတင်နားသို့ အသာအရာတိုးကပ်သွားမိလျှင် အဘွားကြီးက မှေးမှိတ်ထားသော မျက်လုံးများကို အသာဖွင့်ကြည့်သည်။ ဖျော့တော့နေသော မျက်လုံးများသည် သူနှင့် သူမကို မြင်သောအခါ နည်းနည်းတော့လင်းလက်သွားသည်ဟု ထင်ပါသည်။

ရောဂါဝေဒနာ တစ်ခုကို ခံစားနေရဟန် ရှိသော အဘွားကြီးမှာ ဒီလောက်အိပ်ရာထဲလဲနေတာတောင် မျက်နှာပေါ်၌ ခန့်ညားခြင်းတစ်မျိုးက ထင်ဟပ်၍နေသေးသည်။ သူမက အဘွားကြီးအနားသို့ ကိုယ်ကို ငုံ့ကိုင်းကာ ...

“ဘွား ... သူက အရိပ်ရဲ့ချစ်သူပါ၊ မကြာခင် လက်ထပ်တော့မယ့် သတို့သားလောင်းပေါ့၊ အရိပ်တို့ ဒီအိမ်မှာပဲ လက်မှတ်ထိုးပြီး လက်ထပ်မှာပါ ဘွား၊ အရိပ်တို့လက်ထပ်ခြင်းကို အသိအမှတ်ပြု ဆုတောင်းပေးပါနော် ...

(သူ့ဘက်သို့ လှည့်ကြည့်လျက်) မောင် ဘွားကို နှုတ်ဆက်လိုက်ပါဦး၊ ဒါ ကျွန်မရဲ့အဘွားပါ၊ ဘွားဘွား ဒေါ်ထက်ကေသီတဲ့”

သူက အဘွားကြီးကို ခေါင်းညွှတ်ကာ ပြုံးပြလိုက်ရသည်။ ဖျော့တော့နေသော ဖြူဖွေးသည့် အသားအရေအောက်မှ သွေးကြောများသည် အပြင်သို့ ပေါက်ထွက်လာတော့မယောင် မြင်နေရသည်။ သူက အဘွားကြီးရဲ့အနားသို့ တိုးကပ်သွားရင်းမှ ...

“ဘွား ... ကျွန်တော်က သုထက်ထူးပါခင်ဗျာ၊ ဘွား နေကောင်းသက်သာရဲ့လားဟင်”



ဘေးမှာချထားသော အဘွားကြီးရဲ့ ဖျော့တော့သေးကွေးသော လက်လေးတစ်ဖက်က အားယူပြီး မြောက်တက်လာသဖြင့် သူက သူ့လက်ကို အလျင်အမြန်ကမ်းပေးကာ ဆုပ်ကိုင်လိုက်ရသည်။ သူသိသော ထက်ထရေးဒင်း စီးပွားရေးလုပ်ငန်းစုကြီး၏ပိုင်ရှင်အဘွားကြီးကို အခုမှပဲ သူမြင်ဖူးတော့တာဖြစ်ပါသည်။

“နေကောင်းပါတယ်၊ သုထက်ထူး ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ ဒီတစ်သက်မှာ ရိပ်လေး ချစ်တဲ့လူကို မတွေ့ဖူး မမြင်ဖူးတော့ဘူးလို့ ထင်ထားခဲ့တာ ...

မင်းဟာ ရိပ်လေးအတွက် စစ်မှန်တဲ့ လက်တွဲဖော် ဖြစ်လာခဲ့ပြီပေါ့၊ ဒီနေ့ မင်းတို့ လက်ထပ်ကြမယ်ပေါ့၊ ဘွား ဝမ်းသာပါတယ်”

အဘွားကြီးက ထိုစကားလေးပြောပြီးသွားလျှင် တကယ့်ကိုပဲ အားကုန်သွားဟန်ဖြင့် ငြိမ်သက်သွားပြန်သည်။ သူသည် ဝေဒနာခံစားနေရဟန်ရှိသော အဘွားကြီးကိုကြည့်ကာ ရင်ထဲ၌ တစ်မျိုးကြီးဖြစ်လာသည်။ အဘွားကြီးက အတော်လေး မာမကျန်းဖြစ်နေချိန်မှာ သူမက သူနှင့် လက်ထပ်မည်။ ခဏ နေလျှင် လူကြီးစုံရာရှေ့မှာ လက်မှတ်ထိုးတော့မည်တဲ့။ အခြေအနေတွေကို သူ တကယ်ပဲ လိုက်မမီတော့ပါ။

“မင်းကို အဘွား တစ်ခုတော့ပြောချင်တယ်”

အဘွားကြီးထံမှ လေသံသဲ့သဲ့ ထွက်လာသည်။ သူက ခေါင်းကို တစ်ချက်ညွှတ်ကာ ...

“ဟုတ်ကဲ့ အဘွား ပြောပါခင်ဗျာ၊ ကျွန်တော် နားထောင်နေပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ကို အတတ်နိုင်ဆုံး နားလည်ပေးပါကွယ်၊ အဲဒါ ဘွား အပြောချင်ဆုံးစကားပါ"

သူက အဲဒီစကားကို ပြန်မဖြေသေးဘဲ သူမကို အသာမော့ကြည့်မိသည်။ သူမက လက်နှစ်ဖက်ကို တင်းတင်းပိုက် ကာ သူ့ကို နူးညံ့စွာ ငေးကြည့်နေသည်။ သို့သော် အဲဒီမျက်ဝန်း ညိုတွေထဲမှာ သူ မသိသော လျှို့ဝှက်အရိပ်တွေ ပါနေသည်ဟု ထင်သည်။ စိတ်ကထင်နေတာလားလည်း မပြောတတ်ပါ။ သူမ သည် သူသိသော ပိုးနှင့် ကွာခြားသွားကာ မျက်ဝန်းတွေ အရင်ကလောက် မဖြူစင်တော့ဟုထင်ပါသည်။ သို့သော် သူ့မှာ ရှည်ရှည်ဝေးဝေး စဉ်းစားဖို့ အချိန်မရတော့ပါ။

အဘွား၏မျက်လုံးများက မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေသောကြောင့် သူက လည်ချောင်းကို အမြန်ရှင်းကာ ဖြေလိုက်ရသည်။

"ဟုတ်ကဲ့ အဘွား"

"အေး ... အေး ... မင်းတို့ အိုအောင်မင်းအောင် ပေါင်း ကြရပါစေကွယ်"

"မောင် ကျွန်မတို့ ဘွားကို အတူတူကန်တော့ကြစို့"

သူမက သူ့လက်မောင်းကို အသာတို့ကာပြော၏။ သူသည် သူမနဲ့အတူတူ ကော်ဇောပေါ်မှာ အဘွားကို ပုဆစ်ဒူး ၍ ကန်တော့ရလေသည်။ ပြန်အထတွင် အရိပ်က အဘွားအား သို့ ငုံ့ကိုင်းလျက် ...

"ဘွား အရိပ်တို့ အောက်ပြန်ဆင်းတော့မယ်နော်"



အဘွားက မျက်လွှာကို အသာချပြသည်။ သူနှင့် သူမသည် အခန်းထဲမှ ပြန်ထွက်လာကြပြီး အပြင်ရောက်သောအခါ သူမက သူ့ကို ပြုံးကြည့်လျက် အခန်းတစ်ခန်းကိုညွှန်ပြကာ ...

"အဲဒီအခန်းထဲမှာ မောင့်အတွက် အဝတ်အစားတွေရှိတယ် မောင်၊ လဲလိုက်ပါနော်၊ ကျွန်မ အောက်ထပ်က စောင့်နေပါ မယ်"

"နေဦး ပိုး ... ကျွတ် ... မင်းကို ကိုယ် ဘယ်လိုခေါ်ရမှာ လဲ၊ အဖြစ်အပျက်တွေကို ကိုယ် ဘာမှ နားမလည်သေးဘူး၊ မင်း ဘာတွေလုပ်နေတာလဲ"

"ကျွန်မ အဓိပ္ပာယ်မရှိတာတွေ ဘာမှ မလုပ်ပါဘူး မောင်၊ ကျွန်မနဲ့မောင် လက်ထပ်မှာပါ၊ ကဲ ... အဝတ် အစားလဲလိုက်တော့နော်"

သူမက သူ့လက်မောင်းကို ကိုင်ကာ အခန်းတံခါး ဆီသို့ တွန်းပို့သည်။ သူသည် မျက်မှောင်ကြုတ်ကြုတ် စိတ်ရှုပ် ရှုပ်ဖြင့် အခန်းထဲသို့ ဝင်လာခဲ့ရသည်။ အခန်းထဲရှိခုတင်ပေါ်ကျင် သူဝတ်ရမည့် စတစ်အကျီအဖြူနှင့် ပိုးတွဲပုဆိုးတို့ရှိနေသည်။ သူသည် အခန်းထဲကနံရံတွင် ချိတ်ထားသော မှန်ထဲမှ ကိုယ့်ကိုယ် ကိုယ် ပြန်ကြည့်မိသောအခါ ဇဝေဇဝါဖြစ်နေသော သူ့ပုံရိပ်ကို တွေ့ရသည်။ လက်ထပ်ထိမ်းမြားတော့မည့် သတို့သားတစ်ယောက် ၏ ရုပ်ပုံဟာ ဒီလိုကြီးဖြစ်သင့်နေသတဲ့လား ...။

သူမက ဘယ်လိုအခြေအနေတွေကိုများ ရှုပ်ထွေး အောင် ဖန်တီးထားတာပါလိမ့်။ သူသည် တွေးလေလေ နားမလည် နိုင်လေလေဖြစ်လာသဖြင့် ဆက်မစဉ်းစားတော့ဘဲ အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ လဲလိုက်သည်။ အဝတ်အစားလဲပြီး၍ အောက်ထပ်သို့ ဆင်းလာချိန်ဝယ် အောက်မှာက ဧည့်သည်တချို့ ရောက်နေပြီ ဖြစ်သည်။ သူမက လှေကားထက်မှဆင်းလာသော သူ့ကို လှေကားရင်းမှာ လာကြိုပါသည်။ သူမရဲ့နှုတ်ခမ်းများမှာ ပြုံးနေသော်လည်း အဲဒီအပြုံးတွင် မာန်တစ်မျိုးပါနေတာကို သူ သေချာတွေ့ မြင်လိုက်ရသည်။ သူ့ရှေ့မှာရှိနေသော မိန်းမသည် သူချစ်ခဲ့သော ပိုး မဟုတ်တော့ဘဲ တခြားမိန်းမတစ်ယောက် ဖြစ်သွားသည်ဟု ခံစားရပါသည်။

သူ့ကိုကြည့်နေသော လူကြီးများကို သူမက သူနှင့် မိတ်ဆက်ပေးလေသည်။

"အန်ကယ် ... ဒါ ကျွန်မ အမျိုးသား ကိုသုထက်ထူးပါ၊ မောင် ဒါ ကျွန်မတို့ကို လက်ထပ်ပေးမယ့် တရားသူကြီး ဦးစန်းအောင်ပါ၊ ဒါကတော့ ကျွန်မရဲ့ရှေ့နေကြီး ဦးမောင်မောင်နိုင်ပါ၊ ဒီဘက်ကတော့ ကျွန်မနဲ့ စီးပွားဖက်ပါတနာ ရွှေဝတ်ရည်ကုမ္ပဏီက ဦးမြမောင်နဲ့ ဇနီး အန်တီချစ်၊ ဒီဘက်က ရတနာလုပ်ငန်းရှင် ဦးအိုက်စန်းနဲ့ သူ့ဇနီး ဒေါ်နန်းခမ်းလွင် ...

ကဲ ... အားလုံးပဲ ဒါကတော့ ကျွန်မနဲ့လက်ထပ်မယ့် သုထက်ထူးပါ"

သူမရဲ့စကားအဆုံးတွင် အားလုံးသောလူများက မတ်တတ်ထရပ်ကာ နှုတ်ဆက်ကြသဖြင့် သူပင် ကြောင်တောင်တောင်ဖြစ်လို့သွားလေသည်။ သူမကမူ ခပ်တည်တည်ပင် သူ့ကို အသာငုံ့ကြည့်လျက် ...



"နှုတ်ဆက်လိုက်ပါ မောင်၊ ဒါ ကျွန်မ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေပါ"

သူ့မှာ တစ်ခါမှမမြင်ဖူးခဲ့သောလူများကို လက်ဆွဲ နှုတ်ဆက်ကာ ပြုံးရယ်ပြရလေသည်။ မြင်လိုက်တာနှင့်ကို အရှိန် အဝါကြီးလွန်းမှန်းသိသာသော ဧည့်သည်များ၏ ရှေ့မှောက်တွင် သူ နေရထိုင်ရကျဉ်းကျပ်လာသည်။ သူ့ကို အကဲခတ်နေကြသော မျက်လုံးများကို သူ သဘောမကျနိုင်ပါ။ အထူးသဖြင့် သူ့နာမည် တစ်ခုတည်းကိုသာ မိတ်ဆက်ပေးလျက် သူ့ အလုပ်အကိုင်ကို ထည့်မပြောသော သူမရဲ့ အနေအထားကိုလည်း သူက မှတ်မိ လိုက်သည်။

"ဟုတ်ကဲ့ အားလုံးပဲ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"အေးကွယ် ဦးတို့ကလည်း တွေ့ရတာဝမ်းသာပါတယ်၊ ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါပဲ၊ ကဲ ... ဒါဆိုရင် အသိသက်သေတွေလည်း အားလုံးစုံပြီဆိုတော့ လက်မှတ်ထိုးမယ့် အစီအစဉ်လေးကို စတင်လိုက်ကြစို့ ... ဟုတ်ပြီလား"

စားပွဲရှည်ကြီး ပြင်ဆင်ထားသောနေရာသို့ ရောက်လျှင် သူနဲ့ သူမက အတူယှဉ်တွဲကာ ထိုင်လိုက်ကြသည်။ တရားသူကြီးက လက်ထပ်စာချုပ်နှစ်ခုကိုပေးကာ သူတို့ကို ဖတ်စေပါသည်။ ပြီးတော့ လိုအပ်သည့်နေရာတွေမှာ ဖြည့်စွက်စေသည်။ အားလုံးပြီးစီးသွားလျှင် ....

"ကဲ ... ဆိုင်ရာနေရာတွေမှာ လက်မှတ်ထိုးပြီးသွားရင်တော့ တူမောင်တို့ တူမကြီးတို့ဟာ တရားဝင်အကြင်လင်

www.burmeseclassic.com

www.burmeseclassic.com



မယားတွေ ဖြစ်သွားကြပြီ၊ ဒီတော့ ဝတ္တရားရှိတဲ့အတိုင်းတော့ မေးရလိမ့်ဦးမယ်၊ တူမောင်တို့ဟာ ဘယ်သူ့ရဲ့ တိုက်တွန်းဆန္ဒမပါဘဲ လက်ထပ်ထိမ်းမြားကြတာ ဟုတ်ပါတယ်နော်”

အဲဒီမေးခွန်းဟာ သူ့ကို တကယ်ပဲ တုန်လှုပ်သွားစေသည်။ ဒီလက်ထပ်ပွဲဟာ သူ့ရဲ့ဆန္ဒ တကယ်ရောပါရဲ့လား။ သူ့ရင်ထဲမှာ သူမကို တကယ်လက်ထပ်ချင်စိတ်ရော ရှိသေးရဲ့လား။ သူ့ကိုယ်သူ ပြန်မေးမိသောမေးခွန်းတွေကို သူကိုယ်တိုင်ပင် မဖြေနိုင်ခဲ့ပါ။

“မောင် ဖြေလိုက်လေ”

သူမက သူ့လက်ကို အသာတို့ပြီးပြောတော့မှ သတိက ဆတ်ခနဲဝင်လာသည်။ သူမကို အသာငဲ့ကြည့်လိုက်လျှင် သူ့ကို ရိုဝေစွာငေးနေသော မျက်ဝန်းများကြောင့် သူ့ရင်ထဲမှာ တစ်မျိုးဖြစ်သွားပါသည်။ အဲဒီအကြည့်များထဲတွင် သူ့ကို သိပ်ချစ်သော အရိပ်အယောင်များကို တွေ့မြင်ရသည့်အတွက် သူ လက်မှတ်ထိုးဖို့ရာ တွန်းအားတစ်ခုဖြစ်သွားသည်။

“ဟုတ်ကဲ့ ကျွန်တော်တို့ နှစ်ဦးသဘောတူလက်ထပ်ကြတာပါ”

“အေး ... မောင်သုထက်ထူးကိုရော၊ ရွှေအရိပ်ကိုရော အလေးအနက်ထားမှာချင်တာကတော့ အိမ်ထောင်တစ်ခုမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိဖို့ပါ၊ မင်းတို့ အိမ်ထောင်ရေးအတွက် အဲဒါက အဓိကအလိုအပ်ဆုံးပဲ ...



ကဲ ... နှစ်ဦးသား ဒီနေ့ကစလို့ သက်ဆုံးတိုင် ရိုးမြေကျပေါင်းရပါစေကွယ်”

“ဟုတ်ကဲ့ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ”

“ကျေးဇူးတင်ပါတယ် အန်ကယ်လ်”

သူက သူပြောသလို ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု မပြောဘဲ ကျေးဇူးတင်ပါတယ်ဟုသော သူမကို အသာငဲ့ကြည့်ဖြစ်သည်။ သူမကတော့ ဘယ်လိုမှနေဟန်မရှိပါ။

“ကဲ ... အဲဒါဆိုရင် လက်မှတ်ထိုးလိုက်ကြရအောင်၊ ကဲ သမီးလည်းထိုး၊ သားလည်း ထိုးပါ”

သူသည် ရှေ့မှာဆိုက်ထားသော ဘောပင်ကို ကောက်ယူလိုက်ချိန်ဝယ် ရင်ဟာတစ်ချက်ခုန်သွားသည်။ သူမကို တစ်ချက် ငဲ့ကြည့်လိုက်စဉ်မှာတော့ သူမက သူ့ကို ကြည့်မနေပါ။ လက်မှတ်ထိုးရမည့်နေရာမှာ လက်မှတ်ရေးထိုးနေသည်။ သူသည် သက်ပြင်းကို အသာရှိုက်ကာ သတိ့သားနေရာတွင် လက်မှတ်ရေးထိုးလိုက်သည်။ အဲဒီနောက် စာချုပ်ချင်းလဲလှယ်ကာ ရေးထိုးသွားပြီးလျှင် သူတို့နှစ်ယောက်မှာ တရားဝင်အကြင်လင်မယားများ ဖြစ်၍သွားချေပြီ။

“ကဲ ... အသိသက်သေများရဲ့ရှေ့မှောက်မှာ လက်မှတ်ရေးထိုးပြီးပြီမို့ ဒီလက်ထပ်ပွဲဟာ အထမြောက်သွားပါပြီ၊ ဧည့်သည်တော်များကို ပူပူနွေးနွေး ဇနီးမောင်နှံက နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံမှာမို့ ထမင်းစားခန်းထဲသို့ ကြွပေးပါ ခင်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကိုတော့ သူ မမြင်ဘူးသော လူရည်သန့် တစ်ယောက်က ဝင်ပြောတာဖြစ်သည်။ အဲဒီနောက်မှာတော့ သူဟာ ဟိုတယ်က စားသောက်ခန်းမလောက် ခမ်းနားသည့် ထမင်းစားခန်းထဲသို့ ရောက်ရှိသွားပြန်သည်။ ဟိုတယ်တစ်ခုခုမှ လာရောက် စီမံပြင်ဆင်ပေးထားသည်ဟု သတ်မှတ်ရအောင် ဘွိုင်းများက ဝတ်စုံပြည့်ဖြင့် စားပွဲထိုးနေတာဖြစ်သည်။ သူမက ဧည့်သည်များကို နေရာထိုင်ခင်းပေးရင်းမှ ...

"အားလုံးပဲ အားမနာတမ်း လွတ်လွတ်လပ်လပ် သုံးဆောင်ကြပါနော်၊ ဒါ (......)ဟိုတယ်က မှာထားတာပါ ...

ကဲ ... မောင်ရော ထိုင်လေ စား ... စား"

သူ့အာရုံထဲ၌ စားပွဲရှည်ကြီးပေါ်မှ ပြင်ဆင်ထားသော အစားအစာများကို မမြင်မိတော့ချေ။ ဘာတွေမှားနေသလဲဆိုတာလည်း မသိခဲ့တော့။ သေချာတာတော့ တစ်ခုခုက တစ်နေနေရာရာမှာ မှားနေခဲ့ပြီဆိုတာပဲဖြစ်တော့သည်။ အဲဒီအမှားကို အမှန်ဖြစ်အောင် ပြောင်းလဲပေးနိုင်သူမှာလည်း တစ်ယောက်တည်းသာရှိ၏။ အဲဒီတစ်ယောက်နှင့် သူ ဘယ်တော့များမှ စကားပြောခွင့်ရမှာတဲ့လဲ။ သူမကရော အမှန်တရားတစ်ခုနှင့် သူ့ကို တွေ့ဆုံခွင့်ပေးမှာတဲ့လား။

သူ ဘာမှ ရေရေရာရာမစဉ်းစား မဆုံးဖြတ်တတ်တော့ပါ။ အခုလောလောဆယ်၌ သူ အလိုရှိနေသည်မှာ ဧည့်သည်တွေအားလုံး ပြန်သွားပြီး သူနှင့်သူမ နှစ်ယောက်တည်း တွေ့ဆုံခွင့်ပဲဖြစ်ပါသည်။

❥ ○ ❥



သူ့ဆန္ဒ ပြည့်စုံခဲ့သည်။ ဧည့်သည်များ ပြန်သွားသောအခါ သူမက သူ့ကို အပြုံးလဲ့လဲ့ဖြင့် ...

"ပင်ပန်းသွားပြီလား မောင်"

သူက အရေးမပါသောမေးခွန်းကို မဖြေဘဲ ပင့်သက်တစ်ချက်ရှိုက်ကာ ...

"မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ် ပိုး ... ကျွတ်"

သူ့ပါးစပ်မှ ပိုးဟု ရောင်ယမ်းပြီး ထွက်သွားမိသဖြင့် သူက စိတ်တိုဖွာ ကျွတ်ခနဲ စုတ်သပ်မိလျှင် သူမက အသာအယာ ပြုံးကာ သူ့ပခုံးကို အသာလာကိုင်လျက် ...

"ဘယ်လိုပဲခေါ်ခေါ်ပါ မောင်၊ ကျွန်မအတွက်တော့ ကျွန်မဟာကျွန်မပါပဲ၊ မောင့်ချစ်သူပါပဲ၊ ဘာမှ မပြောင်းလဲပါဘူး"

"မဟုတ်သေးဘူး၊ မင်းနဲ့ ကိုယ်နဲ့ကြားမှာ ပြောစရာစကားတွေ အများကြီးရှိသေးတယ်၊ ကိုယ် မင်းကို ဘယ်လိုမှ နားမလည်နိုင်ဘူး"

"နောက်တော့နားလည်သွားမှာပါ မောင်၊ ကဲ ... ဒီအဝတ်အစားတွေက မောင့်ကို လွတ်လပ်စေမှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲလိုက်ပါလား မောင်၊ ပြီးရင် မောင်နဲ့ကျွန်မ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ကျွန်မလည်း မောင်နဲ့ စကားပြောချင်ပါသေးတယ်၊ ကဲ ... ခဏနေတွေ့မယ်မောင်၊ ကျွန်မလည်း အဝတ်အစားလဲလိုက်ဦးမယ်"

သူမက ခေါင်းတစ်ချက်ညိတ်ပြပြီး ထွက်ခွာသွားချိန်တွင် သူသည် ခုနက အဝတ်အစားလဲသည့်အခန်းထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြန်သည်။ သူသည် စိတ်ရှုပ်လာသောကြောင့် ဆံပင်တွေကို ကုတ်ဖွပစ်ကာ စတစ်အင်္ကျီနှင့် ပုဆိုးကို အမြန်ဆုံးလဲပစ်လိုက်သည်။ ခဏကြာသောအခါ သူ့အခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်သဖြင့် ဖွင့်ပေးလိုက်လျှင် ရိုကျိုးသောအမူအရာဖြင့် မိန်းကလေးတစ်ယောက်က ...

"အစ်ကိုကြီးကို မမလေးက လေသာဆောင်မှာ စောင့်နေပါလို့ မှာလိုက်ပါတယ်ရှင်၊ ကျွန်မ လိုက်ပို့ပါမယ်"

သူသည် အင်မတန်စိတ်ရှုပ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရသည်။ မိန်းကလေးက သူ့ကို တိုက်ကြီး၏ ဘေးဘက်တစ်နေရာသို့ ခေါ်ဆောင်သွားသည်။ ထိုနေရာမှာ တိုက်ရဲ့ အပေါ်ထပ် ဘေးဘက်ဝရန်တာအကြီးကြီးထုတ်ထားသောနေရာဖြစ်သည်။ အိမ်အပေါ်ထပ်မှာတင် ဥယျာဉ်တစ်ခုသဖွယ် ဖန်ဆင်းထားကာ Green House ဖြင့် သစ်ခွအိမ်၊ သဇင်တိုင်များ၊ တမင်ပြုပြင်ဖန်တီးထားသော မြက်ခင်းစိမ်းများနှင့် သူပင် ရင်သပ်ရှုမောဖြစ်သွားရသည်။

ကောင်မလေးက သူ့ကို ဗေဒါရိုးဖြင့်လုပ်ထားသည့် အင်မတန်ဈေးကြီးသောခုံများကို ညွှန်ပြကာ ...



"ထိုင်ပါဦးရှင့် မမလေး လာပါလိမ့်မယ်၊ ကျွန်မကို ခွင့်ပြုပါဦး"

ကောင်မလေးက ထွက်ခွာသွားချိန်တွင် သူက စိတ်ကိုလျှော့ကာ ထိုင်ချလိုက်သည်။ လွန်ခဲ့သော မိနစ်ပိုင်းကမှ သူ လက်ထပ်ယူခဲ့သော မိန်းမကို တစ်ခါမှ မဆုံဖူးသည့်လူတစ်ယောက်လို ဆက်ဆံနေရတာတော့ သူ တကယ်ပဲ ရင်နာပါသည်။ အတွေးတွေက သူ့တစ်ကိုယ်လုံးကို ဖိစီးနှိပ်စက်နေတုန်းမှာပင် သူမက လွတ်လပ်ပေါ့ပါးသောသဏ္ဌာန်ဖြင့် ရောက်လာသည်။ လွတ်လပ်ပေါ့ပါးသော်လည်း မာန်တစ်မျိုးဖြင့် ထည်နေသည့် သူမမျက်နှာသည် အလင်းတစ်မျိုးဖြာနေကာ အခါများစွာက သူမမျက်လုံးတွေ ဘာကြောင့် တောက်ပနေသလဲ ဆိုတာကို ခုမှပဲ သဘောပေါက်တော့တာဖြစ်လေသည်။

သူမက သူ့ကို တစ်ချက်ပြုံးကြည့်ကာ ...

"ပြောင်းလဲသွားတဲ့ အခြေအနေအတွက် သိပ်အံ့သြနေလား"

"အံ့သြတယ်ဆိုတာထက် လက်မခံနိုင်တာဖြစ်နေတယ် ရွှေအရိုပ်၊ ဒီအကြောင်းအရာတွေက မင်း ကြိုတင်စီစဉ်အကွက်ချခဲ့တာလားဆိုတာ သိပ်သိချင်နေတယ်"

"သိရမှာပါ မောင်၊ ဒီနေ့ကတော့ ကျွန်မဘဝရဲ့အစစ်အမှန်တွေကို မောင့်ကို အားလုံးပြောပြမှာပါ၊ ကျွန်မဟာ ထက်ထရေးဒင်းကြီးရဲ့ပိုင်ရှင် ဘွားဒေါ်ထက်ကေသီရဲ့ တစ်ဦးတည်းသော အမွေစားအမွေခံမြေးတစ်ယောက်ပါ၊ ဒါပေမဲ့ ခုချိန်မှာတော့ ရာထူးနေရာတွေအားလုံးကို လွှဲပြောင်းရပြီး သွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ကိုယ့်စိတ်မဝင်စားဘူး ရွှေအရိပ်၊ မင်း ကိုယ့်ကို ဘာသဘောနဲ့ မင်းရဲ့ဘဝမှန်ကို ဖုံးကွယ်ပြီး လိမ်ညာခဲ့ရတာလဲဆိုတာပဲ ကိုယ် သိချင်တယ် …

ကိုယ့်အနားကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာလဲ"

"ရည်ရွယ်ချက်ဆိုတဲ့စကားကြီးက နည်းနည်းပြင်းထန်လွန်းနေပါတယ် မောင်၊ ကျွန်မ မောင့်အနားကို ရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာမဟုတ်ဘူး …

ကျွန်မရဲ့အကျင့်တစ်ခုကြောင့် မောင်နဲ့ အမှတ်မထင်ဆုံတွေ့ခဲ့ရတာပါ၊ နောက်ထပ်ဆုံတွေ့ရတဲ့ အကြောင်းအရာတွေကလည်း ကျွန်မ ဖန်တီးခဲ့တာမျိုး တစ်ခုမှ မပါပါဘူး"

"မပါဘူး !ထားပါတော့၊ ဒါပေမဲ့ မင်းဘဝမှန်ကို ဖွင့်မပြောခဲ့တာတော့ ကိုယ့်ကို လိမ်ညာထားခဲ့တာပဲ မဟုတ်လား ရွှေအရိပ်"

"ကျွန်မ ဘဝမှန်ကို လိမ်ညာထားခဲ့တာမှန်ပေမယ့် မောင့်ကို ချစ်တဲ့အချစ်တွေမှာတော့ လိမ်ညာထားတာ တစ်ခုမှမရှိခဲ့ဘူး မောင် …

ကျွန်မ မောင့်ကို တကယ်ချစ်ခဲ့တာပါ"

"မဖြစ်နိုင်ဘူး၊ လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် လိမ်ညာထားစရာ ဘာအကြောင်းမှမရှိဘူး၊ အဲဒီအတွက် မင်းမှာ ခိုင်လုံတဲ့အကြောင်းပြချက်တစ်ခုခုတော့ ရှိရမယ် ရွှေအရိပ်၊ အဲဒါ ဘာလဲ ပြောပါ၊ ကိုယ် သိရမှဖြစ်မယ်"

သူမက သူ့ကို စူးစူးရှရှ တစ်ချက်ကြည့်ကာ …



"ကျွန်မက လူတွေကို အလွယ်တကူမယုံတတ်ဘူး မောင်၊ ကျွန်မ ယုံကြည်နိုင်လောက်အောင်လည်း လူတွေက ကျွန်မအပေါ် မကောင်းခဲ့ကြဘူး …

လူတစ်ယောက်ကို ယုံကြည်ဖို့ရာအတွက် အဲဒီလူမှာ ကျွန်မ ယုံကြည်နိုင်လောက်တဲ့ ရိုးသားမှုမျိုးရှိရမယ်၊ တချို့ရိုးသားမှုတွေဟာ အပေါ်ယံအမြင်နဲ့ အလွယ်တကူ ဆုံးဖြတ်လို့မရတဲ့အတွက် စမ်းသပ်စစ်ဆေးမှုတွေရှိရတယ်၊ ဒါမှလည်း အစစ်အမှန်တွေကို သိနိုင်မှာကိုး။ အဲဒီသဘောပါပဲ"

သူမရဲ့စကားအဆုံးတွင် သူသည် အသူတရာနက်သည့် ချောက်ကြီးထဲသို့ ပြုတ်ကျသွားသလို ခံစားသွားခဲ့ရပါသည်။ လူတစ်ကိုယ်လုံးက ပေါ့ခနဲလွင့်သွားကာ၊ အကာအကွယ်ကင်းမဲ့သွားသလို ခံစားရသည်။ ဘာမှမရှိသော လေဟာနယ်ထဲမှာ သူ့အတွက် အားကိုးဖမ်းဆုပ်စရာ ဘာမှမရှိ။ သူသည် စက္ကန့်အတော်ကြာမျှ စကားမပြောနိုင်ဘဲ သူမကို ငေးကြောင်ကာကြည့်နေမိသည်။

"ဒါ … ဒါဆို မင်းက ကိုယ့်ကို စမ်းသပ်စစ်ဆေးခဲ့တဲ့သဘောပေါ့၊ ဟုတ်လား ရွှေအရိပ်"

"ကျွန်မ မလိမ်တတ်ပါဘူး မောင်၊ မောင့်ကို တမင်တကာ ရည်ရွယ်ချက်ကြီးနဲ့ စမ်းသပ်ခဲ့တာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မအပေါ်မှာထားတဲ့ သဘောထားအမှန်ကို သိချင်ခဲ့တာတော့ အမှန်ပဲ"

သူမရဲ့စကားသည် ရက်တတ်လျှင်တော့ အဲဒီနေရာမှာတင် လဲသေဖို့ ကောင်းပါသည်။ သူမ ဘယ်လိုပဲပြောပြော၊ သူမဟာ သူ့ကို မယုံကြည်ခဲ့။ မယုံကြည်ခဲ့သည့်အတွက် ဘဝအမှန်

www.burmeseclassic.com

www.burmeseclassic.com



ကိုထုတ်မပြောခဲ့။ ထုတ်မပြောခဲ့သည့် တစ်ချိန်လုံးမှာလည်း သူမဟာ သူ့ကို ဘယ်လောက်တောင်များ စမ်းသပ်စောင့်ကြည့်ခဲ့မှာပါလိမ့်။ သိပ်ကိုချမ်းသာကြွယ်ဝသော မိန်းမတစ်ယောက်၏ ယောကျ်ား ဖြစ်လာဖို့အတွက် သူဟာ အစမ်းသပ်ခံတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

သူသည် သူမရှေ့မှာ အမှုန်လေးတစ်မှုန်သာ ရှိပါတော့သည်။

"သွားပြီ ရွှေအရိပ်။ မင်း ငါ့သိက္ခာတွေကို ရစရာမရှိအောင် နင်းခြေလိုက်တဲ့ မိန်းမပဲ။ မင်း ဘာ့ကြောင့် နှလုံးသားမရှိရတာလဲ။ ဘာကြောင့် ကိုယ်ချင်းစာစိတ်မရှိရတာလဲ။ မင်းစမ်းသပ်နေတာတွေဟာ လူဆိုတာရော မင်း နားလည်ရဲ့လား"

သူ ရှုးရှုးရှားရှားဖြစ်ကာ ဒေါသထွက်နေပုံကို သူမက အေးစက်သော မျက်နှာထားဖြင့် အသာပဲ ကြည့်နေလေသည်။ အဲဒီမျက်နှာပေးကို သူ လုံးဝမကြိုက်ပါ။ အင်မတန် မာန်ပါသော မျက်လုံးများကို သူ မုန်းသည်။ သူ ချစ်ခဲ့တာ ဒီလို အခြေကြီးကြီး မိန်းမတစ်ယောက်မှ မဟုတ်ခဲ့တာပဲ။

"အဲဒီလိုဒေါသထွက်စရာမလိုပါဘူး မောင်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ မောင် ကျေနပ်ဂုဏ်ယူသင့်တဲ့ကိစ္စပါ၊ မောင်ဟာ ကျွန်မအပေါ်ကို အရိုးဖြောင့်ဆုံးချစ်ခဲ့တာပဲ၊ မောင် ဘာကို စိုးရိမ်ကြောင့်ကြနေစရာရှိသလဲ"

"သြော် ... အဟော် ... ဟော် ... ကျေနပ်ဂုဏ်ယူရမယ် ဟုတ်လား ရွှေအရိပ်။ ဆက်မပြောနဲ့၊ ဆက်မပြောနဲ့တော့၊ မင်း ဒီလောက်ပြောရင် ငါ သဘောပေါက်ပြီ ...



မင်းဘေးနားမှာရှိတဲ့ လူတွေအားလုံးဟာ မင်းရဲ့ စည်းစိမ်ဥစ္စာတွေကို တပ်မက်လို့ဆိုတဲ့စိတ်နဲ့ လူတိုင်းကို သံသယမျက်စိနဲ့ ကြည့်တတ်တဲ့ မင်းက အချစ်ကို အဲဒီနည်းနဲ့ စမ်းသပ်ခဲ့တာပေါ့ ...

တောက် ...

ရက်စက်လိုက်တာ ရွှေအရိပ်ရယ်"

"ဘာမှမဆိုင်ပါဘူး မောင်၊ ကျွန်မ ရက်စက်တာမဟုတ်ဘူး၊ မောင်လည်း တကယ့်နှလုံးသားနဲ့ ကျွန်မကို ချစ်ခဲ့တာပဲ မဟုတ်လား ...

ခုချိန်မှာ ကျွန်မတို့ လက်ထပ်ပြီးသွားပြီ မောင်။ မောင်နဲ့ ကျွန်မ လက်ထပ်ပြီးစီးကြောင်း သတင်းတွေကို လည်း သတင်းစာတွေမှာ ကြော်ငြာထည့်ပြီးပါပြီ ...

မဟုတ်တာတွေတွေးပြီး ကျွန်မတို့ ပေါက်ကွဲနေရမယ့် အချိန်မဟုတ်ပါဘူး၊ ကျွန်မကို နားလည်ပေးပါ၊ နော် မောင် ...

ကျွန်မတို့ အမျှော်လင့်ဆုံးနေ့ကို ရောက်လာပြီပဲလေ၊ မောင် ဝမ်းမသာဘူးလား၊ ကျွန်မတော့ အရမ်းကို ပျော်နေမိတယ် မောင်ရယ်၊ ဘွားရဲ့ကျန်းမာရေးကြောင့်သာ ..."

သူမက စကားပြောရင်းမှ သူ့ခါးကို နောက်မှသိုင်းဖက်ကာ သူ့ကျောပြင်မှာ မျက်နှာအပ်လိုက်လျှင် စကားတောင်ဆုံးအောင်နားမထောင်တော့ဘဲ သူက သူမလက်ထဲမှ ရုန်းထွက်ပစ်လိုက်သည်။ သူ့အပြုအမူကြောင့် သူမ မျက်နှာနည်းနည်းတင်းသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ၊ မင်း ဘာမှ ဆက်မပြောနဲ့တော့၊ ငါ ကြားလည်းမကြားချင်တော့ဘူး၊ တကယ်တော့ မင်းက ငါ့ကိုရော ငါ့အချစ်ကိုရော လှလှပပကြီး စော်ကားလိုက်တာပဲ ...

မင့်းကို ချစ်တဲ့ကောင်တစ်ကောင်ဟာ မင်းရဲ့ စည်းစိမ်ဉစ္စာတွေကို မက်ကိုမက်နေမှာပါဆိုတဲ့စိတ်နဲ့ မင်း တမင်စမ်းသပ်ခဲ့တာ၊ ရွေးချယ်ခဲ့တာ ...

အဲဒါကို ငါ ရင်အနာဆုံးပဲ။ အခုရော ဘာထူးလဲ၊ ယောကျာ်းတစ်ယောက်ကို မင်းသဘောနဲ့မင်း၊ မင်းစိတ်တိုင်းကျလက်ထပ်ယူလိုက်တာပဲ ...

သေချာအကွက်ချစီစဉ်ပြီးမှ မင်း သိမ်းပိုက်လိုက်တဲ့သဘောပဲ"

"မောင် အဲဒီလိုမပြောနဲ့၊ လက်ထပ်ခြင်းဆိုတာ မောင်နဲ့ ကျွန်မရဲ့ပန်းတိုင်မဟုတ်ဘူးလား၊ ကျွန်မက မောင့်အတွက် သူစိမ်းသက်သက်မိန်းမလား"

"ခုချိန်မှာတော့ မင်းဟာ ငါ့အတွက် သူစိမ်းသက်သက်မိန်းမတစ်ယောက်ပဲ ရွှေအရိပ်။ မင်းဟာ ငါ ချစ်ခဲ့တဲ့မိန်းမမဟုတ်ဘူး။ ငါချစ်ခဲ့တာ ရွှေအရိပ်ဆိုတဲ့ အိုက်ဒီယာကြောင်ကြောင်နဲ့ မိန်းမကို မဟုတ်ဘူး ...

ကလေးတွေကိုစာပြတဲ့ သာမန်မိန်းကလေး ပိုးကိုပဲချစ်ခဲ့တာ"

သူမက သူ့ကို ရူးရူနက်ရှိုင်းစွာ စိုက်ကြည့်ကာ ...

"အဲဒါ ရှင် သက်သက်အတွေးကြောင်နေတာပဲ၊ ကဲပါ ရုတ်တရက်ပြောင်းလဲသွားတဲ့ အခြေအနေတစ်ခုအတွက်



မောင့်စိတ်တွေ Excitingသိပ်ဖြစ်နေတာကို ကျွန်မ နားလည်ပါတယ် ...

ထားလိုက်ပါ မောင်၊ နောက်တော့အဆင်ပြေသွားမှာ၊ အခု ကျွန်မပြောချင်တာက မောင် ဒီနေ့ပဲ ဒီကိုပြောင်းလာဖို့ပါ၊ နောက်တစ်ပတ်နေတော့မှ ကျွန်မတို့ မိတ်ဆွေတွေကို ဒင်နာလေးတစ်ပွဲလောက်လုပ်ပေးဖို့ စီစဉ်ကြတာပေါ့"

သူက ဖြစ်ချင်ရာတွေကိုသာ ဆက်တိုက်ပြောပြီး သူ ခံစားနာကျင်နေရတာတွေကိုတော့ ဥပေက္ခာပြု လျစ်လျူရှုထားသည့်မိန်းမကို မဲ့တဲ့တဲ့ဖြင့် စိုက်ကြည့်နေမိသည်။

"ဘာလဲ ရွှေအရိပ်၊ ငါက မင်း ဖြစ်စေချင်တာတွေကို နောက်က လိုက်လုပ်ပေးရမယ်၊ မင်းစိတ်ကြိုက် ကြင်ယာတော်ရွေးထားတဲ့ယောကျာ်းလား ...

အခုချိန်ထိ အားလုံးကို မင်းသဘော မင်းဆန္ဒနဲ့လုပ်ခဲ့တာနော်၊ ငါ ဖြစ်ချင်တဲ့ဆန္ဒကို မင်း တစ်ခွန်းမှမေးမကြည့်ခဲ့ဖူးဘူး၊ အရာအားလုံးဟာ မင်းစိတ်ဆန္ဒအတိုင်း ဖြစ်ရလိမ့်မယ်လို့ မျှော်လင့်မထားနဲ့"

"မောင် ဘာတွေဖြစ်နေတာလဲ၊ ကျွန်မကို ဒီလိုမျိုး ဆက်ဆံဖို့လိုလို့လား မောင်၊ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်မြတ်နိုးကြတဲ့ကိစ္စမှာ ဘယ်သူကပဲဖြစ်ဖြစ် ကောင်းတာတွေကိုပဲဖန်တီးကြရင် တစ်ယောက်က ဒါကို ကျေနပ်စွာနဲ့ လက်ခံရမှာပဲမဟုတ်လား"

သူက ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်ရင်းမှ နှလုံးသားထဲတွင် တဖျစ်ဖျစ်မြည်ကာ မွကြေလာသလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မျှော်လင့်တောင့်တခဲ့သော သူ့ရဲ့ဘဝလက်တွဲဖော်မှာ ဒီလိုပုံစံမျိုးမဟုတ်ပါ။

ဘဝလက်တွဲဖော်ကို ဦးနှောက်နဲ့လည်း မရွေးချယ်မဆုံးဖြတ်ခဲ့။ သူမလို စစ်မစစ် စမ်းသပ်ဖို့ဆိုတာတော့ ဝေလာဝေးပင်။

ဘဝတစ်ခုကို ပေါင်းစပ်ဖို့ရာအတွက် တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင် နွေးနွေးထွေးထွေးညှိနှိုင်းကာ ဘယ်လိုပျော်စရာကောင်းသောဘဝလေး ဖန်တီးမည်ဟု သူ့မှာ စိတ်ကူးရှိခဲ့သည်။ သူ့ရဲ့ အိမ်ဂေဟာရိပ်မြုံလေးထဲတွင် သူမနဲ့အတူတူပျော်ရွှင်သောမိသားစုဘဝလေးကို တည်ဆောက်ခဲ့ချင်သော သူ့ရဲ့စိတ်ကူးတိမ်တိုက်များမှာ အပြီးတိုင် လွင့်စဉ်ကွဲတောက်ခဲ့ရပြီဖြစ်လေသည်။

သူက ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ကာ ...

“မင်း မှားသွားခဲ့ပြီ ရွှေအရိပ်၊ မင်း တကယ်ကို မှားသွားခဲ့ပြီ”

သူမက သူ့ကို ခြေထောက်ချိတ်ထိုင်ကြည့်နေရင်းမှ ဆံပင်တွေကို ဆတ်ခနဲပင့်တင်ကာ စူးစူးရဲရဲကြည့်သည်။ လည်ပင်းနှင့်အတိအပိတ် ရင်ဘတ်နားတစ်ဝိုက်မှာ အထပ်အထပ် အတွန့်တွေ၊ ဇာနားတွေပါဝင်သော ဖြူလွလွနေသည့် အင်္ကျီလက်ရှည်တစ်ထည်ကို ပျော့အိပုံကျနေသည့် အနက်ရောင် ဘောင်းဘီရှည်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော သူမရဲ့ပုံစံမှာ ဟိုး ဘုံမြင့်များက မိန်းမတစ်ယောက်လို ခမ်းနားမှုမျိုးဖြင့် ပြည့်စုံနေသည်။ တော်ရုံမိန်းကလေးသည် သူမ၏ခမ်းနားမှုကို မယှဉ်နိုင်ချေ။



သို့သော် သူ လက်ထပ်ချင်တာ ဒီလိုမိန်းမမျိုးမဟုတ်ခဲ့ပါ။ သူမစိတ်ထဲမှာတော့ သူ့ကို ကံကောင်းလှသောယောကျ်ားတစ်ယောက်ဟု ထင်မြင်ယူဆမှာမလွဲ။ သို့သော် သူသည် ကံဆိုးသော ယောကျ်ားတစ်ယောက်ဖြစ်လာလိမ့်မည်ဟုပဲ မျှော်လင့်ထားပါသည်။ သူ စိတ်အထိခိုက်ဆုံးကိစ္စမှာ သူမက သူ့ချစ်ခြင်းကို စမ်းသပ်စစ်ဆေးခဲ့သော ကိစ္စကိုပဲဖြစ်ပါသည်။

နေရာမှ ထွက်ခွာသွားတော့မည့် သူ့ကို သူမက ...

“ဒါက ဘယ်ကိုသွားမှာလဲ မောင်”

“အခုလောလောဆယ် ဒီမှာ မနေချင်တာတော့အမှန်ပဲ”

“မောင် ပြန်လာမှဖြစ်မယ်နော်၊ မောင် ပြန်မလာလို့မဖြစ်ဘူး”

အဲဒီအပြောသည် ထွက်သွားတော့မည့် သူ့ခြေလှမ်းတွေကို တွန့်ခနဲဖြစ်သွားစေသည်။ သို့သော် သူက ဘာမှ ဆက်မပြောတော့ဘဲ ထွက်လာခဲ့သည်။ သူမက သူ့နောက်မှ အပြေးလိုက်ပါလာကာ ...

“မောင် ဘယ်သွားမှာလဲ”

“စိတ်ချပါ ရွှေအရိပ်၊ မင်းရဲ့ တရားဝင်ယောကျ်ားအဖြစ် ဒီအိမ်ကို ငါ ပြန်လာခဲ့မှာပါ”

သူမ မျက်နှာပေါ်တွင် အရိပ်တစ်မျိုး ဖြတ်ပြေးသွားကာ သူ့ကိုကြည့်လာသော မျက်ဝန်းများမှာ တောက်ပရွှန်းလက်နေကြသည်။ အဲဒီအကြည့်တွေပဲ သူ့နှလုံးသားကို မြားတစ်စင်းလို ထုတ်ချင်းပေါက်သွားစေခဲ့တာ။ သူ ရူးသွပ်သွားစေခဲ့တာ။ သူမက သူ့အနားသို့ ညင်သာစွာ တိုးကပ်လာလျက်

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို လိုက်ပို့လိမ့်မယ်နော်၊ မောင် လိုအပ်တဲ့ပစ္စည်းတွေယူပြီးတာနဲ့ ပြန်ခဲ့ပါ မောင်ရယ် ... နော်"

နော်ဟူသော စကားသံအဆုံးတွင် သူမရဲ့ခြေများတွေက မြင့်တက်သွားကာ သူ့မေးဖျားထက်ဆီသို့ အနမ်းတစ်ပွင့်ခြွေချသည်။ အဲဒီအနမ်းကြောင့် သူ မတ်ခနဲဖြစ်သွားရပါသည်။

"မောင့်ကို ကျွန်မ သိပ်ချစ်ပါတယ် မောင်၊ အဲဒါကို ယုံကြည်ထားပါ"

သူသည် သူမကို ခေါင်းလည်းမခါ၊ ခေါင်းလည်း မညိတ်ပြမိဘဲ ခပ်နက်နက်သာ တစ်ချက်စိုက်ကြည့်ပြီးနောက် ချာခနဲလှည့်ထွက်လာခဲ့သည်။ သူမက သူ့နောက်ပါးမှ လိုက်မလာခဲ့ပါ။ အိမ်အပြင်ဘက်သို့ သူရောက်လျှင် သူ့ကို လာကြိုသော ပုဂ္ဂိုလ်က ပေါ်တီကိုအောက်မှာ အဆင်သင့်ရပ်စောင့်နေကာ ရိုကျိုးသောအမူအရာဖြင့် ကားတံခါးကို ဖွင့်ပေးသည်။ သူသည် ပထမတော့ ဝင်ထိုင်လိုက်မည်လုပ်ပြီးမှ စိတ်ကူးပြောင်းသွားသည်။ ဒီကားကို သူကိုယ်တိုင် မောင်းသွားဦးမိလို့ပင်။

သို့သော် ဟိုမှာက သူ့ရဲ့ ဖောက်စ်ဝက်ဂွန်ကားလေးက ရှိသေးသည်။ ဒီခြံကို သူ့ရဲ့ဖောက်စ်ဝက်ဂွန်ကားလေးနှင့်ပဲ ပြန်လာချင်လေသည်။ ဒါကြောင့် သူက ဘာမှမပြောတော့ဘဲ ဖွင့်ပေးထားသော ကားနောက်ခန်းထဲသို့သာ ပစ်၍ ဝင်ထိုင်ပစ်လိုက်တော့သည်။ သူ ဝင်ထိုင်ပြီးသောအခါ ထိုလူက ကားတံခါးကို ပြန်ပိတ်ပေးသည်။ ဒရိုင်ဘာက နောက်ကြည့်မှန်ထဲမှ တစ်ဆင့် သူ့ကို ခွင့်တောင်းသလိုကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြပြီးမှ ကားကို အသာအယာ မောင်းထွက်လေသည်။



သူ့မှာ ဘာဖီလင်ကြီးမှန်းကို မသိပါ။ သူ့ဘဝတစ်သက်တာ တစ်လျှောက်လုံးမှာ ဘယ်သူကမှ ကိုယ့်ကို ရိုကျိုးကျိုးကြီး ဆက်ဆံတာကို မကြုံခဲ့ဖူးသောကြောင့် တခမ်းတနားကြီး ဆက်ဆံပြခဲ့ရသောအခါ တာကယ်ပဲ မနေတတ်မထိုင်တတ်တော့ချေ။ ပတ်ဝန်းကျင်ကတော့ ဘယ်လိုမျက်လုံးနဲ့ ကြည့်ကြမယ်မသိ။ သူကတော့ သူဌေးမတစ်ယောက်က တော်ကောက်ခြင်းခံရသူလို အရှက်ကြီးရှက်ကာ နေမိသည်။ လူတွေက သူ့ကို ဘယ်လိုများ ထင်မြင်ယူဆတော့မှာပါလဲဟူသော အတွေးက သူ့တစ်ကိုယ်လုံးကို ဖိစီးနှိပ်စက်လို့ထားလေသည်။ ဒီကောင် ငွေမက်တာပါဟူသော အပြောကို သူ မခံချင်ဆုံးပဲ ဖြစ်တော့သည်။

"ဆရာ ... ပန်းမြတ်တော်ဝင်ဆိုင်ကိုပဲ မောင်းရမလား ခင်ဗျာ"

ကျွတ် ... သေစမ်း။ ဘာဆရာလဲ။ ဘာခင်ဗျာလဲ။ ဒီလို ရိုကျိုးသောလေသံတွေကို သူ မကြားချင်ပါ။ ကိုယ့်ရဲ့အရှိန်အဝါကြောင့်မဟုတ်ဘဲ တစ်စုံတစ်ယောက်ရဲ့အရှိန်အဝါကြောင့် ကိုယ်ကပါ စိန်နားကပ်ရောင်ဖြင့် ပါးပြောင်ရသည့်ဘဝကို သူက မနှစ်သက်ဆုံးပဲဖြစ်တော့သည်။

"ဆရာ"

"ကျွတ် ... ခင်ဗျား ကျွန်တော့်ကို ဆရာ ... ဆရာနဲ့ ခေါ်မနေစမ်းပါနဲ့"

"ဗျာ ... ဪ ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါခင်ဗျာ"

"ကဲဗျာ ... မောင်း ... မောင်း၊ ပန်းမြတ်တော်ဝင်ကိုပဲ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူက တဲပုတ်ကဲ့တည်း ဟုတ်ကဲ့နေသော ဒရိုင်ဘာကို စိတ်ရှုပ်စွာဖြင့် တစ်ချက်ကြည့်ကာ ဘာမှဆက်မပြောတော့ချေ၊ သူမရဲ့အိမ်နှင့် သူ့ဆိုင်မှာ သိပ်မဝေးသောကြောင့် ချက်ချင်းလိုလိုပဲ ရောက်သွားသည်။ သူသည် ကားကို ခြံဝမှာတင်ပဲ ရပ်ခိုင်းလိုက်ကာ ကားပေါ်ကဆင်းတော့မှပဲ အသက်ရှူချောင်သွားတော့တာဖြစ်သည်။

"ကျွန်တော် စောင့်ပေးရမှာလားခင်ဗျာ"

"မလိုဘူး၊ သွားလို့ရပြီ"

"ဟုတ်ကဲ့၊ အဲဒါဆိုဘယ်အချိန် ပြန်လာကြိုရမလဲခင်ဗျာ"

"ကြိုစရာမလိုပါဘူး၊ သွားလို့ရပြီ"

"ဟုတ်ကဲ့ ခွင့်ပြုပါဦးခင်ဗျာ"

သူ့ကို တရိုတသေနှုတ်ဆက်နေသော ဒရိုင်ဘာကို ပြန်ပြောချင်စိတ်မရှိတော့သဖြင့် ဘာမှမပြောတော့ဘဲ သူက ဆိုင်ဝင်းထဲသို့ ဝင်လာခဲ့သည်။ အဲဒီအချိန်မှာပဲ တရားသဘောကို ဆင်ခြင်မိသလိုလိုဖြင့် သူ့အဖြစ်သူတောင် တရားကျရလေသည်။ ဒီဆိုင်ကထွက်မသွားခင်တုန်းကတော့ သူဟာ လူပျိုတစ်ယောက်။ ခုချိန်မှာတော့ သူဟာ တရားဝင်မိန်းမတစ်ယောက်ရှိသော လူတစ်ယောက်ဖြစ်သွားခဲ့ချေပြီ။ သူ့ချစ်သူမိန်းကလေးနှင့် လက်ထပ်လိုက်ရတယ်ဆိုသော်လည်း အဖြစ်အပျက်ကြီးဟာ ယုံချင်စရာမကောင်းဘဲ အိပ်မက်တစ်ခုလိုဖြစ်နေသည်။

သူ ဘာကြောင့်မပျော်ရတာလဲ။ ဘယ်လိုမှ မတွေးတတ်တော့ပါ။ အလုပ်လုပ်ရတာလည်း တကယ်ပဲ စိတ်မပါသဖြင့် မန်နေဂျာကိုပြောကာ သူက ကိုယ့်ကားကိုယ်မောင်းလျက် အပြင်တစ်နေရာသို့ ထွက်လာခဲ့သည်။ ဘယ်သွားရမှန်းမသိဖြစ်နေတုန်း



မှာပဲ သူ့ကားရဲ့ဦးတည်ရာမှာ သူ့ရဲ့အိမ်ခြံဝင်းလေးဆီသို့ ဖြစ်လို့နေသည်။ သူ့အိမ်ရှေ့မှာ သူ့ကားဆိုက်တာမြင်တာနှင့် တစ်ဖက်ခြံမှ သူ့သူငယ်ချင်းက အပြေးအလွှား ရောက်ရှိလာသည်။

"ဟေ့ကောင် ... မင်းကွာ ပေါ်မလာတာနှစ်ပတ်လောက်ရှိနေပြီ၊ ငါက မိန်းမတွေဘာတွေများ ရနေပြီလားလို့၊ မှန်းတောင် ဆက်မေးတော့မလို့"

နောင်ဝင်းက နောက်လိုက်တာဖြစ်သော်လည်း အဲဒီစကားက သူ့ရင်ဘတ်ကို တည့်တည့်ပဲထိမှန်လေသည်။ သူ့သူငယ်ချင်းက သူ့မှာ ချစ်သူရှိမှန်း သိထားသူဖြစ်သည်။ သူသည် ကားပေါ်မှဆင်းရင်း အိမ်တံခါးကို သော့ဖွင့်ရင်းနဲ့မှ ...

"အေးကွ၊ ငါ တကယ်ပဲ မိန်းမရသွားပြီ"

နောင်ဝင်းက သူ့လက်မောင်းကို လက်သီးဖြင့်ဖွဖွထိုးကာ နွေးကောင်ဟုရေရွတ်သည်။ အိမ်တံခါးကို သော့ဖွင့်ပြီးသွားသောအခါ သူကဆက်တီပေါ်မှာ ခြေပစ်လက်ပစ်ဝင်ထိုင်ပစ်ရင်းမှ ...

"ဟေ့ကောင် ဒီညနေ မင်းနဲ့ ငါနဲ့ ဆွဲရအောင်ကွာ၊ မင်းပဲ သွားဝယ်လာခဲ့စမ်းပါ၊ ငါတော့ မသွားချင်တော့ဘူး"

"ဟား ... ဘာလဲ တကယ်ချဲတော့မယ်ပေါ့၊ လုပ်လိုက်လေ ငါလည်း မင်းမလာတာနဲ့ မချဖြစ်တာကြာပြီ၊ မြန်မာ ဘီယာလား ဘယ်နှလုံးလဲပြော၊ အမြည်းကရော အိမ်မှာပဲလုပ်မလား ...

လုပ်စမ်းပါကွာ၊ ငါတို့မှာ Resturant တွေသွားမစားနိုင်တော့ မင်းလက်ရာကိုပဲ အားကိုးနေရတာ ငါးရှဥ့်ပျားရည်ကြော်လေး ဘာလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်စီ ဘာငါးရှဥ့်ပျားရည်မှ လာကြော်ခိုင်းမနေနဲ့၊ လောကကြီးကို ရေလည်တင်းနေတယ်၊ စိတ်ထဲမှာ သိပ်မွန်းကျပ်နေတယ်ကွာ၊ ဘာဘီယာမှ မချဘူး၊ အပြင်းတစ်လုံးဝယ်ခဲ့၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ အခေါက်ကင်၊ ဘဲကင်၊ မင်းကြိုက်တာအားလုံး ဝယ်ခဲ့ကွာ၊ ရော့ ... ငါ့ပိုက်ဆံအိတ်ယူသွား"

နောင်ဝင်းက သူ့ကို မျက်လုံးပြူးပြီးကြည့်ကာ ...

"ဟော့ကောင် ဘာဖြစ်လာတာလဲ၊ ထီပေါက်လာတာလား"

"အေး ဟုတ်တယ်၊ ထီပေါက်လာတာ၊ ကဲပါကွာ၊ သွားမှာသာသွားစမ်းပါ"

နောင်ဝင်းက ခေါင်းကိုကုတ်ကာ မပြောတော့ဘူးဟူသော ဒီဇိုင်းဖြင့် ထထွက်သွားသည်။ သူတစ်ယောက်တည်းကျန်ခဲ့လျှင် သူသည် ဟားခနဲပဲ အကျယ်ကြီးအော်ဟစ်မြည်တမ်းပစ်လိုက်လေသည်။ သူ စိတ်ကူးယဉ်ထားခဲ့သောဘဝနှင့် လက်တွေ့ဘဝမှာ အကွာကြီးကွာခြားသွားခဲ့ပြီဖြစ်သည်။ သူ့စိတ်ကူးထဲကဘဝသည် ဒီအိမ်လေးတွင် သူချစ်သော ပိုးနှင့်အတူ ငြိမ်းချမ်းစွာဖြတ်သန်းဖို့ဖြစ်သည်။ သူတို့နှစ်ယောက်ရဲ့ဘဝထဲတွင် ဘာဂုဏ်၊ ဘာပကာသနမှမပါဝင်။

ထမင်းဟင်းမချက်တတ်သော ကောင်မလေးကို သူ့လက်ရာဖြင့် တစ်မျိုးပြီးတစ်မျိုး မရိုးအောင်ချက်ကျွေးချင်တာလည်း သူ့ဆန္ဒပဲဖြစ်သည်။ သာမန်ကောင်မလေးတစ်ယောက်ကို သူ တယုတယချက်ကျွေးနေလို့ ပတ်ဝန်းကျင်က သူ့ကို ဘာမှပြောမှာမဟုတ်။ ရွှေအရိပ်ကို အဲဒီလိုချက်ကျွေးနေလျှင် ပတ်ဝန်းကျင်က



မိန်းမကို ကပ်ဖားယပ်ဖားလုပ်နေတာဟုပြောမှာ အသေအချာပင်ဖြစ်သည်။ ပြီးတော့ သူဟာ ချမ်းသာကြွယ်ဝလွန်းသော ဘော်တတ် ထက်မြက်လွန်းသော မိန်းမမျိုးကို အလိုမရှိခဲ့ပါ။

ပြီးတော့ သူ့အချစ်ကို ယုံမှားသံသယရှိသည့် မိန်းကလေးမျိုးကိုလည်း သူတွေ့ရကြုံရလိမ့်မည်ဟု တစ်ခါမှ မှောင်၍တောင်မတွေးခဲ့ဘူးချေ။ သူလည်း သူမကို ချစ်သည့်စိတ်တစ်ခုတည်းဖြင့် ဘာကိုမှ သံသယမရှိ ယုံကြည်လက်ခံခဲ့သည်။ ဒါကြောင့်လည်း မထင်မှတ်သော ရိုက်ချက်ပြင်းပြင်းတွေကို လက်ခံရရှိခဲ့သည်ဟု ထင်ပါသည်။ လောကကြီးဟာ သူပေးသလောက် သူ ရင်းခဲ့သလောက် ပြန်မရသည်မှာ ဘာကြောင့်များပါလိမ့်။

သူသည် ထိုင်ရာမှ မျက်နှာကို လက်ထဲထည့်ပြီး ငုံ့နေခဲ့သည်မှာ နောင်ဝင်းတစ်ယောက် အထုပ်တွေဆွဲပြီး ပြန်ရောက်လာတဲ့အထိပဲဖြစ်သည်။ နောင်ဝင်းက ပုလင်းတွေဖောက်၊ ရေခဲရေပုလင်းတွေယူ၊ စားသောက်စရာတွေ ပြင်ဆင်နေတာကို သူက ဘာမှဝင်မလုပ်ပေးမိဘဲ ဒီအတိုင်းငေးမောကြည့်နေမိသည်။ ဒီကောင်က သူ့ကို အသာငဲ့ကြည့်ကာ ...

"ဟော့ကောင် မင်းကြည့်ရတာ မျောနေသလိုပဲ၊ ဘာဖြစ်နေတာလဲ"

သူက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ကြာဆံကြော်ကိုတူနဲ့ တစ်လုတ်စားပြီးနောက် ဖန်ခွက်ကို ကောက်မော့လိုက်သည်။ ပူပြင်းစူးရှသောအရသာသည် သူ့လည်ချောင်းထဲသို့ လောင်ကျွမ်းစွာစီးဝင်သွားသည်။ သို့သော် ဒီလောင်ကျွမ်းမှုက နှလုံးသားကလောင်ကျွမ်းမှုကို မမီပါ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီနေ့ပဲ ပိုးနဲ့ လက်မှတ်ထိုးခဲ့ပြီ နောင်ဝင်း"

"ဟေဟုတ်လား၊ ဘာဖြစ်လို့ထိုးလိုက်တာလဲ၊ ဩော် ... အင်း"

နောင်ဝင်းက တစ်ခုခုကို သဘောပေါက်သလိုဖြင့် ဆက်မမေးတော့ဘဲ သူ့ဟာသူ ခေါင်းညိတ်သည်။ ဒီကောင့် ဘာကို အထာပေါက်သလဲဆိုတာသိသော သူက ...

"ဟေ့ကောင် ... မင်းဘာသာမေးပြီး မင်းစိတ်ထဲကပဲ ဖြေမနေနဲ့၊ တကယ်တော့ ငါ လက်ထပ်လိုက်ရတဲ့မိန်းမက ဘယ်သူလဲ မင်းသိလား"

နောင်ဝင်းက သူ့ကို အူကြောင်ကြောင်ဖြင့် ပြန်ကြည့်ကာ ...

"မင်းပြောတော့ ပိုးဆို"

"အေး ... ဒါပေမဲ့ ပိုး မဟုတ်ဘူး"

"ဟေ့ကောင်၊ မင်းဗိုက်ထဲကိုရောက်တာ တစ်ပက်ပဲရှိသေးတယ်နော်၊ ငါ့ကို မသောက်ရသေးဘဲနဲ့ မူးအောင်လာလုပ်မနေနဲ့"

"မင်း ထက်ထရေးဒင်းကို သိလား"

"သိသားပဲ၊ ဘာဖြစ်ရပြန်တာလဲ"

"အဲဒီက အဘွားကြီးရဲ့မြေးကိုတော့ ကြားဖူးလား"

"ကြားဖူးတယ်လေ၊ ရွှေအရိပ်ဆိုတာမှလား"

"အေး ... ပိုးဆိုတာ အဲဒီ ရွှေအရိပ်ပဲ"

နောင်ဝင်းရဲ့မျက်လုံးအစုံက ပုစွန်မျက်လုံးတွေလိုပင် ရှေ့သို့ ပြူးထွက်လာသည်။ သောက်လက်စခွက်ကိုတောင် ဆက်မသောက်နိုင်တော့ဘဲ လက်က ကိုင်ထားကာ ...

"ဘယ်လို !ပိုးက ရွှေအရိပ်၊ ဟား ... မဖြစ်နိုင်တာ"



"ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့ ငါ မသိဘူး၊ ဒါပေမဲ့ ဒီနေ့ သူနဲ့ငါ တရားသူကြီးတွေ၊ အသိသက်သေတွေရှေ့မှာ လက်ထပ်ခဲ့ပြီ"

"ဘုရားရေ ... မင်းဟာက ဘယ်လိုကြီးလဲ"

နောင်ဝင်းက ရင်ဘတ်ကိုဖိကာ တအံ့တသြဆိုသည်။ သူသည် အခုမှပင် တကယ်ကို ဝမ်းနည်းပက်လက်ဖြစ်လာသော စိတ်ဖြင့် ရှေ့မှခွက်ကို တစ်ရှိန်ထိုး ယူမော့မိသည်။ သူ့ရဲ့သွေးတွေက အခုမှပင် ပူနွေးဆူပွက်လာသလို ခံစားရပါသည်။

"တကယ်တော့ ဒီမိန်းမက ငါ့အချစ်ကို စမ်းသပ်မဲ့တာကွ၊ အဓိက,က အဲဒါပဲ၊ သူက လူတွေကို မယုံတတ်ဘူး၊ မယုံကြည်ဘူး၊ သူ့အနားကို ရောက်လာတဲ့သူမှန်သမျှက သူ့စည်းစိမ်ဥစ္စာတွေကို မက်လို့ဆိုတဲ့ အတွေးမျိုးပဲ သူ့ခေါင်းထဲမှာ အရင်ဆုံးတွေးတာ။ ငါ့ကိုလည်း ဟန်ဆောင်ထားခဲ့ပြီး ဒီပုံမျိုးနဲ့ ဆက်ဆံခဲ့တာပဲ၊ ငါကတော့ သူ့ကို အရိုးဖြောင့်ဆုံးချစ်ခဲ့ရတာကွာ၊ သူဘာကြီးပဲဖြစ်နေဖြစ်နေ လက်တွဲမယ်ဆိုတဲ့စိတ်နဲ့ ချစ်ခဲ့တာ ...

သူကတော့ အဲဒီလိုမဟုတ်ဘူး၊ ငါ့အချစ်ကို စမ်းသပ်သေးတာ၊ စစ်ဆေးသေးတာ၊ အဲဒါကို ငါ ရင်အနာဆုံးပဲ၊ ရွှေအရိပ်ဆိုတဲ့ သိပ်ချမ်းသာလွန်းတဲ့ မိန်းမတစ်ယောက်ကို ငါ လိုချင်တာမဟုတ်ဘူး၊ ငါ ချစ်တဲ့လူတစ်ယောက်နဲ့ ရိုးသားအေးဆေးတဲ့ဘဝမျိုးလေးကို လက်တွဲချင်တာ"

သူသည် ပြောလိုက် သောက်လိုက်ဖြင့် လူက တော်တော်ရေချိန်တက်လာသည်။ နောင်ဝင်းကတော့ ဘာပြောရမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိသလိုဖြင့် သူ့မျက်နှာကိုကြည့်လိုက်၊ အမြည်းစားလိုက်ဖြင့် အူလည်လည်ဖြစ်နေပုံရသည်။

"နေပါဦး၊ မင်းကသူနဲ့လက်မှတ်ထိုးပြီးသွားပြီဆိုတော့ ဒီကို ဘာဖြစ်လို့ရောက်လာတာလဲ၊ လက်မှတ်ထိုးရုံထိုးထားတာလား၊ ဘာလဲ ... ငါလည်းနားမလည်တော့ဘူး"

"အေး ... မင်းတင်နားမလည်တာမဟုတ်ဘူးဟေ့၊ ငါကိုယ်တိုင်ကို နားမလည်ဘာ။ အားလုံးဟာ သူ့သဘော သူ့ဆန္ဒအောက်မှာပဲရှိတယ် ...

သူ့သဘောနဲ့သူ လုပ်ချင်တာလုပ်သွားတာ။ တော်ပြီကွာ ဆက်မမေးနဲ့တော့ ....

ကဲ ... ဘာပဲဖြစ်ဖြစ် မင်းတို့သူငယ်ချင်းကြီး မိန်းမ ရသွားပြီပေါ့ကွာ၊ စွံသွားပြီပေါ့၊ အဲဒီအတွက် မင်းကို ကျွေးတယ် သူငယ်ချင်း၊ စားသာစား၊ သောက်သာသောက် ဟုတ်ပြီလား၊ သတို့သမီးမပါတာတော့ စိတ်မကောင်းဘူးပေါ့ကွာ ... ဟား ဟား ဟား"

သူက အားရပါးရ အော်ရယ်လိုက်သော်လည်း အဲဒီရယ်သံဟာ ရင်ထဲကမပါသောရယ်သံဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲသိသည်။ နာကျင်စွာနဲ့သိလေသည်။ သူတို့နှစ်ယောက်ဟာ စားလိုက်သောက်လိုက်၊ စကားပြောလိုက်ဖြင့် အချိန်တွေ ဘယ်လိုကုန်မှန်းတောင်မသိတော့ချေ။ ညဆယ်နာရီထိုးသွားသည်အထိ သူတို့ဝိုင်းက မပြီးသေး။ နောက်ဆုံး တစ်ဖက်အိမ်မှာနေထိုင်သော နောင်ဝင်းရဲ့မိန်းမက လိုက်ခေါ်တော့မှပင် ဒီကောင်က ပြန်ပါသွားတော့သည်။ ဒါတောင် သူ့ကို စိတ်မချလက်မချဖြင့် ...



"ဟေ့ကောင် ... မင်းကပြန်သွားဦးမှလား၊ မဟာန်ရင်လည်း ပြန်မသွားနဲ့တော့၊ တော်ကြာ လမ်းမှာတစ်ခုခုဖြစ်နေဦးမယ်"

"စိတ်ချ ... မသွားဘူး၊ ဟေ့ကောင် ရပြီ ... ရပြီ ... မင်းလည်းလာစ်တော့"

"အေး ... မင်း ဆက်မသောက်မနေနဲ့နော်၊ တစ်ခါတည်းအိပ်တော့"

"တစ်ယောက်တည်းအိပ်ရတော့မှာပေါ့ကွာ ... ဟား ဟား ဟား ... တစ်ယောက်တည်းနဲ့တဲ့ ဘတ်ချ်လာနိုက်ပေါ့၊ အိုကေ ... အိုကေ ... ဆီးယူ ဘိုင့်ဘိုင် သူငယ်ချင်း"

သူ့သူငယ်ချင်း ပြန်သွားပြီးသည့်နောက်ပိုင်းတွင် သူသည် လက်ကျန်ပုလင်းကို ဆက်ရှင်းတုန်းပင်။ အဲဒီအချိန်မှာ စားပွဲပေါ်တွင် ပစ်ထားသော သူ့ဖုန်းက ထမြည်လို့လာသည်။ ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲတွင် အဲဒီဖုန်းကို သူမဆက်သောဖုန်းဆိုတာ သေချာသလောက်သိနေပါသည်။

"ဟယ်လို"

သူ့ရဲ့ဟယ်လိုထူးသံမှာ လျှာလေးအာလေးသံပေါက်သွားမည်ထင်သည်။ သူမဘက်မှ အခြေအနေကို စနည်းနာဟန်ဖြင့် ခေတ္တအသံတိတ်သွားသည်။

"မောင် ... မောင့် ဘယ်ရောက်နေတာလဲ"

"ဆောရီး ရွှေအရိပ်၊ ဒီနေ့ ကိုယ် အိမ်ပြန်လာဖြစ်မယ် မထင်ဘူး"

"ဘာလို့ ပြန်မလာရမှာလဲ၊ မောင့်ကို ကျွန်မ သေချာပြောလိုက်တယ်လေ၊ အခု မောင် ဘယ်မှာလဲ၊ အရက်သောက်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲတွင် သူမကို ကလိချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လို့လာသည်။

"ဟုတ်တယ်၊ အရက်သောက်နေတာ၊ ဒီနေ့ ကိုယ့်ရဲ့ဘက်ချ် လာနိုက်လေ၊ ဒါပေမဲ့ ဘေးနားမှာရှိနေတဲ့ သတို့သမီးက တော့ မင်းမဟုတ်ဘူး"

သူမ့ထံမှ အသံတိတ်သွားသည်။ သူမ ရင်ထဲမှာ သူ့အတွက် တစ်ခုခုပြင်းသွားသည်ဆိုလျှင် သူ ကျေနပ်ပါသည်။ သူမထံမှ အေးစက်စက်မေးသံတစ်ခုက ထွက်ပေါ်လို့လာသည်။

"ရှင် ဘယ်မှာလဲ"

"မင်း ကိုယ့်ကို ပြန်လာခဲ့လို့ ခေါ်မလို့မဟုတ်လား၊ ဆောရီးပဲ ကိုယ် မလာနိုင်ဘူးကွာ"

"မောင် ... ရှင် ဘာဖြစ်လို့ ကျွန်မကို ရွဲ့တဲ့စကားတွေ ပြောချင်နေရတာလဲ၊ ကျွန်မတို့က ဒီနေ့မှ လက်ထပ်ထားတဲ့ ပူပူနွေးနွေးလင်မယားတွေနော်"

"အင်း ... ကိုယ်လည်း အဲဒါကိုပဲ တွေးနေတာပဲ၊ ဒါပေမဲ့ တစ်နေ့ရာရာမှာ တစ်ခုခုတော့ မှားနေတယ်နဲ့ တူတယ် နော်"

"ရှင် မူးနေပြီ မဟုတ်လား၊ ဘယ်ကိုရောက်နေတာလဲ၊ လာခေါ်ခိုင်းလိုက်မယ်"

"လုံးဝလာမခေါ်ခိုင်းနဲ့၊ တစ်ခါတည်းအပြတ်ပြောထားတာ နော်၊ ပြီးမှ ကိုယ့်အဆိုးမဆိုနဲ့"

"ရှင် ဘာဖြစ်နေတာလဲ၊ အဲဒါ ဘာသဘောလဲ၊ ကျွန်မကို သက်သက်စိတ်ဆင်းရဲအောင်လုပ်နေတာလား"



"အမယ်လေးဗျာ ... ခင်ဗျားကို ကျွန်တော်မျိုးကြီးက စိတ်ဆင်းရဲအောင်လုပ်နိုင်ပါ့မလား၊ လူတကာကို ဒီလောက် မူးမူးမှုတ်၊ လေးစားကြရတဲ့ သူဌေးမကြီးကို ကျွန်တော့်လို အညတရစားဖိုမှူးလေးက ဘယ်လိုလုပ်စိတ်ဆင်းရဲအောင် လုပ်နိုင်မှာပဲလဲ ...

စဉ်းစဉ်းစားစားပြောပါခင်ဗျာ ... ဟား ဟား ဟား"

သူမထံမှ အသံထွက်မလာတော့ချေ။ သူသည် ရယ်သာရယ်နေရသော်လည်း ရင်ထဲမှာ တကယ်ပဲမချိပါ။ သူ မျှော်လင့်ထားခဲ့သော သူ့ရဲ့မင်္ဂလာဦးညလေးမှာ ဒီလိုပုံစံမျိုးမဟုတ်ခဲ့။ သူ့အခန်းခေါင်းရင်းမှာ စံပယ်ရုံကြီးရှိလေရာ အဲဒီစံပယ်ပန်းရနံ့တွေကို အတူတူရှူရှိုက်ရင်း သူမကို ရင်ခွင်ထဲမှာ ထည့်ထားလျက် ချစ်စကားတွေ အပြန်အလှန်ခြွေကြဖို့၊ ရှေ့ဆက်ရမည့် ဘဝလမ်းခရီးအတွက် နားလည်မှုရှိရှိ ရှေ့ဆက်ကြဖို့ စသဖြင့် သူ့စိတ်ကူးယဉ်ကဏ္ဍာတွေထဲမှာ အဲဒီအကြောင်းအရာတွေနှင့် ခမ်းနားခဲ့ရဟာဖြစ်သည်။

အခုတော့ ...

"မောင် ... မောင် ဘယ်မှာလဲဆိုတာကိုသာ ကျွန်မကိုပြောပါ"

"ကိုယ့်အိမ်မှာကွာ၊ ဘာလုပ်မလို့ ဒါကိုပဲမေးနေတာလဲ၊ အိမ်မှာ အရက်သောက်နေတယ်၊ ငါ့ရဲ့လူပျိုညကို ငါတစ်ယောက်တည်း ဖြတ်သန်းနေတယ်၊ ဒီညတော့ ငါ မလာနိုင်ဘူး၊ လူလွှတ်ခေါ်ခိုင်းဖို့လည်း စိတ်ကူးမနေနဲ့ ခေါ်ရှအရိပ်၊ ကဲ ... ဒါပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ရှင် ဘာဖြစ်ချင်တာလဲ"

"ဟား ဟား ... ရယ်ရတယ် ရွှေအရုပ်၊ ဒီစကားကို မင်း အခုမှမေးတာ သက်သက်လာနှောက်နေတာတော့ မဟုတ်ပါဘူးနော်၊ အစစအရာရာ မင်း ဖြစ်စေချင်သလိုတွေ၊ ဖော်မြူလာတွေ သီအိုရီတွေနဲ့ တွက်ချက်လုပ်ကိုင်ပြီးမှ ဘာဖြစ်ချင်တာလဲလို့ လာမေးတာ အကောင်းမေးတာတော့ မဖြစ်နိုင်ဘူး ...

ကဲ ... တော်ပြီကွာ၊ ဆက်မပြောချင်တော့ဘူး၊ ကိုယ် အရမ်းအိပ်ချင်နေပြီ၊ မင်းလည်း မင်းဖြစ်ချင်တာဖြစ်ပြီးသွားပြီပဲမဟုတ်လား၊ ကျေနပ်စွာနဲ့ အိပ်ပါတော့၊ ဗွတ်နိုက်ခ်၊ ရွှေအရုပ်၊ အိပ်မက်လှလှမက်ပါစေကွာ ဟုတ်ပြီလား"

သူက ပြောပြီးတာနှင့် ဖုန်းကို အပြီးတိုင်ပိတ်ချလိုက်သည်။ ပိတ်ပြီးသည်နှင့် ရစ်နေမှာစိုးသဖြင့် Power off လုပ်ထားပစ်လိုက်သည်။ ပြီးတာနှင့် ဖုန်းကို စားပွဲပေါ်ပစ်တင်ကာ ဆက်တီပေါ်မှာ ပက်လက်လှန်လှဲချလိုက်လေသည်။ ဘာမှ မတွေးတော့ဘူးဆိုပေမယ့်လည်း သူ့အတွေးထဲမှ သူမကို မောင်းထုတ်လို့ကို မရပါ။ ရင်ထဲမှာ ဒီလောက်ခံစားနေရတာတောင် သူမကို သူမုန်း၍မရသေး၊ မမုန်းသော်လည်း စိတ်နာလေသည်။ သူ့အချစ်တွေကို သူမ ဒီလို အကာင်တွေ စော်ကားရက်လေခြင်းဟူသော အသိသည် သူ့အသည်းနှလုံးကို အက်ဆစ်နှင့်ပက်လိုက်သလို ပူလောင်ကျွမ်းလောင်စေပါသည်။

သူမဟာ သူမပဲဆိုပေမယ့် သူ ဘယ်လိုမှ နားမလည်နိုင်ချင်ပါ။ ဒီလောက်ချမ်းသာကြွယ်ဝသော မိန်းမမျိုးကိုလည်း



သူ လက်မထပ်လို။ ချမ်းသာကြွယ်ဝခြင်းရဲ့နောက်ကွယ်မှာ မာနတွေပါလာမည်။ မာန၏ဖွားဖက်တော်တွေကတော့ သည်းခံစိတ်မရှိခြင်း၊ ကိုယ်ချင်းစာစိတ်မရှိခြင်း၊ တစ်ဖက်သားကို နှိမ်ချခြင်း၊ နားလည်ပေးနိုင်မှုမရှိခြင်း၊ ပဋိပက္ခများစွာကို ဖြစ်ပွားစေခြင်းသေဖြင့် ကောင်းကွက်တစ်ခုမှမရှိပါ။ ဒါဖြင့်ရင် သူ့မှာရော မာန်မရှိတော့ဘူးတဲ့လား။ သူ့မှာလည်း မာနတွေ စတင်မွေးဖွားပြီဖြစ်သည်။ သူမ လုပ်ပုံသည် ယောကျ်ားတစ်ယောက်၏ မာနနဲ့ သိက္ခာကို အဆုံးစွန်ထိ ထိပါးစော်ကားလိုက်ခြင်းနဲ့ အတူတူပဲဖြစ်သည်။ သူ့နှလုံးသားထဲကအချစ်၊ သူ့ဘဝထဲကမာန ဒါတွေကို သူမက ရက်ရက်စက်စက် နင်းချေခံတာဖြစ်လေသည်။

မျက်လုံးတွေကို မှေးမှိတ်ထားရင်းမှ သူ့ မျက်ဝန်းထောင့်တွင် စိုစွတ်လာဟာကို ခံစားရသည်။ ဘုရားရေ ... သူ ငိုနေမိတာလား။ သေစမ်း ... မိန်းမတစ်ယောက်အတွက် သူငိုကြွေးတာမဟုတ်နိုင်ပါ။ အစော်ကားခံလိုက်ရသော သူ့အချစ်နှင့် သူ့မာနအတွက် ငိုကြွေးခြင်းသာဖြစ်နိုင်ပါသည်။ အားလုံးကို မေ့ပစ်ချင်၍ အရက်သောက်သော်လည်း ထူးဆန်းစွာပင် သူ မေ့မရသေး။ ခေါင်းထဲက မူးရိပ်ရီဝေ၊ နှလုံးသားထဲကအောင့်၊ အသည်းထဲက နာကျင် သေဖြင့် သူ ခံစားရသော ဝေဒနာကြီးမှာ အတော်လေးပဲ ဆိုးရွားပြင်းထန်ပါသည်။

သူဟာ ဘယ်လောက်ကြာအောင် ငြိမ်သက်ပြီး အသိစိတ်ပျောလွင့်မျောသွားသလဲတော့မပြောတတ်။ သူ့နားထဲသို့ တံခါးကို ထုရိုက်သံတစ်ခုကို ကြားတော့မှ လူးလဲကာမျက်လုံးကို ဖွင့်ကြည့်ရသည်။ နံရံမှာချိတ်ထားသော နာရီကိုကြည့်လိုက်ခြင်းဖြင့်

www.burmeseclassic.com



လိုက်လျှင် ဆယ့်တစ်နာရီကို ကျော်လွန်နေပြီ။ သူက ထိုင်ရာမှ ထကာ တံခါးဆီသို့သွားလိုက်သည်။ အပြင်က တံခါးခေါက်သံ။

"ဘယ်သူလဲ"

အပြင်ဘက်က ပြန်မဖြေချေ။ သူ့အာရုံထဲ၌ လင်းခနဲ ဖြစ်သွားကာ နှလုံးသားက တဒိတ်ဒိတ်ခုန်လာသည်။ သူ့လက်တွေက တံခါးလက်ကိုင်ကို တဖြည်းဖြည်းချင်း လှည့်ဖွင့်လိုက်လျှင် တံခါးဝ၌ သူ လုံးဝ မမျှော်လင့်မထားသောသူတစ်ယောက်ကို တွေ့လိုက်ရသည်။ အဲဒီအကြည့်တွေမှာ နက်ရှိုင်းလွန်းအားကြီးသောကြောင့် သူခံစားနေရသော လတ်တလောခံစားမှုများကိုတောင် မေ့လျော့သွားစေပါသည်။

"ကျွန်မကို အိမ်ထဲမခေါ်တော့ဘူးလား မောင်"

အဲဒီစကားသည် သတိမေ့နေသောသူ့ကို ရေနဲ့ တောက်နှိုးလိုက်သလို ဆတ်ခနဲဖြစ်သွားစေသည်။ ဒီအချိန်မှတော့ သူမ သူ့ကို လာခေါ်တာတော့မဖြစ်နိုင်တော့ပါ။ အဲဒီအတွေးကြောင့် အေးစက်စပြုနေသည့် သူ့နှလုံးသားမှာ တစ်ချက်ပူနွေးသွားသည်။

"ကိုယ့်ကို လာခေါ်တာလား"

"လာခေါ်တာဆိုရင်ရော မောင်က လိုက်မှာလား"

"မင်းကိုယ်တိုင် လာခေါ်လိမ့်မယ်လို့ ယောင်ပြီးတောင် တွေးမထားခဲ့ဖူးပါဘူး၊ အဲဒီအတွက် ဂုဏ်ယူပါတယ် ရွှေအရိပ်"

"မခနဲ့ပါနဲ့ မောင်၊ လောကမှာ ကျွန်မကို ရိုတာ၊ ထေ့တာ၊ ခနဲ့တာလောက် မုန်းတာမရှိဘူး"



"ကိုယ်ကလည်း ကိုယ့်ကို သံသယစိတ်နဲ့မြင်ပြီး လိမ်ညာ စမ်းသပ်စစ်ဆေးခြင်းခံရတာလောက် မုန်းတာမရှိပါဘူး"

သူမ မျက်လုံးတွေ တစ်ချက်လက်သွားသည်ဟု ထင်သည်။

အိုကေ ... ဒီလောက်ရှိခွင့်ရရင်ပဲ သူ ကျေနပ်ပါသည်။ သူက ကိုယ်ကို တစ်ချက်ယို့ပြီး ဖယ်ပေးလိုက်ကာ ...

"ကဲ ... ဝင်မှဖြင့်ပင်၊ အပြင်မှာအေးတယ်"

သူမက နှုတ်ခမ်းကို တင်းတင်းစေ့ကာ အိမ်ထဲသို့ ဝင်သွားသည်။ သူက တံခါးကို ပြန်ပိတ်ရင်းမှ ပန်းကို အသာတွန့်မိလေသည်။ ပြီးတော့ ဘာစကားမှ ထပ်မဆိုတော့ဘဲ သူ အခန်းထဲသို့ ဝင်လာခဲ့သည်။ ခေါင်းရင်းက ပြတင်းပေါက်ကို မပိတ်ရသေးတာမို့ မြောက်လေပြည်သည် စံပယ်ရုံတွေကို တစ်ခန်းလုံး သင်းပျံ့မွှေးကြိုင်လာအောင် သယ်ဆောင်လာပေးသည်။ သူ့အခန်းတစ်ခန်းလုံးသည် စံပယ်ရနံ့တွေဖြင့် မွှေးကြိုင်၍နေလေသည်။

နတ်တော်လပြည့်ညမို့ လကသာနေသဖြင့် အခန်းထဲတွင် လရောင်ကဖြာကျကာ လရောင်နှင့် ဖြူဝင်းသော စံပယ်ရနံ့အေးတို့သည် စိတ်နှလုံးသားကို အလိုလိုညွှတ်နူးလာစေသည်။ ပကာသနမဲ့သောလရောင်နှင့် ဖြူစင်သောစံပယ်ရနံ့တို့ကို ခံစားရင်း သူနဲ့သူမ အရင်လိုဘဝမျိုးကို ပြန်ရရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ခုတော့ အားလုံးလွန်သွားခဲ့ပြီဖြစ်သည်။ သူက နောက်မှ ခြေသံသဲ့သဲ့ကြား၍ လှည့်ကြည့်လိုက်လျှင် ...

သူ့ကို ငေးရီစွာကြည့်နေသော သူမကို တွေ့ရသည်။ ပန်းနုရောင်ဖျော့ဖျော့ ပိုးသားဂါဝန်သည် ညဝတ်အင်္ကျီဖြစ်ပုံရကာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပေါ်ကမှ တဘက်တစ်ထည်ကို လွှမ်းခြုံထားသော သူမသည် သူ့ကို ရီဝေစွာငေးနေသည်။ ပြောင်ရှင်းနေသော မျက်နှာမှာ ညအိပ်ရာဝင်တော့မည့်သူလို အားလုံးသန့်စင်ထားသဖြင့် ဘာမှ မရှိတော့။ နှုတ်ခမ်းများပင်လျှင် သဘာဝအတိုင်း ရဲနေကြသည်။ သူနှင့် သူမသည် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှမပြော နိုင်ဘဲ အတန်ကြာငေးနေမိကြသည်။

ပြီးတော့မှ သူက မျက်နှာတစ်ချက်လွှဲကာ ...

"ကိုယ့်အခန်းကတော့ မင်း မြင်တဲ့အတိုင်းပဲ ရွှေအရိပ်၊ မင်းအိမ်က အိမ်ဖော်တွေနေတဲ့ နေရာလောက်တောင် မသားနားပါဘူး၊ ခုတင်ကလည်း တစ်ယောက်အိပ်ခုတင်ပဲ မင်းအတွက် အားနာတယ်"

"မောင်"

သူမ တုန်ယင်စွာခေါ်လိုက်သောအသံ ထွက်ပေါ်လာသည်။ အဲဒီခေါ်သံသည် သူ့နှလုံးသားကို ပူနွေးသွားစေပါသည်။ သူမ မောင်လို့မခေါ်ရင် သိပ်ကောင်းမှာပဲ။ သူက အဲဒီခေါ်သံကို ဥပေက္ခာပြုထားလိုက်ကာ ...

"မင်းအတွက် အိပ်ရတာ အဆင်မပြေရင် ကိုယ် အိမ်ရှေ့မှာ သွားအိပ်ပေးမယ်"

"မောင် ဘာဖြစ်လို့ ကျွန်မကို ရက်စက်ချင်နေရတာလဲ"

"တကယ်တမ်း ရက်စက်ခဲ့တာက မင်းပါ ရွှေအရိပ်ရယ်၊ မင်းကသာ ငါ့နှလုံးသားတစ်ခုလုံးကို နင်းချေခဲ့တာပါ ...

မင်းကသာ ငါ့အချစ်ကို စော်ကားခဲ့တာ၊ အဲဒါကို မင်းသိရဲ့လား၊ မင်း နားလည်ရဲ့လား"



အခုမှပင် သူ့ရဲ့ပေါက်ကွဲမှုက စတင်တော့တာဖြစ်သည်။ ဒီနေရာကို သူမ လိုက်လာတယ်ဆိုကတည်းက သူ့ကို သူမ တကယ်ချစ်မြတ်နိုးတယ်ဆိုတာကို ယုံကြည်သွားခဲ့ပြီဖြစ်သော်လည်း သူ့အချစ်ကို သံသယဖြစ်ခဲ့တာကတော့ သူ ဘယ်လိုမှ မမေ့နိုင်တော့ချေ။ သူဆိုသောစကားက သူမများထက်ပို၍ အတေးအမှတ်ကြီးတတ်လေသည်။

"အဲဒီအတွက် ကျွန်မ ဘာပြန်ပေးဆပ်မှ မောင် ကျေနပ်မှာလဲဟင်"

သူမက သူ့အနားသို့ တိုးကပ်လာရင်းမှ သူ့ခါးကို သိုင်းဖက်ရင်း အရည်လဲ့မျက်ဝန်းများဖြင့် မော့ကြည့်ရင်းမေးသည်။ စံပယ်ရနံ့တွေက တစ်ချက်ဝေ့လာခိုက်မှာ အဲဒီမျက်ဝန်းတွေထဲဦးသာနေသော လမင်းတစ်စင်းကို သူ သွားတွေ့သည်။ သူ့ခါးကို တင်းတင်းဖက်ထားသော မိန်းမဟာ ဒီနေ့ပဲ သူနဲ့လက်ထပ်လိုက်သည့် သူ့ရဲ့ဇနီးမယားတဲ့။ အနီးကပ်ကြည့်တော့မှ ပြစ်မျိုးမှဲ့မထင်လှသော မိန်းမသည် သူ့ကို ကြင်ယာတော်ရွေးသလို ရွေးချယ်လက်ထပ်ခဲ့သောမိန်းမလည်း ဖြစ်သေးသည်။

တကယ်တမ်း ပေးဆပ်ခဲ့ရသူမှာ သူသာလျှင်ဖြစ်ပါသည်။

"မင်းကို ငါ မုန်းတယ် ရွှေအရိပ်"

အဲဒီလို ပြောလိုက်သော်လည်း သူမက ဖက်ထားတာကို မလွှတ်ပါ။ သူ့ရင်ခွင်ထဲသို့ပင် ခေါင်းကို တိုးဝင်အပ်ထားလိုက်သေးသည်။ သူမဆံပင်မှ သင်းပျံ့သော ရှန်ပူမွှေးရနံ့များသည် သူ့နှာခေါင်းဝကို လာရောက်တိုးဝှေ့နေကြသည်။ သူသည် သူမကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တွေးမွေ့ချင်စိတ်အား အထူးပင် တောင့်ခံထိန်းချုပ်ထားရသည်။

ဒီမိန်းမကို သိပ်ချစ်သလောက်လည်း သိပ်စိတ်နာလေသည်။

"ကျွန်မအတွက် မောင့်ကို လိုအပ်ပါတယ် မောင်ရယ် ကျွန်မကို နားလည်ပေးလိုက်ပါတော့နော်"

သူမက သူ့မေးဖျားကို တစ်ချက်မော့နမ်းရှိုက်ကာ ရင်ထဲမှလာသော အသံဖြင့် ခပ်တိုးတိုးဆိုသည်။ သူသည် အဲဒီအသံကြောင့် သူမကို ငုံ့ကြည့်မိသွားသည်။ သူ့ရဲ့မျက်နှာအငုံ့နှင့် သူမရဲ့ မျက်နှာအမော့တို့ကြောင့် မျက်နှာနှစ်ခုသည် နီးကပ်စွာ တည့်ရှိသွားကြသည်။ ဘဆတ်ဆတ်တုန်ယင်နေသော သူမရဲ့ နှုတ်ခမ်းများသည် သူ့နှလုံးသားကို လှိုင်းထန်လာအောင် စေစားနေသည်။ အပြင်ဘက်မှာ လရောင်က ပိုမိုထွန်းလင်းလာသလိုလို၊ စံပယ်ရနံ့တွေကပဲ ပို၍ သင်းထုံလာသလိုလို၊ သူ သောက်ထားခဲ့သော အရှိန်တွေက ခုမှပဲ တက်လာခဲ့သလိုလို ဘာကိုမှ သူမသဲကွဲတော့ ...

သူသည် အိပ်မက်ထဲမှာ သူ့ချစ်သူ ဒေါ်ရွှေပိုးကို အသည်းအသန် လိုက်လံရှာနေဖွေခဲ့သည်။

၁၆



မနက်ခင်း သူ နိုးလာသောအခါ အာရုံတွေက နောက်ကျိုရီဝေလျက် လန်းလန်းဆန်းဆန်းမရှိပါ။ ညက အရှိန်တွေများသွား၍ထင်သည်။ ခုတင်ပေါ်မှာတော့ သူတစ်ယောက်တည်း ရှိလျက် သူမက ဘေးနားမှာ ရှိမနေတော့။ ဒါဖြင့်ရင် ညက အဖြစ်အပျက်တွေဟာ အိပ်မက်တွေလား။ အိပ်မက်တော့မဖြစ်နိုင်ပါ။ သူ မူးနေပြီဆိုပေမယ့် အဖြစ်အပျက်တွေကိုတော့ ရေရေရာရာ မှတ်မိနိုင်သေးသည်။ သူက ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီးနောက် စားပွဲပေါ်ကနာရီကို ငုံ့ကြည့်လိုက်လျှင် နံနက်ဆယ်နာရီခွဲလုတော့မည်။

သူမကရော ဘယ်ရောက်သွားပြီလဲ။ အတွေးနဲ့အတူ နှုတ်ဆိတ်စဉ်းစားနေတုန်းမှာပဲ ခြေသံတစ်ချက်ကြားရကာ သူမက အခန်းထဲသို့ ဝင်ရောက်လာသည်။ ညတုန်းက အဲဝတ်အစားမဟုတ်တော့ဘဲ ပန်းနုရောင်ဆွယ်တာလက်ရှည်၊ အနက်ရောင် Skinney ဘောင်းဘီအကျပ်တို့ဖြင့် သပ်သပ်ရပ်ရပ်လှပနေသည်။ သူမက သူ့ကို သာယာကြည်လင်သော မျက်နှာထားဖြင့်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"နိုးပြီလား မောင်၊ ရေချိုးလိုက်ပါလားဟင်"

အဲဒီအပြောကြောင့် သူ့နှလုံးသားထဲတွင် နွေးခနဲ ဖြစ်သွားသည်။ သူမ သူ့ကို ထားခဲ့ပြီးထွက်မသွားဟူသောအသိကြောင့် နှလုံးသားတစ်ခုလုံး ပူနွေးတုန်ယင်လို့သွားပါသည်။ ဒါဟာ သူလိုချင်သော အိမ်ရှင်မတစ်ယောက်ရဲ့ပုံစံတဲ့လား။ သို့သော် သူကတော့ သူမကို မယုံကြည်နိုင်တော့ပါ။ ဒါသည်လည်း သူမရဲ့ ဗျူဟာတစ်မျိုးသာဖြစ်နိုင်ပါသည်။

သူက ရင်ခုန်သံတချို့ကို လွှင့်ပစ်လိုက်ကာ ခုတင်ပေါ်မှ လူးထထလိုက်သည်။ ရုပ်အင်္ကျီကြယ်သီးတချို့ကို ဖြုတ်နေဆဲမှာပင် သူမက သူ့အနားသို့ ရောက်လာကာ ဝင်ဖြုတ်ပေးဖို့ကြိုးစားသည်။ သူက သူမလက်တွေကို အသာဖယ်ထုတ်ရင်းမှ ...

"ရပါတယ် နေပါ၊ မင်းသွားစရာရှိတာ သွားပါ ရွှေအရိပ်"

"မောင်မပါဘဲနဲ့ ကျွန်မ ဘယ်ကိုမှ မသွားဘူး မောင်"

အဲဒီအပြောကြောင့် သူက သူမကို ဆတ်ခနဲကြည့်မိသည်။ သူမရဲ့နှုတ်ခမ်းတွေက အချိုရည်ဆုံးပြုံးပြနေကာ သူ့အင်္ကျီမှ ကြယ်သီးတွေကို စတင်ဖြုတ်ပေးနေပြီဖြစ်ပါသည်။ သူကတော့ တောင့်တောင့်ကြီးရပ်နေဆဲ။

"ကဲ ... ရေသွားချိုးတော့ မောင်၊ ဒါမှ လန်းဆန်းသွားမှာ၊ ကျွန်မ Breakfast ပြင်ထားတယ် ... နော် မြန်မြန်လေး"

သူမက သူ့နောက်ကျောကို အသာတွန်းထုတ်သည်။ သူသည် ဘာမှ ဆက်မပြောတော့ဘဲ ရေချိုးခန်းတံခါးကို စောင့်ပိတ်ကာ စိတ်ထွက်ပေါက်ဖြင့် ရေတွေကို အားရပါးရလောင်းချိုးပစ်လိုက်သည်။ အတန်ကြာချိုးလိုက်သည့်နောက်တွင် သူ တစ်



ကိုယ်လုံး ပေါ့ပါးလန်းဆန်းလို့ သွားလေသည်။ ရေချိုးခန်းထဲမှ တဘက်တစ်ထည်ပတ်ပြီး ထွက်လာစဉ်ဝယ် သူမက အခန်းထဲရှိ ပြတင်းပေါက်မှ အပြင်ဘက်သို့ ရပ်ကာငေးနေသည်။ သူ့ခုတင်ပေါ်မှာတော့ သူဝတ်ဖို့ အဝတ်အစားတွေ အဆင်သင့်ထုတ်ပေးထားတာကို တွေ့ရလေသည်။

သူက ဆံပင်တွေကို ရေသုတ်နေတုန်းမှာပဲ သူမထံမှ စကားသံထွက်လာသည်။

"မောင့်အိမ်လေးက ငြိမ်းချမ်းတယ်နော်"

"ဟုတ်တယ်၊ ဒါပေမဲ့ မင်း ဒီလိုနေရာမျိုးမှာ မနေနိုင်ဘူး မဟုတ်လား"

သူ့ အပြောကြောင့် သူမက အသာလှည့်ကြည့်ကာ ...

"ဘာဖြစ်လို့ ကျွန်မကို တိုက်ခိုက်တဲ့စကားတွေပဲပြောနေရတာလဲ မောင်၊ ကျွန်မ မောင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ ခုချိန်မှာ မောင် သဘောပေါက်သင့်ပါပြီ"

"ဟက် ... ဒါက မင်းအတွက် အဆုံးစွန်သော လိုက်လျောပေးဆပ်မှုကြီးလို့ ထင်နေတယ်ပေါ့"

"ကျေးဇူးပြုပြီး ကျွန်မကို မခနဲ့ပါနဲ့ မောင်"

"ငါက ရင်ထဲရှိတဲ့အတိုင်းပဲ ပွင့်ပွင့်လင်းလင်းဆက်ဆံတတ်တယ်ကွ၊ လူတိုင်းကို စိတ်ရင်းအမှန်နဲ့ပဲ ဆက်ဆံတယ်၊ ကဲ ... ထားပါတော့ကွာ"

သူက ဘာမှ မပြောတော့ဘဲ ထမင်းစားခန်းထဲသို့ ထွက်လာခဲ့သည်။ ထမင်းစားခန်းထဲက စားပွဲပေါ်တွင် စားသောက်

www.burmeseclassic.com

www.burmeseclassic.com



စရာချိုးစုံကို ခင်းကျင်းပြင်ဆင်ထားသည်မှာ သူမကိုယ်တိုင် ချက်ပြုတ်ထားတာတော့ မဖြစ်နိုင်ပါ။ သူက စားပွဲမှာဝင်ထိုင်လိုက်လျှင် သူမက သူ့အတွက် ကော်ဖီတစ်ခွက်ကို အသာငှဲ့ပေးသည်။ သူက ငှဲ့ပေးသောကော်ဖီကို မသောက်ဘဲ ဘေးနားမှာရှိသော ဖျော်ရည်ကိုသာ တစ်ရှိန်ထိုးမော့ချပစ်လိုက်သည်။ ပြီးတော့ ပေါင်မုန့်တစ်ချပ်ကို ကောက်ဝါးနေလိုက်ပါသည်။

သူမက ကော်ဖီကို အသာသောက်ရင်းမှ ...

"ကျွန်မနဲ့မောင် ဆွေးနွေးစရာရှိတယ်"

"အင်း ... ပြောပါဦး၊ ဆွေးနွေးဖို့ အလေးထားလာပြီပေါ့၊ ဒါပေမဲ့ ဘာမှ ထူးလာမယ်တော့မထင်ပါဘူး"

သူမက စိတ်လျှော့ထားလိုက်သည့်ပုံစံဖြင့် သူ့ကို ခပ်တေ့တေ့ကြည့်လာကာ ...

"အခု ကျွန်မနဲ့အတူတူ လိုက်ခဲ့ပါ မောင်၊ မောင့်စိတ်ထဲမှာ မလိုအပ်တဲ့အတွေးတွေ မတွေးပါနဲ့၊ မောင်ဟာ ကျွန်မရဲ့ တရားဝင်ခင်ပွန်းပါ၊ အဲဒီအတွက် ကျွန်မဘေးမှာ မောင်ရှိနေဖို့ လိုအပ်ပါတယ်"

"အင်း ... မင်း ပြောချင်တာ ဒါပဲလား"

"မောင့်မိတ်ဆွေတွေ၊ ကျွန်မ မိတ်ဆွေတွေအတွက် ဒင်နာတစ်ပွဲလောက်တော့လုပ်ဖို့ စိတ်ကူးထားတယ်၊ အဲဒါ ဘယ်မှာလုပ်ချင်တဲ့ဆန္ဒရှိလဲ မောင်"

"ဘယ်မှာမှ လုပ်ချင်တဲ့ဆန္ဒမရှိဘူး"

သူမက သူ့ကို စူးခနဲပဲ မျက်လုံးလှန်ကြည့်သည်။ သူက ပန်းတစ်ချက်ကို တွန့်ပြရင်း ...



"ဟုတ်တယ်၊ အဲဒါ ကိုယ့်ရဲ့ တကယ့်ဆန္ဒအစစ်ပဲ၊ ရင်ထဲကဆန္ဒမပါဘဲနဲ့ ဟန်ဆောင်နေရတဲ့အလုပ်ကြီးကိုလည်း မုန်းတယ်၊ အဲဒီအတွက် ကုန်ကျစရိတ်တွေကို အကျိုးရှိတဲ့နေရာမှာ လှူလိုက်ပါ"

"ကောင်းပါပြီ၊ မောင့်ဆန္ဒအတိုင်းပဲ ဖြစ်ရပါစေမယ်"

သူက ရွဲ့တာလား ဟူသော အကြည့်မျိုးဖြင့် သူမကို မော့ကြည့်လိုက်သော်လည်း သူမက တကယ်ကို တည်ငြိမ်သောမျက်ဝန်းများဖြင့် ကြည့်နေတာကို တွေ့လိုက်ရသည်။ ပြောရလျှင် အဲဒီလို တည်ငြိမ်ရင့်ကျက်ကာ ဆရာကြီးဒီဇိုင်းဖြစ်နေသောပုံစံကို သူ တကယ်မနှစ်ခြိုက်လှပါ။ လောကကြီးအကြောင်းကို နားလည်နေသော မျက်ဝန်းများကို သူ ရင်မဆိုင်ချင်သောအခါ သူချစ်သော မိန်းကလေးသည် သာမန်ရိုးသားအေးဆေးသော မိန်းကလေးမျိုးသာ ဖြစ်လိုလှပေသည်။

အခုတော့ သူ ရလိုက်သောမိန်းမသည် သာမန်ထက် အဆပေါင်းများစွာ ထက်မြက်သည်။ အဆပေါင်းများစွာ ထူးချွန်သည်။ သာမန်ထက် အဆပေါင်းများစွာ သံသယစိတ် လွန်ကဲသည်။ အနားသို့ မကပ်ချင်တော့လောက်အောင် အရှိန်အဝါကြီးကာ ချမ်းသာသည်။ သူမတွင်ရှိသော အဲဒီအရာများအားလုံးကို သူ လုံးဝမနှစ်သက်ပါ။ အဲဒီအချက်သည် သူနှင့် သူမကြားတွင်ရှိသော အကြီးမားဆုံး ကွာခြားချက်ပဲဖြစ်တော့လေသည်။

"နောက်တစ်ခု မေးချင်တာရှိသေးတယ်"

သူက ပေါင်မုန့်ကိုဝါးရင်းမှ ဘာမေးမှာလဲဟူသော ပုံစံဖြင့် မျက်လုံးကို တစ်ချက်လှန်ကာကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင့်အလုပ်ကိစ္စကိုရော ဘယ်လိုစီစဉ်ချင်လဲဟင်၊ ကိုယ်ပိုင်ဆိုင်ဖွင့်ဖို့"

"တော်ပြီ ရွှေအရိပ်၊ ဆက်မပြောနဲ့တော၊ ကိုယ့်အလုပ်ကိုပဲကိုယ်ဆက်လုပ်မှာ၊ ကိုယ့်အလုပ်ကိစ္စမှာ မင်း ဘာမှ ဝင်စွက်ဖက်ဖို့မလိုပါဘူး"

"စွက်ဖက်တယ်လို့သတ်မှတ်ရင် စွက်ဖက်တယ်ဖြစ်မှာပေါ့မောင်၊ ကျွန်မ စွက်ဖက်တာမဟုတ်ပါဘူး၊ မောင့်ကိုပါရမီဖြည့်ပေးဖို့ ကြိုးစားနေတဲ့သူပါ"

"ဒါပေမဲ့ ပတ်ဝန်းကျင်က အဲဒီလိုတော့ မြင်မှာမဟုတ်ဘူးလေ၊ မင်းကို မှီခိုနေတဲ့ ယောကျ်ားမျိုးပဲထင်မှာ၊ အဲဒီလိုမျိုးအထင်ခံရမှာကို ငါ အကြောက်ဆုံးပဲ ရွှေအရိပ်"

သူမက မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာဆိုင်လဲ မောင်၊ အဲဒီလိုအတွေးမျိုးရှိနေသမျှ မောင်နဲ့ကျွန်မ ဘယ်လိုလုပ် အဆင်ပြေမှာတဲ့လဲ၊ ဖြစ်လာတဲ့အခြေအနေမှာ လိုက်လျောညီထွေစွာ နေထိုင်နိုင်ရမှာပေါ့၊ အခုမောင်နဲ့ ကျွန်မ လက်ထပ်ပြီးပြီ၊ တရားဝင်ဇနီးမောင်နှံတွေဖြစ်သွားပြီ၊ လင်မယားဆိုတာ အဲဒီလို ခွဲခြားထွက်နေဖို့လိုသလား"

"လိုတာပေါ့၊ မင်းကို ငါ ချစ်ခဲ့တာ ရွှေအရိပ်အဖြစ်နဲ့မဟုတ်တာ၊ ရွှေအရိပ်ဆိုတဲ့ အသိနဲ့သာသိခဲ့ရင် မင်းကိုချစ်ခဲ့မှာကိုမဟုတ်ဘူး"

"အဲဒါ မောင် အတွေးခေါင်နေတာလေ၊ တကယ်တော့ကျွန်မဟာ ကျွန်မပဲ"



သူက နာကျင်စွာပြုံးရင်း ခေါင်းယမ်းပြလိုက်သည်။ သူမက မျက်ဝန်းညိုတွေ တဖျပ်ဖျပ်တောက်လာအောင် သူ့ကို ငိုက်ကြည့်နေသည်။

"ကိုယ် အတွေးခေါင်တာထက် မင်းက အဆပေါင်းများစွာ အတွေးခေါင်ခဲ့တာပါ ရွှေအရိပ်ရယ်၊ ကျွန်မဟာ ကျွန်မပါပဲလို့ အခုမှ ကြက်မွေးလေးနဲ့ သုပ်မချပါနဲ့၊ ကျွန်မဟာ ကျွန်မပါပဲဆိုရင် ဘာလို့ ကိုယ့်ကို အစတည်းက အမှန်အတိုင်းမပြောခဲ့လဲ ...

မင်းပြောချင်ရင် ပြောလို့ရပါတယ်၊ တမင်မပြောဘဲ ကိုယ်နဲ့ ချစ်သူတွေဖြစ်တဲ့အထိ မင်းပါးစပ်ပိတ်နေခဲ့တာပါ၊ အဲဒီအချိန်ထိ မင်း ကိုယ့်ကို စမ်းသပ်ဆဲပါ။ ဒါပေမဲ့ မင်း တစ်ခုမှားသွားခဲ့တယ် ရွှေအရိပ်၊ အဲဒီအချိန်တုန်းကသာ မင်း ဖွင့်ပြောခဲ့ရင် မင်းကို ငါ လက်ထပ်ဖို့ လုံးဝစဉ်းစားမိတော့မှာမဟုတ်ဘူး ...

မင်းသိလား၊ ငါက ကိုယ့်ထက် အဆမတန်ချမ်းသာနေတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ချင်တဲ့ကောင်မဟုတ်ဘူး"

"ဘာဆိုင်လဲ၊ ကျွန်မတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်ချစ်နေကြတာပဲ"

"အဲဒီတစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်ဆိုရာမှာ ချစ်ခြင်းကို ယုံကြည်စော်ကားမှုတွေပါခဲ့ရင်တော့ အဲဒီအချစ်က အလကားပဲလေ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းနဲ့ စကားတွေများ ရန်မဖြစ်ချင်ပါဘူး ရွှေအရိပ်၊ အဲဒီဘဝမျိုးကြီးကိုလည်း သိပ်စက်ဆုပ်ပါတယ် ဒါပေမဲ့ မင်းပေးထားတဲ့ဒဏ်ရာကြောင့် မင်းကို ပျော်ရွှင်အောင်လုပ်ပေးနိုင်မှာလည်း မဟုတ်တော့ဘူး ... အဲဒီအတွက် စိတ်မကောင်းပါဘူး"

သူက စကားအကုန်ပြောလိုက်ကာ ထိုင်ရာမှ မတ်တတ်ထရပ်လိုက်သည်။ သူ မတ်တတ်ထသောအခါ သူမကပါ လိုက်ထလျက် ...

"အဲဒါ ဘယ်သွားမှာလဲ မောင်"

"ကိုယ် အလုပ်လုပ်တဲ့ဆိုင်ကိုသွားမှာ၊ အဲဒီမှာပဲ စားဖိုမှူး အလုပ်ကို ဆက်လုပ်မှာ၊ မင်း ကန့်ကွက်ဖို့ မစဉ်းစားနဲ့၊ ကိုယ်ဟာ အစတည်းက စားဖိုမှူးတစ်ယောက်ဆိုတာ မင်း သိထားပြီးချစ်ခဲ့တာပဲ၊ အခုလည်း အဲဒီအတိုင်းပဲ ဆက်လက်ခံရလိမ့်မယ် ရွှေအရိပ်"

သူက ပြောပြီးလျှင် အိမ်ရှေ့သို့ထွက်လာကာ စားပွဲပေါ်ရှိ ကားသော့ကို ကောက်ယူလိုက်သည်။ သူမက သူ့နောက်ပါးမှ လိုက်ပါလာကာ ...

"အဲဒါက ဘယ်ကိုသွားမှာလဲ မောင်"

"ပန်းမြတ်တော်ဝင်ကို ကိုယ့်ဘာသာသွားမှာလေ၊ မင်းလည်း ကားပါတာပဲ မဟုတ်လား၊ ကိုယ့်ဟာကိုယ်ပဲသွားကြတာပေါ့ ...

ကဲ ... သွားမယ် လာ၊ ကိုယ် တံခါးပိတ်ရဦးမယ်"



သူမက တစ်စုံတစ်ခုပြောမည့်ဟန်ပြုပြီးမှ မပြောတော့ပေ။ သူ့ရှေ့ကအရင်ဆင်းသွားသည်။ သူမကားက ဆိုက်ကာနက် မည်းလုံးလုံးကြီးဖြစ်ကာ ခံ့ညားလွန်းပါသည်။ သူ့ရဲ့ ဗောက်စ်ဝက်ဂွန်လိပ်ပုလေးနှင့် ဘာမှမဆိုင်။ ဒီအဖြစ်ကို သိမ်ငယ်တာမျိုး မဟုတ်ပေမယ့် သူ့ရင်ထဲတွင် အဲဒီအတွက်တော့ တကယ်ပဲ မခံစားနိုင်ပါ။ သူမက ကားတံခါးကိုဖွင့်ကာ ကားပေါ်တက်ခါနီးမှာပင် သူ့ကို တစ်ချက်လှည့်ကြည့်ကာ ...

"တစ်ခုတော့ရှိတယ် မောင်၊ အဲဒီဆိုင်မှာပဲ ရှင် အရင်လို နေ့နေ့ညညနေဖို့ မဖြစ်နိုင်တော့ဘူးနော်၊ ဆိုင်ပိုင်ရှင်နဲ့ စကားပြောဖို့ လိုမယ်ထင်တယ်"

"မင်းအတွက် အိမ်ပြန်လာရမယ်ဆိုတာ ကိုယ် နားလည်ပါတယ်၊ စိတ်ချပြီး ဖြောင့်ဖြောင့်သွားပါ"

သူမက ပြီးတာပဲဟူသော သဘောဖြင့် မေးကို တစ်ချက်ပင့်တင်ကာ ဘာမှမပြောတော့ဘဲ ကားပေါ်တက်ပြီး မောင်းထွက်သွားသည်။ သူသည် ကားပေါ်တက်ကာ ခြံဝထိ ကားကိုဘက်ခ်ဆုတ်၊ ပြီးတော့ စင်တီရာတိုင်ကို ခပ်ကြမ်းကြမ်း ဆွဲလှည့်ကာ တစ်ရှိန်ထိုးမောင်းထွက်သွားသော မိန်းမတစ်ယောက်ကို သတိလက်လွတ်ငေးမောကြည့်နေပြီးမှ သူ့ကားလေးပေါ်သို့ တက်ကာ အိပ္ပံ့ အိပ္ပံ့ မောင်းထွက်လာခဲ့သည်။

သူမရှိသောနေရာသို့ သူ ရောက်မလာသောအခါ သူရှိသောနေရာသို့ ရောက်လာခဲ့သော သူမရဲ့အပြုအမူကို ရင်ဝမှ ပျော်လင့်မထားခဲ့သဖြင့် တိတ်တဆိတ် ကျေနပ်ခဲ့ရသော်လည်း ဒါဟာ သူ့ရင်ထဲက နာကျင်မှုကို အပြီးတိုင် မဖြေဖျောက်နိုင်သေး

www.burmeseclassic.com

www.burmeseclassic.com



ချေ။ အကယ်၍ ညကသာ သူမ ရောက်မလာခဲ့ဘူးဆိုလျှင် သူတို့ရဲ့ဆက်ဆံရေးမှာ ဒီထက်ကျဲတောက်အေးစက်သွားနိုင်ပါသည်။ အခုရော လက်ထပ်ပြီးစဖနီးမောင်နှံရဲ့ဘဝဟာ ကြည်နူးစရာအပြည့်နဲ့ ပျော်စရာကောင်းနေလို့လား။ ဒီအခြေအနေကြီးဟာ ဘယ်အထိဆက်သွားနေဦးမှာလဲဆိုတာလည်း သူမသိ။

သချာတာကတော့ သူ့ရင်ထဲကပန်းသီးသည် ဆူးအပြည့်နဲ့ပန်းသီးတစ်လုံးပဲ ဖြစ်ပါသည်။



## ၁၇

"အစ်ကိုကြီး ... ဘွားဘွားက အစ်ကိုကြီးကို တွေ့ချင်လို့တဲ့၊ ခေါ်ခိုင်းလိုက်ပါတယ်ရှင်"

သူက စာအုပ်တစ်အုပ်ကို ဖတ်နေရင်းမှ မော့ကြည့်လိုက်လျှင် အိမ်ကကောင်မလေးက သူ့ကို ရိုကျိုးသောအမူအရာဖြင့် ရပ်ကြည့်လို့နေသည်။

ဒီနေ့ သူ့ရဲ့အားလပ်ရက်ဖြစ်သည်။ ဒါကြောင့် ခြံထဲကခုံတွေမှာ အေးအေးဆေးဆေး စာဖတ်နေရင်းမှာပဲ ကောင်မလေးတစ်ယောက်က သူ့ကို လာခေါ်တာဖြစ်လေသည်။ သူက သက်ပြင်းကို အသာရှိုက်လျက် ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် ကောင်မလေးက ပြန်လှည့်ထွက်သွားသည်။

ခဏနေတော့မှ သူက စာအုပ်ကိုပိတ်ကာ အိမ်တော်ကြီးရှိရာသို့ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။ အိမ်နဲ့ခြံဝင်းကြီးသည် ကြီးမားကျယ်ပြန့်သလောက် သူ့စိတ်ထဲမှာတော့ ကျဉ်းကျပ်သလို ခံစားရပါသည်။ အလုပ်ပိတ်ရက်မို့ သူ့အိမ်လေးမှာ ပြန်နေဖို့စိတ်ကူးသော်လည်း မနက်ခင်းမိုးလင်းတည်းက သူမက မှာသွားသည်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နေ့လယ်စာ ပြန်လာစားမှာ မောင်၊ ဒီမှာပဲနေပါ့"ဟု ဆိုသွားသောကြောင့် သူ့အကြံအစည်ကို လက်လျှော့လိုက်ရတာဖြစ်သည်။ သူနဲ့ သူမရဲ့ လက်ထပ်ခြင်းသတင်းသည် လက်မှတ်ထိုးပြီး နောက်တစ်နေ့မှာပဲ နေ့စဉ်ထုတ်သတင်းစာ နှင့် စောင်နှင့် အခြားနာမည်ကြီးဂျာနယ်သုံးစောင်မှာပါ လက်ထပ်ပြီးခြင်းကြော်ငြာပါလာသောကြောင့် သူ့ဆိုင်ကလူတွေမှာတော့ တအံ့တသြပင်။ အားလုံးက သူ့ကို လှိုထားတယ်ချည်းပဲ ရှုပ်နေကြသည်။ သူ့မှာလည်း ကိုယ့်စမ်းနာကိုယ်သာသိ ဆိုသလိုပင်။ သူတို့ဆိုင်က ကောင်လေးတွေတချို့ကတော့ သူ့ကို အံ့သြတကြီး လက်တို့ကာ ...

"အစ်ကိုက ရွှေအရိပ်ရဲ့ယောက်ျားဟုတ်လား၊ အဲဒါ ဘာဖြစ်လို့ ဒီမှာပဲဆက်လုပ်နေတာလဲ"

"ဩော် ... သူ့အလုပ်နဲ့သူ၊ ကိုယ့်အလုပ်နဲ့ကိုယ်ပေါ့ကွာ"

"ဟား ... အစ်ကိုကလည်း သက်သက်လာနောက်နေပြန်ပြီ ဒီလောက်လုပ်ငန်းတွေများတာကိုတော့ ဝင်မလုပ်ပေးဘဲနဲ့ အဲဒီ ထက်ထရေးဒင်းမှာဆို လူတိုင်းလုပ်ချင်လွန်းလို့ ဟိုတယ်တွေတောင် သုံးလေးခုပိုင်တဲ့ဟာ။ အဲဒီ ဟိုတယ်တွေမှာပဲ အစ်ကို Chife Cook ဝင်လုပ်ဦး ...

ခုတော့ ဘာမဆိုင် ညာမဆိုင်"

အဲဒီလိုတွေပြောတဲ့လူကလည်း ပြောသလို၊ တချို့ကလည်း သူတို့ ဘယ်လိုများတွေ့ဆုံသွားပါလိမ့်။ ဘာ့ကြောင့် မင်္ဂလာပွဲကို အကြီးအကျယ်မပြုလုပ်တာပါလိမ့်ဟု စိတ်ဝင်စားသူတွေလည်းရှိသည်။



"ဘာဖြစ်လို့ ဒင်နာတွေ ဘာတွေတောင် မလုပ်တာလဲဗျာ၊ ကြီးကြီးကျယ်ကျယ်တောင် လုပ်ရမယ့်ကိစ္စမှာ"

"ကိုယ်က မလုပ်ချင်တာပါ၊ သူကလည်း အဲဒါမျိုးပွဲတွေကို ငြီးငွေ့တယ်၊ အဲဒီနေရာတွေမှာ ပိုက်ဆံအကုန်ခံမယ့်အစား တကယ်လိုအပ်နေတဲ့ နေရာတွေမှာ မင်္ဂလာဦးအလှူအဖြစ် လှူဒါန်းလိုက်ကြတာပါ"

အဲဒါတော့ ဟုတ်သည်။ သူမသည် သူ့စကားအတိုင်း တကယ်လိုအပ်သောနေရာတွေမှာ အနည်းမြောမရှိ အမြောက်အများ လှူဒါန်းခဲ့သူဖြစ်သည်။ လှူဒါန်းခဲ့သောငွေပမာဏတွေကို ပေါင်းကြည့်လိုက်လျှင် သူတောင် တိတ်တခိုးဖျားသွားရပါသည်။ ဒါတွေကို သူတင်မဟုတ်ဘဲ တခြားသူတွေကလည်း သိကြသည်။ သူတွေအဓိကစိတ်ဝင်စားဆုံး အကြောင်းအရာမှာ သူနဲ့ သူမတို့ တွေ့ဆုံမှုပဲဖြစ်ပါသည်။

"ဘယ်လိုတွေ့ကြတာလဲဗျာ၊ အရမ်းအံ့သြဖို့ကောင်းတယ်"ဆိုတာကတစ်မျိုး။ တချို့ကျပြန်တော့လည်း ...

"ရွှေအရိပ်လို မိန်းမတစ်ယောက်ကို ရအောင်ပိုးနိုင်တယ်ဆိုတော့ ငါတို့က တော်တော့်ကို အရည်ချင်းရှိလို့ပဲ၊ ဒီကလေးမလေးက အရည်အချင်းထက် ယုံကြည်မှုကိုတောင် ပိုဦးစားပေးတယ်လို့ကြားတယ် ...

ခင်ပွန်းသည်အဖြစ် ရွေးချယ်တယ်ဆိုတော့ တော်တော့်ကို ယုံကြည်လို့ပေါ့"

ဟုတ်ကဲ့။ အဲဒီလို ယုံကြည်မှုအတွက် သူ့နှလုံးသား တစ်ခုလုံးကို မွမွကြေသွားခဲ့သည်ဆိုတာကိုတော့ ဘယ်သူမှမသိ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ မချိုပြုံးတစ်ခုနှင့်သာဟန်လုပ်နေရသည်။ ရွယ်တူတန်းတူ အပေါင်းအသင်းတွေကတော့ လူငယ်ပီပီ ရင်ဘတ်နှင့်မှတ်ချက် ပေးသည်။

"မင်း ဂုဏ်ယူဝမ်းသာရမှာတစ်ခုက ရွှေအရိပ်က မင်းကို တကယ်ချစ်တယ်ဆိုတာပဲ၊ သူ့အနေအထားနဲ့ဆို မင်းထက် သာတဲ့ယောက်ျားတွေ သူ့ဘေးနားမှာ ဝိုင်းဝိုင်းလည်နေမှာပဲ လေ၊ ဒါတွေကို ဂရုမစိုက်ဘဲနဲ့ မင်းကိုပဲ ဘဝလက်တွဲဖော် အဖြစ် ရွေးချယ်ခဲ့တာ တကယ့်ကို နှလုံးသားနဲ့ ချစ်လို့ ဆိုတာ ထင်ရှားနေတာပဲ ...

အချစ်ကို တကယ်သတ္တိရှိစွာနဲ့ ရွေးချယ်လိုက်တာပဲ ကွ"

ဒီအပြောကိုလည်း သူက မချိုပြုံး ပြုံးခဲ့ရပြန်သည်။ သူကတော့ သူငယ်ချင်းပြောသလိုမထင်ပါ။ သိပ်ချမ်းသာလွန်းသော ကြောင့် သူမက ငွေရေးကြေးရေးရှိသူကို ဂရုမစိုက်တော့။ အချစ် အပေါ်မှာလည်း သစ္စာရှိခဲ့သူမဟုတ်ပါ။ အချစ်ကို သံသယကလပ် ပေါ်တွင်တင်ကာ အမျိုးမျိုးစမ်းသပ်စစ်ဆေးခဲ့ပြီးမှ ဘဝထဲထည့် လိုက်သည်ဟု သူကတော့ ထင်သည်။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း နေသလို ဖြစ်မည်စိုးသောကြောင့် ဘယ်သူ့ကိုမှ သူက ရှည်ရှည် ဝေးဝေးရှင်းပြမနေတော့ပါ။ သေချာတာကတော့ သူတို့ထင်သလို သူဟာ ကံကောင်းသောလူတစ်ယောက် မဟုတ်ခဲ့တာတော့ အမှန် ပဲဖြစ်သည်။

လက်ထပ်ပြီးစအချိန်တန်းက သူမက သူ့ကို ဖူးကက် ကျွန်းသို့ ဟန်းနီးမွန်းသွားမလားဟု မေးခဲ့သေးသည်။ တခြား



ဘယ်မှမသွားဘဲ အဲဒီကျွန်းမှာတင် အေးအေးဆေးဆေး တစ်ပတ် လောက် အချိန်ဖြုန်းကြမယ်ဟု ဆိုသော်လည်း သူက စိတ်မပါသလို နှင့် ငြင်းဆန်ခဲ့ပါသည်။ အမှန်တော့ စိတ်မပါတာမဟုတ်။ သာ ယာလှပဆုံးသော ကမ်းခြေတစ်ခုမှာ ချစ်သူနှင့်အတူတူ ပျော်ရည် ဆမ်းရမှာလောက် ကြည်နူးစရာကောင်းတဲ့ အဖြစ်အပျက်မျိုး မရှိ ဘူးဟုထင်သည်။ ဒါပေမဲ့ အဲဒီကိုသွားဖို့ ကုန်ကျစရိတ်တွေကို သူ မတတ်နိုင်။ ဒီတော့ ဘယ်သူက ထုတ်မလဲ။ အဖြေကရှင်းနေ တာပဲဖြစ် သည်။ ဟန်းနီးမွန်းခရီးထွက်ဖို့ မိန်းမတစ်ယောက်၏ ငွေကို ကပ်သုံး ရတာလောက် အောက်တယ်ဟုထင်မိတာ မရှိတော့ချေ။ ပြီးတော့ ဒီမိန်းမသည် သူ့ကို သံသယမျက်လုံးဖြင့် ကြည့်ထားခဲ့သော မိန်းမဖြစ်သည်။ ဒါကို သူက သူမနှင့် ပျော်ပျော်ကြီး ဟန်းနီးမွန်း ထွက်နေရမည်တဲ့လား။ သူ့ရင်ထဲမှာ တကယ့်ကို ခါးနေခဲ့ပါသည်။

အတွေးတွေနှင့်အတူ အိမ်ထဲသို့ လျှောက်ဝင်လာခဲ့ သော သူဟာ အဘွားရဲ့အခန်းရှေ့အရောက်မှာတော့ ခြေစုံရပ်မိ လျက် တံခါးကို အသာခေါက်မိသည်။ အခန်းတံခါးကို သူနာပြု ဆရာမက လာဖွင့်ပေးပါသည်။ သူသည် အခန်းထဲသို့ ဝင်လာကာ အဘွားရှိနေသော ခုတင်ဘေးမှာ မတ်တတ်ရပ်လိုက်လျှင် ဆရာမ က ခုတင်ဘေးကခုံမှာဝင်ထိုင်ဖို့ အသာလက်ဟန်ခြေဟန်ပြသည်။ ပြီးလျှင် ဆရာမက အဘွားအနားသို့ အသာတိုးကပ်ကာ ...

"ဘွား ... ကိုသူထက်ထူး ရောက်လာပါပြီ"

အဘွားက မှေးမှိတ်ထားသော မျက်လုံးများကို အသာအယာပဲဖွင့်ကြည့်လေသည်။ ကြည့်လိုက်တာနှင့် ဘဝရဲ့ နောက်ဆုံးနေ့ဝင်ချိန်ရောက်နေပြီဖြစ်မှန်း သိသာနေသော အဘွားကို

www.burmeseclassic.com

www.burmeseclassic.com



သူက ကရုဏာသက်စွာဖြင့် လက်များကို သွားရောက်ဖျစ်ညှစ်ဆုပ်ကိုင်မိသည်။

"ဘွား ... သက်သာရဲ့လားဟင်"

"အင်း ... ဒီလိုပါပဲကွယ်၊ သားကို ခေါ်ခိုင်းလိုက်တာ တွေ့ချင်တာရယ်၊ စကားနည်းနည်းပြောချင်တာရယ်ကြောင့်ပါ"

"ဟုတ်ကဲ့ပြောပါ အဘွား၊ ကျွန်တော် နားထောင်နေပါတယ်"

"သား အရိပ်နဲ့ အဆင်မပြေဘူးမဟုတ်လား"

အဆင်ပြေရဲ့လားတွေ ဘာတွေ မမေးတော့ဘဲ အဆင်မပြေဘူးမဟုတ်လားဟု တန်းမေးသော အဘွားကြီးကို သူက ဖျားသွားရသည်။ အေးပေါ့လေ။ သူ့မြေးအကြောင်း သူက အသိဆုံးနေမှာပေါ့။ ဆိတ်ဆိတ်ငြိမ်ခြင်းသည် ဝန်ခံခြင်းဆိုပေမယ့် သူက တစ်ခွန်းတော့ပြောလိုက်သေးသည်။

"ကျွန်တော် သူ့ကို စိတ်ဆင်းရဲအောင် ဘာမှ မလုပ်ပါဘူး အဘွား"

အဘွားကြီးက ယဲ့ယဲ့မျှပြုံးလေသည်။ သူ့လက်ကို ပြန်၍ ဖျစ်ညှစ်လိုက်သောလက်ဖျားမှာ ခပ်နွေးနွေးရှိနေကြသည်။

"လောကမှာ လူကို ညှဉ်းပန်းနှိပ်စက်နေမှ စိတ်ဆင်းရဲအောင် လုပ်တယ်လို့ပြောတာမဟုတ်ဘူး သား၊ စိတ်ဆင်းရဲအောင် မလုပ်ပေမယ့်လည်း စိတ်ချမ်းသာအောင်လည်း လုပ်မပေးနိုင်ဘူးမဟုတ်လား"

"ဒါကတော့ ..."



ဆက်မပြောမည်ပြင်သော သူ့ကို အဘွားကြီးက အသာ လက်ကာပြသည်။

"ဘွား နားလည်တယ် သား၊ လောကမှာ ကိုယ်စိုက်ပျိုးတဲ့ အသီးကို ကိုယ်ပြန်ရိုးဆွတ်ရတာပဲ၊ အရိပ်လုပ်ခဲ့တဲ့ အကျိုးဆက်ကို အရိပ် ခံစားရတာပဲ ...

တကယ်တော့ ဘွားမြေးမလေးဟာ သိပ်သနားဖို့ကောင်းသူလေးပါ၊ သား သူ့ဘဝအကြောင်းကို ဘယ်လောက်သိသလဲ"

"ကျွန်တော် သူ့ကို ပိုးဆိုတဲ့ မိန်းကလေးအဖြစ်နဲ့တောင် သူ့နောက်ကြောင်းကို အဲဒီလောက်စိတ်ဝင်တစား မစုံစမ်းခဲ့ပါဘူး၊ သူဟာ ရွှေအရိပ်ဆိုတာကို သိသွားပြီးတဲ့နောက် သူ့ဘဝကို ပိုတောင်စိတ်တဝင်စား မရှိသေးတယ်"

"အဲဒါ သား မှားတယ်၊ လောကမှာ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံရေးတွေ ပြေလည်စေချင်ရင် ပြဿနာရဲ့ ဇာစ်မြစ်ကို သိအောင်လုပ်ရတယ် ...

ဘယ်အရာမှ အကြောင်းအကျိုးမဲ့ဖြစ်လာတာ မရှိဘူး၊ လူတစ်ယောက်ဆိုးတယ်၊ ဆိုက်ကိုဖြစ်တယ်၊ အဲဒီနောက်ကွယ်မှာ အဲဒီလိုဖြစ်လာတဲ့ အကြောင်းရင်းတစ်ခုတော့ ခိုင်ခိုင်မာမာရှိတယ်လေ ...

အဲဒါကို သိသွားရင် တော်တန်ရုံကို နားလည်ပေးနိုင်သွားတယ်၊ နားလည်မှုပေးနိုင်ရင် ဆက်ဆံရေးတွေလည်း အဆင်ပြေလာနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အဘွားကို ဘာမှ ပြန်မပြောမိဘဲ အံ့သြစွာငေး ကြည့်နေမိသည်။ အဘွားက ခဏနားပြီးမှ စကားကို ဆက်ပြော ပါသည်။

"ဘွားမြေးလေးဟာ ငယ်ငယ်လေးကတည်းက မိဘမေတ္တာ ငတ်ခဲ့ရတဲ့ ကလေးမလေးပါ၊ အမေနဲ့အမေဆိုတာ သူ့ကို ဂရုမစိုက်နိုင်လောက်အောင်ကို သူတို့ ဓာတ်လမ်းတွေနဲ့ သူတို့ရှုပ်နေကြတာ၊ ဒီလောက်ပြောရင် သဘောပေါက်ပေါ့ ကွယ်၊ သူ ဆယ်နှစ်သမီးမှာပဲ သူ့အမေက တွဲနေတဲ့ ယောက်ျားတစ်ယောက်နဲ့ အတူတူ ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားတယ် ...

နောက်ထပ် သုံးနှစ်လောက်ကြာတော့ ဖအေက အသည်းခြောက်ပြီးသေသွားပြန်ရော၊ ငွေကြေးကလွဲပြီး မေတ္တာတရားတွေ မပြည့်စုံခဲ့တဲ့ ဘွားရဲ့မြေးလေးကို အားငယ်ပြီး သတ္တိမရှိမှာစိုးလွန်းလို့ စိတ်ဓာတ်တွေ မာကျောလာဖို့၊ လူတိုင်းကို မယုံကြည်တတ်ဖို့ ဘွားကပဲ လေ့ကျင့်ပေးခဲ့တာပါ၊ လောကကြီးထဲမှာ တစ်ယောက်တည်းရပ်တည် ရမယ့် မိန်းကလေးအတွက် စိတ်ဓာတ်ခွန်အားတွေ ပြည့်ဝနေဖို့ လိုတယ်လို့ထင်လို့ လူတိုင်းကို အလွယ်တကူ မယုံကြည်တတ်ဖို့ ဘွားကပဲ လေ့ကျင့်ပေးထားခဲ့တာပါ"

အဘွားက ပြောနေရင်းနဲ့ မောလာသလို စကားစ ပေါ်သွားသည်။ မလှမ်းမကမ်းမှာရှိနေသော နာ့စ်က ဘွားကို ခဏနားဖို့ပြောကာ ရေနည်းနည်းလာတိုက်သည်။ သူသည် အဘွား ရဲ့ခုတင်ဘေးက စားပွဲပေါ်တွင်တင်ထားသော ဓာတ်ပုံစတန်းလေးထဲ



မှ ဓာတ်ပုံကို စိုက်ကြည့်မိသွားသည်။ ဓာတ်ပုံထဲတွင် သူမနှင့် အဘွားတို့ တူယှဉ်တွဲ၍ ရိုက်ထားတာဖြစ်ပြီး သူမက အဘွားကို နောက်ကျောမှ သိုင်းဖက်ထားသည်။

ဓာတ်ပုံရဲ့သက်တမ်းမှာ တော်တော်တောင်ကြာနေခဲ့ ပြီဖြစ်သည်။ အဘွားတောင် အခုတော့နုပျိုကာ လှပနေဆဲ။ သူမ သည်လည်း ချာတိတ်မလေးအရွယ်သာရှိသေးလေသည်။ ဆံပင် တိုဖောင်းဖောင်း၊ ချစ်စဖွယ်ပါးဖောင်းဖောင်းလေးများနှင့် အင်မတန် အပြစ်ကင်းစွာ ရယ်မောရှိနေသည်။ လောကကြီးကို ရိုးရှင်းသည့် အမြင်နှင့်ကြည့်တတ်သော ဖြူစင်သည့် အသွင်သဏ္ဌာန်ရှိသည့် ကောင်မလေး။ အဲဒီကောင်မလေးဟာ ဘာကြောင့်များ ရက်စက်စွာ သံသယကြီးတတ်တဲ့ နှလုံးသားပိုင်ရှင် ဖြစ်သွားရတာတဲ့လဲ။

သူသည် သူမရဲ့ပုံလေးကို စိုက်ကြည့်ရင်းမှ ရင်ထဲ တွင် နင့်လာသည်။ သူမကို သူ သိပ်ချစ်ခဲ့ပါသည်။ ချစ်ခြင်းနှင့် နာကျင်ခြင်းတို့သည်လည်း ရောပစ်မရအောင် အတူအချိုးကျနေကြ သည်။

"သူ့ဘဝမှာ စိတ်အေးချမ်းသာစွာနဲ့ နေခဲ့ရတယ်ဆိုတာ မရှိသလောက်ကိုရှားခဲ့တယ်"

အဘွားက အမောပြေသွားဟန်ဖြင့် စကားကို ပြန် ဆက်သည်။ သူက တစ်ခါမှ မသိရသေးသော သူမအကြောင်း များကို လေးနက်စွာဖြင့် နားထောင်နေမိလေသည်။

"ငွေကြေးတွေ တစ်ပုံတစ်ပင်ချမ်းသာတာနဲ့အညီ အဲဒီ ငွေကြေးတွေကို ထိန်းချုပ်နိုင်တဲ့ အရည်အချင်းမျိုးရှိဖို့ အတွက် ငယ်ငယ်တည်းက ပညာကို ကြိုးကြိုးစားစားမတ်မတ်

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားနိုင်ခဲ့တာ၊ နိုင်ငံခြားမှာ ကျောင်းသွားတက်တာတွေ ခေတ်မစားခင်တည်းက သူက ဟိုးငယ်ငယ်လေးတည်းက State ကျောင်းတွေကို နိုင်ငံခြားမှာ သွားတက်ခဲ့တာလေ"

"ဪ"

သူက အဘွားအခန်းရဲ့ နံရံမှာချိတ်ထားသော သူမရဲ့ ဘွဲ့ဓာတ်ပုံထံသို့ အကြည့်ရောက်သွားပြန်သည်။ နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှာ ဘွဲ့ယူထားဟန်ရှိသည့် သူမသည် လွတ်လပ်ပေါ့ပါးသောစတိုင်လ်ဖြင့် ဘွဲ့ယူထားကာ အဘွားနဲ့အတူ ပြုံးပြုံးရွှင်ရွှင်ရှိနေသည်။

"ဘွားတို့ကုမ္ပဏီက တချို့ဟာတွေက ကိုယ်ပိုင်ဖြစ်ပေမယ့် တချို့ဟာတွေကျတော့ တခြားပါတနာတွေနဲ့ ဖွဲ့စည်းထားတာတွေရှိတယ်၊ ကုမ္ပဏီက ဘွားအနားမယူခင်အချိန်ထိ သူ့ကို ရာထူးကြီးကြီးပေးဖို့တောင် လွယ်လွယ်ပေးလို့ရခဲ့တာမဟုတ်ဘူး၊ တကယ်လုပ်ပြပြီး တကယ်တော်တယ်ဆိုမှ သူ ရခဲ့တာ ...

ဘွား အနားယူတော့မယ် အိမ်ကပဲ လိုအပ်တဲ့အကြံဉာဏ်လောက်သာ ပေးတော့မယ်ဆိုတော့လည်း သူ့မှာ ဘွားနေရာကို ဆက်ခံဖို့အတွက် အတိုက်အခိုက်၊ အခက်အခဲတွေကြားက ဖြစ်အောင်လုပ်ပြခဲ့တာ၊ လူတွေက သူ့ကို အလွယ်တကူ မယုံကြည်ကြဘူးဆိုတဲ့အသိနဲ့ သူကလည်း ဘယ်သူ့ကိုမှ မယုံတော့ဘူး ...

လူတစ်ယောက်အပေါ်မှာ အပြည့်အဝ ယုံကြည်ဖို့အတွက် သူ အမြဲတမ်း test လုပ်တတ်လေ့ရှိတယ်၊ အဲဒါ



ကလည်း ရှေ့ကဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကြောင့် ဖြစ်သွားရတဲ့ အကျိုးတရားတွေပေါ့ကွယ်၊ သူ့ရဲ့ပင်ကိုယ်စိတ်ရင်းလေးကတော့ ကောင်းရှာပါတယ် ...

ပြီးတော့ သူ့ဘဝမှာ အချစ်ဆိုတာ သိပ်ထိတွေ့ပတ်သက်မှုမရှိခဲ့ဘူးလေ၊ သားကို သူ တကယ် ချစ်ရှာတာပါ"

သူက အဲဒီစကားကိုတော့ နှုတ်ခမ်းတွန့်ရုံလေးပြုံးမိလေသည်။ တကယ်ချစ်ခဲ့ပေမယ့် ရိုးသားခဲ့တဲ့ချစ်ခြင်းမှ မဟုတ်ဘဲ။ အချစ်တစ်ခုမှာ ချစ်နေရုံနဲ့လည်းမပြီးဘဲ ရိုးသားမှုရှိဖို့လည်း လိုအပ်သေးသည်လေ။

"သားအနေနဲ့ အရိပ်ကို စိတ်ကွက်ကောင်းကွက်နေလိမ့်မယ်၊ ခဏတဖြုတ် အတိုင်းအတာအနေနဲ့ဆိုရင်တော့ ဘွား ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ တစ်သက်လုံးအတွက်တော့ အာဃာတတွေမထားပါနဲ့တော့ သားရယ် ...

ခွင့်လွှတ်နားလည်ပေးလိုက်ပါ နော်"

သူက ဘာမှ ပြန်မပြောမိဘဲ ခေါင်းကိုငုံ့လျက် ကြမ်းပြင်ကို တွေဝေစွာစိုက်ကြည့်မိသည်။ မဖြစ်နိုင်သေးသော ကတိတစ်ခုကို လွယ်လွယ်နှင့်လည်း မပေးချင်ပါ။ အဘွားကလည်း သူ့ကို ထပ်မမေးတော့။ ခဏကြာလျှင် တိတ်ဆိတ်လာသဖြင့်သူက မော့ကြည့်မိသည်။ အဘွားရဲ့မျက်လုံးတွေက မျက်နှာကြက်သို့ စူးစိုက်ငေးနေကာ ရီဝေစွာ ငြိမ်သက်နေကြသည်။ သူသည် အဲဒီ ပုံစံကို ပထမတော့ ကြောင်ငေးပြီးကြည့်နေကာ နောက်တော့မှ သတိဝင်လာလျက် ...

www.burmeseclassic.com

www.burmeseclassic.com



“ဆရာမ ... ဆရာမ ... ဒီမှာ ဘာဖြစ်တာလဲ မသိဘူး၊ အဘွား ... အဘွား”

သူက အဘွားရဲ့လက်ကို လှုပ်နှိုးသလို စောင့်နေသော ဆရာမကလည်း အပြေးလာကာ အဘွားကို ကမန်းကတန်းကြည့်ရှုသည်။ ပြီးတော့ လက်ကောက်ဝတ်သွေးကြောကိုစမ်း၊ နှလုံးကိုနားကြပ်နှင့် ထောက်ကြည့်ကာ သူ့ကို မျက်လုံးအဝိုင်းသားဖြင့် လှည့်ကြည့်လျက် ...

“နှလုံးအခုန်ရပ်သွားပြီ”

“ဗျာ ... ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ၊ ဆုံးသွားပြီရှင့်၊ ဒုက္ခပါပဲ၊ အိမ်သားတွေကို အကြောင်းကြားမှ ဖြစ်တော့မယ်၊ ခဏလေး”

ဆရာမက အခန်းအပြင်ဘက်သို့ လှစ်ခနဲထွက်သွားချိန်ဝယ် သူက အခန်းထဲမှာ ကြောင်တောင်တောင်ဖြင့် ကျန်ရစ်ခဲ့ရသည်။ ဘယ်လိုဖြစ်တာလဲ။ ခုနကလေးတင် သူ့ကို စကားတွေအများကြီးပြောခဲ့သေးသည်။ သူ မသိသေးသော အကြောင်းအရာတွေကို ရှင်းလင်းပြသွားခဲ့သေးသည်။ ပြီးတော့ သူ့မြေးမလေးအတွက် ခွင့်လွှတ်နားလည်ပေးဖို့ တောင်းဆိုသွားခဲ့သေးသည်။ သူ့အခြေအနေသူသိလို့ပဲ ခေါ်စကားပြောသွားခဲ့တာလားတော့ မပြောတတ်ချေ။

သူ ခုတင်နားမှာ ကြောင်တောင်တောင်ရပ်နေတုန်းမှာပဲ အခန်းတံခါးက ဝုန်းခနဲပွင့်လာကာ တစ်စုံတစ်ယောက်က မားမားကြီးရပ်၍ ထွက်ပေါ်လို့လာသည်။ ရွှေအရိပ်သည် အခန်းတံခါးဝမှနေ၍ အဘွားကို တွေတွေကြီးစိုက်ကြည့်နေလေသည်။



မျက်နှာကြက်သို့ မော့ကြည့်နေသော အဘွားရဲ့မျက်လုံးများမှာလည်း ခုထိ မပိတ်ရသေး။ အပေါက်ဝမှနေ၍ ဆို့နင့်စွာစိုက်ကြည့်နေသော ရွှေအရိပ်သည် အဘွားကို ကြည့်ရင်းမှ တစ်ချက်ရှိုက်လိုက်သလိုဖြင့် ဒူးတွေခွေညွှတ်သွားသည်။

သူ့စိတ်ထဲ တွင် အောက်သို့ ပုံလဲသွားပြီအထင်နှင့် ပြေးဖမ်းဖို့ရာ ဟန်ပြင်လိုက်သော်လည်း သူမက နောက်သို့ပုံလဲကျမသွားခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် နောက်ကနေ၍ တစ်စုံတစ်ယောက်က ဆီးဖမ်းထားလိုက်သောကြောင့် ဖြစ်လေသည်။ ပြေးသွားဖို့ဟန်ပြင်နေသော သူ့ခြေလှမ်းများသည် တုံ့သွားကာ သူမကို ဆီးဖက်လိုက်သောသူကို ငေးကြောင်ကြည့်မိသွားသည်။

ရှပ်အင်္ကျီအနက်ကို တံတောင်ဆစ်နားအထိ လက်ခေါက်ဝတ်ထားလျက် Levis ဂျင်း(န်)အရင့် ဝတ်ထားသော ယောက်ျားပီသ ချောမောခန့်ညားသည့် လူတစ်ယောက်ကို သူမအနားမှာ သူ တစ်ခါမှမတွေ့ဖူးပါ။ ဘယ်သူလဲဆိုတာကိုလည်း သူ မသိ။ သို့သော် ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စ ကျုပ်မိန်းမကို ဆီးပွေ့ဖမ်းလိုက်ရတာလဲ ဟု သူ့ပါးစပ်က မမေးမိချေ။ အဲဒီတစ်ယောက်ရဲ့ပုံစံသည် ခင်ဗျားဘယ်သူလဲဟု မေးစရာမလိုတော့လောက်အောင် သူမအပေါ်တွင် ရင်းနှီးမှုများနေသည်။ ဘယ်သူများလဲ။ သူမရဲ့ ဆွေမျိုးသားချင်းများလား။

အဲဒီလိုလည်း မဟုတ်ဘူးဆိုတာကို သူ့စိတ်က အလိုလိုသိနေပါသည်။

“အရိပ် ... အရိပ် ... သတိထားစမ်းပါဦး”

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက အရိပ်ရဲ့မေးဖျားကို ကိုင်ကာ လှုပ်ယမ်းရင်းခေါ်သည်။ အရိပ်ကား လုံး၀ သတိမရတော့ချေ။ အဲဒီအချိန်မှာပဲ ထိုလူက သူ မမျှော်လင့်ထားသော နောက်ထပ်အရာတစ်ခုကို ထပ်လုပ်လိုက်တာဖြစ်သည်။ အဲဒါကတော့ သတိမေ့မြောနေသော သူမကို မွေ့ချီကာ ချာခန့်လှည့်ထွက်သွားခြင်းပဲဖြစ်လေသည်၊ သူသည် အဲဒီမြင်ကွင်းကို ပါးစပ်အဟောင်းသားပွင့်ငေးကာ ကျန်ရစ်ခဲ့ရသည်။

•○•



## ၁၈

သူ့ဘ၀တစ်လျှောက်လုံးတွင် ဒီလောက်ခမ်းနားကြီးကျယ်သော အသုဘအခမ်းအနားကို တစ်ခါမှ မမြင်ဖူးခဲ့ချေ။ နာရေးသတင်းလာမေးသောသူများမှာ တကယ့်လူကုံထံအသိုင်းအဝိုင်းကချည်းပဲဖြစ်သည်။ နာရေးလာမေးသောကြောင့် မင်္ဂလာဆောင်လာသလို ဖိတ်ဖိတ်တောက် မဆင်ယင်ထားနိုင်သော်လည်း နဂိုရှိရင်းအခံ ကြွယ်ဝမှုများကို ဖုံးမထားနိုင်။ ခြံထဲမှာ ကားတွေ မဆန့်သဖြင့် ခြံအပြင်မှာတောင် တန်းစီပြီး ရပ်ထားရသည်။ ဝမ်းနည်းကြောင်းအထိမ်းအမှတ်ဖြင့် ပေးလာသော ပန်းစည်းတွေမှာ ထိရက်စရာမရှိ လှပလွန်းသဖြင့် သူတောင် အံ့ဩယူရသည်။

ဒီလောက်များပြားလှသော ဧည့်သည်များကို တစ်ချက်မှမလစ်ဟင်းရအောင် အကွက်ကျကျ နေရာချထားကြိုဆိုဧည့်ခံပေးနိုင်သူမှာ တစ်နေ့က အရိပ်ကို ဆီးယူပွေ့ဆောင်သွားခဲ့သော ပုဂ္ဂိုလ်တစ်ယောက်သာဖြစ်သည်။ ဒီလူဟာ ဒီအိမ်မှာ ဘယ်လောက်တောင်များ အရေးပါ အရာရောက်တဲ့သူများလဲဆိုတာ သူ မသိ။ ဘယ်သူ့ကို သွားမေးရမှန်းလဲမသိချေ။ တော်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



အရေးပါသောနေရာမှာ ရှိသည်ဆိုတာကတော့ မှန်းကြည့်၍ရသည်။ အဘယ်ကြောင့်ဆိုသော် လာသမျှဧည့်သည်တိုင်းကို ဒိုင်ခံပြီး ကြိုဆိုနေရာချထားနိုင်သောကြောင့်ဖြစ်သည်။

အသက်အရွယ်ကတော့ သူတို့နဲ့ ရွယ်တူလောက်ပဲ ဖြစ်မည့်ပုံရကာ မျက်နှာက တိကျပြတ်သားမှုဘို့ဖြင့် ခိုင်မာနေသည်။ အရိပ်ကို ကြည့်သောအကြည့်၊ ပြောသောစကားတိုင်းတို့မှာ (၁၀၀) ရာခိုင်နှုန်းသော ဂရုစိုက်ကြင်နာမှုတွေ အပြည့်ပါဝင်နေသည်ဟု သူ ထင်လေသည်။ ရွှေအရိပ်ကရော တစ်သက်လုံးတင်းလာခဲ့သည့် ခွန်အားတွေကို ဒီနေ့မှ လျှော့ချလိုက်သည့်အလား ဧည့်သည်တွေ ကိုတောင် ဂရုမစိုက်နိုင်သည်အထိ တစ်နေရာတွင် ချောင်ကပ်ကာ မှိုလျှော့စွာထိုင်နေသည်။ သည်းသည်းသန့်သန့် ငိုကြွေးမနေပေမယ့် သူမရဲ့ မျက်နှာသည် တစ်စုံတစ်ခုကို အကြီးအကျယ်နာကျင်ကြေ ကွဲနေရသူပမာ စိတ်ထိခိုက်ခြင်းများစွာဖြင့် ရှိနေတာဖြစ်သည်။ အဲဒီမျက်နှာထားပေါ်မှာ သူ သနားကရုဏာသက်ခဲ့ရသော်လည်း နှစ်သိမ့်အားပေးဖို့စိတ်ကူးမရှိခဲ့ပါ။

ကြာလာသောအခါ ဒီနေရာမှာ သူ မနေချင်တော့ သဖြင့် ခပ်လှမ်းလှမ်းနေရာသို့သာ ထွက်ခဲ့တော့သည်။ သူသည် ဒီအိမ်နှင့် ဘာမှမဆိုင်သော လူပိုကြီးတစ်ယောက်လိုဖြစ်နေ၍ပင်။ နာရေးဖြစ်သည့်အတွက် မင်္ဂလာဆောင်မှာလို မိတ်ဆက်ပေးပြီး တွေ့သမျှလူတိုင်းကို သွားအဖြဲသားဖြင့် ရယ်ပြလို့ကောင်းသောနေ ရာလည်းမဟုတ်။ သူနဲ့သိသောလူကလည်း တစ်ယောက်မှမရှိသဖြင့် သူသည် ချောင်ကျကျနေရာမှာသာ ခပ်ကုပ်ကုပ်ထိုင်နေမိတော့ သည်။ သူနှင့် မလှမ်းမကမ်းမှာက မိန်းမတစ်စုထိုင်နေကြလျက်



ထုံးစံအတိုင်း သေသူရဲ့အကြောင်းကို ပြောဆိုနေကြတာဖြစ်သည်။ အင်း ... ဒီမိန်းမတွေဆီက သူ ဘာများသိရလိမ့်ဦးမလဲ။ သူသည် ပျင်းပျင်းရှိရာနှင့် ထိုစကားဝိုင်းက အသံတွေကို နားစွင့်ထား လိုက်သည်။ ထိုမိန်းမတွေကလည်း ကျောပေးထားသောသူ့ကို ဘယ်သူဘယ်ဝါမှန်းတောင် မသိပါ။ စိတ်ဝင်စားပုံလည်း မပေါ်ပါ။

"ဟဲ့ ... အဘွားကြီးက အိပ်ရာထဲလဲနေတာ တော်တော်ကြာ ပြီနော်၊ တစ်နှစ်လောက်ကိုရှိမလားပဲ"

"ဟုတ်တယ်၊ သူ့မြေးအတွက် စိတ်မဖြောင့်သေးတာလည်း ပါချင်ပါမှာပေါ့"

"သူ့မြေး ယောက်ျားရပြီးတာနဲ့ သိပ်မကြာဘူးနော် သွားတာပဲ၊ ဒါနဲ့နေပါဦး၊ ရွှေအရိပ်ယောက်ျားက ဘယ်သူ တဲ့လဲ၊ ဘာလုပ်တာလဲ"

"မသိပါဘူး၊ ငါတို့က နောင်ရိုးနဲ့ပဲ ယူမယ်ထင်နေတာ၊ ဒီလောက်တတွဲတွဲနေနေကြတဲ့ဟာကို၊ နောင်ရိုးကို ဘာလို့မယူတာလဲ မသိဘူး၊ နောင်ရိုးနဲ့ရော ကြိုက်သေးတာ လား၊ ကြိုက်သေးတယ်ထင်တယ်နော်"

"ကြိုက်ချင်လည်းကြိုက်မှာပေါ့၊ ဒီမှာလည်း တတွဲတွဲ၊ နိုင်ငံခြားတွေ ဘာတွေလဲ အတူတူသွားနေကြတာပဲဟာ၊ အင်းလေ ... မယူတာတော့ ရိုးသွားလို့ မယူတာနေမှာပေါ့၊ ဟင်း ဟင်း ... ခုခေတ်က ဒီလိုတွေချည်းပဲဟာ"

သူ့နားထဲတွင် အမြှောက်နှင့်ပစ်ဖောက်လိုက်သလို ခံစားလိုက်ရပြီးနောက် ခေါင်းက အလိုလိုနောက်ဘက်သို့ လှည့် ကြည့်မိတော့မလိုဖြစ်သွားသည်။ သို့သော် သူ့စိတ်ကိုသူ ထိန်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးသည့်နောက်တွင် သူ့နားတွေမှာ အဲဒီအသံတွေကိုပဲ ပြန်ဖွင့်သွားမိသည်။ ရင်ထဲမှာတော့ တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ပင်လယ်ပြင်မှာ မုန်တိုင်းကျသလို လှိုင်းထန်နေကာ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ ဘုရားသခင် ဒီအကြောင်းအရာတွေဟာ အမှန်တွေပဲလား။ ယောကျ်ားတစ်ယောက်၏ ဆင်ခြင်တုံတရားဖြင့် မိန်းမတစ်ဦး ထိုင်ပြောနေသောစကားတွေကို တစ်ထိုင်တည်းယုံပစ်ဖို့ရာ မဖြစ်နိုင်သော်လည်း အလေးထားရမည့်ကိစ္စဖြစ်ကြောင်း နားလည်ရသည်။

သူသည် ခပ်ဝေးဝေးမှာ လှမ်းမြင်နေရသော အရိပ်နားက လူတစ်ယောက်ထံ ဖျတ်ခနဲအကြည့်ရောက်သွားသည်။ ဘယ်သူကမှ အဲဒီလူက နောင်ရိုးပါဟု လက်ညှိုးထိုးမပြပါပဲနဲ့ကို ဒါဟာ နောင်ရိုးပဲဟု တစ်ထစ်ချသိနိုင်သည်မှာ သူတို့နှစ်ယောက်ရဲ့ အင်မတန်ရင်းနှီးနွေးထွေးသော ဆက်ဆံရေးကြောင့်သာပဲဖြစ်နိုင်သည်။ အဝတ်အစားဝတ်ထားတာအစ တိုင်ပင်ပြီး ဆင်တူဝတ်ထားသလိုပင်။ နောင်ရိုးသည် ပိုလိုစပို့ရှပ်လက်တိုကို ဂျင်း(န်)တစ်ထည်ဖြင့် ဝတ်ဆင်ထားလျက် သူမကတော့ အနက်ရောင်ဆွယ်တာလက်ရှည်တစ်ထည်ကို ထုံးစံအတိုင်း ဂျင်း(န်)တစ်ထည်ဖြင့်။ ဘယ်လိုပဲကြည့်ကြည့် အဲဒီနှစ်ယောက်ကသာ သက်ဆိုင်သူတွေလို ဖြစ်နေသည်။

"နောင်ရိုးကတော့ ရွှေအရိပ်ကို တော်တော်ချစ်ပုံပဲ၊ ခုထိကို သံယောဇဉ်မပြတ်နိုင်သေးတဲ့ပုံစံ၊ အေးပေါ့လေ ငယ်ငယ်တည်းက အတူတူကြီးလာခဲ့တဲ့ သံယောဇဉ်တွေဆိုတော့လည်း ..."



"အင်းနော် ... နောင်ရိုးကလည်း ချောပါတယ်ဟယ်၊ အလုပ်တွေဘာတွေလုပ်တာလည်းတော်ပါတယ်၊ ကွန်စထပ်ရှင်တွေကို သူပဲလုပ်နေတာ ..."

စိတ်တော့ဝင်စားစရာပဲ။ ရွှေအရိပ်က သူ့ကို ဘာကြောင့်မယူတာလဲမသိဘူး၊ ဟဲ့ ... ဒါနဲ့ ရွှေအရိပ်ယောကျ်ားရော မတွေ့ဘူးနော်"

သူ့ခန္ဓာကိုယ်မှာ နည်းနည်းတောင် ကျုံ့ဝင်သွားသည်ဟုထင်သည်။ ထိုမိန်းမတွေက ရှေ့သို့သာကြည့်လျက် ဝေ့ဝဲရှာဖွေနေသလိုဖြင့် ခေတ္တအသံတိတ်သွားသည်။ ပြီးတော့မှ ...

"မတွေ့ဘူးဟဲ့၊ ဘယ်ရောက်နေလဲမသိဘူး၊ ရွှေအရိပ်ကို ယောကျ်ားနဲ့လည်း တွဲပြီးမတွေ့ရဘူး၊ မင်္ဂလာဧည့်ခံပွဲတွေ ဘာတွေလဲ မလုပ်ကြဘူးနော်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ယောကျ်ားသာရနေတာ တွေ့လိုက်ရင်တော့ နောင်ရိုးနဲ့ချည်းပဲ"

"အေးလေ ... ဘာသဘောလဲ အဲဒါက၊ ရွှေအရိပ်ယောကျ်ားကလည်း လောက်လောက်လားလားထဲက ဟုတ်မယ်မထင်ပါဘူး၊ လူရှေ့သူရှေ့ထွက်တာကို မတွေ့ရဘူး"

"သြော် ... လောက်လောက်လားလားရှာစရာလားဟယ်၊ သူ့စည်းစိမ်က အင်္ဂလန်က ဘုရင်မကြီးမြေးတောင် ဝယ်လို့ရတဲ့စည်းစိမ်ပဲ၊ ပြီးတော့ ဒီကလေးမက လူတစ်ဖက်သားကို သံသယစိတ်အရမ်းများတယ်ဆိုပဲ၊ ဟိုတစ်ခါ အထည်ချုပ်စက်ရုံက ကော့စ်ဆိုရင် သူကိုယ်တိုင် ဝန်ထမ်းဟန်ဆောင်ပြီး လိုက်တာတဲ့နော် ...

www.burmeseclassic.com

www.burmeseclassic.com



အဲလို အောက်ခြေအထိပါ ဆင်းတာ၊ အဘွားကြီး ပုံစံသွင်းပေးတာတော့ တကယ်ဝင်တယ်၊ ယောက်ျားသား ဘယ်လိုဟာမျိုး ကောက်ယူလိုက်တယ်မသိတာ၊ ဒါကလည်း တို့ကသာ မသိလို့ပေါ့လေ၊ သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့၊ သူ့အတွက် အကျိုးမရှိတဲ့အလုပ်တော့ လုပ်မှာမဟုတ်ပါဘူး ...

သူက Brainသိပ်သုံးတဲ့ မိန်းကလေးပဲဟာ၊ ဒီလောက် တွဲလာတဲ့ နောင်ရီးကိုတောင် မယူဘဲနေတယ်ဆိုတော့ သူ့အတွက် ခိုင်မာတဲ့အကြောင်းတစ်ခုခုတော့ ရှိလို့နေမှာပေါ့"

ထိုမိန်းမတွေသည် အိမ်ရှင်တွေရဲ့အကြောင်းကို ပယ်ပယ်နယ်နယ် ပြောပြီးလျှင် စကားလမ်းကြောင်းက ပြောင်းသွားပြန်သည်။ သူတို့ကသာ စကားလမ်းကြောင့်ပြောင်းသွားပေမယ့် သူ့ရင်ထဲမှာတော့ အဲဒီအကြောင်းအရာက ဘယ်လိုမှ၊ ဘယ်ကိုမှ ပြောင်းမသွားတော့ပါ။ နှလုံးသားကို ထုးခတ်ထားသလို စွဲမြဲစွာ နာကျင်စေနေသည်။ သူသည် အဲဒီနေရာမှာ ဆက်မနေဖြစ်တော့ဘဲ တစ်နေရာသို့ ထလာခဲ့သည်။ နဂိုကမှ သူနှင့်ပတ်သက်ပြီး မကျေလည်နိုင်ဖြစ်ရသော စိတ်နှလုံးသားတို့သည် ခုချိန်မှာတော့ ဘာမှကို လုပ်ချင်ကိုင်ချင်စိတ် မရှိရအောင်လောက်အောင် နောက်ကျိမွန်းကျပ်၍နေသည်။

ဘဝမှာ သိပ်သည်းမချမ်းသာချင်။ အောင်မြင်ကျော်ကြားမှုဆိုတာကိုလည်း အလိုမရှိ။ ပါသနာပါသော အလုပ်အကိုင်လေးတစ်ခုနှင့် ငြိမ်းချမ်းအေးဆေးစွာ ဘဝတစ်ခုကို ဖြတ်ကျော်



ချင်သောသူ့အတွက် လက်ရှိနေနေရသောဘဝကို တကယ်မပျော်ပိုက်တော့။ လူတစ်ယောက်ကို နှလုံးသားထဲမှ စိတ်နာနေခြင်းသည် အဲဒီလူနှင့်အတူနေရခြင်းအတွက် ဘယ်လိုမှ ခံစားမှုရောက်မလာနိုင်။ သူ့ဘဝကြီးဟာ ထွက်ပေါက်ပိတ်နေသော ဘဝကြီးလိုပဲ ခံစားရသည်။ ဘယ်တော့များ ဒီဘဝကြီးက လွတ်မြောက်မှာတဲ့လဲ။ သူသည် စိတ်ဓာတ်ကျစွာဖြင့် ခြံထဲက ခုံတစ်ခုမှာ အသာဝင်ထိုင်နေမိသည်။

သိပ်မကြာခင်မှာပဲ သူ့ရှေ့သို့ တစ်စုံတစ်ယောက်က လာရပ်သဖြင့် မော့ကြည့်လိုက်လျှင် သူ ထင်မထားသောလူတစ်ယောက် ဖြစ်လို့နေပါသည်။

"မဝင့်ဖြာ"

www.burmeseclassic.com

www.burmeseclassic.com

ပန်းဝင့်ဖြာက သူ့ကို အနည်းငယ်ပြုံးပြကာ …

"ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ ကိုသုထက်"

"အင်း … ဒီလိုပါပဲ၊ အိမ်ထဲမှာလည်း ကျွန်တော်နဲ့သိတဲ့လူ မရှိပါဘူး၊ လူတွေများပြီး စိတ်ကျဉ်းကျပ်လာတာနဲ့ ဒီမှာ လာထိုင်နေတာ၊ ထိုင်လေ"

ပန်းဝင့်ဖြာက သူ့ရှေ့ကခုံလေးမှာ ဝင်ထိုင်သည်။ …တော့ သူ့ကို တစ်ချက်အကဲခတ်သလိုကြည့်နေသည်မို့ သူကပဲ …သိချင်တာကို စတင်မေးလိုက်သည်။

"မဝင့်ဖြာကလည်း ရွှေအရိပ်နဲ့ သိတာပဲလား"

"အရိပ်ရယ်၊ ကျွန်မရယ်၊ နောင်ရိုးရယ်ဟာ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်က မေလတစ်လထဲမှာ ရက်ပိုင်းတွေပဲခြားပြီး ရှေ့ဆင့်နောက်ဆင့် မွေးဖွားခဲ့တဲ့ သူတွေပေါ့"

သူ ဒုတိယမို့ အံ့သြသွားရပြန်သည်။ ဒီအကြောင်း …တော့ သူ လုံးဝမသိခဲ့ပါ။ ပြောရမည်ဆိုလျှင် သူမဟာ ရွှေအရိပ် …ဆိုတာကို သိသွားပြီးကတည်းက ရွှေအရိပ်နှင့်ပတ်သက်သော …ဖြစ်စဉ်အကြောင်းအရာတွေကို လုံးဝ စိတ်မဝင်စားခဲ့တော့။



"ဒါဆို အရိပ်နဲ့ မဝင့်ဖြာနဲ့က အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေပေါ့"

"အင်း … အရမ်းခင်တယ်ဆိုတာထက် အရမ်းသိကြတယ်ဆိုရင် ပိုမှန်မယ်၊ အရိပ်ရဲ့စိတ်ဟာ သိပ်ကို နားလည်ရခက်တယ်ရှင့်၊ ခုချိန်လောက်ဆို ကိုသုထက် သိသင့်သလောက်တော့သိမှာပါ"

သူက ပန်းဝင့်ဖြာကို မော့ကြည့်လိုက်လျှင် သူ့ကို ကြည့်နေသော မျက်ဝန်းတွေထဲမှာ အဓိပ္ပာယ်တွေနှင့် ပြည့်ဝနေတာကို တွေ့မြင်လိုက်ရလေသည်။ အဲဒီအကြည့်တွေကို ထပ်ဆင့်၍ ဘာသာပြန်ဖို့မလိုတော့လောက်အောင် သူ့အတွက် နားလည်သွားစေသည်။ ရေနစ်သူ သူ့အတွက် ကောက်ရိုးတစ်မျှင်ဟာ ပန်းဝင့်ဖြာများ ဖြစ်နိုင်လေမလား။

"မဝင့်ဖြာ ကျွန်တော်တို့အကြောင်းကို သိထားတယ်နဲ့တူတယ်"

"ဟုတ်ကဲ့ … သိပါတယ်၊ အရိပ်ရဲ့အကြောင်းကို ကိုသုထက်လည်း သိသင့်သလောက်သိသွားပြီ မဟုတ်လား"

"သူက လူတွေကို ဒီလိုပဲ သံသယမျက်စိနဲ့ ကြည့်နေတတ်တဲ့သူလား၊ ယုံကြည်မှုတစ်ခုအတွက် အမျိုးမျိုးစမ်းသပ်တတ်တဲ့သူလား"

"ဟုတ်တယ်၊ သူ့မှာ အဲဒီဆိုက်ကိုရှိတယ်"

သူ ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားပါသည်။ ပန်းဝင့်ဖြာက သူ့ကို နားလည်သောပုံစံမျိုးဖြင့် တစ်ချက်ကြည့်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုထက်ကို ကျွန်မ နားလည်ပါတယ်၊ ကိုသုထက်လည်း စိတ်ညစ်နေမှာပဲ၊ အကောင်းဆုံးကတော့ နားလည်ပေးလိုက်နိုင်ရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမဲ့ နားလည်ပေးဖို့ဆိုတာလည်း ခက်မှာပေါ့နော်"

သူမက အဲဒီလိုဆိုလျှင် သူ့မှာ မချိပြုံးသာပြုံးမိရ၏။ အခုလောလောဆယ် ခံစားနေရသော ဝေဒနာ့ဟာ အရင်ဝေဒနာတပ်မကတော့ဘဲ နောင်ရိုးဆိုသောလူတစ်ယောက်နှင့် ပတ်သက်ပြီး ခံစားရသောဝေဒနာပါ တိုးလာခဲ့ပြီဖြစ်သည်။ သူမနဲ့ပတ်သက်လာလျှင် နှလုံးသားထဲမှာ အားလုံးရှုပ်ထွေးလို့နေရသည်။

"နောင်ရိုးနဲ့ သူနဲ့က တော်တော်သံယောဇဉ်ရှိကြတယ်နော်"

"ဟုတ်တယ်၊ အဲဒါလည်း အမှန်ပဲ"

အဲဒီစကားကို ပြောစဉ်မှာတော့ သူမရဲ့ မျက်လုံးတွေက အခုနကထက်တောင် ပိုပြီး လင်းလက်တောက်ပလာသည်ဟု ထင်ရလေသည်။ ပြီးတော့ မျက်ဝန်းထဲတွင် တခြားအဓိပ္ပာယ်တွေကိုလည်း သူ တွေ့နေရသေးသည်။

"တကယ်ဆိုရင် အရိပ်ရဲ့အနားမှာ မဝင့်ဖြာက နီးနီးကပ်ကပ်ရှိနေရမှာမဟုတ်လား"

"နောင်ရိုးတစ်ယောက် သူ့အနားမှာရှိခြင်းဟာ အစစအရာရာအကွက်စိတဲ့ လူဆယ်ယောက်ရှိတာထက်တောင် သာပါသေးတယ်၊ ဘာမှကို မလိုအပ်တော့ဘူး"

ပြောနေရင်းကနေ၍ သူမရဲ့စကားတွေက တစ်စုံတစ်ရာကို ဆိုလိုချင်နေသည်ဟု သူ ထင်လာသည်။ အခုနက ကြားခဲ့ရသောစကားကို သူမထံမှ မေးရင်ကောင်းမလား။ သို့သော်



အဲဒီဟာက သင့်တော်၏ မသင့်တော်၏ ဆိုတာကိုလည်း သူ့ဦးနှောက်က မဝေခွဲနိုင်ဖြစ်နေပြန်သည်။ သူသည် စိတ်ရှုပ်စွာဖြင့် မျက်မှောင်ကို တွန့်ချိုးကုပ်ထားမိသည်။ ဖြစ်ချင်တာကတော့ ဒီနေရာနှင့် အဝေးဆုံးနေရာကို ထွက်ပြေးချင်တာပဲ ဖြစ်တော့လေသည်။

"ကျွန်တော်က မဝင့်ဖြာတို့ သုံးယောက် သူငယ်ချင်းတွေဆိုတာ မသိခဲ့ဘူး။ သူ့မှာ ဒီလောက်ခိုင်ရတဲ့ ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်ရှိတယ် ဆိုတာလည်း မသိဘူး။ ဒီအိမ်ကို ဝင်ထွက်တာလည်း မမြင်မိဘူးလေ ...

အဘွား ဆုံးတဲ့နေ့ကျမှ နောင်ရိုးကို စပြီး မြင်ဖူးတာ"

"အင်း ... ဒီအိမ်က အရင်ကတော့ နောင်ရိုးရဲ့စားအိမ်သောက်အိမ်ပဲ။ အဘွားကလည်း နောင်ရိုးကို သိပ်ချစ်တာ။ မွေးစားထားတဲ့ သဘောမျိုးပဲ။ ဗင်ကာပူမှာ အင်ဂျင်နီယာရင်းကျောင်းတွေ ဘာတွေ ထားပေးတာလဲ အဘွားပဲ ...

သူ စိတ်မကြည်တုန်းမို့ ဒီအိမ်ကို အဝင်အထွက်သိပ်မလုပ်တာပါ။ အခုနောက်ပိုင်းတော့ တွေ့ရပါလိမ့်မယ်။ အဘွား ဆုံးသွားတာ ဘာပဲပြောပြော အရိပ်အတွက်တော့ စိတ်ပိုင်းဆိုင်ရာအားဖြင့် weak ဖြစ်တယ်လေ ...

ဒါတွေကို ဖေးမဖို့အတွက် နောင်ရိုး ဒီအိမ်ကိုပြန်ဝင်ထွက်တော့မှာပါ"

"ဘာဆိုင်လဲ၊ သူ့မှာ ကာမပိုင်လင်ယောကျ်ား ရှိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကို သူက ခပ်ဆတ်ဆတ် ဆိုမိသွားသည်။ စိတ်ထဲမှာ ရည်ရွယ်မထားပါဘဲနှင့် ပါးစပ်က ဘယ်လိုထွက်သွားမှန်းတောင် မသိပါ။ သူ့စကားကို ပန်းဝင့်ဖြာကတော့ နှုတ်ခမ်းတွန့်ရုံပြုံးကာ ...

"ကာမပိုင်လင်ယောက်ျားနဲ့ ရွှေအရိပ်က အဆင်ပြေနေလို့လား။ ရှင့်မှာရော တကယ်ဖေးမချင်စိတ် ရှိရဲ့လား။ ဖေးမချင်စိတ်ရှိရင် ရှင် ဒီနေရာကိုတောင် ရောက်နေစရာအကြောင်းမရှိဘူး"

"ဒါကတော့"

သူ့ရဲ့ဆင်ခြေစကားကို ပန်းဝင့်ဖြာက အသာလက်ကာပြလျက် ...

"ကျွန်မ သဘောပေါက်တယ်။ ကျွန်မက သဘောကိုပြောပြတာပါ။ ဒါပေမဲ့ တစ်ခုရှိတာက ရှင် နားလည်မပေးနိုင်တဲ့ အရိပ်ကို နှောင်ရိုးက အပြည့်အဝ နားလည်ပေးနိုင်တယ် ဆိုတာပဲ ...

လောကမှာ နှစ်ခုလုံးကိုတော့ ပြိုင်တူမရနိုင်ဘူး။ ကိုယ်တိုင်က နားလည်မပေးချင်ရင် သူများနားလည်ပေးတာကိုတော့ လက်ခံရလိမ့်မယ် ...

မဟုတ်ရင်တော့ ရှင်တို့ အလားအလာဟာ ဒီ့ထက်ဆိုးဖို့ကိုပဲ ဦးတည်နေတယ်။ ကျွန်မ ပြောချင်တာ ဒီလောက်ပါပဲ"

ပန်းဝင့်ဖြာက သူ့ကို ခပ်ထေ့ထေ့ တစ်ချက်ပြုံးကြည့်ကာ ထထွက်သွားသည်။ သူသည် နေရာမှာထိုင်ပြီး ကျန်ရစ်ခဲ့ရ



သော်လည်း စိတ်လက်တို့က တကယ်ပဲ မကြည်သာတော့။ နှလုံးသားတစ်ခုလုံး နောက်ကျိမွန်းညစ်နေပြီဖြစ်သည်။ ရွှေအရိပ်ဆိုသည်မှာ တစ်ဖက်သားအပေါ်တွင် သံသယစိတ် အလွန်များ၍ နားလည်ရခက်သော မိန်းကလေး၊ နှောင်ရိုး ဆိုတာက ရွှေအရိပ်ကို နားလည်အပေးနိုင်ဆုံးလူတဲ့၊ ပန်းဝင့်ဖြာကရော ...။ သူ့မရဲ့မျက်လုံးတွေထဲမှာတော့ နှောင်ရိုးနှင့် ပတ်သက်သည့် တစ်စုံတစ်ရာ အရိပ်ငွေ့တွေကို တွေ့မြင်နေရပြန်သည်။

အား ... ဘယ်လိုလူတွေလဲ။ သူ ရူးသွားလျှင် ကောင်းပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ရွှေအရိုပ်သည် အဘွား၏နာရေး ပြီးသွားကတည်းက ပို၍အေးစက်စိမ်းကားသွားခဲ့သည်ဟု ထင်ပါသည်။ သူမက မစိမ်းကားသော်လည်း သူကတော့ ရင်ထဲက မကျေလည်မှုတွေဖြင့် ခပ်တန်းတန်းနေသောကြောင့် အခြေအနေတွေက အေးစက်သည်ဟု ထင်ရတာဖြစ်သည်။ အဘွား ဆုံးသွားတဲ့စိတ်ကြောင့် သူမ တော်တော်လေးတော့ ထိခိုက်ခံစားလိုက်ရသည်ဟုထင်သည်။ အရင်ကလောက် သိပ်လန်းဆန်းတက်ကြွတာမျိုး မရှိတော့ဘဲ ဖျော့တော့သောပုံစံနှင့်ဖြစ်ကာ လူလည်းပိန်သွားသည်။ ဒါတွေကို မြင်သော်လည်း သူက ဂရုစိုက်ရကောင်းမှန်း မသိပါ။

မသိတာတော့ မဟုတ်။ တမင်ကို ဂရုမစိုက်ထားခြင်းဆိုလျှင် ပိုမှန်ပါမည်။ သူမကတော့ သူ့ကို အလုပ်တွေ မအားလပ်သည့်ကြားမှာတောင် ဂရုစိုက်ရှာသည်။ သူ့ဖို့ဝယ်ပေးလေသော တန်ဖိုးကြီး အဝတ်အစားများကို သူက ကိုင်တောင်မကြည့်။ သူမ စကားပြောလျှင်လည်း အင်းမလုပ် အဲမလုပ်သာဖြစ်သည်။ တစ်ခါတလေ သူမက "မောင် ပိန်းဥထမင်းလေး ချက်ကျွေးပါလား၊ ကျွန်မ မောင့်လက်ရာ စားချင်လို့"ဟုဆိုလာလျှင် သူက "မင်းဟိုတယ်က စားဖို့မှူးတွေကို ချက်ခိုင်းပေါ့၊



ကိုယ့်ထက် အများကြီးကောင်းမှာပါ"ဟု ပြန်ပြောတတ်သည်။ အဲဒီအခါမျိုးတွင် ပျက်ယွင်းသွားသော သူမရဲ့မျက်နှာကို ကြည့်ရတာ ဘယ်လိုအရသာရှိမှန်းကို မသိပါ။

တစ်ယောက်နှင့်တစ်ယောက် အကြီးအကျယ် အော်ဟစ်ပေါက်ကွဲ ရန်ဖြစ်မနေကြပေမယ့် သူ့ရင်ထဲက မကျေလည်မှုမာနအစိုင်အခဲတွေကြောင့် သူနှင့် သူမတို့၏ ဆက်ဆံရေးမှာ ဆောင်းအိပ်မက်လိုပင် အေးစက်ချောက်ချားလျက်ရှိသည်။ အခြေအနေတွေကို အကောင်းဘက်သို့ ဦးတည်လာအောင် ဘယ်လိုပဲကြိုးပမ်းပါစေ သူကိုယ်တိုင်က နာကြည်းသော စိတ်အခံရှိခြင်းကြောင့် ဘယ်လိုမှ အဆင်မပြေနိုင်ခဲ့ပါ။ ပြီးတော့ သူမက အလုပ်အလွန်ရှုပ်သော မိန်းမတစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံချိန်မှာလည်း သိပ်မရှိသောကြောင့် ကြီးကြီးကျယ်ကျယ် မဖြစ်သေးတာလည်း ရှိသေးသည်။ သူက သူမအားလပ်ရက်နှင့် တမင်မဆုံအောင် နားရက်များကို တနင်္လာနှင့် သောကြာယူထားသဖြင့် တွေ့ချိန်မှာ ညပိုင်းလောက်သာ ရှိသည်။ ဒါတောင် ဆိုင်က ညဉ့်နက်မှ ပြန်လာလျှင် သူမက အလုပ်ပင်ပန်းသောကြောင့် အိပ်ပျော်နေပြီဖြစ်သည်။

ဒီလိုနှင့် နေလာတာကြာလာသောအခါ တစ်နေ့မှာ သူမက သူ့ရှေ့ကို စကားစလာခဲ့တာဖြစ်သည်။ အဲဒီနေ့က သူ့အလုပ်အားသော တနင်္လာနေ့ဖြစ်ကာ သူမကလည်း အလုပ်မှ စောစောစီးစီး ပြန်ရောက်သောနေ့ဖြစ်သည်။ ညနေစာထမင်းကို သူမနှင့်အတူ လက်ဆုံစားရသည်။ ထမင်းစားပြီးသောအခါ သူက အိမ်ပေါ်သို့ တက်လာခဲ့လျက် တီဗီကြည့်သည့်အခန်းမှာ စာဖတ်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ သူတို့အိပ်ခန်းနှင့် အနားယူစာဖတ်၊ တီဗွီကြည့်သည့်အခန်းမှာ တစ်ဆက်တည်းဖြစ်လျက် အလယ်မှာ ဆလိုက်တံခါးဖြင့် ခြားနားထားသည်။ သူက ဆိုဖာတစ်ခုမှာ ဝင်ထိုင်ရင်း ဂျာနယ်တစ်စောင်ကို ဖတ်နေတုန်းမှာပဲ အိမ်ကကောင်မလေးတစ်ယောက်က သူ့ရှေ့သို့ သစ်သီးနုံဆလပ်လုပ်ထားသော ပန်းကန်ကို လာချကာ ခပ်ယို့ယို့ထွက်ခွာသွားသည်။

ခဏကြာသောအခါ အခန်းတံခါးကို ဖွင့်သံကြားကာ သူမက အခန်းထဲသို့ ဝင်ရောက်လာသည့် လှုပ်ရှားမှုမျိုးကိုကြားရသော်လည်း သူက မော့မကြည့်ဖြစ်ပါ။ ဂျာနယ်ကိုသာ အာရုံစိုက်ပြီး ဖတ်နေလိုက်သည်။ သူမက အခန်းထဲသို့ ဖြတ်လျှောက်ဝင်လာရင်းမှ ဆလိုက်တံခါးကိုတွန်းကာ အိပ်ခန်းထဲသို့ ဝင်သွားသည်။

ဒီတော့မှ သူက မော့ကြည့်မိကာ ဂျာနယ်ထဲသို့ စိတ်ကိုပြန်ပို့လိုက်သည်။ ဂျာနယ်ထဲသို့ စိတ်ပို့ထားသော်လည်း စိတ်က အပြည့်အဝမရောက်။ သေချာတာတော့ သူနှင့်မလှမ်းမကမ်းမှာ သူမရှိနေလျှင် သူ့အာရုံတွေသည် တခြားဘယ်ကိုမှ ထည့်၍မရဘဲ သူမဆီမှာပဲ တရစ်ဝဲဝဲ ရှိနေတတ်တာ တကယ်ဆိုးသည်။ ပြောရလျှင်တော့ သူဟာ သူမကို သိပ်ချစ်ပါသည်။ သူ့ကိုခံစားချက်အပြည့်နှင့်ကြည့်သော မျက်ဝန်းများကို သူ အခုထိ(တစ်ဖက်တစ်လမ်းက)ရင်ခုန်ရဆဲဖြစ်သည်။

အဲဒီအချိန်မှာပဲ သူမက အခန်းထဲမှ ပြန်ထွက်လာသည်။ ပြီးတော့ ...

"မောင်"



သူသည် ခေါ်သံကြောင့် မော့ကြည့်မိလိုက်လျှင်

သူ့ကို နွေးထွေးသော မျက်ဝန်းများဖြင့် ငေးကြည့်နေသော သူမ

ကို တွေ့လိုက်ရသည်။ ထမင်းစားတုန်းက အဝတ်အစားမျိုးမဟုတ်

တော့ဘဲ အခန်းထဲဝင်ကာ အဝတ်အစား လဲလာဟန်တူသည်။

အပြာနုရောင်အစင်းကြားများ ပါဝင်သော ဗဂျားမားညဝတ်အကျီ

နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပုံမှာ လွတ်လပ်ပေါ့ပါးသော်

လည်း သူမ ပိန်သွားကြောင်း သူ သတိထားမိပါသည်။

သူမက သူ့ရှေ့ကခုံမှာ ဝင်ထိုင်ကာ ...

"ကျွန်မတို့ စကားနည်းနည်းလောက် ပြောကြရအောင်"

သူက ဂျာနယ်ကို နောက်တစ်ရွက်လှန်ရင်းမှ အရေး

မပါဟန်ဖြင့် ပြန်မေးလိုက်၏။

"ဘာပြောမှာလဲ။ မင်းနဲ့ ကိုယ်နဲ့ကြားမှာ ထူးထူးခြားခြား

ပြောစရာများ ရှိလို့လား"

"ရှိတယ်။ အခု ပြောတော့မယ်။ မောင့်လက်ထဲက ဂျာနယ်

ကို အောက်ချလိုက်ပါ"

သူက ဂျာနယ်ကို မချသေးဘဲ သူမကို အသာငဲ့

ကြည့်ကာ ...

"အဲဒီလို အမိန့်ပေးရအောင် ကိုယ်က မင်းလက်အောက်

က ဝန်ထမ်းမဟုတ်ဘူးနော် ရွှေအရိုင်"

"ကျွန်မရဲ့ဝန်ထမ်းဆို ဒီလိုပြောနေစရာတောင် အကြောင်း

မရှိဘူး။ ဒီအခန်းထဲကို ရောက်နေစရာလည်း အကြောင်း

မရှိဘူး။ ကျွန်မယောက်ျားမို့သာ ဒီအခန်းထဲ ရောက်နေတာ

ပေါ့။ အခြေအနေတစ်ခုကို ဖြောင့်ဖြောင့်ရွေးပါ မောင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှိတာ ထေ့တာတွေကို မိန်းကလေးဖြစ်တဲ့ ကျွန်မ တောင် မလုပ်ပါဘူး"

"မင်းက ကိုယ့်ကို မိန်းမဆန်တဲ့ ယောကျ်ားလို့ ဆိုလိုချင်တာလား"

"ကျွတ် … မောင် … ကျွန်မတို့ စကားကောင်းကောင်း ပြောကြရအောင်ပါ။ စကားအကောင်းပြောလို့ မရတော့လောက်အောင် ကျွန်မတို့ဘဝတွေ ဆိုးရွားပျက်စီးနေခဲ့ပြီတဲ့လား"

ပျက်စီးနေခဲ့ပြီ။ ငါ့ဘဝကတော့ ရစရာမရှိတော့လောက်အောင်ကို ပျက်စီးနေခဲ့ပြီ။ သူက အဲဒီစကားကိုတော့ ရင်ထဲမှာပဲ အကျယ်ကြီး အော်ပြောကာ အပြင်မှာတော့ နှုတ်ခမ်းကို တင်းတင်း စေ့ပစ်လျက် ဂျာနယ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

"ကဲ … ပြော။ မင်း ပြောချင်တာ ဘာလဲ"

သူမက သူ့ကို နှုတ်ခမ်းတင်းတင်းစေ့ကာ စိုက်ကြည့်လျက် …

"ကျွန်မတို့ မနက်ခင်းတိုင်း လမ်းပြန်လျှောက်မယ်"

သူမ ဘာပြောမလဲ၊ ပြောချင်ရာပြော၊ ပြန်ဖိုက်မယ်ဟု မောင်းတင်ထားသော သူပင်လျှင် အဲဒီစကားကြောင့် ဘာပြန်ပြောရမှန်း မသိဘဲ ရုတ်တရက် ကြောင်သွားသည်။ ပြီးလျှင်ချက်ချင်းပဲ ရင်လုံးသားမှာ ပူနွေးနွေးတဲ့ဖို့ လာပါသည်။ ဟုတ်တယ်၊ သူမနဲ့ သူ ဆုံစုံခဲ့ကြဖူးတဲ့ ဆောင်းမနက်ခင်းတွေဟာ သိပ်ကိုကြည်လင်သန့်စင်အေးချမ်းခဲ့ဖူးသည်။ ဒီမနက်ခင်းလေးတွေကို တစ်ရက်



လောက် ဆုံးရှုံးသွားတာနှင့် တစ်နေ့ခင်းလုံး နေ့မထိ ထိုင်မသာဘဲ တစ်ခုခု လိုအပ်နေသလို ဟာတာတာ ဖြစ်ခဲ့ရဖူးသည်။

သူမရော ဒီမနက်ခင်းလေးကို ပြန်လည်တမ်းတနေသတဲ့လား။

အဲဒီလိုတွေးမိလျှင် သူ့ရင်ထဲမှာ လိုက်မောသွားမိသည်။ ဒါပေမဲ့ ဝမ်းနည်းနာကျင်စရာတွေကို ဖန်တီးပေးခဲ့ပြီးမှ ရွေ့အခိုင်ပြီရယ်။

"လျှောက်မယ် မဟုတ်လား မောင်"

"မင်း Gym သွားဆော့လို့ ရနေတာပဲ မဟုတ်လား"

"ကျွန်မ Gym မဆော့ချင်ပါဘူး။ မောင်နဲ့အတူတူ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းပြန်လျှောက်ချင်တာပါ …

ကျွန်မရဲ့ဆန္ဒကို မလိုက်လျောနိုင်ဘူးလား မောင်"

သူ့ပါးစပ်က ငြင်းဆန်တဲ့စကားကို ဘာကြောင့်များ ချက်ချင်းမထွက်မိပါလိမ့်။ သူမကို လှမ်းကြည့်လိုက်တော့ ဖြူစင်ဝင်းပနေသည့် ပကတိသဘာဝမျက်နှာလေးသည် သူ့ကိုငုံ့လင့်ကာ ငေးကြည့်နေသည်။ လင်းချင်းသော မီးရောင်တွေအောက်မှာ နီညိုရောင်ဆံနွယ်နွေ လိပ်လိပ်တွေက ပိုးသားတွေလို လက်ကာ လှပစွာ ပုံကျနွဲ့နှောနေကြသည်။ အရင်ကတော့ သူမဆံပင်ကောက်ထားပုံလေးဟာ လှလှရှည်ရှည်ဟာ အတွေးဝင်ခဲ့သော်လည်း ဒီဆံပင်ပုံစံမျိုး သူ့ဘဝလေးလောက် ပိုက်ဆံဖြုန်းရတယ်ဆိုတာ သူ တကယ်ပဲ မသိခဲ့ပါ။

အဲဒီအကြောင်းအရာကို တွေးမိလျှင် သူ တကယ်ပဲ ရင်နာသလာရသည်။ သူမက သူနှင့်အတူ မနက်ခင်းတိုင်း လမ်းပြန်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရင်း အရင်လိုနွေးထွေးမှုတွေ ပြန်ရအောင် ကြိုးစားမလို့တဲ့လား။ သိပ်နောက်ကျသွားပြီဟု ထင်ပါသည်။

"ကြိုးစားကြည့်တာပေါ့လေ။ မနက်ဘက် စောစောမထတာကြာတော့ ထချင်စိတ်တော့ သိပ်မရှိဘူး"

အမှန်တော့ သူ လိမ်ပြောလိုက်တာဖြစ်သည်။ မနက်ဘက် လမ်းလျှောက်ရတာ၊ ဆောင်းတွင်းတွေမှာ ထပြေးရသည့် ကျန်းမာရေးလိုက်စားသည့် အလေ့အထကို သူ အင်မတန် ခုံမင်ပါသည်။ ဒီအိမ်ကို ရောက်တော့လည်း မနက်ဘက် စောစောထ လမ်းလျှောက်ဖို့ အတွေးစိတ်ကူးရှိခဲ့သည်။ သို့သော် သူမပါလိုက်နေမှာစိုးတာကြောင့် တမင်မထခဲ့ခြင်းသာ ဖြစ်ပါသည်။

သူမက သူ့ကို နားလည်သလိုဖြင့် စိုက်ကြည့်ကာ ...

"ရပါတယ် မောင်၊ ကျွန်မ နှိုးပါ့မယ်"

"မင်း ပြောချင်တာ ဒါပဲ မဟုတ်လား"

"ကျန်သေးတယ် မောင်။ ဒီတစ်ခါပြောမယ့်စကားက ပိုအရေးကြီးတယ်"

သူက ဘာလဲဟူသော သဘောဖြင့် သူမကို မျက်ခုံးကြုတ်ကြည့်လိုက်သည်။ သူမကတော့ သူ့ကို အတည်ငြိမ်ဆုံး အနေအထားဖြင့် ကြည့်နေကာ ...

"မောင်လည်း ခေတ်ပညာတတ်၊ အသိဉာဏ်ရှိတဲ့ ယောက်ျားတစ်ယောက်ပဲ။ အခြေအနေနဲ့ အကျိုးအကြောင်းကို အကောင်းဆုံး ဆင်ခြင်တတ်မှာပါ"

"နိဒါန်းတွေ မပျိုးပါနဲ့ ရွှေအရိပ်။ ပြောချင်တာကို တည့်တည့်ပြောပါ"



"တည့်တည့်ပြောရရင်တော့ ဒီလိုနေရတဲ့ အနေအထားကို မောင် စိတ်မချမ်းသာဘူး မဟုတ်လား"

"သိပ်မှန်တာပေါ့"

သူ့စကားကို သူမက မပြုံးပါ။ မျက်ဝန်းတွေပြင် လက်လက်ဖြာလာရင်းမှ ...

"စိတ်မချမ်းသာဘူး ဆိုတာက ရောက်နေတဲ့နေရာနဲ့ လိုက်လျောညီထွေစွာ မနေတတ်လို့ ဖြစ်လာရတဲ့ အကျိုးဆက်တွေပါ မောင်။ ဖြစ်နေတဲ့ အခြေအနေတစ်ခုနဲ့ ဆန့်ကျင်ပြီး မောင်က ဖွတ်ပေပြီး နေနေတာကိုး။ ကျွန်မဘဝထဲကို မောင် ရောက်လာခဲ့ပြီးပြီပဲ။ စိတ်ချမ်းသာအောင် နေမယ်ဆိုရင် နေနိုင်တဲ့နည်းတွေ အများကြီးပါ"

"ဩော် ... ဟော် ... ဟုတ်လား။ အဲဒီနည်းတွေကိုမင်းက သိတယ်ပေါ့"

"ကျွန်မ စကားအကောင်းပြောနေတာပါ မောင်။ မသာယာတဲ့ အခြေအနေကြီးတစ်ခုနဲ့ ကျွန်မတို့ ဘာလို့ရှေ့ဆက်ကြမှာလဲ။ မောင် ကျွန်မကို ချစ်တယ်ဆိုတာ ကျွန်မသိပါတယ်"

"အေး ... ဟုတ်တယ်။ မင်းကို ငါ ရင်ဘတ်ကြီးနဲ့အပြည့် ချစ်တယ်။ ဒါပေမဲ့ ရင်ဘတ်ကြီးနဲ့အပြည့်လည်း စိတ်နာတယ်။ အဲဒါကိုတော့ မင်း မြဲမြဲမှတ်ထား"

"စိတ်နာပါမောင်၊ ရပါတယ်။ ဒါပေမဲ့ ရန်သူတွေတောင်မှ အလံဖြူပြပြီး ကျေအေးခိုင်းရင် ငြိမ်းချမ်းရေး ရကြသေးတာပဲ။ ကျွန်မတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြတဲ့သူတွေပါ။ အတူပေါင်းသင်းနေကြတဲ့ လင်မယားတွေလည်း ဖြစ်နေပါပြီ ...

ဘာဖြစ်လို့ ဒီလို အသက်မပါတဲ့ ဘဝကြီးထဲမှာ အနှစ်သာရမရှိ နေထိုင်နေကြမှာလဲ"

"မင်း ပြောချင်တဲ့ အဓိပ္ပာယ်ကို ငါ နားလည်တယ်။ မင်းက လက်တွေ့သမား။ ငါက စိတ်ကူးယဉ်တွေထဲမှာ မျောနေတဲ့ကောင်။ မင်းက အရာရာကို လက်တွေ့စမ်းသပ်ပြီး တိကျတယ်ဆိုမှ ယုံကြည်လက်ခံတတ်သူ"

"ဟုတ်တယ် မောင်။ ကျွန်မ ဒါကို မငြင်းလိုဘူး။ အဲဒီအတွက် ကျွန်မ ပြောတဲ့စကားတွေကို မောင် နားထောင်ပါ"

"ဟုတ် ... ပြောကြည့်စမ်းပါဦး"

"chef အလုပ်ကို မောင် ဘယ်လောက်ဝါသနာကြီးတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး ပြောင်းလဲသင့်ရင်လည်း ပြောင်းလဲရလိမ့်မယ် မောင်"

သူက အဲဒီစကားကို မခိုးမခန့် ရယ်မောမိကာ ...

"တစ်နေ့မှာ မင်း ဒီစကားမျိုး ပြောလာလိမ့်မယ်ဆိုတာ ကြိုသိပြီးသားပါ ရွှေအရုပ်။ မင်း တစ်ခု မြဲမြဲမှတ်ထားဖို့က ငါဟာ မင်းလောင်းရိပ်အောက်က ယောကျာ်းမျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ဆိုတာပဲ"

သူမက အဲဒီစကားကိုတော့ ဆတ်ဆတ်ခါ နာသွားဟန်ဖြင့် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ အဲဒီလို သူမဖြစ်လေလေ သူက ဝမ်းသာလေလေပဲ ဖြစ်ပါသည်။



"ဒီမှာ မောင်။ ရှင့်မှာ ဘာကြောင့် ဒီလောက်ခေါင်တဲ့ အတွေးမျိုးတွေ ရှိနေရတာလဲ။ ကျွန်မမှာ ရှင်နဲ့ပတ်သက်လာရင် အဲဒီလိုအတွေးမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး မောင်။ အဲဒါကို ကျွန်မ အသက်နဲ့ထပ်တူ လောင်းရဲတယ် ...

လူနှစ်ယောက် လက်ထပ်တယ်ဆိုတာ ဘဝနှစ်ခုကို ပေါင်းစည်းလိုက်တာပဲ။ အဲဒီအတွက် လိုက်လျောညီထွေတဲ့ ပတ်ဝန်းကျင်ရှိဖို့ လိုအပ်တယ်။ ဒီလိုကြီး တသီးတခြားစီ နေနေသမျှတော့ မောင် ဘယ်လိုလုပ် စိတ်ချမ်းသာပျော်ရွှင်မှုကို ရမှာလဲ။ ဒါကြောင့် ကျွန်မရဲ့လုပ်ငန်းတွေထဲကိုဝင်ပါ။ လေ့လာပါ။ အလုပ်တွေကို ဦးစီးပါ။ အပြောင်းအလဲ တစ်ခုခုမှာ မောင် ပျော်ရွှင်လာမှာ၊ ကျွန်မက အဲဒါကို ဆိုလိုနေတာ"

"ဆိုလိုမနေနဲ့။ ငါ အဲဒါတွေ စိတ်လည်း မဝင်စားဘူး။ မင်းလည်း ငါ ဘာကောင်လဲ ဆိုတာကို သိသိရက်နဲ့ ချစ်ခဲ့တာပဲ မဟုတ်လား။ ဒါကို မင်း အရှိအတိုင်း လက်ခံတော့လေ ...

ဘာလဲ ... မင်း ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ မင်းယောကျာ်းက ဘာမဟုတ်တဲ့ ချောက်တိချောက်ချက် စားဖိုမှူးလေးတစ်ယောက်လို့ မင်း ထုတ်မပြောရဲဘူး မဟုတ်လား။ ငါ့အလုပ်အကိုင်နဲ့ မင်း အသိုင်းအဝန်းကြားမှာ ငါ့ကို ပွဲထုတ်ရမှာ မင်း ရှက်နေတယ် မဟုတ်လားကွ"

"မောင် ... ရှင် မဆိုင်တာတွေ ထည့်မပြောပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဆိုင်ရမှာလဲ၊ မင်းနဲ့ ငါနဲ့ လက်မှတ်ထိုးတဲ့နေ့က မင်းဧည့်သည်တွေရှေ့မှာ ငါ့နာမည်ကလွဲပြီး မင်းဘာထပ်မိတ်ဆက်ပေးလို့လဲ ...

ငါ့အလုပ်အကိုင်ကို မင်း ထည့်ပြောလား။ သတင်းစာထဲမှာ လက်ထပ်ပြီးစီးကြောင်း ကြော်ငြာထည့်တော့ရော ငါ ဘာလုပ်တယ်ဆိုတာ မင်း ထည့်ရေးလား ...

ကျွတ် ... ရွှေအရိပ်ရာ။ ဆက်မပြောချင်တော့ဘူး။ မင်း ငါ့ကို အဆမတန် နာကျင်အောင် လုပ်ခဲ့ပေါင်းများပြီ"

"ကျွန်မ အဲဒီသဘောနဲ့ လုပ်ခဲ့တာ မဟုတ်ဘူး မောင်"

"အဲဒီသဘောနဲ့ လုပ်ခဲ့တာမဟုတ်ရင် ဘာသဘောနဲ့လုပ်ခဲ့တာလဲ။ မင်းအတွက် အိမ်မှာပေါင်းတဲ့ ယောကျ်ားက တစ်ယောက်၊ ပွဲတက်တဲ့ယောကျ်ားက တစ်ယောက်ပဲ မဟုတ်ဘူးလား ...

ဒါနဲ့များ အစတည်းက ငါ့ကို ဘာလို့ယူခဲ့သေးလဲ ရွှေအရိပ်။ မင်းနဲ့အတူ မင်းတို့အသိုင်းအဝန်းတွေမှာ ဝင်ဆန့်တဲ့ ပွဲတက်ယောကျ်ားကိုပဲ ယူခဲ့လိုက်ပါလား"

သူ့စကားကြောင့် သူမ မျက်လုံးတွေ လက်လက်ထသွားပုံသည်။ မျက်လုံးထဲမှ မြားတွေ အစင်းပေါင်းများစွာ ခုန်ထွက်လာသလိုပဲ ဖြစ်သည်။ သူမက သွားကြားထဲမှ ထွက်လာသော လေသံဖြင့် ...

"ရှင် ဘာကို ဆိုလိုချင်တာလဲ။ ကျွန်မကိုတော့ မစွပ်စွဲမပုတ်ခတ်နဲ့"



"စွပ်စွဲနေတာ မဟုတ်ဘူး။ ဖြစ်နေတာကို အမှန်အတိုင်း ပြောနေတာ။ မဟုတ်လို့လား"

"ဘာကို ဟုတ်ရမှာလဲ။ နောင်ရိုးဟာ ကျွန်မနဲ့ ငယ်ငယ်လေးတည်းက ပေါင်းလာတဲ့ နို့စို့ဖက် သူငယ်ချင်း။ ဒါကို အသိုင်းအဝန်းတစ်ခုလုံး သိတယ် ...

ကျွန်မတို့ အသိုင်းအဝန်းမှာ ရှင် မြင့်သလို ဘယ်သူကမှ အဲဒီလို မဟုတ်တမ်းရား မထင်မြင်ကြဘူး။ အဲဒီအသံမျိုးလည်း ဘယ်တုန်းကမှ မထွက်ခဲ့ဖူးဘူး"

"ဟုတ်လား ... ကိုယ့်ကိုဝေဖန်တဲ့ အသံဆိုတာ ကာယကံရှင်က နောက်ဆုံးမှ ကြားရတဲ့အမျိုးပါ။ မင်းတို့အသိုင်းအဝန်းက မပြောဘူး ဆိုတာကလည်း ဒါတွေကို ရိုးနေတဲ့ အသိုင်းဝန်းမို့ နေမှာပေါ့"

သူမက မျက်ဝန်းစူးရှရှများကို တမင်မေးကျဉ်းကာ ကြည့်သည်။ သူ့ကို အဲဒီလို ကြည့်တာကို သူ အလွန်မုန်းပါသည်။

"ရှင်က ကျွန်မကို နောင်ရိုးနဲ့ စွပ်စွဲနေတာလား"

"မစွပ်စွဲပါဘူး။ ဖြစ်နေတဲ့ အခြေအနေတိုင်းလေးကိုပဲ ပြောပြနေတာ။ မင်းတို့နှစ်ယောက်ကို ဘာဖြစ်နေပါတယ်လို့ ကိုယ့်ပါးစပ်က တစ်ခါမှ မသမုတ်၊ မစွပ်စွဲခဲ့ပါဘူး ...

ကိုယ့်ရှေ့မှာတင် မင်းကို ပွေ့ချီသွားခဲ့တာတောင် ဒီအတိုင်း ရပ်ကြည့်နေခဲ့တဲ့သူပါ"

သူမက သူ့ကို တုန်လှုပ်ကြေကွဲသော အကြည့်တို့ဖြင့်ကြည့်ကာ နှုတ်ခမ်းများက တဆတ်ဆတ် တုန်ယင်နေသည်။ လက်နှစ်ဖက်ကို မြှောက်ကာ မြှောက်ကာဖြင့် တစ်ခုခုကို ပြောမ

www.burmeseclassic.com

www.burmeseclassic.com



လိုလိုဖြင့်ပြောမထွက်ဘဲ အံကိုတင်းတင်းကြိတ်ထားသည်။ ခေါင်းတခါခါ လည်တခါခါဖြင့် အသက်ရှူမဝသော လူတစ်ယောက်လိုဖြစ်နေသော သူမကို သူက မမှိတ်မသုန် ငေးကြည့်နေမိသည်။

"မောင် ... ရှင့် ... ရှင့်ရင်ထဲမှာရှိတဲ့ ကျွန်မအတွက် ခံစားချက်တွေက ဒီလောက်တောင်ပဲ ဆိုးရွားပြင်းထန်နေပြီတဲ့လား ...

ဟင် ... ပြောစမ်းပါဦး။ ဘာကြောင့် ကျွန်မအပေါ်မှာ ရှင် ဒီလောက်ထိ ...။ ကျွတ် ... ကျွန်မ ... ကျွန်မ ... တကယ်ပဲ မခံစားနိုင်ဘူး မောင်။ ကျွန်မ ဒီအခြေအနေကို တကယ်ပဲ မလိုချင်ဘူး။ ကျွန်မ ဘယ်လိုလုပ်ပေးမှ ရှင့်ရင်ထဲက အာဃာတတွေ ပြေပျောက်မှာလဲ"

သူက သူမကို စူးနှင့်စွာ တစ်ချက် စိုက်ကြည့်မိကာ ...

"ငါ့နှလုံးသားတစ်ခုလုံးက မင်း လုပ်ပစ်လိုက်လို့ စုတ်ပြတ်သတ်မှုကြေသွားပြီလေ။ အဲဒါကို ဘယ်လိုလုပ်ပေးချင်သေးလို့လဲ။ ဘာလုပ်ပေးလို့လဲ ရဦးမှာလဲ ...

မင်းကို ငါက စိတ်ကောက်နေတယ်များ ထင်နေလို့လား ရွှေအရိပ်။ စိတ်ကောက်နေတာ မဟုတ်ဘူး။ စိတ်ဆိုးနေတာ မဟုတ်ဘူး။ ငါ့ရင်ထဲက ဖြူစင်တဲ့အချစ်ကို စော်ကားခံရလို့ စိတ်နာနေတာ"

"အဲဒီအကြောင်းကို မောင့်ကို ကျွန်မ ရှင်းပြခဲ့ပြီးပြီပဲ။ ကျွန်မ တမင်လုပ်ခဲ့တာ မဟုတ်ဘူး။ ဒီလို လုပ်ပါမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ ရှင့်အနားကို ရောက်လာခဲ့တာ မဟုတ်ဘူး"



"အေးပါ ဟုတ်ပါတယ်။ ငါက မင်း သွားရင်းလာရင်းနဲ့ တွေ့ခဲ့တဲ့ကောင်ဆိုတော့ မင်းအတွက် ယုံကြည်ချင်စရာ မကောင်းဘူးလေ ...

မင်း သိပ်ချမ်းသာမှန်းသိရင် မင်းကို သိုက်တူးမယ့်ယောက်ျားဆိုပြီး နောက်ဆုံးအချိန်ထိ မင်း ညာထားခဲ့တာပဲ မဟုတ်လား"

"လောကမှာ တစ်ယောက်နဲ့တစ်ယောက် ဆပ်ပရိုက်စ်လုပ်တယ်ဆိုတဲ့ကိစ္စကို ရှင် ကြားဖူးတယ် မဟုတ်လား"

"ဟား ဟား ... ဆပ်ပရိုက်စ် ဟုတ်လား။ စကားလုံးလေးက လှလိုက်တာကွာ။ surprise လို့ မသုံးစမ်းပါနဲ့။ snap shot လို့ သုံးစမ်းပါ ...

ငါ့မျက်နှာတစ်ခုလုံး လည်ထွက်သွားအောင် မင်း ရိုက်လိုက်တဲ့ လျှပ်တစ်ပြက်ရိုက်ချက်ပါ။ မင်းက အရာအားလုံးကို မင်းဆန္ဒ၊ မင်းစိတ်ကူးနဲ့ တွက်ချက်ပြီး လုပ်ခဲ့တာကို၊ ရွှေအရိပ်ရဲ့၊ စီးပွားရေးမှာသာ မင်းရဲ့သီအိုရီတွေ၊ ဗျူဟာတွေက မှန်ကောင်း မှန်နိုင်မယ် ...

လူတစ်ယောက်ရဲ့နှလုံးသားကို တည်ကြက်လုပ်ပြီး မင်းတွက်ခဲ့တဲ့ အကြောင်းအရာတွေကတော့ လုံးဝမှားသွားခဲ့ပြီ ရွှေအရိပ်။ မင်းဘက်က တွက်ရင်တော့ မင်းလိုမိန်းမမျိုးကိုရတာ ငါ့အတွက် သိန်းတစ်ထောင်ထီ ဆယ်ခါပေါက်တာထက်တောင် ကံကောင်းမှာပဲလို့ မင်းစိတ်ကူးနဲ့မင်း ဟုတ်နေခဲ့တယ် မဟုတ်လား ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မင်း မှားတယ်။ ငါ လိုချင်တာ ဒီဘဝမျိုး မဟုတ်ဘူး။ ပြီးတော့ ငါက ငါ့ထက်ချမ်းသာတဲ့ မိန်းမ မျိုးကိုလည်း ဘယ်တော့မှ မယူဘူးဆိုတဲ့ ဆုံးဖြတ်ချက်မျိုး ရှိခဲ့တယ်။ ငါ လိုချင်တာ ဘုရင်မ မဟုတ်ဘူး ရွှေအရိပ်"

သူမ ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွား သည်။ ဆိုဖာနောက်မှီကို ခေါင်းလှန်ပြီး မှေးမှိတ်ထားကာ မျက်လုံး တွေကို စုံမှိတ်လျက် အသက်ကို ပြင်းပြင်းရှူသွင်းနေသော သူမ ရဲ့ပုံစံကို ကြည့်ကာ ရင်ထဲမှာ နင့်သွားသော်လည်း သူ ဘာမှမ တတ်နိုင်ပါ။ သူကရော မခံစားခဲ့ရလို့လား။ သူတို့နှစ်ယောက်ရဲ့ အခြေအနေသည် ဘယ်သူ့ဘယ်သူမှ မကယ်တင်နိုင်သော အခြေ အနေသာ ဖြစ်သည်။

"မင်းကို ငါ ချစ်ဆဲပါပဲ။ ဒါကို မငြင်းလိုပါဘူး။ ဝန်ခံ တယ်။ ဒါပေမဲ့ တစ်ခုပြောချင်တာက အဲဒီအချစ်ကို မင်း သွားအားမကိုးလိုက်နဲ့။ မင်းလုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ငါ့ရင်ထဲက အချစ်ကလည်း မင်းကို မကယ်တင်နိုင်ဘူး...

မင်းကို ငါ့နှလုံးသားက နားလည်မပေးနိုင်တော့ ဘူး။ နားလည်မှုမရှိတဲ့ တို့နှစ်ယောက်ရဲ့ အနာဂတ်ကို လည်း မမှန်းဆနိုင်တော့ဘူး ...

ဒီတော့ မင်း စိတ်ကူးထဲက အကြံအစည်တွေကို လက်လျှော့လိုက်ပါတော့ ရွှေအရိပ်"

သူက စကားအကုန် ပြောပြီးသွားဟန်ဖြင့် ထိုင်ရာ မှထကာ အခန်းထဲမှ ထွက်လာခဲ့သည်။ ပြီးလျှင် အောက်ထပ်သို့ တစ်ခါတည်းဆင်းခဲ့ကာ သူ့ကားထံသို့သွား၍ ကားစက်နှိုးလျက်



အပြင်သို့ မောင်းထွက်လာခဲ့သည်။ သူ ဦးတည်ရာလမ်းကြောင်း မှာ ပန်းမြတ်တော်ဝင်ဆိုင်သို့ဖြစ်လျက် ဒီညတော့ သူ အိမ်ပြန် အိပ်ဖြစ်တော့မှာ မဟုတ်ပါ။ သူ့အတွက်တော့ ခမ်းနားသည့်စံအိမ် ကြီးထက် ဆိုင်ကပေးထားသော ဆားဗင့်ကွာတာလေးက ပိုလွတ် လပ် ငြိမ်းချမ်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၆

အရိပ်သည် လုပ်လက်စ အလုပ်တွေကို ခဏရပ်လိုက်ပြီးနောက် ညောင်းလာသဖြင့် ထိုင်ရာမှထကာ ခါးကို ဟိုဘက်ဒီဘက် လှည့်လိုက်သည်။ ပြီးတော့ မှန်နံရံချပ်များမှတစ်ဆင့် လှမ်းမြင်နေရသော ရန်ကုန်မြို့၏ရှုခင်းကို အပေါ်စီးမှတစ်ဆင့် ငြိမ်သက်စွာ ငေးမောခံစားနေမိသည်။ အဝေးမှလှမ်းမြင်နေရသော ရန်ကုန်မြစ်နှင့်အတူ ပင့်လယ်ကူးသင်္ဘောကြီးတွေဆီသို့ အကြည့်ရောက်သွားသော်လည်း အတွေးတွေက အဲဒီမှာ မရှိပါ။ အရင်တုန်းကတော့ အလုပ်လုပ်ရာမှ ခဏနားကာ ဒီရှုခင်းကို ငေးမောခံစားရလေတိုင်း သူ့ကို သတိရစိတ်နှင့် တမ်းတရသည်။

ခုချိန်မှာရော သူ ဘာလုပ်နေမှာပါလိမ့်။ အရိပ်က လက်မှနာရီကို တစ်ချက်ငုံ့ကြည့်မိသည်။ သေချာတာတော့ သူ ပန်းမြတ်တော်ဝင်ဆိုင်မှာ ချက်ပြုတ်နေမှာပေါ့။ သူ့အကြောင်းကို တွေးမိလျှင် အရိပ်ရဲ့ရင်ထဲမှာ စာကယ်ပဲ ဆို့နင့်ကြေကွဲရသည်ချည်းသာ ဖြစ်သည်။ သူ ဘာကြောင့်များ အရိပ်ကို ဒီလောက်ထိ စိတ်နာသွားရတာပါလိမ့်။ သေချာတာတော့ အရိပ် သူ့ရဲ့မာန



ကို မထိခိုက် မစော်ကားခဲ့ပါ။ သို့သော် သူကတော့ အဲဒီအတိုင်းပဲ မှတ်ယူသွားခဲ့သည်။

အရိပ်ရင်ထဲမှာ မျှော်လင့်ဆောက်တည်ခဲ့သမျှ စိတ်ကူးအိပ်မက်တွေမှာ သူ့ရဲ့ရက်စက်သော စကားလုံးတွေအောက်၌ တဖြည်းဖြည်း ဆောက်တည်ရာမဲ့စွာ ပြိုကျပျက်စီးနေရပြီဖြစ်သည်။ သေချာတာကတော့ အရိပ်ဟာ သူ ပြောသလို ဘုရင်မ မဖြစ်ချင်ခဲ့ပါ။ ဘယ်တုန်းကမှလဲ စိတ်မကူးခဲ့။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုအပြည့်ရှိသည့် သာယာသော ဘဝတစ်ခုကို တည်ဆောက်ခဲ့တာဖြစ်သည်။ ပြီးတော့ သူ့အပေါ်တွင်ထားသော အရိပ်ရဲ့စေတနာမှာ သူ့ကို ဘဝရဲ့အကောင်းဆုံးဆိုသော အရာတွေကို ခံစားစေချင်တာဖြစ်သည်။ သူ့ဘဝကို မြင့်မားစေချင်သည်။ မြင့်မားသောဘဝတစ်ခုမှာ အေးဆေးစွာ နေစေချင်သည်။ သို့သော် သူက ထင်ထားတာထက် မာနကြီးခဲ့သည်။ သူ့မာနနှင့်အတူ အဆင်မပြေခြင်း နာကြည်းစရာ ပဋိပက္ခတွေက တစ်ပြိုင်နက်လိုလို မွေးဖွားလာခဲ့တာ ဖြစ်ပါသည်။

သူ ပြောခဲ့သော စကားတစ်ခွန်းကို အခုထက်ထိ အရိပ်ရဲ့နားထဲမှာ မထွက်သေးချေ။

[မင်းကို ငါနှလုံးသားက နားလည်မပေးနိုင်တော့ဘူး။ နားလည်မှု မရှိတော့တဲ့ တို့နှစ်ယောက်ရဲ့ အနာဂတ်ကိုလည်း မမှန်းဆနိုင်တော့ဘူး]

အဲဒီစကားကို ကြားလိုက်ရစဉ်ဝယ် အရိပ်တကယ်ကို ရှော့ခ်ဖြစ်သွားခဲ့ရသည်။ ဘာမှတောင် ပြန်မပြောနိုင်တော့ဘဲ ပုံလဲလျက် အရုပ်ကြိုးပြတ် ဖြစ်သွားသည်။ အဲဒီစကားရဲ့ အတိမ်

www.burmeseclassic.com

www.burmeseclassic.com



အနက်ကို အရိပ် ဆက်မတွေးရဲတဲ့အထိ သူ့ကိုချစ်မြတ်နိုးခဲ့ပါသည်။ သူ့ကို ဘယ်လောက်ထိအောင် ချစ်ခဲ့ရသလဲဆိုလျှင် နောက်ဆုံး သူစိတ်ချမ်းသာသလို နေပါစေတော့ဟူ၍ ဘာမှမပြောဘဲ လွှတ်ပေးထားခဲ့သည်အထိဖြစ်သည်။

သူ့ကို ကိုယ့်အနားမှာ ရှိနေရုံမျှဖြင့် ကျေနပ်ရောင့်ရဲခဲ့ရသည်။ အခုတော့ သူက အရိပ်ကို ခွဲခွာဖို့ ကြံစည်နေပြီတဲ့လား။ အဲဒီအတွေးသည် အရိပ်ရဲ့ရင်ဝကို မီးစနဲ့ ဆောင့်ထိုးထားသလိုပဲ ဖြစ်ပါသည်။ အရိပ်သည် ခံစားချက်ရေယာဉ်ကြောမှာ ဘယ်လောက်တောင်များ မျောနေမိသလဲတော့ မပြောတတ်။ ဖုန်းလာတာတောင် မကြားချေ။ စက္ကရီတေရီက ဖုန်းကို အနားသို့ ယူလာပေးမှပင် ဖွင့်ပြောရတော့သည်။

ဖုန်းက နောင်ရိုးဆီမှ ဖြစ်ပါသည်။ နောင်ရိုးသည် အရိပ်တစ်ယောက် သုထက်ကို လက်ထပ်လိုက်သည့် အချိန်မှစပြီး အရိပ်ကို စိမ်းသွားခဲ့ခြင်းဖြစ်သည်။ အဲဒီအတွက် ဝင့်ဖြာတစ်ယောက် အကျေနပ်ကြီး ကျေနပ်ကာ ပျော်ရွှင်သွားခဲ့တာကို အရိပ်သိသည်။ သို့သော် နောင်ရိုးက အရိပ်အပေါ်မှာ စိမ်းသွားလျှင် ကျန်တဲ့လူတွေအတွက်တော့ မှောင်သွားသည်ဟု ပြောရမည်ဖြစ်သည်။

ဝင့်ဖြာက ဘယ်လောက်ပဲ ဂရုစိုက်ပါစေ နောင်ရိုးသည် ပတ်ဝန်းကျင်နဲ့တောင် နည်းနည်းကင်းသွားသည်အထိ တစ်ကိုယ်တည်း နေခဲ့တာဖြစ်သည်။ အရိပ်တို့အိမ်ထောင်ရေး အဆင်မပြေမှုနှင့် ဘွား ဆုံးပါးသွားခြင်းတို့သည် နောင်ရိုးတစ်ယောက် အရိပ်အပေါ်မှာ အဖြူရောင်မေတ္တာတွေ ထားနိုင်သွား



အောင် ပြောင်းလဲပေးခဲ့သော အခြေအနေပဲ ဖြစ်သည်။ တစ်ခါတလေမှာ သုထက်သာ နောင်ရိုးရဲ့တစ်ဝက်လောက်များ နားလည်ပေးနိုင်လျှင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု အရိပ်တွေးမိသည်။ သို့သော် ကိုယ့်ကို နားလည်ပေးနိုင်မှုနှင့် အချစ်သည် ထပ်တူမကျနိုင်ဟု ထင်ပါသည်။

အရိပ်သည် ဖုန်းကို ဖွင့်လိုက်ပြီးတော့ ...

"အင်း ... ပြော နောင်ရိုး"

"အရိပ် အလုပ်အားလား"

"အလုပ်ကတော့ ဘယ်အားပါ့မလဲ။ ရုံးတက်နေပါပဲဟာပဲ"

"အားမယ်ဆိုရင်တော့ ဖြစ်နိုင်တယ်ပေါ့"

"ကဲ ... လိုရင်းကိုသာ မိန့်တော်မူပါ"

အရိပ်က အဲဒီလို ပြောလိုက်လျှင် သူက ဟက်ခနဲ ဘာ်ချက်ရယ်သည်။

"လိုရင်းကို မိန့်ရမယ်ဆိုရင်တော့ ငါ ကြေးအိုးသောက်ချင်နေတယ်ဟ။ အချိန်ကလည်း သုံးနာရီလောက်ဆိုတော့ အတော်ပါပဲ ...

အဲဒါ နင်များ သောက်ချင်မလားလို့"

"အင်း ... ငါ အားတော့ အားပါတယ်။ နင်ပြောမှ ဗိုက်တောင် ဆာလာသလိုပဲ။ သွားမယ်လေ။ ရန်ကင်းဆိုင်ကိုပဲ မဟုတ်လား"

"အေး ... ဒါဖြင့်ရင် နင့်ကို ငါလာခေါ်ရမလား"

"နင်က ဘယ်မှာလဲ"

"ငါက နင်နဲ့နီးတယ်၊ (...)ဆိုက်မှာ ဝင်ခေါ်လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဆိုလည်း စောင့်နေမယ်။ နှင် အောက်ရောက်ရင် မက်ဆေ့ချ်ပို့လိုက်"

"အိုခေ ... အိုခေ ... ခဏနေတွေ့မယ်"

နောင်ရိုးတစ်ယောက် ဖုန်းချသွားလျှင် အရိပ်သည် ကိုယ့်ရဲ့ကိုယ်ပိုင်နားနေခန်းထဲသို့ ဝင်ကာ ပြင်ဆင်မှု အနေအထားကို တစ်ချက်ဆန်းစစ်လိုက်သည်။ စင်ကာပူမှ ဝယ်လာသော ခရမ်းပုပ်ရောင် ဖဲသားဆန်ဆန် အင်္ကျီပုံဆန်းကို မီနီစကတ်နို့နှစ်ရောင်ဖြင့် တွဲဖက်ဝတ်ဆင်လို့ထားကာ ဆံပင်တွေကိုတော့ နောက်ဘက်မှာ တစ်ဝက်ယူ၍ ဟက်ဖက်စည်းထားတာ ဖြစ်သည်။ မိတ်ကပ်အနေအထားက ဘာမှ ပြန်လည့်ကြည့်စရာ မလိုတော့လောက်အောင် ကြွေရောင်တောက်ပ လင်းလက်နေသည်။

အရိပ်သည် လည်ပင်းနားကို အိတ်ဆောင်ရေမွှေးလေး တစ်ချက်ဆွတ်ပြီးနောက် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ စက္ကူရီတေရီကို လိုအပ်တာ မှာကြားနေတုန်းမှာပဲ အရိပ်ရဲ့ဖုန်းက ထမြည်လို့လာသည်။ ဝင့်ဖြာထံက လာတာဖြစ်သည်။

"ဝင့်ဖြာ ... ပြော"

"အင်း ... နှင် အားလားဟင်"

လာပြန်ပြီ တစ်ယောက်။ ပထမတော့ အရိပ်သည် နောင်ရိုးနှင့်အတူတူ ကြေးအိုးသွားသောက်မည်။ နှင်လိုက်ခဲ့ပါလားဟု ခေါ်ဦးမလို့ပင်။ သို့သော် အဲဒီလို ပြောမနေချင်တော့။ အခုနောက်ပိုင်းတွင် နောင်ရိုးနှင့် ပတ်သက်၍ ဝင့်ဖြာရဲ့စိတ်တို့မှာ တစ်မျိုးဖြစ်လာသည်ဟု ထင်၍ဖြစ်သည်။ ကိုယ်က ဖြောင့်ဖြောင့်တွေးသော်လည်း သူကတော့ အဲဒီလိုထင်မှာ မဟုတ်ချေ။



မကောင်းတာတ၍ ခေါ်တယ်ဟု ထင်နေမှာ စိုးတာကြောင့် အရိပ်က ပြောပြမနေတော့ပါ။

"အင်း ... ဘာလုပ်မလို့လဲ။ ခဏနေ အပြင်ထွက်တော့မှာ"

"ဪ ... ဟုတ်လား။ ဘာမှတော့ မဟုတ်ပါဘူး။ ကော်ဖီလေး ဘာလေး သောက်ရင်း စကား ပြောမလားလို့ပါ"

"နောက်မှပေါ့။ ငါ အားရင် ဖုန်းဆက်လိုက်မယ်"

"အင်းပါ။ နှင် သူထက်နဲ့ရော အဆင်ပြေလား"

"ဒီလိုပါပဲ"

"အဲဒီကိစ္စ အကြောင်းတွေရော နှင့်ကို ငါ ပြောချင်တာ။ သူထက်ရဲ့ဖီးလ်တွေထဲမှာ နှင် တစ်ယောက်တည်းကိစ္စတွေအပြင် နောင်ရိုးနဲ့ ပတ်သက်ပြီးတော့ပါ ရှိနေတယ် အရိပ်။ သူ့မျက်လုံးတွေထဲမှာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကိုမေးချင်တဲ့ အရိပ်အယောင်တွေ အပြည့်ပဲ ...

မေးလည်း မေးချင်တယ်။ မေးဖို့များ မသင့်ဘူးလားဆိုတဲ့ အတွေးလည်း ရှိနေတယ်။ အိမ်ထောင်ရေးမှာ တခြားတစ်ယောက်ရဲ့ ကဏ္ဍကပါ ဝင်ရောက်လာပြီ ဆိုရင်တော့ အခြေအနေက ကောင်းတဲ့အလားအလာ သိပ်မရှိဘူး အရိပ်"

"နှင် ပြောချင်တာ ဒါပဲမဟုတ်လား"

"ဒါပဲတော့ ဘယ်ဟုတ်ပါ့မလဲ။ စကားပြောချင်လို့ကို တမင်ဖုန်းဆက်ပြီး ချိန်းတာပါ။ နှင်နဲ့ စကားတွေအများကြီး ပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နောက်တော့ ဆုံတာပေါ့"

"ခဏလေး။ နင့်ကို ငါ တစ်ခုလောက် မေးချင်တယ်။ နောက်မှ ဖြေရင်လည်း ရပါတယ်။ ခုတော့ ငါမေးလိုက်ချင်လို့"

အမှုင်မပြတ်နိုင်သော ဝင့်ဖြာရဲ့စကားတွေကို ဖြတ်မရရှိနေတုန်းမှာပဲ အရိပ်ရဲ့ဖုန်းထဲသို့ မက်ဆေ့ချ်ဝင်လာကြောင်း အချက်ပေးသံ ထွက်ပေါ်လို့လာသည်။

"မေးလေ"

"သူထက်ကို လက်ထပ်လိုက်တဲ့အတွက် နင် နောင်တရမိလား ဆိုတာကိုပါ"

"အဲဒီအဖြေကို ငါ တစ်ခါတည်း ဖြေပေးလိုက်မယ်။ ငါ ကျေနပ်လို့ လုပ်ခဲ့တဲ့ ကိစ္စတစ်ခုဟာ ငါ့ဘဝကို ဆိုးရွားစွာ ထိခိုက်သွားစေဦး။ ငါ ဘယ်တော့မှ နောင်တမရဘူး။ နင် ငါ့စိတ်ဓာတ်ကို သိပါတယ် ဝင့်ဖြာ"

"အိုခေ ... သင့်ခ်ယူ။ ဆီးယူ"

အရိပ်က ဘာမှပြန်မပြောတော့ဘဲ ဖုန်းကိုပိတ်ချလိုက်သည်။ အဲဒီနောက် ဝင်နေသော မက်ဆေ့ချ်ကို ဖွင့်ကြည့်လိုက်လျှင် ထင်သည့်အတိုင်း နောင်ရိုးဆီမှဖြစ်သည်။ သူ ရောက်လာမည်ဖြစ်ကြောင်း သတင်းလှမ်းပို့ထားလျှင် အရိပ်သည် မျက်နှာကိုကောက်တာပ်ကာ အိတ်ကိုယူလျက် အောက်ထပ်သို့ ဓာတ်လှေကားဖြင့် ဆင်းလာခဲ့သည်။ အောက်သို့ရောက်တာနှင့် ပေါ်တီကိုအောက်သို့ နောင်ရိုးရဲ့ကား ထိုးဆိုက်လာသည်မှာ အံကိုက်ပဲဖြစ်လေသည်။



အရိပ်သည် ကားကိုပတ်လျှောက်ကာ နောင်ရိုးရဲ့ဘေးဘက်ခုံမှာ ဝင်ထိုင်လိုက်သည်။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်ပင် နောင်ရိုးကလည်း ပိုလိုစပို့ရှပ်ဖေဒါရောင်အဖျော့လေးကို ဝတ်ဆင်ထားသဖြင့် ပြုံးမိရသေးသည်။ နောင်ရိုးကလည်း ဒါကို သတိထားမိဟန်ဖြင့် သူ့ဟာသူ တစ်ယောက်တည်းပြုံးသည်။ အရိပ်သည် နောင်ရိုး ကားမောင်းနေတာကို အသာငဲ့ကြည့်မိရင်းမှ သက်ပြင်းရှိုက်မိသည်။ ကားမောင်းနေသော နောင်ရိုးဟာ ဘာစတိုင်လ်မှ ထုတ်မထားဘဲ သက်သောင့်သက်သာ ပုံစံမျိုးဖြင့် မောင်းနေသော်လည်း စတိုင်လ်က ဝင်နေသည်။ Police မျက်မှန် Latest Design ကို တပ်ထားပြီး နားတစ်ဖက်မှာ စိန်မွင့်သေးသေးလေး ပန်ထားသော နောင်ရိုးရဲ့ ဒီဇိုင်းကား လုံးဝကိုဖရီးစတိုင်လ်။ သူနဲ့တွဲခုတ်ချင်ကြသော ကောင်မလေးတွေမှာ ဒုနဲ့ဒေး။ သို့သော် သူ ငြိမ်ငြိမ်လေး နေနေတာကိုပဲ အရိပ်က တွေးပူရတာဖြစ်သည်။

"ဘာတွေ တွေးနေတာလဲ အရိပ်"

"အင်း ... နင့်အကြောင်း"

"Woo ! သိပ်မိုက်ပါလား။ ငါ့ကိုဘေးထားပြီး ငါ့အကြောင်းတွေးတယ်ဆိုတော့ တော်တော်ဂုဏ်ယူဖို့ ကောင်းတဲ့ ဖြစ်ရပ်ပဲ ...

မိုက်တယ် ... မိုက်တယ်"

"ဟုတ်တယ်၊ နင် သိပ်မိုက်တယ်။ နင် ရည်းစားတစ်ယောက်လောက် ထားကြည့်ပါလား နောင်ရိုးရယ်။ ပြီးတော့ နင့်ကို ငါ အိမ်ထောင်လည်း ပြုစေချင်ပြီ"

"ဘာအတွက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကို အရိပ်က ချက်ချင်းမဖြေနိုင်ချေ။ စကားက ပွင့်မိသွားပြီမို့ နောင်ရိုးက ရပ်ကာ အရိပ်ဘက်သို့လှည့်ကြည့်ပြီး တစ်ချက်ပြုံးပြလာသည်။

"ငါ့ဘေးမှာ မိန်းမတစ်ယောက်ရှိမှ ငါ ပျော်လိမ့်မယ်လို့ နှင် ထင်ထားလို့လား အရိပ်"

"အင်း ... အဲဒီလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကို နားလည်တဲ့ လက်တွဲဖော်ဆိုတာ ရှိသင့်တာပဲ မဟုတ်လား"

"ကိုယ့်ကို နားလည်ပေးနိုင်တဲ့ လက်တွဲဖော်နဲ့ဆို စိတ်ချမ်းသာရမယ်၊ ပျော်ရမယ်ပေါ့"

"အင်းပေါ့"

အရိပ်ရဲ့ မဆိုင်းမတွ ပြန်ဖြေသံကို နောင်ရိုးက အဓိပ္ပာယ်ပါပါ ပြုံးပါသည်။ အဲဒီအပြုံးကို မြင်လိုက်တော့မှပင် အရိပ်ဖြေတာ မှားသွားပြီဟု သိလိုက်ရတော့သည်။ သို့သော် နှုတ်ဖျားက ထွက်ကျသွားသော စကားတို့ကို လိုက်ကောက်၍ မရနိုင်တော့ပါ။

"အဲဒီလိုလူမျိုးကို နှင် ရွေးချယ်ခဲ့လို့လား အရိပ်"

အရိပ်က နောင်ရိုးကို ဘာမှမပြောနိုင်ဘဲ ငေးကြည့်နေမိသည်။ အရိပ်မှာ နောင်ရိုးကို ပြန်လည်ချေပစရာ စကားလုံးမရှိချေ။ နောင်ရိုးကတော့ အရိပ်ကို ပြုံးကြည့်ကာ ဆက်ပြောပါသည်။ သူ့အပြုံးများတွင် ခါတိုင်းလို လှောင်ပြုံးများ မပါဝင်ဘဲ ပကတိရိုးသားသန့်စင်နေသည်။ အရိပ် လက်ထပ်သွားပြီးတဲ့နောက်ပိုင်းကစလို့ သူဟာ အရိပ်ကို အရင်ကလို လှောင်တာ ထေ့တာ၊ ဒေါသတကြီး ပြောတာမျိုး တစ်ခါမှ မရှိတော့ပါ။



"နှင်တောင် အချစ်တစ်ခုတည်းနဲ့ ဆုံးဖြတ်ပြီး အချစ်ကိုပဲ မျက်စိစုံမှိတ် ရွေးချယ်ခဲ့တာပဲ မဟုတ်လား။ နှင်က ချစ်နေရရင်၊ နားလည်ပေးနေရရင် စိတ်ချမ်းသာ ကျေနပ်နေတာပဲ မဟုတ်လား ...

လောကမှာ ပေးဆပ်နေရတာလည်း ကြည်နူးဖို့ကောင်းပါတယ် အရိပ်ရယ်"

အရိပ်က ဘာမှပြန်မပြောမိတော့ချေ။ နောင်ရိုးသည်လည်း စကားက ပွင့်လွတ်သွားပြီမို့ ကားကိုသာ အာရုံစိုက်ပြီး မောင်းနှင်နေသည်။

ခဏကြာတွင် ရန်ကင်းက ကြေးအိုးဆိုင်သို့ ရောက်သွားခဲ့ပါသည်။

နှစ်ယောက်သား ကြေးအိုး အတူတူစားရင်းမှ နောင်ရိုးက အေးအေးဆေးဆေး စကားပြန်စသည်။

"နှင့်ကို ငါ စကားပြောချင်နေတာ ကြာပြီ အရိပ်။ ဘာပဲဖြစ်ဖြစ် နှင်နဲ့ငါဟာ တစ်ယောက်နဲ့တစ်ယောက် နားအလည်နိုင်ဆုံး သူငယ်ချင်းတွေပါ ...

နှင် ဘာတွေပဲ ဖြစ်နေ ဖြစ်နေ၊ ဘာတွေပဲ ခံစားနေရ ခံစားနေရ ငါ မျှဝေယူဖို့ အသင့်ပါ။ နှင်ဟာ ငါ့ညီမလေးဆိုလည်း ဟုတ်ပါတယ် အရိပ်ရယ် ...

နှင့်ကို ငါ့ဘဝတစ်လျှောက်လုံး အရိုးသားဆုံးနဲ့ အဖြူစင်ဆုံး စောင့်ရှောက်သွားပါ့မယ်ဆိုတဲ့ ကတိကို ဘွားကို မပေးလိုက်ရတာ ငါ ရင်အနာဆုံးပဲ ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဘွားနဲ့စကားပြောဖို့ ငါ လိုက်လာခဲ့တာ နည်းနည်းသာ စောရောက်သွားခဲ့ရင် မီချင်မီမှာနော်"

အရိပ်သည် နှောင်ရိုးရဲ့စကားကြောင့် မျက်ရည်များပင် လည်လာမိလေသည်။

"နင် ကတိမပေးလိုက်လည်း ဘွားကဲ ယုံကြည်စိတ်ချခဲ့မှာပါ"

"အင်း ... ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ နင်နဲ့ပတ်သက်လာရင် ငါ အမြဲတမ်း အဆင်သင့် ရှိနေပါတယ်။ နင့်ကို ငါ တစ်ခုလောက် မေးချင်တယ် အရိပ်။ နင် တော်တော်စိတ်ဆင်းရဲနေရလားဟင်"

နှောင်ရိုးက နူးညံ့သော မျက်ဝန်းများဖြင့် ကရုဏာသက်စွာမေးလျှင် အရိပ်ရဲ့ရင်ထဲ၌ နင့်သွားသည်။ မောင်သာ အဲဒီလို နားလည်ပေးတတ်ရင် ဘယ်လောက်ကောင်းမလဲ။ အရိပ် စိတ်ဆင်းရဲနေရတာကို သိသိကြီးနဲ့ လျစ်လျူရှုထားတာလား၊ မသိလို့ပဲ လျစ်လျူရှုထားတာလား ဆိုတာတော့ မဝေခွဲတတ်တော့။ သေချာတာကတော့ သူငယ်ချင်းဖြစ်သည့် နှောင်ရိုးကတောင် အရိပ်ရဲ့မျက်နှာရိပ် မျက်နှာကဲကို ဖတ်တတ်လျှင် တစ်အိမ်တည်းနေသည့်သူက ပို၍ဖတ်တတ်လိမ့်မည်ဟု ထင်ပါသည်။

"ငါမေးနေတာ ဖြေလေ အရိပ်။ ဘာမှပြန်မဖြေဘဲ နေရင်တော့ ဟုတ်တယ်လို့ ငါ သတ်မှတ်ရလိမ့်မယ်"

အရိပ်သည် နှုတ်ခမ်းကို ခပ်ဖွဖွကိုက်ရင်းမှ ခေါင်းတစ်ချက် ဆတ်လိုက်ကာ ...



"ငါ စိတ်ဆင်းရဲနေတာတော့ အမှန်ပဲ"

နှောင်ရိုးက ဟာ ... ဖြစ်ရလေတယ် ဟူသော အကြည့်မျိုးဖြင့် ကြည့်ကာ စားလက်စ ဇွန်းကိုတောင် အောက်ချထားလိုက်လေသည်။ ဆို့နင့်သော မျက်ဝန်းများဖြင့် အရိပ်ကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ...

"ဖြစ်ရတယ် အရိပ်ရယ်။ ခုထက်ထိကို အဆင်မပြေသေးဘူးလား"

"သူက ငါ့ကို အရမ်းစိတ်နာနေတယ်"

"စိတ်နာတယ် ဆိုတာလည်း အတိုင်းအတာတစ်ခု အထိပဲ ရှိသင့်တာပေါ့။ နင်က သူ့အပေါ်မှာ သူ့အကျိုးပျက်စီးရာ ပျက်စီးကြောင်း လုပ်ခဲ့တဲ့သူမှ မဟုတ်တာ။ အခြေအနေအရ လုပ်ခဲ့တဲ့ကိစ္စပဲ။ ပြီးတော့ နင်က မိန်းကလေးလေ။ သူက ယောကျ်ားလေး။ ယောကျ်ားလေးဆိုတာ ပိုခွင့်လွှတ်တတ်ရမှာပေါ့ ...

နင် သူ့ကို အများကြီး သည်းခံမှာပါ။ ဒါ တော်ရုံအချစ်နဲ့ မဟုတ်ဘူး ဆိုတာလည်း သဘောပေါက်သင့်တာပဲ။ အမှားတစ်ခု ဆိုရင်တောင် ဒီအမှားက ခွင့်လွှတ်နိုင်တဲ့ အမှားတစ်ခုပါ"

"သူကတော့ အဲလိုမထင်ဘူး။ သူ့အချစ်ကို စော်ကားခဲ့တဲ့သူတဲ့။ အဲဒီအတွက် ခွင့်မလွှတ်နိုင်အောင် ဖြစ်နေတာ"

"ကျွတ် ... မဟုတ်တာပဲ"

အရိပ်သည် ကြေးအိုးထဲမှ အသားလုံးများကိုသာ ခပ်ယူစားသောက်နေရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"သူ ငါ့ကို ဘယ်အချိန်ထိ စိတ်နာနေဦးမလဲ ဆိုတာတော့ မပြောတတ်ဘူး။ ပြီးတော့ သူဟာ ငါထင်ထားတာထက်တောင် မာနကြီးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေသေးတယ်။ သူ့မာနတွေကြောင့်ပဲ တို့ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး ဖြစ်နေတာ"

"ဟင်း ... နင့်အတွက် ငါ ရင်လေးလိုက်တာ အရိပ်ရာ"

အရိပ်က မချိပြုံးတစ်ခုကို ပြုံးကာ ...

"ကိစ္စမရှိပါဘူးဟာ။ ငါ့အတွက် စိတ်ပူမနေပါနဲ့။ ဒီကို ထွက်လာခါနီးတုန်းကတောင် ဝင့်ဖြာဆီက ဖုန်းလာသေးတယ် ...

သူကလည်း ငါနဲ့ စကားပြောချင်လို့ ချိန်းတာ ...

ပထမတော့ ငါလည်း ဒီမှာလာစားမှာ ပြောမလို့ပဲ။ ပြီးတော့မှ မပြောတော့ပါဘူးရယ်လို့ပဲ ...

သူက ငါ့ကို ဖုန်းချခါနီးမှာ မေးသေးတယ်။ ဒီလို ဖြစ်ရတဲ့အတွက် နောင်တရလားပေါ့။ ငါလုပ်ခဲ့တဲ့ကိစ္စ၊ ရွေးချယ်ထားတဲ့ဘဝအတွက် ငါ့မှာ နောင်တဆိုတာ မရှိပါဘူး"

"ဒါပေမဲ့ နင့်အတွက် ငါ တကယ်ကို စိတ်မကောင်းဘူး အရိပ်။ ဘဝတစ်ခုလုံး အစစအရာရာ ဘယ်ဘက်ကမှ ပြောစရာမရှိအောင် ပြည့်စုံပေမယ့် တကယ့်နေရာမှ လစ်ဟာပြီး စိတ်ဆင်းရဲနေရတဲ့ ဘဝမျိုးကို ငါ မမြင်ချင်ဘူး ...

ငါ တတ်နိုင်တာ ဘာရှိလဲ"



"ငါတောင် မတတ်နိုင်တဲ့ကိစ္စမှာ နင်က ဘာတတ်နိုင်မှာလဲ နောင်ရိုးရယ်။ နင့်ကို ငါ တစ်ခု ပြောရဦးမယ်။ ဝင့်ဖြာဘက်ကိုရော နင် ထည့်မစဉ်းစားပေးတော့ဘူးလား ဟင်"

ဒီစကားကိုတော့ နောင်ရိုးက မျက်မှောင်ကြုတ်သွားကာ ...

"ငါက ဘာကို ထည့်စဉ်းစားပေးရမှာလဲ"

"ဘာပဲပြောပြော သူဟာ နင့်အပေါ်မှာ အကောင်းနိုင်ဆုံး မိန်းမတစ်ယောက်ပါ နောင်ရိုးရယ်။ အစစအရာရာ နင့်ကို နားလည်အပေးနိုင်ဆုံး ဖြစ်မယ့်သူပါ။ လောကမှာ နင်ချစ်လာတဲ့ မိန်းကလေးကို မတွေ့တော့ဘူး ဆိုရင်တော့ သူ့ကို ဘဝလက်တွဲဖော်အဖြစ်နဲ့ ရွေးချယ်သင့်တယ်လို့ ငါ အကြံပေးချင်တယ်"

"နင်လည်း ခက်တာပဲ။ နင် နားလည်အောင် ငါ ဘယ်လို ပြောရမလဲ။ တည့်တည့်ပြောမယ် အရိပ်။ နင်လည်း ငါ့ကို နားလည်ပေးနိုင်မှာပါ။ ငါ တစ်ခုခုအတွက် နာကျင်ကြေကွဲနေရလို့ ဒီလို နေ,နေတာ မဟုတ်ပါဘူး။ အခြေအနေကို ငါ နားလည်တတ်တဲ့ လူစားမျိုးပါ။ လက်တွေ့ဆန်တဲ့ အင်ဂျင်နီယာတစ်ယောက်ပါ ...

လက်ရှိအခြေအနေမှာ ငါ ကျေနပ်နေပါတယ်။ မပျော်ရွှင်တောင် စိတ်ဆင်းရဲနေရတဲ့ဘဝ၊ အသည်းကွဲနေရတဲ့ ဘဝမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့စိတ်ထဲက မပါ

www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့ ဘယ်မိန်းကလေးကိုမှတော့ အပျော်ရည်းစားတောင် မထားချင်ဘူးဟာ ...

ငါ့ကိုယ်ငါ ယောကျ်ားကောင်းလို့ မဟာစ်ကြွေးချင် ပါဘူး။ ဒါပေမဲ့ ခေတ်စကားနဲ့ ပြောရရင် သူများသားသမီး ကို ဒုက္ခမပေးချင်ဘူးဟာ။ နှင်ပဲ မိန်းကလေးဘက်က စဉ်းစားကြည့်လေ။ နှင့်ကို တကယ်မချစ်ဘဲ အပျော်သဘော နဲ့ စိတ်ပြေလက်ပျောက် ရည်းစားထားတယ်ဆိုတာ သိရရင် နှင် ဘယ်လိုခံစားရမှာလဲ ...

ကဲ ... ဖြေ"

နှောင်ရိုးက အရိပ်ကို မေးဆတ်ပြရင်းမှ ပြုံးစစဖြင့် လှည့်မေးနေသည်။ အရိပ်သည် အဲဒီအပြောကို ဘာမှပြန်မဖြေ နိုင်ပါ။ သို့သော်လည်း အလျှော့မပေးချင်သေး။

"ဒါပေမဲ့ နှင် မိန်းမတော့ ယူရလိမ့်မယ်"

"နှင် ရှာပေးမှာလား။ နှင် ရှာပေးမယ် ဆိုရင်တော့ ဝင့်ဖြာကြီးပဲ နေမှာပဲ"

"ဟယ် ... နှောင်ရိုးရယ်။ အဲဒီလိုပဲ ပြောရလား"

"ဘော်ဒါချင်းပဲ ဘာဖြစ်လဲ။ ဝင့်ဖြာနဲ့ပဲ နှင်က ဘာကြောင့် ကြောင်းနေရတာလဲ။ ဝင့်ဖြာက မချောဘူး မဟုတ်ဘူး အရမ်းချောပါတယ် ...

ချောလွန်းလို့ မကြိုက်တော့တာ။ ပြီးတော့ ငါက မိန်းမအရမ်းဆန်တာတွေ ဘာတွေ မကြိုက်ဘူးဟ။ ဆံပင် ရှည်ကြီး တစ်ထွေးသားနဲ့၊ မယ်ဗမာကိုယ်လုံးနဲ့၊ အာ ...



မခံစားတတ်ဘူး။ သူက အဲဒါကို အဟုတ်ကြီး လုပ်နေ တယ် ...

အဲဒါမျိုး ဒီဇိုင်းက ဘုတ်ဘားကြီးတွေမှ ကြိုက်တာ"

"အာ ... အပဟား ... ဟား ဟား"

နှောင်ရိုးက တကယ့်ကို စိတ်ပါလက်ပါ ပြောပြနေ သည်မို့ အရိပ်သည် ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မိလေသည်။ အရိပ် ဒီလိုမရယ်နိုင်တာတောင် အတော်ကြာခဲ့ပြီပဲ။

"ကြည့်စမ်း ... သဘောကျနေလိုက်တာ။ ဟေ့ ... တစ်ခု တော့ ကြိုပြောထားမယ်နော်၊ ငါက အဲဒီပုံစံ မကြိုက်ဘူး ဆိုလို့ ဒီဇိုင်းပြောင်းဖို့တော့ သွားမြှောက်မပေးလိုက်နဲ့။ မဟုတ်က ဟုတ်ကပုံတွေ ထွက်လာဦးမယ်"

မူရင်းအတိုင်းပဲ ကောင်းပါတယ်"

"အေးပါဟယ်၊ ဒါဖြင့် တခြားတစ်ယောက်ကိုတော့ ယူ မှာပေါ့၊ အဲလိုလား"

နှောင်ရိုးက နှာခေါင်းကို ရှုံ့မဲ့ပစ်ရင်းမှ ...

"အရမ်းလည်း မလုပ်ဘူး၊ အာမလည်း မခံဘူး။ သေချာ တာကတော့ နှင့်ကိုကြည့်ပြီး အဲဒါတွေကို စိတ်ကုန်နေတယ် ဟာ"

"အံမယ်"

"တကယ်ပြောတာ၊ ငါက ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတစ်ခု ကို တည်ဆောက်ချင်တာဟ။ ကိုယ်ကလည်း ချစ်တဲ့သူ၊ ကိုယ့်ကိုလည်း ချစ်တဲ့သူ၊ ပြီးတော့ တစ်ယောက်နဲ့တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် အပြန်အလှန် နားလည်ပြီး စိတ်ချမ်းသာရ
ဘဝမျိုးလေးကိုပဲ ပိုင်ချင်တာ။ အဲဒီလူတွေ တော်တော်
ကောင်းမယ်နော်။ ကိုယ့်ကိုနားလည်ပေးနိုင်ရုံနဲ့တော့ လက်
တွဲချင်သေးဘူး။ ငါကလည်း ချစ်ချင်သေးတယ်၊ ဒါမှ ...

နောင်ရိုးက မျက်စိတစ်ဖက် မှိတ်ပြရင်း လက်
တစ်ချက် ထောင်ပြလိုက်လျှင် အရိပ်သည် သူ့ရဲ့စကားကိုရော၊ သူ့
ပုံစံကိုရော သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မိလေ
သည်။

"ရယ်မနေနဲ့ ကုန်အောင်စား"

"အင်းပါ"

အရိပ်က ကြေးအိုးထဲမှ ကြာဆံဖတ်များကို တူနှင့်
ညှပ်ဆွဲပြီး ငုံ့စားနေတုန်းမှာပဲ အရိပ်တို့ရဲ့ စားပွဲနားသို့ လူတစ်
ယောက် လာရပ်သော အာရုံကို ခံစားမိသဖြင့် မော့ကြည့်လိုက်
လျှင် ...

"ဝင့်ဖြာ"

ဝင့်ဖြာက အရိပ်ကို အဓိပ္ပာယ်ပါသည့် စူးရှသော
မျက်လုံးများဖြင့် စိုက်ကြည့်ပြီးမှ နှုတ်ခမ်းထောင့်စွန်းလေး ကွေး
သွားရုံ ပြုံးပြသည်။ နောင်ရိုးကတော့ ဘာမှမပြောဘဲ သူ့ဟာသူ
ခပ်တည်တည် စားသောက်နေလေသည်။ အရိပ်သည် အံ့သြတာ
ကို ပြင်ယူလိုက်ရင်းမှ

"ဝင့်ဖြာ ထိုင်လေ။ ဘယ်သူနဲ့ လာတာလဲ"

"ရုံးကလူတွေနဲ့ပါ"



"ဪ ... အခုမှ ရောက်တာလား။ ထိုင်လေ ဒီမှာ ထိုင်
မှာလား"

"မထိုင်ပါဘူး။ နင်တို့ကိုမြင်လို့ လာနှုတ်ဆက်တာပါ"

"အင်း"

အရိပ်သည် ကိုယ်က ဘာအပြစ်မှ လုပ်မထားပါဘဲ
နဲ့ကို ဝင့်ဖြာရဲ့အကြည့်တွေကြောင့် အပြစ်ရှိသူလို ခံစားလာရ
သည်။

နောင်ရိုးကတော့ ခပ်တည်တည်ပင်။ ငုံးဥတစ်လုံးကို
အချဉ်ရည်ဖြင့် တို့စားရင်းမှ ဝင့်ဖြာကို ခပ်အေးအေး မော့ကြည့်
ကာ ...

"ဝင့်ဖြာ ... နင်က ထိုင်မှဖြင့်လည်း ထိုင်လေဟာ၊ မိုးတိုး
မတ်တတ်ကြီးနဲ့"

ဝင့်ဖြာက နှုတ်ခမ်းကို တင်းတင်းစေ့လျက် ...

"မထိုင်တော့ပါဘူး၊ သွားတော့မယ်၊ စား ... စား ...
အနှောင့်အယှက် ဖြစ်သွားရင် sorry ပဲ"

ဝင့်ဖြာက ပြောပြီးလျှင် ချာခနဲ လှည့်ထွက်သွား
သည်။ နောင်ရိုးက ဝင့်ဖြာကို မျက်မှောင်ကုတ်ကာ လိုက်ကြည့်
နေပြီးမှ အရေးမစိုက်ဟန်ဖြင့် ပခုံးကို တစ်ချက်တွန့်သည်။ ပြီး
တော့ ... ကြေးအိုးကို ဆက်မစားဖြစ်သော အရိပ်ကို မေးဆတ်ပြ
ကာ ...

"ဘာမှဖြစ်မနေနဲ့။ စားစရာရှိတာစား"

"တိုက်ဆိုင်လိုက်တာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးက ဖြစ်တတ်ပါတယ်ဟာ၊ ဘာမှ တွေးမနေပါနဲ့၊ အရင်တုန်းက နင် ဒါမျိုးတွေကို ဂရုစိုက်ခဲ့တဲ့သူ မဟုတ်ပါဘူး"

"ဩော် ... အရင်တုန်းက အခြေအနေနဲ့ အခုအခြေအနေနဲ့ မတူတော့ဘူးလေ။ ဒီနားလာရပ်တဲ့ ခဏလေးအတွင်းမှာကို သူ့မျက်လုံးက ငါ့ကို စကားတွေ အများကြီးပြောသွားတာ"

"အလဲ့ ... မိန်းမချင်းလည်း ဒီလို အထာတွေ ရှိတာပဲလား"

"ငါ အကောင်းပြောနေတာနော်။ သူက နင်နဲ့ ငါ့ကို တစ်မျိုးမြင်နေပုံရတယ်။ ပြီးတော့ ..."

ပြီးတော့ ငါ့ယောက်ျားကပါ တစ်မျိုးမြင်နေတယ်ဟုတော့ ထည့်မပြောဖြစ်တော့ပါ။ သို့သော် နှောင်ရိုးကတော့ အရိပ်ရဲ့ "ပြီးတော့ ..."ကို စိတ်မဝင်စား။ ရှေ့ကစကားကိုသာ မျက်လုံးတွေ လက်လက်ဖြာသွားရင်း ...

"ဘာကိစ္စ အဲလိုမြင်ရတာလဲ။ အဓိပ္ပာယ်မရှိတာ။ အဲဒါ နင်ရော ငါရောကို အထင်သေး စော်ကားလိုက်တာပဲ။ ပြီးတော့ သူက တခြားလူ မဟုတ်ဘူး။ တို့နဲ့ တစ်သက်လုံး ပေါင်းလာတဲ့ သူငယ်ချင်းပဲ"

"သူငယ်ချင်း ဆိုပေမယ့် နင့်ဆက်ဆံရေးကလည်း သူနဲ့ ငါ့အပေါ် တူမှမတူတာ။ နင် သူ့ကို ဂရုစိုက်လိုက်ပါ နှောင်ရိုးရယ်"



နှောင်ရိုးက စားလက်စကို ရပ်တန့်ပစ်တော့လျက် ထိုင်ခုံနောက်မှီကို မှီချလိုက်တော့ကာ ...

"ဝိုး ... ခက်တယ် အရိပ်ရာ။ နင် ယောက်ျားရပြီးမှ တော်တော်ပြောင်းလဲသွားတာပဲနော်"

"အင်း ... သည်းခံခြင်းနဲ့ ပေးဆပ်ခြင်း ဆိုတာတွေကို နေ့စဉ်ကြုံတွေ့နေရတာကိုး၊ ဘာပဲဖြစ်ဖြစ် ငါ ကျေနပ်ပါတယ် ...

ငါရွေးချယ်ထားတဲ့ လမ်းတစ်ခုအတွက် ငါ ကျေကျေနပ်နပ်နဲ့ ဆက်လျှောက်ရမှာပေါ့ နှောင်ရိုးရယ်"

"အင်း ... နင်တောင် မထင်ထားလောက်အောင် ရင့်ကျက်သွားတာပဲနော်"

အရိပ်က နှောင်ရိုးရဲ့စကားကို အသာပြုံးကာ မျက်စောင်းတစ်ချက် ထိုးမိသည်။ အဲဒီနောက် အကြည့်တို့က ဘာရယ်မဟုတ်ဘဲ ဝင့်ဖြာတို့ စားပွဲဝိုင်းသို့ ရောက်သွားလျှင် အရိပ်ကို စူးစူးရဲရဲ စိုက်ကြည့်နေသော ဝင့်ဖြာရဲ့ မျက်လုံးတစ်စုံကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။ အဲဒီအကြည့်ကြောင့် အရိပ်နောက်ကျောထဲကကောင် စိမ့်သွားရပါသည်။

"ပြီးရင် သွားရအောင်လေ"

"အင်း ... သွားတာပေါ့။ ငါ ရှင်းလိုက်မယ်နော်"

အရိပ်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်လျှင် နှောင်ရိုးက သူ့ဝေါလက်ကိုထုတ်ကာ ဝိတ်တာကိုခေါ်၍ ပိုက်ဆံရှင်းသည်။ ပြီးတော့ ဆိုင်ထဲမှ အတူယှဉ်တွဲ၍ ပြန်ထွက်လာကြလျှင် အရိပ်

www.burmeseclassic.com

www.burmeseclassic.com



သည် ဝင့်ဖြာတို့ စားပွဲဝိုင်းကို မကြည့်မိအောင် အတော်ထိန်းချုပ်ထားလျက် ပြန်ထွက်လာခဲ့ရပါသည်။ ဝင့်ဖြာရဲ့မျက်လုံးတွေထဲတွင် နင် လောဘသိပ်ကြီးတယ်ဟူသော စကားတွေ ထပ်ခါထပ်ခါ ပြောနေတာကို ကြားနေခဲ့ရသည်။

ဟင့်အင်း ... ငါ လောဘကြီးတာ မဟုတ်ဘူး။ ဖြစ်ချင်တာနဲ့ ဖြစ်လာတာဟာ ထပ်တူမကျတာပါ။



## ၂၀

"မဖြစ်နိုင်ဘူး ထင်တယ် စန္ဒာ။ နင် ပြောတဲ့ကိစ္စက ဘယ်လိုမှ ဖြစ်နိုင်မယ် မထင်ပါဘူးဟာ"

"ကိုသုရယ် အဲလိုတော့ လက်လွှတ်စပယ် မပြောလိုက်ပါနဲ့။ ဘာလို့ မဖြစ်နိုင်ရမှာလဲ။ စန္ဒာတို့ကိုလည်း သနားပါဦး။ အဖေက ထောင်ထဲမှာ။ အမေက ဆေးရုံပေါ်မှာ။ စန္ဒာတို့ ညီအစ်မနှစ်ယောက်တည်း ဒုက္ခပင်လယ်ဝေနေရတာပါ ...

အားကိုးစရာဆိုလို့ ကိုသုပဲ ရှိပါတယ်။ စန္ဒာ ရှိခိုးပါတယ် ကိုသုရယ်။ စန္ဒာတို့ကို ကယ်တင်ပါ။ ဒီစက်ရုံက ကိုသုမိန်းမ မရွှေအရိပ် ပိုင်တဲ့ စက်ရုံပါ ...

သူ ပိုင်ဆိုင်ထားသမျှ လုပ်ငန်းတွေထဲမှာ အသေးဆုံးလို့ ပြောရင်တောင် ရပါတယ်၊ သူ့အတွက် ဒီအနေအထားဟာ ပမွှားပါ၊ အဖေနဲ့ အမေရဲ့ ကံကြမ္မာ၊ စန္ဒာတို့ မိသားစုရဲ့ကံကြမ္မာဟာ သူ့လက်ထဲမှာ ရှိပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ကိုသု ပြောပေးရင် ရမှာပါ၊ သူကလည်း အဖေ့ကို ကိုသုရဲ့ဦးလေးမှန်း မသိသေးလို့ပါ"

သူက စိတ်ရှုပ်စွာဖြင့် ခေါင်းကိုကုတ်ဖွကာ စန္ဒာရဲ့ မျက်နှာကို မကြည့်ရက်စွာနှင့် မျက်နှာကို တစ်ဖက်သို့ လွဲမိသည်။ ဒီကိစ္စကြီးက သူ မမျှော်လင့်ထားသော ကိစ္စကြီးပင်။ သူရှိရာ ပန်းမြတ်တော်ဝင်ဆိုင်သို့ သူ့ညီမဝမ်းကွဲ စန္ဒာ တစ်ယောက် ငိုကြီးချက်မနှင့် ရောက်လာကာ သူ့ဦးလေးဖြစ်သူ စက်ရုံမှငွေများကို အလွဲသုံးစားလုပ်မှု၊ ဝန်ထမ်းသုံးယောက်ကို လာဘ်စားကာ ဖြုတ်ပစ်မှုနှင့် အတိုင်ကြားခံရကာ လောလောဆယ် စက်ရုံမှငွေ သိန်းနှစ်ရာကျော်ကို အလွဲသုံးစားလုပ်ထားမှုနှင့် ပတ်သက်ပြီး တရားစွဲဆိုခံထားရကြောင်း သိရသည်။ အဲဒီကိစ္စအတွက် ဦးလေး၏မိန်းမမှာလည်း သွေးတိုးကာ ဆေးရုံပေါ်သို့ ရောက်နေသည်။ သူ့ညီမဝမ်းကွဲဖြစ်သော စန္ဒာနှင့် သန္တာတို့မှာလည်း အခုမှ အပျိုဖော်အရွယ် ဝင်ခါစလေးတွေမို့ ဘာမှ မလုပ်တတ် မကိုင်တတ်။

စန္ဒာက ဆယ်တန်းအောင်ပြီးသွားသော်လည်း သန္တာက ဒီနှစ်မှ ဆယ်တန်းဖြေမယ့် ကလေးမလေးဖြစ်သည်။ သူသည် တကယ့်ကို ထူးခြားစွာ လာရောက်တိုက်ဆိုင်သော ကံကြမ္မာကို လက်သီးနှင့် ဆွဲထိုးချင်သည်အထိ ဒေါသထွက်ရသည်။ ဒီကမ္ဘာမှာ သူမနှင့်လွတ်ကင်းသည့် နေရာဆိုတာ မရှိတော့ဘူးတဲ့လား။ သူ့ဦးလေးဟာ ပလတ်စတစ်ပစ္စည်းတွေ ထုတ်လုပ်သည့် စက်ရုံတစ်ခုမှ မန်နေဂျာဖြစ်ကာ အဲဒီစက်ရုံရဲ့ပိုင်ရှင် ဘယ်သူလဲဆိုတာ သူ တစ်ခါမှ မမေးဖူးခဲ့။ ဦးလေးတို့မိသားစုနဲ့ နေတာချင်းလည်း



ဝေးတာကြောင့် အဆက်အသွယ်လည်း သိပ်မရှိလှတော့ပါ။ အခုကျမှ သူ့ညီမဝမ်းကွဲလေး စန္ဒာသည် သူ့ထံသို့ အားကိုးတကြီး အူယားဖားယားဖြင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့ထံသို့ရောက်လာလျှင် အားလုံး အဆင်ပြေသွားလိမ့်မည်ဟု မျှော်လင့်တကြီးဖြင့် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

သူသည် ကိုယ့်မှာလည်း ကိုယ့်ပြဿနာနှင့်ကိုယ်မို့ ဘယ်လိုတောင် ပြန်ပြောရမှန်း မသိပါ။

"ကိုသု ... သမီးတို့ကို ကူညီပါနော်။ မရွှေအရိပ်ကို ပြောပေးပါ။ ဒါမှမဟုတ်လည်း သူ့ရုံးခန်းကို ခေါ်သွားပေးပါ။ သမီးကိုယ်တိုင် ရှိခိုးတောင်းပန်ပါ့မယ်"

"ကျွတ် ... နေစမ်းပါဦးဟာ။ အဲဒီစက်ရုံက သူပိုင်တာရော သေချာလို့လား"

"ကိုသုကလည်း အဲဒါ သူ ပိုင်တာပါ။ အရင်တုန်းကတော့ မဟုတ်ဘူး။ အဲဒီစက်ရုံက ရပ်မလို ဖြစ်နေတာကို ပြန်ယူလိုက်တာလို့ ကြားတယ်။ ပြောင်းသွားပါပြီ။ အခု ထက်ထရေးဒင်းရဲ့လက်အောက်မှာ ရှိတယ်။ အုပ်ချုပ်တာက တစ်ယောက်ပဲ။ ဒါပေမဲ့ အဲဒါ သူပိုင်တဲ့စက်ရုံပါ ...

သေချာပါတယ်၊ မယုံရင် မေးကြည့်ပါ ကိုသုရယ်"

"ကျွတ် ... ခက်တယ်ဟာ၊ ငါနဲ့ သူနဲ့က တစ်ယောက်ကိစ္စကို တစ်ယောက် ဝင်မစွက်ဖက်ကြဘူးဟ ...

ငါတောင် ကိုယ့်အလုပ် ကိုယ်လုပ်နေတာ ကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုကိုလည်း အဲဒါ အံ့ဩတာပဲ။ ဘာအဓိပ္ပာယ်ရှိမှာလဲ။ မစွက်ဖက်ဘူး ဆိုပေမယ့် ဒါစွက်ဖက်တာမှ မဟုတ်တာ။ သေရေးရှင်ရေး ပြဿနာမို့ အကူအညီ တောင်းတာ။ ပြီးတော့ သူ မတတ်နိုင်တဲ့ကိစ္စမှ မဟုတ်တာ ...

ငွေသိန်းနှစ်ရာဆိုတာ သူ့အတွက် ဘာမှကို မဟုတ်တဲ့ ပမာဏပါ။ သူ လှူနေတာတွေက ဒီ့ထက်များပါတယ်၊ စန္ဒာတို့အတွက်တော့ ဘဝပျက်ရတော့မယ့် ပြဿနာပါ။ ကူညီပါ ကိုသုရယ် ... နော်"

"ခက်တာပဲဟာ၊ နင့်အဖေကလည်း ဒီပိုက်ဆံတွေကို ဘာကြောင့် ဒီလောက်အတိုင်းအတာထိ အလွဲသုံးစား လုပ်ရတာလဲ။ ပြန်လျော်လိုက်ရင် အမှုက ကျေအေးပေးလို့ရတာပဲ မဟုတ်လား။ ပြန်လျော်ပေးလိုက်ပေါ့"

"အမယ်လေး ကိုသုရယ်။ အဟီး ... ဟီး ... ပြောထွက်ရက်လိုက်တာ။ ပြန်လျော်ပေးနိုင်ရင် ကိုသုဆီကိုတောင် ရောက်လာစရာ အကြောင်းမရှိပါဘူး ...

အဲဒီပိုက်ဆံတွေက အဖေ လောင်းကစားလုပ်လို့ ကုန်သွားပြီလေ။ သမီးတို့က ဘယ်ကပိုက်ဆံနဲ့ ပြန်လျော်ရမှာလဲ ... အဟီး ဟီး"

"ကျွတ် ... စိတ်ညစ်လိုက်တာဟာ၊ နင်တို့မှာလည်း နင်တို့အပူနဲ့နင်တို့ ရှိသလို ငါ့မှာလည်း ရှိတာပဲ ...

ကဲပါဟာ ... တိတ်စမ်းပါ။ ငိုမနေပါနဲ့တော့။ ကဲ ... ငါတတ်နိုင်သလောက် ကူညီပါ့မယ်။ ဟုတ်ပြီလား"



သူ့ညီမဝမ်းကွဲလေးက မျက်ရည်များကို ကပျာကယာ ပွတ်သုတ်ပစ်ကာ ...

"တကယ်နော် ကိုသု၊ ဝမ်းသာလိုက်တာ ကိုသုရယ်။ သေချာပြောပြပေးပါနော်။ ကိုသု ပြောရင် ရမှာပါ။ သူက ချစ်လွန်းလို့တောင် ကိုသုကို ရွေးချယ်လက်ထပ်ထားတာပဲ မဟုတ်လား ...

ကိုသုကို အရမ်းချစ်မှာပါ"

သူ့မှာ အဲဒီအပြောကြောင့် မထွေးနိုင် မအန်နိုင်ဖြင့် အီလည်လည်ကြီး ပြုံးနေရသည်။

"ကိုသု အဲဒါဆို သမီး ပြန်တော့မယ်။ ဒီနေ့ ပြောပေးပါနော်။ မနက်ဖြန်ကျရင် သမီး ထပ်လာခဲ့ပါ့မယ် ...

သေချာပြောပေးပါနော်။ လိုအပ်ရင် သမီးပါတွေ့ပြီး ပြောပါ့မယ် ကိုသုရယ်"

"အေးပါဟာ၊ ငါ ကြိုးစားကြည့်သေးတာပေါ့"

စန္ဒာက သူ့စကားကို နားမလည်သလိုကြည့်ကာ ဘာမှ ဆက်မပြောတော့ဘဲ နှုတ်ဆက်ကာ ပြန်သွားသည်၊ သူသည် တကယ့်ကိုပဲ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ကာငိုင်နေမိပါသည်။ သူ့ဦးလေးတစ်ယောက် မလိမ္မာသောကြောင့် ဒီလိုဖြစ်ရတာကို မှသနားပေမယ့် အင်မတန် ရိုးအေးလှသော ဦးလေးမိန်းမနှင့် သူ့ညီမဝမ်းကွဲလေးများကိုတော့ သနားမိသည်။ ဦးလေးမှာ သူ့အဖေရဲ့ညီအငယ်ဖြစ်လျက် ငယ်ငယ်တုန်းကတော့ အဖော်ရင်းနီးခဲ့ကြသည်။ ကြီးတော့မှသာ ကိုယ့်ကိစ္စနှင့်ကိုယ် ဖြစ်ကာရော အိမ်ချင်းဝေးသွားတာကြောင့်ရော မတွေ့ဖြစ်ခဲ့ကြတော့။ ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြော အဖေ ပြီးသွားလျှင် သူ့အတွက် ဆွေမျိုးရင်းခြာမှာ ဦးလေးတို့ မိသားစုသာ ရှိတော့လေသည်။

သူ့မိဘတွေက နယ်တကာလှည့် ပြောင်းနေရသော ဝန်ထမ်းတွေမို့ သူ ငယ်စဉ်ဘဝက အဘွားတို့ ဦးလေးတို့ လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာဖြစ်သည်။ အဲဒီအတွက်လည်း ဦးလေးကို သူ သံယောဇဉ်ရှိပါသည်။ သို့သော် ဒီကိစ္စကတော့ သူ့အတွက် တကယ်ပဲ ခက်ခဲသည့်ကိစ္စ ဖြစ်တော့သည်။ သူမကို သူ ဘယ်လို မျက်နှာထား၊ ဘယ်လိုပုံစံနှင့် ပြောရမလဲ။ သူက ပြောပါပြီတဲ့ သူမကရော လက်ခံနားလည်ပေးမှာတဲ့လား။ အဲဒီအဖြစ်အပျက်ကို သူ တကယ်ပဲ မတွေ့ဆတတ်တော့ပါ။

ဖြစ်နိုင်လျှင် သူ လုံးဝမပြောချင်ပါ။ သူမကိုပြောပေးရမည့်အစား ဦးလေးကိုယ်စား ထောင်သာ အကျခံလိုက်ချင်တော့သည်။

သို့သော် တစ်ဖက်မှာလည်း သနားစဖွယ် ညီမများ၏ မျက်နှာကလည်း ရှိနေသည်။ သူ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိ။ နောက်ဆုံးတော့ ခိုင်မာသည့် ဆုံးဖြတ်ချက်ကိုသာ ချလိုက်ရတော့သည်။ ဘာပဲဖြစ်ဖြစ် သူမကို သူ ပြောတော့ပြောကြည့်ရမည်ဟု ...။

အဲဒီစိတ်ကူးနှင့်အတူ ဂျူတီလည်း စောစောပြီးသဖြင့် သူက အိမ်သို့စောစော ပြန်လာလိုက်သည်။ သူ ပြန်ရောက်သောအခါ သူမကို အခန်းထဲမှာ အနားယူနေသောပုံစံဖြင့် တွေ့လိုက်ရသည်။ ဒရင်းမ်ဘတ်ပေါ်မှာ ခြေဆင်းထိုင်လျက် သူမက စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ အခန်းထဲသို့ သူ ဝင်လာသောအခါ



မော့ကြည့်ပြီး ကြည်ကြည်လင်လင်ပဲ ပြုံးပြပါသည်။ အဲဒီအပြုံးကြောင့် သူ အားတက်သွားရသည်။

"ဒီနေ့ စောသလိုပဲနော်၊ ညစာရော စားပြီးပြီလား"

သူမက စတင်နှုတ်ဆက်သည်။ သူနဲ့ သူမသည် ဟိုတစ်ခါ ပြဿနာဖြစ်ပြီးကတည်းက စကားသိပ်မပြောဖြစ်ကြတော့ပဲ တန်းသွားခဲ့တာဖြစ်သည်။ သူမကလည်း သူ့ကိုသိပ်မပြော၊ သူကလည်း သိပ်မပြော။ မေးထူးခေါ်ပြော အဆင့်တောင်မရှိကြဘဲ အေးစက်သွားကြသည်မှာ ကြာခဲ့ပြီ။ ဒီနေ့တော့ သူမကလည်း လိုလိုလားလား စတင်နှုတ်ဆက်သဖြင့် အခြေအနေက ကိုယ့်ဘက်မှာရှိသည်ဟု တွက်ဆလိုက်ရသည်။

အင်း ... ပြောရရင်တော့ သူမလည်း သူ့ကို သိပ်ချစ်တာပါပဲ။ အဲဒီအတွေးကြောင့် သူ့ရင်မှာ ပူနွေးလှုပ်ခတ်သွားပါသည်။ သူက သူမကို တစ်ချက်ကြည့်လိုက်လျှင် အညိုရောင် မျက်လုံးရွဲကြီးများဖြင့် မော့ကြည့်နေသော သူမကို တွေ့ရသည်။

"အင်း ... စားလာခဲ့ပြီးပြီ။ မင်းရော"

"ကျွန်မလည်း စားပြီးပါပြီ။ အဝတ်အစား လဲမှာလား၊ လဲလေ"

သူက သူမရှေ့က ဆိုဖာတွင် ဝင်ထိုင်လိုက်ရင်းမှ ...

"မလဲတော့ပါဘူး။ မင်း ကိုယ့်ကို အချိန်ခဏလောက် ပေးနိုင်မလား။ စကားနည်းနည်း ပြောချင်လို့"

"ဒီအချိန်က ကျွန်မရဲ့ကိုယ်ပိုင်အားလပ်ချိန်ပါ။ အေးအေးဆေးဆေး စကားပြောလို့ ရတာပဲ။ မောင် ဘာပြောချင်လို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဒရင်းဘတ်ပေါ်မှ ထလာကာ သူနှင့်မျက်စောင်းထိုးခုံမှာ ဝင်ထိုင်ရင်း မေးသည်။ ဆင်စွယ်ရောင် ညဝတ်အင်္ကျီဂါဝန်ရှည်ဖြင့် ဒဏ္ဍာရီထဲက နတ်သမီးတစ်ပါးလို နူးညံ့စွာ လှပနေသော သူမကို သူက တစ်ချက်ကြည့်မိကာ သက်ပြင်းခိုးတစ်ချက်ကို အသာရှိုက်မိသည်။ ဘယ်ဘက်ကမှ ပြောစရာမရှိအောင် ထက်မြက်သော၊ တော်သော၊ ထူးချွန်သော၊ လှပဆွဲဆောင်မှုရှိသော အနီမိန်းမကို သူ့ရဲ့တရားဝင်မိန်းမဆိုတာ တစ်ခါတစ်ခါ မေ့လျော့နေတတ်သည်။

သူဟာ ဘာကောင်မို့လို့ ဒီလိုမိန်းမမျိုးကို ရထားတာလဲ။ သူ့ကို ကံကြမ္မာက ကျီစယ်တာလား၊ မိုးနတ်မင်းက ရက်စက်တာလား။ ဘာမှမဝေခွဲတတ်ခဲ့တော့ပါ။ သူက စိတ်လှုပ်ရှားသလိုဖြင့် လျှာကို တစ်ချက်သပ်လိုက်ကာ ...

"Ruby ပလတ်စတစ်စက်ရုံက မင်း ပိုင်တဲ့စက်ရုံလား"

သူမက သူ့ထံက မေးခွန်းကို ဒီမေးခွန်းမျိုး မျှော်လင့်ထားဟန် မတူသောကြောင့် အံ့ဩသလိုဖြင့် မျက်ခုံးတစ်ချက် ပင့်သွားသည်။ ပြီးတော့မှ ခေါင်းကိုခပ်သွက်သွက် ညိတ်ပြကာ ...

"အင်း ... ဟုတ်တယ်လေ မောင်။ ဘာဖြစ်လို့လဲ"

ဟုတ်တယ်တဲ့။ သူမပိုင်တာ သေချာသွားခဲ့ပြီ။ တကယ်တော့ သူ တိတ်တိတ်လေး ဆုတောင်းနေမိသည်မှာ အဲဒီစက်ရုံကို သူမပိုင်တာ မဟုတ်ပါစေနဲ့ဟူ၍ပင်။ အခုတော့ သူ ဘာဆက်ပြောရမှန်း မသိတော့။ သူ့ပါးစပ်မှ ထွက်မိထွက်ရာ ထွက်သွားသည်။

"ဘာဖြစ်လို့ Ruby လို့ ပေးထားရတာလဲ"



သူမက သူ့စကားကို ဟက်ခနဲ တစ်ချက်ရယ်သည်။ အဲဒီရယ်ပုံမျိုးဟာ မသိနားမလည်သော ကလေးတစ်ယောက်ရဲ့ မေးခွန်းကို ရိုးရိုးသားသား သဘောကျသည့် အရယ်မျိုးဖြစ်၍ သူပင် ငေးခနဲ ဖြစ်သွားရသည်။

"အဟင်း ... အဲဒီစက်ရုံက အစက ကျွန်မတို့ပိုင်တာ မဟုတ်ဘူး မောင်ရဲ့။ မိတ်ဆွေတစ်ယောက်ရဲ့စက်ရုံ။ သူက ဆက်မလုပ်နိုင်တော့တာနဲ့ အားနာပြီး ယူထားလိုက်ရတာပါ။ မဟုတ်ရင် ဖြုတ်ပစ်မှာလေ။ အဲဒီကျ ဝန်ထမ်းတွေ အလုပ်လက်မဲ့ဖြစ်သွားမှာကို သနားလို့ပေါ့ ...

နာမည်လည်း မပြောင်းတော့ပါဘူး။ ဒီတံဆိပ်က မားကတ်ထဲမှာ ခိုင်ပြီးသားဆိုတော့ သူ့နာမည်နဲ့သူပဲ ဆက်ထုတ်ဖြစ်တဲ့ သဘောပေါ့"

ဩော် ... စက်ရုံကြီး တစ်ရုံလုံးကိုတောင် အားနာပြီး ယူထားလိုက်ရတာတဲ့လား။ ဝန်ထမ်းတွေ အလုပ်လက်မဲ့ဖြစ်သွားမှာ စိုးသတဲ့။ ဘဝပေါင်းများစွာရဲ့ ကံကြမ္မာဟာ သူမရဲ့လက်ထဲမှာ တည်ခဲ့တာပါလား။ သူ့ရင်ထဲတွင် မောသွားသည်။ ရွှေအရိပ်ရေ ... ဘဝတွေရဲ့ကံကြမ္မာကို ထည့်တွက်ခဲ့ရင်၊ မိသားစုတစ်စုရဲ့ ကံကြမ္မာတွေကိုရော ထည့်မတွက်ဘဲ မနေပါနဲ့။

ဦးလေးအတွက် သူ နည်းနည်းတော့ အားတက်သွားခဲ့ပါသည်။

"ဘာလဲ မောင်။ အဲဒီစက်ရုံကို စိတ်ဝင်စားလို့လား မောင်"

သူမက မျှော်လင့်ချက်အပြည့်ဖြင့် တောက်ပနေသော မျက်လုံးများကို ဝင့်ကာမေးသည်။ သူမ ဘာကို အတွေးပေါက်

www.burmeseclassic.com

www.burmeseclassic.com



သွားလဲဆိုသော သူက ဟာစ်ခုခုပြောဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ သူမထံမှ စကားသံက ဆက်ထွက်လာပါသည်။

"ဒါပေမဲ့ အခုလောလောဆယ်မှာ အဲဒီစက်ရုံက ပြဿနာ တက်နေတယ် မောင်ရဲ့။ မန်နေဂျာက စက်ရုံက ငွေသိန်း နှစ်ရာကျော်ကို အလွဲသုံးစားလုပ်ထားလို့ ထောင်ထဲရောက် နေတယ်"

"သူ့ကို ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"ဘာလုပ်ဖို့ စိတ်ကူးရမှာလဲ။ သူ အလွဲသုံးစားလုပ်ထား တာ ထင်ရှားနေတာပဲလေ။ ထောင်ကျမှာပေါ့"

သူက သူမရဲ့မျက်ဝန်းများထဲသို့ တည့်တည့်စိုက် ကြည့်ကာ ...

"သူ ထောင်ကျသွားရင် သူ့မိသားစုဘဝ ပျက်သွားလိမ့် မယ် ရွှေအရိုပ်။ အခုလောလောဆယ် သူ့မိန်းမက ဆေးရုံ ရောက်နေတယ်။ သူ့သမီးလေးနှစ်ယောက်ကလည်း အခုမှ ဆယ်ကျော်သက်လေးတွေပဲ ရှိသေးတယ်။ ကျောင်းသူလေး တွေ ...

အခု သူတို့ အဲဒီကိစ္စအတွက်နဲ့ သိပ်ကို စိတ်ဆင်း ရဲနေကြတယ်"

သူမမျက်လုံးတွေက သူ့ကို နားမလည်သလိုကြည့် လာလျက် ...

"ဘာတွေလဲ မောင်။ အဲဒါတွေက"

"မန်နေဂျာ ဦးစိုးသိန်းဟာ ကိုယ့်ရဲ့ဦးလေးအရင်းခေါက် ခေါက်ပဲ"



သူမ မျက်လုံးတွေက အလန့်တကြားပုံစံဖြင့် ဝိုင်း စက်သွားသည်။

"ဟုတ်တယ် ရွှေအရိုပ်။ တစ်နေ့ကပဲ ကိုယ့်ညီမလေး ဆိုင်ကိုလိုက်လာပြီး ငိုကြီးချက်မနဲ့ပြောလို့ ကိုယ် သိရတာ ပါ။ သူတို့က အဲဒီစက်ရုံကို မင်း ပိုင်ဆိုင်မှန်း သိတဲ့အတွက် ကိုယ့်ဆီမှာ အကူအညီ တောင်းတယ် ...

ဖြစ်နိုင်ရင် မင်းကို ရှိခိုးကန်တော့ပြီးသော့ကို တောင်း ပန်ချင်တဲ့သူတွေပါ။ သူတို့ရဲ့ကံကြမ္မာဟာ မင်းလက်ထဲ မှာရှိပါတယ်။ မင်း ဆုံးဖြတ်ချက်တစ်ခုနဲ့ အဆိုး အကောင်း ဝေခွဲရမှာပါ။ အဲဒါ ..."

"အမှုကို ရုပ်သိမ်းပေးဖို့ကတော့ မဖြစ်နိုင်ဘူး မောင်"

ရုတ်တရက် ခပ်ဆတ်ဆတ် ထွက်ပေါ်လာသော သူမရဲ့အသံကြောင့် သူက မတ်ခနဲ ဖြစ်သွားသည်။ တစ်ချိန်တည်း မှာပဲ ရှက်ရွံ့စိတ်က ၊ တစ်ကိုယ်လုံး ပိုးကောင်တွေ ဘက်ကိုက် ခြင်းခံရသလို တရှရှဖြင့် တဆစ်ဆစ် နာကျင်လာပါသည်။ တောက် ... ငါကိုက ...။

ဒီမိန်းမထံမှာ နှလုံးသားမရှိဘူးဆိုတာ သူ ဘာကြောင့် သတိလက်လွတ် ဖြစ်သွားရတာပါလိမ့်။

"မင်း အဲဒီလောက်ပဲ အစာအနာမဲ့ရသလား ရွှေအရိုပ်"

"ကျွန်မ အစာအနာမဲ့တာ မဟုတ်ဘူး။ အလုပ်နဲ့ ကိုယ် ရေးကိုယ်တာကို မရောထွေးတတ်တာပါ။ ပြီးတော့ဒီလူဟာ ဒီကိစ္စတစ်ခုတည်းတင် မဟုတ်ဘူး။ ဝန်ထမ်းတွေကို သူ့ သဘောနဲ့သူ ဖြုတ်ချင်ရာဖြုတ်၊ ငွေပေးတဲ့လူကိုသွင်း စသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရာတွေနဲ့ ပတ်သက်ပြီး တိုင်ကြားထားတဲ့ ဝန်ထမ်းတွေလည်း ရှိတယ် ...

လက်အောက်ငယ်သားတွေအပေါ်မှာ ညှာတာမှုမရှိလို့၊ ကိုယ်ကျိုးပဲ ကြည့်လွန်းလို့ ဘုတ်အဖွဲ့က စောင့်ကြည့်နေခဲ့တာလည်း ကြာပြီ။ ပြီးတော့ ဒီကိစ္စဟာ ကျွန်မတစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နဲ့လည်း မပြီးဘူး မောင်။ ကုမ္ပဏီမှာ ဘုတ်အဖွဲ့ ရှိတယ်။ ဥပဒေအရာရှိတွေရှိတယ်။ သူ့ကို အလွဲသုံးစားမှုနဲ့ တရားစွဲထားတယ်ဆိုတာ ကျွန်မတောင် မနေ့ကမှ သိရတာ။ အားလုံးရဲ့ဆန္ဒအရ ဒီလူဟာ လောင်းကစားကိစ္စတွေကြောင့် ငွေအလွဲသုံးစားမှု ဖြစ်ရတာ။ ဒီအတွက် ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံကိုခံရမယ်။ အဲဒါ အများရဲ့ဆုံးဖြတ်ချက်ပဲ ...

ကျွန်မ ဘာမှကန့်ကွက်ပိုင်ခွင့် မရှိဘူး"

သူက သူမရဲ့အပြောကို နားကြည်းခြောက်ကပ်စွာ ရယ်မောမိလေသည်။

"ဟား ဟား ... ဒီလိုစကားမျိုးတွေက ငါလည်း ပြောတတ်ပါတယ် ရွှေအရိပ်ရာ"

"ကျွန်မကို မရိနဲ့မောင်၊ ကျွန်မ တမင်ကတ်သတ်ပြောနေတာ မဟုတ်ဘူး။ ဒီကိစ္စဟာ ကုမ္ပဏီတွေ၊ တခြားစက်ရုံတွေမှာ အားလုံးသိတဲ့ကိစ္စ ဖြစ်နေပြီ။ အားလုံးကလည်း ဘယ်လိုဆုံးဖြတ်ချက် ချမလဲဆိုတာ အရမ်းသိချင်နေကြတယ်။ ထက်ထရေးဒင်းရဲ့ဝန်ထမ်းတိုင်း စောင့်ကြည့်နေရတဲ့ကိစ္စပဲ။ အဲဒီကိစ္စမှာ ကျွန်မက ဂျင်(န)ရယ်လ်ပါဝါနဲ့



အမှုပိတ်လိုက်ရင် အားလုံးက ကျွန်မကို ဘယ်လိုထင်မြင်ယူဆကြမလဲ ...

သူ့ယောက်ျားရဲ့ဦးလေးမို့ ဒီလိုလုပ်တယ်ဆိုပြီး နောက်ကွယ်ကနေ ကောင်းကောင်းကြီး လက်ညှိုးထိုးကဲ့ရဲ့ကြမယ် မောင်။ ဒါတင်မကဘဲ ကျွန်တဲ့လုပ်ငန်းအစိတ်အပိုင်းတွေကို ဘယ်လိုအင်အားနဲ့ ဆက်ပြီးအုပ်ချုပ်တော့မှာလဲ။ ဘယ်လူကြီး၊ ဘယ်ဝန်ထမ်းကရော ကျွန်မကို လေးစားတော့မှာလဲ။ ကျွန်မဟာ အရွယ်နဲ့မမှုတဲ့ အလုပ်တွေကို မိန်းမတစ်ယောက်အနေနဲ့ ထမ်းဆောင်နေရတာပါ။ ဒီအတွက် တိကျပြတ်သား ဘက်မလိုက်တတ်ခြင်းဆိုတဲ့ မူဝါဒကို အသေဆုပ်ကိုင်ထားရတာပါ။ အဲဒါကို ကျွန်မ လွှတ်ချလို့ မဖြစ်ဘူး မောင်"

"အေးပါ ... ခုလို ရှင်းပြလိုက်ရတဲ့အတွက် တော်တော်မောသွားရောပေါ့၊ ရေသောက်လိုက်ပါဦး"

"မရိနဲ့မောင် ... ကျွန်မ တကယ့်အဖြစ်အပျက်တွေကို ပြောပြနေတာပါ"

"အေးပါ ... ထားလိုက်ပါတော့။ မင်းဘက်က ခုခံကာကွယ်စရာ စကားလုံးတွေ ပေါပါတယ် ရွှေအရိပ်။ မင်းမှာ တစ်ဖက်သားကို နားလည်စာနာပေးတတ်တဲ့ နှလုံးသားမရှိမှန်း သိသိကြီးနဲ့ ပြောမိတဲ့ ငါကိုက မှားတာပါ။ အသုံးမကျတာပါ သေချာပါတယ်။ မင်းအတွက် ငါဟာ ညအိပ်ဖော်အဖြစ်လောက်သာ အသုံးဝင်တဲ့ယောက်ျား၊ နွားသာသာကောင်တစ်ကောင်ပေါ့ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ရှင် အဲဒီလို မပြောနဲ့နော်။ ရှင့်စကားက သိပ်မိုက်ရိုင်းတယ်"

သူမ စူးစူးရှရှ အော်ဟစ်လိုက်လျှင် သူ့သွေးတွေက ဖျင်းခနဲ ဆူဝေသွားသည်။ သူ့ကို အော်ဟစ်တာမျိုးကို သူ အင်မတန် မုန်းပါသည်။ ပြီးတော့ သူမက အော်ဟစ်လိုက်သောကြောင့် ပို၍ဒေါသထွက်ရသည်။ ငလာလောလတ်လတ်မှာ သူ့အဆိုတင်သွင်းစကားကို တစ်ချက်လေးမှ အရေးမစိုက်၊ ဂရုမထား၊ မလိုက်လျောသော မိန်းမက ဒါမျိုးကျတော့ "သိပ်မိုက်ရိုင်းတယ်" ဟု စူးစူးဝါးဝါး အော်ဟစ်လိုက်တာကို သူက အသည်းထဲကထိ နာသွားလေသည်။

"ဟုတ်တယ် ... ငါက အရိုင်းအစိုင်းယောကျ်ား။ အမျိုးမကောင်းတဲ့လူ။ မင်းတို့ကတော့ တော်ဝင်တဲ့ အသိုင်းအဝန်း ...

ငါကတော့ ရိုင်းရင် ရိုင်းပစေ။ ဟုတ်တာ မှန်တာကိုပဲ ပြောတတ်တယ် ...

ငါပြောတာ မဟုတ်လို့လား။ မင်းအတွက် ငါက ဘာလဲ။ မင်းရဲ့စမ်းသပ်စစ်ဆေးမှုတွေအောက်မှာ စိတ်တိုင်းကျပြီဆိုမှ မင်းသဘောနဲ့မင်း လက်ထပ်ခဲ့တဲ့သူ။ ပြီးတော့ ဒီအိမ်မှာ ဘယ်လိုနေရလဲ"

"ဟင် ... အဲဒါ ရှင့်သဘောနဲ့ ရှင်နေနေတာလေ။ ရှင့်ကို ဘယ်သူက ဒီအတိုင်း နေခိုင်းနေလို့လဲ။ ရှင့်ကို အလုပ်တွေ ဦးစီးပါဆိုတော့ ရှင် လုပ်ချင်လား၊ ဘာပြောခဲ့လဲ"



"ဘာလုပ်ရမှာလဲ။ မင်းရဲ့ကြီးဆွဲရာက,ရတဲ့ယောကျ်ားလုပ်ရမှာ မဟုတ်လား။ မင်းက CEO နေရာကနေ မိန့်မိန့်ကြီးနေ။ တစ်ခုခု ဖြစ်လာရင် မင်း ဆုံးဖြတ်ချက်သာ အတည်။ ငါ့ကို လူရှေ့သူရှေ့မှာ သပ်ပြီးအရှက်ခွဲမယ့် မင်းအကြံအစည်တွေကို မသိဘူးများ မှတ်နေလား။ ဟားတော်ပါတော့ ရွှေအရိပ်ရာ ...

မင်းအနားမှာ အရှက်မရှိ ဆက်နေနေတဲ့ ငါကသာ တကယ်နွားပါ။ အသုံးမကျတဲ့ကောင်ပါ"

"မောင် ... ရှင် မဟုတ်တာတွေ ဆက်ပြောမနေနဲ့နော်။ ကျွန်မ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်သွားလိမ့်မယ်"

"ဘာ ... သည်းခံနိုင်တဲ့ အတိုင်းအတာ ! ဟုတ်လား။ အဲဒီစကားက ငါပြောရမှာလား။ မင်းပြောရမှာလား။ မင်းက ငါ့ကို ဘာတွေများ သည်းခံနေခဲ့ရလို့လဲ ...

မင်းကို စိတ်နာနာနဲ့ မင်းဘဝအတွက်၊ မင်းသိက္ခာအတွက် သည်းခံပြီး ပေါင်းနေရတာက ဘယ်သူလဲ။ အဲဒီအတွက် မင်း ငါ့ကို ဘာငဲ့ကြည့်ခဲ့လဲ။ မင်းဆီက ငါ ဘာကိုမှ မမျှော်ကိုးခဲ့ဘူးဆိုတာ မင်း အသိဆုံးပါ ရွှေအရိပ်။ ဒါကလည်း တစ်ဖက်သားက မဖြစ်မနေ ရှိခိုးဦးတင်ပြီး အကူအညီ တောင်းတဲ့ကိစ္စမို့ မင်းကို ပြောရတာ။ မင်းမှာ ကိုယ်ချင်းစာစိတ်များ နည်းနည်းပါးပါး ရှိမလားလို့ ...

ခုတော့ သိသွားပါပြီ။ မင်းဟာ ထင်ထားတာထက် အတ္တကြီးတဲ့ မိန်းမ။ လူမဆန်တဲ့မိန်းမ။ မင်းအတွက်ပဲ မင်းကြည့်တဲ့ မိန်းမ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းမမျိုးအနားမှာ နေနေတဲ့ ငါကလည်း လူမိုက်ပဲ။ တစ်ယောက်နဲ့တစ်ယောက် ညှာတာထောက်ထားမှုမရှိတဲ့ လူနှစ်ယောက် အတူတူ နေနေလို့လည်း ဘာရလဒ်ကောင်းတွေ ထွက်လာမှာမို့လဲ ...

မင်းဘဝနဲ့ ငါ့ဘဝ ခွဲလိုက်ကြပါစို့ ရွှေအရိပ်"

သူမ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ နှုတ်ခမ်းတွေက ပွင့်အာသွားသည်။

မျက်ရည်ရစ်ဝဲလာသော မျက် လုံးတွေက တစ်ခုခုကို ထိန်းချုပ်ထားရသော ပုံစံဖြင့် ...

"ရှင် ... ဒါ ... ဒါ ... ဘာစကားပြောတာလဲ"

"မင်း သဘောပေါက်မှာပါ"

သူက စားပွဲပေါ်မှ သူ့ကားသော့ကို ကောက်ယူလျက် ချာခနဲ လှည့်ထွက်လိုက်သည်။ သူမက သူ့လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်း၍ဆွဲထားကာ ...

"မောင်"

သူက သူမလက်ထဲက လက်ကောက်ဝတ်ကို ရုန်းထွက်လိုက်ကာ အခန်းအပြင်ဘက်ထွက်ဖို့ လျှောက်လာခဲ့သည်။ သူမထံက အသံတစ်သံက ထပ်လွင့်လာသည်။

"မောင် ... ရှင် အဲဒီလိုထွက်သွားလို့ မရဘူးနော်"

သူက ဂရုမစိုက်တော့ချေ။ အခန်းတံခါး လက်ကိုင်ကို ဆွဲလှည့်ကာ နောက်သို့လှည့်မကြည့်တော့ဘဲ ခပ်ပြင်းပြင်း ဆောင့်ပိတ်ပေးလိုက်ခဲ့သည်။ နောက်မှာ သူမ ဘယ်လိုဖြစ်ကျန်ရစ်ခဲ့ရသလဲဆိုတာ မသိတော့။ စိတ်လည်း မဝင်စားတော့။ ဘဝ



ဆိုတာ စာအုပ်တစ်အုပ်ဆိုလျှင် သူမနဲ့ပတ်သက်သော အကြောင်းအရာများကို ဆွဲစုတ် မီးရှို့ လွင့်ပစ်ချင်လှသည်။

အဲဒီလောက်ထိ သူမက နာကြည်းသွားခဲ့သည်။ တကယ်တော့ နာကြည်းစရာက အဲဒါတွေတောင် မကခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူမထံက ထွက်လာပြီးသည့် နောက်ပိုင်းတွင် ပန်းမြတ်တော်ဝင်ဆိုင်မှာပဲ မြောင်းနေခဲ့ပါသည်။ သူ့အိမ်လေးသို့ တစ်ပတ်ကို တစ်ခါလောက်တော့ ရောက်ဖြစ်လျက်ရောက်တိုင်းလည်း သူ့ဘော်ဒါနဲ့အတူ အသည်းကို အရက်နဲ့စိမ်ဖြစ်သည်။ သူ့ဆိုင်သို့ ရောက်လာသော သူ့ညီမဝမ်းကွဲကိုလည်း စိတ်တိုတိုဖြင့် ဟောက်ထုတ်ပစ်လိုက်သဖြင့် စန္ဒာကလည်း ရှိုက်ကြီးတငင်ငိုယိုကာ ပြန်သွားလေသည်။ အဲဒီအချိန်မှာပဲ ပန်းဝင့်ဖြာက ရောက်လာသဖြင့် အဖြစ်အပျက် အစအဆုံးကို တွေ့မြင်သွားကာ သူ့ကို ရုံးခန်းထဲသို့ ခေါ်၍မေးသည်။

"ကိုသုထက် အခုနက ကောင်မလေးက ဘယ်သူလဲဟင်၊ ဘာဖြစ်လို့ သူ့ကို ငေါက်ထုတ်လိုက်တာလဲ"

"ဒီလိုပါပဲ။ ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်ပါ။ သူက ကျွန်တော့်ရဲ့ညီမဝမ်းကွဲပါ"

"အဲဒီကိုယ်ရေးကိုယ်တာကို ကျွန်မ သိခွင့်မရလားဟင်"

သူက ဘယ်လိုမိန်းမလဲဟူသော အတွေးဖြင့် သူမကို ခပ်စူးစူးမော့ကြည့်မိသည်။ သူမကလည်း သူ့ကို ဆုံးဖြတ်ချက်တစ်ခုချပြီးသော တိကျသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။



"ကျွန်မ မေးနေတာ အကြောင်းရှိလို့ပါ ကိုသုထက်။ ဒီဆိုင်ကို မနက်ဖြန်ပဲ ပိုင်ရှင်အစစ်ရဲ့လက်ထဲကို လွှဲပြောင်းပေးခဲ့ပြီး ကျွန်မလည်း ထက်ထရေးဒင်းရဲ့လက်အောက်ကနေ အပြီးအပိုင် ထွက်သွားတော့မှာပါ။ ဒီမှာလည်း ကြာကြာနေမှာ မဟုတ်တော့ဘူး။ စီစဉ်စရာလေးတွေ စီစဉ်ပြီးရင် ဒီနိုင်ငံက ထွက်သွားတော့မှာ။ ဒီတော့ ကျွန်မ မသွားခင် ကိုသုထက်ကို ပြောပြစရာရှိတာတွေ ပြောပြသွားချင်တယ် ...

ဒါမှလည်း ကျွန်မ လိပ်ပြာသန့်မယ်"

ဝင့်ဖြာရဲ့စကားတွေကို နားထောင်ရင်း သူ့နားထင်သွေးတွေက တဒိန်းဒိန်း ဆောင့်ခုန်လာသည်ဟု ထင်မိသည်။ ဘာတွေများ ပြောပြသွားမှာပါလိမ့်။ အာရုံခံ ကြိုသိနေတာကတော့ သူမရဲ့အကြောင်းဆိုတာပဲဖြစ်သည်။ အဲဒီအကြောင်းကိုမှ ကောင်းကွက်ဟုတော့ သူ မထင်ပါ။ ဘုရားရေ ... ရွှေအရိပ်ဟာ ဒီလောက်ထိတောင် ဆိုးဝါးကြောက်မက်ဖွယ် ကောင်းနေပြီတဲ့လား။ သူမနဲ့ ပတ်သက်လာလျှင် အကောင်းကို မျှော်လင့်၍မရတော့ပြီ။

"ကိုသုထက် ရွှေအရိပ်နဲ့ အဆင်မပြေဘူးလား"

"ကျွန်တော်က သူ့အတွက် အသုံးမဝင်တဲ့ လူတစ်ယောက်လေ။ အဲဒီအတွက် သူ့အနားမှာ ရှိနေလည်း အပိုပဲပေါ့"

"ဟုတ်ချင်လည်း ဟုတ်မှာပါ။ သူ့အနားမှာ နောင်ရှိးရှိနေရင် ကမ္ဘာလောကကြီး တစ်ခုလုံးကို ပိုင်ဆိုင်သွားရလောက်တဲ့နီးနီး သူ့အတွက် ပြည့်စုံစေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားက ဘာစကားလဲ"

"ဘာစကားလဲဆိုတော့ အဓိပ္ပာယ်ကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ တခြားတော့ ဘာမှအပိုမထွက်ဘူး။ ကျွန်မ သူ့ကို နားမလည်နိုင်ဆုံး အရာကတော့ ရှင့်ကို သူ လက်ထပ်လိုက်တာကိုပဲ"

သူမကို သူက တစ်ခုခုပြန်ပြောဖို့ ပြင်တုန်းမှာပင် သူမက လက်ဝါးတစ်ချက် အမြန်ကာပြလျက် ...

"ကျွန်မ ဆိုလိုတာ တခြားအဓိပ္ပာယ် မပါဘူး။ ခံစားမှုသက်သက်ကိုပဲ ရည်ရွယ်ပြီး ပြောနေတာ။ သူ့ဘဝမှာ တကယ်လိုအပ်တဲ့ ယောက်ျားက နောင်ရိုး ဖြစ်ပါလျက်နဲ့ ရှင့်ကို ဘာကြောင့် လက်ထပ်လိုက်တယ်ဆိုတာ တကယ်မစဉ်းစားတတ်အောင်ပဲ"

အဲဒီစကားကြောင့် သူ့သွေးတွေ ဖျင်းခနဲ ဆူဝေသွားသည်။ သူ တမင်သက်သက် ခနဲ့ခဲ့၊ ရွဲ့ခဲ့သော ပွဲတက်ယောက်ျား၊ အိမ်ယောက်ျား စ,တာတွေဟာ တကယ်ပဲ ဖြစ်နေခဲ့ပြီလား။ သူ နောင်ရိုး ဆိုတဲ့ တစ်ယောက်ကို လေးငါးခါသာမြင်ခဲ့ဖူးသော်လည်း အဲဒီမြင်ရတဲ့အကြိမ်တွေတိုင်းမှာ သူမနဲ့တွဲလျက်သား ဖြစ်သည်။ ပြီးတော့ ယောက်ျားချင်းကြည့်တာနှင့် သိသာစေသည့် သူမအပေါ် ငြိတွယ်မျက်ဝန်းများ။ သူမအတွက်ဆိုလျှင် ဘာပဲလုပ်ပေးရ လုပ်ပေးရ ဆိုသည့် အဆင်သင့်ရှိနေသည့် မျက်ဝန်းများကို ဘာသာမပြန်တတ်သည့်အထိ သူ မ,အခဲ့ပါ။

"သူတို့နှစ်ယောက်က ဘယ်လိုပတ်သက်ခဲ့ကြလဲ"



"ပတ်သက်မှုကတော့ သူငယ်ချင်းပဲ။ ဒါပေမဲ့ အများကြီးနက်ရှိုင်းတယ်။ ကျွန်မရဲ့ခံစားချက်တွေကို နိုင်ငံခြားမထွက်ခင်မှာ တစ်ယောက်ယောက်ကို ရင်ဖွင့်သွားခဲ့ချင်တယ်သုထက်။ အဲဒီအတွက် ကျွန်မနဲ့ဘဝတူ ရှင့်ကို ရွေးချယ်လိုက်တာ ...

ကျွန်မဟာ နောင်ရိုးအပေါ်ကို ဘယ်သူနဲ့မတူတဲ့ နှလုံးသားမျိုးနဲ့ ချစ်ခဲ့တာပါ။ အဲဒါကို သူ အသိအမှတ်မပြုဘူး။ ရတယ် ... အချစ်ဆိုတာ တူညီတဲ့ သက်ရောက်မှုမျိုး ရှိချင်မှ ရှိနိုင်မယ်။ ဒါကို ကျွန်မ နားလည်တယ်။ ကျွန်မ နားမလည်တာ အရိပ်ကိုပဲ။ ရှင့်ကို သူလက်ထပ်လိုက်တော့ ကျွန်မ တကယ်ပဲ ဝမ်းသာမိခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ထင်တာတွေက လွဲလာတယ် ...

သူတို့ဆက်ဆံရေးက အရင်ကအတိုင်းပဲ။ ဘာမှမပြောင်းလဲသွားဘူး။ ပိုပြီးတောင် close ဖြစ်လာသေးတယ်။ အိမ်ထောင်ရေး အဆင်မပြေရှာတဲ့ ကံဆိုးမလေးအဖြစ် နောင်ရိုးက အရိပ်ကို ဆထက်တံပိုး ကြင်နာတယ်။ အရိပ်ကရော ဘာထူးလဲ။ အဲဒီဖေးမနှစ်သိမ့်မှုတွေနဲ့ပဲ ကျေနပ်မွေ့လျော်နေတာ။ ဒါတွေကို မခံစားနိုင်လို့ပြောတဲ့ ကျွန်မနဲ့ ပြဿနာတက်တယ် ...

ရှင်နဲ့ ကျွန်မဟာ သူတို့ဘဝတွေထဲမှာ လူပိုတွေပါ သုထက်။ ဒါကြောင့် ကျွန်မကတော့ သံယောဇဉ်ဖြတ်လိုက်ပါပြီ။ အချစ်ကိုရော၊ သူငယ်ချင်းသံယောဇဉ်တွေကိုရော စွန့်သွားတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝင့်ဖြာရဲ့စကားသံတွေကို နားထောင်ပြီးသည့်နောက်ပိုင်းတွင် သူ အသက်ရှူရပ်သွားပါသည်။

"နောင်ရီးကိုရော ... သူက မယုံလို့ လက်မထပ်ဖြစ်တာလား"

"မဟုတ်ဘူး။ ဒီကမ္ဘာပေါ်မှာ သူ အယုံကြည်ရဆုံးယောကျ်ားက နောင်ရီးပဲ။ ဘာကြောင့် လက်မထပ်ခဲ့တာလဲ ဆိုတာတော့ ကျွန်မလည်း နားမလည်နိုင်ဘူး ..."

သူ ဆုံးဖြတ်တာ မှားသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ရှင့်ကို ချစ်တယ်လို့ ထင်ခဲ့ပြီး လက်ထပ်ခဲ့ပေမယ့် ရှင်ကမှ သူ့ကို နားလည်မပေးနိုင်တာ။ တကယ်တမ်းကျတော့ အချစ်ဆိုတာ အလကားပဲလေ။ နားလည်မှုမရှိတဲ့အချစ်၊ နားလည်မှုမရှိတဲ့ အိမ်ထောင်ရေးဟာ ဘယ်မှာ ကောင်းနေလို့လဲ ...

ဒီတော့ နောင်ရီးရဲ့ နားလည်မှုတွေဟာ သူ့အတွက် အဓိကပဲ ဖြစ်နေတော့တာပေါ့"

သူ ပန်းဝင့်ဖြာရဲ့စကားတွေကို နားထောင်ကာ တကယ်ပဲ စိတ်တွေရှုပ်လာရသည်။

"ခင်ဗျား ကျွန်တော့်ကို ဒီအကြောင်းတွေ ဘာရည်ရွယ်ချက်နဲ့ လာပြောပြနေတာလဲ ပန်းဝင့်ဖြာ။ နေပါဦး အစက ပြောခဲ့တဲ့ ဒီဆိုင်ကို ပိုင်ရှင်လက်ထဲ ပြန်အပ်တော့မယ် ဆိုတာကရော ... ဘာလဲ"

"ဒီဆိုင်ရဲ့ပိုင်ရှင်ကို ရှင်က ဘယ်သူထင်နေလို့လဲ"



ပန်းဝင့်ဖြာက သူ့ကို အောင်သေအောင်သား စားတော့မည့် အပြုံးမျိုးဖြင့် မေးသည်။ သူမ ဘာမှမပြောရသေးပါဘဲနဲ့ကို သူ့နားထဲတွင် လေတွေထွက်လာလျက် အူလာသည်။

"ဒီဆိုင်က ရှင့်မိန်းမ ပိုင်တာလေ"

သူ့ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ သူ ဘာမှပြန်မပြောနိုင်သေးခင်မှာပဲ သူမက ဆက်ပြောပါသည်။

"ရှင် မယုံရင် ဒီဗိုင်ထဲမှာ ဆိုင်ခန်းပိုင်ရှင် စာချုပ်ရှိတယ်။ ဘယ်သူ့နာမည်လဲ ကြည့်ကြည့်လိုက်။ ရှင်နဲ့ သူပေါင်းလာတာ ရှစ်လလောက် ရှိခဲ့ပြီ မဟုတ်လား။ ဒီဆိုင်ဟာ သူပိုင်တဲ့ဆိုင်ပါ။ အပျော်တမ်းဖွင့်ထားသလောက်ရှိတဲ့ ဆိုင်လေးပါလို့ ရှင့်ကို သူ ပြောပြခဲ့ဖူးလား"

အဲဒီမေးခွန်းကိုလည်း သူ မဖြေနိုင်။ ပန်းဝင့်ဖြာကတော့ အသေသတ်မည့် စကားလုံးတွေနဲ့ပဲ တစ်လုံးပြီးတစ်လုံး ပစ်ခတ်ကာ သူ့ရင်ဘတ်ကို မွမွချေလျှက်ရှိသည်။

"ရှင်သာ ဒီအကြောင်းကို မသိတာ။ ဒီဆိုင်ကို ပိုင်ရှင်လက်ထဲ ငွေချေပေးခဲ့တာ နောင်ရီးပဲ။ ဒီဆိုင်ဝယ်တုန်းက သက်သေနေရာမှာ လက်မှတ်ထိုးထားတာလဲ နောင်ရီးပဲ"

သူ့ကမ္ဘာကြီးတစ်ခုလုံး မှောင်မိုက်သွားသလို ခံစားရသည်။ သွားပြီ သူဟာ တကယ့်ကိုပဲ နွားတစ်ကောင် ဖြစ်နေခဲ့ပြီကိုး။ ငါ့မှာ အလုပ်အကိုင်ရှိတယ်၊ အလုပ်ကပေးထားတဲ့ နေစရာတစ်နေရာရှိတယ်၊ အလုပ်ကကျွေးတဲ့ စားစရာရှိတယ် စသဖြင့် မာနတင်းခံခဲ့သမျှ သူမနှင့် နောင်ရီးက ဒါကို ကွယ်ရာမှာ ဘယ်

www.burmeseclassic.com

လောကီတောင်များ ကျိုတ်ရယ်နေကြမှာပါလိမ့်။ သူဟာ ဝမ်မေပါ တစ်ကောင်လား။ နွားတစ်ကောင်လား။ ရှက်ရွံ့စိတ်သည် သူ့တစ်ကိုယ်လုံးကို ခါတ်ဆီနဲ့ပက်ပြီး မီးရှို့ပစ်လိုက်သလို လောင်ကျွမ်းသွားစေသည်။ သူ့မျက်လုံးထဲတွင် ငိုယိုထွက်ပြေးသွားသော ညီမဝမ်းကွဲလေး စန္ဒာရဲ့မျက်နှာ၊ သူ လုပ်နေသည့် ပန်းမြတ်တော်ဝင်ဆိုင်၊ သူမရဲ့သရော်မော်ကားအပြုံး၊ နောင်ရိုးရဲ့ ရှုံးရှုံးကြည့်တတ်သော မျက်လုံးများ အားလုံးဟာ လည်ပြီးရိုက်ပြထားသော ရုပ်ရှင်ပြကွက်တွေလို သွက်သွက်ခါနေသည်။

"ဘယ်တုန်းကလဲ၊ သူ ဒီဆိုင်ကို ပိုင်သွားတာ ဘယ်တုန်းကလဲ"

"ရှင်တို့ သမီးရည်းစားဖြစ်တည်းက ပိုင်နေတာပါ။ ကျွန်မကို ဒီဆိုင်ပိုင်ရှင်အဖြစ် တာဝန်ပေးထားတာလည်း သူပဲပေါ့။ တကယ်တမ်း ကျွန်မက ရုံးချုပ်က စာရင်းကိုင်ပါ။ ဒီတာဝန်ကို ယူပေးထားခဲ့ရတာလည်း မကင်းရာ မကောင်းကြောင်းမို့ပါ ...

ဒါပေမဲ့ အခု ကျွန်မက အလုပ်ထွက်စာတင်ခဲ့ပါပြီ။ ဒီဆိုင်ကိုလည်း ဆက်ဦးစီးမှာ မဟုတ်တော့ဘူး။ မန်နေဂျာ ရှိပေမယ့် ဘယ်လိုဖြစ်လာမယ် ဆိုတာတော့ ကျွန်မလည်း မပြောတတ်ဘူး။ သေချာတာတော့ ရှင် ရှိနေတဲ့အတွက် သူ ဆိုင်ကို ရောင်းပစ်မှာ ဖြုတ်ပစ်မှာတော့ မဟုတ်ဘူး ...

သူ့အတွက် ဒီလောက်ကတော့ ပမွှားပါ။ ရှုပ်လို့သာ ဖြုတ်ချင် ဖြုတ်ပစ်ဖို့ပဲ ရှိတယ်"



သူသည် အဲဒီအပြောတွေကို မခံစားနိုင်စွာဖြင့် မျက်စိကိုမှိတ်ကာ ခေါင်းကိုတစ်ချက် ခါယမ်းမိသည်။ ပြီးတော့ အတုန်တုန် အလှုပ်လှုပ်နှင့် ထိုင်ရာမှ ထရပ်လိုက်ကာ ...

"ခုလို သိရတဲ့အတွက် ကျေးဇူးပဲ ပန်းဝင့်ဖြာ"

"ကိစ္စမရှိဘူး။ ကျွန်မလည်း ပြောပြလိုက်တဲ့အတွက် ရင်ထဲမှာ ပေါ့သွားတယ်။ ကျန်တာတော့ ရှင့်ကိစ္စပဲလေ"

"ခွင့်ပြုဦး"

သူက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်လာကာ သူနေထိုင်သော အခန်းသို့ တစ်ခါတည်းဝင်လျက် စားဖိုမှူးဝတ်စုံကိုချွတ်ကာ ရိုးရိုးအဝတ်အစား လဲလှယ်လိုက်သည်။ လုပ်သာ လုပ်နေရသော်လည်း လူက စိတ်နဲ့ကိုယ်မှာ တစ်ချက် တစ်ချက် ကင်းကွာသွားလျက် လွင့်မြောနေသလို ခံစားနေရသည်။ သူမနှင့် ပတ်သက်လာလျှင် သူ့မှာရှိသော ယောက်ျားတစ်ယောက်ရဲ့အရက်တရား၊ မာန၊ သိက္ခာတို့မှာ မြောင်းထဲက အမှိုက်တစ်စလောက်တောင် တန်ဖိုးမရှိတော့ပြီ။

သူမနဲ့ဝေးသောကမ္ဘာကို သူ အလွန်အမင်းတောင့်တနေခဲ့ပါသည်။

www.burmeseclassic.com



## ၂၀

လက်ရှိကြုံတွေ့နေရသော စိတ်ညစ်ညူးစရာ၊ စိတ်ဆင်းရဲစရာ အပေါင်းတို့သည် ကြံ့ခိုင်သော စိတ်ဓာတ်သာမရှိခဲ့လျှင် အရိုပ်ကို ရူးသွားစေမည်ဟု ထင်မိသည်။ အရိုပ်နှင့်ဝင့်ဖြာတို့ ပြဿနာဖြစ်ပြီးသည့် နောက်ပိုင်းတွင် ဝင့်ဖြာ တစ်ယောက် အလုပ်ထွက်သွားသည်။ ပြီးတော့ ဝင့်ဖြာသည် မောင့်ကို အားလုံးဖွင့်ချသွားသဖြင့် မောင်သည်လည်း ပန်းမြတ်တော်ဝင်ဆိုင်မှထွက်ခွာသွားသည်။ နဂိုတည်းကမှ အရိုပ်အပေါ်တွင် စိတ်အနာကြီးနာကာ အမြင်မကြည်လင်ခဲ့သော မောင်သည် အရိုပ်ပိုင်သောဆိုင်မှာ ဝန်ထမ်းတစ်ယောက် ဖြစ်နေရခြင်းကို သိသွားသောအခါ ဘယ်လောက်တောင်များ ထပ်ပြီးစိတ်နာလိုက်မလဲဆိုတာ တွေးကြည့်တာနဲ့ကို သိသာစေသည်။

အရိုပ်သည် သူ့ဖုန်းကို ဆက်ခေါ်ကြည့်သည်။ ဖုန်းလုံးဝမကိုင်ပါ။ Message တွေ ပို့သည်။ ဘာတုံ့ပြန်မှုမှမရ။ ဒီလိုနှင့် သူနှဲ့ လုံးဝဝေးသွားသည်မှာ တစ်လနီးပါးတောင် ရှိတော့မည်ဖြစ်သည်။ များပြားတာဝန်ကြီးလှသော အလုပ်တွေ၊ လူမှုရေး



ကိစ္စတွေကတစ်ဖက်၊ နှလုံးသားမှာ ခံစားရသော နာကျင်မှုတွေကတစ်ဖက်ဖြင့် အရိုပ်ရဲ့နှလုံးသားသည် ခုချိန်များ ရင်ကိုဖွင့်ပြီးကြည့်မယ်ဆိုပါက သွေးအလိမ်းလိမ်းဖြင့် ဒဏ်ရာဗလပွဖြစ်နေသည်ကို တွေ့ရမည်။ တကယ်ကိုပဲ ပင်ပန်းဆင်းရဲစွာ ခံစားရပါသည်။ ဒီလောက်တောင် သူ နာကြည်းသွားမှာကို သိခဲ့လျှင် အရိုပ် ဒီလိုလုပ်ခဲ့မိမည် မဟုတ်ပါ။ အပြင်ပန်းကကြည့်လျှင် နူးညံ့သည်ဟု ထင်ရသလောက် တကယ်တမ်းမှာတော့ အင့်မတန်မာကျောသည့် နှလုံးသားကို အရှုံးပေးရတော့မည်ဟု ထင်သည်။

ဒီအချိန်မှာ အရိုပ်ကို စာနာနားအလည်နိုင်ဆုံးကတော့ နှောင်ရိုးပင်။ နှောင်ရိုးက အရိုပ်အတွက် စုတ်တသပ်သပ်နှင့် ဖြေမဆည်နိုင် ဖြစ်နေကာ ဝင့်ဖြာကိုရော သုထက်ကိုပါ သွားပြောမည်ဟု လုပ်နေသဖြင့် အရိုပ်က မနည်းတားဆီးထားရလေသည်။

"နင် လူတွေကို မယုံကြည်တဲ့စိတ်ဓာတ်က လွန်တောင်မလွန်ဘူး အရိုပ်။ အခုကြည့်တော့ ဝင့်ဖြာ လုပ်သွားတဲ့ပုံက သူငယ်ချင်းကောင်းတစ်ယောက်ရဲ့စိတ်ဓာတ် ဟုတ်ရဲ့လား။ တကယ်ဆို သူ မလုပ်ချင်လို့ ထွက်သွားပစေဦး။ သုထက်ထူးကိုတော့ ဒီလိုပြောခဲ့ဖို့ မကောင်းဘူး ...

သူ ပြောခဲ့တာတွေကလည်း ဘယ်လိုတွေ ပြောသွားတယ်ဆိုတာ မသိနိုင်ဘူး။ စကားဆိုတာ ဒီစကားတစ်ခုတည်းကိုပဲ ကားပြောရင်လည်း ဖြစ်တာပဲ။ ဟင်း... ခက်တယ်ဟာ။ နင်လည်း ကိုယ့်ပုံကိုယ် မှန်ထဲပြန်ကြည့်ဦးအရိုပ်။ အရမ်း weak ဖြစ်တဲ့ပုံ ပေါက်နေတယ်၊ ငါ နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကို အကြံပေးချင်တာက နင် တစ်နေရာရာမှာ တစ်လလောက် သွားအနားယူသင့်တယ်။ Fully rest ဖြစ်ဖို့လိုတယ်။ အလုပ်ကိစ္စ၊ တခြားဘာကိစ္စ ညာကိစ္စတွေကို ခေါင်းထဲကထုတ်ပြီး နင် ကျန်းမာစိတ်ချမ်းသာဖို့ကိုပဲ ရှေးရှုဖို့ ငါ ပြောချင်တယ်"

"အင်းပါဟာ၊ လောလောဆယ် ငါ ဒီကအလုပ်တွေ ပြီးမှပဲ စဉ်းစားပါမယ်။ ငါ နေကောင်းပါတယ်"

"နေကောင်းတယ်သာ ပြောနေ။ လူက ဖြူဖပ်ဖြူရော်နဲ့။ ဆရာဝန်နဲ့ check-up လုပ်ကြည့်ဦး"

"အေးပါ ... ငါ Family Doctor ကို ဖုန်းဆက်ထားလိုက်ပါမယ်"

"ဟင်း ... နင့်ကိုကြည့်ရတာ အားကိုမရပါဘူး အရိပ်ရာ။ ဝင့်ဖြာကိုတော့ ထားပါတော့။ သုထက်ထူးကို ငါ သွားပြန်ခေါ်ပေးရမလား ...

အကျိုးအကြောင်း ရှင်းပြပြီးတော့လေ"

"ဟင့်အင်း ... မလိုပါဘူး နှောင်ရိုး။ နင်ပြောမှ ပိုဆိုးသွားမှာပေါ့။ အခုလည်း ဆိုးနေတာပါပဲလေ။ အခြေအနေက ထူးလာမယ် မထင်ပါဘူး ...

သူက ထင်မထားလောက်အောင်ကို စိတ်နာနေတယ်လေ"

နှောင်ရိုးက သက်ပြင်းတစ်ချက်ကို အသာရှိုက်ကာ ...

"ဒါ ဒီလောက်လည်း စိတ်နာစရာကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး။ နင် ဘယ်လိုပဲ စမ်းသပ် စမ်းဘပ် သူက နင့်ကို



အမုန်းကန်ဆုံး နလုံးသားနဲ့ အရိုးဖြောင့်ဆုံး ချစ်ခဲ့တာပဲ။ ဒါကို ဂုဏ်တောင်ယူရဦးမှာ။ ဒီလိုလူတစ်ယောက်ကို ဘဝတစ်သက်လုံးစာအတွက် လက်တွဲခဲ့တဲ့ နင့်ရဲ့အချစ်ကိုလည်း သူ အသိအမှတ်ပြုရမှာ ...

ဘာတွေ လွဲနေလဲ။ တစ်ခုခုတော့ မှားနေပြီ"

အရိပ်သည် နှောင်ရိုးရဲ့စကားကို ဘာမှပြန်မပြောမိဘဲ အဝေးသို့ ငေးစိုက်နေမိသည်။ အရိပ်တို့ရဲ့ဇာတ်လမ်းဟာ ဒီလိုပဲ အဆုံးသတ်သွားခဲ့ပြီတဲ့လား။ အဲဒီအတွေးကို တွေးလိုက်တိုင်း အသက်တစ်ရက် တိုသွားသလို ခံစားရပါသည်။ အဝေးသို့ မျှော်ကြည့်ရင်းမှ အရိပ်က တစ်စုံတစ်ရာသော ကိစ္စကို ဖျတ်ခနဲ သတိရကာ ...

"သြော် ... ဟိုကိစ္စရော၊ နင် ဘယ်လိုလဲ၊ အဆင်ပြေလား"

"ဘာလဲ ... မန်နေဂျာ ဦးစိုးသိန်းကိစ္စလား"

"အင်းပေါ့ ... အခြေအနေ ဘယ်လိုရှိလဲ"

"သူ့ဘက်က ရှေ့နေတစ်ယောက် ငှားပေးမယ်ပေါ့။ ပြီးရင် သူ အလွဲသုံးစားလုပ်ထားတဲ့ ငွေတွေကို ကုမ္ပဏီကို ပြန်လျော်နိုင်ရင်တော့ အမှုက ကျေအေးပေးဖို့ရှိတယ်။ အဲဒီကိစ္စကို နင့်ခေါင်းထဲ မထားပါနဲ့။ ငါ့တာဝန်ထားပါ။ အဆင်ပြေသွားမှာပါ ...

ဆေးရုံတက်နေရတဲ့ သူ့မိန်းမလည်း သက်သာပါတယ်။ အားလုံး အဆင်ပြေစေဖို့၊ ရှဉ်လည်းချောက်သာ၊ ပျားလည်းစွဲသာ အစီအစဉ်ကို ငါ လုပ်မှာပါ ...

www.burmeseclassic.com

www.burmeseclassic.com



နှင် စိတ်ချချနေ။ နှင့်ခေါင်းထဲမှာ အဲဒါတွေ ဘာမှ ထည့်မထားနဲ့။ နှင် လုပ်ရမှာက တစ်ခုတည်း။ ဒီလကုန်လို့ လချုပ်အစည်းအဝေးပြီးတာနဲ့ ကလောဖြစ်ဖြစ် ပြင်ဦးလွင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ငပလီပေါ့။ အဲဒီမှာ စိတ်ရောကိုယ်ရော သွားအနားယူဖို့ ပြင်ထား။ ပြီးရင် စိတ်သစ်လူသစ်နဲ့ ပြန်လာခဲ့ အရိပ်"

အရိပ်သည် တက်တက်ကြွကြွနှင့် ပြောနေသော နောင်ရိုးရဲ့စကားတွေကို နားထောင်ကာ ပြုံးမိလာရသည်။

"ငါ ပြောတာ နားထောင်မှာလား"

"အင်း … နားထောင်မှာပါ"

"အိုခေ … ဒီလိုမှပေါ့"

"နှင့်ကို ကျေးဇူးအများကြီး တင်ပါတယ်"

"ဘာအတွက်လဲ"

"အစစအရာရာ အတွက်ပေါ့"

"အရိပ် ! ဒီစကားဟာ နှင်နဲ့ငါကြားမှာ ပြောဖို့လိုလို့လား"

"မလိုပေမယ့် ငါ ပြောချင်တာကိုတော့ ပြောပါရစေ။ နှင် သာမရှိခဲ့ရင် ငါ ဒီလောက်ထိတောင် ရပ်တည်နေနိုင်ပါ့မလား မသိဘူး။ ငါ ရှူးတောင်ရှူးသွားမယ်နဲ့တူတယ် … နှင် ငါ့အပေါ် နားလည်သိတတ်မှုကလေ ဝင့်ဖြာ ငါ့ကို အမုန်းကြီး မုန်းသွားလောက်တဲ့အထိ ကောင်းနေခဲ့တာတော့ ငါ တကယ် စိတ်မကောင်းဘူး။ ငါ သူငယ်ချင်းတစ်ယောက်အတွက် တစ်ယောက်ကို လဲယူလိုက်ရတဲ့ သဘောပေါ့နော်"



"မဆိုင်ပါဘူးဟာ။ နှင့်ခေါင်းထဲမှာ အဲဒါတွေ ထည့်မထားပါနဲ့၊ ကဲ … အဲဒါဆို ငါ သွားတော့မယ်။ ညနေကျရင် နှင် ဒေါက်တာနဲ့တွေ့ဖို့ လုပ်ဦး"

"အေးပါ … နှင် (……)ဆိုက်ကို သွားမှာမဟုတ်လား၊ ငါလည်း လိုက်ခဲ့မယ်လေ။ အဲဒီဆိုက်ကို မကြည့်ရသေးဘူး"

"နောက်မှကြည့်ပါ သူငွေးရယ်။ နေဖြင့်မကောင်းဘဲနဲ့ အပေါ်ထပ်ကို တက်စစ်ရမှာ"

"စစ်မှာပေါ့။ မဟုတ်ဘူး … ငါ အဲဒါ ကိုသန်းဝင်းနဲ့လည်း စကားပြောစရာရှိလို့။ အပေါ်တက်တာ lift နဲ့တက်တာပဲဟာ၊ ဘာပင်ပန်းတာမှတ်လို့ …

အဲဒီကပြီးရင် ရုံးကို ပြန်မဝင်တော့ဘူး။ အိမ်ပဲပြန်ပြီး ဇောဇောနားမလားလို့လေ"

"ကဲ … ဒါဆိုလည်း လိုက်ချင်လိုက်ခဲ့။ ကားတော့ မမောင်းနဲ့။ နှင့်ကားကို တစ်ယောက်ယောက်နဲ့ အိမ်ပြန်ပို့ခိုင်းလိုက်"

"အိုကေ"

ဒီလိုနှင့် အရိပ်သည် နောင်ရိုး မောင်းသော ကားဘေးကနေ၍ လိုက်ပါလာခဲ့သည်။ ဆိုက်ထဲကို ကိုယ်တိုင်သွားကြည့်ရမည့်ဝတ္တရား ရှိဟာကြောင့် လိုက်ခဲ့ရသော်လည်း နေလို့ထိုင်လို့ မကောင်းဘူး ဆိုတာကို ကိုယ့်ဘာသာပဲ သိသည်။ ညက အိပ်ရေးပျက်သည့် ညတွေကို ညစဉ်ဒဏ်ခံထားရကာ မကြည့်လင် မလန်းဆန်းနိုင်ခဲ့တာ ကြာပြီ။ အလုပ်မှာ လူမပင်ပန်းသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ပင်ပန်းသည့် ဒဏ်များနှင့်အတူ Sleeping Ploblam ကို အမြဲတမ်း ခံစားနေရသဖြင့် ဆရာဝန်နှင့် ပြဖို့ကိုလည်း ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပြီးသား ဖြစ်သည်။

အဲဒီအတွေးတွေနှင့်အတူ ရှေ့တည့်တည့်ကိုသာ ငေးကြည့်နေမိသဖြင့် ဘေးဘက်မှာ လာရပ်သော ကားကိုလည်း မမြင်မိပါ။ နောင်ရိုးက ပွိုင့်မိထားတုန်းမှာ ဆောက်လက်စကွန်ဒိုနှင့် ပတ်သက်ပြီး ပြောပြနေသဖြင့် ခေါင်းတညိတ်ညိတ် နားထောင်နေမိသောကြောင့်လည်း အပြင်ဘက်ကို စိတ်မရောက်တော့။ ဒီလိုနှင့် ကားက ပွိုင့်လွတ်သွားကာ နောင်ရိုးက ကားကိုဆက်မောင်းထွက်သွားသည်။ သိပ်မကြာခင်မှာ ဆောက်လက်စဆိုက်ထဲသို့ ရောက်လာခဲ့ကြသည်။ အရိပ်က ပြီးနေသည့် အထပ်နှစ်ဆယ်သို့ ကိုယ်တိုင် lift နှင့် တက်ကြည့်သည်။ နောင်ရိုးက တည်ဆောက်ပြီးစီးသည့် အနေအထားများကို အရိပ်အား လိုက်လံရှင်းပြလေသည်။

အရိပ်သည် နောင်ရိုး ရှင်းပြတာတွေကို နားထောင်ရင်းမှ ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာကာ မူးရိပ် မူးရိပ် ဖြစ်လို့လာသည်။ စိတ်ကို ကြိုးစားအားတင်းထားလိုက်ပြီး အသက်ကို ဝဝတစ်ချက်ရှူလိုက်လျှင် နေလို့ထိုင်လို့ ပြန်ကောင်းမလို ဖြစ်သွားသည်။ သို့သော် ခဏပင်။ အဲဒီအချိန်မှာ နောင်ရိုးက ဖုန်းဝင်လာသောကြောင့် ဖုန်းပြောနေတုန်းမှာ အခုနလို ဝေဒနာက ပြန်ဖြစ်လာပြန်သည်။ ဒီတစ်ခါတော့ ရင်ဘတ်ထဲကပါ ပျို့တက်လာလျှင် အော်ဂလီဆန်သော ခံစားမှုကြီးကိုပါ ဖြစ်ပေါ်စေကာ အပေါ်စီးမှ မြင်နေရသော ရန်ကုန်မြို့ရဲ့ရှုခင်းသည် အရိပ်ရဲ့မျက်လုံးထဲတွင်



ချာချာလည်သွားသည်။ မိုက်ခနဲ ဖြစ်သွားသော ခံစားမှုနှင့်အတူ ပြိုလဲကျတော့မည့်ကို ကိုယ့်ကိုယ်ကိုယ် သိသောစိတ်ဖြင့် ဘေးကတစ်ခုခုကို လှမ်းဖမ်းဆွဲလိုက်သော်လည်း ဖမ်း၍မမိတော့။ အရိပ်နောက်ဆုံး ကြားလိုက်သည်မှာ ဖုန်းပြောရင်းမှ ဒီဘက်လှည့်ကြည့်ပြီး အံ့အားတသင့် အော်လိုက်သော နောင်ရိုးရဲ့အသံကိုပဲ ဖြစ်တော့သည်။

"ဟာ ... အရိပ်"

လူကိုပွေ့ထူဆွဲမလိုက်သော အထိအတွေ့။ မေးများကို လှုပ်ယမ်းကာ ခေါ်သောအသံတို့ကို ကြားလိုက်သော်လည်း အရိပ်ရဲ့စိတ်တို့သည် လက်ရှိကမ္ဘာမှာ ကပ်မနေတော့။ အဝေးကြီးကို ... အဝေးကြီးသို့ ...။

www.burmeseclassic.com

www.burmeseclassic.com



အရိပ် ပြန်လည်သတိရလာသောအခါ မျက်နှာကြက်ဖြူဖြူကို စမြင်ရလျက်၊ နှာခေါင်းထဲတွင် ပိုးသတ်ဆေးနံ့သင်းသင်းကို စတင်ရရှိသည်။ ပြီးတော့ နားထဲမှာ အသံတစ်သံ။

"သတိရပြီလား အရိပ်။ သက်သာရဲ့လားဟင်"

အသံကြားရာကို အရိပ်က ရှာဖွေလိုက်လျှင် မျက်ဝန်းထောင့်မှာ နောင်ရိုးကို စိုးရိမ်တကြီးပုံစံနှင့် တွေ့ရသည်။ အရိပ်ရဲ့နှုတ်ခမ်းတွေက စကားပြောဖို့ရာ သွေ့ခြောက်နေသောကြောင့် မျက်လွှာကို အသာချပြလိုက်ရသည်။ ပြီးတော့ မျက်လုံးတွေကို တစ်ချက်မှိတ်ကာ အသက်ကို ဝဝထပ်ရှူပြီးမှ ထပ်ဖွင့်ကြည့်လိုက်သည်။ ဒီတစ်ခါတော့ အမြင်အာရုံတွေက ပို၍ကြည်လင်သွားပါသည်။

"ဟိုင်း ... ရွှေအရိပ်။ နေကောင်းလား၊ သက်သာပြီလား။ အန်ကယ့်ကို တစ်ချက်ကြည့်ပါဦး။ ဘယ်သူလဲ မှတ်မိလား"

အရိပ်နှင့် ဧည့်ခံပွဲတချို့မှာ မကြာခဏ ဆုံဖူးကာ ခင်မင်သိကျွမ်းနေသော အထူးကုဆရာဝန်ကြီးတစ်ယောက်က မေးတာဖြစ်ပါသည်။ အရိပ်သည် ဆရာဝန်ကြီးကို အနည်းငယ်ပြုံးပြလိုက်ရင်းမှ ...



"မှတ်မိပါတယ်၊ ဒေါက်တာပိုင်မောင်ပါ"

"အိုခေ ... ဟုတ်ပါပြီဗျာ။ မှတ်မိတဲ့အတွက် ဝမ်းသာတယ်။ ကဲ ... သမီးလေးရေ၊ သမီးကို မင်္ဂလာရှိတဲ့သတင်းလေး ပြောမယ်၊ မပြောခင် ကျန်းမာရေးနဲ့ ပတ်သက်ပြီး ပေါ့ဆတဲ့အတွက် ခပ်စပ်စပ်လေးတော့ ရိုက်ရလိမ့်မယ်နဲ့တူတယ် ..."

ဒီလောက်တောင် အလုပ်ဖော်ပြီတဲ့ ကလေးမကို

အရိပ်က ဘာများပါလိမ့်ဟူသော သိချင်စိတ်ဖြင့် ဆရာဝန်ကြီးကို စူးစိုက်ကြည့်နေမိသည်။ ဆရာဝန်ကြီးက အရိပ်ကို ပြုံးပြုံးကြီးဖြင့် ငေးကြည့်နေရာမှ ...

"ကဲ ... ရွှေအရိပ်၊ သမီးရဲ့ကျန်းမာရေးကို အခုချိန်ကစပြီး အထူးဂရုစိုက်ပါတော့၊ သမီးမှာ ရင်သွေးလေးရှိနေပြီ"

အရိပ်ရဲ့နှလုံးသားထဲတွင် တစ်ချက် ဆောင့်ခုန်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ ဆရာဝန်ကြီးက အရိပ်ကို နူးညံ့စွာ ပြုံးကြည့်ကာ ...

"Date က နှစ်လတောင် ကျော်နေပြီကွယ့်။ သမီး အမူမဲ့အမှတ်မဲ့နေလို့ သတိမထားမိတာ နေမှာပါ။ သမီးအတွက် OG တစ်ယောက်နဲ့ အန်ကယ် ထရန်စဖာလုပ်ပေးထားတယ်။ ခုချိန်ကစပြီး OG ကို အထူးဂရုစိုက်ပြီး ပြသပါသမီး ...

သမီးက weak လည်း ဖြစ်နေတယ်။ Sleeping Ploblam လည်း ခံစားနေရတယ်လို့ ဆရာသုံးသပ်တယ်။ အဲဒါကို အမိက မကြိုက်တာပဲ။ ဒါကြောင့် ခုချိန်ကစပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရမယ့် ကိစ္စတွေကို ရှောင်ပါ။ ကိုယ့်ရော စိတ်ပါ ပြည့်ဝစွာ အနားယူဖို့ လိုအပ်တယ်။ သမီးမှာ ဘာပြဿနာတွေပဲရှိရှိ ခေတ္တခဏတော့ မေ့ထားပြီး ရင်သွေးလေးကို ချောချောမောမော မွေးဖွားနိုင်ဖို့ပဲ အာရုံထားပါ ...

သမီးကျန်းမာမှ ရင်သွေးလေး ကျန်းမာမယ်။ ရင်သွေးရတနာဆိုတာ ရခဲပါတယ်။ ဒါကြောင့် တခြားဘာကိုမှ ခေါင်းထဲ ထည့်မထားတော့ဘဲ ကလေးကိုပဲ အာရုံစိုက်ဖို့ မှာချင်ပါတယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ သင့်ခ်ယူပါ"

"အေး ... အေး။ ကဲ ... အနားယူလိုက်ပါဦး။ ခဏနေရင် သမီးရဲ့ OG ရောက်လာပါလိမ့်မယ်"

ဆရာဝန်ကြီး ပြန်ထွက်သွားချိန်တွင် အရိပ်သည် ခုတင်ပေါ်၌ နွမ်းလျစွာ ကျန်ရစ်ခဲ့သည်။ နောင်ရိုးက အရိပ်ကို မျက်နှာမသာမယာဖြင့်ကြည့်ကာ ...

"နင်ကလည်း နင်ပဲ။ ပေါ့ဆလိုက်တာ အရိပ်ရာ။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းတောင် မသိဘူးလား"

အရိပ်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဘာမှပြန်မပြောမိ။ နှလုံးသားထဲမှာတော့ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း သွေးကြောများသည် တစ်လှည့်စီ ပြိုင်တူစီးဆင်းနေကြသည်။ ရကာစကတော့ ကလေးမယူသေးဖို့ စဉ်းစားခဲ့သော်လည်း မောင့်ရဲ့မကျေလည်မှုတွေက အချိန်အတော်ကြာသည်အထိ မပြေပျောက်ခဲ့သဖြင့် ရင်သွေးယူဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အဲဒီအကြောင်း



မောင့်ကိုလည်း အသိမပေးခဲ့ပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက် မြန်မြန်ရလိမ့်မည်ဟု မထင်ထားခဲ့။

အခုတော့ မောင့်ရဲ့ရင်သွေးလေးကို လွယ်ထားရချိန်တွင် မောင်က အနားမှာ မရှိတော့ပြီ။

အရိပ်ရဲ့ မျက်ရည်တစ်ပေါက်သည် ပါးတစ်ဖက်တည်းပေါ်သို့ လိမ့်ပြီးစီးဆင်းကျလာသည်။ ဒါကို မြင်သွားသောအခါ နောင်ရိုးက ကပျာကယာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ ...

"ဟာ ... အရိပ် ဘာလို့ငိုတာလဲ။ နင့်ကို ငါ ဆူတာမဟုတ်ဘူးနော် ... ကျွတ်"

"နင့်ကြောင့် မဟုတ်ပါဘူး"

အရိပ်ရဲ့တိုးတိတ်သော အပြောကို နောင်ရိုးက တစ်မျိုးတစ်မှည် အဓိပ္ပာယ်ပေါက်သွားပြီးမှ မျက်မှောင်ကြုတ်ကာ ...

"ငါ ဟိုကောင့်ကို သွားခေါ်ပေးရမလား"

"ခေါ်စရာ မလိုပါဘူး။ နေပါစေ"

"ကျွတ် ... ဘယ်ဖြစ်မလဲ။ နင် ဒီလိုဖြစ်နေတာ ဒီကောင် သိသင့်တာပေါ့။ ဟင်း ... ဒါကြောင့် နင် ဒီလောက်အားနည်းနေတာကိုး။ နင် မပေါ့ဆနဲ့နော်. အရိပ်၊ ဆရာဝန် ပြောသွားတာ နင် ကြားတယ် မဟုတ်လား ...

အခုချိန်မှာ နင်နဲ့ နင့်ကလေး ကျန်းမာရေးလောက် ဘယ်အရာမှ အရေးမကြီးဘူး။ ကျန်တာ နင့်ခေါင်းထဲ ဘာမှထည့်မထားနဲ့တော့ ..."

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ဘော့ နင် အိမ်မှာ အေးအေးဆေးဆေး အနားယူလိုက်၊ လက္ခနိလို့ အစည်းအဝေးပြီးတာနဲ့ တစ်နေရာရာမှာ အပြည့်အဝသွားအနားယူဖို့ ပြင်ထား ... ဟုတ်ပြီလား"

"အင်းပါ"

နောင်ရိုးက အရိပ်ကို သနားကရုဏာသက်စွာ စိုက်ကြည့်ကာ ...

"နင့်ကို ငါ အရမ်းသနားတယ် အရိပ်ရာ။ ဒီအချိန်မှာ နင့်အနားမှာ ဘယ်သူမှမရှိဘူး။ နင့်အမေကိုလည်း ဒီအချိန်မှာ နင် သိပ်တောင့်တမိမှာပဲ ...

နင့်ယောကျ်ားကိုလည်း နင် သတိရမှာပဲ။ ဒါပေမဲ့ ဘာမှအားမငယ်တာနဲ့ အရိပ်။ နင် အားတင်းထားပါ။ အခုဆို နင့်မှာ ရင်သွေးလေး ရှိနေပြီပဲ။ နင့်ကလေးအတွက် လို့ အစစအရာရာ အားတင်းထားပါ။ နော် ... အရိပ် ...

ငါ အစိုးရိမ်ဆုံးက နင် တစ်ခုခုဖြစ်သွားမှာကိုပဲ။ ဒါကြောင့် ငါ့ကို ကတိတစ်ခုတော့ပေးပါ။ ငါဟာ နင့်အပေါ်မှာ ဘယ်တုန်းကမှ ဘာတစ်ခုမှ တောင်းဆိုခဲ့ဖူးတဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်သက်လုံးအတွက် ဒီတစ်ခါတော့ တောင်းဆိုပါရစေ ...

နင့်ကလေးလေးကို ကျန်းကျန်းမာမာနဲ့ မွေးဖွားပေးပါမယ်၊ ဘယ်လိုစိတ်ဆင်းရဲစရာကိုမှ ခေါင်းထဲမှာ ထည့်မထားပါဘူးဆိုတဲ့ ကတိကို ပေးပါ အရိပ်ရယ်"



ဒီတစ်ခါတော့ အရိပ်ရဲ့မျက်ရည်တွေသည် ပါးနှစ်ဖက်ပေါ်သို့ တစ်ပြိုင်နက် စီးကျလာခဲ့သည်။ နောင်ရိုးက အရိပ်ကို ဝမ်းနည်းဆို့နင့်နေသော မျက်လုံးများဖြင့် ငေးကြည့်ကာ ...

"ဘာလို့ ငိုရတာလဲ အရိပ်ရယ်။ နင် မျက်ရည်ကျတာလောက် ငါ စိတ်ဆင်းရဲရတာ မရှိပါဘူး"

"မဟုတ်ပါဘူး။ ငါ ... ငါ ... ဝမ်းသာလို့ပါဟယ်"

"ဟား ... ကြိုးဖူးပေါင်ပဲဟာ။ ဝမ်းသာတာကိုတော့ ကျေနပ်ပါတယ်။ ဒါပေမဲ့ ထပ်တော့မငိုမါနဲ့"

"အင်းပါ ... ငါ့အနားမှာ နင်ရှိနေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဟာ၊ စိတ်ချပါ၊ ငါ့ရင်သွေးလေးကို ငါ ကျန်းကျန်းမာမာနဲ့ မွေးဖွားနိုင်အောင် ကြိုးစားမှာပါ ...

ငါ့ဘဝမှာ ကလေးလေးက အရေးအကြီးဆုံး ဖြစ်သွားပါပြီ"

ဒီစကားကိုတော့ နောင်ရိုးက သဘောအကျဆုံးဖြစ်ကာ အားရပါးရပြုံးလျက် အားတင်းထားဟူသော သဘောမျိုးဆောင်ကာ လက်သီးတစ်ချက် ဆုပ်ပြသည်။

"ဒါပဲပေါ့၊ ဒီလိုစိတ်ဓာတ်မျိုးကိုပဲ ကြိုက်တယ်။ ဒါမှ နင်မွေးလာတဲ့ ကလေးလေးကလည်း ရဲရဲရင့်ရင့် ထက်ထက်မြက်မြက်လေး ဖြစ်မှာ ...

The Brave Man ဟုတ်ပြီလား"

အရိပ်က နောင်ရိုးကို ကြည်ကြည်နူးနူး ပြုံးပြကာ ခေါင်းညိတ်ပြလိုက်သည်။ ဘယ်လောက်ပဲ မေ့ထားပါသည်ဟု ပြောပြော စိတ်ကတော့ မောင့်ကို တစ်ချက်သွား၍ သတိရမိသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင်သာ ဒီအကြောင်းကိုသိလျှင် အရိပ်ဆီ ပြန်လာမှာတဲ့လား။ တကယ်တော့ ဒီလိုသတင်းမျိုးကို မောင့်ရင်ခွင့်မှာ မှိန့်ရှုံ့ပြုံးပြုံးလေး ပြောပြချင်တာဖြစ်သည်။ အံ့ဩဝမ်းသာသွားတဲ့ မောင့်မျက်နှာကို ကြည်ကြည်နူးနူးပြုံးပြီး ငေးကြည့်နေချင်ခဲ့တာ ဖြစ်သည်။ ရင်သွေးလေးရဲ့ သံယောဇဉ်စိတ်ဖြင့် ခါတိုင်းထက် ဆထက်တံပိုး တိုးလာမည့် အကြင်နာတွေကို မျှော်လင့်ခဲ့သည်။

အခုတော့ ...။ ရင်သွေးလေး၏ သံယောဇဉ်ကြောင့်လည်း မောင် တစ်ယောက် အရိပ်ထံသို့ ပြန်လည်လာတော့မည် မထင်တော့။ မောင့်ဆန္ဒမပါသော အရိပ်ရဲ့ဘဝထဲကိုလည်း ဇွတ်ဆွဲမခေါ်ချင်တော့ပါ။ မောင် ပျော်တဲ့နေရာမှာ စိတ်ချမ်းသာသလိုနေစေဖို့ ခွင့်ပြုလိုက်ခြင်းကသာ အရိပ်ရဲ့စစ်မှန်တဲ့ ချစ်ခြင်းတစ်ခုဟု လက်ခံထားခဲ့လိုက်ပါသည်။



၂၂

နှလုံးသားမှ ရိုးဖြောင့်စွာ ချစ်မိသော အချစ်တစ်ခုဟာ ဘာ့ကြောင့်များ ကံကောင်းခြင်းတို့ကို မပေးဘဲ နှလုံးသားကို နာကျင်မှုတွေချည်းပဲ ဆက်တိုက်ပေးနေရသလဲဆိုတာ သူတကယ်ပဲ နားမလည် လိုက်မမီတော့ပါ။ သူဟာ ဒီလိုတွေ ခံစားနေရတာတောင် သူမကိုချစ်တဲ့စိတ်က ပျောက်ပျက်မသွားသေးဘူးဆိုတာ ကိုယ့်ဟာကိုယ် တစ်နေ့တခြား နားလည်သိမြင်လာခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူမဆီက ထွက်လာခဲ့တာ နှစ်လကျော်ရှိခဲ့ပြီ ဖြစ်လေရာ အဲဒီနှစ်လလုံးလုံး သူမကို တစ်နေ့မှ မေ့မရခဲ့ပါ။ ချစ်သူဘဝ ဖြစ်ခဲ့စဉ်တုန်းက ရင်ခုန်ဖွယ်ရာ ဆောင်းမနက်ခင်းများ၊ အိမ်ထောင်ကျသွားခဲ့ပြီးသော်လည်း ချစ်သူတွေလိုပဲ ဖြစ်နေသေးသည့် လိုက်မောဖွယ် ခံစားမှုညများ စသဖြင့် ဒါတွေဟာ နေ့တိုင်းဆက်ခံစားနေရသော ဝေဒနာများသာဖြစ်သည်။

အစပိုင်းတုန်းကတော့ သူမထံမှ ဖုန်းတွေ၊ Message တွေ ရောက်လာခဲ့သော်လည်း သူသည် ဘာကိုမှ တုံ့ပြန်ခြင်းမရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အဲဒီအရာတွေလည်း ရပ်စဲသွားခဲ့သည်။ အဲဒီကျမှ ထိုအရာတွေကို သူ့နှလုံးသားက တိတ်တဆိတ် မျှော်လင့်နေခဲ့သည် ဆိုတာကို သဘောပေါက်ခဲ့ရသည်။ ဆက်လက်မျှော်လင့်ခဲ့သော်လည်း ဖုန်းသံတွေကို မကြားရတော့။ ဒီတော့မှ လိုက်လျှင်ပြေးတတ်သော လူ့သဘာဝကို နားလည်ခဲ့ရသည်။ သူမဘက်က တိတ်ဆိတ်သွားသောအခါ သူ့ရင်ခုန်သံတွေက ပိုမြန်လာခဲ့သည်။ ဒီတော့မှ သူ့စိတ်တွေသည် သူမအပေါ်မှာ တကယ်ပဲ မပြတ်သေးဘူးဆိုတာ နားလည်ခဲ့ရတာဖြစ်သည်။ သူမရော သူ့လိုပဲလားဟူသည့် အတွေးဖြင့် မျှော်လင့်ခဲ့ဖူးသော်လည်း တစ်နေ့က မြင်ကွင်းကို အမြင်မှာတော့ သူ့မျှော်လင့်ချက်တွေ အားလုံး ပြိုကျပျက်စီးသွားခဲ့ရတာဖြစ်သည်။ သူမနှင့် နောင်ရိုး ဆိုသောတစ်ယောက်ကို ကားကမ်းစီးပေါ်မှာ အတူတွဲတွေ့လိုက်ရသည်။ သူမဟာ သူ့ကို မတောင် မမြင်ပါ။ နောင်ရိုးရဲ့စကားတွေကိုသာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလျက် ပတ်ဝန်းကျင်ကို စိတ်ဝင်စားရကောင်းမှန်း ရိပ်တောင်မရှိ။ အဲဒီမြင်ကွင်းကို သူ အသည်းနာစွာ ကြည့်နေခဲ့သည်။

ဒါလည်း သူမက မသိပါ၊ ပွင့်လွှတ်လိုက်သောအခါ သူမတို့ရဲ့ကားအကောင်းစားကြီးက သူ့ထက်အရင် ငြိမ့်ခနဲမောင်းထွက်သွားသည်။

အဲဒီတော့မှပင် သူ့နားထဲ၌ ပန်းဝင့်ဖြာ ပြောခဲ့သော စကားတွေကို ပြန်လည်ကြားယောင်မိတာဖြစ်သည်။

[ရှင်ရော ကျွန်မရောဟာ သူတို့နှစ်ယောက်ရဲ့ဘဝထဲမှာ လူပိုတွေပါ]



ဖြစ်နိုင်သည်။ အဲဒီစကားဟာ တကယ်ဖြစ်နိုင်သည်ဟု လက်ခံလိုက်သည့်နောက်ပိုင်းတွင် သူဟာ ဒီမှာလည်း ဆက်နေချင်စိတ် မရှိတော့ပါ။ သူ့အတွက် တွယ်တာရာဆိုတာလည်း မရှိ။ သူ့အဖေဆိုတာလည်း သူ့အပေါ်ကို သံယောဇဉ်လုံးဝပြတ်နေပြီမို့ သူ့အတွက်က ဘယ်သူမှကိုမရှိ။ ဒီအတွက်ကြောင့် သူက မိတ်ဆွေတစ်ယောက်၏ အကြံပေးမှုနှင့်အတူ UAE နိုင်ငံသို့ ထွက်ဖို့စီစဉ်နေပြီဖြစ်သည်။ အဲဒီမှာ ဟိုတယ်လုပ်ငန်းတွေ ဖွံ့ဖြိုးလျက် သူ့ရဲ့စားဖိုမှူးရာထူးဖြင့် အလုပ်အကိုင်တစ်ခုရဖို့ မျှော်လင့်ရသည်။

အဲဒီကိုသွားဖို့ အားလုံး စီစဉ်နေတုန်းမှာပဲ သူ့အကြောင်းကို ကကြီးကနေ အ,အထိသိသော နောင်ဝင်းကတော့ သေသေချာချာ ဆုံးဖြတ်ပြီးလုပ်ဖို့ သတိပေးသည်။

"စဉ်းတော့ စဉ်းစားပါဦးကွာ။ မင်းတို့ကိစ္စက အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်တော့မှာပဲ။ ဒီလိုကြီးနဲ့ပြီးသွားဖို့တော့ ငါ မမျှော်လင့်ဘူး ...

ဘာပဲပြောပြော မင်းနဲ့ ရွှေအရိပ်ဟာ အချစ်တစ်ခုနဲ့ လက်ထပ်ခဲ့တာမို့ ဒီလို အလွယ်တကူ ပြိုပျက်သွားစရာအကြောင်းမရှိဘူး"

သူက အဲဒီစကားကို ဘာမှ ပြန်မပြောနိုင်ချေ။ တကယ်ပဲ အချစ်နဲ့ လက်ထပ်ခဲ့တာလား ရွှေအရိပ်။ သူကတော့ မထင်ပါ။ သူ ငြိမ်သက်နေဆဲမှာပင် နောင်ဝင်းက ဆက်ပြောသည်။

"မင်းတို့ကို ဘယ်သူမှ ပေးစားခဲ့တာ မဟုတ်ဘူး။ မင်းတို့နှစ်ဦးသဘောတူ လက်ထပ်ခဲ့တာ။ မင်းလည်း အဲဒီနေ့ကျမှ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရွှေအရိပ်မှန်း သိခဲ့ပေမယ့် မင်း ငြင်းခဲ့လည်း ရတာပဲ။ မင်း တကယ်ချစ်လို့ လက်မှတ်ထိုးခဲ့တာ ...

သူကလည်း မင်းကို တကယ်ချစ်လို လက်ထပ်ခဲ့တာ။ နှောင်ရိုး ဆိုတဲ့ကောင်ကို ကြိုက်မှတော့ မင်းနဲ့တွေ့နေစရာတောင် အကြောင်းမရှိတော့ဘူး။ ပြီးတော့ မင်းတို့က လင်မယားတွေ ဖြစ်ပြီးနေပြီပဲ။ လင်မယားတွေကြားမှာ မာနတွေထားဖို့ မလိုပါဘူးကွာ ...

အခြေအနေက ဒီလိုပေးလာခဲ့ပြီမို့ ဖြစ်လာတဲ့ အခြေအနေပေါ်မှာ အကောင်းဆုံး ဆက်တည်ဆောက်ဖို့ပဲ စဉ်းစားရတော့မှာပေါ့။ မိန်းမက ချမ်းသာလွန်းအားကြီးလို့ မိန်းမငွေကို မသုံးဘူး၊ မစွဲဘူး ဆိုတာ သဘာဝကျချင်ကျမယ်။ ဒါပေမဲ့ မိန်းမအလုပ်ကို မလုပ်ဘူး ဆိုတာတော့ သဘာဝမကျတော့ဘူး။ ယောက်ျားပဲ ဦးဆောင်နိုင်တဲ့အစွမ်းကို ပြရမှာပေါ့။ မိန်းမဆိုတာ အားကိုမှီခိုချင်တဲ့ အမျိုးတွေပါကွာ။ ငါ့ယောက်ျားက ဘယ်လိုတော်တယ်ဆိုတာ မိန်းမတိုင်း ဂုဏ်ယူချင်တဲ့ ကိစ္စတစ်ခုပါ ...

သူ့ခမျာ မိန်းမသားတန်မဲ့ ဒီလောက်လုပ်ငန်းတွေကို လုပ်နေတာ မင်းကိုလည်း အားကိုးချင်မှာပဲ။ သူသာ နှောင်ရိုးကို အားကိုးချင်ရင်၊ သူ့ဘဝအတွက်သာ စဉ်းစားခဲ့ရင် နှောင်ရိုးကိုပဲ အစတည်းက ယူခဲ့မှာပေါ့။ နှလုံးသားနဲ့ပဲတွက်တွက်၊ ဦးနှောက်နဲ့ပဲတွက်တွက် ဘယ်ကပဲတွက်တွက် နှောင်ရိုးကို သူ မချစ်လို့ လက်မတွဲခဲ့တာ ဆိုတာ ရှင်းနေတာပဲ ...



မင်း ဒီလိုတွေးတတ်ဖို့ လိုတယ်"

သူ့မျက်လုံးထဲတွင် သူမရဲ့မျက်နှာကို တရေးရေး မြင်ယောင်လာသည်။

စွဲမက်ဖွယ် ပြုံးပြသော အပြုံးတစ်ခုနှင့် ညို့တတ်သော အကြည့်တွေကို လွမ်းဆွတ်လာသည်။

"ဒါပေမဲ့ ငါ သူ့ကို ခွင့်မလွှတ်ချင်ဘူးကွာ"

"ဒါက အချစ်ကြီးလို့ အမျက်ကြီးသွားတာပါကွာ။ အခုချိန်မှာ မင်း သူ့ကို ခွင့်လွှတ်မယ်ဆိုလည်း ခွင့်လွှတ်သင့်နေပါပြီ ...

ဟော့ကောင် ... ငါ မင်းကို မေးမယ်။ မှန်မှန်ဖြေစမ်း။ မင်းမိန်းမကို မင်း မလွမ်းဘူးလား"

သူက မဖြေဘဲ အသာငြိမ်သက်နေမိသည်။ နှောင်ဝင်းက သူ့ကို ငါ သိပါတယ်ဟူသော အပြုံးမျိုးဖြင့် ပြုံးကြည့်ပြီးမှ တစ်ခုခုကို သတိရဟန်ဖြင့် ...

"နေဦး ... မင်းတို့ရတာ ရှစ်လကျော်ပြီးပြီ မဟုတ်လား။ ဒီလို အဆင်မပြေဖြစ်နေတာတွေ အဆင်ပြေအောင် မင်းမိန်းမက ကလေးတွေ ဘာတွေ မယူဘူးလား ...

မင်းတို့ အဲဒီကိစ္စကို တစ်ခါမှ ဆွေးနွေးမကြည့်ခဲ့ဖူးဘူးလား"

အဲဒီအပြောကြောင့် သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ အဲဒီအကြောင်းအရာကို သူ တစ်ခါမှ မစဉ်းစားခဲ့ဘူးပါ။ အဲဒီအရာ ခေါင်းထဲမရောက်နိုင်သည့်အထိ သူ့ရင်ထဲမှာ နာကျင်မှုက ဖိစီးနှိပ်စက်နေခဲ့သည်။ သို့သော် နှောင်ဝင်းတို့မိသားစုဘဝ

www.burmeseclassic.com

www.burmeseclassic.com



လေးကို မြင်ရလေတိုင်း အားကျစိတ်တို့က ရင်ထဲမှာ ဖြစ်ထွန်းခဲ့ရသည်။

ပျော့ရွှင်ချမ်းမြေ့သော မိသားစုဘဝလေးကို သူလည်း လိုချင်တာပေါ့။

ပြောရလျှင် သူ့ဘဝဟာလည်း အထီးကျန်ဆန်ကာ မပျော်ရွှင်ခဲ့ရသည်သာပင်။

ဒါပေမဲ့ သူမလို နှလုံးသားမရှိသော မိန်းမက သူ့အတွက် ကလေးလေးတစ်ယောက် မွေးဖွားပေးဖို့ကို သူ နည်းနည်းလေးမှ မမျှော်လင့်ခဲ့ပါ။

"သူလား ... ကလေးမွေးမယ့် မိန်းမ"

သူက နာနာကြည်းကြည်း ရေရွတ်မိပြန်သည်။ နောင်ဝင်းက မဟုတ်သေးပါဘူးဟူသော အပြုအမူမျိုးဖြင့် ခေါင်းခါယမ်းကာ ...

"အိမ်ထောင်တစ်ခုမှာ နားလည်မှုရှိမှ အဆင်ပြေမယ် ဆိုပေမယ့် တကယ်ချစ်ကြရင် အဲဒီနားလည်မှုကလည်း တည်ဆောက်လို့ ရပါတယ်ကွာ။ မင်းက မာနတွေ မထားဖို့တော့ လိုတာပေါ့။ ဘာပဲဖြစ်ဖြစ် လက်ထပ်သွားပြီးတဲ့သူတွေပဲ ...

ကွဲကြ ကွာကြတာ နှစ်ယောက်စလုံးအတွက် မကောင်းပါဘူး။ ပြီးတော့ သူ့ဘဝမှာ ဘယ်သူမှ မရှိတော့ဘူး။ မင်းက ခင်ပွန်းတစ်ယောက်အနေနဲ့ မားမားမတ်မတ် ရှိသင့်တယ်။ ပြီးတော့ သာယာတဲ့ မိသားစုဘဝတစ်ခုကို တည်ဆောက်ဖို့ အကြံပေးချင်တယ် ...



ဒါကြောင့် မင်း ယူအေအီးကို မသွားဘဲ သူ့အနားကို ပြန်သွားဖို့ စဉ်းစားပါကွာ။ ဒါ မင်းအတွက်ရော၊ သူ့အတွက်ရော အကောင်းဆုံး အဖြေပါ"

သူက အဲဒီစကားကို ဘာမှပြန်မပြောမိဘဲ ငေးမောကာ တွေဝေသွားခဲ့သည်။ အဲဒါ တကယ်ပဲလား။ သူနဲ့သူမ နှစ်ယောက်သား ပြန်လည်ဆုံစည်းခြင်းဟာ သူတို့အတွက် အကောင်းဆုံး အဖြေတဲ့လား။ သူဟာ သူမအတွက် အလိုအပ်ဆုံးအရာတစ်ခု ဖြစ်လို့လား။ လောလောဆယ်မှာတော့ အဲဒီမေးခွန်းတွေကို သူကိုယ်တိုင် မရေရာသေးသမျှတော့ သူမထံကို သွားဖြစ်ဦးမည် မထင်ပါ။

သူမထံမှ ဖုန်းသံလေးကိုတော့ မျှော်လင့်နေမိတာ တိတ်တဆိတ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သည် ကိုယ့်ကိုယ်ကိုယ် ကိုယ်ဝန်ရှိနေပြီဆိုတာ စသိရကတည်းက ကိုယ့်ရဲ့ကျန်းမာရေးကို အထူးတလည် ဂရုစိုက်ခဲ့သည်။ နဂိုတည်းက လက်တွေ့ဆန်သော ဘဝနေနည်းကို သင်ကြားခဲ့ရသူမို့ ဒီအချိန်မှာ ကိုယ့်ကျန်းမာရေးကသာ အရေးအကြီးဆုံးဆိုတာ နားလည်ထားသဖြင့် ဆရာဝန်ရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာသည်။ နည်းနည်းနေကောင်းလာချိန်မှာ ပေလီသို့ ဆယ်ရက်ခန့်လောက် အပန်းဖြေခရီးထွက်လိုက်သေးသည်။ ပေလီက ပြန်ရောက်လျှင် ရိုပ်တစ်ယောက် လချုပ်အစည်းအဝေး တက်ရမည်ဖြစ်သည်။ အဲဒီအစည်းအဝေးပြီးသွားလျှင်တော့ အလုပ်တွေကိုလျှော့ကာ နားနားနေနေပဲနေတော့ဖို့ ဆုံးဖြတ်ပြီးသားလည်း ဖြစ်နေသည်။

လချုပ်အစည်းအဝေးမှာ ဒါရိုက်တာအဖွဲ့ဝင်တွေ ထပ်ဖွဲ့စည်းလျက် ကုမ္ပဏီအုပ်ချုပ်ပုံစံနစ်တွေကို ပြောင်းလဲပစ်မှာမို့ ဒီအစည်းအဝေးဟာ အရေးကြီးသည်။ ဒီအစည်းအဝေး ပြီးသွားလျှင်တော့ အရိပ်လည်း အလုပ်တွေ ထိုက်သင့်သလောက်လျော့နည်းသွားမည်ဖြစ်သည်။ တချို့လုပ်ငန်းတွေကို အပြီးအပြတ်လိုချင်သော ဒါရိုက်တာအဖွဲ့ဝင်ထံ လွှဲပြောင်းပေးလိုက်မှာဖြစ်သည်။



အရိပ် လောဘတွေလည်း မကြီးချင်တော့။ အာရုံတွေလည်း မနှောက်ချင်တော့။ ဘဝမှာ ငွေကြေးတွေ အများကြီး ချမ်းသာလ[illegible] စိတ်ချမ်းသာမှုကို ဝယ်ယူ၍ မရ။ နားလည်မှုကို ဝယ်ယူ၍မ[illegible]ဘာကို ဘဝတစ်ခုလုံးနဲ့ရင်းပြီး သဘောပေါက်ခဲ့ပြီဖြစ်သည်။

[illegible]ကြောင့် အရိပ်ရဲ့ဗိုက်ထဲမှာ ရောက်ရှိနေသော ရင်သွေး[illegible]လေးအတွက်သာ အချိန်တော်တော်များများ ပေးအပ်ဖို့ပဲ စိတ်ကူးရှိတော့သည်။ မောင်သည်လည်း အရိပ်ရဲ့အနားမှာမနေချင်၊ မနေလိုသောအခါ ဒီကလေးလေးသည် အထီးကျန်ဆန်ကာ အဓိပ္ပာယ်မရှိတော့သော အရိပ်ရဲ့ဘဝအတွက် အလင်းရောင်လေး ဖြစ်လာလိမ့်မည်။ ဒီအလင်းရောင်လေးကို အရိပ် ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါ။ အခုဆိုလျှင် အရိပ်ရဲ့ကိုယ်ဝန်ဟာ လေးလထဲမှာ ရောက်နေပြီမို့ ခပ်ပုံ့ပုံ့လေးရှိနေခဲ့ပြီ။ ဝတ်နေကျ ကုတ်တွေဝတ်လျှင် မသိသာပေမယ့် စပို့ရှပ်အကျပ်သားတွေ ဝတ်လျှင်တော့ ခပ်စူစူထွက်နေသော ဝမ်းဗိုက်ဟာ သိသာနေခဲ့ပြီ။ အရိပ်သည် ကိုယ့်ဝမ်းဗိုက်ပူလေးကို ငုံ့ကြည့်ရင်း အသာပွတ်သပ်မိတိုင်း ဘယ်လိုမှ ဖော်မပြနိုင်သော ကြည်နူးစိတ်က လှိုက်တက်လာကာ မိခင်ဘဝဆိုတာ စတင်မြည်းစမ်းခံစားနေရပြီဖြစ်သည်။

မိခင်တစ်ယောက်ရဲ့ဘဝကို အရိပ် ဂုဏ်ယူပါသည်။ အဲဒီအတွက်ကြောင့် အရိပ်ရဲ့အိမ်ထောင်ရေးကို ဘယ်သူတွေဘာပဲပြောပြော၊ အရိပ်သည် ကိုယ်ဝန်ကို သိသာစေသည့် အဝတ်အစားမျိုးကိုသာ ဝတ်သည်။ ကိုယ်ဝန်ဆောင်တွေအတွက် သီးသန့်ထုတ်ထားသော ဘောင်းဘီများနှင့် စပို့ရှပ်အသားအိအိ[illegible]လောက်စ်

www.burmeseclassic.com

www.burmeseclassic.com



လုလုများကို ရွေးချယ်ဝတ်ဆင်လေ့ရှိသည်။ ဒါကို နောင်ရိုးကလည်း သတိထားမိဟန်ဖြင့် ...

"အရိပ် ... နင် အရင်ကနဲ့ မတူတော့ဘူး။ ကိုယ်ဝန်ဆောင်မှ ပိုတောင်ချောနေသလိုပဲ"

"ဟုတ်လား"

အရိပ်က သူ့အပြောကို ပြုံးစစဖြင့် ပြန်ပြောမိသည်။ သူက မျက်ခုံးပင့်ပင့်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်တယ်၊ နင် ဗိုက်ကြီးတဲ့ပုံစံက ပိုကြည့်လို့ ကောင်းတယ်"

"ဟား ဟား ... နင်ကလည်း"

"အင်း ... နင်လည်း အခုမှပဲ ရယ်နိုင်တော့တယ်နော်။ ဝမ်းသာပါတယ်ဟာ။ နင့်ကလေးလေးကို ငါလည်း နင့်လိုပဲ ခုတည်းက ကြိုချစ်နေတာ ...

ဘာလေးမွေးမလဲ မသိဘူးနော်။ နင် ဘာလေးလိုချင်လဲဟင်"

"ဘာလေးပဲ ဖြစ်ဖြစ်ပါ။ ချစ်မှာပဲပေါ့။ ဘာလေးလိုချင်တယ်ဆိုတဲ့ဆန္ဒ မရှိပါဘူး"

"အင်း ... ငါကတော့ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် အမြွှာလေးမွေးစေချင်တယ်။ ဒါမှ တစ်ယောက်ကို ငါ ထိန်းလို့ရမှာ"

"ဪ ... နင် မိန်းမယူပြီး ကလေးမွေးလိုက်လည်း လွယ်လွယ်လေးပဲဟာ"

"ဟင့်အင်း ... မယူချင်ပါဘူး။ နင့်သမီးကျမှပဲ ယူတော့မယ်"



"ကောင်စုတ် ... သွား"

"သွားမှာပါ၊ ငါ သတိရလို့ ခေါ်ဝင်လာတာ။ အလုပ်ရှိသေးတယ်။ သွားရဦးမှာ။ နင် နေကောင်းရဲ့လားလို့ လာကြည့်တာ။ ဆေးတွေကို မှန်မှန်သောက်နော်"

"အင်းပါဟယ်။ ဟဲ့ ... ဒါနဲ့လေ ဟို ဦးစိုးသိန်းကိစ္စရော"

"အားလုံး ပြီးသွားပြီလေ။ လွတ်လွတ်ကျွတ်ကျွတ်ပါပဲ"

"နင် သူတို့မိသားစုကို သေချာရော ပြောခဲ့လား"

"ပြောပါတယ်ဟာ၊ သုထက်ထူးကို နင် ကူညီလိုက်တယ်ဆိုတာ သွားမပြောဖို့။ သူတို့ကတော့ နားမလည်နိုင်ဖြစ်နေတာ။ မေးလည်း မေးချင်တဲ့ပုံပဲ။ ငါ့ကို ကြောက်လို့သာ ဘာမှမမေးတဲ့ပုံ။ တစ်ခုတော့ ပြောတယ်။ နင်သိချင်ပါမလား"

"ဘာကိုလဲ"

နောင်ရိုးက အရိပ်ရဲ့မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ...

"သုထက်ထူးတောင် ယူအေအီးကို ထွက်ဖို့ လုပ်နေတယ်တဲ့"

အရိပ်ရဲ့ရင်ထဲ၌ ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားသည်။ မျက်နှာမပျက်အောင် ထိန်းထားလိုက်ရသော်လည်း နောင်ရိုးကတော့ အကဲခတ်မိသွားသည်။

"နင် သူ့ကို ဆက်သွယ်ချင်လား အရိပ်"

"ဟင့်အင်း ... မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နင့်စိတ်ကို နင် မညာဖို့တော့ လိုတယ်နော်။ ထွက်သွား ပြီးမှဆိုရင် ဘာမှမတတ်နိုင်တော့ဘူး"

"မညာပါဘူး။ ငါ အရှိကို အရှိအတိုင်း လက်ခံထားတာ ပါ။ ဒါကြောင့်လည်း သူ့ဦးလေးကိစ္စကို ရှင်းပေးခဲ့တာ တွေ၊ ကိုယ်ဝန်ရှိနေတာတွေကို၊ သူ မသိစေခဲ့တာပေါ့။ ဘာအကြောင်းနဲ့မှ သူ့ကို ချည်နှောင်တဲ့သူမျိုး မဖြစ်စေ ချင်ဘူး ...

သူ့စိတ် သူ့ဆန္ဒနဲ့ ငါ့အပေါ်မှာ ချစ်တဲ့စိတ်သက် သက်ကြောင့် မဟုတ်ဘဲ တစ်နခုကြောင့် ပြန်လှည့်ကြည့် ရတဲ့ အဖြစ်မျိုးက ဘယ်လောက်ထိ ခံနိုင်ရည်ရှိစေမှာမို့ လို့လဲ ...

ငါ နားလည်ပါပြီဟာ၊ ငါ့အပေါ်မှာရှိတဲ့ သူ့ရဲ့ နာကြည်းမှုတွေဟာ ဒီတစ်သက်ပြေဖို့ဆိုတာ မဖြစ်နိုင်တော့ ပါဘူး။ ငါနဲ့ဝေးရာကိုတောင် ထွက်သွားဖို့ စီစဉ်နေတဲ့ သူ့စိတ်ကို ငါ တကယ်နားလည်သွားပါပြီ။ နေပါစေတော့"

နှောင်ရိုးက အရိပ်ကို တစ်ချက်ကြည့်ကာ ဘာမှ ဆက်မပြောတော့ချေ။ ခေါင်းတစ်ချက်ညိတ်ပြီး ထွက်ခွာသွားသည်။ အရိပ်သည် ထိုင်ခုံမှာ နွမ်းလျစွာ ဝင်ထိုင်ရင်း မျက်ရည်စတွေက စေ့သီပြီးတက်လာသည်။ ဝမ်းဗိုက်ပေါ်ကို လက်တင်မိလျှင် ဝမ်း နည်းစိတ်တို့က နှလုံးသားဆီသို့ လှိုက်လှိုက်လှဲလှဲ ပြေးဆောင့် သည်။ ကလေးရယ် ... မင်းဖေဖေက မင်းကိုရော တို့ကိုရော ထားခဲ့ပြီး ဟိုအဝေးကြီးကို ထွက်သွားတော့မယ်တဲ့ ...။



အရိပ်သည် ဘယ်လောက်ပဲ အားမာန်တွေတင်း တင်း၊ မျှော်လင့်ချက်တွေ မထားတော့ပါဘူးဟု ပြောပြော သူ ပြန်လာမည့် တစ်နေ့ကိုတော့ နှလုံးသားတစ်ထောင့်မှ တိတ်တိတ် လေး ကျိတ်မျှော်မိခဲ့တာပင်။ အခုတော့ ...။

မျက်ရည်တစ်စသည် အရိပ်ရဲ့ပါးပြင်ပေါ်သို့ လိမ့် ပြီး စီးဆင်းလာသည်။ သူ အရိပ်ရဲ့ဘဝထဲက အပြီးမထွက်သွား ခင်မှာ သူ့မျက်နှာကို တစ်မိနစ်လောက်ဖြစ်ဖြစ်တော့ ငေးကြည့် ခဲ့ချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၃

"ကိုမင်းဝေက ဘယ်ရောက်သွားရတာလဲ"

အရိပ်ရဲ့အသံက ဧည့်ခန်းထဲတွင် ကျယ်လောင်လောင် ဆောင့်ထွက်သွားသည်။ အရိပ်ရဲ့အိမ်မှ အိမ်တော့်ထိန်း ဒေါ်ချစ်က အပြေးရောက်လာကာ ...

"ကိုမင်းဝေ ရောက်လာတယ်။ သူ့မိန်းမ မီးဖွားတာ ဘာဖြစ်လို့ဆိုလား ခွဲရမယ်တဲ့။ အဲဒါ လက်မှတ်ထိုးပေးရမှာမို့ ဆေးရုံကို လိုက်သွားတယ်။ ခုနေလေးတင်ပဲ။ အရိပ် ရေချိုးနေတာမို့ မပြောသေးတာ ...

အရိပ်ကို သေချာပြောပြဖို့ မှာသွားပါတယ်"

"သြော် ... အဲဒီလိုလား။ အင်း ... အင်း ... ထားလိုက်တော့ ရတယ်"

ဒေါ်ချစ်က အဖြူရောင်အကျီပွပွလှလှနှင့် ဂျင်း(န်) ကွာတားအပြာနုကို ခေတ်မီလှပစွာ ဝတ်ဆင်ထားသော အရိပ်ကို တစ်ချက် အကဲခတ်ကြည့်ကာ ...



"အရှိန် ရုံးသွားရမှာ မဟုတ်လား။ ကားမောင်းဖို့က ..."

"ရတယ်၊ ကျွန်မဘာသာပဲ မောင်းမယ်"

"အို ... ကိုယ်ဝန်ကြီးနဲ့"

"ကိုယ်ဝန်ကြီးနဲ့လည်း ဘာဖြစ်လဲ။ မောင်းလို့ရပါတယ်၊ တစ်ခါတလေ မောင်းရတာပဲ။ အချိန်က သိပ်ကပ်နေပြီ။ ကိစ္စမရှိဘူး။ ရတယ်"

"ဖြစ်ပါ့မလား အရိပ်ရယ်။ မောင်နောင်ရိုးကိုပဲဖြစ်ဖြစ် ဖုန်းဆက်ပြီး ..."

"အို ... ဒေါ်ချစ်ကလည်း၊ နောင်ရိုးက ဟိုမှာ အစအဆုံး တာဝန်ယူထားရတာ၊ သူ့လည်း ဖုန်းသွားဆက်မနေနဲ့ အလကားနေရှင်း စိတ်ပူနေမယ်။ ကျွန်မ နေကောင်းတယ် ကိုယ်ဝန်ကလည်း လ,အရင့်ကြီးမှ မဟုတ်တာ ...

မောင်းလို့ ဖြစ်နေတာပဲ။ Meeting ကလည်း ဒီနားက Sedona မှာပဲဟာ၊ ခဏလေးနဲ့ ရောက်သွားမှာ။ ကဲ ... ကဲ ... ရတယ်။ သွားတော့မယ်"

အရိပ်က ပေါ်တီကိုအောက်မှာ အဆင်သင့်ရပ်ထားသော ကားပေါ်သို့တက်လျက် မောင်းထွက်လာခဲ့သည်။ အချိန်နီးနေပြီဆိုသော်လည်း ဖြည်းဖြည်းနှင့် မှန်မှန်မောင်းလျှင်တောင် ဆယ်မိနစ်လောက် စောရောက်မှာမို့ အရိပ်က ခပ်ဖြည်းဖြည်းသာ မောင်းလာခဲ့သည်။ နောင်ရိုးက အရိပ် ကိုယ်ဝန်ရှိတာကို စသိကတည်းက ကားကို ကိုယ်တိုင်မမောင်းစေတော့ဘဲ ဒရိုင်ဘာနဲ့သာ သွားလာစေခဲ့တာဖြစ်သည်။ ပြီးတော့ ကားအမြန်တွေ မသုံးစေ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ အနိမ့်သာ စီးစေတာမို့ အရိပ်သည် မောင်းလို့အဆင်ပြေသည့် MARK II ကိုသာ ပေါ့ပေါ့ပါးပါး မောင်းလာခဲ့သည်။

ဒီနေ့က လကုန်ရက်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်များနှင့် လချုပ်အစည်းအဝေးကို Sedona မှာ ပြုလုပ်မှာဖြစ်သည်။ ဒီကိစ္စနှင့် ပတ်သက်ပြီး အရိပ်ကိုယ်စား နောင်ရိုးက အစအဆုံး တာဝန်ယူထားသဖြင့် အရိပ်မှာ ခေါင်းသိပ်ရှုပ်စရာမလို။ လွန်ခဲ့သည့် တစ်ပတ်တည်းက စီစဉ်စရာရှိတာတွေ အားလုံး ပြီးစီးသွားခဲ့ပြီမို့ လူက လွတ်လပ်ပေါ့ပါးကာနေသည်။ တာဝန်တွေ မရှိတော့လျှင်တော့ အရိပ်သည် အိမ်မှာပဲ ကလေးလေးကို အချိန်အပြည့်အဝ ပေးနိုင်တော့မည်ဖြစ်သည်။

အဲဒီအတွေးနှင့်အတူ ကြည်ကြည်နူးနူးပြုံးရင်းမှ အရိပ်ဟာ ရှေ့ကမြင်နေရသော မီးပွိုင့်ကို လှမ်းကြည့်မိလျှင် မီးဝါတော့မှာကို သတိထားမိလိုက်သည်။ မီးဝါတော့မှာမို့ အရှိန်ကို လျှော့လိုက်သော်လည်း အရိပ့်ရဲ့နောက်ကကားသည် အရှိန်တင်မောင်းလာရင်းမှ မီးနီသွားသောအခါ အရှိန်ကို ဆက်မထိန်းနိုင်တော့ဘဲ အရိပ်ရဲ့ကားကို နောက်ကနေ၍ ဒုန်းခနဲ ဝင်ဆောင့်ပစ်သဖြင့် အရိပ်ရဲ့လီဗာနင်းထားသော ခြေထောက်သည် နင်းမိနင်းရာဖြင့် လီဗာကို ပို၍ဖိနင်းမိသွားလေရာ ကားက တစ်ဖက်ယာဉ်တန်းဆီသို့ တစ်ရှိန်ထိုး ပြေးဝင်သွားသည်။

ယာဉ်ထိန်းရဲ့၏ ခရာမှုတ်သံ၊ ကားတွေရဲ့ဟွန်းတီးသံ၊ ဖျတ်ခနဲ ဝင်လာသော သတိစိတ်ဖြင့် ခြေထောက်နှစ်ဖက်စလုံးက ကလပ်နဲ့ဘရိတ်ကို အစွမ်းကုန် ဖိနင်းလိုက်သော်လည်း



နောက်ကျသွားခဲ့ပြီဖြစ်သည်။ အရိပ်ရဲ့ကားခေါင်းသည် တစ်ဖက်ကကားနှင့် ခေါင်းချင်းဆိုင်လျက် တည့်တည့်ပြေးဝင်သွားသည်။ စင်တီရာတိုင်ကို သတ္တိရှိရှိ ဆွဲလှည့်ပစ်လိုက်သောကြောင့် ကားက တစ်ပတ်လည်ကာ တစ်ဖက်ကားရဲ့ကိုယ်ထည်နှင့် ခြိမ်းခနဲ ဝင်ဆောင့်သံမှာ မိုးခြိမ်းလိုက်သလိုပင် နားထဲ၌ ပဲ့တင်ထပ်သွားသည်။

အရိပ်ရဲ့ခန္ဓာကိုယ်သည် ထိုင်နေရာမှ ဘေးတစ်ဖက်သို့ လွင့်သွားသည်ဟု ထင်ရသည်။ ခန္ဓာကိုယ်က နာကျင်မှုသည် နှိုင်းပြစရာ စကားလုံးမရှိ။ သို့သော် အရိပ်သတိမလစ်သေးချေ။ ဗိုက်ထဲက ရင်သွေးလေးအတွက် စိုးရိမ်စိတ်သည် ငယ်ထိပ်ထိ ဆောင့်တက်ပူလောင်သွားသည်။ ဘုရားရေ ... ကလေးလေးမင်း ဘာမှမဖြစ်ပါနဲ့။

အရိပ်ရဲ့နားထဲတွင် အသံတွေက ဆူညံလာသည်။ လူတချို့မှာ ကားထဲမှ ကယ်ထုတ်ဖို့ ကြိုးစားနေသလိုလို။ ဘာသံတွေမှန်းမသိ။ သတိမလစ်သေးသော်လည်း ညည်းညူနေသော အရိပ်ကို ပွေ့ချီဖို့ ကြိုးစားနေတာကိုလည်း သိနေသည်။ သို့သော် အရိပ်ရဲ့ပါးစပ်က ဘာမှပြောနိုင်စွမ်းအား မရှိတော့။ မပြောနိုင်တော့ပေမယ့် အသံတွေကိုတော့ ကြားနေရသည်မှာ ကလေးကြောင့် ဖြစ်နိုင်ပါသည်။

"ဟာ ... အမျိုးသမီးက ကိုယ်ဝန်ကြီးနဲ့။ လှမ်းပါဦး"

"မြန်မြန် ... မြန်မြန် ... သွေးတွေ များနေတယ်၊ သွေးလွန်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ... ဒွေးဒွေကွာ ကျွန်မနလုံးသားဆီက စီးတာပဲ ဖြစ်ပါစေ။

ကလေးလေးရေ ... မင်း ဘာမှမဖြစ်ပါနဲ့နော်။

◆○◆



သူသည် ပြည်မတွက်ခွာမည့် လူတွေအား လိုက်ပို့နှုတ်ဆက်သည့် လူတွေကို ငေးကြည့်ရင်းမှ သူ့ဘေးမှာတော့ တစ်ယောက်မှ မရှိတော့တာကို သတိရမိလျှင် တစ်ကိုယ်တည်း နာကျင်စွာ ပြုံးမိသွားသည်။ သိပ်မကြာသော အချိန်အတွင်းမှာ သူဟာ ဒီနိုင်ငံကို အပြီးအပိုင် ခွဲခွာသွားတော့မှာဖြစ်သည်။ ခုချိန်မှာ ရင်ထဲ၌ ပြင်းပြင်းပြပြ ခံစားနေရသည့် အရာမှာ သူမရဲ့အသံလေးပဲဖြစ်ဖြစ် နောက်ဆုံး ကြားချင်မိတာ ဖြစ်သည်။ ဖုန်းဆက်ဖို့ ပြင်လိုက်တိုင်း သူ့လက်တွေက တွန့်တွန့်သွားကာ ဖုန်းထံသို့ မရောက်။ သို့သော် သူ့စိတ်က သူမကို ပြင်းပြင်းပြပြ သတိရလျက်ရှိသည်။

ပြီးတော့ ဘာကြောင့်မှန်းမသိ။ သူ့စိတ်တွေမှာ လေးပင်နေလျက်။ တစ်ခုခုကို ကြောင့်ကြသလို ဖြစ်နေသည်။ သူ ဒီအတိုင်း ထွက်ခွာသွားတာ မှန်ရောမှန်ရဲ့လား။ အဲဒီအတွေး နဲ့အတူ ခေါင်းငိုက်စိုက်ကျနေတုန်းမှာပင် သူ့ပခုံးတစ်ဖက်ကို လူတစ်ယောက်က ခပ်ကြမ်းကြမ်း ဆွဲလှည့်တာကို ခံလိုက်ရသည်။ လှည့်ကြည့်လိုက်လျှင် ဘာမှဘောင် မသိရသေးဘဲ သူ့မေးဖျားတစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချက်က ပူခနဲ ဖြစ်သွားတာကို ခံစားလိုက်ရလေသည်။ အနီးနား မှ လူတချို့ထံမှ အာမေဋိတ်သံတွေ ထွက်လာသည်။ သူ့ကို ဘာ မပြော ညာမပြောနဲ့ ဆွဲထိုးခဲ့သူမှာ အရိပ်ရဲ့သူငယ်ချင်း နောင်ရိုး ဖြစ်တာကို အံ့ဩစွာ သိလိုက်ရသည်။

နောင်ရိုးက သူ့ကို အသေသတ်တော့မလို မျက်လုံး များဖြင့် ရူးရူးဝါးဝါးကြည့်ကာ ...

"မင်းကိုမှ ဒီလိုမထိုးလိုက်ရရင် ငါ နေ့တိုင်း နောင်တရ နေမှာကို မလိုလားလို့ ဒီထိ လာထိုးတာကွ။ သိလား။ တောက် ... အလကားကောင်"

နောင်ရိုးက ပျစ်ပျစ်နှစ်နှစ်ပြောရင်း ချာခနဲ ပြန်လှည့် ထွက်သွားသည်။ သူက ထောင်းခနဲ ထွက်သွားသော ဒေါသစိတ် ဖြင့် နောင့်ရိုးရဲ့ပုခုံးကို ဆွဲလှည့်ကာ ...

"ဟေ့ကောင် ... မင်းက ငါ့ကို ဘာကိစ္စ ဘလိုင်းကြီးလာ ထိုးရတာလဲ"

"ဘလိုင်းကြီး ဟုတ်လား။ အခု အရိပ် ဘယ်မှာလဲ မင်း သိလား။ ဆေးရုံမှာကွ။ ဆေးရုံမှာ။ ဆေးရုံကိုတောင် ဘယ်လိုဘဝနဲ့ရောက်လဲ သိလား။ ယာဉ်တိုက်မှုဖြစ်ပြီး အတွင်းဒဏ်ရာနဲ့ ရောက်နေတာ ...

အေး ... ပြီးတော့ သူ့မှာ မင်းရဲ့ကိုယ်ဝန်ကိုလည်း လွယ်ထားရတယ်။ အဲဒီ ကိုယ်ဝန်လည်း ပျက်ကျသွားခဲ့ ပြီ"

သူက နောင်ရိုးရဲ့ ((ဘ))ာ်လာကို ဆွဲဆုပ်မိကာ ...



"ဘာ ...။ ဘာပြောတယ် ဟေ့ကောင်။ ငါ့ကိုယ်ဝန် ဟုတ် လား"

နောင်ရိုးက သူ့လက်တွေကို ဆောင့်ဆွဲပြီး လွှတ် ပစ်ကာ ...

"ဟုတ်တယ်၊ မင်း ကိုယ်ဝန်၊ မင်းနဲ့ရတဲ့ ကိုယ့်ဝန်။ အဲဒီ ကိုယ်ဝန်ကို လွယ်ထားတာ။ လေးလရှိခဲ့ပြီ။ လွန်ခဲ့တဲ့ သုံးရက်က ကားအက်ဆီးဒင့်နဲ့ အဲဒီကိုယ်ဝန်လည်း ပျက် ကျသွားတယ်။ သူကိုယ်တိုင်လည်း ခုချိန်ထိ သတိမရသေး ဘူး ...

ဒါကို မင်းက ထွက်သွားဦးမယ်။ မင်းလိုကောင်က အလကားကောင်ပဲ။ လောကကြီးမှာ မနေသင့်တဲ့ အကောင် ပဲ ... ထွီ"

"ဟေ့ကောင် ... မိုက်ရိုင်းမနေနဲ့။ ငါ ... ငါ ... ဘာမှ မသိရဘဲနဲ့"

"သိရအောင် မင်းက အရိပ်နားကို ရောက်လာလို့လား။ ဒီမှာ မင်းအပေါ်မှာ အရိပ် ဘယ်လောက်ချစ်ခဲ့တယ် ဆို တာကို မင်း သိလား။ မင်း အလုပ်လက်မဲ့ ဖြစ်နေတုန်း က မင်း ဘယ်သူ ဘယ်ဝါမှန်း မသိဘဲနဲ့တောင် မင်း အတွက်သက်သက်နဲ့ အဲဒီဆိုင်ကို ဝယ်ပေးခဲ့တာ ...

မင်းဦးလေး ကိစ္စမှာရော အစအဆုံး တစ်ဖက်လှည့် နဲ့ အကုန်ရှင်းပေးခဲ့ပြီးသား။ မင်း ဦးလေးလည်း ဘာထောင် မှကျတာ မဟုတ်ဘူး။ အဲဒါတွေ မင်း ဘာမှမသိဘူးမဟုတ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လာချိ ဒေး … သိအောင်လည်း အရိပ်က မပြောခိုင်းခဲ့ဘူး။ သူ့မှာ ကိုယ်ဝန်ရှိနေတာ ဒီကိစ္စတွေ မင်းကို သူဘာမှမပြောခဲ့တာ။ မင်းကို လွတ်လပ်စွာ စိတ်ချမ်းသာစေချင်တဲ့ အတွက်ကြောင့်ပဲ …

မင်းကွာ … ကာမပိုင်လင်ယောကျ်ားတစ်ယောက်လုံးရှိရက်နဲ့ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် ကိုယ်တိုင်ကားမောင်းပြီး လိုအပ်ဖြစ်မျိုး ကြုံရတယ်လို့။ မင်း ဘာကောင်းတဲ့ကောင်လဲ။ အလကား မဟုတ်တဲ့ မာနကြီးပြီး မဟုတ်တဲ့ သွေးထိုးစကားကို ယုံဖို့ပဲ သိတယ် …

မင်းလိုကောင်မျိုးကို ငါသာ အရိပ်နေရာမှာသာဆို လုံးဝခွင့်မလွှတ်ဘူး။ ဟောကောင် … မင်း သွားတော့။ တော်ပြီကွာ။ နောက်ပြောရင် မင်းကို ငါ သတ်မိတော့မယ် …

“ဒေး … တစ်ခုတော့ ရှိတယ်။ အရိပ်သေသွားခဲ့ရင် မင်းကို ငါ ဒုက္ခိုင်းထိ လာသတ်မယ်။ အဲဒါကို မြဲမြဲမှတ်ထားလိုက်။ သွားတော့”

နောင်ရိုးက ဒေါသတကြီး သွေးဆူစွာဖြင့် သူ့ရင်ဘတ်ကို ဆောင့်တွန်းကာ ချာခနဲ လှည့်ထွက်သွားသည်။ သူသည် နေရာမှာ ပထမတော့ ကျောက်ရုပ်လို။ နောက်တော့မှ ဆို့ဆို့နင့်နင့်ဖြင့် အသက်ဝင်လာသည်။ အရိပ်ဟာ သူ့အတွက် ရင်သွေးလေးကို လွယ်ထားခဲ့တာတဲ့။ သို့သော် အဲဒီရင်သွေးလေးကို သူ မြင်တောဝ်မြင်ခွင့်မရှိလိုက်။ လောကကြီးထဲသို့မရောက်ခင် ပျက်စီးဆုံးရှုံးသွားခဲ့ရပြီ။ ဒါဖြင့်ရင် … အရိပ်ကိုရော …။



အရိပ်ကိုတော့ သူ အဆုံးရှုံး မခံနိုင်တော့ပါ။ သူ့လက်ထဲမှ ခရီးဆောင်အိတ်သည် အောက်သို့ ဘုတ်ခနဲ ပြုတ်ကျသွားသည်။ ဒီလိုပဲ … သူ့မာနတွေ၊ နာကြည်းမှုတွေ၊ အားလုံးတို့သည်လည်း သူ့ဘဝထဲက ပြုတ်ကျသွားခဲ့ပြီဖြစ်သည်။ သူသည် ခြေလှမ်းကျဲဖြင့် လှမ်းနေသော နောင်ရိုးရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ သွားရောက်ဆုပ်ကိုင်မိသွားသည်။ သူ့ကို လှည့်ကြည့်သော နောင်ရိုးရဲ့အကြည့်တွေထဲမှာ အသုံးမကျတဲ့ကောင်ဟု ပယ်ပယ်နယ်နယ် ပြောနေခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသော မြင်ကွင်းသည် သူ့ရင်တစ်ခုလုံးကို ဆွဲဆုပ်ချေမွပစ်လိုက်သလို မှုမ္ဘကြေကာ နင့်သွားစေသည်။ မင်းဟာ ငါ့ရင်ခွင်ကို ဘာကြောင့်များ အမြဲနာကျင်အောင် လုပ်နေရတာလဲ အရိပ်ရယ်။ သူက ဆို့နင့်သော နှလုံးသားနဲ့အတူ သူမအနားသို့ တိုးကပ်သွားမိသည်။ အထူးကြပ်မတ်ကုသဆောင်ထဲမှာ မသေချာ မရေရာသေးသော သူမရဲ့ကံကြမ္မာဟာ ဘယ်သူ့လက်ထဲမှာ ရှိပါသလဲ။

သူမက သူ ရောက်လာတာကိုလည်း မသိတော့ပါ။ မျက်ဝန်းများကို မှေးမှိတ်ထားလျက် နှုတ်ခမ်းတွေကတော့ ယောင်ယောင်မှု ပြုံးပြနေသည်ဟု ထင်သည်။

အခါများစွာက တောက်ပစွာ ကြည့်ခဲ့ဖူးသော မျက်ဝန်းတွေကို သူ လွမ်းလိုက်တာ။ နှစ်သက်စွာ ရယ်မောတတ်တဲ့ အပြုံးလှလှတွေကရော ...။ အရိပ်ရယ် ... မင်းကို ဒီလိုပုံစံမျိုးနဲ့ တကယ်မမြင်ချင်ပါဘူး။ ကျေးဇူးပြုပြီး မင်း ငါ့ရင်ခွင်ထဲက ထွက်မသွားသေးပါနဲ့ဦး။ မင်းနဲ့ အသာယာဆုံး ဘဝတစ်ခုကို တည်ဆောက်ဖို့ အခွင့်အရေးပေးပါဦး။



သူသည် ဘယ်လိုမှကို ခံနိုင်ရည်မရှိသော နှလုံးသားဖြင့် ခုတင်ဘေးမှာ ရင်ကွဲပက်လက် ဒူးထောက်ထိုင်ချမိသည်။ မင်းကို ငါ တစ်ဘဝလုံးအတွက် ဒူးထောက်လိုက်ပါပြီ အရိပ်ရယ်။ ဒီလိုဆိုရင် ကျေနပ်စွာနဲ့ မင်း နိုးထလာခဲ့ပါတော့။

◆ ○ ◆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ မရက်စက်တတ်သေးသော ကံကြမ္မာသည် အရိပ်ရဲ့နှလုံးခုန်သံတွေကို ပုံမှန်အတိုင်း ပြန်ဖြစ်စေခဲ့သည်။ ကောင်းကောင်းသတိမရသေးသော်လည်း သိပ်မကြာခင် သတိရလာတော့မည့် အရိပ်ရဲ့နံဘေးတွင် သူက နေ့ညမပြတ် အဆင်သင့် ရှိနေခဲ့သည်။

အဲ့ဒီလိုပဲ သူမရဲ့ဘဝတစ်လျှောက်လုံးအတွက် အဆင်သင့်ရှိနေမည် ဆိုတာကိုလည်း ပြောပြချင်ပါသေးသည်။

မာနဇ၏ ဖွားဖက်တော်များကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီမို့ သူတို့ဘဝတွေသည် စိတ်ချမ်းမြေ့ခြင်းများစွာဖြင့် ပြည့်စုံရလိမ့်မည်ဟု မျှော်လင့်ခဲ့မိပါသည်။



သုမြတ်မွန်မွန်
4:30 (A:M)
Dec; 22nd. 2008.-

BURMESE CLASSIC .com
www.burmeseclassic.com